www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၃၅၉/ ၂၀၀၄ (၄)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၃၄/ ၂၀၀၄ (၄)

❐

ပုံနှိပ်ခြင်း
ဒုတိယအကြိမ် - မေလ၊ ၂၀၀၄ ခုနှစ်။
အုပ်ရေ - (၅၀၀)

❐

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဦးစွန့်ကော်ယူ၊ မာကျူရီပုံနှိပ်တိုက်၊
၄၉၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❐

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)၊
မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

❐

မျက်နှာဖုံးပန်းချီ
မမွေး

❐

တန်ဖိုး
၁၂၀၀ ကျပ်

# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

နွေဦး ရင်ထဲမှာ ပူလောင်နေသည်။ စိုးရိမ်စိတ်ကြောင့်မဟုတ်။ ဒေါသကြောင့်...

"ပြန်လာရင်တော့ သိကြသေးတာပေါ့ကွာ"

အံကိုကြိတ်ပြီး စိတ်ထဲမှာ မောင်းတင်ထားလိုက်သည်။ စကားလုံးတွေသာ ကျည်ဆန်ဖြစ်မယ်ဆိုရင် စိုးစန္ဒာဆိုသော မိန်းမ ဆန်ခါပေါက်ဖြစ်သွားအောင် ပစ်ခတ်ပြောလိုက်ချင်သည်။

"ဒါ တမင်သက်သက် အရွဲ့တိုက်တာ၊ ဟင်း...ယုတ်မာလိုက်တဲ့ မိန်းမ"

ပြင်းထန်သော စိတ်တွန်းအားကြောင့် ထိုင်နေ၍ မရ။

"သားရယ်...ဘယ်လိုဖြစ်ဖြစ် အေးအေးဆေးဆေးပဲမေးပါ၊ ပြောပါ"

မိခင် ဒေါ်ကြွယ်အေးက ပြင်းပြင်းထန်ထန် ပေါက်ကွဲကြမှာ စိုးရိမ်သည်။

"မရဘူး အမေ၊ ဒီတစ်ခါတော့ ဘယ်လိုမှ အေးအေးဆေးဆေး မရဘူး။ ကျွန်တော် သည်းခံခဲ့တာများပြီး ခုဟာက တမင်သက်သက် စော်ကားတာ"

နွေဦး လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။ စိတ်ရှိတိုင်းသာ လုပ်ရလျှင် တစ်ခုခုကို ဒုန်းဒုန်းဒိုင်းဒိုင်းမြည်အောင် ကြမ်းကြမ်းတမ်းတမ်း ထုပစ်လိုက်ချင်သည်။ သို့သော် အမေ့ကို အားနာရသေးသည်။ အမေ့ကို သနားသည်။ အမေ စိတ်ဆင်းရဲမှာစိုး၍ မိတ်ကြိတ် သည်းခံခဲ့သမျှ တစ်ဖက်က ပိုကဲတက်လာသည်။

"အင်း...ဘုရား...ဘုရား"

ဒေါ်ကြွယ်အေး ဧည့်ခန်းမှာထိုင်၍ ပုတီးစိပ်ရင်း ဘုရားတမိသည်။ ဒေါ်ကြွယ်အေး လက်ချောင်းများကြားမှ ပုတီးလုံးလေးများ တစ်လုံးပြီးတစ်လုံး

www.burmeseclassic.com

www.burmeseclassic.com



မှန်မှန်ထွက်ကျနေကြသော်လည်း ဒေါ်ကြွယ်အေး ဂုဏ်တော်ကိုးပါးမှာ အာရုံမပြုနိုင်ပါ။

"အိမ်ထောင်တစ်ခုဆိုတာ ဖြစ်ပြီးရင် လွယ်လွယ်နဲ့ မပျက်သင့်ဘူး ငါ့သား"

ဒေါ်ကြွယ်အေးက သိမ်မွေ့ အေးဆေးစွာ နေချင်သည်။

"ဒါဖြင့် သူဘာတွေလုပ်လုပ် ကျွန်တော် ဘာမှ မပြောဘဲငုံ့ခံနေရမှာလား အမေ"

"ပြေပြေလည်လည် ပြောပေါ့ ငါ့သားရယ်။ ဒေါသရှေ့ထားရင် မှားတတ်တယ်တဲ့"

နွေဦး အမေ့ကို ကြည့်ပြီး စိတ်ပျက်စွာ ခေါင်းယမ်းလိုက်သည်။

"သည်းခံခဲ့တာ များလွန်းသွားပြီ အမေ၊ အတိုင်းအတာကျော်သွားပြီ"

"အင်း..."

ဒေါ်ကြွယ်အေး အင်းရှည်ကြီးတစ်ချက်ချပြီး အိမ်အပေါ်ထပ်သို့ တက်သွားသည်။ ထုံးစံအတိုင်း ဘုရားခန်းသို့ ဝင်တော့မည်။ အသက်ကြီးပြီး အေးအေးဆေးဆေးနေချင်၍ သားကို အိမ်ထောင်ချပေးကာမှ ပူပူလောင်လောင် ကြုံနေရသည်။ အောက်ထပ်မှ ဘာသံမျှ မကြားရ။ တိတ်ဆိတ်ငြိမ်သက်နေသည်။ လေမုန်တိုင်းမကျမီ ထူးခြားစွာ လေငြိမ်သက်နေပုံမျိုး။ ဒေါ်ကြွယ်အေး ဘုရားကို အာရုံပြုပြီး မာရဇာပရိတ်တော်ကြီးကို ရွတ်နေသည်။ မဟောဂနီခြံကြီးထဲသို့ ကားလေးတစ်စီး မောင်းဝင်လာနေသည်။

"တီ...တီ"

အိမ်ရှေ့မှ ကားဟွန်းသံ ကြားရသည်။ ဒေါ်ကြွယ်အေး ဘုရားမှာ ဆက်ပြီး အာရုံပြု၍မရ။ အောက်ထပ်ဆီသို့ နားစွင့်နေလိုက်သည်။ သည်နေ့ညတော့ သားနှင့် စိုးစန္ဒာ ပြဿနာကြီးစွာ ရင်ဆိုင်ကြတော့မည်ကို စိတ်ထဲက သိနေသည်။ ဒေါသတကြီး ပေါက်ကွဲကြမှာကို စိုးရိမ်သည်။ စိုးစန္ဒာ အိမ်ထဲသို့ဝင်လာသည်။ လက်ထဲမှာ ကားသော့လေးကို ဇွေ့ယမ်းလျက်... လက်တစ်ဖက်မှာ သားရေအိတ်အညိုအရွယ်လတ်လတ်ကို ကိုင်ထားသည်။ ဝတ်ထားသည်က ပန်းနုရောင် ဖျော့ဖျော့လေး။ ဖြူဝင်းသော အသားအရေနှင့် လိုက်ဖက်သည်။ သွယ်နွဲ့သော ဟန်လေးနှင့် အချိုးအဆစ် ပြေပြစ်တင့်တယ် သည်က ယောကျ်ားတကာတို့ကို ညှို့ငင်စရာမလိုဘဲ ဆွဲဆောင်အား ကြီးမားသည်။



ထို့ကြောင့် နွေဦး စတွေ့စဉ်ကပင် စိုးစန္ဒာကို စွဲလမ်းခဲ့သည်။

ခုတော့ ဆွဲဆောင်အားကြီးမားသော စိုးစန္ဒာကို စက်ဆုပ်ရွံမုန်းစွာ ကြည့်နေသည်။

"စိုး နည်းနည်း နောက်ကျသွားတယ်"

စိုးစန္ဒာ ပြောပုံက တောင်းပန်သော လေသံမဟုတ်။ အသိပေးသော သဘောမျှသာ။

"ဘာလို့ နောက်ကျတယ်ဆိုတာ အားလုံးသိပါတယ်"

နွေဦး မျက်လုံးများ ဒေါသကြောင့် အရောင်တောက်နေသည်။

"သြော်...အားလုံးသိနေတယ်ဆိုတော့ ဘာမှ ပြောဖို့ မလိုတော့ဘူးပေါ့"

စိုးစန္ဒာက အခန်းဆီသို့ ကြော့ကြော့ကလေး လျှောက်သွားသည်။

"နွေဦး ပြောဖို့လိုတာတွေ ရှိသေးတယ်"

စိုးစန္ဒာက ရှေ့သို့လွန်သွားပြီးမှ သမင်လည်ပြန်လှည့်ကြည့်သည်။

"မင်းမှာ ယောကျ်ားရှိတယ် ဆိုတာ သိရဲ့လား"

စိုးစန္ဒာ ပြုံးလိုက်သည်။

"သိပါတယ် စိုးတင်မကဘူး အားလုံးလဲသိပါတယ်"

"သိရင် ကျော်စွာမိုးနဲ့ အတူ ဘာလို့ တွဲနေရတာလဲ"

စိုးစန္ဒာက အသံလေးထွက်အောင် ရယ်လိုက်သည်။ သရော်လှောင်ပြောင်ချင်သောရယ်သံ။ သို့မဟုတ် ဘာမျှပြဿနာ မဟုတ် သည်ကို ပြဿနာလုပ်သည်ဟု ဖော်ပြလိုသောရယ်သံ။

"ကျော်စွာမိုးက စိုးနဲ့သူငယ်ချင်းပဲ"

နွေဦးထံမှ ချောက်ကပ်သော ရယ်သံတစ်ချက် ထွက်လာသည်။

"အဲဒီ သူငယ်ချင်းက မင်းရဲ့ ရည်းစားဟောင်းဆိုတာလဲပြောဦး မှာပေါ့"

"ရည်းစားဟောင်းက ရည်းစားဟောင်းပဲပေါ့ လင်မှ မဟုတ်ပဲ"

"အေး...လင်ကိုအိမ်မှာ ငုတ်တုတ်ထားပြီး လင်မဟုတ်တဲ့ ရည်းစားဟောင်း နဲ့အတူဒေါ်တင်တင်မော်တို့အိမ် ဘာလို့ သွားရတာလဲ"

"ဒေါ်တင်တင်မော်တို့အိမ် သွားတယ်ဆိုမှတော့ ဘာလို့သွားတာလဲ မေးဖို့ လိုသေးလို့လား"

"မင်း ငါ့ပြန်မမေးနဲ့ သစ္စာမရှိတဲ့ မိန်းမယုတ်"

နွေဦး ရုတ်တရက် ဒေါသစိတ်နှင့် ထိုင်ရင်းမှထ၍ စိုးစန္ဒာထံ လျှောက်

www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ စိုးစန္ဒာက မကြောက်။ နွေဦးနှင့် ရင်ဆိုင် ရပ်လိုက်သည်။

"သဘောထားသေးလိုက်တဲ့လူ...ဟင်း၊ ယောကျ်ားမှတ်လို့ ယူထားတာ၊ ယောကျ်ားမှ မဟုတ်ဘဲ"

"ယောကျ်ား ဘယ်ဟုတ်မလဲ၊ မင်းနဲ့ညားမှ နွားဖြစ်နေတာ"

နွေဦးအသံက ကျယ်လောင်သွား၍ ဒေါ်ကြွယ်အေး ဘုရားခန်းထဲမှ ထပြီး လှေကားဆီသို့ လျှောက်လာသည်။

"နွားဖြစ်ရင်လဲ မြက်စားလိုက်ပေါ့"

စိုးစန္ဒာက နွေဦးကို အထင်သေးစွာကြည့်၍ ရှုတ်ချလိုက်သည်။

"ဘာ...မြက်စား ဟုတ်လား၊ အယုတ်တမာမ"

နွေဦးက စိုးစန္ဒာ၏ မျက်နှာကို ဖြတ်ရိုက်ပစ်ရန် လက်ကိုမြှောက်လိုက်သည်။

"ဟဲ့သား...မလုပ်နဲ့၊ မလုပ်နဲ့"

ဒေါ်ကြွယ်အေး၊ လှေကားပေါ်မှ လှမ်းအော် ဟန့်တားရင်း အောက်သို့ အမြန်ဆင်းလာသည်။

အမေ့ကိုလှမ်းကြည့်ပြီး နွေဦး ရွယ်ထားသော လက်ကိုပြန်ချလိုက်သည်။

"နင်...ငါ့ကို သတ္တိရှိရင် ရိုက်ကြည့်စမ်း၊ ဟင်း...ယောကျ်ားဖြစ်ပြီး သဘောထားသေးလိုက်တာ"

"ငါက အကြောင်းမဲ့ သဘောထားသေးတာ မဟုတ်ဘူး။ နင် ကျော်စွာမိုးနဲ့ အတူ ဒေါ်တင်တင်တို့အိမ်သွားပြီး ဖဲရိုက်တယ်။ ဟိုကောင် ဖဲရှုံးတော့ နင်က ငွေငါးထောင် ရက်ရက်ရောရော ထုတ်ပေးတယ်"

"ဒါ ချေးတာပဲ၊ ဘာဖြစ်လဲ"

"ဘာမှ မဖြစ်ဘူး"

"ထားလိုက် ရတယ်၊ နင် အိမ်သာသွားတော့ ဟိုကောင်လိုက်လာတယ်။ အိမ်သာကအထွက်မှာ နင့်ကို ဟိုကောင်က ဖက်နမ်းတယ်။ နင် အဲဒါ ဘာပြော လဲ"

"ဟင်..."

စိုးစန္ဒာ ပြန်စဉ်းစားလိုက်သည်။

"ဘယ်သူမြင်သွားပါလိမ့်"

ဖြစ်နိုင်သည်မှာ သီဂီမော်။ သူနှင့် ကျော်စွာမိုးထွက်လာတော့ ရေချိုးခန်းထဲ



ဝင်လာသော သီဂီမော်နှင့် တွေ့သည်။

"အဲဒါ သီဂီမော်ဆိုတဲ့ မယားငယ်ကောင်မ ဖုန်းဆက်ပြောတာ မဟုတ် လား"

"ဘာ...မယားငယ်"

"ဖျောင်း"

ဒီတစ်ခါ နွေဦး တကယ်ရိုက်ဖြစ်သွားသည်။

"ဟဲ့သား၊ မလုပ်နဲ့"

ဒေါ်ကြွယ်အေး တားသည်က နောက်ကျသွားပြီ။ ရိုက်ချက်က ပြင်း၍ စိုးစန္ဒာမျက်နှာ လည်ထွက်သွားသည်။

"အဲဒါ ငါ့နှမဝမ်းကွဲ စော်ကားဦး"

"နင့်...ငါ့ရိုက်တယ် ဟုတ်လား၊ ကဲဟယ်"

စိုးစန္ဒာက နွေဦး၏ ပါးကို ပြန်ရိုက်သည်။

နွေဦးက စိုးစန္ဒာ၏ လက်ကို ဆီးဖမ်းထားလိုက်သည်။

"ဟာ...ဒီမိန်းမ"

"သား လက်မပါနဲ့"

မျက်နှာကို လက်သီးနှင့် ထိုးမည်ပြုပြီးမှ အမေ့အသံကြား၍ ထိန်းချုပ်လိုက် ရသည်။ သို့သော် သဲကြီးမဲကြီး ရန်ပြုရန် ကြိုးစားနေသော စိုးစန္ဒာကို ဆောင့်တွန်း ပစ်လိုက်သည်။

"အမယ်လေး"

စိုးစန္ဒာ နောက်သို့ ဖင်ထိုင်ရက် လဲကျသွားသည်။

"နင် လူမဟုတ်ဘူး နွား၊ နင့်ကိုငါမုန်းတယ်။ ဘယ်တုန်းကမှ မချစ်ဘူး ဟုတ်တယ်။ ငါချစ်တာက ကျော်စွာမိုး၊ ဖုန်းဆက်ပြီး သတင်းပေးတဲ့ နင့်မယားငယ် ကောင်မကိုလဲ ပါးရိုက်ပစ်မယ်"

"ဟာ...အယုတ်တမာမ၊ နင့်ကို ငါသတ်မယ်"

နှမဖြစ်သူကို မယားငယ်ဟုထပ်ပြော၍ နွေဦး ဒေါသကို ထိန်းချုပ်၍ မရ တော့ပါ။

"သား...မလုပ်နဲ့ လာစမ်း"

ဒေါ်ကြွယ်အေးက နွေဦးကို ဆွဲထားလိုက်သည်။

"မိန်းမတစ်ယောက်ကို ရိုက်တာ မေမေမုန်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြွယ်အေးက တင်းမာစွာ ဟန့်တားလိုက်သည်။

"သူကလဲ အရှက်မရှိ ယုတ်မာသေးတယ်။ မောင်နှမချင်း ပေးစားနေတာ မေမေ မကြားဘူးလား..."

အောက်တန်းကျတဲ့ မိန်းမ၊ ဒီအိမ်ထဲမှာ ဆက်နေရင် ကျွန်တော် ဒီမိန်းမကို သတ်မိလိမ့်မယ်"

နွေဦး အိမ်ထဲမှ ထွက်သွားသည်။ ကားစက်နှိုးသံ ကြားရသည်။

"ဟဲ့သား၊ ဘယ်သွားမှာလဲ၊ မသွားနဲ့"

ဒေါ်ကြွယ်အေး အော်ပြောနေစဉ်မှာပင် မယောဂနီခြံကြီးထဲမှ ကားလေး တစ်စင်း အရှိန်ပြင်းစွာ မောင်းထွက်သွားလေသည်။

"အို...ဘုရား...ဘုရား၊ ဒုက္ခပါပဲ"

ဒေါ်ကြွယ်အေး ရင်ကိုဖိကျန်ရစ်သည်။

"ဟဲ့ ယုတ်မာတဲ့အကောင်နွား၊ နင့် ငါ့ကိုရိုက်တာ တစ်သက်လုံးမကြေဘူး"

စိုးစန္ဒာကလည်း ဒေါသတကြီး အော်ဟစ်ဆဲဆိုကျန်ရစ်သည်။

□ □ □

## အခန်း (၂)

ကားကလေးက တရိပ်ရိပ်ပြေးနေသည်။

နွေဦး ရင်ထဲမှာ ကြီးမားသော အမုန်းစိတ်ကြောင့် နာကျင်စွာ ခံစားနေရသည်။ "ဟင်း...ယုတ်မာလိုက်တဲ့ မိန်းမ..." သံသယ ဖြစ်စရာတွေ ကြားနေရသည်မှာ ကြာပြီ။ ပြဿနာမကြီးထွားအောင် တားသော်လည်း နားမထောင်။ ပိုသာ ကဲလာသည်။ ရည်းစားဟောင်းကျော်စွာမိုးနှင့် ပြောင်ပြောင်တွဲ နေကြပြီဟု ဖင်ကြားလာရသည်။ သတိပေးတော့ ပိုပြီး အရွဲ့တိုက်သည်။ နောက်ဆုံး နှမဖြစ်သူ သီဂီမော်ကို အကူအညီတောင်းရသည်။ စိုးစန္ဒာတို့ ကျက်စားသော ဒေါ်တင်တင်မော်တို့ ဝိုင်းမှာ သီဂီမော်လည်း ပါသည်။ သို့သော် စိုးစန္ဒာက နွေဦးနှင့် သီဂီ မောင်နှမဝမ်းကွဲတော်မှန်း မသိ။ သီဂီမော်က အတိအကျစုံစမ်းပြီး သတင်းပေး



သည်။ မရေမရာမှ အသေအချာ သိလာရသည်။

"ဟင်း...သစ္စာမရှိတဲ့ မိန်းမ၊ ဒီလိုဆို ငါ့ကို ဘာလို့ လက်ထပ်ခဲ့သေးလဲ၊ ငပလီ ဟန်းနီးမွန်းတုန်းက ဘာလို့ပျော်မြူးခဲ့ရတာလဲ၊ လက်မထပ်ခင်တုန်းက ဒီလို ဖွင့်ပြောခဲ့ပါလား"

"အရှက်မရှိတဲ့ မိန်းမ၊ နင့်ကို ငါမုန်းတယ်။ ဘယ်တုန်းကမှ မချစ်ဘူးတဲ့ ငါချစ်တာက ကျော်စွာမိုးတဲ့"

"တောက်...အမေသာမရှိရင် ဒီမိန်းမကို သတ်ခဲ့မိမှာ သေချာတယ်"

သတ်ခွင့်မရခဲ့၍ နွေဦးရင်ထဲမှာ အစိုင်အခဲက ပိုကြီးလာသည်။ နာသည်။ စပ်ဆုပ်သည်။ မုန်းသည်၊ သိပ်မုန်းသည်။ သီဂီမော်က နှမပါပြောလျက် မယားငယ်ဟု ထပ်စော်ကားသည်။

"မိုက်ရိုင်းလိုက်တဲ့ မိန်းမ"

နာစရာများကို တွေးရင်း တောရင်း ဒေါသမီးတောက်များ ပိုကြီးလာသည်။

သွေးများ ဆူလာသည် ထင်ပါသည်။

ကိုယ်ရေ ကိုယ်သားများပါ ပူလာသည်။

ကားရှေ့မှာသာ စိုးစန္ဒာရှိလျှင် အသေ တိုက်သတ်ပစ်ချင်သည်။

"ငါ့ကို စော်ကားတဲ့မိန်းမယုတ်"

ကားလီဗာကို ဖိနင်းပစ်လိုက်သည်။ ကားက အရှိန်မြင့်ပြီး ပြေးနေသည်။

"အရှက်မရှိတဲ့ မိန်းမ...သေစမ်း"

မျက်လုံးများ ပြာဝေလာသည်။ ကားလီဗာကို ပို၍ နင်းလိုက်သည်။ ကားက အမြန်ဆုံးနှုန်းနှင့် ပြေးနေသည်။

"ဟာ...ရှေ့မှ တံတား"

အဝင်ကျဉ်းသည်။ ကားနှစ်စင်း ရှောင်၍မရ။ ရှေ့မှာ ကားကြီးတစ်စင်း မှန်မှန်အရှိန်နှုန်းနှင့် မောင်းလာနေသည်။ တံတားကို သူက အဝင်ဦးသည်။ စက်ရှိန် လျှော့ရန် ဘရိတ်ကို အမြန်နင်းသည်။

ကျွီ...ကျွီ...ကျွီ...

သွားပြီး မမီတော့ဘူး။ တံတားကိုဝင်လျှင် ကားကြီးနှင့် ခေါင်းချင်းဆိုင်၍ အရှိန်ပြင်းစွာ တိုက်မိကြတော့မည်။ အချိန်မီ ဘေးဘက်သို့ ဆွဲချလိုက်သည်။

"ဟာ...ရှေ့မှာ ကုက္ကိုပင်ကြီး"

www.burmeseclassic.com

www.burmeseclassic.com



ဘာမျှလုပ်၍ မရတော့။ ဘရိတ်ကို တအားဖိနင်းလိုက်ရသည်။

ကျွီ…ကျွီ…ကျွီ…

ဒိုင်း…

ဝုန်း…

ပြင်းထန်သော အသံကြီးတစ်ခုကို ကြားလိုက်ရပြီး နွေဦး၏ ပတ်ဝန်းကျင်မှာ အမှောင်ထု ဖုံးလွှမ်းသွားလေသည်။

□ □ □

## အခန်း(၃)

ဆောင်းသည် သူ၏ လုပ်ငန်းကို စခန်းသိမ်းနေလေပြီ။ နွေနေ ပွင့်ပြင်းလာသည်နှင့်အမျှ နှင်းပဝါဇာပေါက်ကို အသာခေါက်၍သွားခဲ့ပြီ။ အဝေးဆီမှ လွင့်မျောပါလာသော ဥသြငှက်သံလေးက နွေဦးကာလကို ကြိုဆိုသော တေးသံ ဖြစ်နေ၏။ မယော်ဂနီခြံကြီးထဲမှ လမ်းဆောဝဲယာမှာ မယော်ဂနီပင်များ လှပစွာ စီတန်းနေကြသည်။ သူတို့လည်း နွေကို ကြို၍ မြရွက်များကို ရွှေရေးချယ်နေကြပြီ။ မယော်ဂနီခြံကြီးထဲရှိ အိမ်ပြတင်းမှ လှမ်းကြည့်လျှင် မယော်ဂနီပင်တန်းမှာ လွမ်းစရာ။ ရွှေရွက်အချို့ လေအလှုပ်မှာ တဖြုတ်ဖြုတ် ကြွေနေကြသည်။ လေပွေရူးတစ်ချက် ဆော့လိုက်သောအခါ မြေပေါ်မှ ရွက်ဝါခြောက်ကလေးများ ဝေ့ဝဲပါသွားကြသည်။ အဝေးဆီကို လှမ်းမျှော်ကြည့်လိုက်တော့ နွေပူပူမှာ မြူနှင့် တံလျှပ်များ ရောယှက်နေ၏။

နွေဦးကာလ…

"သြော်…ငါ့နာမည်ကိုက အပူဘဝ"

နွေဦး ရင်ထဲမှာ နွမ်းလျသော အလွမ်းမောများကို ခံစားရသည်။

"ငါ့ဘဝထဲကို ခဏဝင်လာပြီး ငါ့ရင်ကို မီးမြှိုက်သွားတဲ့ မိန်းမ၊ ငါ့ဘဝတစ်ခုလုံးကို ဖျက်ဆီးသွားတဲ့ မိန်းမ"

မုန်းသော်လည်း နာကျင်စွာ သတိရနေသည်။ မကြည့်ချင်သော်လည်း နာကြည်းစိတ်နှင့် မြင်ယောင်နေသည်။ တူမဖြစ်သူ မိုးမိုး မင်္ဂလာဆောင်ကို



မလွဲမရှောင်သာ သွားခဲ့ရာမှ ပြည်သူ့ဥယျာဉ် မြက်ခင်းပြင်မှာ စိုးစန္ဒာကို စတွေ့ခဲ့ရသည်။ အပွင့်နုနုများနှင့် အလှကြီးလှနေသော သော်ကပင်အုပ်အုပ်ကို နောက်ခံပြု၍ ရပ်နေပုံက မခို့တရို့လေး။ နွဲ့သည်လည်းမမည် တင်းသည်လည်း မဟုတ်။ ကြော့ကြော့လေး။ မင်္ဂလာဆောင်လာရင်း ဓာတ်ပုံအရိုက်ခံနေခြင်း ဖြစ်သည်။ သူ့မျက်လုံးများက သဘာဝအတိုင်း ကြည်ပြီး အရည်လဲ့နေသည်။ နှုတ်ခမ်းမပါ၊ မျက်လုံးချည်းရယ်ပြနိုင်သော အလှမျိုး။ မြင်ရုံနှင့် သဘောကျသွားသည်။

"ဒီမိန်းမမျိုး ရရင်တော့ ယူချင်သား"

အိမ်ထောင်ပြုရန် စိတ်ကစားမိသည်။ နွေဦးနေရသည်က အမေတစ်ခု သားတစ်ခု။ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးရောဂါရှိသော အမေ့ကို ပြုစုနေရသည်။ အိမ်၏ စီးပွားရေးအတွက် ကားဂိတ်မှာ သွားထိုင်ရသည်။ အပြင်ထွက်ချိန် သိပ်မရှိ။ ကိုယ့်ဘဝနှင့် ကိုယ်မို့ မိန်းမများကိုလည်း စိတ်ဝင်စားချိန်မရခဲ့။ အမေက သူမသေခင် အိမ်ထောင်ပြုစေချင်သည်။ သားကို အခြေတကျ မြင်သွားချင်သည်။ နွေဦးက သားအမိကြားမှာ မယားကန့်လန့်ဖြစ်မှာ စိုးသည်။ အမေရှာပေးသော မိန်းမများကိုလည်း တစ်ယောက်မျှ သဘောမကျ။ ကိုယ်တိုင်ကလည်း မိန်းမတစ်ယောက် ရသည်အထိ အားမထုတ်ချင်။ ထို့ကြောင့် အိမ်ထောင်ပြုချိန်ကိုပင် ကျော်လာသည်။ စိုးစန္ဒာကိုတွေ့တော့ သဘောကျသည်။ စိုးစန္ဒာလို မိန်းကလေးမျိုးကိုရလျှင် လက်ထပ်မည်ဟု အမေ့ကို ပြောလိုက်သည်။

မိုးမိုးမှ တစ်ဆင့် အမေစုံစမ်းသည်။ အဆက်အသွယ်ရသည်။ မိဘချင်းက သိယောင်းကျွမ်းယောင်း ဖြစ်နေပြန်သည်။ စိုးစန္ဒာ အဖေက ကုန်သွယ်ရေးမန်နေဂျာအငြိမ်းစား။ အပြစ်နှင့် ပင်စင်ပေးခံထားရသူဖြစ်သည်။ သုံးနိုင် စွဲနိုင်နေခဲ့ပြီးမှ လက်ရှိဘဝတွင် တိုင်းတိုင်းထွာထွာ သုံးနေရသောဘဝ။ စိုးစန္ဒာတို့အိမ်သို့ နွေဦးတို့ သားအမိ တစ်ခေါက်ရောက်သည်။ နွေဦးတို့ အိမ်သို့ စိုးစန္ဒာ တစ်ကြိမ်ရောက်သည်။ နောက်တစ်လခွဲ ကာလမှာပင် လက်ထပ်ရန် နှစ်ဦးနှစ်ဖက် သဘောတူကြသည်။ နှစ်လမှာ လက်ထပ် ဖြစ်သည်။ သုံးနှစ်သုံးမိုးထား၍ သုံးလ ဝင် မကြာခဲ့။ စိုးစန္ဒာ၏ အလှကို သဘောကျသည်မှ တစ်ပါး စိုးစန္ဒာအကြောင်း ဘာမျှ မသိခဲ့။ သိလာရပြီ ဆိုတော့လည်း တား၍ မနိုင် ပြင်၍မရ နောက်ဆုံးမှာ အခက်ထန်ဆုံး ပေါက်ကွဲကြသည်။ ပူလောင်သော ဒေါသမီးတောင် ပေါက်ကွဲမှုကြောင့် နွေဦး ပြင်းထန်သော ကားတိုက်မှု ဖြစ်ခဲ့သည်။ ဆေးရုံရောက်ပြီး နောက်တစ်နေ့မှာ နွေဦး သတိရသည်။ နာကျင်လွန်းသော ဝေဒနာများကို မချိမဆံ့

www.burmeseclassic.com



ခံစားရသည်။ ဘယ်ဘက်ခြေထောက် ခြေသလုံးမှ ကျိုးသည်။ ညာဘက်ခြေထောက် ပေါင်ရိုးကျိုးသည်။ နံရိုးနှစ်ချောင်း ကျိုးသည်။ ခေါင်းမှာ ၁၁ ချက် ချုပ်ရသည်။ ကံကောင်းထောက်မ၍ ဦးနှောက်နှင့် အာရုံကြော ထိခိုက်ခြင်းမရှိ၊ ခါးရိုးကျိုးခြင်းမရှိ။ ဆေးရုံမှာ နှစ်လနေရသည်။ စိုးစန္ဒာ တစ်ရက်မျှ ရောက်မလာ။

နွေဦး ဆေးရုံရောက်သည်နှင့် အမေ သွေးတက်ပြီး အသက်ရှူကျပ် အိပ်ရာထဲလဲသည်။ စိုးစန္ဒာ လှည့်၍ပင် မကြည့်။

'ဘယ်လူမမာမှ ပြုစုမနေနိုင်ဘူး' ဟု ပြောပြီး အိမ်ပေါ်မှဆင်းသွားသည်။

သူတို့ဆင်ထားသည့် လက်ဝတ်လက်စား အားလုံးနှင့် အိမ်မှ အံဆွဲထဲမှာ ရှိသော ငွေငါးသောင်းကျော် ယူသွားသည်။ ငွေနှင့် ပစ္စည်းကို မနမြောပါ၊ စိုးစန္ဒာ သဘောထားကို စက်ဆုပ်ရွံမုန်းမိသည်။

"နှလုံးသား မရှိတဲ့ မိန်းမ"

"တစ်ကိုယ်ကောင်းဆန်တဲ့ မိန်းမ"

"အရှက်မရှိတဲ့ မိန်းမ"

နွေနေသည် ပို၍ပူပြင်းလာသလို နွေဦး ရင်ထဲမှာ ခံစားရသည်။ နွေဦး ဆေးရုံမှ မဆင်းမီပင် အမေ ဆုံးဖြတ်ခံရသည်။ စိတ်ဆင်းရဲစရာ ဖြစ်ရပ်များ၏ အကျိုးဆက်ကို အမေခံစားရခြင်း ဖြစ်သည်။ နွေဦး ဆေးရုံမှဆင်းပြီး တစ်ပတ်မှာ အမေ့ရောဂါပိုဆိုးလာ၍ ဆေးရုံသို့ ပို့ရသည်။ ဆေးရုံမှာပင် အမေ ဆုံးသည်။ အမေ့ကို သိပ်သနားသည်။

"မီးလိုမွှေတဲ့ မိန်းမ "

စိုးစန္ဒာကို ပို၍ နာကြည်းသည်။ စိုးစန္ဒာနှင့် လက်ထက်ပြီးခဲ့သည့် တိုတောင်းသောကာလအတွင်းမှာ ပုံရိပ်များသည် အပြောင်းအလဲမြန်လွန်းလှ၏။

ပူလောင်သော အပြောင်းအလဲများ...

ကြေကွဲစရာ အပြောင်းအလဲမျာ...

နာကြည်းစရာ ခံစားချက်များ....

ပို၍ဝေးသော နေရာမှ ဥဩသံလေးမှာ လေထဲလွင့်မျောလာပြန်သည်။ ထွက်လေမှူဉ်းမှူဉ်းသည် မသိ မသာလေး ပို၍ ပြင်းသွားသည်။

"ဥဩလေးရယ်... ငါ့ခြံထဲက မဟော်ဂနီပင်ကြီးတွေမှာ လာနားပြီး တွန်ကျူးပါလားကွယ်"

[illegible]ယ်ရာမှသူမို့ သေးငယ်သော တွယ်တာရာလေး ဖြစ်ဖြစ် မျှော်လင့်မိ



သည်။

"ကိုနွေဦး...ကော်ဖီသောက်ဖို့ ပြင်ထားပြီးပြီ၊ ဆေးလဲသောက်ရမယ်"

နောက်ဘက်မှာ ချိုသာသောအသံလေး ကြားရသည်။ နွေဦး ကော်ဖီသောက်ချင်စိတ်မရှိ၊ ဆေးကိုတော့ ပို၍ပင်မသောက်ချင်။ သူနာပြုဆရာမလေး ယုယုခင်က နွေဦး ထိုင်နေသည့် ဘီးတပ်ကုလား ထိုင်ကို နောက်မှ တွန်းယူသွားသည်။ ပေါင်ရိုးကျိုးရုံမက ကြေပါသွား၍ စတီးချောင်းထည့်ထားရသည်။

"ကိုယ့် ခြေထောက်နဲ့ကိုယ် လမ်းလျှောက်နိုင်တဲ့ဘဝ ပြန်မှ ရပါဦးမလား"

နွေဦး အားငယ်စွာ တွေးမိသည်။ လောကကြီးကိုလည်း ငြီးငွေ့သလို ခံစားရသည်။

တွန်းလှည်းလေးက ထမင်းစားခန်းဆီသို့ ညင်ညင်သာသာသွားနေ၏။

❐ ❐ ❐

## အခန်း (၄)

သူနာပြုဆရာမလေး တွန်းလှည်းကို စားပွဲထိပ်အထိ တွန်းပို့ပေးသည်။ နွေဦးရှေ့တွင် ပေါင်မုန့်မီးကင်နှင့် ကြက်ဥဟပ်ဖရိုက်တစ်ပွဲအသင့်ရှိနေသည်။ ပေါင်မုန့်မီးကင်အနံ့နှင့် ကြက်ဥဟပ်ဖရိုက်အနံ့ကို ရသည်နှင့် နွေဦး နှာခေါင်းရှုံ့သွားသည်။ စားချင်စိတ် လုံးဝမရှိ။ ဒေါ်မြအေးက ကော်ဖီပူပူတစ်ခွက်ယူလာပြီး နွေဦးရှေ့မှာ ချပေးသည်။

"ကဲ ...ပူပူလေးသောက်လိုက်ဦး မောင်နွေဦး"

နွေဦးက ဒေါ်မြအေးကို လှမ်းကြည့်လိုက်သည်။ ဒေါ်မြအေးမှာ အိမ်ဖော်ဆိုသော်လည်း အမေ၏ လူယုံတော်၊ တိုးတိုးဖော်။ အမေနှင့် အတူနေခဲ့သည်မှာ ကြာပြီမို့ အမေက ညီမလိုချစ်သူ။ နွေဦးအတွက် အဒေါ်တစ်ယောက်လို သံယောဇဉ်ထား၍ အားကိုးရသူ။ ဒေါ်မြအေး၏ စေတနာကိုလေးစားသော်လည်း ကော်ဖီကိုတော့ သောက်ချင်စိတ် လုံးဝမရှိ။ သူနာပြုဆရာမလေးက နွေဦး သောက်ရမည့်ဆေးများကို စတီးပန်းကန်ပြားငယ်တွင် ထည့်၍ နွေဦးရှေ့မှာ ချပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



နွေဦး ပို၍ စိတ်ပျက်သွားသည်။

"ဆေးတွေကလဲ အများကြီး"

နွေဦး စိတ်ပျက်စွာ ကြည့်နေမိသည်။ ဘာဆေးမျှလဲ မသောက်ချင်။ ဖြစ်နိုင်လျှင် မြန်မြန်သေသွားရင် ကောင်းမည်ဟု တွေး၍ သေချင်နေသည်။

"ကိုနွေဦး၊ ဆေးသောက်လိုက်လေ"

ဆရာမလေး၏ အသံက ချိုသာသည်။

"ဆေးသောက်လို့လဲ ဒီခြေထောက်က အကောင်းပကတိ ပြန်ဖြစ်မှာမှ မဟုတ်ဘဲ"

နွေဦး၏ လေသံက မာသည်။

"ဩော်...ကောင်းမှာပေါ့ရှင်၊ ကိုနွေဦးက ငယ်သေးတာပဲ အသေအချာ ကောင်းမှာပါ"

ဆရာမလေးက အခိုင်အမာ ပြော၍ အားပေးသည်။

"သောက်လိုက်ပါ မောင်နွေဦးရယ်၊ ဆေးသောက်မှ မြန်မြန်ကောင်းမှာပေါ့"

ဒေါ်မြအေးကပါ ကူ၍ တိုက်တွန်းနေသည်။ ဒေါ်မြအေးကို နွေဦး မျက်လုံးမှုန်ကြည့်လိုက်၍ ဒေါ်မြအေး လန့်သွားသည်။ သောက်ရမည့်ဆေးက အညိုရောင် အတောင့်နှစ်ခု၊ အဝါရောင် နှစ်ပြား အပြာရောင် နှစ်ပြား။ အားလုံး ခြောက်ခု။ မသောက်လျှင်လည်း နားပူအောင် အကြိမ်ကြိမ် သောက်ခိုင်းကြဦးမည်။ ဖြစ်နိုင်လျှင် ဆေးအားလုံးကို တစ်ကြိမ်တည်း သောက်ပစ်လိုက်ချင်သည်။ သို့သော် ထိုသို့လုပ်မိ၍ အန်ထွက်သည်က ပို၍ စိတ်ပျက်စရာဖြစ်ရသည်။ နွေဦး သက်ပြင်းတစ်ချက်ကို မသက်မသာ ချလိုက်သည်။ ဆေးတစ်လုံး ကောင်ဖိတစ်ကျိုက်နှင့် မှိတ်ကြိတ်သောက်လိုက်သည်။

"ပေါင်မုန့်နဲ့ ကြက်ဥ ဟာပ်ဖရိုက်လဲ စားလိုက်ပါဦး"

ဆရာမလေးက အစာစားခိုင်းနေပြန်သည်။

"တော်ပြီဗျာ၊ မစားချင်တော့ဘူး"

"ဩော်... မစားလို့ မရဘူးလေ၊ ဆေးတောင့်နှစ်ခုက အစာမစားရင် ရင်ခုန်လိမ့်မယ်"

"ရင်ခုန်မယ် ဟုတ်လား"

ဆရာမလေး ခေါင်းညိတ်ပြသည်။



"ရင်ခုန်လို့ မြန်မြန်သေသွားလဲ မြန်မြန်အေးတာပေါ့ဗျာ"

ဆရာမလေးက အတွေ့အကြုံရှိပြီးသူမို့ အပြုံးမပျက်။

"နည်းနည်းဖြစ်ဖြစ် စားလိုက်ပါ"

ဆရာမကို ကြည့်ပြီး နွေဦး စိတ်ပျက်သွားသည်။

လက်မသာသာသန့် ကြက်ဥဟာပ်ဖရိုက်ကို ဇွန်းနှင့် ဖြတ်၍ ပါးစပ်ထဲ ထည့်ပြီး ညက်အောင် မဝါးတော့ဘဲ ကြိုးစား၍ မျိုချနေသည်။

"နောက်ထပ် နည်းနည်း စားလိုက်ပါဦး မောင်နွေဦး"

"ဒေါ်မြအေးက ထပ်ကြိုးစား၍ နွေဦး စိတ်တိုသွားသည်။

"တော်ပြီဗျာ၊ တော်ပြီ"

လုံးဝ မစားတော့ဘူး။ နွေဦးက ကြက်ဥပန်းကန်ကို အဝေးကြီးသို့ ရောက်သွားအောင် တွန်းထုတ်ပစ်လိုက်သည်။

□ □ □

## အခန်း(၅)

မီးရထားကြီးက ညအမှောင်ထုကို ထိုးဖောက်၍ လျင်မြန်စွာ ပြေးနေသည်။ ရှေ့ခုံ ဘေးခုံမှာ မြင်နေရသူ အားလုံး အိပ်နေကြသော်လည်း ဖူးဝေ အိပ်ချင်စိတ်မရှိ။ ရထားပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်လိုက်သည်။ မည်းမည်းအရိပ်များမှ တစ်ပါး ဘာမျှ သဲသဲကွဲကွဲမမြင်ရ။ ဖူးဝေ ရင်ထဲမှာ အားငယ်စိတ်များ လွှမ်းမိုးနေသည်။ သူတကာတွေက သွားသည့် ခရီး၏ ရည်မှန်းရာကို ရောက်ချင်ကြလိမ့်မည်။ ဖူးဝေကတော့ ရောက်မှာပင် ကြောက်နေသည်။ မမြင်မကန်းနှင့် အမှောင်ထဲကို တိုးဝင်ရနေသော အဖြစ်။

"ဩော်...အမေရယ်"

လောက အလယ်မှာ သမီးငယ်ကို တစ်ယောက်တည်း ထားရစ်ခဲ့သော အမေ့ကို တမ်းတနေမိသည်။ အမေ မရှိခဲ့သည်က ကြာပြီ။ အမေနှင့်သမီး သမီး တစ်ခု။ ဆင်းရဲသော်လည်း တစ်ယောက်ကိုတစ်ယောက် အားကိုးနေခဲ့ရ၍ အခုရှိ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အဖေက နေပူကုန်းရွာကျောင်းမှ ညစောင့်။

အမေရှိစဉ်က ကျောင်းသန့်ရှင်းရေးအလုပ်အတွက် အမေပါ လခရသည်။ သောက်ရေပါ ဖြည့်ပေးရသည်။ အမေမရှိတော့ ဆရာကြီးက သနား၍ အဖေ့ကို သန့်ရှင်းရေး အလုပ်ပါ တွဲပေးသည်။ သန့်ရှင်းရေးနှင့် သောက်ရေဖြည့်ခြင်းကို ဖူးဝေ လုပ်ရသည်။ ကုန်ဈေး နှုန်းကကြီး၍ နှစ်ခုပေါင်းရသည်ပင် မစားလောက်။ အဖေ့ခမျာ ရွာထဲရပ်ထဲမှ သူတကာ ခိုင်းသမျှအလုပ်ကိုလည်း လုပ်ရသည်။ ဖူးဝေအတွက် ကံကောင်းသည်မှာ ကျောင်းစောင့်သမီး ကျောင်းထဲမှာ နေရသူမို့ ပညာသင်ခွင့်ရသည်။ ဆရာ၊ ဆရာမများက ဖူးဝေကို သနား၍ စာအုပ်ဘောပင်ကအစ ထောက်ပံ့ကြသည်။ ကျောင်းစိမ်းလုံ့ချည်အဟောင်းလေးများ ကျောင်းဝတ်အင်္ကျီအဖြူ အဟောင်းလေးများ ပေးကြသည်။ သူငယ်ချင်းများကလည်း ကူညီကြသည်။ ဆယ်တန်းရောက်သောအခါ ပြဋ္ဌာန်းစာအုပ်မှစ၍ အထူးထုတ် စာအုပ်များအထိ ပေးကြသည်။ ငှားကြသည်။ ဖူးဝေကလည်း ကြိုးစား၍ ဆယ်တန်းကို တစ်နှစ်သာကျပြီး နောက်တစ်နှစ် အောင်ခဲ့သည်။ သို့သော် အဖေမကျန်းမာဖြစ်လာ၍ ဖူးဝေ အဝေးသင်တက္ကသိုလ်ပင် မတက်နိုင်။ အဖေ့ကို ပြုစုနေခဲ့ရသည်။ အဖေမရှိတော့ လောကအလယ်မှာ အထီးကျန် ဖြစ်ခဲ့ရသည်။ ဘာလုပ်ရမှန်းမသိ၊ ဘယ်သွားရမှန်းမသိ။ ရန်ကုန်မှာ အဒေါ်တစ်ယောက်ရှိသော်လည်း အဒေါ်ကိုယ်တိုင်က သူများအိမ်မှာ နေရသူ။

သို့သော် အဒေါ်ရွာလာစဉ်က ဖူးဝေ ဆယ်တန်းအောင်လျှင် သူ့ဆီပို့ပေးရန် အဖေ့ကို ပြောခဲ့သည်။ ဖူးဝေကို သူနှင့်အတူ ရန်ကုန်လာနေဖို့ ခေါ်သည်။ သူ့အလုပ်ရှင်အဒေါ်ကြီးက သဘောကောင်းသည်။ သူ့ကို ညီမတစ်ယောက်လို ခင်သည်။ သူပြောပေးလျှင် ရမည်ဟုဆိုသည်။ အဖေဆုံးပြီးတော့ အဒေါ်ကြီးကို ချက်ချင်း သတိမရ။ ရက်လည်သည့်နေ့တွင် ဆရာမများက ဖူးဝေ ဘယ်လိုဆက်ပြီး နေထိုင်သွားမလဲမေးမှ အဒေါ်ကြီးကို သတိရသည်။

သို့သော် ဒေါ်ကြီးပေးခဲ့သော နေရပ်လိပ်စာ အဖေဘယ်မှာ မှတ်ထားမှန်းမသိ။ အဖေ့ စာအုပ်ကလေးတွေအားလုံး တစ်ရွက်ချင်းလှန်ရှာသည်၊ ဘယ်မှာမှမတွေ့။ တွေ့မည့်တွေ့တော့ အိမ်ခေါင်ရင်းမှ ဘုရားကား၏ နောက်ကျောဘက်မှာ။ လိပ်စာလေးကို အသေအချာကူးယူသည်။ မဟော်ဂနီခြံ ထောက်ကြန့်မြို့ ရန်ကုန်ဟူ၍ ဖြစ်သည်။ ဖူးဝေ ရန်ကုန်သွားရန် ဆုံးဖြတ်လိုက်သည်။ ဆရာ၊ ဆရာမများ သူငယ်ချင်းများက စုပြီး ထောက်ပံ့ကြသည်။ ရင်မှာ ပွေ့ထားသော



ခရီးဆောင်အိတ်ကို ဖူးဝေငုံ့ကြည့်လိုက်သည်။ ပိုင်ဆိုင်သမျှ အားလုံးဖြစ်သည်။ အထဲမှ စုပေးလိုက်ကြသော ထောက်ပံ့ငွေ လေးရာကျော် ပါသေးသည်။.

"ဒီအိတ်နဲ့ ဒီငွေ ပျောက်သွားရင် ဒုက္ခ"

ရင်ခွင်ထဲမှ အိတ်ကို ပို၍ တင်းတင်းလေး ပွေ့ပိုက်ထားလိုက်မိသည်။ ရန်ကုန်ဘူတာကြီးကလည်း ခြောက်လှန့်နေသည်။ တစ်ခေါက်မျှ မရောက်ဖူးသည့်နေရာ။ မြန်မာနိုင်ငံမှာ အကြီးဆုံးမြို့။ လူတွေ ကားတွေ သိပ်များသည်။ ဟိုဘက်ခန်းနှင့် သည်ဘက်ခန်းတောင် မေး၍ မသိဟု ပြောကြသည်။ လူတွေကလည်း အမျိုးစုံဟု ကြားရသည်။ ကိုယ်က မိန်းကလေး။ ပိုက်ဆံတွေကလည်းပါသေး။ လူလိမ်လူညာ မကောင်းတဲ့လူတွေနဲ့ တွေ့မှဖြင့် ဒုက္ခ။ ဒေါ်ကြီးနေသည့်အိမ်က ဘူတာနှင့် အဝေးကြီးဟု ဆိုသည်။ လိပ်စာသိသော်လည်း ဘာကားစီးရမှန်းမသိ။ ဒေါ်ကြီးကတော့ စီးရသည့် ဘတ်စကားနံပါတ်ကို ပြောသည်။ ကြာတော့လည်း မေ့သွားပြီ။ ရထားကြီးမြန်မြန်ပြေးသည်ကိုပင် သဘောမကျ။ ရန်ကုန်ဘူတာကြီးသို့ ရောက်မှာ ကြောက်နေသည်။ ဝမ်းတွင်းမှာဆို ဆိုက်ကားငှားလျှင်ရသည်။ မြင်းလှည်းငှားလည်း ရသည်။ အိမ်တိုင် ရာရောက်လိုက်ပို့သည်။

မသိ၍ မေးလျှင် ဘယ်သူမေးမေး ပြောရုံမက လိုက်တောင်ပြဦးမည်။ နေပူကုန်းရွာနှင့်အနီးဆုံးဖြစ်သော ဝမ်းတွင်းမြို့ကိုတော့ ဖူးဝေကျွမ်းကျင်သည်။ မကြောက်မရွံ့သွားခဲ့သည်။

"ငါ ရွာကထွက်လာမိတာ မှားပြီးလား"

စိုးရွံ့စိတ် ဖြစ်ရပြန်သည်။ ရှေ့မှ ဦးလေးကြီးက ထိုင်ခုံနောက်ကျောထောင့်လေးကို ခေါင်းမှီ၍ အိပ်နေရာမှ နိုးလာ၍ ကိုယ့်ကို ဆန့်လိုက်သည်။

"မိန်းကလေး တစ်ရေးမှ မအိပ်ရသေးဘူးလား"

ဖူးဝေကို လှမ်းမေးသည်။

"ဟုတ်ကဲ့ မအိပ်ချင်သေးလို့ပါ"

"တံခါးပိတ်ထားလိုက်ပါလား လေကအေးတယ်။ တံခါးဖွင့်ထားတော့ ပစ္စည်းလဲ စိတ်မချရဘူးပေါ့"

"ရှင်..."

ဖူးဝေ သူ့ရင်မှအိတ်ကို စိုးရိမ်သည်။

"ဟုတ်ကဲ့..."

ပြတင်းပေါက်တံခါးကို ထပိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘုရား...ဘုရား"

ဖူးဝေ ထိတ်လန့်သွားသည်။

ရထားက တံတားတစ်ခုကို ဖြတ်ကျော်၍ တဝေါဝေါမြည်သံကြီး ထွက်ပေါ်လာသောကြောင့် ဖြစ်သည်။

□ □ □

## အခန်း (၆)

နံနက်စာ စားပြီးသည်နှင့် နွေဦး၏ တွန်းလှည်းလေး ပုံမှန်အတိုင်း ပြတင်းပေါက် အနားရောက်နေသည်။

ပြီးခဲ့သည့် နှစ်ရက် သုံးရက်က အရွက်များ ရွှေရောင်၊ အညိုရောင် ပြောင်းလဲခဲ့သော မယော်ဂနီပင်ကြီးများသည်။ အခုတော့ အရွက်များ အားလုံး ခြွေချပြီး အထီးကျန်ဘဝကို အရိုးပြိုင်းပြိုင်းနှင့် ဖော်ပြနေကြသည်။

"သြော်...ဘာမျှမမြဲတဲ့ ပြောင်းလဲခြင်းတွေပါလား"

နွေဦး သံဝေဂ ဖြစ်ရာမှ အမေ့ကို သတိရလာသည်။

"ရွက်ဝါလေးတွေလို အမေလဲ ကြွေသွားခဲ့ရှာပြီ"

သားကို သိပ်ချစ်သော အမေ။ အဖေကွယ်လွန်တော့ အရွယ်ကောင်းဆဲ နောက်အိမ်ထောင်ပြုရန် ကမ်းလှမ်းသူတွေ ရှိပါလျက် သားမျက်နှာငယ်မည်စိုး၍ မုဆိုးမဘဝနှင့် သတ္တိရှိရှိ ရပ်တည်ခဲ့သည်။ အဖေ့လုပ်ငန်းကို ကိုယ်တိုင်ဆက်လုပ်သည်။ အမေနှင့်အတူနေခဲ့ရသည့် ပျော်စရာဘဝကို နွေဦးတမ်းတမိသည်။ ခု အမေ မရှိတော့။

"အမေရယ်...ကျွန်တော်လဲ အမေနဲ့ အတူ သေချင်တယ်"

တစ်ယောက်တည်း အထီးကျန်ဘဝကို စိတ်ပျက်စွာနှင့် မယော်ဂနီပင်ကြီးများဆီသို့ ငေးကြည့်နေမိသည်။

"သြော်...ငါ့ဘဝကလဲ ဒီမယော်ဂနီပင်ကြီးတွေလို ရိုးတံကျဲကျဲပါလား"



နွေဦးရင်ထဲမှာ လွမ်းလွမ်းဆွေးဆွေး ခံစားရသည်။

"သူသာ ငါ့အပေါ်မှာ သစ္စာရှိရှိနဲ့ ချစ်ခင်ကြင်နာခဲ့ရင်"

စိုးစန္ဒာအကြောင်း တွေးမိရပြန်သည်။

"ဟင်း... သစ္စာမရှိတဲ့ မိန်းမ"

စိတ်ပျက်စရာအတွေးများကို ကြိုးစားပြီး ဖြတ်ပစ်ရသည်။ မယော်ဂနီရွက်ခြောက်များကို နင်းပြီး မယော်ဂနီပင်တန်းအောက်မှာ အောင်အောင် လမ်းလျှောက်လာနေသည်။ ကိုယ့်ကျန်းမာရေး အခြေအနေအရ အလုပ်ရုံးခန်းသို့ မသွားနိုင်၍ ညီဖြစ်သူ အောင်အောင်ကို မခိုင်းချင်သော်လည်း ရုံးခန်းအထိုင်ခိုင်းရသည်။ အောင်အောင်က နွေဦး ထိုင်နေသော ပြတင်းပေါက်နားမှာ လာရပ်သည်။

"ဘာထူးလို့လဲ"

"ထူးတာမရှိပါဘူး ကိုကိုဦး၊ ပုံမှန်ပါပဲ မနက်က လေးရှစ်ခွန်ခြောက်တောင်ကြီးတက်သွားတယ်"

"မုံရွာရောက်နေတဲ့ကား ဒီနေ့မနက်က ပြန်ထွက်သွားပြီတဲ့၊ ညမိုထ္ထီလာမှာ အိပ်မယ်တဲ့ ဖုန်းရတယ်"

နွေဦး ခေါင်းညိတ်ပြသည်။

"သုံးသုံးလေးနှစ်က ကုန်ရပြီ၊ မနက်ဖြန်ခါ ဘုရင့်နောင်ဈေးသွားတင်ရမယ်"

"သန်ဘက်ခါ မန္တလေးထွက်မယ်"

"ဒါများ ဖုန်းနဲ့ပြောလိုက်ရင်လဲ ရတာပဲကွာ"

"ကိုကိုဦး ကျန်းမာရေးအခြေအနေကိုလဲ သိချင်လို့ပါ"

"မထူးသေးပါဘူးကွာ"

"ဒီဘက် ခြေထောက်ကရော"

"ဒီဖက်ခြေထောက်က ကောင်းတယ်လို့ ဆရာဝန်ပြောတာပဲ၊ မကောင်းလဲ ကိစ္စမရှိပါဘူးကွာ၊ အမေဆိုရင် အားလုံးကို စွန့်လွှတ်ပြီး အသက်တောင်သေသွားရသေးတာပဲ၊ ငါ့ဘဝမှာလဲ တွယ်တာစရာ ဘာမှမရှိတော့ပါဘူး"

စိတ်ဓာတ်ကျနေသော အစ်ကိုဖြစ်သူကို ကြည့်၍ အောင်အောင် စိတ်မကောင်း ဖြစ်မိသည်။

"ဒီလိုတော့လဲမဟုတ်သေးပါဘူး ကိုကိုဦးရာ၊ ကိုကိုဦးက အများကြီး ငယ်ပါသေးတယ်။ ခြေထောက်ကလဲ ကောင်းသွားမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



အောင်အောင် အားပေးနေသည်ကို ကြည့်ပြီး နွေဦး ပြုံးသည်။ သို့သော် ဓပိပြင်သောအပြုံး။

"အေး ကောင်းရင်လဲ ကောင်းပေါ့ကွာ"

"မကောင်းရင်လဲ သေချင်စိတ်အထိ ဖြစ်နေတဲ့ ငါ့ဘဝအတွက် ခြေ သောက် နှစ်ချောင်းလောက် ဆုံးရှုံးရတာ နှမြောစရာ မရှိပါဘူး"

နွေဦး၏ မျက်လုံးများက သစ်ခြောက်ပင် ရိုးတံများကို ထွင်းဖောက်၍ အဝေးမှ ကောင်းကင် ပြာပြာကို ငေးမျှော်လျက်။

□ □ □

## အခန်း(၃)

မီးရထား ရန်ကုန်မြို့သို့ ဝင်လာပြီဟု သူများတွေပြောသံ ကြားရသည်။ ပစ္စည်းများကို အပေါ်တန်းမှချသူချ ခုံအောက်မှ ထုတ်သူထုတ်နှင့် ဆင်းရန် အသင့်ပြင်နေကြပြီ။ ဖူးဝေမှာ ဘာမျှ ပြင်စရာမရှိ၊ ရင်ခွင်ထဲမှ အိတ်က အသင့်။ မီးရထားကြီး အရှိန်လျော့သွားပြီ။ ဖူးဝေ ရင်ခုန်သံတွေ မြန်လာသည်။ ဖွင့်ထားသည့် ပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်လိုက်သည်။ မီးရထားဖြတ်လာသည့်အေးမှ ကားလမ်းများပေါ်တွင် လူတွေ ကားတွေ အများကြီး သွားလာနေသည်ကို တွေ့ရသည်။ ပွဲတော်တစ်ခုရှိသလို စည်ကားများပြားသော လူများကို ကြည့်၍ ဖူးဝေ အံ့သြနေသည်။ ခပ်ဝေးဝေးဆီမှ မြင့်မားသော အဆောက်အအုံကြီးများကို လှမ်းမြင်နေရသည်။ ကိုယ် မကြာခဏရောက်နေသည့် ဝမ်းတွင်းမြို့မှာလည်း တိုက်တွေ အများကြီးရှိပါသည်။ သို့သော် ရန်ကုန်မှ တိုက်ကြီးများမှာ ပို၍ အဟန့်ကြီးနေသည်။ စိတ်ထဲမှာလည်း ပို၍ အားငယ်လာသည်။

"ငါ ဒေါ်ကြီးနေတဲ့ မယောဂနီခြံဆိုတာ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ပါ့ မလား"

"မကောင်းတဲ့ လူတွေနဲ့တွေ့ပြီး ဒုက္ခရောက်မှဖြင့် ..."

ကြောက်စိတ်ကြောင့် စောစောစီးစီး ချွေးများ ပြန်လာသည်။



"တောကလာတဲ့ မိန်းကလေးတွေကို လိမ်ညာခေါ်သွားပြီး ရောင်းစား တတ်တယ်"

"မကောင်းတဲ့ အိမ်တွေမှာ မကောင်းတဲ့ အလုပ်ကို အလုပ်ခိုင်းတတ် တယ်"

သူတကာတွေ ပြောကြသည်များကို ကြားယောင်လာ၍ ပိုကြောက်သည်။

"ခိုင်းလို့မရရင် ရိုက်ပြီး နှိပ်စက်တယ်တဲ့"

ကျောင်းမှာ မုန့်ကြာစိရောင်းသော အရွှေက ကြားဖူးနားဝနှင့် ပြောခဲ့ခြင်း ဖြစ်သည်။ ခုတော့ ကိုယ်က ထိုမြို့ကြီးကို ရောက်တော့မည်။

"ဘုရား...ဘုရား မကောင်းတဲ့ လူတွေနဲ့ မတွေ့ပါစေနဲ့၊ မကောင်းတဲ့ အိမ် မရောက်ပါစေနဲ့"

ဖူးဝေ ကြောက်လန့်စွာ ဆုတောင်းနေမိသည်။

"ဘော်...ဘူ"

ရထားဥသြသံက ပို၍ တုန်လှုပ်စရာ။ လူတွေ လှုပ်ရှားကုန်ကြပြီ။ ရန်ကုန် ဘူတာကြီးသို့ ရထားဝင်နေပြီ။ ဘူတာကြီးထဲမှ သံဆန်ခါ၏ နောက်တွင် စောင့် နေကြသော လူအုပ်ကြီးကို တွေ့ရသည်။

"ဟယ်...များလိုက်တဲ့ လူတွေ၊ ငါတော့ ဒုက္ခဖြစ်ပြီ ထင်တယ်"

ခေါချွေးတွေ ပြန်လာ၍ ရင်ခွင်ထဲမှ အိတ်ကလေးကို တင်းကျပ်စွာ ဆွဲ ပိုက်ထားလိုက်သည်။

"ခါးပိုက်နှိုက်တွေလဲ ရှိတယ်တဲ့ဟဲ့"

အရွှေအသံကို ကြားယောင်လာရပြန်သည်။ ရထားရပ်ပြီ။ ခေါ်သံ၊ ထူးသံ၊ အော်သံ၊ ဟစ်သံတွေ ဆူညံနေသည်။ ခရီးသည်များ ရထားပေါ်မှ ဆင်းကြပြီ။ လာကြိုသူများနှင့် ဆင်းသူများ ရှုပ်ယှက်ခတ်နေသည်။ ဖူးဝေ ရထားပေါ်မှ ဆင်း ရမှာကို ကြောက်နေသည်။

"ရန်ကုန်ရောက်ပြီလေ၊ ဆင်းရမယ်"

ရှေ့မှ ဦးလေးကြီး ဆင်းဖို့ အသင့်ဖြစ်နေပြီ။ မတုန်မလှုပ် ထိုင်နေဆဲ ဖြစ်သော ဖူးဝေကို လှမ်းပြောလိုက်သည်။

"ဩော်...ဟုတ်ကဲ့"

ဖူးဝေ အိတ်ကိုပိုက်၍ မတ်တတ်ရပ်လိုက်သည်။

"လာကြိုမယ့်လူ ရှိလား"

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးကြီး၏ ဘေးမှ အဒေါ်ကြီးက မေးသည်။

"ဟင့်အင်း...မရှိဘူး"

"ဘယ်သွားမှာလဲ"

ဦးလေးကြီးက မေးသည်။

"ထောက်ကြန့်"

"ဟာ...အဝေးကြီးပဲ"

ဦးလေးကြီးပြောမှ ပို၍ ကြောက်လန့်ရပြန်သည်။

"ဦးလေးတို့က"

"တောင်ဥက္ကလာပ သွားမှာ"

ဦးလေးကြီးက ပြောပြောဆိုဆိုပင် ရှေ့မှဆင်းသွားသော အဒေါ်ကြီး နောက်သို့ လိုက်သွားသည်။ ဖူးဝေတစ်ယောက်တည်း ကျန်မနေခဲ့အောင် ဦးလေးကြီးနောက်သို့ လိုက်ရသည်။ ပလက်ဖောင်းပေါ်ရောက်တော့ လူတွေက ပြည့်ကျပ်နေသည်။ ဝတ်ကောင်းစားလှနှင့် မိန်းမချောလေးများကိုလည်း တွေ့ရသည်။ သို့သော် သူတို့က သူတို့အဖော်တွေနှင့် ကြိုဆိုသူတွေနှင့်။ ကိုယ်မှာက တစ်ယောက်တည်း။

"ဘေးကို...ဘေးကို"

နောက်မှ ကျယ်လောင်စွာ အော်ဟစ်သံကြောင့် လှည့်ကြည့်လိုက်သည်။

ပစ္စည်းများတင်လာသည့် သံအိုးတပ်သံပြားကာလှည်းကြီးကို လူနှစ်ယောက် တွန်းလာနေသည်။ ဖူးဝေ အမြန်ဖယ်ပေးလိုက်ရသည်။

ရထားပေါ်မှ အတူဆင်းခဲ့သော ဦးလေးကြီးနှင့် အဒေါ်ကြီးကို လိုက်ရှာကြည့်သည်။ ဘယ်မှာမှ မတွေ့ရ မမြင်ရတော့။ သွားပြီ။ သိကျွမ်းသူဟူ၍ တစ်ယောက်မျှ မရှိတော့။ သူတကာတွေ အလျှင်အမြန် လှုပ်ရှားသွားလာနေကြသော်လည်း ဖူးဝေ ဘယ်သွားရမှန်း မသိ။ ဟိုလူက တိုးသွားလိုက်၊ သည်လူက တိုက်သွားလိုက်၊ အထမ်းသမားများကို ရှောင်လိုက်ရ၊ တွန်းလှည်းများကို ရှောင်လိုက်ရနှင့် နေရာမှာပင် ပတ်ချာလည်နေသည်။

"အို...ငါ...ငါတော့..."

ဖူးဝေ ငိုချင်လာသည်။ ကြောက်စိတ် စိုးရိမ်စိတ် အားငယ်စိတ်ကြောင့် မျက်ရည်များက မျက်လုံးအိမ်မှာ ရစ်ဝဲလာကြသည်။

"ထောက်ကြန့် ဆိုတာ အဝေးကြီးတဲ့"



ဘာကားစီးရမှန်း မသိ၊ ဘယ်သွားစီးရမှန်း မသိ။ ဘယ်သူ့ကို မေးရမှန်းလည်း မသိ။ အားလုံးက ပျာပျာလောလောနှင့် အပြေးနီးပါး သွားလာလှုပ်ရှားနေကြသည်။ အများစုက လေကားကြီးပေါ်တက်သွားသည်။ မေးစရာ လူတစ်ယောက်မျှ မတွေ့။ မေးရဲသော သတ္တိလည်းမရှိ။

"သွားမေးခါမှ လိမ်ညာချင်တဲ့လူက လိမ်ညာခေါ်သွားရင်..."

ဖူးဝေ မမေးရဲတော့ပါ။ အတွန်းအတိုက်လွတ်အောင် လူကျဲပါးသော နေရာလေးတစ်နေရာ ရှာ၍ သွားရပ်သည်။ ရေတွေများပြီး သောက်၍မရသော ပင်လယ်ရေဖြစ်နေသလို လူတွေများပြီး အားကိုးရမည့်သူ တစ်ယောက်မျှမရှိ ဖြစ်နေသည်။ တဘက်ခေါင်းပေါင်း၍ လွယ်အိတ်လွယ်ထားသော အဒေါ်ကြီး တစ်ယောက်လာနေသည်ကို ဖူးဝေ လှမ်းကြည့်လိုက်သည်။ အဒေါ်ကြီးပုံက အညာပုံပေါက်နေ၍ ယုံကြည်လောက်သည်ဟု ဖူးဝေ အားကိုးစိတ် ဖြစ်မိသည်။

"အဒေါ်ကြီး...ထောက်ကြန့်ကို ဘယ်လိုသွားရလဲ"

"ဟေ..."

အဒေါ်ကြီးက ဖူးဝေကို ဇဝေဇဝါ မျက်လုံးများနှင့် ကြည့်နေသည်။

"မသိဘူး ကလေးမရဲ့"

အဒေါ်ကြီးက ဖူးဝေကို ရှောင်ပြီး ရှေ့မှ ဦးပဓွင်းတစ်ပါး ခေါင်းဆောင်သည့် သူ့အဖွဲ့ကို မီအောင်အမြန်လိုက်သည်။ ဩော်...ဟိုဘက်အိမ်နဲ့ သည်ဘက်အိမ်တောင် မေးလို့မရဘူးဆိုတာ ဟုတ်မှာပါပဲ။ ဖူးဝေ စိတ်ပျက်မိသည်။ တဖြည်းဖြည်းနှင့် ဘူတာထဲမှာ လူနည်းသွားပြီ။ စောစောက လူတွေ အများကြီး တိုးတက်နေသော လေကားကြီးပေါ်မှာ လူနည်းသွားပြီ။

"ဘော်ပူ..."

"ပေါ်...ပေါ်"

မီးရထားစက်ခေါင်းမှ ဥသြဆွဲသံများကို ဆူဆူညံညံကြားနေသည်။ သူစီးလာခဲ့သော ရထားကြီးလည်း ရပ်ထားရာမှ ဖြည်းဖြည်းချင်း ပြန်ထွက်သွားပြီ။ ဖူးဝေ ဘာလုပ်ရမှန်း မသိ။ သည်အတိုင်းလည်း တစ်နေရာတည်းမှာ ကြာကြာ ရပ်မနေချင်။ ကြောက်ပါသည်ဆိုမှ လူတစ်ယောက်က ဖူးဝေ ဘေးမှဖြတ်သွားရင်း လှည့်ကြည့် လှည့်လည့် လုပ်သွားသည်။ ဖူးဝေ နေရာရွှေ့လိုက်သည်။ ခွန်းလှည်းကြီး တစ်ခုပေါ်တွင် ဝတ်စုံပြာဝတ် အသက်ကြီးကြီး လူတစ်ယောက် ထိုင်နေသည်။ ခေါင်းက ဖွေးဖွေးဖြူနေသည်။ ဒီလူကြီးကို မေးကြည့်ရင် ကောင်း

www.burmeseclassic.com

www.burmeseclassic.com



မလား။

ဆံပင်ဖြူနေသော အသက်ကြီးကြီးမို့ စိတ်ချရမည်ထင်၏။ တိုက်တိုက်ဆိုင်ဆိုင် လူကြီးက ဖူးဝေကို လှမ်းကြည့်သည်နှင့် ဆုံသွား သည်။

"ဦးလေး...ကျွန်မ ထောက်ကြန့်သွားချင်လို့ပါ"

ဖူးဝေ ပြောပုံက ကြောက်ကြောက် ရွံ့ရွံ့။

"ထောက်ကြန့်"

လူကြီးက ခေါင်းကို လက်နှင့် ပွတ်ပြီး စဉ်းစားနေသည်။

"အင်း...ဝေးတယ်၊ ဘယ်လိုကားစီးရမလဲ"

လူကြီးက အသံထွက်ပြီး စဉ်းစားနေသည်။ ဖူးဝေ ရပ်စောင့်နေသည်။

"ဟေ့ကောင် မြမောင်၊ ထောက်ကြန့်ကို ဘယ်လိုကားစီးရင် အဆင်ပြေမလဲ"

ခပ်လှမ်းလှမ်းတွင် လူတစ်ယောက်နှင့် စကားပြောနေသည့် ဝတ်စုံပြာဝတ်လူငယ်ကို ခေါင်းဖြူကြီးက လှမ်းမေးလိုက်သည်။ မြမောင်ဆိုသူ ရောက်လာသည်။

"ဘယ်သူ သွားမှာလဲ"

"သူ..."

လူကြီးက ဖူးဝေကို လက်ညှိုးထိုးပြသည်။ လူငယ်က ဖူးဝေကို စူးစူးစမ်းစမ်းကြည့်နေသည်။ ကြည့်ပုံက ကြာသည်။ အကြည့်ရဲသည်။ ငါတော့ မေးမိတာ မှားပြီထင်တယ်။ ဖူးဝေ စိုးရိမ်စိတ် ဝင်လာသည်။

"အနုရထား ဆင်းတာလား"

လူငယ်၏ အမေးကို ဖူးဝေ ခေါင်းညိတ်ပြီး ဖြေလိုက်သည်။ လူငယ်က အကြည့်လွှဲလိုက်ပြီး စဉ်းစားနေသည်။

"ဟာ...နေဦး ကားရှိသေးလား မသိဘူး။ မြန်မြန်သွားရင်တော့ မီမယ်ထင်တယ်။ ဒီတံတားပေါ် တက်သွား"

စောစောက လူတွေ အများကြီး တက်သွားသော လှေကားကို လက်ညှိုးထိုးပြသည်။

"ဟိုဘက်ကျရင် မင်္ဂလာဒုံကားလို့မေး၊ အဲဒီကားနဲ့လိုက်သွား၊ မင်္ဂလာဒုံကျမှ ထောက်ကြန့်ကို ကားပြောင်းစီးရမယ်"

"အေး...ဟုတ်တယ်။ အဲဒါ ငါမေ့နေတယ် မင်္ဂလာဒုံ တိုက်ရိုက်သွားတဲ့



ကား ရှိတာပဲ။ အဲဒါ သက်သာတယ်။ ငါးကျပ်လား၊ တစ်ဆယ်လားပေးရတယ်"

လူငယ်၏ စကားကို ဦးလေးကြီးကပါ ထောက်ခံနေသည်။ မင်္ဂလာဒုံဆိုသည်ကား ဒေါ်ကြီး ပြောသည့်အထဲမှာ မပါ။ တစ်ဆင့် ပြောင်းစီးရဦးမည်။ ဖူးဝေ စိတ်ပျက်သွားသည်။

"ကလေးမ မြန်မြန်သွား ကားမီချင်မှီဦးမယ်"

ဦးလေးကြီးက ခပ်လောလော တိုက်တွန်းနေ၍ နောက်မှ ဖြစ်ချင်ရာဖြစ် ဆိုပြီး လှေကားဆီသို့ လျှောက်သွားသည်။ လှေကားဆုံးသော် တံတားရှည်တစ်ခုကို ဖြတ်ရသည်။ ကိုယ့်အရွယ် မိန်းကလေးတွေ နှစ်ယောက်တွဲ တစ်ယောက်တည်း သွားနေကြသည်များကို တွေ့ရ၍ အားနည်းနည်းတက်သည်။ တံတားအဆုံးမှာ လှေကားတစ်ခု ဆင်းရသည်။ အပြင်စကြံသို့ ရောက်သွားသည်။ လူခေါ်နေသော ကားများစွာကို တွေ့ရသည်။

"ဘယ်သွားမှာလဲ...ကားငှားမှာလား"

လူငယ်တစ်ယောက်က လာမေးသည်။

"မင်္ဂလာဒုံ"

စောစောက ပြောလိုက်ကြသော နာမည် နှုတ်မှ ထွက်သွားသည်။

"ရတယ်...ကားရှိတယ်။ လာ..."

ထိုလူငယ်နောက်သို့ မယုံမရဲနှင့် လိုက်သွားရသည်။

"ဒီမှာ တစ်ယောက်တော့ ရပြီဟေ့..."

ကားသေးသေးအဖြူလေး၏ စက်ခန်းထဲမှ လူကို လှမ်းပြောသံ ကြားရသည်။

"ဈေး ဘယ်လောက် ပြောထားလဲ"

ကားထဲမှ လူက မေးသည်။

"မပြောရသေးဘူး"

"ပေါင်းတင်မယ်နော်၊ နှစ်ရာတော့ ပေးရမယ်။ ကားပေါ်တက် စောင့်"

"ရှင်..."

ဖူးဝေ အံ့အားသင့်သွားသည်။

ဦးလေးကြီးပြောလိုက်သော ဈေးနှင့် ကွာလွန်းနေသည်။

"ဟို...ငါးကျပ်၊ တစ်ဆယ်ပဲ ပေးရတယ်လို့ ဟိုဘက်က အလုပ်သမား

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးကြီး ပြောလိုက်တယ်”

ဖူးဝေကိုကြည့်ပြီး ကားထဲမှလူ စိတ်ပျက်သွားသည်။

“အဲဒါက လိုင်းကားပဲရမယ်၊ ဒီကားနဲ့ ဘယ်ရမလဲ”

“ကျွန်မက လိုင်းကားစီးမှာပါ”

“ဟာ…ရှုပ်ကုန်ပြီ၊ ဟော့ကောင် ကျော်မြ၊ ဘယ်လိုလုပ်တာလဲကွ၊ သေသေချာချာမမေးဘဲနဲ့”

“သူက မင်္ဂလာဒုံသွားမယ်လို့ ပြောတာကိုး”

“မင်း သေသေချာချာမှ မမေးဘဲ၊ တော်တော်တုံးတဲ့ကောင်”

ကျန်သည့် ကားသမားများကလည်း ဖူးဝေကို လှမ်းကြည့်နေကြသည်။

“ကျွန်မ ထောက်ကြန့်အထိ သွားမှာပါ၊ မင်္ဂလာဒုံကနေ ကားပြောင်းစီးရမယ်ဆိုလို့”

“ဪ…ဟုတ်တယ်၊ ဘူတာကထွက်တဲ့ မင်္ဂလာဒုံ လိုင်းကားရှိတယ်၊ ငါးကျပ်ပေးရတယ်၊ မင်္ဂလာဒုံကျရင် ပြောင်းစီးလို့ရတယ်”

ဘေးမှ ကားသမားတစ်ယောက်က ပါဝင်ဆွေးနွေးသည်။

“မင်္ဂလာဒုံကားက ထွက်သွားပြီလေ၊ ရှိမှမရှိတော့ဘဲ”

ဖူးဝေကိုခေါ်လာသော ကျော်မြဆိုသူ၏ စကားကြောင့် ကားသမားများ၏ အကြည့်က ဘူတာရှေ့မှ ဆင်ဝင်ရှေ့ဆီသို့ ရောက်သွားကြသည်။

“ဟုတ်တယ်၊ ဟိုရှေ့နားမှာ ရပ်တာ၊ ထွက်သွားတာ မကြာသေးဘူး”

တစ်ယောက်က သူ့လက်မှ နာရီကို ကြည့်လိုက်သည်။

“ဟာ…ကိုးနာရီထိုးတော့မယ်၊ နောက်ရထားဝင်ရင် တစ်စီးထွက်လိမ့်မယ်၊ ဟုတ်တယ် မင်္ဂလာဒုံလိုင်းကားလာလိမ့်မယ်၊ အဲဒီနားက သွားစောင့်”

ကားသမားများ၏ အကြံပေးချက်အတိုင်း ဖူးဝေ ဆင်ဝင်ရှေ့ဆီသို့ လျှောက်သွားသည်။ နောက်ဘက်မှ ကျော်မြကို အပြစ်ပြောသံများနှင့် ရယ်သံများ ထွက်ပေါ်လာသည်။ ဖူးဝေ ကြောက်၍ ခြေလှမ်းကို ခပ်မြန်မြန်လှမ်းလိုက်သည်။ ထိုအချိန်မှာပင် မင်္ဂလာဒုံ…မင်္ဂလာဒုံဟု အော်ဟစ်လာသော လိုင်းကားတစ်စီးဝင်လာသည်။ နောက်ဘက်မှ ပို၍ ကျယ်လောင်သောရယ်သံများ ထွက်ပေါ်လာပြန်သည်။

*



၁၁ နာရီ ကျော်ရုံသာ ရှိသေးသည်။ နွေနေက ချစ်ချစ်တောက် ပူလောင်နေ၏။ နွေဦး မယော်ဂနီပင်ကြီးများဆီသို့ လှမ်းကြည့်လိုက်သည်။ အဖူးလေးတွေ ဝေနေပြီ။ ဤမယော်ဂနီပင်များသည် ငယ်ငယ်ကတည်းက နွေဦးနှင့် ရင်းနှီးခဲ့သည်။ မယော်ဂနီပင်များ၏ အရွက်ကြွေပုံ၊ အရွက်နုပုံသဘာဝကို နွေဦး သိဝ်သဘောကျသည်။ မယော်ဂနီပင်များ အရွက်ကြွေတော့မည်ဆိုလျှင် မြန်သည်။ စိမ်းညိုနေသော အရွက်များသည် နှစ်ရက်သုံးရက်အတွင်း ရွှေဝါရောင်ပြောင်းသွားသည်။ တစ်ရွက်တလေ မဟုတ်၊ အရွက်အားလုံး ရွှေရောင်သို့ ပြောင်းသွားသည်။ ပြီးတော့ တစ်ပင်တည်းမဟုတ်။ မယော်ဂနီပင်များအားလုံး တိုင်ပင်ထားကြသလို တစ်ပြိုင်တည်း ဖြစ်သည်။ အခြားအပင်များလို စိမ်းသည့်အရွက်စိမ်း၊ ဝါသည့် အရွက်ဝါမဟုတ်။ အရွက်များအားလုံး ရွှေရောင်ဝင်းဝါနေပုံကလည်း သိပ်လှသည်။ သို့သော် မကြာ… သုံးရက်ခန့် ဝါပြီးသည်နှင့် အရွက်များအားလုံး နီညိုရောင်သို့ ပြောင်းကြသည်။ ကြည့်၍ သိပ်လှသော ကတ္တီပါနီညိုရောင်။ သို့သော် မကြာ…

သုံးရက်ခန့် နီညိုပြီးသည်နှင့် အရွက်များ တဖြုတ်ဖြုတ်ကြွေကုန်ကြသည်။ ကြွေပုံကလည်း မြန်သည်။ တစ်ရက်အတွင်းမှာ ကုန်သလောက် ကြွေပစ်သည်။ နှစ်ရက်ဆိုလျှင် အပင်များအားလုံး ရိုးတံပြိုင်းပြိုင်း ဖြစ်နေပြီ။ ကြွေပြီးလျှင်လည်း မကြာ။ သုံးရက်ဆိုလျှင် ပုရစ်တံလေးတွေ ထွက်ပြူလာပြီ။ နောက်သုံးရက်မှာ အဖူးကလေးတွေ ဝေနေပြီ။ အခုကာလသည် အဖူးဝေသော ကာလ။ နွေဦး သဘောကျသည်။ နောက်သုံးရက်ဆိုလျှင် ရွက်နုလေးတွေ ဝေတော့မည်။ အသစ်စက်စက် မယော်ဂနီရွက်ကလေးများသည် ဆီသုတ်ထားသကဲ့သို့ သဘာဝအတိုင်း တောက်ပြောင်နေကြပုံကို မကြာမီ နွေဦး မြင်ရတော့မည်။

“ဪ…အဟောင်း အသစ် ဖြစ်စဉ်တရားက အမြဲတမ်း ပြောင်းလဲနေတာပါလား”

သည်မြေမှာ အဖေကွယ်လွန်သွားပြီ။ ခု အမေ ကွယ်လွန်သွားပြီ။

“ငါ့ဆော…”

ငါ့ဘဝမှာ တွယ်တာမက်မောစရာ မရှိတဲ့အတူတူ သေတာပဲကောင်းပါတယ်။ အားလုံးကို နွေဦး ငြီးငွေ့နေပြီ။ ငါသေသွားရင် ကြွေသည့် အရွက်နေရာတွင် ဝေမည့်အရွက် မရှိ။

“သစ္စာမရှိတဲ့ မိန်းမယုတ်”

www.burmeseclassic.com

www.burmeseclassic.com



ပစ်ခွာသွားခဲ့သော စိုးစနွာကို အမုန်းအနာ ဖြစ်လာရပြန်သည်။ ငါ့မှာ မျိုးဆက်သစ် မကျန်ခဲ့။ သားလေးတစ်ယောက်မျှ မရှိ။ သမီးလေးတစ်ယောက်မျှ မရှိ။ နွေလေပွေများ ပြတင်းပေါက်မှ ပြေးဝင်လာသည်။ နွေဦးသက်ပြင်းတစ်ချက် ချလိုက်သည်။ လေပွေများကို ထုတ်ပစ်လိုက်ခြင်းပင် ဖြစ်ပါ၏။

"အို…ဟိုဟာ ဘယ်သူပါလိမ့်"

ငယ်ရွယ်သော မိန်းကလေးတစ်ယောက်။ မဟော်ဂနီခြံကြီးထဲသို့ ဝင်လာနေသည်။ ခြေလှမ်းပုံက မဝံ့မရဲမို့ နှေးကွေးသည်။ ခေါင်းငုံ့ထားသော်လည်း တစ်ချက်တစ်ချက်မှာ အိမ်ကြီးဆီသို့ စိုးရွံ့စွာ လှမ်းကြည့်သည်ကို မြင်ရသည်။ ခြံဝင်းတံခါးမှာ လူခေါ်ခေါင်းလောင်းမရှိ။ ဝင်လိုလျှင် တံခါးမင်းတုပ်ကို အပြင်မှ လက်နှိုက်ပြီး ဖွင့်၍ရသည်။ ဤမိန်းကလေးသည် သူ့ဘာသာ ဖွင့်ပြီး ဝင်လာဟန် တူသည်။ တစ်ခါမျှ မမြင်ဖူးသော မျက်နှာဖြစ်သည်။ အိတ်တစ်လုံးကို လွယ်ထား သည်။

"ဒီမိန်းကလေး ခြံမှားဝင်လာတာလား"

မိန်းကလေး၏ လှုပ်ရှားမှုကို နွေဦး စောင့်ကြည့်နေသည်။ မဟော်ဂနီ ဝင်တန်းသို့ မိန်းကလေး ရောက်လာပြီ။ နီညိုသော မဟော်ဂနီ ရွက်ခြောက်များ ကို ခြေနင်းသံလေးများ ထွက်ပေါ်နေသည်။ မိန်းကလေး၏ အသားက ညိုသည်။ သို့သော် မျက်နှာက နုနုအေးအေးလေး၊ ငယ်သေးသောအရွယ် ဖြစ်သည်။ မိန်း ကလေးက နွေဦးကို မမြင်။ အိမ်ကြီး၏ အဝင်တံခါးဆီသို့ အာရုံစိုက်နေဟန် တူသည်။

"သူဘယ်သူလဲ"

"ဘယ်ကိုလာတာပါလိမ့်"

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလိမ့်"

အိမ်မှာ ခွေးမရှိတာ တော်သေးသည်။ ခွေးရှိလျှင် ဤမိန်းကလေး အကိုက် ခံရတော့မည်။ နွေဦး တွေးနေမိသည်။ မိန်းကလေး ဆင်ဝင်အောက်သို့ ဝင်ရောက် သွားပြီမို့ နွေဦး၏ မြင်ကွင်းမှ ကွယ်သွားသည်။

"အေးလေ…အိမ်ထဲရောက်ရင်တော့ ဒေါ်မြအေးနဲ့ တွေ့မှာပေါ့၊ ငါသိသင့် တဲ့ ကိစ္စဆိုရင်လဲ ဒေါ်မြအေး ငါ့ကိုပြောမှာပေါ့"

နွေဦးအသင့်အတင့် နလုံးသွင်းပြီး မဟော်ဂနီပင်ကြီးဆီသို့ လှမ်းကြည့် လိုက်သည်။



မဟော်ဂနီပင်များမှ အဖူးလေးများသည် သူ့အကြည့်လွှဲထားသည့် ခဏအတွင်းမှာပင် ပို၍ ကြီးထွားလာသလို့ စိတ်ထဲမှာ ထင်မိသည်။

□ □ □

## အခန်း (၈)

"မောင်နွေဦး"

ဒေါ်မြအေး ခေါ်သံကြား၍ လှည့်ကြည့်လိုက်တော့ ဒေါ်မြအေး နောက်မှာ ယို့ယို့လေးရပ်နေသော မိန်းကလေးကိုပါ တွေ့ရသည်။ စောစောက နွေဦး မြင် လိုက်သော မိန်းကလေး ဖြစ်သည်။ မျက်လွှာချပြီးခေါင်းကလေးငုံ့ထားသည်။ ဒေါ်မြအေးမျက်လုံးများ နီနေသည်။ မျက်ရည်များကိုလည်း တွေ့ရသည်။ ငိုထား သည့် မျက်နှာကို နွေဦး အကဲခတ်မိသည်။

"ဒီမိန်းကလေးက ဒေါ်ကြီးရဲ့ မောင်က မွေးတဲ့ တူမလေးပါ"

ပြောနေရင်းမှာပင် ဒေါ်မြအေး၏ ပါးပေါ်သို့ မျက်ရည်များ စီးကျလာ သည်။

"ဒေါ်ကြီးရဲ့မောင် ဆုံးသွားပြီ"

ဒေါ်မြအေး မျက်နှာကို လက်ဝါးနှစ်ဖက်နှင့် အုပ်၍ ငိုပါသည်။ ခေါင်း ငုံ့ထားသော မိန်းကလေး၏ မျက်ဝန်းများမှ မျက်ရည်ပေါက်များ ကျသွားသည်ကို လည်း နွေဦး သတိထားလိုက်မိသည်။

"ခုရက်ပိုင်းအတွင်းမှာ သေခြင်းတရားတွေကိုချည်း ကြားနေရပါလား"

ငိုနေသူ နှစ်ဦးကို နွေဦး အငေးသား ကြည့်နေလိုက်သည်။

"မောင် မကျန်းမာဘူးဆိုတာ သိပါတယ်၊ မကြွယ်ဆုံးပြီးတော့ တစ် ခေါက် သွားချင်ပေမဲ့ မောင်နွေဦး ကျန်းမာရေး အခြေအနေကြောင့် ဒေါ်ကြီး ဘာမှမပြောတာပါ"

ဒေါ်မြအေး၏ မိမိအပေါ် ညှာတာမှုကို လေးစားစွာ အသိအမှတ်ပြု

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ခေါင်းညိတ်ပြလိုက်သည်။

"ခုတော့ ဒေါ်ကြီး မောင်ကို တွေ့တောင် မတွေ့လိုက်ရတော့ဘူး"

ဒေါ်မြအေး ရှိုက်၍ ငိုလိုက်သည်။

"ဆုံးသွားတာ ကြာပြီလား"

နွေဦးမေးသော လေသံက ခြောက်ကပ်ကပ်။

"ရက်လည်ပြီး သူ ထွက်လာတာ ဆိုတော့ ဆယ်ရက်လောက်တော့ ရှိရောပေါ့"

"အဲဒီလူက ငါနဲ့စာရင် တော်သေးတာပဲ"

"သူသေပေမဲ့ သမီးလေးတစ်ယောက် ကျန်ခဲ့သေးတယ်"

နွေဦး ကိုယ့်ဘာသာ ရင်ထဲမှာ တွေးနေမိခြင်း ဖြစ်ပါသည်။

"သူတို့အမေက ဆုံးတာ ကြာပါပြီ၊ ဒီတူမလေးတစ်ယောက်တည်းပဲ ကျန်ခဲ့တာ"

နွေဦးက မိန်းကလေးကို လှမ်းကြည့်လိုက်သည်။ မိန်းကလေးက နွေဦးကို မကြည့်ဝံ့။ ခေါင်းကလေးကို ငုံ့ထားဆဲ။

"သူ့ခမျာ ဟိုမှာလဲ ဆွေမျိုးသားချင်းတစ်ယောက်မှ မရှိတော့ ဒေါ်ကြီးဆီကို စွန့်စွန့်စားစားလိုက်လာတာ"

ဒေါ်မြအေးက သူ့ဘာသာ ပြောနေသည်။

"မမကြွယ်ရှိရင်တော့ သူဆယ်တန်းအောင်ရင် မမကြွယ်ကို ပြောပြီး ခေါ်ထားမယ်လို့ စိတ်ကူးထားတာ၊ အခု မောင်နွေဦးကို ခွင့်တောင်းချင်လို့ပါ။ ဒေါ်ကြီးတူမလေးကို ဒီအိမ်မှာ ခေါ်ထားပါရစေ"

နွေဦးက ဒေါ်မြအေးကို ငေးကြည့်နေသည်။

"မနှစ်က ဆယ်တန်းအောင်တယ်လို့ ပြောပါတယ်၊ သူ့အဖေက မကျန်းမာတော့ အဖေကို ပြုစုစောင့်နေရရှာတယ်"

"မင်းနာမည်က ဘယ်သူလဲ"

နွေဦးက မိန်းကလေးကို လှမ်းမေးလိုက်သည်။ မိန်းကလေးမျက်နှာလေး ဖြည်းဖြည်းမော့လာပြီး နွေဦးကို ကြည့်သည်။

"ဖူးဝေပါ"

မျက်လွှာလေး ပြန်ချပြီး ခေါင်းငုံ့သွားသည်။

"ဖူးဝေ"



နာမည်လေးကို နွေဦး ခေါ်ကြည့်ပြီး အိမ်ရှေ့မှ မဟော်ဂနီပင်ကြီးများဆီသို့ လှမ်းကြည့်လိုက်သည်။

"ဪ...တိုက်တိုက်ဆိုင်ဆိုင် မဟော်ဂနီပင်ကြီးများ အဖူးတွေ ဝေချိန်မှာ ရောက်လာတဲ့ မိန်းကလေး၊ နာမည်က ဖူးဝေ"

မဟော်ဂနီပင်များပေါ်မှ အဖူးလေးများကို ကြည့်ပြီး နွေဦး တွေးနေမိသည်။

"ချက်ရေး ပြုတ်ရေးနဲ့ ဈေးသွားတာလဲ ဒေါ်ကြီးကို ကူညီနိုင်တာပေါ့... အိမ်ရှေ့က ပန်းပင်လေးတွေလဲ ဘယ်သူမှ ကြည့်မယ့်လူ မရှိဘူး၊ သူ့ကို ပြုစုခိုင်းလို့ ရပါတယ်... မောင်နွေဦးလဲ တောက်တိုမယ်ရ ခိုင်းစရာရှိတာ ခိုင်းနိုင်ပါတယ်။ လခလဲ ဘာမှပေးစရာမလိုပါဘူး"

အသနားခံသည့် သဘောနှင့် ပြောနေသော ဒေါ်မြအေးကို နွေဦး လှမ်းကြည့်လိုက်သည်။

"တူမလေးကို ဒေါ်ကြီးနဲ့အတူ မဟော်ဂနီခြံကြီးမှာ နေခွင့်ပြုပါလို့"

နွေဦး ခေါင်းကို ခါယမ်းလိုက်၍ ဒေါ်မြအေး ထိတ်လန့်သွားသည်။

"ဒေါ်ကြီးကလဲဗျာ...ကျွန်တော်တို့နဲ့အတူ နေလာတာ ကြာလှပြီ၊ ဒီလောက်ထိ ပြောနေဖို့ မလိုပါဘူး..."

"ဒီအိမ်အကျယ်ကြီးပဲ၊ နေပေါ့၊ အပေါ်ထပ်မှာ အခန်းတွေ အများကြီး ဘယ်သူမှ မရှိဘူး"

နွေဦး ပြောပုံက မာမာကျောကျော ဖြစ်သော်လည်း သူ့တူမလေး နေခွင့်ရသွား၍ ဒေါ်မြအေး ဝမ်းသာသည်။

"အေး...အေး...အပေါ်ထပ် ထောင့်အခန်းမှာပဲ ထားလိုက်ပါမယ်"

"ထား...ရတယ်၊ ဆယ်တန်းအောင်ထားတယ် ဆိုတော့ တက္ကသိုလ်ဆက်တက်ချင်ရင်လဲ တက်"

"ဖူးဝေ တက္ကသိုလ်ဆက်မတက်ချင်ပါဘူး ရှင်"

မိန်းကလေးက ချက်ချင်း ငြင်းလိုက်၍ နွေဦး အံ့အားသင့်သွားသည်။

"မင်းက ဘာလို့ မတက်ချင်တာလဲ"

နွေဦး မေးပုံက မကျေနပ်။

"ဖူးဝေ ပိုက်ဆံအကုန်မခံနိုင်ပါဘူးရှင်"

နွေဦးက ဖူးဝေကို လှမ်းကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပိုက်ဆံက မင်း အကုန်ခံရမယ်လို့ ဘယ်သူက ပြောလို့လဲ၊ ဒီအိမ်ကြီး မှာနေရင် ဒီအိမ်ကြီးက တာဝန်ယူရမှာပေါ့"

"ဖူးစေ သွားလဲ မသွားတတ်လို့ပါရှင်"

ဖူးစေကို ကြည့်နေရင်းမှ နွေဦး သက်ပြင်းတစ်ချက် ချလိုက်သည်။

"အင်း...အဲဒါကတော့ ဟုတ်တယ်၊ ငါက ခြေထောက်ကောင်းရင် ကားနဲ့ လိုက်ပို့နိုင်ပါတယ်၊ ခုတော့ ငါကလဲ ဒုက္ခိတ"

ဖူးစေက တွန်းလှည်းပေါ်ထိုင်နေသော နွေဦး၏ ခြေထောက်များကို လှမ်းကြည့်လိုက်သည်။

"ဖူးစေ အဝေးသင်နဲ့ စာမေးပွဲဖြေခွင့်ရရင် ကျေနပ်ပါတယ်ရှင်"

ဖူးစေ ပြောပုံက အသနားခံသော လေသံနှင့်...

"ကောင်းပြီလေ၊ ဒါဖြင့် အဝေးသင်နဲ့ပဲ ဖြေပေါ့။ အောင်အောင်လဲ ရှိတာပဲ၊ ပိုအဆင်ပြေတာပေါ့"

နွေဦးပြောသော အောင်အောင်ဆိုသည်ကို ဖူးစေ မသိ။

နွေဦးက သူ့တွန်းလှည်းလေးကို ပြတင်းပေါက်ဘက်သို့ လှည့်လိုက်သည်။

ဒေါ်မြအေးက ဖူးစေကို လက်တို့၍ နွေဦး၏ အခန်းဘက်မှ ပြန်ထွက်လာခဲ့ကြသည်။

နွေဦးကတော့ မဟော်ဂနီပင်ကြီးများပေါ်မှာ ဝဲနေသော အဖူးများဆီသို့ ငေးလျက်...

□ □ □

## အခန်း (၄)

"ဒေါ်မြအေး...ကိုနွေဦးကို ဆေးတိုက်ဖို့ အချိန်ရောက်နေပြီ၊ ပူတင်းဖုတ်ထားတာလေး ထည့်ပေးပါဦး"

သူနာပြုဆရာမလေး ပြောသည်က ချိုချိုအေးအေး ဖြစ်သော်လည်း ဒေါ်မြအေး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ဟုတ်ကဲ့...ဟုတ်ကဲ့"

ဖူးစေနှင့် စကားပြောနေရာမှ ဒေါ်မြအေး အမြန်ထလိုက်သည်။ ဒေါ်ကြီး



ကို ကူညီရန် နောက်မှလိုက်မည်ပြုပြီးမှ ဖူးစေအတွေး ပြောင်းလိုက်သည်။ ဆရာမလေး ကော်ဖီဖျော်သည်ကို သွားကြည့်သည်။ ကိုင်းတပ်ကြွေခွက် အလတ်စားထဲကို ဆရာမလေးက နွားနို့သုံးပုံနှစ်ပုံခန့် ထည့်သည်။ ဇွန်းသေးနှင့် သကြားသုံးဇွန်း ထည့်သည်။ ကော်ဖီမစ်တစ်ထုပ်လုံး ဖောက်ထည့်သည်။ ပြီးတော့ ကြွေခွက်ပြည့်သည်အထိ ရေနွေးပူပူလောင်းပြီး ဇွန်းကလေးနှင့် သမအောင် မွှေခေါက်ပေးသည်။ ပြီ...လုပ်တတ်ပြီ။ ဆရာမလေးက ဆေးပုလင်းများမှ ဆေးလုံးများ၊ ဆေးတောင့်များ ထုတ်ယူသည်။ စတီးပန်းကန်ပြားသေးသေးထဲမှာ ထည့်သည်။ ထိုအချိန်တွင် နွေဦးက သူ့တွန်းလှည်းလေး၏ ဘီးများကို လက်ဖြင့် တွန်းလှိမ့်ပြီး လာနေသည်။

"အို...သူ့ခမျာ တစ်နေ့ရာက တစ်နေရာ အဲဒီလို သွားရတာကိုး"

ဖူးစေ ကြည့်ပြီး စိတ်မကောင်း ဖြစ်နေချိန်တွင် ဆရာမလေးက လျင်မြန်သွက်လက်စွာ သွားပြီး နွေဦး၏ တွန်းလှည်းကို နောက်မှ ထိန်းကိုင်၍ ဖြည်းဖြည်းသာသာ တွန်းပေးသည်။ နွေဦးကိုယ်တိုင် ဘီးများကို မလှိမ့်ရတော့ပါ။

"ဩော်...ငါ့နှယ်"

ဖူးစေ ကိုယ့်ကိုယ်ကို မကျေနပ်။ မြင်နေပါလျက် ဆရာမလေးလို သွားပြီး မလုပ်မိ။ ကိုယ့်ကို ဤအိမ်ကြီးမှာ ကြည်ကြည်သာသာ နေခွင့်ပြုသော ကျေးဇူးရှင်ကို ကျေးဇူးသိတတ်ချင်သည်။

"နောက်ဆိုရင် အဲဒီလိုတွေ့ရင် ငါသွားပြီး တွန်းပေးမယ်"

ဖူးစေ ဆုံးဖြတ်ထားလိုက်သည်။ ဆရာမလေးက တွန်းလှည်းကို စားပွဲထိပ်အထိ တွန်းပို့ပြီး ရပ်လိုက်သည်။ မရွေ့နိုင်သော ခလုတ်ကိုလည်း ချထားလိုက်သည်။ တွန်းလှည်းမှာ ကုလားထိုင်ဘဝသို့ နိုင်နိုင်မာမာ ရောက်ရှိသွားသည်။ ဖူးစေ သေသေချာချာကြည့်နေသော်လည်း ဘယ်ခလုတ်ကို ဘယ်လိုလုပ်လိုက်မှန်း မသိလိုက်။

"ဆရာမလေးကို နောက်မှမေးကြည့်မယ်၊ ဆရာမလေးက ပြောပါ့မလားမသိ"

ဖူးစေ တွန်းလှည်းကုလားထိုင်လေးကို ငေးကြည့်နေမိသည်။ ပြောင်လက်ဆောက်ပပြီး အိစက်ညက်ညောသော ထိုင်ခုံများက ထိုင်ချင်စရာဟု ငေးပြီး ပြုံးချင်လာသည်။ မပြုံးမိအောင် သတိနှင့် ထိန်းလိုက်ရသည်။ ဆရာမလေးက သူဖျော်ထားသည့် ကော်ဖီခွက်ကို စားပွဲပေါ်မှာ လာတင်ပေးသည်။ ဆေးထည့်ထားသော စတီးပန်းကန်လေးကိုလည်း ကိုကိုကြီး ရှေ့မှာ ချပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာမလေး လုပ်ပေးသည့် အလုပ်များကို အားလုံးကို ဖူးဝေ လုပ်ပေးချင် စိတ်နှင့် လိုက်ကြည့်နေမိသည်။ ဒေါ်ကြီးက ကြက်ဥပူတင်းကို ပန်းကန်ပြားလေးတစ်ချပ်နှင့် ထည့်၍ ဇွန်းကလေးတပ်ပြီး လာပို့သည်။

"ဟယ်...ညွှံလိုက်တဲ့ငါ"

တကယ်ဆို ဒေါ်ကြီးဆီက သွားယူပြီး သူ့ရှေ့ရောက်အောင် ပို့ပေးဖို့ ကောင်းတယ်။ ခုတော့ သူ ဘာမှလုပ်မပေးလိုက်ရ။ ကြားချောင်ပြီး ဟိုယောင်ယောင် သည်ယောင်ယောင် လိုက်ကြည့်သည် နှင့် ပြီးသွားသည်။

"ဒီဆေးတွေက ဘယ်လောက်ကြာအောင် သောက်နေရဦးမှာလဲဗျာ"

နွေဦးမေးပုံက ညည်းညည်းညူညူဖြစ်သည်။

ဆရာမလေး ပြုံးသည်။

နုနုလှလှ အေးအေးလေး ပြုံးတတ်သော ဆရာမလေးကို ကြည့်ပြီး ဖူးဝေ သဘောကျနေသည်။ ပြုံးကြည့်မည် စိတ်ကူးပြီး ပါးစပ်ယောင်တွန့်သွား၍ ချက်ချင်း မျက်နှာကို လက်နှင့် ကွယ်လိုက်ရသည်။

"ဘယ်သူမှမမြင်လို့ တော်ပါသေးရဲ့"

နွေဦး ဆေးသောက်ရန် ဝန်လေးနေသည်။

"ဆေးသောက်မှ ခြေထောက်တွေ ကောင်းသွားမှာပေါ့၊ ကောင်းသွားရင် ဆေးမသောက်ရတော့ဘူးပေါ့"

ဆရာမလေးက ဖြေတတ် ပြောတတ်သည်။ ကိုယ်လည်း သူ့လို ဖြေတတ် ပြောတတ်ချင်သည်။ ဝတ်ဆင်ထားပုံကလည်း သပ်ရပ်သည်။ သန့်ရှင်းသည်။ ကြည့်၍ကောင်းသည်။ ကိုယ့်ကိုယ်ကို ပြန်ကြည့်လိုက်သည်။ အဝတ်များက နွမ်းနေသည်။ မနေ့ညက လမ်းခရီးမှာ ဝတ်လာခဲ့သော အင်္ကျီလုံချည်များ မလဲရသေး။ သို့သော် ယခုထက် ပိုပြီး သစ်လွင်ကောင်းမွန်သော လုံချည်အင်္ကျီလည်း မရှိတော့ပါ။ နွေဦးက ဆေးတစ်လုံးကို မိတ်ကြိတ်သောက်ပြီး ဖူးဝေကို လှမ်းကြည့်သည်။

"ဒေါ်ကြီး၊ သူခရီးပန်းလာမှာပေါ့၊ နားပါစေ"

နွေဦးက ဒေါ်မြအေးကို လှမ်းပြောသည်။

"သွား...သွား၊ ရေမိုးချိုးပြီး အခန်းမှာ နားလိုက်"

ဒေါ်ကြီးက ဖူးဝေကို ထပ်ဆင့်ညွှန်ကြားချက်ထုတ်လိုက်သည်။ ဖူးဝေ ထမင်းစားခန်းထဲမှ ထွက်လာခဲ့သည်။

□ □ □

## အခန်း (၁၀)

ညပင်ဖြစ်သော်လည်း နေ့နှင့်မခြား လင်းထိန်နေ၏။ အခန်းထဲမှာ လေးမေ ဒီးချောင်းအရောင်ကြောင့် ဖွေးဖွေးလှနေသည်။ ဖူးဝေ အမေနှင့် နေစဉ်က နေမှု ဘုန်းကြီးကျောင်းမှ ပေးထားသော အဆောင့်အိမ်လေးမှာ လျှပ်စစ်မီးမရှိ။ ဖယောင်းတိုင်နှင့် စာကြည့်ရသည်။

"ခုတော့ ငါ့ဘဝ ပြောင်းလဲသွားလိုက်တာ"

ကိုယ့်ဘာသာ အံ့သြမဆုံး ဖြစ်နေသည်။ ခုတင်ပေါ်မှာ မွေ့ရာနှင့် ဖြူဖွေးသော အိပ်ရာခင်းနှင့် ခေါင်းအုံးစွပ်အသစ်တပ်ထားပြီး ထူထဲအိညက်သော ခေါင်းအုံးနှင့် အိပ်နေရသည်။ မနေ့ညက အိပ်ရေးပျက်ထားသော်လည်း ကြည်နူးကျေနပ်စိတ်ကြောင့် အိပ်ချင်သောဆန္ဒ မရှိသေး။ ခြင်လုံခန်းဖြစ်၍ ခြင်ထောင်မလို။ အခန်းထဲမှာ ခြင်တစ်ကောင်မျှမရှိ။ အိပ်ရာ ခုတင်ဘေးမှာ စာရေးစားပွဲနှင့် ကုလားထိုင်ကို ကြည့်ပြီး ဖူးဝေ ပြုံးလိုက်သည်။ ဆယ်တန်းသာအောင်ခဲ့သည်။ စာရေးစားပွဲနှင့် ကုလားထိုင်နှင့် တစ်ခါမျှ စာမကြည့်ခဲ့ရ။ စာမရေးခဲ့ရ။ ခြေရင်းမှာ နံရံကပ် အဝတ်ဗီရို ရှိသည်။ ပါလာသည့် အဝတ်ကလေးများမှာ ဗီရိုအဆင့်တစ်ခု၏ ဆောင့်ကလေးတစ်ခုတွင် တစ်ပုံစာပင် မရှိ။

"အေးလေ...အဝတ်ကတော့ ကိုယ့်ပါလာတာလေးကိုပဲ ခြိုးခြိုးခြံခြံ ဝတ်ရမှာပေါ့။ ဒီလောက်ပေးထားတာပဲ များလှပြီ"

ဖူးဝေ ရောင့်ရဲစိတ်နှင့် တွေးသည်။

"ကိုနွေဦးကို ဟင်း...ငါ သူ့ကို ဘယ်လိုခေါ်ရင် ကောင်းမလဲ၊ ကိုနွေဦးလို့ ခေါ်တာကြီးကတော့ မကောင်းပါဘူး"

ဒေါ်ကြီးကလည်း ဘယ်လိုခေါ်ရမယ်လို့ မပြောဘူး။ ဦးလေးလို့ခေါ်ရင် ကောင်းမလား၊ ဟင်း...မကောင်းပါဘူး၊ သူ့အရွယ်က ဦးလေးအရွယ်လောက် ကြီးသေးပါဘူး။ အစ်ကိုကြီးလို့ ခေါ်ရင်ကော သူက မကြိုက်ရင် ဒုက္ခ။ အခေါ်အဝေါ်အတွက် ဖူးဝေ အခက်တွေ့နေသည်။

"ကိုကိုကြီးလို့ခေါ်ရင် ကောင်းမယ်"

မဆိုးဘူးဟု စိတ်ထဲမှာ ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘာသာတော့ သဘောကျသည်။ ကိုကိုကြီးကို ငါ ကျေးဇူးဆပ်ရမယ်။ ဆရာမလေး ပြုစုသလို ပြုစုတတ်ချင်သည်။ ကိုကိုကြီးကို ကူညီပြုစုချင်သည်။

"ဟင်း..."

မနေ့ညက ရထားပေါ်မှာ စိတ်မောခဲ့ရသည်ကို သတိရ၍ သက်ပြင်းတစ်ချက်ချလိုက်သည်။ ရထားဆင်းသည့်အချိန်တွင် လာမိတာ မှားပြီဟု တွေး၍ မျက်ရည်ပင် ကျခဲ့ရသည်။ တကယ်တော့ ရန်ကုန်ဆိုသည်မှာလည်း ရွာကလူတွေ ပြောသလောက် ကြောက်စရာမဟုတ်ပါ။ မေးလျှင် ပြောကြကူညီကြပါသည်။ ဘူတာကြီးမှ လိုင်းကားစီးပြီး မင်္ဂလာဒုံဈေးရောက်တော့ ထောက်ကြန့်ကို သွားချင်ကြောင်း ပြောရုံနှင့် ထောက်ကြန့်ကားကို ပြပေးကြသည်။ မဟော်ဂနီခြံကြီးကို ရောက်တော့ အိမ်ရှင်အဒေါ်ကြီးမရှိတော့ဟု ဒေါ်ကြီး ပြော၍ အားပျက်ရသည်။

ခြံပိုင်ရှင် ကိုကိုကြီးက လက်ခံပါမလားဟု တွဝေရီးနှစ်ယောက် စိုးရိမ်ပူပန်ကြရသည်။ ခုတော့ ခြံကြီးထဲမှ ညှိအိမ်ကြီးပေါ်မှာ အိပ်ခွင့်ရနေပြီ။ မနေ့ကနှင့် ဘာမျှမတူသော ဘဝအသစ်တစ်ခုမှာ ရောက်နေရပြီ။ အိပ်ရာပေါ်မှ ရုတ်တရက် ထထိုင်ပြီး ကိုကိုကြီးကို ရည်မှန်း၍ ကန်တော့ လိုက်သည်။ ကိုကိုကြီး ကျန်းမာချမ်းသာပါစေ။

❒ ❒ ❒

# အခန်း (၁၁)

"အားရ ပါးရ စားစမ်းပါ စိုးရာ၊ ဒီနေ့ညကတော့ အောင်သေ အောင်သား စားရတဲ့ပွဲပဲ၊ ပျော်စရာကြီး"

ကျော်စွာမိုးက စိုးစန္ဒာ ပန်းကန်ထဲသို့ ပုစွန်ဟင်းများ ထည့်ပေးသည်။ ဘီလူးမွန်းစားသောက်ဆိုင်၏ အထူးခန်းထဲမှ စားပွဲပေါ်မှာ ဟင်းပန်းကန်တွေ အများကြီး ဖြစ်နေသည်။

"ရော့...ဒါက ငါးကြင်းမြီးခြောက်စပ်၊ ဒါက ကဏန်းလက်မကြော်၊ ဒါက ဘဲခြေထောက်သုပ်"



"ဟာ...အဲဒီလို မထည့်နဲ့ကွာ၊ စိုး မစားတတ်ဘူး၊ စိုးဘာသာ ထည့်စားမယ်"

"စိုး စားတာက အားပါးတရမှ မရှိဘဲ"

"ကျော် မှာထားတာလဲ ကြည့်ပါဦး၊ နှစ်ယောက်တည်းစားမှာကို များလိုက်တာ"

"ရမ်းတာလေ...ရမ်းလိုက်တာ၊ ပျော်လို့၊ နည်းနည်းစီ လျှောက်စား၊ ကျန်လဲ ထားခဲ့၊ ဟား...ဟား၊ ဒီနေ့ကတော့ ဝိုင်းလုံးသိမ်းတာပဲ"

"ဟိုကောင်မ သီဂီမော် အထိဆုံး မဟုတ်လား"

ကျော်စွာမိုးက ခေါင်းညိတ်ပြသည်။

"သူတစ်ယောက်တည်း နှစ်သောင်းခွဲလောက် ထိတယ်၊ ကျန်တဲ့လူတွေက ရှစ်ထောင်၊ ခုနစ်ထောင်လောက်ပဲ ရှိမယ်၊ သောင်းအောက်ပေါ့"

"ကောင်းတယ်၊ ဒီကောင်မ ထိတာ ဝမ်းသာတယ်၊ ဒီကောင်မ ပါးတောင်ရိုက်ချင်တာ၊ ကျော် တားလို့ မရိုက်ရတာ"

စိုးစန္ဒာ ပြောရင်း ဒေါသပိုဖြစ်လာသည်။

"သြော်...ခွေးရိုက်ချင်ပေမဲ့ ခွေးရှင်မျက်နှာကြည့်ရတယ်တဲ့၊ သူ့ရိုက်ချင်ပေမဲ့ အိမ်ရှင် ဒေါ်တင်တင်မော့်မျက်နှာ ကြည့်ရသေးတယ်လေ"

"ဟင်း...ကျော် အဲဒီလို ပြောလို့ပေါ့"

"ဒီနေ့က ပါးရိုက်တာထက် နာပါတယ်၊ စိုးလဲ မြင်သားပဲ၊ အဲဒီမိန်းမ ချေးတွေကို ပြန်နေတာ၊ သူ့ဖဲကလဲ ကောင်းတော့ ကောင်းသား၊ တစ်ပူး၊ ကင်းပူး ဆိုတော့ ပုံအောပြီး လိုက်တာပေါ့၊ ကိုယ့်မှာ အမြင်ပြတာက ဂျက်ပူးနဲ့ ဆယ်တစ်လုံးပဲ ရှိတယ်...

"မှောက်ထားတာက ဆယ်ဂဏန်းဆိုတော့ လျှော့ပေးလို့လဲ မဖြစ်ဘူး၊ ဂျက်က မလာနိုင်တော့ဘူး၊ မထူးဘူးဆိုပြီး လိုက်ပစ်လိုက်တာ တစ်လုံးတည်းကျန်တဲ့ တစ်ဆယ် လာဝင်တော့ ဆယ်ထရိုင်နဲ့ ဟောက်စဖူး ဖြစ်သွားတာပေါ့၊ ဟား...ဟား...ဟား၊ စိုး အချစ်တော် သီဂီမော် တစ်ချက်တည်း ဖြတ်ရိုက်ချလိုက်သလိုပဲ ဝိုင်ကျသွားပြီး ဟန်တောင်မဆောင်နိုင်ဘူး၊ ထပြေးတာပဲ"

"သိပ်ကောင်းတာပေါ့"

"အဲဒါကြောင့် မိုးကို အောင်သေအောင်သား စားခိုင်းတာလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်မကို အောင်သေအောင်သာ စားရတာ ကောင်းပါတယ်၊ ဒါပေ မဲ့ သူ့မောင် ဟိုကောင်ကို အသေသတ်ချင်သေးတယ်"

စိုးစန္ဒာ မျက်နှာ ပိုတင်းသွားသည်။

"သူ့ကို အသေသတ်တော့ စိုး ရာဇဝတ်မှု ဖြစ်မှာပေါ့"

"ဖြစ်ချင်ဖြစ်ပါစေ၊ စိုးပါးရိုက်ထားတာ ဒီကောင့်ကို ဘယ်တော့မှ မကျေဘူး"

"သူလဲ စိုးကို စော်ကားလို့ အဲဒီညက သေမလောက်အထိ ပြန်ခံရတယ်လေ၊ ခုထိ ခြေထောက်နှစ်ချောင်းစလုံး မကောင်းဘူး၊ တစ်ချောင်းကတော့ ပြန်ကောင်းမှာတောင် မဟုတ်ဘူးလို့ ကြားတာပဲ"

"ကောင်းတယ်၊ အဲဒီညက သေသွားရင် ပိုကောင်းမယ်"

"သူ့အစား သူ့အမေ သေသွားရတာပေါ့"

"သူ့အမေသာ အဲဒီလို သေမယ်မှန်းသိရင် စိုး ဒီလောက် မြန်မြန်ဆင်းမလာဘူး၊ ခုနေဆိုရင် ဒီကောင့်တွန်းလှည်းကို အပေါ်ထပ်ကနေ လှေကားအတိုင်း တွန်းချပြီး သတ်လို့ရတယ်"

"ဘာပြောတယ်"

ကျော်စိုးမိုး စိုးစန္ဒာကို လှမ်းကြည့်ပြီး ခေါင်းထဲမှာ အတွေးတစ်ခုဝင်လာသည်။

"အဲဒီလိုသာ သေသွားရင် သူပိုင်တဲ့ ပစ္စည်းတွေ အားလုံး စိုးတစ်ယောက်တည်းရမှာ"

စိုးစန္ဒာကို ကျော်စွာမိုး လှမ်းကြည့်လိုက်သည်။

"စိုးနဲ့ သူနဲ့ ခုထိ တရားဝင် ကွာရှင်းတာ မလုပ်ရသေးဘူး မဟုတ်လား"

"ဘာဖြစ်လို့လဲ ကျော်"

ကျော်စွာမိုး၏ မေးခွန်းကြောင့် စိုးစန္ဒာ အနေရခက်သွားသည်။

"ဘာမှ မဖြစ်ဘူး စိုး၊ ခုထိ စိုးက တရားဝင်မယား ဖြစ်နေသေးရင် အကြံအစည်တစ်ခု လုပ်ချင်လို့"

ကျော်စွာမိုး ပြောပုံက စိတ်အားထက်သန်မှု ပါနေသည်။

"ဘာမှ ကွာတာ ရှင်းတာ မလုပ်ရသေးဘူး ကျော်၊ စိုးဘာသာ ဆင်းလာခဲ့တာပဲ ရှိတယ်"

"ကောင်းတယ်"



ကျော်စွာမိုး အားပါးတရ ခေါင်းညိတ်လိုက်သည်။

"စိုး စဉ်းစားကြည့်စမ်း၊ မဟော်ဂနီခြံကြီးက ကုန်းတစ်ခုလုံးကို ခြံခတ်ထားတာဆိုတော့ အကျယ်ကြီးပဲ၊ ခြံချည်း သိန်းတစ်ရာလောက်တန်မယ်၊ တိုက်ကြီးနဲ့ဆိုရင် တစ်ရာ့ငါးဆယ်ထား၊ နည်းတဲ့ တန်ဖိုး မဟုတ်ဘူး"

ကျော်စွာမိုး၏ စကားသံတွေ သွက်နေသည်။

"ဟုတ်တယ်၊ သူတို့ထောင်ထားတဲ့ ကားကြီးတွေကလဲ တစ်စီးကို သိန်းနှစ်ဆယ်ကျော်တန်တဲ့ ကားကြီးတွေ၊ အတွင်းပစ္စည်းတွေလဲ အများကြီးရှိတယ်"

အတွင်းသိဖြစ်သော စိုးစန္ဒာက ထပ်ဖြည့်လိုက်သည်။

"ဟုတ်ပြီ၊ ဒါဆိုရင် ကိုယ့်ခေါင်းထဲမှာ အကြံတစ်ခုရထားတာ ရှိတယ်၊ ဆိုးစားကြည့်ရအောင်၊ စိုး ရှေ့တိုးလိုက်"

နှစ်ယောက်သား စားစရာများကို မစားနိုင်သေးဘဲ ခေါင်းချင်းပိုနီးအောင် ကပ်ပြီး လေသံပိုတိုးသွားကြသည်။ ကျော်စွာမိုးက လက်ဖျောက်တစ်ချက်တီးလိုက်သည်။ မျက်စိထဲမှာလည်း နောက်ထပ် ဟောက်စဖူးအကြီးစားတစ်ခုကို မြင်နေ သည်။

ဘားအခန်းများ မကြားနိုင်အောင် လုံခြုံသည့် အခန်းဖြစ်သော်လည်း အတိုကြီးစွာထား၍ နှစ်ကိုယ်ကြားလောက်ရုံ တိုင်ပင်ကြသည်။ အချို့အချက်များတွင် တစ်ယောက်စကားကို တစ်ယောက်က ခေါင်းညိတ် ထောက်ခံသော်လည်း အချို့အချက်များတွင် အပြန်အလှန် ထောက်ပြဝေဖန်၍ အငြင်းပွားကြသည်။

အကျေအလည် ပြန်လည် ညှိနှိုင်းရသည်။

သဘောတူညီချက်ရတိုင်း ခေါင်းတညိတ်ညိတ်နှင့် မျက်လုံးများ အရောင်တောက်လာကြသည်။

နောက်ဆုံးတွင် နှစ်ဦးနှစ်ဖက် အကျေအလည် ညှိနှိုင်းပြီးသောအခါ အမေရိကန်စတိုင်နှင့် လက်ဝါးချင်းရိုက်ပြီး နှုတ်ဆက်ကြသည်။

လက်မများ ထောင်ပြကြသည်။

မျက်နှာများက အပြုံးကိုယ်စီနှင့်။

"ဒါဖြင့် စိုးနဲ့ ကျော် ဘယ်နေ့လက်ထပ်မလဲ"

ကျော်စွာမိုး၏ လေသံက စိတ်အားထက်သန်မှုအပြည့်။

"ဘာလဲ၊ စိုးကို မယုံလို့လား"

www.burmeseclassic.com

www.burmeseclassic.com



စိုးစန္ဒာ၏ မျက်နှာက ပြောင်ချော်ချော်။

"မယုံဘူး၊ စိုးက သူဌေးမကြီး ဖြစ်သွားတော့ ကိုယ့်ကို ခေါက်ထားခဲ့ရင် ဘယ်လိုလုပ်မလဲ"

"သေစမ်းပါ"

စိုးစန္ဒာက ပျစ်ပျစ်နှစ်နှစ် ပြောလိုက်သည်။

"ဟုတ်တယ်၊ ကိုယ်က တကယ်သေမှာ၊ ချစ်သူလဲဆုံး၊ ကိုယ့်အကြံဉာဏ်နဲ့ ထွက်ပေါ်လာတဲ့ ဟောက်စဖူးကြီးလဲ ဆုံးရမှာ"

"သိမ်ကောင်းတာပေါ့၊ စိုးက ကျော့်ကို တကယ်ချစ်ရသူပါနော်၊ ဒီအကြံအစည်ကို အကောင်အထည် မဖော်ခင် လက်ထပ်မယ်၊ ကျေနပ်ပြီလား"

"ကျေနပ်တယ်၊ တရားရုံးတစ်ခုမှာ တရားဝင် လက်ထပ်မှာနော်"

စိုးစန္ဒာ ခေါင်းညိတ်သည်။

"ဒါပေမဲ့ အဲဒါ လူသိခံလို့ မဖြစ်ဘူးနော်၊ ထိပ်တန်းလျှို့ဝှက်"

စိုးစန္ဒာ၏ မျက်နှာက လေးနက်သွားသည်။ သိပ်ဟုတ်တာပေါ့၊ တော့ပ်စီးကရက်။ အပြီးသတ် သဘောတူညီချက်ရသွားကြပြီ။

"ကဲ...ရော့...စား"

ကျော်စွာမိုးက ကဏန်းလက်မတစ်ခုကို ကောက်ယူ၍ စိုးစန္ဒာလက်သို့ ပေးသည်။

"နောက်ထပ်ရမယ့် အောင်သေအောင်သားအတွက်"

စိုးစန္ဒာက ကဏန်းလက်မကိုထောင်ပြီး အားပါးတရ စားလိုက်သည်။ ကျော်စွာမိုးက အားကျမခံ။

"နောက်ထပ်ရမယ့် ဟောက်စဖူးကြီးအတွက်"

ကဏန်းလက်မကြော်တစ်ခုကို ထောင်ပြပြီး အားပါးတရ စားလိုက်သည်။ ပြီးတော့ ဝီစကီခွက်ကို ယူ၍ အားပါးတရ မော့လိုက်သည်။

"ကျော် ဒီနေ့အများကြီး မသောက်နဲ့ကွာ"

"ဟာ...ဒီလောက် ပျော်စရာကောင်းတာ အများကြီးမသောက်ရဘူးလား ကွာ"

ကျော်စွာမိုးက အားပါးတရ မူးပစ်ချင်စိတ် ဖြစ်နေသည်။

"အများကြီးသောက်ရင် ဒီနေ့ည တကယ်ပျော်စရာကောင်းတာတစ်ခု လွတ်သွားမှာပေါ့"



စိုးစန္ဒာ ပြောပုံက မူမူနွဲ့နွဲ့လေး၊ မျက်လုံးကြည့်ပုံကလည်း အဓိပ္ပာယ်တွေ အပြည့်နှင့်။

"ဟား ဟား ဟား၊ သိပ်ဟုတ်တာပေါ့၊ စိုးပြောတာ မှန်တယ်၊ တကယ် ပျော်ရမှာနော်"

ကျော်စွာမိုး သဘောပေါက်သွားပြီး လက်မထောင်ပြသည်။ စိုးစန္ဒာက ရှက်ရွံ့ဟန်နှင့် ပြုံးပြီး ခေါင်းညိတ်ပြသည်။

"ဒါဆိုရင် လေးပက်ပဲ သောက်မယ်"

စိုးစန္ဒာက ခေါင်းယမ်းပြီး လက်သုံးချောင်း ထောင်ပြသည်။

"အိုကေ၊ ကျေနပ်တယ်"

ကျော်စွာမိုးက စိုးစန္ဒာကို လှမ်းဖက်ပြီး သူ့ရင်ခွင်မှာ ဆွဲမွှေ့ဖက်ထား လိုက်သည်။

□ □ □

# အခန်း (၁၂)

ဖူးစေ နံနက်စောစောထ ပြီး ရေချိုးသည်။ ချည်လုံချည် အပြာလေးနှင့် ကျောင်းမှာဝတ်သော ရင်ဖုံးအင်္ကျီအဖြူလက်စကကို ဝတ်လိုက်သည်။ ပြီးတော့ ဒေါ်ကြီးအခန်းသွား၍ သနပ်ခါးပါးပါးလိမ်းပြီး ရွာမှာတုန်းကလို ပါးကွက်လေး တွေ ကွက်လိုက်သည်။

"ဟဲ့...သမီးဖူးစေ၊ ခါတိုင်းဆို ဒီအချိန် သူနာပြုဆရာမလေး ရောက်ပြီ၊ ဒီနေ့နောက်ကျနေတယ်၊ မောင်နွေဦးကို မနက်စာကျွေးရမယ်၊ ဆေးလဲတိုက်ရ မယ်၊ ထမင်းကြော်နဲ့ ကော်ဖီတော့ ဒေါ်ကြီးယူခဲ့မယ်၊ သမီး သွား၊ မောင်နွေဦး ကို ထမင်းစားခန်း ခေါ်လိုက်ပါ"

"သြော်...ဟုတ်ကဲ့ ဒေါ်ကြီး"

ဖူးစေ ပျော်သွားသည်။ သူနာပြုဆရာလေး နောက်ကျနေသည်မှာ ဖူးစေ အတွက် ဝမ်းသာစရာ ဖြစ်သည်။ ကိုကိုကြီး တွန်းလှည်းလေးကို မနေ့ကသည်းက တွန်းပေးချင်ခဲ့သည်။ သည်နေ့ တွန်းခွင့်ရတော့မည်။ ဖူးစေ သွက်သွက်လက်လက် စွာ နွေဦးအခန်းသို့ သွားသည်။ နွေဦးအခန်းက အိမ်အောက်ထပ်မှ ခေါင်းရင်းခန်း

www.burmeseclassic.com

www.burmeseclassic.com



ဘစ်ခုလုံးကို ယူထားခြင်းဖြစ်၍ အကျယ်ကြီး ဖြစ်သည်။ နွေဦးက သူ့ဘာသာ ချက်နှာသစ်ပြီး အဝတ်လဲပြီး ဖြစ်နေသည်။

"ကိုကိုကြီး၊ မနက်စာ စားရအောင်"

နွေဦးက သနပ်ခါးအဖွေးသား လိမ်းထားသော ဖူးဝေမျက်နှာလေးကို လှမ်းကြည့်လိုက်သည်။ ဖူးဝေ ပြုံးပြသည်။ ကိုကိုကြီးဟု ခေါ်ထွက်သွားသည်ကို လည်း ကိုယ့်ဘာသာ ကျေနပ်နေမိသည်။

"အေး...အေး"

နွေဦးက ဘာမျှမပြောဘဲ လက်ခံသည်ကို ပို၍ ဝမ်းသာမိသည်။ နွေဦးက ဘီးများကို သူ့ဘာသာ တွန်းလိမ့်၍ ထမင်းစားခန်းဘက်သို့ ဦးတည်လိုက်သည်။

"ကျွန်မ တွန်းပေးမယ် ကိုကိုကြီး"

ဖူးဝေက ခွင့်တောင်းစကား မဆုံးမီမှာပင် နွေဦး၏ တွန်းလှည်းနောက် ကျောကို ကိုင်ပြီး ဖြစ်နေသည်။

နွေဦးက ဘာမျှမပြောတော့ပါ။ ဖူးဝေက တွန်းလှည်းလေးကို ဖြည်းဖြည်း မှန်မှန် သတိထားပြီး တွန်းသည်။ ထမင်းစားခန်းသို့ ရောက်တော့ မနေ့က ဆရာမလေး ရပ်သလို စားပွဲထိပ်မှာ ရပ်လိုက်သည်။ သို့သော်...ဘီးမလိမ့်အောင် အထိန်းခလုတ်ကို မချတတ်။ နွေဦးက သူ့ဘာသာ အထိန်းခလုတ်ကို ချလိုက် သည်။ သိပြီ။ ဖူးဝေ သေသေချာချာ မြင်လိုက်ရပြီ၊ ဘေးမှ မောင်းတံလေးကို တွန်းချလိုက်ရုံသာ ဖြစ်သည်။

"ဟင်း...နောက်တစ်ခါဆိုရင် ငါလုပ်ပေးလို့ရပြီ"

ဖူးဝေက စားပွဲပေါ်မှာ အသင့်ရှိနေပြီဖြစ်သော ထမင်းကြော်ပန်းကန်ကို နွေဦးရှေ့သို့ တိုးပေးသည်။ ကော်ဖီပန်းကန်ကိုလည်း နေရာရွှေ့ပေးသည်။

"ဆေးသောက်ရဦးမယ်"

နွေဦးက သူ့ဘာသာပြောသလို ပြောလိုက်ခြင်း ဖြစ်သည်။ သို့သော်... ဖူးဝေအတွက် အခက်တွေ့သွားသည်။ ဘာဆေးကို ဘယ်လောက်တိုက်ရမှန်းမသိ။

"ဟို...ဗီရိုလေးပေါ်က ဆေးပုလင်း သုံးပုလင်း ယူလိုက်"

နွေဦး ညွှန်ပြသော ဆေးပုလင်း သုံးပုလင်းကို ဖူးဝေ သွားယူသည်။ စားပွဲ ပေါ်မှ စတီးပန်းကန်လေးပါ တွေ့၍ ဆေးထည့်ရန် ယူလာခဲ့သည်။ နွေဦးက ဆေးပုလင်းများကို သူ့ဘာသာဖွင့်၍ အထဲမှ ဆေးများ ထုတ်ယူသည်။

"ဒီအထဲထည့်လေ ကိုကိုကြီး"



ဘာဆေး ဘယ်လောက်သောက်သည်ကို ဖူးဝေ သိချင်သည်။ သို့သော် နွေဦးက ဖူးဝေ၏ ပန်းကန်ထဲသို့မထည့်။ ပထမပုလင်းမှ ဆေးတောင့်နှစ်လုံးယူ ၍ ကော်ဖီနှင့် သောက်လိုက်သည်။ ပြီးတော့ ကျန်ပုလင်းနှစ်လုံးမှ ဆေးအဝါပြား နှစ်လုံးနှင့် အပြာနှစ်လုံး ထုတ်သောက်သည်။

မနေ့က ဆရာမလေး တိုက်သည်ကို တညည်းညည်း တညူညူလုပ်နေ သူက ခုတိုက်မည့် ဆရာမလေး မလာတော့ ကိုယ့်ဘာသာကိုယ် သောက်နေ၍ ဖူးဝေ ရယ်ချင်စိတ် ဖြစ်မိသည်။

သို့သော် မရယ်ဝံ့။ ဆေးများကိုလည်း အသေအချာ ကြည့်၍ မှတ်နေရ သေးသည်။

"သိသွားပြီ"

မနက်ဖြန်ဆိုလျှင် ကိုကိုကြီး သောက်ရမည့် ဆေးများကို စတီးပန်းကန် လေးထဲမှာ ထည့်ပေးနိုင်ပြီ။ ဆေးသောက်ပြီးတော့ နွေဦး ထမင်းကြော်စားသည်။ စားပုံကတော့ အားပါးတရမဟုတ်။ စားမှဖြစ်မည်မို့ စားနေရသော ပုံမျိုး။ ဖူးဝေ က ဓာတ်ဘူးထဲမှ လက်ဖက်ရည်ကြမ်းငှဲ့ပြီး နွေဦးရှေ့သို့ ချပေးသည်။ လုပ်စရာ ကုန်သွားပြီ။ ဘာလုပ်ရမှန်းမသိ။ ရပ်ကြည့်နေရသည်ကလည်း မကောင်း။

"အို...သိပြီ"

စားပွဲပေါ်မှာ အသင့်ရှိနေသော စလွယ်ယပ်တောင်လေးနှင့် နွေဦးကို ယပ်ခပ် ပေးသည်။

"မလုပ်ပါနဲ့ မအိုက်ပါဘူး"

နွေဦး တားသည်က မာမာတင်းတင်းဖြစ်၍ ကြောက်လန့်ပြီး အမြန်ရပ် လိုက်ရသည်။

"စောစောစီးစီး မအိုက်ဘဲနဲ့ ယပ်ခတ်ပေးတော့ ဘယ်သူက ကြိုက်မှာလဲ"

ကိုယ့်အမှားကိုယ်သိသွားသည်။ ရှက်ရှက်နှင့် ယပ်တောင်လေးကို စားပွဲ ပေါ် ပြန်ချထားလိုက်သည်။

"မင်း ဘာစားပြီးပြီလဲ"

"ဘာမှ မစားရသေးပါဘူး"

ဖူးဝေ အမှန်အတိုင်း ဖြေလိုက်ခြင်း ဖြစ်သည်။

"ဒေါ်ကြီး၊ သူ့ကို ဘာမှ မကျွေးသေးဘူးလား"

နွေဦးက ဒေါ်မြအေးကို လှမ်းမေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဩော်...မောင်နွေဦး စားပြီးတော့ ကျွေးမှာပေါ့"

"ထမင်းကြော် တစ်ပန်းကန်ထည့်ပြီး ယူခဲ့"

နွေဦးက ဖူးဝေကို ထမင်းကြော် သွားယူခိုင်းသည်။

"ကိုကိုကြီး စားပြီးမှပဲ စားပါ့မယ်"

ဖူးဝေ ရပ်နေဆဲ။

"သွားယူလိုက်ပါ"

အမိန့်ပေး၍ ခိုင်းခြင်း ဖြစ်သည်။

ဖူးဝေ ကြောက်၍ ဒေါ်ကြီးထံမှ ထမင်းကြော်တစ်ပန်းကန် သွားယူလိုက်ရသည်။ ထမင်းကြော်က တောမှာ ကြော်သလို နနွင်းများနှင့် ဝါဝါထိန်ထိန် မဟုတ်။

"အဲဒီမှာထိုင်"

နွေဦး ညွှန်ပြသော ကုလားထိုင်မှာ ထိုင်လိုက်ရသည်။

အိမ်ရှင် ကိုကိုကြီးနှင့်အတူ စားရမည်မို့ ဖူးဝေ မရွံ့မရဲ ဖြစ်နေသည်။

"စားလေ"

နွေဦး တိုက်တွန်းနေ၍ ထမင်းကြော်တစ်ဇွန်း ခပ်ယူစားလိုက်သည်။ ထမင်းကြမ်းနှင့် ကြော်ခြင်းမဟုတ်၊ ထမင်းနွေးနှင့် ကြော်ခြင်း ဖြစ်သည်။ ဆန်ကလည်း ဆန်ကောင်းမို့ နူးညံ့သည်။ စတော်ပဲပြုတ်၊ ကြက်ဥ၊ အသီးအသား အစုံပါ၍ တော်တော်အရသာရှိသော ထမင်းကြော် ဖြစ်သည်။

ဤမျှကောင်းသော ထမင်းကြော်ကို နွေဦးက မစားချင်သလို ဖြစ်နေ၍ ဖူးဝေ အံ့ဩမိသည်။ နွေဦးရှေ့မှာ မဟုတ်ဘဲ ကိုယ့်ဘာသာ စိတ်ရှိလက်ရှိ စားလိုက်ရလျှင် ဤထမင်းကြော်မျိုး သုံးပွဲလောက်တော့ ကုန်သွားမည်ဟု ဖူးဝေ တွေးနေမိသည်။

"အင်း...ဒီထမင်းကြော်မျိုး ကြော်တတ်အောင် ဒေါ်ကြီးဆီက သင်ရဦးမယ်"

ဖူးဝေအတွက် သင်ယူစရာ တိုးလာပြန်သည်။ နွေဦး မတိုက်တွန်းရဘဲ နောက်ထပ် ထမင်းကြော်တစ်ဇွန်းကို ခပ်ယူပြီး စားလိုက်သည်။

"မင်းတို့ရွာနာမည်က ဘာလဲ"

"နေပူကုန်းရွာ"

ကိုယ့်ရွာနာမည် ပြောလိုက်ရသည်ကို ကျေနပ်သည်။



"နေပူလား"

"ပူတယ်"

နွေဦး ပြုံးသည်။

"မြို့နဲ့ အဝေးကြီးလား"

"ဝေးတယ်၊ ဝမ်းတွင်းကနေ စက်ဘီးနဲ့သွားရင် တစ်နာရီလောက် ကြာတယ်"

မိုင်အတိအကျကို ဖူးဝေ မပြောတတ်။

"မင်း စက်ဘီး စီးတတ်လား"

ဖူးဝေ ခေါင်းညိတ်ပြသည်။

"ရွာမှာ ခုလို မနက်ဆိုရင် ဘာစားလဲ"

ဖူးဝေ တွေတွေငေးငေးလေး ဖြစ်သွားမိသည်။

ဘယ်လိုပြောရမှန်းမသိ။

ရွာမှာ နေစဉ်က နံနက်စောစော ပုံမှန်စားရခြင်းမရှိ။

ထမင်းကြမ်း ကျန်လျှင် အကြော်လေး နှစ်ခုလောက် ဝယ်ပြီး အဖေ့ကျွေးသည်။ အဖေက အကုန်မစားဘဲ ချန်ထားလျှင် စားရသည်။ ထမင်းကြမ်း မကျန်လျှင် သားအဖနှစ်ယောက်လုံး နံနက်အစောစာ မစားရ။ အမေရှိစဉ်က ထမင်းကြော်စားရဖူးသည်။ အသီးအသား ဘာမျှမပါ။ ပဲပြုတ်ပင်မပါ။ ထမင်းချည်းဆီ နည်းနည်းနှင့် ကြော်စားရသည်။ ပုံမှန်အတိုင်းဆိုလျှင် ဘာမျှ မစားရသည့် ရက်များသည်။ တစ်ခါတစ်ရံတွင် သိပ်ဆာလျှင် ထမင်းရည်ကို ဆားခတ် သောက်လိုက်သည်။ ဘာကိုဖြေရမှန်းမသိ။

"တစ်ခုခုတော့ မင်းတို့ စားရမှာပေါ့"

ဖူးဝေထံမှ အဖြေထွက်မလာ၍ နွေဦးက ထောက်ပေးလိုက်ခြင်း ဖြစ်သည်။

"တစ်ခါတလေ ထမင်းကြမ်းစားတယ်၊ တစ်ခါတလေကျ ထမင်းရည် သောက်တယ်၊ တစ်ခါတလေကျတော့လဲ ဘာမှ မစားဘူး"

အမှန်ဆုံးဖြစ်အောင် ဖူးဝေ ကြိုးစားဖြေလိုက်ခြင်း ဖြစ်သည်။ ဖူးဝေကို ဆေးကြည့်ရင်း နွေဦး စိတ်မကောင်း ဖြစ်ရသည်။ ဤမိန်းကလေးသည် ဆင်းဆင်းရဲရဲနေခဲ့ရသူ ဖြစ်သည်။ အရိုးခံနှင့် အမှန်အတိုင်း ပြောတတ်သူဖြစ်သည်ဟု နားလည်လိုက်သည်။

www.burmeseclassic.com

"မင်းဖေဖေက ကျောင်းစောင့်ကြီးလို့ ဒေါ်မြအေး ပြောတာ ဟုတ်လား"

"ဟုတ်ပါတယ်၊ ဖူးဝေက ကျောင်းသန့်ရှင်းရေးနဲ့ သောက်ရေဖြည့်ပေးရတယ်"

နွေဦး ခေါင်းညိတ်လိုက်သည်။

"ဒီကြားထဲက ဆယ်တန်းအောင်အောင် ဖြေနိုင်တာ မင်း တော်တာပေါ့"

ချီးမွမ်းခံရ၍ ဖူးဝေ သဘောကျသွားသည်။

"ဆရာ၊ ဆရာမတွေက စေတနာကောင်းလို့ပါ၊ သူငယ်ချင်းတွေကလဲ ဝိုင်းကူညီကြတယ်လေ၊ ဒါတောင် နှစ်နှစ်ဖြေမှ အောင်တာပါ"

ဘာကြောင့်မှန်း မသိ။ ဖူးဝေ မရှက်မကြောက် တရင်းတနှီး ပြောနေမိသည်။

"ဒီမှာဘွဲ့ရအောင် ဆက်သင်ရမယ်"

"ဟုတ်ကဲ့...သင်မှာပါ"

ဒေါ်မြအေးက နွေဦးစကားတွေ အများကြီးပြောသည်ကို ကြားနေရ၍ ချက်ပြုတ်ရာမှ လှမ်းကြည့်ရင်း သဘောကျနေသည်။ ဖူးဝေ စကားပြော၍ ကောင်းသလို ထမင်းကြော်စား၍လည်း ကောင်းသည်။ ဒေါ်ကြီး ထည့်ပေးသည့် တစ်ပန်းကန်လုံး ကုန်သွားပြီ။

"စားကောင်းရင် ထပ်ထည့်လေ"

နွေဦးက ကုန်သွားသော ပန်းကန်ကို ကြည့်ပြီး ပြောတော့ ဖူးဝေ နည်းနည်း ရှက်သွားသည်။

"ဟင့်အင်း...တော်ပြီ"

"ဒေါ်ကြီး၊ ထမင်းကြော် ယူခဲ့ပါဦး"

"ဩော်...အေး...အေး ယူခဲ့မယ် မောင်နွေဦး"

ဒေါ်မြအေးက ကျန်သော ထမင်းကြော်ကို ထမင်းအုပ်မှာ ရှုးထည့်ပြီး ယူလာသည်။

"ဟဲ့ မောင်နွေဦး၊ ထည့်ပေးတဲ့ ထမင်းကြော်တွေ ကုန်သလား၊ ဒီနေ့ တယ်ဟုတ်ပါလားဟေ့"

နွေဦး ပန်းကန်ထဲ ထမင်းကြော်ကုန်နေသည်ကို ကြည့်ပြီး ဒေါ်မြအေး ဝမ်းသာနေသည်။ ခုမှ ဖူးဝေလည်း လှမ်းကြည့်ဖြစ်သည်။ နွေဦးပန်းကန်ထဲမှာ ထမင်းကြော်များ မရှိတော့ပါ။ သို့သော် စထည့်ကတည်းက ဖူးဝေ ပန်းကန်



သောက်တော့ မများ။

"သူစားတာကြည့်ပြီး စကားပြောရင်း စားလို့ ကုန်သွားမှန်းတောင် သတိမထားမိဘူး"

နွေဦး ကိုယ်တိုင်လည်း ကိုယ့်ဘာသာ အံ့ဩနေသည်။ ခါတိုင်း ထည့်ပေးသော ထမင်းကြော်တစ်ဝက်လောက်ကုန်အောင် မနည်း မှိတ်ကြိတ်စားရသည်။ အစာစားရသည်ကို အားရှိအောင်၊ ရောဂါပျောက်အောင် ဟူသော အသိက တာဝန်နှင့် စားရသလို ဖြစ်နေသည်။ နွေဦးက ထမင်းအုပ်ထဲမှ ဇွန်းကို ယူလိုက်သည်။

"ဖူးဝေ ထည့်ပေးပါ့မယ် ကိုကိုကြီး"

ဖူးဝေက ဇွန်းကို လှမ်းယူမည်လုပ်၍ နွေဦးက လက်ကာပြသည်။ နွေဦးက သူ့ပန်းကန်ထဲမှာ နည်းနည်းထည့်ပြီး ဖူးဝေ ပန်းကန်ထဲသို့ နှစ်ဇွန်းထည့်ပေးလိုက်သည်။ ဖူးဝေ မငြင်းတော့ပါ။ နံနက်စား တစ်မိုင်းအတူစားရုံနှင့် ဖူးဝေ စိတ်ထဲမှာ ကိုကိုကြီးကို ပိုပြီး ရင်းနှီးခင်မင်သွားသည်။

"ကိုကိုကြီး၊ ခိုင်းစရာရှိရင် ဖူးဝေကို ခေါ်ခိုင်းပါ"

ဖူးဝေက အခွင့်အရေးတစ်ခုလို တောင်းခံလိုက်ခြင်း ဖြစ်သည်။ ဖူးဝေ မျက်နှာကို လှမ်းကြည့်နေရင်းမှ နွေဦး ခေါင်းညိတ်ပြလိုက်သည်။

□ □ □

## အခန်း (၁၃)

"ဖူးဝေ အခုလုပ်နေတာ ရပ်လိုက်"

နွေဦး ပြတင်းပေါက်မှ လှမ်းအော်၍ မဟော်ဂနီရွက်ခြောက်များကို ကျုံးနေရာမှ ရပ်လိုက်သည်။ ဖူးဝေ နံနက်စာစားပြီးကတည်းက သန့်ရှင်းရေး လုပ်ငန်းများကို မနေမနား လုပ်နေခဲ့သည်။ အိမ်တွင်းမှာ အားလုံးသန့်ရှင်းပြီး၍ အိမ်ရှေ့ ချက်ပြီး လှည်းကျင်းသန့်ရှင်းနေခြင်း ဖြစ်သည်။ မဟော်ဂနီပင်တန်းအောက်မှ ခင်းပေါ်မှာ မဟော်ဂနီရွက်ခြောက်များ လည်း ရှင်းသွားပြီ၊ ကျုံးရန်သာကျန်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါလုပ်တာ ဘာများ မှားသွားပါလိမ့်"

ဖူးဝေ စိတ်မကောင်း ဖြစ်ရသည်။ နွေဦးရှိရာ ပြတင်းပေါက်သို့ လှမ်းကြည့်လိုက်သည်။ နွေဦးက မဟော်ဂနီပင်ကြီးများကို မော့်ကြည့်နေပါသည်။ မဟော်ဂနီပင်မှာ ဝေနေသော အဖူးများတွင် ရွက်သစ်နုလေးများ ထွက်ပြူစပြူနေကြလေပြီ။ ဖူးဝေ အိမ်ကြီးဆီသို့ ပြန်လျှောက်သွားရသည်။

□ □ □

## အခန်း(၁၄)

နွေဦး စိတ်ဆိုးသွားသည်ထင်၍ ဖူးဝေ စိတ်မကောင်းဖြစ်ရသည်။ တစ်ကိုယ်လုံး ချွေးများ ဖုန်များ ပေနေ၍ ရေချိုးလိုက်သည်။ စောစောက ဝတ်ထားသော လုံချည်နှင့် အင်္ကျီကိုလည်း ချွေးများ ဖုန်များနှင့် ပေနေ၍ လျှော်ဖွပ်လိုက်သည်။ ရေချိုးပြီးတော့ အဝတ်လဲစရာ သစ်သစ်လွင်လွင် အကောင်းမရှိတော့ပါ။ နွမ်းနေပြီ ဖြစ်သော ကျောင်းလုံချည်အစိမ်းလေးနှင့် အဝါရောင်အင်္ကျီအဟောင်းလေးကို ဝတ်လိုက်သည်။

"သမီးရေ…ဖူးဝေ"

ဒေါ်ကြီးအခန်းထဲဝင်လာသည်။

"မောင်နွေဦး အခေါ်ခိုင်းလို့"

"ကိုကိုကြီး သမီးကို စိတ်ဆိုးနေလား ဒေါ်ကြီး"

ဒေါ်မြအေး ပြုံးလိုက်သည်။

"မဆိုးပါဘူး သမီးရယ်၊ သမီးလုပ်နေတာ သိပ်ပင်ပန်းနေလို့ အရပ်ခိုင်းတာပါ…"

"ဒေါ်ကြီးကြားပါတယ်၊ ခေါ်တာသွားလိုက်"

ဖူးဝေ အိမ်ရှေ့ ဧည့်ခန်းသို့ သွားသည်။ ဧည့်ခန်းထဲမှာ နွေဦးရှိနေသည်။ သူနာပြုဆရာမလေးလည်း ရောက်နေပြီ။ စားပွဲပေါ်မှာ စက္ကူအိတ်များ တွေ့ရ



သည်။ ဆရာမလေးက ဖူးဝေကို လှမ်းကြည့်ပြီး ပြုံးပြလိုက်သည်။

"ညီမလေးနဲ့ လိုက်မယ်ထင်တာတွေ၊ စဉ်းစားပြီး ဝယ်လာတာ၊ အခန်းယူသွားပြီး ဝတ်ကြည့်လိုက်ပါဦး"

ဆရာမလေးက စားပွဲပေါ်မှ စက္ကူအိတ်များကို မျက်လုံးအကြည့်နှင့် ပြသည်။

"အို…အားနာစရာကြီး ဆရာမရယ်"

ဖူးဝေ တကယ်ပင် အားနာနေခြင်း ဖြစ်သည်။

"အားမနာပါနဲ့ ကိုယ့်ပေးရှင်းလူမမာက အကူအညီတောင်းလို့ လုပ်ပေးရတာပါ"

ဆရာမလေးက ထိုင်နေသော နွေဦးကို ပြသည်။

"ဪ…"

ဖူးဝေ နားလည်သွားပါပြီ။

"ကိုနွေဦး မနက်က ဆေးသောက်လား ညီမကလေး"

"ဟုတ်ကဲ့…သောက်ပါတယ် ဆရာမ"

ဖူးဝေက ခပ်မြှန်မြှန်လေး ဖြေလိုက်သည်။ ဆရာမလေး ပြုံးသွားသည်။

"ဆေးတိုက်မယ့် ဆရာမ မရှိရင် ဆေးမသောက်မှာစိုးလို့ ပေးရှင်းက သူ့ဘာသာသောက်ပါ့မယ် ကတိပေးလို့ ဈေးဝယ်ပေးရတာ"

"ဪ"

သူ့ဘာသာ ရှောရှောရှူရှူ ဆေးသောက်သည်ကိုလည်း ဖူးဝေ နားလည်လိုက်ရပြန်ပါသည်။

"ကဲ…အခန်းကို ယူသွားပြီး တော်မတော် ဝတ်ကြည့်လိုက်"

အမိန့်ပေးနေသူ နွေဦးကို ဖူးဝေ လှမ်းကြည့်လိုက်သည်။ နွေဦးက တွန်းလှည်းဘီးများကို သူ့ဘာသာတွန်း၍ သူ့အခန်းဘက် သို့ လှည့်သည်။ ဖူးဝေက မြန်လည်း၊ ကူညီရန် တွန်းလှည်းနောက်သို့ ရောက်သွားသည်။ နွေဦး လှည့်ကြည့်လိုက်သည်။

"သွား…သွား ကိုယ့်ဘာသာတွန်းလို့ရတယ်။ အိတ်တွေသာ ကိုယ့်အခန်းကိုယ်ယူသွား"

တင်းတင်းမာမာ ပြော၍ တွန်းလှည်းကို ဖူးဝေမထိဝံ့။ နွေဦးက ဘီးများကို သူ့ဘာသာ လှိမ့်၍ သူ့အခန်းဆီသို့ ဝင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"သြော်...ကိုကိုကြီးရယ်"

နွေဦး၏ သဘောထားကို နားလည်၍ ဖူးဝေ ရင်ထဲမှာ လှိုက်လှဲစွာ ခံစားရပါသည်။

❐ ❐ ❐

## အခန်း(၁၅)

စိုးစန္ဒာ ပြုံးလိုက်သည်။ လျှို့ဝှက်စွာ သိပ်သည်းသော တရားဝင်လက်ထပ်ပွဲလေး အောင်မြင်စွာ ပြီးမြောက်သွား၍ ဖြစ်သည်။ မြို့နယ်တရားရုံးမှ လူလေးယောက် အတူထွက်လာခဲ့ကြသည်။ ရပ်ကွက်တရားရုံးလောက်မှာ စာချုပ်တံဆိပ်ခေါင်းနှင့် လက်ထပ်ရန် စိုးစန္ဒာက ပြောသေးသည်။ သို့သော် ကျော်စွာမိုးက အခိုင်အမာ တရားဝင်စေချင်သည်။ မြို့နယ်တရားရုံးမှ တရားသူကြီးရှေ့မှာ လက်ထပ်စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ တရားသူကြီး၏ လက်မှတ်လည်း ပါသည်။ တရားသူကြီးက ကျော်စွာမိုး၏ ကျောင်းနေဖက်သူငယ်ချင်း။ အသိသက်သေအဖြစ် ကျော်စွာမိုး၏ သူငယ်ချင်းတစ်ယောက်က လက်မှတ်ထိုးသည်။ ထိုသူငယ်ချင်းကလည်း တရားသူကြီးနှင့် သူငယ်ချင်းအသိသက်သေတစ်ယောက်လိုနေ၍ တရားရုံးစာရေးက လက်မှတ်ထိုးပေးသည်။ ကျော်စွာမိုးက စိုးစန္ဒာကို အပိုင်ကိုင်လိုက်သည်။ သို့သော် တစ်ပြိုင်တည်းမှာပင် စိုးစန္ဒာက ကျော်စွာမိုးကို အပိုင်ကိုင်ပြီးသားလည်း ဖြစ်သွားသည်။ စိုးစန္ဒာ ရင်ထဲမှာ ကျိတ်ပြီး ဝမ်းသာနေသည်။

"ဟင်း...ကံများ ကောင်းချင်တော့ ဟောက်စဖူးဖြစ်မှာ ငါ့ဘက်ကမှ အသေအချာ"

ကိုယ်က တစ်ခုလပ် ကျော်စွာမိုးက လူပျို။ ပြီးတော့ ကျော်စွာမိုးက ရုပ်ချော အပြောကောင်း။ သူ့ကိုဆို ကျချင်ကြသည့် မိန်းမတွေက အများကြီး။ ဖဲသမားဆိုသော်လည်း အနိုင်များသည့် ဖဲသမား၊ ပါးသည် နပ်သည် သိပ်လည်သည်။ ဖဲကိုသာမက လူကိုပါ ကစားတတ်သည့် ဉာဏ်သမား၊ တိုက်နှင့် ကားနှင့် ရည်းစားဟောင်းဆိုသော်လည်း ခုချိန်မှာ သူ့ကိုအပိုင်ရဖို့ စိုးစန္ဒာအတွက် မစဉ်းစားရဲအောင် ခက်ခဲသည်။ ကိုယ်က အိမ်ထောင်ပျက်သည်သာမက စီးပွားပျက်



လည်း ဖြစ်နေသည်။ ခုတော့ သိန်းသုံးရာကျော်လောက် ပွမည့်ကိစ္စမှာ ကိုယ်က တည်ကြက်မဖြစ်နေ၍ အခွင့်ကောင်းရခြင်း ဖြစ်သည်။ သိန်းသုံးရာကျော်မရမီ ကိုယ်သိပ်ချစ်သည့် ကျော်စွာမိုးကိုတော့ တရားဝင် အပိုင်ရလိုက်ပြီ။

"ဒါက ပထမဆုံး အောင်ပွဲ"

စိုးစန္ဒာ ပျော်နေသည်။

"မင်္ဂလာညှော်ခံပွဲလေးတော့ လုပ်ဦးလေ ကျော်ရဲ့ ဒီ ငါးယောက်တည်း"

ကျော်စွာမိုး၏ ကားလေးနားသို့ ရောက်သောအခါ စိုးစန္ဒာက လက်လေးချောင်း ထောင်ပြီး ကန့်ကလျလေးပြောလိုက်သည်။

"လုပ်ရမှာပေါ့၊ အမှတ်တရလေး"

ကျော်စွာမိုး သဘောတူသည်။ ဘယ်ဆိုင်သွားရမည်ကို ခဏစဉ်းစားသည်။

"ဘီလူးမွန်းပဲ သွားကြတာပေါ့၊ လပြာပြာမှာ အချစ်ပြာပြာလေ"

ကျော်စွာမိုးက စိုးစန္ဒာနားကပ်ပြီး တိုးတိုးပြောသည်။

"ဟင်း...ကျော့်ဟာကလဲ အပြောတွေများလိုက်တာ"

နှစ်ယောက်သား ရယ်လိုက်မိကြသေးသည်။

"ကဲ...လာကြပေါ့တက်ကြ၊ မင်္ဂလာညှော်ခံပွဲလေး သွားစားရအောင်"

တရားသူကြီးက အလုပ်များရှိနေ၍ မလိုက်နိုင်ကြောင်း ငြင်းပြီး ကျန်ခဲ့သည်။ ကျော်စွာမိုးက သက်သေနှစ်ယောက်ကို ကားတံခါးဖွင့်ပေးသည်။ ကားလေးက လပြာပြာလေးဆီသို့ ပြေးလျက်...

❐ ❐ ❐

## အခန်း(၁၆)

ဒေါ်ကြီး ထမင်းပွဲပြင်နေပြီမို့ ဖူးဝေက နွေဦးဆီသို့ သွားသည်။

"ကိုကိုကြီး ထမင်းစားရအောင်"

ပြောပြောဆိုဆို တွန်းလှည်းလေး၏ နောက်မှာ သွားရပ်လိုက်သည်။ နွေဦးက နံရံပေါ်မှ နာရီကို လှမ်းကြည့်လိုက်သည်။ ၁၂–နာရီထိုးရန် ၅ မိနစ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုကောင် ခုထိမလာသေးဘူး"

နွေဦးပြောသည်ကို ဖူးဝေ နားမလည်ပါ။ ဘယ်ကောင်ကို ပြောမှန်းမသိ။ တွန်းလှည်းလေးကို ထမင်းစားခန်းသို့ ဖူးဝေ တွန်းလာခဲ့သည်။ ဧည့်ခန်းကိုရောက်တော့ အဝင်တံခါးဆီသို့ နွေဦး လှမ်းကြည့်သည်။ ဘာမှုမတွေ့ရ။ ထမင်းစားခန်းထဲသို့ တွန်းလှည်းလေးတွန်းဝင်လာသည်ကို မြင်ရတော့ သူနာပြုဆရာမလေး ပြုံးသည်။ သူ့အလုပ်ကို ကူသူကို တွေ့ရ၍ ဖြစ်သည်။ ဖူးဝေက တွန်းလှည်းလေးကို ထမင်းစား စားပွဲထိပ်မှာ ရပ်လိုက်သည်။ မရွှေအောင် ထိန်းသော ခလုတ်ကိုလည်း ချလိုက်သည်။ ကျွမ်းကျင်သူ၏ပုံမျိုး။ သူနာပြု ဆရာမလေးက နွေဦးသောက်ရမည့် ဆေးယူလာပေးသည်။ ဖူးဝေက ဒေါ်ကြီးကို ကူညီ၍ ဟင်းချိုထည့်သည်။ ထမင်းခူးထည့်သည်။

"လေးယောက် စားမှာနော်"

နွေဦးက သတိပေးသည်။

"အေး...အေး မောင်နွေဦး မှာထားတဲ့အတိုင်း အဒေါ်ကြီးလုပ်ထားပါတယ်"

မှောက်ထားဆဲဖြစ်သော ထမင်းစားပန်းကန်သုံးချပ်ကို ဒေါ်မြအေးက လှန်လိုက်သည်။ ထိုအချိန်တွင် ထမင်းစားခန်းထဲသို့ လူငယ်တစ်ယောက် ဝင်လာသည်။ နွေဦးမျက်နှာ အပြုံးတစ်ချက် လက်သွားသည်။

"မင်း ...အချိန်မီ ရောက်လာသားပဲ"

"ကျွန်တော် မနက်က ဦးကျင်ဆွေပွဲရုံ သွားနေတုန်း ကိုကိုဦး ဖုန်းဆက်တယ်ဆိုလို့"

နွေဦး ခေါင်းညိတ်သည်။

"ထမင်းမစားခဲ့သေးဘူး မဟုတ်လား"

"မစားခဲ့သေးဘူး။ ထမင်းကိုလဲ အိမ်မှာ စားရမယ်လို့ ပြောတယ်တဲ့ ကျွန်တော့် ကောင်လေးတွေ ပြောလို့"

"အေး...ဟုတ်တယ်"

နွေဦးမျက်နှာ ခါတိုင်းနှင့်မတူသည်ကို အောင်အောင် သတိထားမိသည်။ ဖူးဝေက လူငယ်၏ရှေ့မှ ပန်းကန်ထဲသို့ ထမင်းထည့်ပေးသည်။ တစ်ခါမျှမတွေ့ဖူးသော မိန်းကလေးကို အောင်အောင် အသေအချာ လှမ်းကြည့်လိုက်သည်။ အိမ်ဖော်အသစ် ခေါ်ထားတာလားတော့မသိ၊ ဒါပေမယ့် ဝတ်ဆင်ထားတာက



တော့ သန့်သန့်ပြန့်ပြန့်နဲ့ ရုပ်ကလေးကလည်း သနားကမား။ အောင်အောင် စဉ်းစားနေသည်။ ထမင်းပွဲအားလုံး ခူးပြီးပြီ။

"ကဲ...လေးယောက် အတူစားကြတာပေါ့။ ဆရာမ ထိုင်၊ ဖူးဝေလဲ ထိုင်၊ စုစားရင် ထမင်းမြိန်တယ်တဲ့ အမေပြောတာ မှန်တယ်"

သူနာပြုဆရာမလေးက ဖူးဝေကို လှမ်းကြည့်လိုက်သည်။ လွတ်နေသော ကုလားထိုင်နှစ်ခုမှာ ဆရာမလေးနှင့် ဖူးဝေ ထိုင်လိုက်ကြသည်။

"ဒေါ်ကြီးကတော့ ကျွန်တော်တို့ကို ကျွေးရဦးမှာ ဆိုတော့ သီးခြားပဲ စားလိုက်မတော့"

နွေဦး ခါတိုင်းလိုမဟုတ် စကားသွက်နေ၍ ဒေါ်မြအေး ဝမ်းသာသည်။

"အေးပါ...စားကြပါ၊ ဒေါ်ကြီးကလဲ အဲဒီလို ဟန်နဲ့ ပန်နဲ့ မစားတတ်ပါဘူး။ ကိုယ့်ဘာသာ မီးဖိုးထဲစားရမှ ထမင်းဝတာ"

ဒေါ်မြအေးပြောသည်ကို သဘောကျ၍ ဆရာမလေးထံမှ ရယ်သံထွက်လာသည်။

"အောင်အောင် မင်းကို မိတ်ဆက်ပေးရဦးမယ်။ ဆရာမကိုတော့ မင်းသိပြီးသား၊ ဆရာမကလဲ မင်းကို သိပါတယ်။ ဟိုဘက်ကဟာ ဖူးဝေတဲ့ ဒေါ်မြအေးရဲ့တူမက သူ့အဖေက ဆုံးသွားပြီ၊ ဆွေမျိုးသားချင်းလဲ ဘယ်သူမှမရှိတော့လို့ ဝမ်းတွင်းမြို့နယ်ထဲက ဘာရွာ..."

"နေပူကုန်းပါ ကိုကိုကြီး"

"အေး...နေပူကုန်းရွာက ရောက်လာတာ ဆယ်တန်းအောင်ပြီးသား"

အောင်အောင် ဖူးဝေကိုကြည့်ရင်း ခေါင်းညိတ်သည်။

"အဲဒါ ငါတို့ အိမ်မှာ လူတစ်ယောက်တိုးလာတာပေါ့"

နွေဦးကို ကြည့်ပြီး အောင်အောင် ခေါင်းညိတ်သည်။

"သူလဲ အဝေးသင်တက်မယ်၊ မင်းနဲ့ အဖော်ရတာပေါ့။ သူ့အတွက် ကျောင်းဝင်ခွင့်ရဖို့၊ အနီးကပ်တက်ဖို့ စာမေးပွဲဖြေဖို့ လိုတာတွေအားလုံး သူ့ကို ကူညီရမှာပေါ့။ ဖူးဝေ သူ့ကို မှတ်ထား အောင်အောင်တဲ့ အိမ်က ကားတွေအတွက် ဂိတ်မှာပဲနေရတာ၊ ဒီတစ်အိမ်လုံး စီးပွားရေးကို သူတာဝန်ယူ လုပ်နေရတာ... ကိုကိုကြီးညီ၊ ဖူးဝေကျောင်းတက်ဖို့လိုတာတွေအားလုံး သူလုပ်ပေးလိမ့်မယ်။ သူကလဲအဝေးသင် တတိယနှစ်မှာ ဖီလော်ဆော်ဖီနဲ့ တက်နေတာ"

အောင်အောင်ကို လှမ်းကြည့်ပြီး ဖူးဝေ ခေါင်းညိတ်ပြသည်။

www.burmeseclassic.com



"ကဲ...စားကြ"

ထမင်း စ,စားကြသည်။

"ဩော်...တစ်ခု သတိရတုန်း ပြောရဦးမယ်။ အောင်အောင် မုံရွာသွားတဲ့ ကားကို သနပ်ခါးတုံးကောင်းကောင်း ဆယ်တုံးလောက် ဝယ်ခဲ့လို့ မှာလိုက်စမ်းပါကွာ"

အောင်အောင်က ဖူးဝေပါးမှ သနပ်ခါး ပါးကွက်များကို လှမ်းကြည့်လိုက်သည်။ သူနှာပြုဆရာမလေးပြုံးသည်။ ဖူးဝေ ရှက်၍ ခေါင်းငုံ့ထားလိုက်ရသည်။

□ □ □

## အခန်း (၁၇)

စိုးစန္ဒာ၏ ဖခင် ဦးသန်းမောင်သည် စိုးစန္ဒာ၏ မျက်နှာကို အဖြေရှာသလို အသေအချာ ကြည့်နေသည်။

"အဲဒါပါပဲ ဖေဖေ၊ သမီးကို ကူညီပါ"

စိုးစန္ဒာက သူပြောခဲ့သည့် စကားအားလုံးကို အဆုံးသတ်လိုက်သည်။

"ဖေဖေ မလုပ်နိုင်ဘူးသမီး"

ဦးသန်းမောင်က အပြတ်ငြင်းသည်။

ဖေဖေ ဤသို့ ငြင်းလိမ့်မည်ဟု စိုးစန္ဒာက အပိုင်တွက်ပြီးသားမို့ မျက်နှာမပျက်၊ တည်ငြိမ်စွာ ဆက်ထိုင်လျက်...

"စဉ်းစားပါဦး ဖေဖေ၊ ဒါ သမီးဘဝ ဣန္ဒြေမပျက် ရပ်တည်နိုင်ဖို့အတွက် မှန်မှန်ကန်ကန် တွေးတာပါ"

"ဘယ်လိုလုပ် မှန်ကန်မလဲ၊ သူမကြိုက်တဲ့အလုပ်ကို သမီးလုပ်တယ်၊ သူ မော်တော်ကားမှောက်လို့ ဒုက္ခရောက်တော့ သမီး အိမ်ပေါ်က ဆင်းလာခဲ့တယ်။ ဒုက္ခိတဖြစ်နေတဲ့ လင်ယောကျ်ားကို သမီးပြုစုဖို့ ဝတ္တရားပျက်တယ်၊ ခုအချိန်ကျမှ သမီးက အိမ်ပေါ်ပြန်တက်ပြီး ပေါင်းမယ်လို့ပြောတယ်၊ သူ့ဘက်က



ဘယ်လိုလုပ် လက်ခံမလဲ"

"အဲဒီအချိန်တုန်းက ဒေါသအလျှောက် ဆင်းလာခဲ့တာပဲ ဖေဖေ၊ သမီးလဲ လူပဲ၊ ကိုယ့်ကို ပါးရိုက်ခံရတာ ဘယ်သူဒေါသမဖြစ်ဘဲ နေမလဲ၊ အဲဒါကို ခုမှ မှားမှန်းသိလို့ ပြန်ပြုပြင်တာပဲ၊ သူလက်ခံမှာပါ"

စိုးစန္ဒာက ခိုင်လုံစွာ အကြောင်းပြနေသည်။

"ဖေဖေဆိုရင်တော့ လက်မခံဘူး"

"သူက ဖေဖေမဟုတ်ပါဘူး၊ ပြီးတော့ သူ့ဘက်ကလဲ လက်လွန်ခဲ့တာပဲ"

ဦးသန်းမောင် တွေဝေလာရသည်။

"ခက်တာပဲ သမီးရယ်၊ ဖေဖေ လိုက်မပြောချင်ဘူး"

ဦးသန်းမောင် ညည်းညူသည်။

စိုးစန္ဒာ အားတက်သွားပြီ။

"ကိုယ့်သမီးတစ်သက်တာအရေးပဲ ဖေဖေရယ်၊ သမီးမှာ ဖေဖေကလွဲလို့ ဘယ်သူ့အားကိုးမလဲ"

"သမီး ဘာသာသွားပြီး တောင်းတောင်းပန်ပန် ရှင်းပြရင်ကော"

ဦးသန်းမောင် လိုက်ပြောရမည်ကို ဝန်လေးနေသည်။ ကိုယ့်သမီးကိုယ်ပင် မယုံချင်။

"သမီးဘာသာ သွားရင် မကောင်းလို့ပေါ့။ ဖေဖေ လူကြီးကိုယ်တိုင် လိုက်အပ်တော့ ပိုပြီး လေးနက်တာပေါ့။ သူ့ဖေဖေ့ကို လေးစားပါတယ်။ သူ့အမေနဲ့ ဖေဖေက သူငယ်ချင်းဆိုတော့လဲ ပိုပြောလို့ ကောင်းပါတယ်"

"အဲဒါကြောင့် မျက်နှာပူတာပေါ့၊ သူ့အမေဆုံးသာသွားတယ်၊ သမီး တာဝန်မကျေဘူး၊ သမီးတို့ကိစ္စကြောင့် ဖေဖေလဲ မျက်နှာပူပြီး မရောက်ခဲ့ရဘူး"

စိုးစန္ဒာ စကားမှားသွား၍ ကိုယ့်ပါးကိုယ် ရိုက်ချင်စိတ် ဖြစ်မိသည်။

"ဒါတွေက လွန်ခဲ့ပြီပဲ ဖေဖေရယ်၊ ခုလဲ သူ မကျန်းမာသေးဘူး၊ သူနာပြု ငှားထားရတယ်၊ သမီးကိုယ်တိုင် သူ့ကို တာဝန်ကျေအောင် ပြုစုချင်ပါတယ်၊ ဒါလေးတစ်ခုတော့ သမီးကို ကူညီပါ ဖေဖေရယ်"

စိုးစန္ဒာ ဖခင်၏ဒူးကို ကိုင်လှုပ်၍ တောင်းပန်သည်။

"သမီးဘက်က တကယ်ရော ပြောသလို လုပ်မှာလား"

ဦးသန်းမောင် မယုံချင်သေး။

"စိတ်ချပါ ဖေဖေ၊ သမီး ပြောတဲ့အတိုင်း လုပ်ပါမယ်"

www.burmeseclassic.com

www.burmeseclassic.com



"နောက်ပြီးမှ ဖေဖေ့ကို မျက်နှာပျက်အောင် မလုပ်နဲ့"

"သမီး ကတိပေးပါတယ် ဖေဖေ"

ဦးသန်းမောင် သက်ပြင်းတစ်ချက်ချရင်း သဘောတူလိုက်ရသည်။

❒ ❒ ❒

## အခန်း (၁၈)

ဖူးဝေက နွေဦးကို ရေဖတ်တိုက်ပေးသည်။ သူနာပြုဆရာမလေးက ဘေးမှာ ရပ်ပြီး လုပ်ပုံလုပ်နည်း ညွှန်ပြပေးသည်။

"ရေဖတ်တိုက်ပြီးရင် ရေပြောင်အောင် တဘက်နဲ့သုတ်"

သူနာပြုဆရာမလေးက ဖူးဝေကို တဘက် လှမ်းပေးသည်။ ဖူးဝေ တဘက်ယူ၍ နွေဦးကို ရေပြောင်အောင် သုတ်ပေးသည်။

"ရေပြောင်ရင် ကိုယ်လိမ်းပေါင်ဒါ ထည့်"

ဆရာမလေးက ပေါင်ဒါဘူး ပေးသည်။ နွေဦး၏ ကျောမှာ ပေါင်ဒါဖြူးပြီး ဖူးဝေလက်ဖြင့် ပွတ်ပေးသည်။

"ပေး...ပေး"

ကိုယ်ရှေ့ပိုင်းကိုတော့ နွေဦးက သူ့ဘာသာ ပေါင်ဒါလိမ်းသည်။

"သုံးရက်တစ်ခါ ရေချိုးပေးပေါ့၊ နေ့စဉ် ဟောဒီလိုပဲ ရေဖတ်တိုက်ပေးပေါ့"

ဖူးဝေက ဆရာမလေးကို ခေါင်းညိတ်ပြသည်။

"ဖူးဝေက လုပ်တတ်ပါတယ်"

ဆရာမလေးက ဖူးဝေ လုပ်ပုံကိုင်ပုံကို သဘောကျသည်။

"ကဲ...လာ၊ ဒါက အရေးကြီးတယ်၊ ဟောဒီမှာ ကြည့်၊ ဒါက ယူဇော ဂေါ့ဇ်၊ ဟောဒီစတီးချောင်း သွင်းထားတဲ့ နေရာမှာ အနာမရင်းအောင် ရောဂါပိုး မဝင်အောင် ဆလူးရှင်းနဲ့ သန့်စင်ပေးရမယ်"

ဆရာမလေးက ကိုယ်တိုင် လုပ်ပြသည်။



"တကယ်လို့ အနာရင်းတယ်၊ ပြည်ရှိတယ်ဆိုရင် ဟောဒီယူဇော့်ဂေါ့စ်ကိုထည့်"

ဖူးဝေ ခေါင်းညိတ်ပြသည်။

"ဒါက နေ့စဉ်လုပ်ပေးရမှာနော်"

ဖူးဝေ အသေအချာ မှတ်ထားသည်။

"အနာက မရင်းဘူး၊ မရောင်ဘူးဆိုရင် ဟောဒီ ဆီကောရှင်း ပေါင်ဒါပဲ ထည့်ပေးရမယ်။ ပြီးတာနဲ့ အသင့်ထုတ်ထားတဲ့ အကျီလဲပေး"

သို့သော် အကျီကို နွေဦးက သူ့ဘာသာ လဲနိုင်ပါသည်။ ဘေးမှာ အသင့်ထုတ်ထားသော အကျီကို ယူဝတ်နေပြီ။

"ကဲ...လာ၊ ထမင်းစားခန်းကို သွားရအောင်၊ တိုက်မယ့်ဆေးတွေ ပြမယ်"

ဆရာမလေးက ဖူးဝေကို ထမင်းစားခန်းသို့ ခေါ်သွားသည်။ တိုက်ရမည့် ဆေးများကို ဆေးတိုက်ရမည့်အချိန်၊ တိုက်ရမည့် အရေအတွက်နှင့်တကွ ပြသည်။ ဖူးဝေက အသေအချာ စာနှင့် ရေးမှတ်သည်။ ဆရာမလေးနှင့်အတူ တစ်ပတ်လောက် တွဲ၍ ကူညီလုပ်ကိုင်ပေးနေသောကြောင့် အတော်လေး နားလည်နေပါပြီ။ ဆေးတိုက်ချိန်၊ အစာကျွေးချိန်များကိုလည်း အလွတ်ရနေပါပြီ။

"ဒီဆေးကတော့ အိပ်မပျော်ဘူးဆိုမှ တိုက်ပေါ့၊ တစ်လုံးမတိုက်နဲ့ တစ်ခြမ်းပဲတိုက်"

ဖူးဝေ ခေါင်းညိတ်ပြသည်။ ဆေးပုလင်းလေးကိုလည်း အသေအချာ မှတ်ထားသည်။ ဖူးဝေကို အားလုံးသွန်သင်ညွှန်ကြားပြသပြီး၍ ထွက်လာကြသော့ နွေဦးက ဧည့်ခန်းမှာ စောင့်နေသည်။ ယခုလအတွက် လုပ်ရက် ၂၁ ရက်သာ ရှိသေးသော်လည်း နွေဦးက တစ်နေ့ နှစ်ရာနှုန်းနှင့် တစ်လစာငွေ ခြောက်ထောင် ထုတ်ပေးသည်။

"ကျေးဇူးတင်ပါတယ် ကိုနွေဦး၊ လိုအပ်တာရှိရင်လဲ ပြောပါ။ အချိန်ပြည့် လုပ်နိုင်ရင်တောင် ဖူးဝေကို လိုအပ်တာတွေ လာပြပေးပါ့မယ်"

"ဟုတ်ကဲ့ပါ ဆရာမ၊ ကျေးဇူးတင်ပါတယ်"

"ဖူးဝေက ကောင်းကောင်းလုပ်တတ်ပါတယ်၊ ကိုနွေဦး အပေါ်မှာ စေတနာလဲ ထားတော့ ပြုစုတာ အဆင်ပြေမှာပါ"

ဆရာမလေးက ဖူးဝေကို ထောက်ခံချက်ပေးနေပါသည်။ စိတ်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



လည်း လွှတ်ပြီ ကျွတ်ပြီဟု ဆရာမလေး ဝမ်းသာနေသည်။ နွေဦးကို ပြုစုရတာ အားလုံးအဆင်ပြေသည်။ လခလည်း ကောင်းကောင်းရပါသည်။ သို့သော် ဆရာမလေးအတွက် နေ့စဉ် စိတ်ညစ်စရာတစ်ခုနှင့် ကြုံနေရသည်။ သူ့ချစ်သူက ယောကျ်ားငယ်ငယ်တစ်ယောက်ကို နေ့စဉ် လက်ပွန်းတတီး ပြုစုနေရသည်ကို စိတ်မချနိုင် ဖြစ်နေသည်။ ပြုစုရသူကလည်း မကျန်းမာသူမဟုတ်။ ခြေထောက် ကျိုးနေရုံသာ ဖြစ်သည်။ တွန်းလှည်းနှင့် သွားလာနိုင်သည်။ တစ်လကျော်က တည်းက သဝန်တိုစိတ်နှင့် ငြူစူနေခဲ့သည်။ ဆက်မလုပ်ရန် ဟန့်တားနေခဲ့သည်။ ခုတော့ ပြဿနာရှင်းသွားပြီ။ သူ့ချစ်သူ အငြူစူခံနေရသောဘဝမှ လွှတ်မြောက် သွားပြီ။ ဆရာမလေးအပြန်မှာ မဟော်ဂနီခြံကြီး၏ ဝင်းပေါက်အထိ ဖုးဝေ လိုက်ပို့သည်။ ဝင်းပေါက်ဝမှာ လူငယ်တစ်ယောက် စောင့်နေသည်။ ဆရာမ လေး ပြောပြထား၍ ဖုးဝေ အားလုံး သိထားပြီ ဖြစ်သည်။

"အေးလေ...ကိုယ်ချစ်သော မိန်းမချောလေးက လူငယ်ယောကျ်ားတစ် ယောက်ကို အကြာကြီးပြုစုနေရတော့ သူလဲ စိုးရိမ်လာမှာပေါ့"

စောင့်နေသော လူငယ်ကို ဖုးဝေ စာနာမိသည်။ ဆရာမလေးက ဝင်းပေါက်မှ အထွက်တွင် ဖုးဝေကို အပြုံးနှင့် နှုတ်ဆက် ၍ လက်ပြသည်။

"ဟုတ်တော့ ဟုတ်တာပဲ၊ ဆရာမလေးက ဖြူဖြူနုနု ချောချောလေး"

ဖုးဝေကိုယ်တိုင် သက်ပြင်းတစ်ချက်ကို မသိမသာ ချလိုက်မိပါသည်။

□ □ □

# အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၉)

နံနက်ခင်း၏ နေမင်းကြီးက သူ၏ ရောင်ခြည်နုများနှင့် လောကကို ပက်ဖျန်းနေသည်။ နွေဦး ထိုင်နေကျ ပြတင်းပေါက်သို့ သွား၍ ကြည့်နေကျ မဟော်ဂနီပင်တန်းဆီသို့ လှမ်းကြည့်လိုက်သည်။ မဟော်ဂနီပင်များတွင် ရွက်နုများ ဝေနေပြီ။ ပြောင်လက်နုညက်သော ရွက်သစ်နုတို့သည် နေခြည်နုနှင့် တွေ့သောအခါ လောက၏ အလှရတနာအဖြစ် တောက်ပနေကြသည်။ သြော်... လောကကြီးမှာ အဟောင်းတွေ ကြွေသလို အသစ်တွေ ဝေတာလည်း ရှိနေကြတာပဲ။ အပျက်တွေ ရှိနေကြသလို အဖြစ်တွေလည်း ရှိနေကြတာပဲဟာ။ အားပျက်ရာ ကြုံရသလို အားတက်စရာတွေလည်း တွေ့နေရတာပဲ။ နွေဦးတစ်ယောက်တည်း အတွေးတွေ ပွားနေရသည်။ မဟော်ဂနီပင်များ၏ ခေါင်းဖျားဆီသို့ မော့ကြည့်လိုက်သည်။ အပြစ်ကင်းစင်သော ဖူးဝေ၏ မျက်နှာလေးကို မြင်ယောင်လာသည်။ နွေဦး အတွေးနက်နေရာမှ အပြုံးနုလေးတစ်ခု မျက်နှာပေါ်မှာ ဖြတ်သန်းသွားသည်။ ဤခြံကြီးထဲမှာ ကြွေတာတွေအစား ဝေတာလေးတစ်ခုကို မြင်ယောင်ကြည့်မိသည်။ ဖူးဝေကို မြင်မြင်ချင်း ခင်မင်မိသည်။

ရိုးသားမှုနှင့် ကျေးဇူးတရား နားလည်မှုကို တွေ့ရသောအခါ စေတနာစိတ်လည်း ဖြစ်လာရသည်။ ထိုစေတနာကြောင့်ပင် အားပျက်နေရာမှ အားတက်စိတ်လေးတွေ ဝင်လာသည်။ ခြံထဲသို့ ကားဝင်လာသံ ကြားရသည်။

"ဘယ်က ကားပါလိမ့်"

ပြတင်းပေါက်မှ လှမ်းကြည့်လိုက်သည်။ ဤကားကို မြင်ဖူးသည်တူအင်သည်။ ခြံဝင်းတံခါး ဖွင့်ထားလို့လား။ သူတို့ဘာသာ ဖွင့်ဝင်လာတာလား။

www.burmeseclassic.com



နွေဦး ကြည့်နေစဉ်ပင် ကားလေးက အိမ်ရှေ့မှာ ရပ်လိုက်သည်။

ကားတံခါးနှစ်ဖက် ပွင့်လာပြီး ဆင်းလာသူနှစ်ယောက်ကို တွေ့ရသည်။

"ဟင်…"

နွေဦးတစ်ကိုယ်လုံး အကြောအခြင်များ တောင့်တင်းသွားသည်။ ညာဘက်ခြေထောက်မှာ မျက်ခနဲပင် နာကျင်သွားသည်။

"ဘာကိစ္စလာကြတာလဲ"

လုံးဝမကြည့်ချင်၊ မမြင်ချင်။

"စိုးစန္ဒာ"

လာရဲသည်ကိုပင် အံ့ဩနေသည်။ အကျယ်လောင်ဆုံး အော်ဟစ်ပြီး ငေါက်ထုတ်ပစ်လိုက်ချင်သည်။ သို့သော် ဦးသန်းမောင် ပါနေသည်။ အသက်အရွယ်ကြီးသည်၊ အမေနှင့် ရင်းနှီးခင်မင်သောမိတ်ဆွေ။ သူ့ကို မြင်မည်စိုး၍ နွေဦး တွန်းလှည်းဘီးများကို အမြန်တွန်းလှိမ့်ပြီး တံခါးပေါက်နားမှ နောက်ဆုတ်လိုက်သည်။ တွန်းလှည်းကို အိပ်ရာခုတင်ဘေးအထိ တွန်းသွားပြီး ရပ်နေလိုက်သည်။ ဧည့်ခန်းဘက်မှ စကားပြောသံများ ကြားနေရသည်။ အိမ်ထဲသို့ ရောက်နေကြပြီ။ ဒေါ်မြအေးနှင့် စကားပြောနေကြဟန်တူသည်။

"တောက်…မိုက်ရိုင်းလိုက်တဲ့ မိန်းမ၊ အိမ်ထဲအထိများ ဝင်လာရတယ်လို့"

နွေဦး လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။ ဒေါသကြောင့် တစ်ကိုယ်လုံး ပူလောင်လာသလို ခံစားရသည်။ ဧည့်ခန်းဘက် ထွက်တွေ့ရန် ဆုံးဖြတ်စဉ်မှာပင် ဒေါ်မြအေး အခန်းထဲသို့ ဝင်လာသည်။

"ဘာလဲ ဒေါ်ကြီး"

နွေဦးလေသံက ဒေါသပါသည်။

"စိုးနဲ့ သူ့အဖေ ဧည့်ခန်းမှာ ရောက်နေတယ်"

"သိတယ် ဘာကိစ္စရှိလို့လဲ"

နွေဦး၏ လေသံက ခက်ထန်လွန်း၍ ဒေါ်မြအေး ဆက်ပြောရန် ခက်သွားသည်။

"ဟို…သူ မောင်နွေဦးနဲ့ တွေ့ချင်လို့တဲ့"

"သူနဲ့ တွေ့စရာ ကျွန်တော့်မှာ ဘာအကြောင်းမှ မရှိပါဘူး"

"မောင်၊ ဧည့်ခန်းဘက်ကို ထွက်ခဲ့ပါဦးမောင်ရယ်၊ ဖေဖေလဲ ပါပါတယ်။



မောင်မလာနိုင်ရင် စိုးဝင်လာခဲ့ရမှာလား"

ဧည့်ခန်းဘက်မှ စိုးစန္ဒာက ငိုသံပါနှင့် လှမ်းအော်ပြောနေသည်။

"မလာနဲ့၊ လုံးဝ မလာနဲ့"

နွေဦးက ဒေါသနှင့် အော်လိုက်သည်။

"စိုးနဲ့ မပြောချင်ရင် ဖေဖေနဲ့တော့ ခဏပြောပါ မောင်ရယ်၊ စိုး တောင်းပန်ပါတယ်"

စိုးစန္ဒာ အသနားခံနေသည်။

"တစ်ခုခုတော့ ထွက်ပြောမှ ကောင်းမယ်ထင်တယ် မောင်နွေဦး"

ဒေါ်မြအေးက အသံတိုးတိုးနှင့် အကြံပြုနေသည်။

"ရတယ်၊ ဟင်း…တွေ့ရသေးတာပေါ့"

နွေဦး တွန်းလှည်းကို ကိုယ်တိုင်တွန်းပြီး ဧည့်ခန်းဘက်သို့ ထွက်လာခဲ့သည်။

"အို…မောင်ရယ်၊ ဖြစ်မှဖြစ်ရလေ"

နွေဦးကို ကြည့်ပြီး စိုးစန္ဒာ ဝမ်းနည်းကြေကွဲဟန်နှင့် ငိုသည်။ ဦးသန်းမောင်က စိတ်မကောင်းသော မျက်နှာနှင့် တွန်းလှည်းနှင့် ထွက်လာသော နွေဦးကို ကြည့်နေသည်။

"ဘာလဲ၊ မင်းက ငါ့ကို အသေသတ်ချင်လို့ လာတာလား"

စိုးစန္ဒာက မျက်နှာကို လက်ဝါးနှစ်ဖက်နှင့် အုပ်၍ ငိုရင်းမှ ခေါင်းယမ်းပြသည်။

"မဟုတ်ပါဘူး မောင်ရယ်၊ စိုး သိပ်ဝမ်းနည်းပါတယ်၊ မောင့်ကို စိုး တောင်းပန်ပါတယ်"

"မင်း ဘာမှ တောင်းပန်စရာမလိုဘူး၊ ငါ မင်းနဲ့ ဘာမှ ထပ်ပြီး မပတ်သက်ချင်ဘူး"

စိုးမှားပါတယ် မောင်ရယ်၊ စိုးကို ခွင့်လွှတ်ပါ။ စိုး မောင့်ကို မြင်ရတာ"

စိုးစန္ဒာက ဆက်မပြောနိုင်ဘဲ ရှိုက်ကြီးတငင် ငိုသည်။

"စိုးအပြစ်တွေ ကျေအောင် မောင် ကျန်းမာလာတဲ့အထိ စိုး ပြုစုပါရစေ၊ မောင် စိုးကို ပြန်မပေါင်းချင်နေပါ၊ မောင့်ခြေထောက်တွေ ကောင်းလာအောင်တော့ ပြုစုခွင့်ပေးပါ… မောင်ကျန်းမာလာတဲ့အခါကျတော့ စိုးကို မလိုချင်တော့ရင် နှင်ချလိုက်ပါမောင်၊ စိုး ထွက်သွားပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



စိုးစန္ဒာက ငိုရင်း ပြောရင်းနှင့်လည်း ရှိုက်ကြီးတငင် ငိုသည်။ နွေဦး ဒေါသတကြီး အော်ဟစ်မည် ပြုစဉ်မှာပင်…

“ဟုတ်ပါတယ် မောင်နွေဦးရယ်၊ သမီးက သူ့အပြစ်သူ မြင်ပြီး နောင်တရလို့ ဦးကို ပြန်လိုက်အပို့ခိုင်းတာပါ”

ဦးသန်းမောင်က နွေဦးကို ရှင်းပြသည်။

“ဦးလဲ သူ့ကို ပြင်းပြင်းထန်ထန် ဆူပြောပြီးပါပြီ”

“စိုးလဲ မောင်က မရိုက်စဖူး ပါးရိုက်လိုက်တော့ ရင်ထဲမှာ သိပ်နာသွားလို့ပါမောင်၊ စိုး တောင်းပန်ပါတယ်၊ စိုး မောင့်ကို ပြုစုပါရစေ”

စိုးစန္ဒာ ငိုရှိုက်၍ နေပြန်သည်။

“ဦးလဲ မျက်နှာပူပူနဲ့ လာပြောရတာပါ၊ ဦးတောင်းပန်ပါတယ်ကွာ၊ ဒီတစ်ခါတော့ ဦးမျက်နှာထောက်ပြီး ပြန်လက်ခံပါ၊ သမီးက သူ့အပြစ်သူမြင်ပြီး မောင်နွေဦးကို ပြန်ပြုစုချင်တယ်ဆိုတာ ခွင့်ပြုလိုက်ပါ၊ နောက်တစ်ခါဆိုရင်တော့ မောင်နွေဦး ခွင့်မလွှတ်ပါနဲ့၊ ဦးလဲ လိုက်မပြောတော့ပါဘူး”

“ဟုတ်ပါတယ် မောင်ရယ်၊ စိုးကို ဒီတစ်ကြိမ်တော့ ခွင့်လွှတ်ပါ၊ နောက်တစ်ခါဆိုရင် မောင်ကြိုက်သလိုပြုပါ၊ စိုး မောင့်ကို…”

စိုးစန္ဒာက ပြောရင်းမှ ဝမ်းနည်းကြေကွဲစွာနှင့် ရှိုက်ကြီးတငင် ငိုပြန်သည်။ သားအဖနှစ်ယောက် အပြန်အလှန် အလုအယက်ပြောနေကြ၍ နွေဦး ဘာပြောရမှန်းပင် မသိ။ စောစောက ဒေါသတကြီး ပြောလိုက်မည်ဟု ပြင်ဆင်ထားသော စကားများလည်း ဘယ်ပျောက်ကုန်မှန်းမသိ။

“ကဲ…မောင်နွေဦး၊ ဦးကို ခွင့်ပြုပါကွာ၊ ဦးပြန်ပါရစေတော့…”

ဦးသန်းမောင်က ထိုင်နေရာမှ ထလိုက်သည်။ နွေဦးနှုတ်မှာ ဆွံ့အသလိုဖြစ်နေသည်။ ဦးသန်းမောင်ကို စိုးစန္ဒာပါ တစ်ခါတည်း ခေါ်သွားရန် ပြောချင်သည်။ သို့သော် နှုတ်က ဘာမျှမထွက်။ ကိုယ့်ကိုယ်ကိုပင် မကျေနပ်။ စိုးစန္ဒာကတော့ ရှိုက်ကြီးတငင်ငိုနေဆဲ။ ဧည့်ခန်းထဲမှာ ရှိနေသော စိုးစန္ဒာ၏ အိတ်ကြီးနှစ်ခုကို ခုမှ နွေဦး သတိထားမိသည်။

“သူတို့က တစ်ခါတည်း အပြီးအပြတ် လုပ်ကြတာကိုး”

ရင်ထဲမှာတော့ ခံပြင်းနေမိသည်။

“မောင်…စိုး မောင့်ကို သိပ်ချစ်ပါတယ်။ မောင်…မောင်နဲ့ ခွဲနေရမှ မောင် စိုးအပေါ် ကောင်းခဲ့တာတွေကို သတိရလို့ စိုး ပြန်လာတာပါ မောင်၊



စိုး မောင်နဲ့ မခွဲနိုင်ဘူး မောင်”

စိုးစန္ဒာက နွဲ့နွဲ့လေး လျှောက်လာသည်။ ကိုယ်လုံးလေးက လှလှလေး။

“သူ တကယ်ပြောနေတာလား၊ တကယ် နောင်တရတာလား”

နွေဦး စိတ်ထဲမှာ ဝေဝါးလာရသည်။ စိုးစန္ဒာက နွေဦးရှေ့မှာ ဒူးထောက်လိုက်သည်။

နွေဦးကို မော့ကြည့်နေသော စိုးစန္ဒာ၏ ပါးပေါ်မှာ မျက်ရည်များ တလိမ့်လိမ့်စီးကျနေသည်။

“သူ တကယ် နောင်တရပြီး ဝမ်းနည်းနေတာလား”

အားနွဲ့သော မိန်းမတစ်ယောက်၏ မျက်ရည်မှာ ခွန်အားကြီးမားလှသည်။ အားကြီးသော ယောကျာ်းတစ်ယောက်၏ ဒေါသကို ပျော့ညံ့သွားစေသည်။ ဟနေသော ခန်းဆီးလိုက်ကာကြားမှ နေ၍ စိုးစန္ဒာကို ဖွားဖေ လှမ်းမြင်နေရသည်။

“အဲဒါ မောင်နွေဦးရဲ့ မိန်းမလေ”

ဒေါ်မြအေးက ဖွားဖေ သိအောင် တိုးတိုးပြောသည်။

“သနားပါတယ် ဒေါ်ကြီးရယ်”

ဒူးထောက်တောင်းပန်ရင်း မျက်ရည်ကျနေသော စိုးစန္ဒာကို ကြည့်၍ ဖွားဖေ သနားနေသည်။

“ဟင်း…သူ့ကြောင့် မောင်နွေဦး ခုလိုဖြစ်ရတာ”

ဒေါ်မြအေးကတော့ စိုးစန္ဒာကို သဘောမကျ။

“မောင်…စိုးကို ခွင့်လွှတ်တယ်နော် မောင်”

နွေဦး ဘာမျှ ပြန်မပြောပါ။

“စိုး မောင့်ကို ပြုစုရမယ်၊ နော်…မောင်”

စိုးစန္ဒာက ချွဲချွဲနွဲ့နွဲ့လေး ပြော၍ တွန်းလှည်းပေါ်မှအောက်သို့ ချထားသော နွေဦး၏ ခြေထောက်အစုံကို ဖွဲ့ပိုက်ထားလိုက်သည်။

“မောင်…”

စိုးစန္ဒာက နွေဦး၏ မျက်နှာကို ရွှန်းလဲ့တောက်ပသော မျက်ဝန်းအစုံနှင့် မော့ကြည့်နေသည်။ နွေဦး သက်ပြင်းတစ်ချက်ကိုသာ ချလိုက်နိုင်သည်။

“မောင်…စိုးခေါ်တာကို ထူးပါဦး မောင်”

ထမင်းစားခန်းထဲရှိ ဖွားဖေထိုင်နေသော နေရာမှ စိုးစန္ဒာကို အားတိုတ်ငေးနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



"သိပ်လှတဲ့ အစ်မ"

စိုးစန္ဒာ၏ အလှကို ဖူးဝေ သဘောကျသည်။ ကိုကိုကြီးက ခွင့်လွှတ်စေချင်စိတ် ဖြစ်မိသည်။

"ဒီအစ်မနဲ့အတူ ဒီအိမ်ကြီးမှာ နေရရင် သိပ်ပျော်စရာကောင်းမှာ"

"မောင် ...ထူးလေ၊ မောင်"

လှသောမျက်နှာမှ လှသော နှုတ်ခမ်းလေးတွေ လှုပ်ရှားနေသည်။ ဖူးဝေအတွက် ရုပ်ရှင်ကားကောင်းတစ်ခုကို ကြည့်မြင်နေသလို ခံစားရသည်။ နွေဦးက မထူး၊ ဘာမျှလည်း ပြန်မပြော။

"မောင် ...စိုးကို ခွင့်လွှတ်ပါတယ်နော်"

ခေါင်းလည်း မညိတ်၊ ခေါင်းလည်း မခါ။ စိုးစန္ဒာကို တစ်ချက် လှမ်းကြည့်ပြီး သူ့အခန်းဘက်သို့ ပြန်ဝင်သွားသည်။

"စိုးဝမ်းသာလိုက်တာ မောင်ရယ်"

စိုးစန္ဒာက သူ့ဘာသာ အတည်ပြုပြီး ကြေညာချက်ထုတ်လိုက်ခြင်း ဖြစ်သည်။ ထိုကြေညာချက်ကို နွေဦး ကြားသည်။ ထို့ကြောင့် ကြေညာချက်သည် တကယ်မင် အတည်ဖြစ်သွား၏။

□ □ □

## အခန်း (၂၀)

စိုးစန္ဒာ နောက်ဘက်ခန်းသို့ ရောက်လာသည်။

မျက်နှာမှာ စောစောကနှင့် မတူတော့ပါ။

အိမ်ကြီးရှင်မ၏ပုံ၊ တင်းတင်းတည်တည် ဖြစ်သည်။

"ဒေါ်မြအေး ...အပေါ်ထပ်က စိုးတို့နေတဲ့အခန်း ဘာလုပ်ထားလဲ"

"ဘယ်သူမှ မနေပါဘူး၊ ပိတ်ထားပါတယ်"

"ကဲ ...အဲဒါဆို ချက်တာပြုတ်တာတွေ ထားခဲ့၊ အပေါ်က အခန်း လိုက်ရှင်းပေးဦး"

ခိုင်းပုံက အမိန့်ပေးသံနှင့် ဖြစ်သည်။ ကုလားထိုင်တစ်လုံးမှာ ထိုင်နေသော ဖူးဝေကို လှမ်းကြည့်လိုက်သည်။



"ဒီကောင်မလေးက ဘယ်ကလဲ၊ ခိုင်းဖို့ ခေါ်ထားတာလား"

မေးပုံက အပေါ်စီးလေနှင့်။

"ဟုတ်ပါတယ်၊ ဒေါ်ကြီးတူမလေးပါ"

"အဲဒါဆို ကောင်မလေး၊ ဟိုညှို့ခန်းက အိတ်နှစ်အိတ် သွားသယ်ခဲ့"

စိုးစန္ဒာအိမ်ပေါ်သို့ တက်သွားနှင့်သည်။

ဖူးဝေ ညှို့ခန်းမှ အိတ်ကြီးနှစ်အိတ်ကို သွားသယ်ရသည်။

အိတ်ကြီးတွေက အလေးကြီးမို့ ဖူးဝေ မနိုင်မနင်း သယ်ရ၏။

ဒေါ်ကြီးခမျာ အခန်းရှင်းနေရရှာသည်ကို ဖူးဝေ တွေ့ရသည်။

"ဟိုအခန်းက ဘယ်သူနေတာလဲ ဒေါ်မြအေး"

အနောက်ဘက်ထောင့်ခန်း တံခါးပွင့်၍ လူနေသော အခြေအနေကို တွေ့ရသောကြောင့် စိုးစန္ဒာ မေးခြင်းဖြစ်သည်။

"ဖူးဝေ နေတာပါ"

"ဖူးဝေဆိုတာ ဘယ်သူလဲ"

"သူပါ"

ဒေါ်မြအေးက ဖူးဝေကို ပြသည်။

"ကောင်းကြရော၊ ငါမရှိရင် အိမ်ကလဲ ဖြစ်ချင်သလိုဖြစ်နေတာ၊ အိမ်ဖော်ကို အိမ်ပေါ်တင်ထားရတယ်လို့ လူကြီးက အောက်က၊ ခေါင်းပေါ်တင်ထားတယ်ဆိုတာ ဒါမျိုးပေါ့"

"မောင်နွေဦး ထားတာပါ"

"သူက လူမမာပဲ၊ ဘာမှ စိတ်ဝင်စားမှာ မဟုတ်ဘူး၊ ဒေါ်မြအေးက တော်မတော် စဉ်းစားမှပေါ့"

စောစောက ဖူးဝေ သနားခဲ့မိသော စိုးစန္ဒာသည် ခုတော့ ကြောက်စရာ ဖြစ်နေပြီ။

"ဟဲ့ ...ကောင်မလေး၊ ညည်းပစ္စည်းတွေ ယူသွား၊ အောက်ထပ်က ဒေါ်မြအေး အခန်း အကျယ်ကြီးပဲ၊ အဲဒီမှာပဲ ပေါင်းနေကြ"

"ဟုတ်ကဲ့ပါ"

ဖူးဝေ သူ့ပစ္စည်းများကို သွားယူသည်။

"ဟဲ့ ...ပြီးရင် မြန်မြန်ပြန်လာခဲ့၊ ဒီအခန်းကူရှင်းရမယ်"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဖူးဝေ ပစ္စည်းက များများစားစား မဟုတ်။ တစ်ခေါက်နှင့်ပင် သယ်၍ ပြီးသွားသည်။ အိမ်အကျယ်ကြီးမှာ ဖူးဝေတို့အတွက် ချက်ချင်း ကျဉ်းကျဉ်းလေး ဖြစ်သွားသည်။ ဖူးဝေ ခပ်မြန်မြန်ပြန်တက်လာခဲ့သည်။

"ဒေါ်ကြီး...ပေး၊ ဖူးဝေ ရှင်းမယ်"

ဖူးဝေက ဒေါ်မြအေးထံမှ တံမြက်စည်းကို ယူပြီး အခန်းထဲမှာ ရှင်းပေးသည်။

"မောင်နွေဦးက ဒီအပေါ်ထပ်မှာ နေမှာလား"

ဒေါ်မြအေး မဝံ့မရဲ စိုးစန္ဒာကို မေးကြည့်သည်။

"ဒီအပေါ်မှာ နေရမှာပေါ့၊ ဘာဖြစ်လို့လဲ"

"ဟို...တက်ရ ဆင်းရမို့"

"ဘာဖြစ်လို့ တက်ရဆင်းရမှာလဲ၊ အပေါ်မှာလဲ ရေချိုးခန်း၊ အိမ်သာခန်း ရှိတာပဲ၊ ကျွေးတာ မွေးတာတော့ အပေါ်ပို့ပေးရမှာပေါ့။ ဒေါ်မြအေးတို့နှစ်ယောက် ရှိတာပဲ၊ မလုပ်နိုင်ဘူးလား"

"လုပ်နိုင်ပါတယ်"

စိုးစန္ဒာ မေးပုံက မာရေကျောရေ နိုင်သည်။

"ကိုကိုကြီးနဲ့တော့ တခြားစီပဲ"

စိုးစန္ဒာကို ဖူးဝေ ကြောက်လာသည်။

စောစောက ချောချောလေးဟု သဘောကျခဲ့သောမျက်နှာမှာ ခုတော့ အပုရောင်များကို မြင်နေရသည်။ ပြောပုံဆိုပုံ လေသံကလည်း ပူသည်။ လောင်သည်။

"မောင်နွေဦးက တွန်းလှည်းနဲ့ သွားလာနေတော့"

"ဘာဖြစ်လဲ၊ တွန်းလှည်းကို အိမ်ပေါ်တင်မှာပေါ့"

ဒေါ်မြအေး ခေါင်းညိတ်ပြလိုက်သည်။

ဆက်ပြောစရာ မရှိတော့ပါ။

"ဟဲ့ကောင်မလေး၊ ခုတင်အောက်ထိ ဝင်ပြီး ဖုန်တွေပြောင်အောင် လှည်းစမ်း၊ လက်ကြောတင်းအောင် လုပ်"

ဖူးဝေ ခုတင်အောက်ထိ ဝင်လှည်းရသည်။ စိုးစန္ဒာက အခန်းကိုသာမက အပေါ်ထပ်တစ်ခုလုံး သူ့စိတ်တိုင်းကျ ပြင်ဆင်ခိုင်းစေ၍ ဒေါ်မြအေးရော ဖူးဝေပါ အောက်ထပ်သို့ မဆင်းနိုင်။ အပေါ်ထပ်မှာပင် အလုပ်ရှုပ်နေသည်။



"ဟင်...ဒေါ်ကြီး၊ ကိုကိုကြီး ဆေးတိုက်ဖို့အချိန် ရောက်နေပြီ ထင်တယ်"

ဖူးဝေ သတိရ၍ အောက်ထပ်သို့ ဆင်းမည်ပြုသည်။

"ဟဲ့...ကောင်မလေး၊ နေဦး၊ ကိုကိုကြီးဆိုတာ ဘယ်သူလဲ"

"ဟို...ဟို..."

ဖူးဝေ ဘယ်လိုပြောရမှန်း မသိ။

"မောင်နွေဦးကို ပြောတာပါ"

ဒေါ်မြအေးက ဝင်ဖြေရသည်။

"ဘာ..ညည်းက ကိုကိုကြီးလို့ခေါ်တယ် ဟုတ်လား"

ဖူးဝေ ဘာမျှမဖြေရဲ။

"အံ့သြပါရဲ့အေ၊ ငါသာ မြန်မြန်ပြန်မလာရင် ဒုက္ခပါလား"

ဖူးဝေ ရှက်သွား၍ မျက်နှာပူပူထူထူ ဖြစ်သွားသည်။

"ဒီနေ့ကစပြီး ညည်း ဆေးတိုက်ဖို့ မလိုဘူး၊ ငါ့ဘာသာတိုက်မယ်၊ ကြားလား"

ဖူးဝေ ခေါင်းညိတ်ပြသည်။

"နောက်ထပ် ပြောစရာ ရှိသေးတယ်။ ဒေါ်မြအေးရော ညည်းရော မှတ်ထား၊ ငါ့ယောကျ်ားနဲ့ ပတ်သက်တဲ့ကိစ္စမှန်သမျှ ငါ့ဘာသာ လုပ်မယ်... ကိုယ့်အလုပ်ကို ကိုယ်လုပ်ကြ၊ ငါခိုင်းတာပဲလုပ်၊ မျက်နှာလိုအားရ အပိုတွေ ဘာမှ မလုပ်နဲ့၊ ပြီးတော့ ငါ့ယောကျ်ားကို ကိုကိုကြီးလို့လဲ မခေါ်နဲ့၊ ငါမကြိုက်ဘူး"

ဖူးဝေ မယောင်္ကနီခြံကြီးကို ရောက်ကတည်းက ရရှိခဲ့သော အပျော်စိတ်ကလေးများ ထွက်ပြေးပျောက်ကွယ်သွားကြသည်။ ဤခြံကြီးမှာ နေချင်စိတ်ပင် မရှိတော့ပါ။ သို့သော် တခြားကိုလည်း သွားစရာမရှိ။

"ဒီအပေါ်မှာပဲ ခိုင်းတာတွေကို ပြီးအောင်လုပ်ကြ"

စိုးစန္ဒာ အိမ်အောက်သို့ ဆင်းသွားသည်။ ဖူးဝေကိုကြည့်ပြီး ဒေါ်မြအေး စိတ်ပျက်စွာ ခေါင်းခါပြလိုက်သည်။ ဖူးဝေ သက်ပြင်းမောလေးတစ်ချက် ချမိသည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၁)

"ဒေါ်မြအေး၊ အောက်ကိုဆင်းခဲ့ဦး"

စိုးစန္ဒာ၏ ခေါ်သံကြောင့် ဒေါ်မြအေး အောက်ထပ်သို့ အမြန်ဆင်းသွားသည်။

"မောင်စားဖို့ ဘာလုပ်ထားလဲ"

"ကြက်သားစွပ်ပြုတ် လုပ်မလို့ ပြင်ထားတာ၊ အိမ်ပေါ်မှာ သန့်ရှင်းရေးလုပ်နေလို့ မချက်ရသေးဘူး"

"ဩော်...စိတ်ပျက်စရာ၊ တစ်မနက်လုံး ဘာလုပ်နေမှန်းလဲ မသိဘူး။ ခု မြန်မြန်ချက်"

စိုးစန္ဒာ ဆေးတိုက်ရန်ပြင်သည်။ သို့သော် ဘာဆေးကို ဘယ်လောက်တိုက်ရမှန်းမသိ။ ဒေါ်အေးမြ ခုချိန်မှာ ဘာဆေးတိုက်ရမှာလဲ သိလား။ ဒေါ်အေးမြကို မေးရပြန်သည်။

"မသိဘူး၊ ဖူးဝေမှ သိတယ်"

"ဟင်...ဆေးကို သူအမြဲတိုက်နေတာလား"

"သူနာပြုဆရာမလေးက သူ့ကိုပြထားခဲ့တယ်"

"အဲဒီကောင်မလေးကို ခေါ်လိုက်စမ်း"

ဒေါ်မြအေး အပေါ်ထပ်တက်သော လှေကားရင်းအထိ လျှောက်သွားလိုက်သည်။

"ဖူးဝေရေ၊ အောက်ဆင်းခဲ့ဦးဟေ့"

ခေါ်ကြီး ခေါ်သံကြား၍ ဖူးဝေ အောက်ထပ်သို့ ဆင်းလာခဲ့သည်။ မေးသံ ဖြေသံ၊ ခေါ်သံ၊ အော်သံများကြောင့် နွေဦးတွန်းလှည်းဘီးများကို တွန်း၍ ထမင်းစားခန်းဘက်သို့ ကူးလာသည်။ ဖူးဝေ လှေကားအောက်အဆင်းမှာ တွေ့၍ သူ့ကူတွန်းမည် ပြုပြီးမှ စိုးစန္ဒာကို ကြောက်၍ ကိုယ်ရှိန်သတ်ပြီး စိုးစန္ဒာဘက်သို့ လှည့်ကြည့်လိုက်သည်။ နွေဦး သတိထားမိသည်။ သိပ်ပါးသော စိုးစန္ဒာကလည်း မြင်လိုက်သည်။



"မောင်...ဘာလို့ ဒီဘက်ကူးလာတာလဲ၊ ကိုယ့်အခန်းဘက်မှာပဲ ကိုယ်နေလေ၊ ဘာလိုချင်လို့လဲ၊ စိုးကို ခေါ်လိုက်ရောပေါ့ မောင်ရယ်"

စိုးစန္ဒာက ပျာပျာသလဲ ဖြစ်နေသည်။

"ဆေးသောက်ချိန်ရောက်နေပြီ ဖူးဝေ၊ ဆေးတိုက်ဖို့လုပ်လေ"

နွေဦးက ဖူးဝေကို လှမ်းပြောသည်။ ဖူးဝေမတိုက်ရဲ၊ စိုးစန္ဒာကို လှမ်းကြည့်လိုက်သည်။

"ဟဲ့...လူကြီးက ပြောနေတာ မကြားဘူးလား၊ ဘာကြောင့်ကြည့်နေတာလဲ၊ ဆေးတိုက်ဖို့ လုပ်လေ"

စိုးစန္ဒာ၏ ခွင့်ပြုချက်အမိန့်ရမှ ဖူးဝေ ဗီရိုလေးပေါ်မှ ဆေးပုလင်းများကို ယူပြီး တိုက်ရမည့် ဆေးများကို စတီးလင်ဗန်းလေးထဲမှာ ထည့်လိုက်သည်။

"ပေး...ပေး၊ ငါ့ကိုပေး၊ လုပ်နေတာလဲ နှေးလိုက်တာ"

ဖူးဝေထံမှ ဆေးထည့်ထားသော လင်ပန်းလေးကို စိုးစန္ဒာ ဆွဲယူပြီး နွေဦးရှေ့မှာ ချပေးသည်။

"ကော်ဖီကော"

နွေဦးက ဖူးဝေကို လှမ်းမေးသည်။

ဖူးဝေသိပါသည်။ နွေဦးဆေးသောက်လျှင် ကော်ဖီနှင့် သောက်တတ်သည်။

သို့သော် စိုးစန္ဒာထံမှ ခွင့်ပြုမိန့်မရ၍ မဖျော်ရဲ။

"ဟဲ့...ကော်ဖီတစ်ခွက်ဖျော်လေ၊ မြန်မြန်လုပ်၊ ညည်းတို့ဟာက အကုန်ပြောနေရတာပါလား၊ ကိုယ့်အသိနဲ့ကိုယ် အချိန်မီအောင် လုပ်မထားကြဘူး"

စိုးစန္ဒာ အပြစ်ပြောနေသည်ကို ဖူးဝေ ဂရုစိုက်မနေတော့ပါ။ ခွင့်ပြုမိန့်ရသည်နှင့် ကော်ဖီမစ်တစ်ထုပ်ဖောက်ပြီး ဖျော်သည်။

"ဒီနေ့တော့ သည်းခံပါ မောင်ရယ်၊ နောက် စိုးကိုယ်တိုင် အားလုံးလုပ်ပါ့မယ်။ သူတို့နဲ့ လွှဲထားလို့ ဘာမှ စိတ်မချရဘူး"

စိုးစန္ဒာက နွေဦးကို တောင်းပန်ရင်း ဖူးဝေကို အပြစ်တင်လိုက်သည်။

ဖူးဝေ မြန်သည်။ ကော်ဖီဖျော်၍ ပြီးသွားပြီ။

"ပေး...ပေး...ငါ့ပေး၊ ညည်းတို့နဲ့လွှဲထားလို့ မရဘူး၊ နောက်နေ့တွေကျရင် စိုးကိုယ်တိုင် ဖျော်တိုက်ပါ့မယ် မောင်ရယ်"

စိုးစန္ဒာက ဖူးဝေကို အပြစ်တင်ရင်း နွေဦးကို တောင်းပန်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖူးဝေရင်ထဲမှာ စိတ်ပျက်ခြင်းနှင့် ရယ်ချင်စိတ် ရောထွေးနေသည်။ အတော်တတ်နိုင်တဲ့ အိမ်ကြီးရှင်မဟုလည်း အံ့ဩနေသည်။

"ဒေါ်မြအေး၊ ကြက်သားစွပ်ပြုတ် ရပြီလား"

စိုးစန္ဒာက မီးဖိုဘက်သို့ လှမ်းအော်မေးသည်။

"လုပ်နေပါပြီ၊ ကြက်သားမနူးသေးလို့"

ဒေါ်မြအေး နောက်ဘက်မှ ပြန်ဖြေသည်။

"စိတ်ပျက်စရာပဲ၊ တစ်မနက်လုံး ဘာလုပ်နေကြမှန်း မသိဘူး၊ ဘာမှ အဆင်သင့်မဖြစ်ဘူး"

ကိုယ့်ကြောင့် ဖြစ်သမျှ သူများအပြစ်ချည်းဖြစ်အောင် လုပ်တဲ့နေရာမှာ တော်တော်ကို တော်တာပဲဟု ဖူးဝေ အံ့ဩရပြန်သည်။ ဒီအမျိုးသမီးဟာ တော်တော်ကို မရိုးမသားနိုင်သူပဲ။ စိတ်ကောင်းလည်း လုံးဝရှိပုံမရဘူးဟု သတိထားလိုက်သည်။

"နောက်နေ့ကျရင်တော့ အဆင်ပြေအောင် စိုးကိုယ်တိုင် အားလုံး စီစဉ်ပါ့မယ်၊ ဟဲ့ကောင်မလေး၊ ဘီစကွတ်မုန့် ရှိတယ်မဟုတ်လား၊ ပန်းကန်တစ်ချပ်နဲ့ထည့်"

စိုးစန္ဒာက ဖူးဝေကို နောက်ထပ် အမိန့်တစ်ခုပေးသည်။ ထိုအမိန့်ကို လိုက်နာရန် ဖူးဝေ ခက်နေသည်။

"ဟို...ကိုကိုကြီး အဲလေ...သူက ဘီစကွတ်မကြိုက်ဘူး"

ဖူးဝေက နွေဦးကို ညွှန်ပြ၍ ပြောသည်။

"ဟဲ့...လျှာမရှည်နဲ့၊ ငါပြောတဲ့အတိုင်း လုပ်စမ်း"

"နေပါစေ၊ မထည့်နဲ့ မစားချင်ဘူး"

နွေဦးက ဆေးသောက်ရင်းမှ ဖူးဝေကို လှမ်းပြီး ဟန့်တားသည်။ စိုးစန္ဒာ မျက်နှာပျက်သွားသည်။ ဖူးဝေကိုလည်း မကျေမနပ် လှမ်းကြည့်လိုက်သည်။

"ဘီစကွတ်မကြိုက်ရင်လဲ ဘာကြိုက်လဲ၊ ညည်းတို့ ဘာဝယ်ထားလဲ"

ဖူးဝေ မဖြေတတ်။

'ကိုကိုကြီးက ဘာမှကြိုက်တယ်၊ စားချင်တယ်လို့ မရှိဘူး၊ စားသင့်တယ်ထင်တာကို လုပ်ကျွေးရတာ၊ ဒါတောင် ညည်းညည်းညူညူနဲ့ စားတာ'ဟု ရှည်ရှည်ဝေးဝေး ရှင်းပြလျှင်လည်း ပိုပြီး ဒေါသဖြစ်ဦးမည်။

"စိုးသာ မြန်မြန်ရောက်မလာရင်တော့ မောင် လုံးပါးပါးမှာပဲ"



နွေဦး ကော်ဖီနှင့် ဆေးသောက်ပြီးသွားပြီ။ စားပွဲပေါ်မှာ မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်သည်။ ဖူးဝေ သိသည်။ ဗီရိုထဲမှ လက်သုတ်ပဝါ ဖြူဖြူသန့်သန့် တစ်ထည် ချက်ချင်းထုတ်ယူပြီး နွေဦးရှေ့သို့ သွားပေးလိုက်သည်။ သို့သော်...

"ညည်းတို့ကလဲ အစကတည်းက လက်သုတ်ပဝါ အဆင်သင့် တင်ထားပေးမှပေါ့"

စိုးစန္ဒာ အပြစ်ပြောသည်ကို ခံလိုက်ရသေးသည်။ နွေဦးက လက်သုတ်ပဝါနှင့် ပါးစပ်များကို သုတ်ရင်း စားပွဲပေါ်မှ ဓာတ်ဘူးကို လှမ်းကြည့်သည်။ ဖူးဝေ စားပွဲနားသို့ ရောက်သွားပြီ။ ဓာတ်ဘူးကို ယူ၍ အသင့်ရှိနေသော ရေနွေးကြမ်း ပန်းကန်ထဲသို့ ငှဲ့ထည့်ပေးသည်။

"ခုမှ ထည့်တော့ ပူမှာပေါ့အေ"

စောစောထည့်ထား၍ အေးသွားလျှင် ကိုကိုကြီး မကြိုက်ကြောင်း၊ သူသောက်ချင်မှ ငှဲ့ပေးရကြောင်း ဖူးဝေ ရှင်းမပြချင်ပါ။ စားပွဲနှင့် ခပ်ခွာခွာ နောက်နားမှာ ဆုတ်၍ ရပ်နေလိုက်သည်။ ပုံမှန်အတိုင်းဆိုလျှင် ဆေးသောက်ပြီးသည်နှင့် အားရှိသည့်အစာ ကျွေးရမည်။ စွပ်ပြုတ်အခြေအနေသိချင်၍ မီးဖိုဘက်သို့ ဖူးဝေ လှမ်းကြည့်လိုက်သည်။

"ဟယ်...အချိန်မီပဲ"

ဖူးဝေ ရင်ထဲမှာတင် ဝမ်းသာစွာ တွေးလိုက်မိခြင်း ဖြစ်သည်။ စွပ်ပြုတ်အိုးထဲမှ စွပ်ပြုတ်ပူပူများကို ဒေါ်ကြီး ဇွန်းနှင့် ခပ်၍ ပန်းကန်ထဲမှာ ထည့်နေသည်။ ဖူးဝေ သွက်လက်စွာ မီးဖိုဘက်သို့ ထွက်သွားသည်။ ဒေါ်ကြီးက စွပ်ပြုတ်ထည့်ပြီး ပန်းကန်ကို ဖူးဝေလက်သို့ ပေးလိုက်သည်။ ဖူးဝေ စွပ်ပြုတ်ပန်းကန်ယူလာပြီး နွေဦးရှေ့မှာ ချပေးမည်လုပ်သည်။

"ဟဲ့..ပြစမ်း ငါ့ကို၊ ဒီမှာတင်"

စိုးစန္ဒာပြသည့် သူ့ရှေ့မှ စားပွဲမှာ တင်ပေးလိုက်ရသည်။ စိုးစန္ဒာက စွပ်ပြုတ်ပန်းကန်ကို မြန်မြန်အေးအောင် ဇွန်းနှင့် မွှေပြီးမှုတ်ပေးသည်။ နွေဦး အပေါ်မှာ ဂရုစိုက်ပုံကို အပြောနှင့် မဟုတ်တော့ဘဲ အလုပ်နှင့် ပြခြင်းတစ်မျိုးကို ကြိုးစားလိုက်ခြင်း ဖြစ်သည်။ ဇွန်းနှင့် ဟင်းရည်နည်းနည်းခပ်ပြီး မြည်းကြည့်သည်။

"ဟဲ့..ညည်းတို့ဟာကလဲ၊ ပေါ့လိုက်တာ၊ ဆားနည်းနည်းသွားယူစမ်း"

သူများလုပ်ထားသည်ကို ဆားဖြူးရန် စိုးစန္ဒာ အကြံကောင်းလိုက်ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုကြီးက လေးတာ မကြိုက်လို့ပါ"

"အိုအေ...ညည်းကလဲ လျှာရှည်လိုက်တာ၊ ငါပြောတာ လုပ်စမ်း"

စိုးစန္ဒာက ဖုးဆေကို ခေါ်လိုက်သည်။ ဖုးဆေ မီးဖိုဘက်သို့ သွားရန် လှည့်လိုက်သည်။

"မယူနဲ့...မယူနဲ့၊ ဒီအတိုင်းပေးပါ၊ ဆရာဝန်က ဆားလျှော့စားရမယ် ပြောထားတယ်"

စိုးစန္ဒာ မျက်နှာ ကွက်ခနဲ ပျက်သွားသည်။ သို့သော် ပြန်ပြောင်းပုံမြန်သည်။

"သြော်...ဟုတ်လား၊ စိုးကမှ မသိဘဲ"

စိုးစန္ဒာ စွပ်ပြုတ်ပန်းကန်ကို နွေဦးရှေ့သို့ ချပေးလိုက်သည်။ နွေဦး စွပ်ပြုတ်သောက်သည်။ ပူ၍ ဖြည်းဖြည်းချင်း မှုတ်သောက်နေရသည်။ ဖုးဝေက နွေဦးသောက်ပြီးသား ကော်ဖီပန်းကန်ကို ယူ၍ နောက်ဘက်သို့ သွားဆေးသည်။ ပြီးတော့ ထမင်းစားခန်းသို့ ပြန်လာပြီး စားပွဲနှင့် ခပ်လှမ်းလှမ်းမှာ ရပ်စောင့်သည်။

"မောင်၊ ညနေ ဘာစားချင်လဲ ပြောလေ"

စိုးစန္ဒာကို နွေဦး လှမ်းကြည့်လိုက်သည်။

"ဘာမှ စားချင်တယ်လို့ မရှိပါဘူး၊ သင့်မယ်ထင်တာကို ဒေါ်ကြီး အစီအစဉ်လုပ်ပါလိမ့်မယ်၊ သူလုပ်နေကျပါ၊ လုပ်တတ်ပါတယ်"

"မောင်စားချင်တာရှိရင် စိုးကိုယ်တိုင် မီးဖိုချောင်ဝင်ပြီး စီစဉ်ချင်လို့ပါ"

နွေဦးက ခေါင်းယမ်းပြသည်။

"မလုပ်ပါနဲ့ နေပါစေ"

စိုးစန္ဒာ နွေဦးကို ကြည့်နေသည်။

"သြော်...မောင့်ကို ပြောရဦးမယ်၊ အပေါ်ထပ်က မောင်နဲ့ စိုးနေတဲ့ အခန်း ရှင်းပြီးပြီ"

နွေဦး စိုးစန္ဒာကို လှမ်းကြည့်လိုက်သည်။

"အောက်ထပ်မှာဆိုတော့ အားလုံးနဲ့ ရောရောထွေးထွေးနေရတာ"

နွေဦး စိုးစန္ဒာကို ကြည့်နေသည်။

"မောင်နဲ့ စိုးနဲ့ အပေါ်ထပ်က အရင်အခန်းမှာပဲ နေရအောင်၊ မောင့်ကို အပေါ်ထပ် ရွှေ့ပေးမယ်နော်"

စိုးစန္ဒာ လည်ပင်းလေးငဲ့ပြီး အပြုံးမျက်နှာလေးနှင့် နွေဦး အဖြေကို ငံ့လင့်



နေသည်။

နွေဦးက ခေါင်းယမ်းပြသည်။

"မဖြစ်ပါဘူး၊ အောက်ထပ်မှာပဲနေမယ်"

"ဘာလို့မဖြစ်ရမှာလဲ မောင်ရယ်၊ စိုးလဲ ရှိတာပဲ"

"နေပါ၊ အပေါ်မှာပဲ လွတ်လွတ်လပ်လပ်နေပါ"

နွေဦးက စိုးစန္ဒာကို လက်နှင့် [illegible]ပြသည်။

"အို...မောင့်ကို ပြုစုဖို့ မဟော်ဂနီခြံကို စိုးပြန်လာတာ စိုးဘာသာ အိမ်ပေါ်မှာ တစ်ယောက်တည်းနေလို့ ဘာလုပ်ရမှာလဲ"

စိုးစန္ဒာက နှုတ်ခမ်းစူတော့မလိုနှင့် ခပ်မှုမှုလေး လုပ်နေသည်။

"မောင့်အတွက် လိုတာတွေ အားလုံး စိုး လုပ်ပေးမှာပေါ့"

"ဒီခြေထောက်တွေက လှေကားကို မတက်နိုင်၊ မဆင်းနိုင်လို့ လှည်းနဲ့ တွန်းသွားနေရတာ အပေါ်မှာနေလို့ ဘယ်လိုလုပ်ဖြစ်မလဲ"

"တက်စရာ ဆင်းစရာမှ မလိုဘဲ မောင်ရယ်၊ အပေါ်ထပ်မှာလဲ ရေချိုးခန်း အိမ်သာရှိတာပဲ၊ စားတာ သောက်တာတော့ အပေါ်ယူကျွေးဖို့ စိုး စီစဉ်မှာပေါ့"

နွေဦး ခေါင်းယမ်းလိုက်ပြန်သည်။

"အောက်ထပ်မှာဆိုတော့ လေကောင်းလေသန့်ရအောင် ခြံထဲကို တွန်းလှည်းနဲ့ ထွက်လို့ရတာပေါ့"

"အပေါ်ထပ်ဆိုတော့ လေကောင်းလေသန့် ပိုရတာပေါ့ မောင်ရယ်၊ ညောင်းပြေ အညာပြေ တွန်းလှည်းနဲ့ လျှောက်သွားရင်လဲ အပေါ်ထပ်က အကျယ်ကြီးပါ၊ တွန်းလှည်းပါ တင်ပေးမှာပေါ့"

စိုးစန္ဒာ အစွမ်းကုန် ကြိုးစားနေသည်။

"မဖြစ်ပါဘူး၊ မနေချင်ပါဘူး၊ အောက်ထပ်မှာပဲ ကောင်းတယ်၊ အောက်ထပ်မှာပဲ နေမယ်"

နွေဦးက အပြတ်ငြင်းလိုက်သည်။

"အောက်မှာဆိုတော့..."

စိုးစန္ဒာ ဘယ်လိုဆက်ပြောရမှန်းမသိ။

"အောက်ထပ်မှာက အားလုံး အဆင်ပြေတယ်။ စားတာသောက်တာ အဆင်ပြေတယ်၊ တယ်လီဖုန်းလဲ ရှိတယ်"

"ဖုန်းက အပေါ်တင်လို့ ရပါတယ် မောင်"

www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ မတင်နဲ့၊ အောက်မှာပဲ ကောင်းပါတယ်၊ စဖြစ်ကတည်းက အောက်မှာ နေတာဆိုတော့ အောက်မှာက နေသားကျနေပြီ"

စိုးစန္ဒာ လက်လျှော့ရတော့မည်။ ဘယ်လိုမှ ပြောလို့ရမည် မဟုတ်သည်ကို စိုးစန္ဒာ နားလည်သွားပြီ။ ငါဘယ်လို လုပ်ရမလဲ။ စိုးစန္ဒာ ခေါင်းထဲမှာ အပြေးအလွှား စဉ်းစားနေရပြီ။ [illegible]ကြံအစည်များ အကောင်အထည်ဖော်ဖို့ဆိုလျှင် နွေဦးနှင့် အနီးကပ် အ[illegible]ဖြစ်မည်။ နွေဦးအနားသို့ သူမှတစ်ပါး အခြားလူများ နီးနီးကပ်ကပ်မရှိမှ ဖြစ်မည်။ ဟိုကောင်မလေးက နေရာရနေတဲ့ သဘောရှိတယ်။ ဖူးဝေကို စိုးစန္ဒာ သဘောမကျ။ ဘေးရောက်နေအောင် ဖယ်ထားမှ ဖြစ်မယ်။ စိုးစန္ဒာက သူ့ရင်ထဲမှ အတွေးများကို ဖုံးကွယ်နိုင်အောင် ပြုံး၍ နွေဦးကို လှမ်းကြည့်လိုက်သည်။

"ကောင်းပါတယ်၊ မောင်ကြိုက်တဲ့နေရာမှာနေပါ။ ဒါဆိုရင် စိုး အောက်ထပ်အခန်းမှာ ဆင်းပြီး မောင်နဲ့အတူနေမယ်"

"ဟာ...မဟုတ်ပါဘူး၊ ရပါတယ်၊ အပေါ်မှာပဲ နေပါ"

စိုးစန္ဒာ ခေါင်းကို ဟန်ပါပါလေး ခါယမ်းလိုက်သည်။

"မဟုတ်တာပဲ မောင်ရယ်၊ လူကြားလို့မှမကောင်းအောင်၊ စိုး အောက်ထပ်ပြောင်းနေမယ်၊ မောင့်အခန်းလဲ အကျယ်ကြီးပဲ၊ စိုးအတွက် ခုတင်တစ်လုံးထည့်လိုက်ရင် အတူနေလို့ ရတာပဲ။ ညရေးညတာ လိုအပ်တာရှိရင် စိုး အနီးကပ်ပြုစုနိုင်တာပေါ့၊ ဟုတ်ပါတယ်၊ အဲဒါမှ ဖြစ်မှာပါ။ စိုး အောက်ထပ်ကို ရွှေ့လိုက်မယ်"

စိုးစန္ဒာက ပြောပြောဆိုဆိုပင် သွက်လက်ဖျတ်လတ်စွာ အိမ်အပေါ်ထပ်သို့ တက်သွားသည်။ နွေဦး ကန့်ကွက်စကားပြောခွင့်မရလိုက်တော့၍ သူ့အခန်းဘက်ဆီသို့ တွန်းလှည်းဘီးများကို ကိုယ့်ဘာသာတွန်းလှိမ့်ပြီး ပြန်ဝင်သွားပါသည်။

ဖူးဝေ ဘာမျှ လုပ်စရာမရှိတော့၍ ဒေါ်ကြီးရှိရာ မီးဖိုဘက်ဆီသို့ သွားလိုက်သည်။

□ □ □

## အခန်း (၂၂)

"ဒေါ်မြအေး နှစ်ယောက်လုံး အပေါ်တက်ခဲ့ကြဦး"

အပေါ်ထပ်မှ ခေါ်သံကြား၍ ဒေါ်မြအေး ဖူးဝေကို လှမ်းကြည့်လိုက်သည်။ ဖူးဝေ ဒေါ်ကြီးကို ကြည့်ပြီး မျက်ခုံးပင့်ပြသည်။

"ကဲ...သွားလိုက်ကြဦးစို့"

ဒေါ်မြအေး ဖူးဝေကို ခေါ်ပြီး အပေါ်ထပ်သို့ တက်ခဲ့ကြသည်။

စိုးစန္ဒာ စီစဉ်ညွှန်ကြားသည့်အတိုင်း သူ့ပစ္စည်းများကို နွေဦး အခန်းထဲသို့ ပို့ပေးရသည်။ အောက်ထပ်မှာပင် ရှိနေသော ခုတင်တစ်လုံးကိုလည်း နွေဦးအခန်းထဲသို့ ပို့ပေးရသည်။ နွေဦး အားလုံးကို စိတ်ပျက်စွာ ကြည့်၍ သူ့တွန်းလှည်းလေးကို ပြတင်းပေါက်အနီးသို့ တွန်းလှိမ့်သွားသည်။ ပြတင်းပေါက်သို့ သွားရာလမ်းသည်ပင် ခါတိုင်းလို လွတ်လွတ်ကင်းကင်း မဟုတ်တော့။ ခပ်ကျဉ်းကျဉ်းလမ်းမှာ တွန်းလှည်းလေး ရှောင်ကွင်းသွားနေရသည်။ ပြတင်းပေါက်အနီးသို့ ရောက်သည်နှင့် ကြည့်နေကျ မယော်ဂနီပင်ကြီးများကို လှမ်းကြည့်လိုက်သည်။ မြရွက်များနှင့် ဝေဝေစည်နေသော မယော်ဂနီပင်ကြီးများသည် ယခင်ကလို ပွင့်လင်း လွတ်လပ်မှု မရှိတော့ဘဲ အချုပ်အချယ်ခံနေရသလို ရင်ထဲမှာ ခံစားရသည်။

□ □ □

## အခန်း (၂၃)

တစ်နေ့လုံး တင်ရ ချရ အလုပ်များနှင့် ဝင်ဝန်းသွား၍ ဖူးဝေ ရေချိုးရန် ပြင်နေစဉ် အခန်းဝမှ စိုးစန္ဒာ ရောက်လာသည်။

"ဟိုကောင်မလေး ရေမချိုးနဲ့ဦး၊ အကျႌပြန်ဝတ်စမ်း"

"ရှင်..."

စိုးစန္ဒာကို ဖူးဝေ လှမ်းကြည့်လိုက်သည်။

"ငါပြောတဲ့အတိုင်း လုပ်စမ်း၊ အကျႌပြန်ဝတ်"

www.burmeseclassic.com

www.burmeseclassic.com



အမိန့်ပေးသံဖြစ်သော်လည်း ကျယ်ကျယ်လောင်လောင်မဟုတ်၊ အုပ်အုပ်ဆိုင်းဆိုင်းဖြစ်သည်။ ဖူးဝေ ထဘီရင်ရှားနှင့် ဖြစ်နေရာမှ အကျီပြန်ဝတ်ရသည်။

"ညည်းပစ္စည်းတွေကို အပေါ်ပြန်ပို့"

"ရှင်…"

ဖူးဝေ အံ့သြနေသည်။

"အိုအေ…ညည်းကလဲ တရှင်ရှင်နဲ့ ညည်းပစ္စည်းတွေ အပေါ်ပြန်ပို့၊ ခုနနေတဲ့အခန်းမှာပဲ ပြန်နေ"

ဖူးဝေ နောက်တစ်ကြိမ် 'ရှင်'ဟု အသံထွက်မသွားအောင် မနည်း သတိထားလိုက်ရသည်။ ဖူးဝေ ပစ္စည်းများကို ပြန်၍ စုစည်းရသည်။

"ဒါပဲနော်၊ အပေါ်မှာ နေရတယ်ဆိုပြီး ဘဝင်လဲ မြင့်မနေနဲ့ဦး၊ အောက်ထပ်မှာ ဦးကြီးတွေရှိတယ်၊ ဒီအိမ်မှာ ညည်း အငယ်ဆုံး"

စိုးစန္ဒာကို ဖူးဝေ လှမ်းကြည့်လိုက်သည်။ ကိုယ်နေချင်၍ နေရမည်မဟုတ်။ သူခိုင်း၍ သွားရမည်သာ ဖြစ်သည်။

"ဖူးဝေ ဒီအောက်ထပ်မှာပဲ ဒေါ်ကြီးနဲ့အတူ နေရင် ရပါတယ်"

"လျှာမရှည်နဲ့ ငါခိုင်းတဲ့အတိုင်းလုပ်၊ ညည်းပစ္စည်းတွေယူ၊ အပေါ်ကိုသွား"

ဖူးဝေ သူ့ပစ္စည်းလေးများကို သူ့အိတ်ထဲမှာ ထည့်ပြီး အပေါ်ထပ်သို့ ပြောင်းရွှေ့ရပြန်သည်။ စိုးစန္ဒာ အပေါ်ထပ်အထိ လိုက်လာသည်။

"ရေချိုးရင်လဲ၊ ညည်း အပေါ်ထပ်မှာပဲချိုး"

ငယ်ရွယ်နုပျို၍ ကိုယ်ခန္ဓာ အချိုးအဆစ်ကျသော ဖူးဝေထဘီရင်ရှားနှင့် အောက်ထပ်မှာ သွားလာ လှုပ်ရှားမရှိစေချင်။

"တစ်ခုတော့ ရှိတယ်နော်၊ တစ်ယောက်တည်းဆိုပြီး စိတ်ထင်တိုင်းကြဲမနေနဲ့၊ စည်းနဲ့ကမ်းနဲ့နေ၊ ကိုယ့်ဘဝကိုယ်သိ၊ နားလဲစွင့်ထား၊ ငါခိုင်းစရာရှိလို့ ခေါ်ရင် အဆင်သင့်ရှိနေပါစေ၊ နှစ်ခါမခေါ်ပါရစေနဲ့"

ဖူးဝေ ခေါင်းညိတ်ပြသည်။

"ငါမခိုင်းတာတွေ၊ ကိုယ်နဲ့မဆိုင်တာတွေ ဘာမှ မပါနဲ့"

ဖူးဝေ နားထောင်နေလိုက်သည်။

"ငါတို့နေတဲ့ အောက်ထပ်က အခန်းဘက်ကို ငါမခေါ်ဘဲနဲ့ ညည်း ဘယ်တော့မှ ဝင်မလာနဲ့ နားလည်လား"



စိုးစန္ဒာက အသံကို နှိမ့်ပြီး အလေးအနက်အမူအရာနှင့် သတိပေးနေခြင်း ဖြစ်သည်။

ဖူးဝေ ခေါင်းညိတ်ပြလိုက်သည်။

စိုးစန္ဒာ နှစ်လှမ်းလောက် လျှောက်ထွက်သွားပြီးတော့မှ အရေးကြီးသည့် တစ်ခုကို သတိရ၍ တုံ့ခနဲ ပြန်လှည့်လာသည်။

"ဩော်…ညည်း ငါ့ယောကျ်ားကို ကိုကိုကြီးလို့ မခေါ်ရဘူး ပြောထားတာ ညည်း နားမပါဘူးလား၊ အမှတ်သည်းခြေမရှိလိုက်တာ"

"ဖူးဝေ နှုတ်ကျိုး…"

"နေဦး၊ ညည်း ငါ့ကို စကားပြောရင် အဲ…ငါ့ယောကျ်ားပြောရင်လဲ အတူတူပဲ၊ ညည်းကိုယ်ညည်း ဖူးဝေလို့ ထည့်မပြောရဘူး၊ ကျွန်မလို့ပဲ ပြောရမယ်၊ ပြန်ပြောစမ်း"

"ကျွန်မ နှုတ်ကျိုးနေလို့ပါ"

"အေး…ငါပြောတာ အမှတ်မရှိဘဲ ထပ်ပြောလို့ ငါ ပါးရိုက်မှ တကယ် နှုတ်ကျိုးမှာ"

စိုးစန္ဒာ အောက်ထပ်သို့ ပြန်ဆင်းသွားသည်။ နွဲ့နွဲ့လေးမဟုတ်၊ မာတောင့်တင်းစွာဖြင့်။

"အင်း…အိမ်ကြီးရှင်မကတော့ ငါ့ကို အမျိုးမျိုးချုပ်ချယ်နေပြီ"

ဖူးဝေ စိတ်မကောင်းစွာ စဉ်းစားရပြီ။

"ဒါပေမဲ့ ဒီအိမ်ကြီးမှာ ငါဆက်နေရမယ်၊ ဟုတ်တယ်၊ ကိုကိုကြီးအတွက် ငါဆက်နေရမယ်"

သည်မိန်းမ ကိုကိုကြီးအပေါ် မကောင်းခဲ့ပုံကို ဒေါ်ကြီးပြောပြ၍ အားလုံးသိထားပြီးပြီ။

"ကိုကိုကြီးကလဲ ဒီမိန်းမကို ဘာလို့များ ပြန်လက်ခံလဲ မသိဘူး၊ အားလေသင်မယားချင်းဆိုတော့ မပြတ်နိုင်လို့ ဖြစ်မှာပေါ့"

မိန်းမက ချောတော့ အချောသား၊ ကိုကိုကြီး ရှေ့ကျတော့လည်း ပျော့ချောင်းချွဲနွဲ့နေတာပဲ။ စိုးစန္ဒာကို မြင်ယောင်၍ ဖူးဝေ ပြုံးချင်မိသည်။

"ငါတို့နဲ့ကျရင်တော့ မာပေါ့"

စိုးစန္ဒာ၏ အပြောင်းအလဲမြန်ပုံများကို ဖူးဝေ နှိုင်းယှဉ်စဉ်းစားနေမိသည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၄)

သူ ဘာလို့ပြန်လာရတာလဲ။

မဟော်ဂနီပင်ကြီးများဆီသို့ ငေးရင်း နွေဦး တွေးနေရပြီ။

သူ ဟိုကောင်နဲ့ကော ကင်းကင်းပြတ်ပြတ် ဖြစ်ရဲ့လား။

နွေဦး မသိနိုင်။

"ဟိုကောင်က သူ့ကို ဘယ်အတည်ယူမလဲ၊ ဟိုကောင်က မယူလို့ ပြန်လာ တာလား၊ ငါ့ကို ပြုစုချင်လို့ ပြန်လာတယ် ဆိုတာကော တကယ်ဟုတ်ရဲ့လား"

စိုးစန္ဒာကို နွေဦး မယုံရဲ။ သူမပြုစုခင် ပြုစုနေကျလူများကို အမျိုးမျိုးပြောဆိုနေ၍ အဆင်မပြေသည်ကို တွေ့မြင်နေရသည်။ ခေါ်လိုက်၊ အော်လိုက်၊ ယောက်လိုက်၊ ငေါက်လိုက်၊ အပြစ်တင်လိုက် လုပ်နေသည်များကိုလည်း တော်တော်များများ ကြားနေရသည်။ ဒေါ်ကြီးနဲ့ ဖူးဝေ အနေခက်နေကြပြီနဲ့ တူတယ်။ နွေဦး စိတ်မကောင်းဖြစ်သည်။ ဖူးဝေဆိုတဲ့ မိန်းကလေးက အလိုက်သိတယ်၊ အကင်းလည်း ပါးတယ်။ ငါ့အမူအရာမြင်ရုံနဲ့ ဘာလိုတယ်ဆိုတာ သိတယ်။ ငါ့အပေါ်မှာ စေတနာလည်း ကောင်းတယ်။ မဟော်ဂနီခြံသို့ စိုးစန္ဒာ ပြန်ရောက်လာသည်မှာ အေးချမ်းစွာ တည်ငြိမ်နေသော ကန်ရေပြင်ထဲသို့ ခဲတစ်လုံးကျသလို နွေဦးရင်မှာ ခံစားရသည်။

ငါ ဘာဖြစ်လို့ သူ့ကို တင်းတင်းမာမာ ငြင်းပယ်ပြီး ပြန်မလွှတ်ခဲ့မိတာပါလိမ့်။ ကိုယ့်ကိုယ်ကို မကျေမနပ် ဖြစ်မိသည်။ သူ့အဖေကို ငါအားနာမိတဲ့အချိန်မှာ အခွင့်အရေးကို သူ အရယူသွားနိုင်ခဲ့တယ်။ နွေဦး သက်ပြင်းတစ်ချက် ရှူ…ိုက်မိသည်။ သူ့အလှနဲ့ သူ့ညို့ငင်မှုတွေမှာ ငါ သာယာနေမိတုန်းပဲလား။ ကိုယ့်ကိုယ်ကိုလည်း ဆန်းစစ်ကြည့်မိသည်။ ပြတ်သားစွာ ငြင်းအားမရှိ။ သို့သော် စိတ်ထဲမှာ အထုံးတစ်ခု ရှိနေသည်။

"မချစ်ဘူး၊ ငါ နင့်ကို ဘယ်တုန်းကမှ မချစ်ဘူး၊ ငါ တကယ်ချစ်တာ ကျော်စွာမိုး"



စိုးစန္ဒာ ဒေါ်သတကြီး ပြောခဲ့သည်များကို ကြားယောင်နေမိသည်။ သူ ဒေါသဖြစ်လို့ ပြောတာလား။ ရင်ထဲမှာ တကယ်ရှိတာတွေ ပွင့်ထွက်လာတာလား။ နွေဦးအတွက် စဉ်းစားစရာတွေ အများကြီး ဖြစ်နေသည်။

"ဟော…မောင်၊ တစ်ယောက်တည်း ဘာတွေကြည့်နေတာလဲ"

စိုးစန္ဒာ အခန်းထဲသို့ ပြန်ဝင်လာသည်။ နွေဦး အတွေးလေးတွေ ပျက်သွားရပြီ။

"စိုးမရှိတုန်းက မောင်တစ်ယောက်တည်း ပျင်းနေမှာပဲနော်"

စိုးစန္ဒာက ဖိုင်ဘာကုလားထိုင်တစ်လုံးကို ဆွဲယူလာပြီး နွေဦးဘေးမှာ ထိုင်သည်။

"မဟော်ဂနီပင်ကြီးတွေ အရွက်လဲပြီးသွားပြီနော်"

နွေဦးကြည့်နေသော တူရူသို့ လိုက်ကြည့်ပြီး ရောလိုက်ခြင်း ဖြစ်သည်။

"ဩော်…ညနေ ဆေးကို ဘယ်အချိန်တိုက်ရမှာလဲ မောင်"

စိုးစန္ဒာ ရုတ်တရက် သတိရ၍ မေးလိုက်မိခြင်း ဖြစ်သည်။

"ဖူးဝေ သိပါတယ်။ သူတိုက်နေကျ သူ့ဘာသာသူ တိုက်ပါလိမ့်မယ်"

နွေဦးပြောသည်ကို စိုးစန္ဒာ သဘောမကျ။

"ဩော်…မောင်ရယ်၊ ကိုယ့်မိန်းမရောက်လာပြီပဲ၊ ကိုယ့်ဘာသာ တိုက်…ပေါ့။ အိမ်ဖော်ကောင်မလေး တိုက်တာ စိုး စိတ်မချပါဘူး၊ အင်္ဂလိပ်ဆေးတွေ …တောက်တတ်၊ မကြည့်တတ်နဲ့ မှားကုန်မှဖြင့် ဒုက္ခ"

"ဖူးဝေက အိမ်ဖော်မဟုတ်ပါဘူး၊ ဒေါ်ကြီးရဲ့ တူမပါ"

"အတူတူပေါ့ မောင်ရယ်၊ ဒေါ်မြအေးကလဲ အိမ်ဖော်ပဲဟာ"

နွေဦး ခေါင်းယမ်းပြလိုက်သည်။

"ဒေါ်မြအေးကို ဒီအိမ်မှာ အိမ်ဖော်လို့ သဘောမထားခဲ့ပါဘူး၊ အမေကဆ…ညီမတစ်ယောက်လိုတောင် သဘောထားခဲ့တာ"

"ကိုယ့်သဘောထားကတော့ ဟုတ်တာပေါ့ မောင်ရယ်၊ စိုးက သူ့အလုပ် …ပြောတာပါ"

"သူ့အလုပ်အရလဲ အဲဒီလို သဘောထားလို့ မရဘူး၊ သူက ထမင်းဟင်း…ကျေးရုံမကဘူး၊ တစ်အိမ်လုံး လုပ်စရာရှိတာ လုပ်ပေးနေတာ၊ နောက်ပြီး …ဖော်ဆိုတာ အခကြေးငွေယူရတယ်။ ဒေါ်ကြီးက အခကြေးငွေရလို့လဲ …ပြားမှုယူတာ မဟုတ်ဘူး။ မိသားစုလို စေတနာထားပြီး လုပ်ပေးနေတာ"

www.burmeseclassic.com

www.burmeseclassic.com



“ဒေါ်မြအေးကတော့ ဟုတ်ပါတယ်၊ သူ့တူမလေးကတော့”

စိုးစန္ဒာက နွေဦးနှင့် အငြင်းမပွားချင်၍ သူ့စကားကို တစ်ထစ်လျှော့ပြီး ဖူးဝေဆီသို့ ပြောင်းလိုက်သည်။

သို့သော် ဖူးဝေအကြောင်း ပြောင်းသည်နှင့် နွေဦးက လက်ကာပြီး စကားဖြတ်ဝင်လိုက်သည်။

“သူ့တူမလေးကလဲ အတူတူပဲပေါ့။ ပြီးတော့ သူက အင်္ဂလိပ်စာဖတ်တတ်ပါတယ်။ အင်္ဂလိပ်ဆေးလဲ သိပါတယ်။ ဆယ်တန်းအောင်ပြီးသား”

“ဟင်း...သူက ဆယ်တန်းအောင်ပြီးသား ဟုတ်လား”

စိုးစန္ဒာ အံ့ဩစကား ဆိုမိသည်။

“ဟုတ်တယ်၊ သူ့ကို တက္ကသိုလ်ဆက်ထားပေးမယ်တောင် ပြောတာ၊ သူက အမေ့သင်နဲ့ပဲ ဆက်ဖြေမယ်ပြောလို့ ဟိုကောင် အောင်အောင့်ကို လိုတာတွေ လုပ်ပေးဖို့ ပြောထားပြီးပြီ”

“သြော်...”

ဖူးဝေဆိုသော ကောင်မလေးကို စိုးစန္ဒာ ပို၍ မကျေမနပ် ဖြစ်မိသည်။ လက်စသတ်တော့ သူက ဒီအိမ်မှာ အခွင့်ထူးခံဖို့ ရောက်လာတာကိုး။ ဟင်း... ငါနဲ့တော့ တွေ့ကြဦးမှာပဲ။ စိုးစန္ဒာရင်ထဲမှာ အမှတ်အသားတစ်ခု ထားလိုက်သည်။ ပေါ့ပေါ့သေးသေးမဟုတ်၊ သတိထားရမည့် မိန်းကလေးဟုလည်း နားလည်လိုက်သည်။ သို့သော် ရောက်ရောက်ချင်း ဆောက်နှင့်ထွင်းဆိုသကဲ့သို့ နွေဦးနှင့် ထိပ်တိုက် အငြင်းအခုံ မဖြစ်မိအောင် သတိထားလိုက်သည်။

“ဘယ်လိုပဲဖြစ်ဖြစ် မောင်ရယ်၊ မောင့် ကျန်းမာရေး မောင့်ကို ဆေးတိုက်ဖို့၊ အို...မောင့်ကိစ္စအားလုံးပေါ့၊ ဒါတွေတော့ စိုး ဘာသာ တာဝန်ယူရမယ်၊ စိုး မောင့်ကို ကိုယ်တိုင်ပဲ ပြုစုမယ်၊ ဒီ အခွင့်အရေးကိုတော့ စိုးကို ပေးပါမောင်ရယ်”

စိုးစန္ဒာက ပြောပြောဆိုဆို မတ်တတ်ရပ်၍ နွေဦးပခုံးကို သူ့လက်ကလေးနှင့် အသာအယာထိပြီး ပြန်လည် ထွက်ခွာသွားသည်။

□ □ □

# အခန်း (၂၅)

စိုးစန္ဒာ မီးဖိုဘက်သို့ ရောက်လာသည်။

“ဒေါ်မြအေး...ဟိုကောင်မလေးကော”

“အိမ်ရှေ့ခြံထဲမှာ ပန်းပင်တွေ ရေလောင်းနေတယ်”

‘ဟင်း...ကိုကိုကြီး မြင်နိုင်တဲ့ နေရာမှာ အလုပ်လုပ်နေပြီ ထင်တယ်’ ဟူသော အတွေးနှင့် စိုးစန္ဒာအိမ်ရှေ့သို့ လိုက်သွားသည်။ ဖူးဝေ ရေလောင်းနေသည်က အိမ်ရှေ့ညာဘက်ခြမ်းမှာ ဖြစ်သည်။ နွေဦး၏ မြင်ကွင်းမှာ မဟုတ်။ စိုးစန္ဒာ ဖူးဝေကို အကဲခတ်ကြည့်လိုက်သည်။ လုပ်နေသည်မှာ သွက်လက် ဖျတ်လတ်သည်။ ကိုယ့်ကိုယ်ကို စိတ်ချယုံကြည်သည့် ကိုယ်ပိုင်ဟန်ရှိသည်ကိုလည်း တွေ့ရသည်။

“ဟဲ့...ကောင်မလေး၊ အဲဒါထားခဲ့၊ ငါနဲ့ လိုက်ခဲ့ဦး”

စိုးစန္ဒာက မူလကလိုပင် အပေါ်စီးနှင့် ခပ်မာမာ ဆက်ဆံသည်။

‘ဘယ်လိုပဲဖြစ်ဖြစ် ငါကတော့ အိမ်ဖော်လိုပဲ သဘောထားနိုင်မယ်’ ဟူသော ခံယူချက်နှင့်။

ဖူးဝေ ရေပိုက်ကို ချ၍ ရေတိုင်ပြေးပိတ်ပြီး စိုးစန္ဒာနောက်သို့ လိုက်သွားသည်။

စိုးစန္ဒာ ထမင်းစားခန်းမှာ စောင့်နေသည်။

“ကဲ...ဆေးပုလင်းတွေအားလုံး ထုတ်ခဲ့၊ ငါ့ပေး”

ဖူးဝေ ဗီရိုထဲမှ ဆေးပုလင်းများ ထုတ်ပေးသည်။

“ကဲ..ဘယ်ဆေး ဘယ်အချိန်မှာ ဘယ်လောက်တိုက်ရတယ်ဆိုတာ ငါ့ကိုပြော”

ဖူးဝေ ဆေးများကိုပါ ထုတ်ပြပြီး အသေအချာ ရှင်းပြသည်။

“ဒီဆေးက ညအိပ်မပျော်တဲ့အခါမှ တိုက်ရမှာ”

ဖူးဝေက ပုလင်းလေးတစ်ခုကို သီးခြားခွဲပေးသည်။

“ဘယ်လောက်တိုက်ရမှာလဲ”

“တစ်ခါတိုက်ရင် တစ်ခြမ်းပဲ တိုက်ရမယ်”

စိုးစန္ဒာက ထိုပုလင်းလေးကို သီးခြားခွဲထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီဘက်က ဆေးတောင့်တွေတိုက်တိုင်း အားရှိတဲ့ အစာနဲ့မှ တိုက်ရမယ်လို့ ဆရာမလေးက မှာခဲ့ပါတယ်။ မနက်စာ စားတဲ့အခါ နေ့လယ်စာစားတဲ့အခါနဲ့ ညစာစားတဲ့အခါမှာ အတိုက်ခိုင်းပါတယ်"

"ငါနားလည်ပြီ၊ ဒီပြင် ဘာရှိသေးလဲ"

"ဒါက ဆေးယူဇောဂေါ်စ်ပါ။ ဒါက ဆီကေးရှင်းဆေးပါ၊ အနာထည့်ဖို့ဆေးပါ"

"ဟင်...အနာရှိသေးလို့လား"

စိုးစန္ဒာ နားမလည်နိုင် ဖြစ်နေသည်။

"ရှိပါတယ်၊ စတီးချောင်းထည့်ထားတဲ့ နေရာမှာ တစ်နေ့တစ်ခါ ဆေးထည့်ပေးရတယ်"

"ကဲ...ပေး...ပေး"

စိတ်မရှည်သောလေသံ ဖြစ်သည်။

ဖူးဝေက သွားလို့ရပြီလားဟု မေးလိုသော မျက်လုံးများနှင့် စိုးစန္ဒာကို လှမ်းကြည့်လိုက်သည်။ စိုးစန္ဒာ သိပါသည်။

"ညည်းမိဘတွေက ဘာလုပ်လဲ"

"ဖေဖေက ကျောင်းစောင့်ပါ။ မေမေက ဟံမြက်လှည်း၊ ရေခပ်လုပ်ပါတယ်။ နှစ်ယောက်လုံး မရှိတော့ပါဘူး"

ဖြေရင်းမှာပင် ဖေဖေနှင့် မေမေကို သတိရ၍ ဖူးဝေ စိတ်မကောင်း ဖြစ်ရသည်။

"ညည်းတို့ရွာက"

"ဝမ်းတွင်းမြို့နယ်ထဲက နေပူကုန်းရွာပါ"

"အဲဒီရွာမှာကော ဆွေမျိုးသားချင်း မရှိဘူးလား"

ဖူးဝေ ခေါင်းယမ်းပြသည်။

"မရှိပါဘူး၊ ဖေဖေနဲ့ မေမေက နေပူကုန်းရွာ ဇာတိမဟုတ်ပါဘူး၊ မလှိုင်မြို့နယ်ထဲက နွားကန်ရွာကပါ

"ဒေါ်မြအေးနဲ့ ညည်းအဖေက"

"မောင်နှမပါ၊ ဒါကြောင့် ဒေါ်ကြီးဆီကို စွန့်စားပြီး လာခဲ့တာပါ"

အခြေမဲ့၊ အနေမဲ့၊ အားကိုးရာမဲ့ဖြစ်သော ဖူးဝေ၏ဘဝကို စိုးစန္ဒာ သိသွားပါသည်။

"ဟင်း...အိမ်ဖော်ထက်တောင် နိမ့်တဲ့ ထမင်းစားကျွန်ခံတောင် ခိုင်းလို့



ရသေးတယ်။ ဒါကြောင့်မို့ ပိုက်ဆံမယူတာ၊ ဒီအိမ်မျိုးမှာ နေခွင့် စားခွင့်ရတာပဲ သူ့အတွက် ကြီးကျယ်တဲ့ အခွင့်အရေး ဖြစ်နေပြီ"

ဖူးဝေကို အိမ်ဖော်အဆင့်ထက် နိမ့်ပြီး ဆက်ဆံရန် စိုးစန္ဒာ သတ်မှတ်လိုက်သည်။

"အေး...ညည်းလဲ ကိုယ့်ဘဝကိုယ်သိတာပဲ၊ ဒီအိမ်မှာနေရင် ခိုင်းတဲ့အလုပ်တွေကို တာဝန်ကျေအောင်လုပ်၊ ကိုယ်နဲ့ မဆိုင်တာ ဘာမှမလုပ်နဲ့၊ ကိုယ်နဲ့ မဆိုင်တဲ့စကား မပြောနဲ့၊ ငါတို့အခန်းဘက်ကို မခေါ်ဘဲ မခိုင်းဘဲ မလာနဲ့၊ အထူးသဖြင့် ညည်းမှတ်ထား၊ ငါခေါ်မှလာ၊ ငါခိုင်းမှလုပ်"

ဖူးဝေ ခေါင်းညိတ်ပြသည်။

"ကဲ...သွားတော့"

ဖူးဝေ အိမ်ရှေ့သို့ ပြန်ထွက်လာခဲ့သည်။ စိုးစန္ဒာ ဆေးပုလင်းများကို ကြည့်ရင်း ကျန်ရစ်သည်။ တစ်ခါတိုက်မှ တစ်ခြမ်းသာတိုက်ရမည် ဆိုသော ဆေးပုလင်းကို ကိုင်ကြည့်လိုက်သည်။

□ □ □

# အခန်း (၂၆)

ညဉ့်နက်ပြီဖြစ်သော်လည်း နွေဦး အိပ်၍ မပျော်ပါ။ အပြင်ဘက်ခြံကြီးထဲမှာ လသာနေသည်ကို နွေဦး သိပါသည်။ သို့သော် လရောင်အောက်မှ ခြံတွင်းရှုခင်းများကို မြင်နိုင်ရန် ကြည့်နေကျ ပြတင်းပေါက်က စိုးစန္ဒာ၏ ခုတင်ခြေရင်းမှာ ရောက်နေသည်။ ထိုနေရာကို နွေဦး မထိုင်ချင်တော့ပါ။ ခုတင်ပေါ်မှ တစ်ဆင့်ဘေးမှာရှိသော တွန်းလှည်းပေါ်သို့ ပြောင်းထိုင်လိုက်သည်။ လုပ်နေကျဖြစ်၍ အခက်အခဲမရှိ။ တွန်းလှည်းကို လှိမ့်သွားပြီး ခေါင်းရင်းမှ ပြတင်းပေါက်ကို ဖွင့်လိုက်သည်။ ဤအပေါက်ကို မဖွင့်သည်မှာ ကြာပြီ။ ထင်သည့်အတိုင်းပင် အပြင်မှာ လသာနေသည်။ ခပ်လှမ်းလှမ်းရှိ ခြံစည်းရိုး ဝါးရုံထဲမှ ဝါးပင်ကြီးတစ်ပင်၏ အနွယ်အညွန့်သည် ကောင်းကင်သို့ ထိုးထိုးကြီး ထောင်တက်ပြီးမှ အားညွှတ်၍ကျနေသည်။ တိမ်မည်းညိုတစ်ခုက လမင်းကြီးကို ဖုံးအုပ်သွားသည်။ မြင်ကွင်းသည် မှုန်မှိုင်းရာမှ မှောင်ရီသန်းလာသည်။ လေအသံများတွင် ယိမ်းထိုး

www.burmeseclassic.com

www.burmeseclassic.com



သွားသောအခါ ဝါးပင်ကြီးသည် ပေါက်တော့မည့် မြွေဟောက်တစ်ကောင်လို ကြောက်စရာ ဖြစ်နေ၏။ နွေဦးစိတ်ထဲမှာ လွမ်းသလိုလို၊ ကြောက်သလိုလို ထွေပြားစွာ ခံစားနေရသည်။ ကိုယ့်အိမ်၊ ကိုယ့်အခန်းမှာ နေရသည်ပင် စိတ်ထဲမှာ လုံခြုံမှုမရှိသလို ထင်နေသည်။

"ဝါးပင်ကြီးက မြွေဟောက်မများ ဖြစ်နေသလား"

အဆက်အစပ်မရှိ တွေးလိုက်မိသည်။ ညနေက ထမင်းစားရသည်မှာ ခါတိုင်းလို ပျော်စရာမကောင်းပါ။ ထမင်းစားခန်းမှာ စိုးစန္ဒာ၏ အသံကိုသာ ကြားနေရသည်။ စိုးစန္ဒာတစ်ယောက်တည်းသာ တွေ့ရသည်။ ဒေါ်ကြီးနှင့် ဖူးဝေကို လုံးဝမမြင်မတွေ့ရ။ ထို့ကြောင့် ထမင်းစားခန်းမှာ ခြောက်ကပ်နေသလို ခံစားခဲ့ရသည်။

"ဖူးဝေနဲ့ ဒေါ်ကြီးကို ထမင်းစားခန်းဘက် မလာရဘူးလို့ သူ ပြောထားသလား"

သံသယဖြစ်မိသည်။ ခါတိုင်းဆိုလျှင် ထမင်းစားခန်းဘက်မှ သူ ထွက်လာသည်ကို မြင်ရုံနှင့် ဖူးဝေ ရောက်လာပြီး တွန်းလှည်းလေးကို တွန်းပေးသည်။ ညနေကတော့ ကိုယ့်ဘာသာ တွန်းသွားရသည်။ ဆေးတိုက်တော့လည်း ဖူးဝေ မဟုတ်။ စိုးစန္ဒာဖြစ်နေသည်။ ဆေးတိုက်သည့် အလုပ်ကို သူကိုယ်တိုင် လုပ်ဝါရစေဟု ခွင့်တောင်းထားသည်။ ဖူးဝေဆေးတိုက်စဉ်က သောက်ရမည့် ဆေးများကို အမျိုးတူရာ နှစ်လုံးစီ တွဲပြီး စတီးပန်းကန်လေးထဲမှာ ထည့်ပေးသည်။ စိုးစန္ဒာကတော့ စတီးပန်းကန်ထဲမှာ မထည့်။ ပုလင်းထဲမှ နှစ်လုံးစီ ထုတ်ယူပြီး တိုက်ရိုက် သူကိုယ်တိုင် တိုက်သည်။ ကိုယ့်စိတ်ကြိုက် အေးအေးဆေးဆေး သောက်ရခြင်း မဟုတ်။ အတင်းတွန်းတိုက်နေသလို ခံစားရသည်။

"ထမင်းစားခန်းကို သူ့အပိုင်သိမ်းလိုက်ပြီလား"

ထမင်းစားရသည်မှာ စိတ်မပျော်၍ မြန်မြန်လက်စသိမ်းပြီး ကိုယ့်အခန်း ကိုယ် ပြန်လာခဲ့သည်။ ခါတိုင်းဆိုလျှင် ဖူးဝေ တွန်းပို့ပေးသော်လည်း ခုတော့ ကိုယ့်ဘာသာ တွန်းလာခဲ့ရသည်။ တွန်းရသည်မှာ ပင်ပန်း၍ မဟုတ်သော်လည်း စိတ်ထဲမှာ တစ်ခုခုလိုနေသလို ခံစားရသည်။ အခန်းကို ပြန်ရောက်ပြီးတော့ မကြာမီမှာပင် ထမင်းမစားနိုင်ခဲ့သည့် ကြောင့် ဆေးပြင်းများဒဏ်ကို ခံစားရသည်။ ရင်က ခုန်လာသည်။ ဖုံးအုပ်နေသော တိမ်တိုက်များ ရွေ့လျားသွားဟန်တူပါ၏။ လရောင်လေး တဖြည်းဖြည်း ပြန်လင်းလာသည်။ လရောင်အောက်မှာ မဟောက်



ရွက်များ ဆီသုတ်ထားသလို တောက်ပနေမည့် အလှကို ကြည့်ချင်သော်လည်း ကြည့်မြင်ခွင့် မရ။ မြွေဟောက်တစ်ကောင်နှင့် တူသော ဝါးပင်ကြီး ယိမ်းနွဲ့သည်ကိုသာ မြင်နေရသည်။ ဆက်ပြီး ကြည့်ချင်စိတ် မရှိတော့၍ တွန်းလှည်းကို နောက်သို့ ပြန်လှည့်လိုက်သည်။

"ဒုတ် ...ဒိုင်း..."

လှည်းဘီးများက နောက်ဘက်မှ ခုံတစ်ခုကို တိုက်မိ၍ ခုံလဲကျသွားသည်။

"ဟင်း...ဘာဖြစ်တာပါလိမ့်"

တစ်ဖက်ခုတင်မှာ အိပ်ပျော်နေသော စိုးစန္ဒာ နိုးလာသည်။ ရုတ်တရက် ကြည့်လိုက်သည်။ ခေါင်းရင်းမှ ပြတင်းပေါက်ပွင့်နေသည်။ နွေဦး တွန်းလှည်း ဘီးများကို လှိမ့်၍ သူ့ခုတင်ဆီသို့ ပြန်သွားနေတာ တွေ့ရသည်။

"ဟင်..သူဘာလုပ်တာပါလိမ့်"

စိုးစန္ဒာ စိုးရိမ်စိတ် ဖြစ်မိသည်။

"ပြတင်းပေါက် ဘာလို့ဖွင့်ထားရတာလဲ၊ ဘယ်သူနဲ့ တွေ့တာလဲ၊ ဟို ကောင်မလေး လာတွေ့တာလား"

ခုတင်ပေါ်မှ အမြန်ထပြီး ပြတင်းပေါ်သို့ သွားကြည့်သည်။ အပြင်ဘက် မှာ ဘာမှ မတွေ့ရ။ ပြတင်းပေါက်ကို ပြန်ပိတ်လိုက်သည်။ စိတ်ချလက်ချ အိပ်ပျော်သွားမိသော မိမိကိုယ်ကိုလည်း မကျေမနပ် ဖြစ်မိသည်။

"သူ ဘာလို့ ထလာတာလဲ၊ ငါ့ကိုများ..."

စိုးစန္ဒာ ထိတ်လန့်သွားမိသည်။ နွေဦး ခုတင်ဘက်သို့ လှမ်းကြည့်လိုက် သည်။ နွေဦး တွန်းလှည်းပေါ်မှ တစ်ဆင့် ခုတင်ပေါ်သို့ ပြန်တက်နေသည်။ ထောက်ကို လက်ဖြင့် ဆွဲမတင်နေသည်။

"ဒီအကျိုးကို ငါ ဘာမှ ကြောက်စရာ မရှိဘူး"

စိုးစန္ဒာ ကိုယ့်ဘာသာ အားတင်းလိုက်သည်။ နွေဦး နေသားတကျဖြစ် အောင် ခက်ခက်ခဲခဲ ဖြည်းဖြည်းချင်း လှုပ်ရှားနေသည်။ စိုးစန္ဒာ မြင်သော်လည်း ကူချင်စိတ်မရှိ။

"ငါမသတ်ရဘဲနဲ့ ကိုယ့်ဘာသာ မြန်မြန်သေလိုက်စမ်းပါ နွေဦးရာ"

ရင်ထဲမှာ ကျိတ်ပြီး ဆုတောင်းနေမိသည်။ နွေဦး နေသားတကျ ဖြစ် သွားပြီ။ စိုးစန္ဒာ အိပ်ရာ ခုတင်ပေါ်မှ ထလိုက်သည်။ အခန်းထဲမှာ ပြာလဲ့လဲ့

www.burmeseclassic.com

www.burmeseclassic.com



မီးရောင်လေးသာ လင်းနေသည်။

"မောင် ဘာဖြစ်လို့ ထတာလဲ"

စိုးစန္ဒာ သွားမေးသည်။

"ဘာမှမဖြစ်ပါဘူး၊ အိပ်မပျော်သေးလို့ ပြတင်းပေါက်မှာ သွားထိုင်တာ"

နွေဦး ဖြေပုံက အေးအေးဆေးဆေးဖြစ်သည်။

"အိပ်မပျော်ရင် ဆေးတိုက်ရမလား မောင်၊ အိပ်ပျော်တဲ့ ဆေးပေးထားတာ ရှိတယ်"

"မသောက်တော့ပါဘူး"

အိပ်မပျော်သော ဝေဒနာထက် ဆေးသောက်ရသော ဒုက္ခကို ပိုကြောက်သည်။ စိုးစန္ဒာ သူ့ခုတင်ရှိရာသို့ ပြန်လျှောက်သွားလေသည်။ နွေဦး လှမ်းကြည့်လိုက်သည်။ ပြာလဲ့လဲ့ မီးရောင်အောက်မှာ အနက်ရောင် ညဝတ်အင်္ကျီရှည်ကြီးနှင့် လျှောက်သွားနေသော စိုးစန္ဒာ၏ ပုံရိပ်ကို ကြောက်စရာ မကောင်းဆိုးဝါးတစ်ကောင်လို နွေဦးရင်ထဲမှာ ခံစားရသည်။

"သူ အတင်းဝင်လာတာကို ငါအပြတ်မငြင်းခဲ့မိတာ မှားလိုက်တာ"

ဤအိမ်ကြီးထဲမှ စိုးစန္ဒာ အမြန်ပြန်ထွက်သွားစေချင်သည်။ လက်ထပ်စကတွေ့ခဲ့ရသော စိုးစန္ဒာကို မြတ်မြတ်နိုးနိုးဖြစ်ခဲ့သော်လည်း ယခုတွေ့နေရသော စိုးစန္ဒာအပေါ်မှာ သံယောဇဉ်တရား ရှားပါးနေပြီကို ကိုယ့်ဘာသာ နားလည်လိုက်ပါသည်။

□ □ □

## အခန်း (၂၇)

အောက်ထပ်မှ ဒုန်းဒိုင်းအသံကို အပေါ်ထပ်မှ အိပ်မပျော်သေးသော ဖူးဝေကြားရသည်။ ခုတင်ပေါ်မှာ ထထိုင်မိမလို ဖြစ်သွားသည်။ ကိုကိုကြီးများ လဲကျတာလား။ အောက်ထပ်သို့ သွားကြည့်ချင်စိတ် ဖြစ်မိသည်။ သို့သော် သူမခေါ်ဘဲမလာရ၊ သူမခိုင်းဘဲ မလုပ်ရဆိုသော စိုးစန္ဒာ၏ အမိန့်ကို သတိရလာသည်။ အိပ်ရာပေါ်မှာပင် ဆက်အိပ်ရင်း နားစွင့်နေလိုက်သည်။ ဘာသံမျှ ဆက်မကြားရ။ ကိုကိုကြီး အိပ်လို့မှ ပျော်ရဲ့လား။ ကိုကိုကြီးကို သတိရနေမိသည်။ အေးချမ်း၍



သဘောကောင်းသော ကိုကိုကြီးမျက်နှာကို မြင်ယောင်မိသည်။ ညနေတုန်းက ကိုကိုကြီးကို ဆေးတိုက်ခွင့်၊ ထမင်းကျွေးခွင့်မရ။ အခန်းဆီးအကွယ်မှ လှမ်းကြည့်တော့ ကိုကိုကြီး ထမင်းစားခန်းကို သူ့ဘာသာ လှည်းတွန်းပြီး ဝင်လာရသည်။ သူ့အခန်းကို ပြန်တော့လည်း ကိုကိုကြီးဘာသာ တွန်းသွားရသည်။ ထမင်းလည်း ခါတိုင်းလို မစားနိုင်။ သိတာပေါ့၊ စားကြွင်းပန်းကန်ကို ဖူးဝေပဲ သိမ်းရ၊ ဆေးကြောခဲ့ရသည်။

အောက်ထပ်ဆီမှ ပြတင်းပေါက်ပိတ်သံ ကြားရပြန်သည်။ အောက်ထပ်ကို ဆင်းကြည့်ချင်စိတ် ဖြစ်မိသည်။ နေ့ခင်းက ဒေါ်ကြီးပြောသည်များထဲမှာ ဖူးဝေ မှတ်မိနေသော စကားရှိသည်။ ကိုကိုကြီးတို့ လင်မယားရန်ဖြစ်ခဲ့သော ညက အိမ်ကြီးရှင်မ ပြောခဲ့သော စကားဖြစ်သည်။

'ငါ့ကို ပါးရိုက်တာ၊ နင့်ကို ငါသတ်မယ်'ဆိုသော စကားဖြစ်သည်။

သူ ကိုကိုကြီးကို တကယ်ချစ်လို့ ပြန်လာတာလား၊ ကိုကိုကြီးကို သတ်ချင်လို့ ပြန်လာတာလား။ ဖူးဝေ သံသယရှိသည်။ ကိုကိုကြီးကို သူတကယ့်မေတ္တာနဲ့ ပြုစုစောင့်ရှောက်သလား။ ဖူးဝေ အကဲခတ်နေခဲ့သည်။ သိပ်တော့မသေချာသေး။ မကြာခင် ခိုင်ခိုင်မာမာသိမည်ဟု ဖူးဝေထင်သည်။ အောက်ထပ်မှ ဘာသံမျှမကြားရတော့။ တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ ကိုကိုကြီး ကျန်းမာပါစေ၊ ဘေးရန်အန္တရာယ် ကင်းပါစေ။ ဖူးဝေ ဆုတောင်းနေမိသည်။

□ □ □

## အခန်း (၂၈)

စိုးစန္ဒာ ပြန်အိပ်သော်လည်း မပျော်။ ရင်ခုန်သံတွေ မြန်နေသည်။ ညနှင့်အပြိုင် အိမ်ကြီးတစ်အိမ်လုံး တိတ်ဆိတ်နေသည်။ ငါ့ရင်က ဘာလို့ ခုန်နေတာလဲ၊ ငါကြောက်လို့လား။ စိုးစန္ဒာ ကိုယ့်ဘာသာ ပြန်စဉ်းစားသော်လည်း ခွဲခွဲခြားခြားသေး။ ငယ်ချစ်ဟောင်းကျော်စွာမိုးကို သတိရမိသည်။ ဆောနားမှာ သူရှိလျှင် ဘယ်လောက်အားရှိလိုက်မလဲ။ ကျော်စွာမိုးနှင့် အမြန်ဆုံး အတူနေရသောဘဝကို လိုချင်သည်။ ပထမဆုံးတစ်ဆင့်တော့ အောင်မြင်ပြီ။ ဤအိမ်ကြီးထဲသို့ ရအောင်

www.burmeseclassic.com

www.burmeseclassic.com



ခင်နိုင်ခဲ့ပြီ။ စနေနေ့မှာ တစ်ပတ်ပြည့်မည်။ ညှိနှိုင်းခဲ့သည့်အတိုင်း ကျော်စွာမိုးကို အကျိုးအကြောင်း ဖုန်းဆက်ပြောရမည်။ ဒုတိယတာဝန်အတွက် တိုင်ပင်ရမည်။ ဒုတိယတာဝန်က တကယ်လုပ်ရမည်ဆိုတော့ ခက်သည်။ ကိုယ့်လက်ထဲမှာ လုပ်ပိုင်ခွင့်တွေ လုပ်နိုင်သည့် အခွင့်အလမ်းတွေတော့ရနေပြီ။ သို့သော် ချက်ချင်း လုပ်၍ မသင့်။ သူများတွေ ရိပ်မိသွားနိုင်သည်။ ကိုယ်နှင့် ဘာမျှမပတ်သက်မှ ဖြစ်မည်။ သူ့ဘာသာသေမှ သူ့အမွေများကို ကိုယ်ရမည်။

ဒါမှ ရည်ရွယ်ချက်အောင်မြင်ပြီး ကိုယ့်ချစ်သူနှင့် ပျော်ပျော်ကြီး ပေါင်းမည်။ ညနေကလို ထမင်းမစားနိုင်ဘဲ သူ့ဘာသာ လုံးပါးပါးပြီး သေသွားရင်လည်း အေးတာပဲ၊ ငါ့အတွက် ပိုကောင်းတယ်။ နွေဦး၏ ခုတင်ဘက်သို့ လှမ်းကြည့်လိုက်သည်။ ပက်လက်အနေအထားနှင့် တိတ်တိတ်ငြိမ်ငြိမ်လေး အိပ်နေသော နွေဦးကို မြင်ရသည်။ ဟင်း…ငါ့ကို ပါးရိုက်တဲ့ကောင်။ ထိုသို့ တွေးမိတိုင်း ကိုယ်ထဲမှ သွေးများ ဆူပွက်လာသလို ခံစားရသည်။ မျက်နှာပေါ်သို့ ခေါင်းအုံးနှင့် အုပ်ပြီး ဒဏ်ရာမပေါ်အောင် သတ်ချင်စိတ် ဖြစ်မိသည်။ သို့သော် ကိုယ်ထိလက်ရောက် တကယ်သတ်ရမှာကိုတော့ စိတ်ထဲမှာ နည်းနည်းထိတ်လန့်သည်။

“နွေဦးရယ်၊ ငါမသတ်ရဘဲနဲ့ နင့်ဘာသာ အမြန်ဆုံးသေလိုက်စမ်းပါ”

စိတ်ထဲမှ မုန်းတီးစွာ ဆုတောင်းနေမိသည်။

□ □ □

## အခန်း (၂၉)

စိုးစန္ဒာ ခိုင်းထား၍ အိမ်ရှေ့မှ နှင်းဆီပင်ကို မြေဆွပေးရင်း ဖူးဝေ မကျေမနပ်ဖြစ်နေသည်။ ဒီမိန်းမ လုံးဝမကောင်းဘူး၊ မရိုးသားဘူး။ ဖူးဝေ သံသယမဟုတ်၊ အခိုင်အမာပင် စွပ်စွဲချင်လာပြီ။ စိုးစန္ဒာ ရောက်လာပြီး တစ်ပတ်မှာပင် နွေဦး၏ ကျန်းမာရေးမှာ သိသိသာသာကျသွားသည်။ လူမှာလည်း တော်တော် ပိန်သွားသည်။ ထမင်းမစားနိုင်သည့် ရက်တွေချည်းဖြစ်၍ အားလည်းနည်းလာသည်။ နံနက်က ပြောင်းဖူးနုနုလေးများကို ဒေါ်ကြီး ဝယ်လာ၍ ဖူးဝေ မောမှန်း



ခန်းမှန်းမသိ၊ ပြောင်းဖူးနုနုကိုပင် ထပ်ပြီး ညက်အောင်ထောင်းသည်။ ပြောင်းဖူးကို နွားနို့နှင့် ကြော်မည်။ ထိုဟင်းမျိုးကို ကိုကိုကြီး သိပ်ကြိုက်သည်ဟု ဒေါ်ကြီး ပြောသည်။ သို့သော် မီးဖိုထဲသို့ စိုးစန္ဒာ ရောက်လာပြီး အစာမကြေဖြစ်နိုင်သည်ဟု တားသည်။ ကြက်ဥ ဟပ်ဖရိုက်သာ လုပ်ပေးရန် ပြောသည်။ ကြက်ဥဟပ်ဖရိုက်မှာ စားရလွန်း၍ ကိုကိုကြီးက အနံ့ပင် မခံချင်တော့ကြောင်း ဒေါ်ကြီး ရှင်းပြသေးသည်။ သို့သော် ဆရာဝန်က အကြံပေးသည်ဟု ပြောပြီး ထိုဟင်းသာ စီစဉ်ခိုင်းသည်။ ထမင်းစားချိန်တွင် ဖူးဝေ မီးဖိုချောင်ဘက်မှ တစေ့တစောင်း အကဲခတ်ကြည့်သည်။

ကိုကိုကြီးက ကြက်ဥဟပ်ဖရိုက်ကို လက်မလောက်ပင် ကုန်အောင်မစား။ ထမင်းလည်း ဘာမျှမကုန်ဘဲ ထမင်းစားခန်းမှ ပြန်ထွက်သွားသည်။ ကြာလျှင် ကိုကိုကြီး၏ ကျန်းမာရေးအတွက် ခက်တော့မည်။ ဒေါ်ကြီးလည်း ချက်ရပြုတ်ရသာ စိတ်မပါတော့ပါ။ ကိုကိုကြီးအတွက်လည်း စိတ်မကောင်း ဖြစ်နေသည်။ ရင်ထဲမှ မကျေနပ်မှုများ ပြေလိုပြေငြား လက်ထဲမှ ဂေါ်ပြားငယ်နှင့် နှင်းဆီဝင်းခြံရင်းမှ မြေကြီးကို တစွပ်စွပ်ထိုးစိုက်နေမိသည်။ ထိုအချိန်တွင် နောက်ဘက်ဆီမှ ဆက်တိုက် ထွက်ပေါ်လာသော အသံတစ်မျိုးကို ကြားရသည်။ ထိုအသံကို ဖူးဝေ သိသည်။ နောက်ဘက်သို့ အမြန်လှည့်ကြည့်လိုက်သည်။

“အို…”

ဖူးဝေ လက်ထဲမှ ဂေါ်ပြားကို ပစ်ချထားခဲ့ပြီး အမြန်ပြေးသွားသည်။ နွေဦး တွန်းလှည်းနှင့် အပြင်ထွက်လာစဉ် မြက်ခင်းပြင်ပေါ်သို့ အတက်မှာ တွန်းလှည်း နောက်ဘက်သို့ ပြန်လိမ့်ကျလာခြင်း ဖြစ်သည်။ နွေဦး ခက်ခက်ခဲခဲ ထိန်းနေသော်လည်း လက်များက အားမရှိ။ ခါတိုင်း လွယ်လွယ်ကူကူပင် တွန်းတက်နိုင်သော မြက်ခင်းပေါ်သို့ပင် ရောက်အောင် မတက်နိုင်။ တွန်းလှည်းနောက်ဘက်သို့ လိမ့်ဆင်းလာရာမှ ညာဘက်ဘီးက သစ်မြစ်တစ်ခုပေါ်သို့ တက်နင်းမိသွားသည်။

“ဒုန်း”

တွန်းလှည်း အရှိန်လျော့သွားသော်လည်း တစ်ဖက်သို့ လည်စောင်းသွားသည်။ နွေဦး ထိန်းသော်လည်း မနိုင်တော့ပါ။ တွန်းလှည်း တိမ်းမှောက်ပြီး နွေဦး လွင့်စဉ်ကျတော့မည်။ ဖူးဝေ အမြန်ဆုံးပြေးပြီး တွန်းလှည်းရော နွေဦးပါ ထိန်းလိုက်သည်။ တွန်းလှည်းကို လက်တစ်ဖက်ဖြင့် အချိန်မီ တွန်းထိန်းထားသလို လိမ့်ကျတော့မည့် နွေဦးကိုလည်း ကျန်လက်တစ်ဖက်ဖြင့် မ,ပွေ့ထား

www.burmeseclassic.com

www.burmeseclassic.com



လိုက်နိုင်သည်။

"သြော်...ဖူးဝေ"

နွေဦး သိပ်ကိုကျေးဇူးတင်မိသည်။ သို့သော် ဖူးဝေမှာတော့ အခက်အခဲမှ မလွတ်မြောက်သေး။ တွန်းလှည်းကို မလဲအောင် ကျားကန်ပြီး တွန်းထားရဆဲ။ နွေဦးကိုလည်း မထိမိ မခိုက်မိအောင် ပွေ့ဖက်ထားရဆဲ။ ဖူးဝေရင်ခွင်ထဲမှာ နွေဦး၏ ကိုယ်တစ်ပိုင်းရောက်နေ၏။ သို့သော် ဖူးဝေကို နွေဦး မကူညီနိုင် ဖြစ်နေသည်။ ဖူးဝေက နွေဦးကို ဖက်ထားရင်းနှင့် တွန်းလှည်းကို နေသားတကျဖြစ်အောင် ပြန်တွန်းချသည်။ တွန်းလှည်း နေသားတကျ ဖြစ်သွားသည်။ ဖူးဝေပါ အရှိန်နှင့် ပါသွားပြီး နွေဦးရင်ခွင်ထဲမှာ နွေဦးနှင့် မျက်နှာချင်း ထိကပ်သွားသည်။

"ကန်တော့နော် ကိုကိုကြီး ကန်တော့"

ဖူးဝေက ပျာပျာသလဲ တောင်းပန်သည်။ လက်လွတ်၍ ရသည်နှင့် လက်အုပ်ချီပြီး တောင်းပန်သည်။

"ဖူးဝေ မထိန်းနိုင်လို့ပါနော် ကိုကိုကြီး"

"သြော်...ဖူးဝေရယ်"

ဖူးဝေကို ကြည့်ရင်း နွေဦး သက်ပြင်းချမိသည်။ ကိုကိုကြီးက တောင်းပန်ရမှာပါ ဖူးဝေရယ်။ နွေဦး စိတ်မကောင်း ဖြစ်မိသည်။ ထိုဖြစ်ရပ်ကို အိမ်ဆင်ဝင်အောက်မှ လှမ်းကြည့်နေသော စိုးစန္ဒာ အားလုံး မြင်တွေ့နေရသည်။ မျက်နှာတစ်ပြင်လုံး တင်းမာသွားသည်။ နှစ်ယောက်လုံးကို မကျေနပ်။ ဖူးဝေကတော့ ဘာမျှဂရုမစိုက်နိုင်တော့ပါ။ ကိုကိုကြီးကို တွန်းလှည်းပေါ်မှာ နေသားတကျဖြစ်အောင် ပြန်တင်ပေးသည်။

"ကိုကိုကြီး ခြေထောက်နာသွားသေးလား"

ကြင်နာစွာ မေးမိသည်။

"မနာပါဘူး၊ တော်သေးတာပေါ့၊ ဖူးဝေသာ ရောက်လာပြီး မထိန်းနိုင်ရင် ကိုကိုကြီးလွင့်ကျမှာ ခြေထောက်ပြန်ကျိုးသွားနိုင်တယ်"

ခုမှ နွေဦး အထိတ်တလန့် ဖြစ်ရသည်။

"ကိုကိုကြီး ဘယ်သွားချင်လို့လဲ"

"ဟိုမြက်ခင်းလေးပေါ် သွားတာ"

"ဖူးဝေပို့ပေးမယ် ကိုကိုကြီး"

ဖူးဝေက တွန်းလှည်းကို နောက်မှ တွန်းပြီး ပို့ပေးသည်။ ဆင်ဝင်အောက်မှ



လှမ်းကြည့်နေသော စိုးစန္ဒာ ဆတ်ဆတ်ခါအောင် ဒေါသတကြီး ဖြစ်ရပြီ။ ဒါတော့ ငါ့ကို တမင် အရွဲ့တိုက်တာ၊ ငါပြောထားတာတွေကို ဘာမှ အရေးမစိုက်ဘူးလို့ ပြလိုက်တာ။ စိုးစန္ဒာ မျက်လုံးထဲမှာ မီးပွင့်များ လက်သွားသည်။

"ဟင်း...သိကြသေးတာပေါ့"

စိုးစန္ဒာ အိမ်ရှေ့သို့ လိုက်သွားသည်။ ခြေလှမ်းများက မာတင်းနေသည်။

"ငါ့ကိုမှ လာစမ်းတဲ့ ကောင်မ"

ကိုယ့်အတွေးက ကိုယ့်ဒေါသကို လေပင့်ပေးသည်။ ဟိုတစ်ယောက်ကလည်း ဒီဟာမရှိတဲ့အချိန်မှာ တမင်အိမ်ရှေ့ကို ထွက်တာနေမှာ။ နွေဦးကိုလည်း မကျေနပ်။ ထိုအချိန်တွင် ပို၍ ဒေါသဖြစ်စရာ မြင်ကွင်းတစ်ရပ်ကြောင့် စိုးစန္ဒာ ဆင်ခြင်ထိန်းချုပ်နိုင်စွမ်း မရှိတော့အောင် ဖြစ်ရသည်။ တွန်းလှည်း စံပယ်ပင်အောက်အရောက်တွင် မြက်ခင်းပေါ် ကြွေကျနေသော စံပယ်ပွင့်အဖြူလေးများကို နွေဦးက လက်ညှိုးထိုးပြ၍ ဖူးဝေ ကောက်ပေးသည်။

အကြွေပွင့်လေးများကို နွေဦးက သူ့လက်နှစ်ဖက်နှင့် တယုတယ ခံယူနေသည်။ ဟင်း...ကဗျာဆန်ချင်နေလိုက်ကြတာ။ စိုးစန္ဒာ၏ ခြေလှမ်းများ ပို၍ကြမ်းလာသည်။

"ဟိုကောင်မ၊ ညည်း ဒီမှာ ဘာလာလုပ်နေတာလဲ"

နောက်မှ ထွက်ပေါ်လာသော ခက်ထန်သော အသံကြောင့် ဖူးဝေရော နွေဦးပါ လှည့်ကြည့်လိုက်ကြသည်။ စိုးစန္ဒာ ဒေါသတကြီးဖြစ်နေသော မျက်နှာကို မြင်ရ၍ ဖူးဝေ ထိတ်လန့်သွားသည်။ ဘာပြန်ပြောရမှန်းလည်း မသိ။

"ငါ ညည်းကို ဘာခိုင်းထားလဲ"

"နှင်းဆီပင်တွေ မြေဆွခိုင်းထားပါတယ်"

ဖူးဝေ၏အသံမှာ တုန်ခါမှုလေး ပါနေသည်။

"ငါ ညည်းကို ဘာပြောထားလဲ"

ဖူးဝေ မပြောတတ်။

"ပြောလေ"

"ခိုင်းတာပဲ လုပ်ရမယ်လို့ ပြောထားပါတယ်"

"ညည်းက ငါ့စကားကို နားမထောင်ဘူးဆိုတဲ့ သဘောလား"

"ဒီမှာ မင်း ခဏနေဦး"

နွေဦးက ဖြတ်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စိုးစန္ဒာ နွေဦးကို လှမ်းကြည့်လိုက်သည်။

"မင်းပြောသလိုဆိုရင် ငါ တွန်းလှည်းနဲ့ လဲကျရင်လဲ သေချင်သေပါစေ မလုပ်ရဘူး၊ ကြည့်နေရမယ်ဆိုတဲ့သဘောလား"

နွေဦးက မာမာတင်းတင်း မေးလိုက်သည်။

"တွန်းလှည်းနောက်ပြန်လိမ့်တာက ဘာမှ ဆိုးမှာမဟုတ်ပါဘူး။ သူလုပ်မှ ပိုဆိုးပြီး ရင်ခွင်ထဲ ဆွဲပွေ့တာတွေရော၊ လူမြင်ကွင်းမှာ ဖက်နမ်းကြတာတွေရော ဖြစ်ကုန်တာ"

"ဘာပြောတယ်၊ မင်းမိုက်ရိုင်းလှချည်လား၊ တွန်းလှည်းနောက်လိမ့်တာက သစ်မြစ်တက်နင်းပြီး မှောက်တော့မယ့်အထိ ဖြစ်တာကွ၊ အဲဒါက သူပြေးလာပြီး မနိုင်မနင်း ထိန်းရတာ၊ သူ့မှာ မင်းပြောသလို ယုတ်မာတဲ့စိတ် မရှိဘူး"

"ဒါဖြင့် ဒီနေရာအထိ ခေါ်လာပြီး ပန်းကောက်ပေးတာကကော"

"ဒါက ငါခိုင်းလို့ ကောက်ပေးတာ"

"အကြွေပန်းလေးကို ကြင်နာမယ်ဆိုတဲ့ အဓိပ္ပာယ်လား"

စိုးစန္ဒာ ရီလိုက်ခြင်း ဖြစ်သည်။

"တော်စမ်း၊ မင်း ဘာမှ ဆက်မပြောနဲ့"

"မင်း ရောက်လာကတည်းက ဒီအိမ်မှာ ဟိုလူအော်လိုက်၊ ဒီလူငေါက်နဲ့ အကုန်လိုက်ချုပ်ချယ်နေတာ၊ ငါ အားလုံးကြားနေရတယ်။ ဒါပေမဲ့ ငါ ဘာမှ မပြောခဲ့ဘူး။ ခုဟာကတော့ မင်း ငါ့သိက္ခာကိုပါ စော်ကားလာပြီ၊ မိန်းမပျိုလေး တစ်ယောက်ရဲ့ သိက္ခာကို စော်ကားတာက ပိုဆိုးတယ်။ မင်း ဘယ်သူ့မှ ချုပ်ချယ်စရာ မလိုဘူး။ သူတို့ဘာသာ အရင်ကလိုပဲ လွတ်လွတ်လပ်လပ် နေပါစေ လွတ်လပ်လပ်လုပ်ပါစေ"

"ဘယ်ရမလဲ၊ စိုးက အိမ်ရှင်မပဲ၊ တစ်အိမ်လုံးကို စီမံခန့်ခွဲရမှာ စိုး တာဝန်ပဲ၊ အဲဒါကို မလိုက်နာနိုင်တဲ့လူ ဒီအိမ်မှာ မနေနဲ့ပေါ့၊ ထွက်သွားပေါ့"

"အေး...အဲဒီလိုဆိုရင် ငါ အဆုံးအဖြတ်ပေးလိုက်မယ်၊ ဘယ်သူမှ ထွက်သွားစရာ မလိုဘူး၊ မင်းပဲ ထွက်သွားတော့၊ မင်းကို ငါဆက်ပြီး လက်ခံမထားနိုင်တော့ဘူး"

"ဘာလို့ ထွက်သွားရမှာလဲ၊ စိုးနဲ့ မောင်နဲ့ လင်မယားပဲ"

"မင်းနဲ့ ငါ လင်မယားလို့ ငါအသိအမှတ်မပြုနိုင်ဘူးကွာ"

"စိုးနဲ့မောင်နဲ့ ကွာထားတာမှ မဟုတ်ဘဲ"



စိုးစန္ဒာက တင်းတင်းမာမာ ပြန်ပြောသည်။

"ကွာမထားပေမဲ့ မင်းနဲ့ ကွာပြီးသားပဲ၊ ဒီအိမ်က မင်းသဘောနဲ့ မင်းထွက်သွားပြီးသားပဲ"

"ထွက်သွားပြီးသားပေမဲ့ ခု ပြန်ရောက်နေပြီလေ"

"အေး...ဒါပေမဲ့ မင်းကို ငါ ဆက်ပြီး မပေါင်းနိုင်ဘူးကွာ၊ မင်းသွားတော့"

နွေဦးက ဒေါသတကြီး ပြန်အော်သည်။ နွေဦးကို စိုးစန္ဒာ ကြည့်လိုက်သည်။ နွေဦး မျက်နှာတင်းမာပြတ်သားနေသည်။ တကယ်ပင် နှင်ထုတ်နေခြင်းဖြစ်သည်ကိုလည်း နားလည်လိုက်သည်။

"ဒါဆို ငါ့ရည်ရွယ်ချက်တွေ စွန့်လွှတ်ရတော့မှာလား"

မူလ ရည်ရွယ်ချက်ကို စိုးစန္ဒာ ပြန်သတိရသည်။ ဒေါသနှင့်ဆက်ပြီး ယှဉ်ပြိုင်ပြောနေလျှင် ကိုယ့်ဘက်မှ နစ်နာမည်။ ကိုယ့် ရည်ရွယ်ချက်များ ပျက်မည်ကို စဉ်းစားမိသည်။ ချက်ချင်း ဒေါသစိတ်များကို လျှော့ချလိုက်သည်။

"ဒီလောက်အထိ ဖြစ်မိတာတောင် ငါမှားတယ်"

ကိုယ့်ကိုယ်ကို အပြစ်တင်မိသည်။

အခြေအနေကို အမြန်ဆုံးပြောင်းပစ်ရန် စိုးစန္ဒာ ဆုံးဖြတ်လိုက်သည်။

"မောင်ရယ်...စိုးကို မောင် ဒီလောက်အထိ ပြောစရာ မလိုပါဘူး၊ စိုး မောင့်အပေါ်မှာ စေတနာအပြည့်နဲ့ ပြန်လာတာပါ"

စိုးစန္ဒာ ပြောရင်းနှင့် မျက်ရည်များ စီးကျလာသည်။

"မောင်နဲ့ သူ့ကို ပွေ့လျက်ဖက်လျက် မျက်နှာချင်း ထိကပ်နေကြတာတွေ့ရတော့ စိုး ရင်ထဲမှာ ဒေါသမီးတွေ တောက်ပြီး ပြောမိဆိုမိ ဖြစ်သွားတာပါ"

စိုးစန္ဒာ ရှိုက်ကြီးတငင် ငိုပါသည်။

နွေဦး ဘာမျှ ဆက်မပြောတတ်အောင် ဖြစ်ရပြန်သည်။

"စိုး ပြောမိတာ လွန်ရင် ခွင့်လွှတ်ပါ မောင်ရယ်၊ စိုး မောင့်ကို ချစ်လွန်းလို့ပါ"

ငိုရှိုက်ရင်း ပြောနေသော စိုးစန္ဒာကို ဖူးဝေ နားမလည်သလို ကြည့်နေမိသည်။ မြန်ဆန်စွာ ပြောင်းလဲသွားသည်ကိုလည်း အံ့သြနေမိသည်။ ဤနေရာတွင် မိမိ ဆက်ရှိနေရန် မလိုအပ်တော့ဟု ယူဆ၍ ဖူးဝေ နှင်းဆီပင်ခြေရင်းမှ ပြန်ထွက်သွားသည်။ နွေဦးက ထွက်သွားသော ဖူးဝေကို လှမ်းကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"စိုး သူတို့ကို အော်တာလဲ အော်ချင်လို့ မဟုတ်ပါဘူး မောင်ရယ်၊ မောင့်အပေါ် စေတနာထားတော့ သူတို့လုပ်တာ အားမရလို့ ပြောမိဆိုမိတာပါ"

နွေဦး ဘာမျှ မပြောချင်တော့ပါ။

"ခုလဲ စိုး မောင့်ကို လိမ္မော်ရည်တိုက်ချင်လို့ လိုက်ရှာရင်း မမျှော်လင့်တာကို မြင်နေတော့ စိတ်မထိန်းနိုင်ဖြစ်ပြီး ပြောမိတာပါ"

ဤမျှ အလျှော့ပေး တောင်းပန်နေပြန်တော့လည်း နွေဦးဘက်မှာ ဆက်ပြီး တင်းမာရန် အခက်ကြုံရသည်။

"စိုးကို ခွင့်လွှတ်ပါ မောင်ရယ်...နော်"

အခြေအနေကို ပါးနပ်စွာ ရိပ်စားမိသော စိုးစန္ဒာက အဆုံးသတ် တောင်းပန်စကားပြောပြီး မျက်ရည်များကို သုတ်လိုက်သည်။ ပြီးတော့ နွေဦး ထိုင်နေသည့် တွန်းလှည်းကို နောက်မှ ထိန်းကိုင်၍ အိမ်ဆီသို့ ပြန်တွန်းလာခဲ့သည်။ နွေဦး တွန်းလှည်းပေါ် ထိုင်လျက် ပါလာသည်။ စိုးစန္ဒာအနေနှင့် နွေဦး ထိုင်သည့် တွန်းလှည်းကို ပထမဆုံးအကြိမ် တွန်းပေးခြင်း ဖြစ်ပါသည်။

❒ ❒ ❒

## အခန်း (၃၀)

"သြော်...ကိုကိုကြီးရယ်"

ပြန်စဉ်းစားလိုက်တိုင်း ဖွေးဝေရင်ထဲမှာ တလှပ်လှပ်ဖြစ်ရသည်။ မမျှော်လင့်ဘဲ ကြုံရသည့်အဖြစ်။ တွန်းလှည်းမှောက်တော့မည်။ ကိုကိုကြီး လွင့်စဉ်ကျတော့မည်။ ကိုကိုကြီးအတွက် စိုးရိမ်သည်မှတစ်ပါး ဘာမျှ မစဉ်းစားနိုင်။ တွန်းလှည်းကို ထိန်းရင်း ကိုကိုကြီးကို ဖမ်းပွေ့ထားရသည်။ ထိုအချိန်အထိ အခြေအနေက မဆိုးသေး။ တွန်းလှည်းကို နေသားတကျဖြစ်အောင် ပြန်တွန်းချမှ ကိုယ့်ရင်ခွင်ထဲ ရောက်နေသော ကိုကိုကြီး၏ ရင်ခွင်သို့ ကိုယ်က ပြန်ရောက်သွားရသည်။ မရှောင်သာ မလွှဲသာ မျက်နှာချင်းလည်း ထိကပ်သွားကြသည်။ ဘာနှင့် ဘာ ဘယ်လို ထိကပ်သွားမှန်းပင် မသိ။ ရှက်ရန်ပင် သတိမရ။ ဖြစ်ဖြစ်ချင်း သတိရသည်က



ကိုကိုကြီးခြေထောက် ထိမှာကိုသာ စိုးရိမ်ခြင်းဖြစ်သည်။ ခြေမ...ဆိုတော့ ကိုကိုကြီးကို အားနာစိတ်သာ ဖြစ်မိသည်။

"တွန်းလှည်း နောက်ပြန်လိမ့်တာက ဘာမှဆိုးမှာ မဟုတ်ဘူး၊ သူလုပ်မှ ပိုဆိုးပြီး ရင်ခွင်ထဲဆွဲပွေ့တာရော၊ လူမြင်ကွင်းမှာ ဖက်နမ်းတာတွေရော ဖြစ်ကုန်တာ"

စိုးစန္ဒာ ပြောလိုက်မှ မျက်နှာတစ်ခုလုံး ထူပူသွားအောင် ရှက်ရသည်။ တကယ်ပင် ပွေ့မိဖက်မိလား၊ တကယ်ပဲ နမ်းသလို ဖြစ်ကြသလား။ ပြန်တွေးတော့ ရင်ဖိုစရာ၊ စိတ်လှုပ်ရှားစရာတွေ ဖြစ်ရသည်။ သို့သော် ကိုယ့်ဘာသာ သိပါသည်။ ပွေ့သည်ပဲ ဖြစ်ဖြစ်၊ နမ်းသည်ပဲ ဖြစ်ဖြစ် ကိုယ့်စိတ်က စင်ကြယ်သည်။ သန့်ရှင်းသည်။ ကိုယ့်လိုပင် ကိုကိုကြီးစိတ်မှာလည်း စင်ကြယ်သည်။ သန့်ရှင်းသည်ဟု ဖွေးဝေ ယုံပါသည်။ သူပြောမှသာ မစင်မကြယ် တွေးစရာတွေ ဖြစ်လာရသည်။ ဖွေးဝေ ဘာလုပ်လုပ် သူ့အကောင်းမမြင်၊ အပြစ်သာမြင်နေသည်ကို ဖွေးဝေ နားလည်လာသည်။

"သူ ဘာဖြစ်လို့ ငါ့ကို ဒီလောက်မုန်းနေတာလဲ"

ဖွေးဝေ နားမလည်နိုင်အောင် ဖြစ်မိသည်။ ဤအိမ်ကြီးမှာ ဖွေးဝေ နေချင်စိတ်မရှိအောင် ဖြစ်မိသည်။ ဖြစ်ချင်ရာဖြစ် ဆိုပြီး ရောက်ရာပေါက်ရာ ထွက်သွားချင်စိတ်ပင် ဖြစ်မိသည်။ သို့သော် ကိုကိုကြီး ဒုက္ခဖြစ်မှာစိုးသည်။ ကိုကိုကြီးအတွက် စိတ်မချသလို ခံစားရသည်။

"သြော်...ကိုကိုကြီးရယ်"

ဖွေးဝေ ရင်မှာ မောရသည်။

❒ ❒ ❒

## အခန်း (၃၁)

စိုးစန္ဒာ အိမ်ကြီးသို့ရောက်၍ တစ်ပတ်တိတိပြည့်သောနေ့ဖြစ်သည်။ ကျော့်စွာမိုး အစီအစဉ်အတိုင်း ကိုယ်တိုင် ဈေးဝယ်ရန် ထွက်လာခဲ့သည်။ လက်မှ နာရီကို ကြည့်လိုက်သည်။ ဆယ်နာရီနှင့် ကိုးမိနစ်။ အချိန်တော်ပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



“၉ ... ၉နှင့် ဆယ့်တစ်နာရီအတွင်း ကျော်စွာမိုး ပေးထားသော ဖုန်းနံပါတ်ကို ဆက်ရမည် ဖြစ်သည်။ အများသုံး ဖုန်းကိုသာ အသုံးပြုရမည်ဟု ကျော်စွာမိုးက မှာထားသည်။ ဖုန်းရုံထဲမှာ လူမရှိ။ စိုးစန္ဒာ ဝင်လိုက်သည်။ ဖုန်းနံပါတ်ကို နှိပ်သည်။ ခေါ်နေပြီ။ မတွေ့ရတာ တစ်ပတ်ကျော်သွားပြီ။ လူကို မမြင်ရသော်လည်း အသံလေးတော့ ကြားရဦးမည်။ ရင်ထဲမှာ အပျော်စိတ်လေး ဖြတ်ပြေးသွား၍ စိုးစန္ဒာ ပြုံးလိုက်သည်။ ကိုင်ပြီ...

“... ... ...”

“ဟုတ်ပါတယ်၊ စိုးပါ”

“... ... ...”

စိုးစန္ဒာက အတွေ့အကြုံ ဖြစ်ရပ်စုံကို သတင်းပို့သည်။

ဆယ်မိနစ် ကြာသည်။

လိုရင်းတိုရှင်းဖြစ်အောင် အရေးကြီးသည့် အချက်များအားလုံး ပါအောင် ကြိုတင် စဉ်းစားထား၍ အချိန်တိုအတွင်းမှာ ပြောနိုင်ခြင်း ဖြစ်သည်ကို ကိုယ့်ဘာသာ ကျေနပ်မိသည်။

“... ... ...”

“ကျန်းမာရေးအခြေအနေက မကောင်းဘူးလို့ ပြောရမှာပဲ၊ အားနည်းတယ်၊ ပိန်တယ်၊ စတီးချောင်းသွင်းထားတဲ့ နေရာက အနာလဲ ခုရက်ပိုင်းအတွင်းမှာ ပိုရောင်လာတယ်၊ ပြည်တောင် ရှိတယ်”

“... ... ...”

“ကြာတော့ ကြာမှာပေါ့”

“... ... ...”

ဘယ်သေချာပါ့မလဲ”

“... ... ...”

“ထင်သလောက်တော့ မလွယ်ဘူး၊ လုပ်ရမှာလဲ စိတ်က ကြောက်နေတယ်”

“... ... ...”

“အခြေအနေ စောင့်ကြည့်ဦးမယ်”

“... ... ...”

“ဒါပေါ့၊ အခွင့်အလမ်းပေါ်ရင်တော့ ပေါ်သလိုပေါ့”



“... ... ...”

“ဟုတ်တယ်၊ အဲဒီကောင်မလေးက သတိထားနေရတယ်”

“... ... ...”

“အရေးမစိုက်ပါဘူး”

“... ... ...”

“တစ်ပတ်စောင့်ရတာ ကြာလိုက်တာ”

“... ... ...”

“လွမ်းလို့”

“အသံလေးနဲ့ပဲ ကျေနပ်နေရတာ”

“... ... ...”

“သိပ်ချစ်တာပေါ့ ကျော်ရယ်”

“... ... ...”

“ကျော့်ကို ချစ်လွန်းလို့ ဒုက္ခတွေ မိုတ်ကြိတ်ခံနေရတာ”

“... ... ...”

“စိတ်ချ... သူကလဲ ကိုယ်ရော စိတ်ရော မကျန်းမာတဲ့ လူမမာ၊ တစ်ခန်းတည်း အိပ်ပေမဲ့ တစ်ခုတင်စီ၊ လက်ချင်းတောင် မထိဘူး၊ အဟင်း...ဟင်း... ဟင်း”

“... ... ...”

“ကျေးဇူးတင်ပါတယ် ကျော်ရယ်”

“... ... ...”

“အိုကေ”

စိုးစန္ဒာ ဖုန်းပြန်ချလိုက်ပြီး လက်မှ နာရီကို ကြည့်လိုက်သည်။ အားလုံးမှ ဖုန်းပြောချိန် ဆယ့်ငါးမိနစ်။ ဖုန်းရုံထဲမှ စိုးစန္ဒာ ထွက်လာခဲ့သည်။ ကြည်နူးကျေနပ်သော အပြုံးလေးနှင့်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

အိမ်ကြီးထဲသို့ ဝင်လိုက်သည်နှင့် အောင်အောင့်အတွက် အံ့သြစရာဖြစ်ရသည်။ လုံးဝ မမျှော်လင့်ဘဲ စိုးစန္ဒာကို တွေ့ရ၍ ဖြစ်သည်။ တွေ့ရပုံကလည်း ခဏတစ်ဖြုတ် ရောက်နေသည့် ပုံမျိုး မဟုတ်။ အိမ်ရှင်မ၏ပုံ။

"ဩော်...အောင်အောင်ပါလား၊ လာလေ"

စိုးစန္ဒာ နှုတ်ဆက်လိုက်ပုံကလည်း ပကတိ အေးအေးဆေးဆေး။ ကြိမ်ခြင်းကြီးတစ်လုံးကို ဆွဲ၍ အိမ်ထဲသို့ ဝင်လာရင်း အောင်အောင် နားမလည်နိုင်အောင် ဖြစ်နေသည်။ အိမ်ကြီးကို အောင်အောင် ပြန်မရောက်သည်မှာ ရှစ်ရက်သာ ရှိသေးသည်။ ဤမျှ ပြောင်းလဲသွားပြီလား။ အစ်ကိုဖြစ်သူ နွေဦးနှင့် သည်ကြားထဲမှာ လေးငါးခါလောက် ဖုန်းနှင့် အလုပ်ကိစ္စ ပြောဖြစ်သည်။ နွေဦး ဘာမျှမပြော။ အောင်အောင်က လက်ထဲမှ ခြင်းကြီးကို စားပွဲပေါ်တင်လိုက်သည်။

"ဘာတွေလဲဟဲ့ အောင်အောင် နင့်ခြင်းကြီးက"

"သနပ်ခါးတုံးတွေပါ မမစိုး၊ မုံရွာက ကားပြန်လာလို့ ပါလာတာ"

အောင်အောင် အမှန်အတိုင်း ဖြေလိုက်သည်။

"ဟယ်...ဟန်ကျလိုက်တာ၊ မမစိုးမှာလဲ သနပ်ခါးတုံးကုန်နေတာနဲ့ အတော်ပဲ"

စိုးစန္ဒာက ခြင်းထဲကို ငုံ့ကြည့်လိုက်သည်။

"အို...ကောင်းလိုက်တာ၊ အတုံးတွေက ကြီးလဲကြီးတယ်၊ အမွှေးလဲ ရင့်တယ်၊ ငါ့မောင်ကို ကျေးဇူးတင်လိုက်တာကွယ်"

အောင်အောင် ဘာပြောရမှန်း မသိတော့ပါ။ ယူလာသည်က သူ့အတွက် မဟုတ်။ ဖူးဝေကို ပေးဖို့။ သို့သော် သူက အိမ်ရှင်မဖြစ်နေလျှင် ပြော၍မသင့်။ ထိုအချိန်တွင် အောင်အောင့် အသံကြား၍ ထင်ပါ၏။ နွေဦး အခန်းထဲမှ တွန်းလှည်းဘီးများကို လှိမ့်တွန်းပြီး ထွက်လာသည်။ အောင်အောင် ဝမ်းသာသွားသည်။ အခြေအနေအမှန်ကို သိရတော့မည်။ ကူတွန်းပေးရန် တွန်းလှည်းလေးဆီသို့ အမြန်သွားရင်း နွေဦးကို ကြည့်၍ အံ့သြရပြန်သည်။

"ကိုကိုဦး နေမကောင်းဘူးလား၊ ပိန်သွားလိုက်တာ"

နွေဦး ခပ်ယဲ့ယဲ့ပြုံးပြသည်။



"မင်းအစ်ကိုကို ပြောခဲ့ပါဦး အောင်အောင်ရယ်၊ အစားအသောက်က သိပ်ကြေးများတာ၊ ကိုယ့်ကျန်းမာရေးအတွက် အာဟာရဖြစ်အောင် စားရမှာပေါ့။ မင်းအစ်ကိုက မစားချင်ဘူးဆိုရင် လုံးဝ ဆက်မစားတော့ဘူး၊ မမစိုးလဲ ဟင်းစီစဉ်ရတာရော၊ သူ့ကို ကျွေးရတာရော သိပ်စိတ်ညစ်တာပဲ"

အောင်အောင်က နွေဦးကို ကြည့်နေသည်။ နွေဦး ဘာမျှ မပြောဘဲ စားပွဲပေါ်မှ ခြင်းကြီးကို လှမ်းကြည့်နေသည်။ နွေဦး ဘာမျှ မပြောသည်ကပင် အောင်အောင့်အတွက် အဖြေရပြီးသား ဖြစ်နေပါပြီ။ စိုးစန္ဒာက နွေဦးကြည့်နေသည့် ခြင်းကြီးထဲမှ သနပ်ခါးတုံးတစ်တုံးကို ထုတ်ယူလိုက်သည်။

"ဒီမယ်လေ၊ အောင်အောင်က စိုးအတွက် သနပ်ခါးတုံးတွေ ယူလာတာ၊ ကောင်းလိုက်တာ"

လက်ထဲမှ သနပ်ခါးတုံးကို နမ်း၍ပင် ကြည့်လိုက်သည်။

"ဟင်း...ဟင်း၊ မွှေးလိုက်တာ သင်းသင်းလေး"

စိုးစန္ဒာ၏ အမူအရာများမှာ မြူးမြူးကြွကြွပင် ဖြစ်နေသည်။ နွေဦးနှင့် အောင်အောင်ကတော့ တစ်ယောက်ကို တစ်ယောက် အမေးမျက်လုံးများနှင့် လှမ်းကြည့်ရင်း မသိမသာ ဖြစ်နေကြသည်။

□ □ □

## အခန်း (၃၃)

အောင်အောင် မီးဖိုဘက်ကိုရောက်တော့ ဒေါ်မြအေး ချက်ပြုတ်သည်ကို ကူညီနေသော ဖူးဝေကို တွေ့ရသည်။ ပါးပြင်နှစ်ဖက်မှာ သနပ်ခါးပါးကွက်များနှင့်... သနပ်ခါးတုံးများကို အောင်အောင် မြင်ယောင်နေသည်။ လုံးဝ မရှေး ရှယ်သူက အားလုံးကို အပိုင်သိမ်းသွားခဲ့ပြီ။ ရည်ရွယ်ပြီး ယူလာသူက တစ်တုံးမျှပင် မရရှာ။ အောင်အောင် စိတ်မကောင်း ဖြစ်မိသည်။

"ဟဲ့...အောင်အောင်၊ မလာတာ အတော်တောင် ကြာနေပြီ"

ဒေါ်မြအေးက မဲဟင်းအိုးမွှေနေရင်း နှုတ်ဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဒေါ်ကြီး၊ ဟိုမှာလဲ အလုပ်တွေများနေလို့ ခုမှ သနပ်ခါးအဲ ...ခုမှ ကိုကိုဦးနဲ့လဲ မတွေ့တာ ကြာလို့ လာလိုက်တာ"

ဖူးဝေက အောင်အောင့်ကို ကြည့်ပြီး ပြုံးသည်။ သူ့ပါးမှ သနပ်ခါးကိုကြည့်ပြီး စကားမှားသွားသည်ထင်၍ ဖြစ်သည်။

"ကိုအောင်အောင် ဒီနေ့ မနက်စာ ဒီမှာ စားပြီးသွားပေါ့"

အောင်အောင် ဝမ်းသာအားရ ခေါင်းညိတ်သည်။

"စားမှာပေါ့၊ ဘာဟင်းလဲ"

"ကြက်သားနဲ့ ပဲဟင်းချက်တယ်။ ငါးမြင်းချက်တယ်။ ပဲသီးသုပ်တယ်။ ခရမ်းချဉ်သီးချက်နဲ့ အတို့ အမြှုပ်လဲ ပါတာပေါ့"

ဒေါ်မြအေး ပြောပြသော ဟင်းစပ်ကို အောင်အောင် သဘောကျသွားသည်။

"ကောင်းတယ်၊ ပြောတာနဲ့တောင် ဗိုက်ဆာလာပြီ"

"ကိုကိုကြီးက စုစားရင် ထမင်းငြိန်တယ်တဲ့၊ ကိုအောင်အောင်နဲ့ အတူစားရင် ကိုကိုကြီးလဲ ခါတိုင်းထက် ပိုစားနိုင်မှာ"

"ဩော်...အေး၊ ဟုတ်တယ်၊ ကိုကိုဦး ဘာမှ မစားနိုင်ဘူး ထင်တယ်၊ ပိန်လိုက်တာ"

ဖူးဝေ စိတ်မကောင်းစွာ ခေါင်းညိတ်ပြသည်။

"ထမင်းစားလို့ မကောင်းရှာဘူးလေ"

ဒေါ်မြအေး ပြောသည်က အဓိပ္ပာယ်နှင့်...

"ဘာဖြစ်လို့ လဲ ဒေါ်ကြီး"

ထိုအဓိပ္ပာယ်ကို အောင်အောင် သိချင်သည်။

"ဟင်းတွေက သူ့အကြိုက်မှ မဟုတ်ဘဲ"

"ဒေါ်ကြီးက သူ့အကြိုက်တွေ သိတာပဲ၊ ချက်ကျွေးပေါ့"

"အင်း...အိမ်ရှင်မ စီစဉ်တာလုပ်ရတာ၊ ကိုယ်ချက်ချင်တာ ချက်လို့မရဘာ"

"အင်း..."

အောင်အောင် ခေါင်းညိတ်ရင်း ဖူးဝေကို လှမ်းကြည့်လိုက်သည်။

"ဒီနေ့ ချက်တာတွေကတော့ ကိုကိုဦး ကြိုက်မှာပါ"

"အင်း...မနေ့က မောင်နွေဦးနဲ့ စိုးစန္ဒာ စကားများသေးတယ်။ အဲဒါ



ကြောင့်လား မသိဘူး၊ ဒီနေ့ ဘာချက်ရမယ်ဆိုတာ အမိန့်လာမပေးတော့ဘူးလေ။ ဒါနဲ့ စောစောသွားပြီး ကိုယ့်ဘာသာ စိတ်ကူးရတာကို တူဝရီးနှစ်ယောက် ချက်နေကြတာ"

"ဩော်...ဒါကြောင့် ဟင်းတွေ ဒီလောက်ကောင်းနေတာကိုး၊ ဖူးဝေတော့ အတူစားမှာနော်"

အောင်အောင်မေးသည်က မျှော်လင့်ချက်နှင့်...သို့သော် ဖူးဝေက ခေါင်းခါပြသည်။ နှုတ်ကတော့ ဘာမျှ မပြော။

"ဘာဖြစ်လို့လဲ"

အောင်အောင် နားမလည်။

"အိမ်ရှင်မ အမိန့်လေ၊ မောင်နွေဦး ထမင်းစားရင် ဒေါ်ကြီးတို့ တူဝရီး ထမင်းစားခန်းတောင် မဝင်ရဘူး"

ဒေါ်မြအေးက ဝင်ဖြေလိုက်သည်။

"ဟင်...ဟုတ်လား"

ခေါင်းငုံ့နေသော ဖူးဝေကိုကြည့်၍ အောင်အောင် စိတ်မကောင်း ဖြစ်ရပြန်သည်။

"ကိုကိုဦးက ဘာမှ မပြောဘူးလား"

"သူကတော့ သူ့ဘာသာ အေးအေးဆေးဆေးနေတဲ့ လူပဲကွယ်၊ အောင်အောင်လဲ သိသားပဲ၊ မောင်နွေဦးက စကားများများပြောတဲ့ လူမှ မဟုတ်တာ"

အောင်အောင် ခေါင်းညိတ်သည်။

"ကျွန်တော်တောင် ကိုကိုဦးနဲ့အတူ ထမင်းစားရမှာ ပျင်းသွားပြီဗျာ"

အောင်အောင် ညည်းညူလိုက်သည်။

"ဟယ်...အဲဒီလိုတော့ မလုပ်ပါနဲ့ ကိုအောင်အောင်ရယ်၊ ဟင်းတွေက ကိုကိုကြီးအကြိုက် ချက်ထားတာမို့ပါ။ ကိုအောင်အောင်လဲ အတူစားရင် ကိုကိုကြီး စိတ်ပျော်ပြီး ပိုစားနိုင်မှာပါ"

ဖူးဝေကို လှမ်းကြည့်ရင်း ကိုကိုဦးအပေါ်ထားသော ဖူးဝေ၏ စေတနာကို အောင်အောင် လေးစားလိုက်မိသည်။

"ကိုကိုဦးကို ဖူးဝေပါ အတူစားဖို့ ကျွန်တော် ပြောလိုက်ရမလား"

"ဟင့်အင်း...မပြောပါနဲ့"

"ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟိုအစ်မကို ကြောက်လို့"

"ကျွန်တော်တော့ လုံးဝ မကြောက်ဘူး"

အောင်အောင့်ကို ဖူးဝေ လှမ်းကြည့်လိုက်သည်။

"ကိုအောင်အောင် အသက်ဘယ်လောက်ရှိပြီလဲ"

"ဟင်...ဘာဖြစ်လို့လဲ"

အဆက်အစပ်မရှိ မေးသော မေးခွန်းမို့ အောင်အောင် အံ့သြသွားသည်။

"ပြောပါ"

ဖူးဝေက ထပ်မေးနေသည်။

"နှစ်ဆယ့်လေးနှစ်"

"ဖူးဝေက ခုမှ ဆယ့်ကိုးနှစ် ရှိသေးတယ်၊ ကျွန်တော်လို့ မပြောပါနဲ့၊ ငါလို့ပဲ ပြောပါ"

"သြော်...ဒါလား၊ ဟား...ဟား၊ ငါ...ငါက၊ အင်း...ငါလို့ ပြောရမှာ မကောင်းပါဘူး၊ ရိုင်းသလိုပဲ၊ နေဦး၊ တို့...တို့က ဟုတ်ပြီ၊ တို့လို့ပြောမယ်"

"ပြော...ပြော ရတယ်၊ ဟင်း...ဟင်း"

ဖူးဝေရော ဒေါ်ကြီးပါ ရယ်ကြသည်။

"ကဲ...ဒေါ်မြအေး၊ ဆယ့်တစ်နာရီခွဲပြီး ထမင်းကျွေးဖို့ အဆင်သင့် မဖြစ်သေးဘူးလား"

စိုးစန္ဒာ မီးဖိုဆောင်ဘက်သို့ ရောက်လာသည်။

"အဆင်သင့်ဖြစ်ပါပြီ၊ ပဲဟင်းအိုးပူအောင် ပြန်နွှေးနေတာပါ"

"ကဲ...ဒါဆို ပြင်တော့လေ၊ ထမင်းကျွေးချိန် ရောက်နေပြီ"

"ဟုတ်ကဲ့...ဟုတ်ကဲ့"

ဒေါ်မြအေးက အားလုံး အဆင်သင့် ခူးခပ်ပြီးသား ဖြစ်သည်။ ပဲဟင်းအိုးကို မီးဖိုပေါ်မှ ချလိုက်သည်။ ထမင်းပြင်သည့် ကိစ္စကို ဒေါ်ကြီးနှင့်အတူ ဖူးဝေ ကူညီလုပ်ပေးသည်။ အောင်အောင် ထိုင်နေရာမှထ၍ ထမင်းစားခန်းဘက်သို့ ပြန်ကူးခဲ့သည်။ သူအလွန်သိချင်သော ကိစ္စ ခုထိ မသိရသေး။ ထမင်းစားပြီးမှ မီးဖိုဆောင်ဘက် ပြန်ကူးပြီး ဒေါ်မြအေးနှင့် ဖူးဝေကို မေးကြည့်ရမည်။ အားလုံး ပြင်မပြီးမီမှာပင် နွေဦး သူ့အခန်းဘက်မှ ထွက်လာသည်။ တွန်းလှည်းလေးကို ဖူးဝေ သွားကူတွန်းချင်စိတ်နှင့် လှမ်းကြည့်နေသည်။ သို့သော် မသွားဝံ့။ မတွန်းဝံ့တော်သေးသည်။ အောင်အောင် သွားကူတွန်းပေးပြီး စားပွဲထိပ်အထိ ပို့ပေးသည်။



ထမင်းပွဲက သုံးယောက်စာ ပြင်ထားသည်။ ဖူးဝေကို နွေဦးလှမ်းကြည့်လိုက်သည်။

ဖူးဝေက ကြွေမတ်ခွက်တစ်ခုထဲသို့ ရေနွေးပူပူထည့်၍ နွေဦးရှေ့ ချပေးပြီး မီးဖိုဆောင်ဘက်သို့ ပြန်ထွက်သွားသည်။ ခါတိုင်းရက်နှင့်စာလျှင် ယနေ့ နွေဦးစိတ်ထဲမှာ ကြည်ကြည်လင်လင် ရှိသည်။ ထမင်းဝိုင်းတွင် ခါတိုင်းလို နှစ်ယောက်တည်း မဟုတ်။ ညီဖြစ်သူ အောင်အောင်ပါ ရှိနေသည်။ ဟင်းများ တလည်း သူကြိုက်သည့် ဟင်းများ ဖြစ်နေသည်။ စိုးစန္ဒာပေးသော ဆေးခြောက်လုံးကို သောက်ရမည်သာ စိတ်ပျက်စရာ ဖြစ်ရသည်။ သို့သော် မတတ်နိုင်။ ထမင်းမစားမီမှာပင် ကိစ္စပြီးအောင် ဆေးခြောက်လုံးကို ရေနွေးကြမ်းနှင့် သောက်လိုက်သည်။

"ကဲ...အောင်အောင်စား၊ အားရပါးရ"

ညီဖြစ်သူကို အားပေးပြီး ကိုယ်တိုင်လည်း စားသည်။ ခါတိုင်းထက် ပို စားနိုင်သည်။

"ကိုကိုဦး ဒီနေ့ ထမင်းစားနိုင်သားပဲ"

အောင်အောင် ဝမ်းသာနေသည်။

"အေးကွ၊ မင်းကလဲ လာ၊ ဟင်းကလဲ ကောင်းဆိုတော့ ဒီနေ့ စားနိုင်သွားတယ်"

နွေဦးကိုယ်တိုင်လည်း ဝမ်းသာနေသည်။ နောက်ဘက် မီးဖိုဆောင်မှ နားစွင့်နေကြသော ဒေါ်မြအေးနှင့် ဖူးဝေတို့ လည်း နွေဦးစကားကို ကြားရ၍ တစ်ယောက်ကို တစ်ယောက် လှမ်းကြည့်ပြီး ကျေနပ်စွာ ပြုံးလိုက်ကြသည်။

□ □ □

## အခန်း (၃၄)

"ဖြစ်ကြောင်းကုန်စင်ကတော့ အဲဒါပဲ အောင်အောင်၊ သူ့ဘာသာ ထွက်သွားပြီး သားဟာကို သူ့ဘာသာ အတင်းပြန်ဝင်လာတာပဲ"

ဒေါ်မြအေးက သူ့စကားကို အဆုံးသတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုဦးက သိပ်ပျော့တာပဲဗျာ၊ ဝင်လာတဲ့နေ့ကတည်းက အတင်းနှင်ထုတ်ပစ်ရမှာ"

အောင်အောင် လုံးဝမကျေနပ်။

"သူတို့က လင်မယားပဲကွယ်၊ မပြတ်လို့ ဖြစ်မှာပေါ့"

အောင်အောင် ခေါင်းယမ်းပြသည်။

"ဘာလို့ မပြတ်ရမှာလဲ ဒေါ်ကြီးရာ၊ ဒီမိန်းမ လုံးဝ ကောင်းကျိုးမပေးတာ သိနေတာပဲ၊ သူ့ကြောင့် ကိုကိုဦး ဒီဘဝရောက်ရတာ၊ မေမေကြီးလဲ သူ့ကြောင့် အသက်တိုသွားရတာ"

ဒေါ်မြအေး ခေါင်းညိတ်သည်။

"မေမေကြီး လေဖြတ်တယ်၊ သူလုံးဝမလာဘူး၊ ကိုကိုဦး သူ့ကြောင့် ကားတိုက်တယ်၊ ဆေးရုံရောက်တယ်၊ နှစ်လလောက်ကြာတာတောင် တစ်ခေါက် လာလို့လား"

ဒေါ်မြအေး ခေါင်းညိတ်ရပြန်သည်။ ဖူးဝေက စိုးစနွာများ ထမင်းစားခန်းဘက်မှ ထွက်လာလေမလားဟု လှမ်းကြည့်ရင်း ကင်းစောင့်ပေးသည်။ အောင်အောင်က ဖူးဝေကို လှမ်းကြည့်လိုက်သည်။

ဖူးဝေက ဘယ်သူမှ မလာကြောင်း ခေါင်းယမ်းပြသည်။ မီးဖိုဆောင်ဘက်မှ စကားပိုင်းလေး အသက်ဝင်နေသည်။

"ဒီမိန်းမ ခုမှ ဖွတ်အတင်း ပြန်ဝင်လာတာ ကျွန်တော် လုံးဝ သဘောမကျဘူး"

"သူကတော့ ရောက်ရောက်ချင်း ပြောလိုက်တာကို ရွှန်းရွှန်းဝေနေတာပဲကွယ်၊ မောင်နွေဦးနဲ့ ခွဲမနေနိုင်ကြောင်း၊ ခွဲနေရမှ မောင်နွေဦး သူ့အပေါ်မှာ ကောင်းခဲ့တာ ပိုသိရတဲ့အကြောင်း မောင်နွေဦး ပြန်ကျန်းမာလာအောင် သူကိုယ်တိုင် ပြုစုချင်ကြောင်း၊ မောင်နွေဦးကို သူ တကယ်ချစ်တာပါဆိုတဲ့ အကြောင်းတွေ စုံနေတာပဲ"

"အလကား...ဒီမိန်းမ သူတကယ်ချစ်တာ ဟိုလူ၊ ကိုကျော်စွာမိုး ဆိုတဲ့လူ၊ ကိုကိုဦးဆီက ဆင်းသွားပြီးကိုကိုဦး ဆေးရုံတက် ဒုက္ခရောက်နေတဲ့ အချိန်မှာ သူက ဟိုလူနဲ့ တတွဲတွဲ ပျော်နေတာ၊ မမသီဂီတို့က နေ့တိုင်း တွေ့နေတာ၊ ကျွန်တော် အကုန်ပြန်သိရတယ်"

နားထောင်နေရင်း ကိုကိုကြီးအတွက် ဖူးဝေ စိတ်မကောင်း ဖြစ်မိသည်။



"သူဆင်းချင်တဲ့ အချိန်မှာ ဆင်းချင်သလို ဆင်းသွား၊ အပြင်မှာ နေချင်သလိုနေ၊ ဖြစ်ချင်သလိုဖြစ်၊ ပြီးမှ ဝင်ချင်သလို ပြန်ဝင်လာ၊ ကိုကိုဦးကို သူ ဘယ်လို သဘောထားလဲ ဒေါ်ကြီး စဉ်းစားကြည့်"

"တိုးတိုးပြောပါ အောင်အောင်ရယ်"

အောင်အောင် ပြောရင်း ဒေါသနှင့် အသံကျယ်လာ၍ ဒေါ်မြအေး သတိပေးသည်။

"ဒီမိန်းမ ဒီအိမ်ပြန်ရောက်နေတာ မမသီဂီ မသိသေးဘူး၊ သိရင် ဘယ်လောက်များ ဒေါသဖြစ်လိုက်မလဲ"

သီဂီမော်သည် နွေဦး၏ နှမဝမ်းကွဲဖြစ်သော်လည်း အောင်အောင်၏ အစ်မအရင်း ဖြစ်သည်။

"ဒေါ်ကြီးတို့လဲ မောင်နွေဦးနဲ့ နေရတာ၊ အဆင်ပြေပေမယ့် သူရောက်လာမှ အအော်ခံရ၊ အငေါက်ခံရ၊ အဆူခံရ၊ အပြောခံရ၊ ဖူးဝေဆို ပိုဆိုးတာပေါ့၊ ဘာလုပ်လုပ် အပြစ်ကို မလွတ်ဘူး"

အောင်အောင်က ဖူးဝေကို သနားစိတ်နှင့် လှမ်းကြည့်လိုက်သည်။

"အရင်တစ်ခေါက်လာတုန်းက ကိုကိုဦး ဒီလောက် မပိန်ဘူး၊ သူရောက်လာမှ ပိန်သွားတာ မဟုတ်လား"

ဖူးဝေ ခေါင်းညိတ်ပြသည်။

"ဒီမိန်းမကို ကိုကိုဦး အမြန်ဆုံး နှင်ထုတ်ပစ်သင့်တယ်"

ဖူးဝေက ခြံထဲမှာဖြစ်သည့် ကိစ္စနှင့် ပတ်သက်ပြီး နွေဦးက တင်းတင်းမာမာ နှင်ချသည်ကို ပြန်ပြောပြသည်။

"ကောင်းတယ်၊ အဲဒီတော့ သူက..."

"သူက ငိုလိုက်၊ ရှိုက်လိုက်နဲ့ အတင်း တောင်းပန်တယ်"

"တောင်းပန်တော့..."

"ကိုကိုကြီး ပြန်ပျော့သွားတာပေါ့"

"ဟင်...ကိုကိုဦးက..."

နွေဦးကို အောင်အောင် မကျေနပ် ဖြစ်ရသည်။

"အောင်အောင်ရယ် သူပြန်လာတဲ့နေ့က ပြောပုံမျိုးများဆိုရင် မောင်နွေဦး နေရာမှာ မင်းဆိုလဲ နူတ်ပိတ်ပြီး လက်ခံသွားမှာပါ"

အောင်အောင် ခေါင်းယမ်းပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ကတော့ ဒီမိန်းမကို လုံးဝမယုံဘူး။ ဒေါ်ကြီးတို့လဲ မယုံနဲ့"

"ဘာလို့မယုံရမှာလဲ"

ဒေါ်မြအေးက စူးစမ်းသည်။ အောင်အောင်က အရေးကြီးသည့် အမှုအရာနှင့် ကိုယ်ကို ရှေ့သို့ ကိုင်းလိုက်သည်။

"မေမေကြီးလဲ မရှိတော့ဘူး၊ ကိုကိုဦးကလဲ ပြင်းပြင်းထန်ထန် ဒဏ်ရာတွေ ရထားတော့ ကျန်းမာရေးမကောင်းတော့ဘူး ဆိုပြီးတော့ ပြန်လာတာလားလို့"

"အဲဒီတော့..."

ဒေါ်မြအေးက ပို၍ ရှင်းရှင်းလင်းလင်း သိချင်သည်။

"ဩော်...တကယ်လို့များ ကိုကိုဦး သေသွားရင် ဒီပစ္စည်းတွေ အားလုံး လင်သေရင် မယားရမှာပေါ့"

"အိုကွယ်...မဟုတ်တာ၊ လွဲပါစေ...ဖယ်ပါစေ"

"တကယ်လို့ အဲဒီလို စိတ်ထားမျိုးရှိတယ်ဆိုရင် ကိုကိုဦးကို သူသေစေချင်မှာ"

"ဟင်...ဒါကြောင့်များ မောင်နွေဦး၊ မစားချင်တာတွေပဲ ချက်ကျွေးနေတာလားကွယ်"

"ကျွန်တော် စိုးရိမ်တာ အဲဒါပဲ၊ ဒီထက် ပိုလောဘကြီးလာရင် သေကြောင်းတောင် ကြံနိုင်တယ်"

"အို...ဘုရား...ဘုရား"

ကိုကိုကြီးအတွက် ဖူးဝေ သိပ်ကို စိုးရိမ်သွားသည်။

"ကိုကိုကြီးကို ဆေးတိုက်တာလဲ အခု ဖူးဝေ မတိုက်ရတော့ဘူး၊ သူပဲ တိုက်မယ်ဆိုပြီး ဆေးပုလင်းအားလုံး တောင်းယူသွားတယ်"

"ဟုတ်လား၊ အဲဒါမျိုးတွေပေါ့၊ ဒီမိန်းမကို ကျွန်တော် လုံးဝ မယုံဘူး"

"ဒုက္ခပါပဲရှင်"

ဖူးဝေ ညည်းညူမိသည်။

"ဒီမိန်းမကို မယုံနဲ့ ဖူးဝေ၊ အမြဲတမ်း သတိထား၊ ပြီး ကြည့်နေ"

"ဟုတ်ကဲ့ပါ၊ ဒါပေမဲ့ ညကျတော့ ဖူးဝေက အပေါ်ထပ်မှာ အိပ်ရတာ သူက ကိုကိုကြီးနဲ့အတူ အောက်ထပ်က အခန်းမှာ ရှိနေတာ"

အောင်အောင် ရင်ထဲမှ လေပူများကို ပါးစပ်မှ တစ်ဆင့် မှုတ်ထုတ်ပစ်



လိုက်သည်။

"ဟင်း...ကိုကိုဦးသာ တစ်ခုခုဖြစ်လို့ကတော့ သူလဲ ဘာမှ မခံစားစေရဘူး မှတ်ထား၊ အသေကို သတ်ပစ်မယ်"

ဒေါသတကြီး ကြိမ်းမောင်းနေသော အောင်အောင့်ကို ဖူးဝေ လှမ်းကြည့်လိုက်သည်။ ကိုကိုကြီးအပေါ်မှာ ချစ်ခင်လေးစား၊ စေတနာထားသော အောင်အောင်ကို ဖူးဝေ လေးစားလိုက်မိသည်။

□ □ □

## အခန်း (၃၅)

အောင်အောင် ပြန်သွားတော့ နွေဦး အိမ်ရှေ့ ဆင်ဝင်အောက်မှာ တွန်းလှည်းနှင့် ထိုင်နေသည်။ ခါတိုင်းလို ခြံထဲ မဆင်းဝံ့တော့။ ကိုယ့်လက်များကို စိတ်မချ၊ လက်အားက ယခင်လောက် မကောင်းချင်။ နွေဦးနှင့် ခပ်လှမ်းလှမ်းတွင် စိုးစန္ဒာ ကုလားထိုင်တစ်လုံးနှင့် ထိုင်၍ ဝတ္ထုဖတ်နေသည်။ ဖူးဝေက တံခါးဖွင့်ပိတ်ပေးရန်အတွက် အောင်အောင့်နောက်မှ လိုက်သွားသည်။ မဟော်ဂနီပင်တန်းကို ရောက်တော့ အောင်အောင်က ဖူးဝေကို ရပ်စောင့်နေသည်။ ဖူးဝေနှင့် ဘေးချင်းယှဉ်မိတော့ အောင်အောင်က စကားတွေ ပြောသွားသည်ကို နွေဦး မြင်ရသည်။ ဖူးဝေကတော့ ခေါင်းငုံ့ လမ်းလျှောက်ရင်း နားထောင်သွားသည်။ ငယ်သူနှစ်ယောက် ယှဉ်တွဲ၍ လမ်းလျှောက်သွားသည်ကို ကြည့်ပြီး နွေဦး သဘောကျနေသည်။ ကိုယ့်မှာက ဒုက္ခိတ သူတို့လို လမ်းမလျှောက်နိုင်။ ဖူးဝေနှင့် အောင်အောင်တို့ ဝင်းပေါက်ဝ ရောက်သည်အထိ နွေဦး လှမ်း ကြည့်နေသည်။ စိုးစန္ဒာလည်း ဝတ္ထုစာအုပ်ကို ပိတ်ပြီး အောင်အောင်နှင့် ဖူးဝေကို ကြည့်နေသည်။

"ဒီတောသူမက ဒီအိမ်လာပြီး စတားဖြစ်နေလိုက်တာ၊ ဟိုလူနဲ့တွဲလိုက် ဒီလူနဲ့ တွဲလိုက်နဲ့"

ဖူးဝေကို စိုးစန္ဒာ သဘောမကျ၊ ကြည့်၍မရ။

"ဟင်း"

စိုးစန္ဒာ သက်ပြင်းတစ်ချက်ကို နွေဦး မကြားအောင် ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျော်ရွာမိုးကို သတိရ၍ ဖြစ်သည်။

"ငါတို့ ဘယ်တော့ကျမှ အဲဒီလို တွဲလျှောက်ခွင့် ရမှာပါလိမ့်"

လက်ရှိဘဝကို ငြီးငွေ့လာသည်။ လူမောစောင့်ဘဝ ဖြစ်နေသည်။ လူမ ပုံကလည်း သူ့ဘာသာသေဖို့ မလွယ်။ ကိုယ်က ကြိတ်စည်ရမှာလည်း တကယ်သ ဖို့ကျတော့ လက်ကမရဲ။ ကိုယ်လည်း အမှုမပတ်မှ ဖြစ်မည်။ ရွှေဦးကို အိမ်ပေါ်ထ ပြောင်းနေဖို့ ခေါ်မရသည်က အကြံအစည်အတွက် ခက်သွားခြင်း ဖြစ်သည် အပေါ်ထပ်သာနေလျှင် တွန်းလှည်းနှင့် လှေကားထိပ်နား အသွားမှာ နောက်ဘ မှနေ သူမသိအောင် တွန်းချလိုက်၍ ရသည်။ လှေကားက မြင့်သည်။ အော ရောက်လျှင် သေဖို့များသည်။ ခုထိတော့ အကြံကောင်း၊ ဉာဏ်ကောင်း ဘာ မရသေး။

"မနေ့က လှည်းမှောက်ကာ ဟိုကောင်မ အချိန်မီ မဖမ်းလိုက်နိုင် သိပ်ကောင်းမှာ"

တံခါးပိတ်ပြီး ပြန်လာသော မှုးဝေကို လှမ်းကြည့်ရင်း မကျေမနပ် ဖြ မိသည်။

"ဟုတ်တယ်၊ အဲဒီနည်း အကောင်းဆုံးပဲ၊ ကိုယ့်မှာလဲ ဘာအပြစ်မှ မ ဘူး"

မြက်ခင်းပြင်ပေါ်မှ နောက်ပြန်လိမ့်ကျလာသော ရွှေဦး၏ တွန်းလှည်း စိုးစန္ဒာ မြင်ယောင်နေပါသည်။

□ □ □

## အခန်း (၃၆)

ယခုရက်ပိုင်းတွင် စိုးစန္ဒာ ဆက်ဆံရေးမှာ နည်းနည်းတော့ ပုံပြောင်းသွ သည်။ ဒေါ်မြအေးနှင့် မှုးဝေကို ယခင်ကလို အော်လိုက်၊ ငေါက်လိုက်၊ ဆူလို ပြောလိုက် မလုပ်တော့။ ပန်းခြံထဲမှာ ပြဿနာဖြစ်စဉ်က ရွှေဦး ပြောလိုက် ဖြစ်မည်ဟု မှုးဝေ ထင်သည်။ သို့သော် အောင်အောင်မှာထားခဲ့သည့်အတိုင် စိုးစန္ဒာ၏ အပြုအမူမှန် သမျှကို တတ်နိုင်သမျှ မှုးဝေ သတိထားကြည့်သည်



ကိုကြီးအပေါ်မှာ ဆက်ဆံရေးလည်း ပိုကောင်းလာသည်ဟု ထင်သည်။ သနာမဖြစ်ခင်က ကိုကိုကြီး၏ တွန်းလှည်းကို တစ်ခါမျှ တွန်းပေးခဲ့ခြင်း ။ ပြဿနာဖြစ်သည့်နေ့ကမှ စတွန်းပေးခြင်း ဖြစ်သည်။ နောက်ရက်များတွင် ည်း ကိုကိုကြီး ခြံထဲဆင်းလျှင် သူကိုယ်တိုင် နောက်မှ ထိန်းကိုင်ပြီး လိုက်တွန်း သည်။ အစားအသောက်ကိုတော့ ချက်ရမည့်ဟင်းကို သူ့ဘာသာ အစီအစဉ် ပြီး ဒေါ်ကြီးကို အချက်ခိုင်းသည်။ ထုံးစံအတိုင်းပင် များသောအားဖြင့် တ်ဥဟပ်ဖရိုက်၊ ကြက်သားစွပ် ပြုတ်နှင့် ကိုကိုကြီး မကြိုက်သောဟင်းများသာ သည်။ တစ်ခါတစ်ရံမှ ဒေါ်ကြီး အကြံပေးသော ဟင်းတစ်ခွက်လောက် ထည့် စ်ခွင့်ပေးသည်။ ထိုရက်မျိုးတွင် ကိုကိုကြီး ခါတိုင်းထက် ပိုစားနိုင်သည်။ သော် ထိုကဲ့သို့ အခွင့်အရေးနည်းနည်းပေးပြီး ဒေါ်မြအေး စိတ်ကြိုက်ချက်တာ ကိုကိုကြီးကို ပြောခွင့်ယူလိုက်သည်။ ကိုကိုကြီးကို မှုးဝေ သနားသည်။

"ဒီမိန်းမကို ကျွန်တော်တော့ လုံးဝ မယုံဘူး"

အောင်အောင် ပြောသော စကားကို ကြားယောင်နေသည်။ မှုးဝေကိုယ် င်လည်း သံသယရှိသည်။ အထူးသဖြင့် ကိုကိုကြီး မကြိုက်သော ကြက်ဥဟပ် တ်ကိုချည်း အကျွေး ခိုင်းနေသည်ကို ပို၍ သံသယရှိသည်။ ကြာရင် ကိုကိုကြီး ႏ အားနည်းလာမှာ စိုးသည်။ သူသာ မရှိလျှင် ကိုကိုကြီး ကြိုက်သည့် ဟင်းများ ည်း ချက်ကျွေးချင် စမ်းသည်။ ကိုကိုကြီးကိုလည်း အားမရ။ တကယ်ဆိုလျှင် ဘာစားချင်တယ်၊ ဘာချက်ပါ။ သူက ပြောဖို့ ကောင်းသည်။ သူကလည်း ဘာမျှ ပြော။ ကျွေးသည့်ဟင်းကို ကြိုက်လျှင် စားသည်။ မကြိုက်လျှင် မစားဘဲ နေလိုက် သည်။

"ဒီပြဿနာကို ငါဘယ်လိုလုပ်ရင် ကောင်းမလဲ"

မှုးဝေ စဉ်းစားသော်လည်း ဘာမျှ အကြံမရ။

"ဟင်း..."

သက်ပြင်းတစ်ချက်သာ ထွက်ပေါ်လာသည်။

"ဒီမိန်းမကို အမြန်ဆုံး နှင်ထုတ်ပစ်သင့်တယ်"

အောင်အောင်ပြောသော စကားကို ကြားယောင်လာပြန်သည်။

"ဟယ်...ဟုတ်ပြီ"

အောင်အောင့်အကြောင်းကို စဉ်းစားမိရာမှ အကြံတစ်ခုရလာသည်။ ကိုကို ကြီး စားချင်သည့် ဟင်းများကို ချက်အကျွေးခိုင်းဖို့ အောင်အောင်က တစ်ဆင့်

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကြီးကို ပြောခိုင်းရမည်။ ကိုယ်က ကိုကိုကြီးနှင့် နှစ်ယောက်တည်း တွေ့ခွင့်မရ။ အောင်အောင်က နှစ်ယောက်တည်း တွေ့ခွင့်ရသည်။ တယ်လီဖုန်းနှင့် ပြောလျှင်လည်း ရသည်။ ဖူးဝေ ဝမ်းသာသွားသည်။ သို့သော် အောင်အောင့်ကို ဘယ်လိုပြောရမှန်းမသိ။ သူလာမှ ပြော၍ရမည်။ တယ်လီဖုန်းရှိသော်လည်း အောင်အောင့်ဆီကို ဘယ်လိုဖုန်းဆက်ရမှန်း မသိ။ တယ်လီဖုန်းလည်း မဆက်တတ်။

"ဟင်း..."

သက်ပြင်းတစ်ချက် ချရပြန်သည်။

အောင်အောင်ကလည်း အိမ်ကို လာခဲသည်။

"အောင်အောင်ရယ်၊ ဒီတစ်ခါ မြန်မြန်ပြန်လာခဲ့ပါတော့"

ဖူးဝေ အောင်အောင့်ကို တမ်းတပြီးမှ အဓိပ္ပာယ်တစ်မျိုးနှင့် တွေးမိ၍ ကိုယ့်ဘာသာ ရှက်သွေးဖြန်းရသေးသည်။

□ □ □

## အခန်း (၃၇)

ခွေဦး၏ ခုတင်မှ ညည်းညူသံတစ်ချက် ထွက်လာသည်။ တိတ်ဆိတ်သော ညအချိန်ဖြစ်၍ ညည်းသံကို ကြားရသည်က စိတ်ချောက် ချားစရာ။ စိုးစန္ဒာ ခွေဦးခုတင်ဘက်သို့ လှမ်းကြည့်လိုက်သည်။ မလှုပ်မယှက် ငြိမ်လျက်။ ခဏကြာပြီးမှ နောက်ထပ် ညည်းသံတစ်ချက် ထွက်လာပြန်သည်။

"ဟင်း...အသံကြားရတာကြီးက ကြောက်စရာ"

ပြာလဲ့လဲ့မီးရောင်အောက်မှာ ခွေဦးကို မြင်နေရသည်က ပိုကြောက်စရာ။ စိုးစန္ဒာ တစ်ဖက်သို့ လှည့်အိပ်လိုက်သည်။ မမြင်ချင်သည်ကို မမြင်ရအောင် ကျောခိုင်းလိုက်ခြင်း ဖြစ်သည်။ ဒုက္ခိတလူနာကြီးနှင့်အတူ နေရသောဘဝမှာ တစ်စက္ကန့်မျှ ပျော်စရာ မကောင်း။ တစ်သက်လုံးကောင်းစားဖို့အတွက် မနည်းကြိတ်မှိတ်ပြီး သည်းခံနေရခြင်း ဖြစ်သည်။ တစ်ခုတော့ တော်သေးသည်။ လင်



မယားဆိုသော်လည်း လင်မယားလို ပေါင်းသင်းဆက်ဆံရခြင်း လုံးဝမရှိ။ သူ့ကျန်းမာရေး အခြေအနေက လင်မယားလို နေနိုင်သော အခြေအနေမဟုတ်။ စိုးစန္ဒာရောက်လာမှ အစားနည်းသွား၍ တစ်ရက်ထက်တစ်ရက်ပင် ပိုအားနည်းလာသည်။ သို့သော် လူ့အသက်ဆိုသည်က လွယ်လွယ်နှင့်တော့ သေဦးမည်မဟုတ်။ ဖြစ်နိုင်လျှင် ခုချက်ချင်းထပြီး ခေါင်းအုံးနှင့် ဖိသတ်ပစ်လိုက်ချင်သည်။

"ဒေါက်...ဒေါက်...ဒေါက်...ဒေါက်...ဒေါက်"

အိပ်ခန်းတံခါးခေါက်သံ ကြားရသည်။ ဟင်...ဘယ်သူပါလိမ့်။ စိုးစန္ဒာ သိပ်ကို အံ့သြရသည်။ ဤအိမ်တွင် ဤသို့ တံခါးခေါက်ဝံ့သူ၊ အိပ်နေသည်ကို နှိုးဝံ့သူတစ်ယောက်မျှမရှိ။ စိုးစန္ဒာ မထသေးဘဲ နားစွင့်နေလိုက်သည်။

"ဒေါက်...ဒေါက်...ဒေါက်"

သေချာသည်။ တစ်ယောက်ယောက် တံခါးခေါက်နေပြီ။

"ဘယ်သူလဲ"

စိုးစန္ဒာ ငေါက်သံနှင့် မေးလိုက်သည်။ အပြင်ဘက်မှ ဖြေသံထွက်မလာ။

"ဟင်"

ပို၍ အံ့သြခြင်းနှင့်အတူ ဒေါသဖြစ်ရသည်။ ဤအိမ်တွင် ခွေဦးနှင့် စိုးစန္ဒာမှ လွဲလျှင် ဒေါ်မြအေးနှင့် ဖူးဝေသာ ရှိသည်။

"ဒေါက်...ဒေါက်...ဒေါက်...ဒေါက်"

တံခါးခေါက်သံက ပို၍ပင် ကျယ်လာသည်။

"ဘယ်သူလဲလို့ မေးနေတာ မကြားဘူးလား"

စိုးစန္ဒာ ဒေါသဖြစ်လွန်း၍ ခုတင်ပေါ်မှာ ထိုင်လျက်သား ဖြစ်နေပြီ။ အပြင်ဘက်မှ ဖြေသံထွက်မလာ။

"ဒေါ်မြအေးလား"

ဘာသံမျှ မကြားရ။ ဖူးဝေနာမည်ကို မခေါ်ချင်။

"ဟိုကောင်မလေးလား"

အပြင်မှာ တိတ်ဆိတ်ငြိမ်သက်လျက်။

"ဒေါက်...ဒေါက်...ဒေါက်...ဒေါက်"

ဟင်း...သိကြသေးတာပေါ့။ စိုးစန္ဒာ ခုတင်ပေါ်မှ ဆင်း၍ တံခါးပေါက်ဆီသို့ လျှောက်သွားသည်။ တံခါးကို အတွင်းမှ ဖွင့်လိုက်သည်။ ဧည့်ခန်းဘက်မှာလည်း မီးထွန်းမထား၍ မှောင်နေသည်။ အိပ်ခန်းထဲမှ ထွက်ပေါ်လာသော

www.burmeseclassic.com



မီးရောင်ပြာလေးကြောင့် ခပ်ဝါးဝါးသာ မြင်ရသည်။ သို့သော် တံခါးခေါက်သူ မတွေ့ရ။ စိုးစန္ဒာကျော်ထဲမှာ စိမ့်ခနဲ ဖြစ်သွားသည်။ တစ္ဆေခြောက်တာလား စဉ်းစားမိ၍ ကြောက်စိတ်ဝင်လာသည်။

"ရှပ်...ရှပ်...ရှပ်...ရှပ်"

အမှောင်ထဲမှ ခြေသံကြားရသည်။

"ဟင်..."

စိုးစန္ဒာတစ်ကိုယ်လုံး တုန်သွားသည်။ တစ်ကိုယ်လုံး ဖြူဖွေးသောအဝတ် ကို ဝတ်ထားသည့် မိန်းမတစ်ယောက်။ ခေါင်းနှင့် မျက်နှာကို ပဝါဖြူနှင့် အုပ်ထား သည်။ စိုးစန္ဒာ ဆတ်ဆတ်တုန်နေသည်။ အော်နိုင်စွမ်းပင်မရှိ။ ရပ်နေသော နေရာမှလည်း တစ်လှမ်းမျှ မရွေ့နိုင်။

"ဖြန်း"

"အမယ်လေး"

ဖြူဖွေးသော မိန်းမသဏ္ဌာန်က အမြန်လျှောက်လာပြီး စိုးစန္ဒာ၏ ပါးကို ရိုက်လိုက်သည်။ စိုးစန္ဒာ အော်ဟစ်၍ လဲကျသွားသည်။

"ဘာဖြစ်လို့လဲ၊ ဘယ်သူလဲဟင်"

နွေဦး အိပ်ရာမှ လန့်နိုးပြီး လှမ်းမေးသည်။ အော်ဟစ်သံကြောင့် ဒေါ်အေး မြ သူ့အခန်းဘက်မှ ပြေးလာသည်။ ဖူးဝေလည်း အိမ်အပေါ်ထပ်မှ ပြေးဆင်း လာသည်။ နွေဦးက ခေါင်းရင်းမှ မီးခလုတ်ကို ဖွင့်လိုက်သည်။ မီးချောင်းလင်း သွားသည်။

"ဟင်..."

ဒေါ်မြအေးကလဲ ကျနေသော စိုးစန္ဒာကို ပွေ့ထူလိုက်သည်။

"စိုး...စိုး"

ဒေါ်အေးမြက လှုပ်ခါ၍ ခေါ်သည်။ စိုးစန္ဒာ သတိရလာသည်။

"သ...သ...သရဲ"

စိုးစန္ဒာ အကြောက်လွန်၍ တုန်နေသည်။ ဖူးဝေ ဘာလုပ်ရမှန်းမသိ၍ ဘေးမှာ ရပ်ကြည့်နေဆဲ...

"ဟင်...နင်...နင်မဟုတ်လား၊ ငါ့ကို ပါးရိုက်တာ"

စိုးစန္ဒာက ကြောက်နေရာမှ အတွေးတစ်မျိုး ဝင်လာပြီး ဖူးဝေကို ရှ လိုက်သည်။



"မ...မဟုတ်ပါဘူး"

ဖူးဝေ တုန်လှုပ်စွာ ငြင်းသည်။ အိပ်ရာပေါ်မှ နွေဦး တွန်းလှည်းပေါ် ပြောင်းထိုင်ရန် ကြိုးစားနေသည်။ တွန်းလှည်းပေါ် ရောက်သည်နှင့် ဘီးကို တွန်း ပြီး ရောက်လာသည်။ ဖူးဝေကို စိုးစန္ဒာ သေသေချာချာ ကြည့်ပြီး အကဲခတ်နေ သည်။

"လာ...နင် အပေါ်လိုက်ခဲ့"

စိုးစန္ဒာက ဖူးဝေကို အိမ်အပေါ်ထပ်သို့ ခေါ်သွားသည်။ ဖူးဝေအခန်းထဲ ပြီး ဗီရိုကို ဖွင့်ရှာသည်။ ဝတ်စုံအဖြူ ရှိမရှိ ကြည့်ခြင်းဖြစ်သည်။ ဗီရိုထဲမှာ ။ မွေ့ရာအောက်နှင့် ခုတင်အောက်အထိ တစ်ခန်းလုံး နှံ့အောင် ရှာကြည့် သည်။ ဘယ်မှာမျှမတွေ့။ ဘေးမှာ ရင်ခုန်စောင့်နေသော ဖူးဝေကို အသေအချာ ကြည့်လိုက်သည်။ မြင်လိုက်ရသည့် အဖြူရောင် မိန်းမက ဖူးဝေထက် ပို၍ ရပ်မြင့်သည်ဟု ထင်သည်။ အောက်ထပ်သို့ ပြန်ဆင်းလာခဲ့သည်။ မှောင်ထဲမှ လာသော အမျိုးသမီး၏ ပုံကို ပြန်၍ မြင်ယောင်လာပြီး ကြက်သီးမွေးညင်း မိသည်။

"သူ့သားကိုသတ်ဖို့ စဉ်းစားလို့ ဟိုအဘွားကြီး တစ္ဆေဖြစ်ပြီး ငါ့ကို ရိုက်တာလား"

ကိုယ့်အတွေးနှင့်ကိုယ် ပိုကြောက်လာသောကြောင့် လှေကားကို မဆင်းရဲ အောင် ဖြစ်ရသည်။

"ဟဲ့...ကောင်မလေး၊ လာဦး"

ဖူးဝေကို လှမ်းခေါ်ရသည်။ ဖူးဝေ ထွက်လာမှ အောက်ထပ်သို့ နှစ်ယောက် ဆင်းသွားရသည်။ ဒါတောင် ဒူးက ဘာဆတ်ဆတ်တုန်နေ၍ လှေကား ရန်းကို အားပြုဆင်းရသည်။ ပြင်းထန်သော ရိုက်ချက်ကြောင့် ပါးကလည်း နေဆဲ ဖြစ်သည်။

"ငါ့မှာ ဒုက္ခဖြစ်လိုက်တာ"

စိုးစန္ဒာ ကိုယ့်ကိုယ်ကို သနား၍ အားငယ်စိတ် ဝင်လာသောကြောင့် ညည်ပေါက်ပေါက်ကျပြီး ဝမ်းနည်းစွာ ငိုမိသည်။

လှေကားမှ ငိုဆင်းလာသော စိုးစန္ဒာကို ဧည့်ခန်းထဲမှာ ရှိနေကြသော နွေဦးနှင့် ဒေါ်မြအေးတို့ ကြည့်နေကြသည်။

"စိုးကို ပါးရိုက်တယ်၊ ရက်စက်လိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်...ဘယ်သူလဲ၊ ဘယ်သူက ပါးရိုက်တာလဲ၊ ဖူးဝေလား"

ဒေါ်အေးမြ စိုးရိမ်တကြီး မေးသည်။ ဖူးဝေက စိုးစန္ဒာနောက်မှာ ရပ်လျက်။

"သူ မဟုတ်ဘူးလို့တော့ ပြောတာပဲ၊ ဟိုမိန်းမက ဝတ်စုံအဖြူဝတ်ထားတယ်၊ ခေါင်းနဲ့ မျက်နှာမှာလဲ ပဝါအဖြူကြီး ဖုံးထားတယ်"

"ဟင်...ဘုရား...ဘုရား၊ မမကြွယ်လား မသိ"

ဒေါ်မြအေး ကြောက်လန့်စွာနှင့် ဖူးဝေကို သွားဖက်ထားသည်။

"ဘာ..ဘာဖြစ်လို့ အဲဒီလိုပြောတာလဲ"

စိုးစန္ဒာ အထိတ်တလန့် မေးသည်။

"မမကြွယ် ဆုံးတုန်းက မျက်နှာကို ပဝါအဖြူနဲ့ အုပ်ထားလို့"

"အမယ်လေး၊ အဲဒါဆို ဟုတ်မှာပါ"

စိုးစန္ဒာ သိပ်ကို ကြောက်သွားသည်။ သို့သော် ဘယ်သူ့နား ကပ်ရမှန်း မသိ။ အခန်းထဲသို့ ပြေးဝင်မည်ပြုပြီးမှ အခန်းထဲသို့လည်း တစ်ယောက်တည်း မဝင်ဝံ့။

"ဝုန်း"

"ခွမ်း..."

"အမယ်လေး"

ထမင်းစားခန်းဘက်မှ ထွက်လာသော အသံကြောင့် အမျိုးသမီး သုံးဦးလုံး အော်ကြသည်။ နွေဦး သူ့တွန်းလှည်းကို အမြန်တွန်း၍ ထမင်းစားခန်းဘက်သို့ သွားသည်။

"ကိုကိုကြီး မသွားနဲ့"

ဖူးဝေက စိုးရိမ်စွာ တားသည်။

ထမင်းစားခန်းမှာ မီးဖွင့်မထား၍ မှောင်နေသည်။

"ဖူးဝေ၊ မီးဖွင့်ပေးစမ်း"

နွေဦး ခိုင်း၍ ဖူးဝေ ကြောက်သော်လည်း ထမင်းစားခန်းဘက်သို့ လာပြီး မီးဖွင့်လိုက်သည်။

"ဟိုကောင်"

နွေဦးက လာနေကျ ကြောင်နက်ကလေးကို ညွှန်ပြနေသည်။ ကြောင်အိမ်ပေါ်မှ ဖန်ခွက်ကို ကြွက်ခုပ်ရင်း တိုက်ချလိုက်ခြင်း ဖြစ်သည်။

"ဘာမှ မဟုတ်ဘူး၊ ကြောင်ပါ"



နွေဦးက အားလုံးကို အကြောက်ပြေအောင် ရှင်းပြလိုက်သည်။

"ဒါဖြင့် ခုန အဝတ်ဖြူနဲ့ မိန်းမကကော"

ထိုမေးခွန်းကိုတော့ နွေဦး မဖြေနိုင်။

"မင်းစိတ်က ထင်တာဖြစ်မှာပါ"

"ဟာ...ကိုယ်တိုင်မြင်ရတာ၊ ကိုယ်တိုင် ပါးချခံရတာ၊ ဘယ်လိုလုပ် စိတ်ကထင်ရမှာလဲ"

နွေဦး ပြောသည်ကို စိုးစန္ဒာ မကျေမနပ်ဖြစ်ရသည်။ ထိုညက ပြဿနာကို အဖြေရှာမရဘဲ အိပ်ရာထဲသို့ ပြန်ဝင်ကြရသည်။

ဒေါ်မြအေးနှင့် ဖူးဝေကတော့ ဒေါ်မြအေးအခန်းမှာပင် အတူအိပ်သည်။

စိုးစန္ဒာမှာတော့ နွေဦးနှင့် တစ်ခန်းတည်းဆိုသော်လည်း ကိုယ့်ခုတင်နှင့်ကိုယ် အိပ်ရသည်။ စိတ်ထဲမှာ လုံခြုံမှုမရှိ။ အဖြူရောင် ဝတ်စုံရှင်သည် နောက်တစ်ခါ ရောက်လာပြီး လည်ပင်းကိုများ ညှစ်သတ်လေမလားဟု ကြောက်နေသည်။ စောင်ကို ခေါင်းမြီးခြုံအိပ်ရင်း မျက်ရည်ပေါက်ပေါက်ကျနေသည်။

"ငါ ဒီအိမ်မှာ ဆက်နေလို့ ဖြစ်ပါ့မလား"

အတွေးကြောင့် အားပျက်ရသည်။ သို့သော် သိန်းသုံးရာဆိုသည်ကိုလည်း လောဘစိတ်က မဖြတ်နိုင်။ အကြံအစည်သာအောင်လျှင် သိန်းသုံးရာသာမက ကိုယ်သိပ်ချစ်သည့် ချစ်သူနှင့်လည်း တစ်သက်လုံး အတူနေရမည်။ သို့သော် ဆိုအတွေးကို အဖြူရောင်ဝိညာဉ်သိလျှင်...ဟု တွေးမိ၍ ဆက်မတွေးဝံ့ဘဲ ရပ်ပစ်လိုက်ရသည်။

□ □ □

# အခန်း (၃၈)

အိပ်ရာပေါ် ပြန်ရောက်၍ ပြန်အိပ်သော်လည်း နွေဦးမပျော်။ အဖြူရောင် အမျိုးသမီးက ဘယ်သူလဲ။ ခေါင်းထဲမှာ ပဟေဠိ ဖြစ်နေသည်။ ကိုယ်တိုင်မြင်လိုက်ရသည် မဟုတ်။ စိုးစန္ဒာ ပြောသည်ကိုသာ မှန်းဆကြည့်ရခြင်း ဖြစ်သည်။ စိုးစန္ဒာက ဖူးဝေကို စွပ်စွဲရန် ကြိုးစားသေးသည်။ အပေါ်ထပ်မှာ တက်ရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ ဖူးဝေကို ဆက်ပြီး စွပ်စွဲခြင်း မရှိတော့။

"ငါ့အမေရဲ့ ဝိညာဉ်က သူ့ပါးကို ရိုက်တာ"

"မဖြစ်နိုင်ဘူး၊ လုံးဝ မဖြစ်နိုင်ဘူး"

ကိုယ့်အတွေးကိုယ် နွေဦး အပြတ်ငြင်းလိုက်သည်။

"စိုးစန္ဒာ တကယ်မြင်ရတာကော ဟုတ်ရဲ့လား၊ တကယ်အရိုက်ခံရတာကော ဟုတ်ရဲ့လား"

စိုးစန္ဒာကိုပင် မယုံချင်။ သို့သော် သူ့ကို ကြည့်ရသည်ကတော့ တကယ်အရိုက်ခံလိုက်ရသောပုံ။ ပါးတစ်ဖက်မှာ နီရဲနေသည်။

"ဒီမိန်းမက မာယာများတယ်၊ သူ့ဘာသာ ပြန်ရိုက်ထားရင်ကော"

ဖြစ်နိုင်သည်ဟု စဉ်းစားမိသည်။

"ဒါဖြင့် သူက ဘာလို့ အဲဒီလို လုပ်ရမှာလဲ"

ထိုအချက်ကိုတော့ စဉ်းစား၍မရ။

"သူ့ကို သနားအောင် လုပ်တာလား"

မဖြစ်နိုင်ဟု အဖြေထွက်လာသည်။

"ဒီအိမ်မှာနေတဲ့ ဖူးဝေနဲ့ ဒေါ်မြအေးတို့ စိတ်ချောက်ချားအောင် လုပ်တာလား"

ဖြစ်ကောင်းဖြစ်နိုင်သည်။

"စိတ်ချောက်ချားတော့ ဘာလုပ်ဖို့လဲ"

ထပ်စဉ်းစားသည်။

"ဒီအိမ်ကြီးက ထွက်သွားကြအောင် လုပ်တာလား"

ဖြစ်နိုင်သည်။

"သူတို့နှစ်ယောက် ထွက်သွားလို့တော့ လုံးဝ မဖြစ်ဘူး"

ဤအိမ်ကြီးတွင် စိုးစန္ဒာနှင့် နှစ်ယောက်တည်း လုံးဝမနေချင်။

"ထွက်သွားဖို့ ကောင်းတာက သူ၊ ဟုတ်တယ်၊ သူရောက်လာမှ ဇာတ်လမ်းတွေ ရှုပ်တယ်"

စိုးစန္ဒာ မရောက်လာခင်က အေးချမ်းစွာ နေကြရသော ဘဝလေးကို နွေဦး ပြန်လည် တမ်းတမိသည်။

"ဘယ်လိုပဲဖြစ်ဖြစ် ဒေါ်ကြီးနဲ့ ဖူးဝေ ဒီအိမ်က ထွက်မသွားဖို့ ငါတားရမယ်၊ သူတို့မရှိရင် လုံးဝမဖြစ်ဘူး၊ စိုးစန္ဒာမရှိရင် ဖြစ်တယ်"



ဒေါ်ကြီးနှင့် ဖူးဝေဘက်မှ ပြတ်သားစွာ ရပ်တည်လိုက်သည်။ ညာဘက်ဆောင်ရှိ အနာမှ တစ်စစ်စစ်ကိုက်လာသည်။

"ဟင်း..."

နွေဦး သက်ပြင်းချလိုက်သည်။ သူနာပြု ဆရာမလေး ဆေးထည့်ပေးစဉ်က အနာမှာ ကောင်းနေသည်။ ကိုက်ခြင်း နာခြင်းမရှိ။ ဖူးဝေ ဆက်ပြီး ဆေးထည့်ပေးတော့လည်း အတော်ပင် ကောင်းနေပြီ။ ဆေးတိုက် ဆေးထည့်သည့်အလုပ်ကို စိုးစန္ဒာ ပြောင်းလုပ်မှ အနာက တစ်ရက်ထက်တစ်ရက် ပိုရင်းလာသည်။ လုပ်ပုံကလည်း သူနာပြုဆရာမလေးနှင့် ဖူးဝေတို့လို စနစ်တကျ ကျွမ်းကျွမ်းကျင်ကျင် မရှိ။ ပါးစပ်က ဇေတနာစကားတွေ ဝေဖြာအောင် ကြားနေရသော်လည်း အနာဆေးထည့်တိုင်း မျက်နှာပျက်သည်။ ရွံနေသည်ကို တွေ့ရသည်။ ဖြည်းဖြည်းသာသာနှင့် သေသေချာချာ မရှိ။ မြန်သည်။ ခွင့်ဝတ်ကျေရုံသာ ဖြစ်သည်။ အနာဝိုင်းလာမှုကို နွေဦး စိုးရိမ်သည်။

"ဖူးဝေကို ခိုင်းရမလား၊ ဆရာမလေးကို ပြန်ခေါ်ရမလား"

နွေဦး စဉ်းစားရပြီ။

"အဲဒါဆိုရင် သူဘယ်လိုပြောမလဲ"

နွေဦး စဉ်းစားကြည့်သည်။

ငြင်းလိမ့်မည်ဟု ထင်သည်။

"အေးလေ...စောင့်တော့ ကြည့်လိုက်ဦးမယ်၊ အနာအခြေအနေ ပိုဆိုးလာရင်တော့ မလွှဲသာ မရှောင်သာ အပြောင်းအလဲ လုပ်ရမှာပဲ"

နွေဦး ဆုံးဖြတ်ချက် ချထားလိုက်သည်။

□ □ □

## အခန်း (၃၉)

ဖူးဝေ အိမ်ပေါ်မှာ တစ်ယောက်တည်း မအိပ်ရဲ၍ ဒေါ်ကြီးအခန်းသို့ ဆင်းအိပ်သည်။ သို့သော် စိတ်ချောက်ချားစရာများကို ကြုံတွေ့ရ၍ ဒေါ်မြအေးနှင့် ဖူးဝေလည်း မအိပ်နိုင်ကြသေး။

www.burmeseclassic.com

www.burmeseclassic.com



"ညည်း ဘယ်လိုထင်လဲ ဖူးစေ"

"ဘာကိုလဲ ဒေါ်ကြီး"

"အဖြူရောင် ဝတ်ထားတဲ့ မိန်းမက သူ့ကို ပါးရိုက်တယ် ဆိုတာ"

"ဟုတ်မယ်ထင်တယ် ဒေါ်ကြီး၊ သူ့ပါးကို နီနေတာပဲ"

"သူ့ဘာသာ ရိုက်ထားရင်ကော"

"ဖြစ်နိုင်တယ်၊ ဒါပေမဲ့ သူ ဖူးစေ အခန်းလိုက်လာပြီး အဖြူရောင်အဝတ်တွေ ရှိ၊မရှိ ရှာတယ်။ တကယ်ရှာတာ ဒေါ်ကြီး၊ အစကတော့ ဖူးစေကို သူထင်တယ်၊ နောက်မှ အဝတ်တွေလဲ မတွေ့လို့ ဟိုအဖြူရောင်က ဖူးစေနဲ့မတူတာကို သူ ပြန်စဉ်းစားမိတဲ့ပုံပဲ"

"ဒါဖြင့် အဲဒီ အဖြူရောင်ဝတ်တဲ့ မိန်းမက ဘယ်သူလဲ"

"ဒါတော့ ဖူးစေ ဘယ်သိမလဲ"

"ငါက ဒီမိန်းမ မှုရာမာယာတွေများ လုပ်သလားလို့ သူ့ကို လုံးဝ မယုံဘူး"

"ခုဟာကတော့ သူပြောတာ ဟုတ်မယ် ထင်တယ်"

"အေး...ဟုတ်ရင်တော့ အဲဒါ မမကြွယ် ဖြစ်မှာပဲ"

"ရှင်..."

ဖူးစေ ကြောက်၍ ဒေါ်မြအေးဘက်သို့ တိုးအိပ်သည်။

"မမကြွယ်သာ မကျွတ်လို့ ဒီအိမ်ကြီးမှာရှိနေရင် ဒီမိန်းမ အိမ်ပြန်ရောက်နေတာကို ကျေနပ်မှာ မဟုတ်ဘူး"

"အဲဒီ မေမေကြီးက သူတော်ကောင်းဆို၊ ဒီလိုဘဝမျိုး ရောက်နိုင်ပါ့မလား"

"ဟဲ့...သူ့သား ဒုက္ခိတဖြစ် ကျန်ရစ်တာကို စိတ်မချရင် ရောက်နိုင်တာပေါ့"

"ဒါပေမဲ့ သူမြင်တာက အသက်ကြီးကြီး ဟုတ်ပုံမရဘူး"

"အိုအေ...နာနာဘာဝဆိုတာ ကြိုက်တဲ့အရွယ် ဖန်ဆင်းနိုင်တာပေါ့"

"အဲဒါဆိုရင်တော့ ဒီအိမ်ကြီးက ကြောက်စရာကြီးနော် ဒေါ်ကြီး"

"သူ့အတွက် ကြောက်စရာကောင်းတာပေါ့။ မမကြွယ်က ငါတို့တော့ ဘာမှလုပ်မှာမဟုတ်ဘူး၊ သူရောက်မလာခင် ဒါမျိုး ဘာမှ မတွေ့ရဘဲ သူရောက်မှ တွေ့ရတာ၊ ဟုတ်သာဟုတ်ရင်တော့ ကြည့်နေ၊ သူထွက်မပြေးရင် ထပ်ချယ်ဦးမယ်"



ဒေါ်ကြီးစကားကြောင့် ကိုယ့်အတွက် အကြောက်သက်သာသော်လည်း အိမ်ကြီးမှာ စိတ်မသန့်စရာဟု ဖူးစေ ခံစားရသည်။

"ကိုကိုကြီးတော့ သူ့အမေအတွက် စိတ်မကောင်းဖြစ်မှာပဲနော်"

"ဟုတ်ရင်တော့ စိတ်မကောင်းစရာပေါ့အေ၊ သူ့ခမျာ ကျွတ်သွားအောင် ကုသိုလ်လေး၊ ဘာလေးလုပ်ပြီး အမျှဝေဖို့ ကောင်းတာပေါ့"

"ကိုကိုကြီးကို ဒေါ်ကြီး အဲဒီလို အကြံပေးပါလား"

"အင်း...ခုလောလောဆယ်တော့ မပေးချင်သေးဘူး၊ ဟိုမိန်းမထွက်သွားအောင် လုပ်စေချင်သေးတယ်၊ သူထွက်သွားပြီဆိုရင်တော့ အကြံပေးရမယ်"

ဖူးစေ ပြုံးလိုက်ပါသည်။

□ □ □

## အခန်း (၄၀)

"အို..."

ကိုကိုကြီး၏ အနာကို ကြည့်ပြီး ဖူးစေ စိတ်မကောင်း ဖြစ်မိသည်။ စတီးချောင်းသွင်းထားသော နေရာမှ အနာက ရောင်၍ ပြည်တည်နေသောကြောင့် အနံ့ပင် ထွက်နေသည်။ သည်နေ့မှ စိုးစန္ဒာ မလုပ်ချင်၍လား၊ မလုပ်တတ်တော့၍လားမသိ၊ ဖူးစေကို ခေါ်ခိုင်းခြင်း ဖြစ်သည်။ သူက နောက်ဘက် ခြေနှစ်လှမ်းလောက် ဆုတ်ပြီး ရပ်ကြည့်နေသည်။ မည်သို့ပင်ဖြစ်ဖြစ် ကိုကိုကြီးကို ပြုစုခွင့်ရသည့်အတွက် ဖူးစေ ကျေနပ်သည်။ အနာကို သန့်စင်အောင် ဆေးကြောသန့်ရှင်းပေးသည်။ ကိုကိုကြီး စပ်မည်စိုး၍ လေမှုတ်ပေးရသေးသည်။ ပြည်များ အရိုးအရွဲများ သန့်စင်သွားမှ ဆေးထည့်ပေးသည်။ ဖူးစေက ကျွမ်းကျင်၍ အချိန်လည်း မကြာ၊ ခံရသူလည်း မနာ။

"နောက်ဆိုရင် အနာကို ဖူးစေပဲ ဆေးထည့်တော့"

နွေဦးက အမိန့်ပေးသော အသံမျိုးနှင့် ပြောသည်။

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဖူးဝေ ခေါင်းညိတ်ပြသည်။ စိုးစန္ဒာ ဘာမျှမပြောဘဲ နေလိုက်သည်။ သူ့စိတ်အပျက်ဆုံးနှင့် အရှုံးဆုံးအလုပ်ကို မလုပ်ရ၍ ဝမ်းသာသည်။ သို့သော် နှစ်ယောက်တည်းတော့ ဆေးထည့်ခွင့် ပေး၍မဖြစ်။ သားမှာ စောင့်ကြည့်ရမည်ဟု ဆုံးဖြတ်လိုက်သည်။ အမှန်ကတော့ ဤအနာကို ပိုဆိုးအောင်ထား၍ သက်တန့်လိုက်ပြီး သေသွားအောင် လုပ်သင့်သည်။

သို့သော် ကိုယ့်အကြောင်းကိုယ် သိသည်။ ယခုထက် ပိုဆိုးလာလျှင် ကိုင်ဖို့ထား၍ ကြည့်ရုံနှင့်ပင် အော့မိ အန်မိမည်။ ထိုသို့ဖြစ်လျှင် ကိုယ်တိုင်ဖြစ်စေချင်၍ ပြန်လာပါသည်ဟု ပြောခဲ့သည်ကို နွေဦး ယုံတော့မည် မဟုတ်။ ယုံကြည်နေမှ ဆက်ပြီး ကြံစည်၍ ရမည်။ သို့သော် ဤအကြောင်းကို ကျော်စွာမိုးထံ သတင်းပို့ရာတွင် ထည့်မပြောရန် ဆုံးဖြတ်လိုက်သည်။

□ □ □

## အခန်း (၄၁)

ယနေ့နံနက် အောင်အောင် ရောက်လာ၍ ဖူးဝေ ဝမ်းသာသည်။ ဒေါ်ကြီးနှင့် အဖြူရောင်ဝတ် မိန်းမ၏ ဇာတ်လမ်းကို ပြောပြကြသည်။ အောင်အောင် တအံ့တသြ နားထောင်သည်။

"ကောင်းတယ်၊ အဲဒါ မမကြီးပဲ ဖြစ်မယ်၊ တစ်ညတစ်ခါလောက် လာရိုက်ပေးရင် ပိုကောင်းမယ်"

"မကောင်းပါဘူး ကိုအောင်အောင်ရယ်၊ ဖူးဝေတို့ ကြောက်တယ်"

အောင်အောင် ပြုံးသည်။

"မကြောက်ပါနဲ့ မမကြီးက ဖူးဝေတို့ကို ဘာမှ လုပ်မှာမဟုတ်ဘူး"

"နောက်ညတွေတော့ ဘာမှ မဖြစ်တော့ဘူးကွယ့်"

ဒေါ်ကြီး ပြောပုံကလည်း မျှော်လင့်သော လေသံမို့ ဖူးဝေ ပြုံးသည်။

"လာဖို့ ကောင်းတယ်၊ ဒါမှ ဒီမိန်းမ ဒီအိမ်ကြီးက ထွက်ပြေးမှာ"

ဖူးဝေက နွေဦး၏ အနာအခြေအနေကို ပြောပြသည်။ ခု သူကိုယ်တိုင် ဆေးထည့်ခွင့်ရ၍ သက်သာလာကြောင်းလည်း ပြောပြသည်။

"ကောင်းတယ်၊ ဖူးဝေပဲ ဆေးထည့်၊ ဒီမိန်းမကို မကြောက်နဲ့"



အောင်အောင်က အားပေးသည်။ ဖူးဝေက သူစဉ်းစားထားသောကိစ္စ အောင်အောင့်ကို ပြောပြသည်။ အောင်အောင်မှ တစ်ဆင့် ကိုကိုကြီးကို ပြောပြီး ကိုကိုကြီး စားချင်သော ဟင်းများ ချက်ကျွေးနိုင်ရန် ဖြစ်သည်။ အောင်အောင် သဘောပေါက်သည်။

"ကောင်းတယ်၊ ကိုကိုကြီးကို ပြောခဲ့မယ်၊ ဟိုမိန်းမရှုပ်နေရင်လဲ အလုပ်ခန်းရောက်မှ ဖုန်းဆက်ပြီး ပြောမယ်၊ သူစားချင် တာပါစေ၊ ကိုကိုဦးနိုင်းလို့ဆိုပြီး ချက်သာပေးလိုက်၊ သူပြောရင် ဆူရင် ကိုကိုဦးနဲ့ စကားများလိမ့်မယ်။ များပါစေ၊ ဒါမှ ဒီမိန်းမကို ကိုကိုဦး စိတ်ပျက်သွားမှာ"

အောင်အောင် လာမှ ဖူးဝေနှင့် ဒေါ်ကြီး အားတက်ရသည်။ ထိုနေ့က ပုစွန်တုပ်ဟင်း ချက်ထားသည်ကို စိုးစန္ဒာက သူမခိုင်းဘဲ ချက်၍ အပြစ်တင် ဆူပြောသေးသည်။ အနာနှင့် မတည့်၍ မကျွေးရဟု တားသည်။

သို့သော် အောင်အောင်က...

"ဟာ...မမစိုးကလဲ၊ ပုစွန်ဟင်းက အနာနဲ့ မတည့်စရာ ဘာအကြောင်းမှမရှိပါဘူး၊ ကိုကိုဦးကြိုက်တာ ကျွေးမှ ထမင်းစားနိုင်မှာပေါ့၊ ထမင်းစားနိုင်မှ အားရှိမှာပေါ့၊ သူမစားချင်တာတွေချည်း ကျွေးရင် တဖြည်းဖြည်း အားပြတ်ပြီး သေသွားမှာပေါ့"

ဟု ဝင်ပြောသည်။

"ဟေး...ဟေး ဒေါ်ကြီး ကျွန်တော်လဲ ကြိုက်တယ်၊ ကိုကိုဦးလဲ ကြိုက်တယ်။ အနာမပျောက်တာက ကုလို့ရတယ်၊ အားပြတ်ပြီးသေရင် ဘယ်သူမှ ကုလို့မရဘူး"

ပုစွန်ဟင်းကို အောင်အောင်ကိုယ်တိုင် ယူသွား၍ စားပွဲပေါ်ရောက်သွားသည်။ သူကြိုက်သောဟင်းလည်းဖြစ်၊ အောင်အောင်နှင့်လည်း အတူစားရ၍ နွေဦး ထမင်းစားနိုင်သည်။

"ဒါပဲနော်၊ မတည့်တာတွေစားလို့ တစ်ခုခုဖြစ်ရင်တော့ စိုး အပြစ်ပြောကြနဲ့၊ ဒီအိမ်မှာ အိမ်ရှင်မသြဇာ ဘာမှမရှိဘူး၊ မီးဖိုချောင်တို့ ထင်သလို ခြယ်လှယ်ပြီး ထင်သလို လုပ်နေကြတာ"

စိုးစန္ဒာ မကျေမနပ် ဖြစ်နေသည်။ ဒေါ်ကြီးနှင့် ဖူးဝေမှာ စိုးစန္ဒာကို ကြောက်၍ နောက်ဘက်မှာ တိတ်တိတ်ကလေးနေကြရသော်လည်း နွေဦးထမင်း စားနိုင်သည်ကို သိရ၍ ကျိတ်ပြီး ဝမ်းသာနေကြသည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၂)

ကလေးမရှိသော အိမ်ဖြစ်၍ ညအချိန်ရောက်သည်နှင့် အိမ်ကြီးမှာ တိတ်ဆိတ်လွန်းနေသည်။ သီးခြား ခြံနှင့်ဝင်းနှင့်ဖြစ်၍ အနီးအပါးမှာ အိမ်နားနီးချင်းလည်း မရှိ။ ပတ်ဝန်းကျင်မှ ဆူသံညံသံလည်း ကင်း၍ ပို၍ပို၍ တိတ်ဆိတ်ငြိမ်သက်နေသည်။ အိမ်မှာ တီဗွီရှိသော်လည်း နွေဦး ထိခိုက်ဒဏ်ရာရပြီးကတည်းက မည်သူမျှ ဖွင့်သူမရှိ။ ကြည့်သူမရှိ။ ဟင်း...အိမ်နဲ့မတူတဲ့အိမ်။ စိုးစန္ဒာ စိတ်ပျက်စွာ တွေးမိသည်။ ညဉ့်နက်လေ တိတ်ဆိတ်မှုက ပို၍ ကြီးလေ ဖြစ်လာသည်။ အဖြူရောင်ဝတ်မိန်းမနှင့် တွေ့ပြီးကတည်းက စိုးစန္ဒာ ညအချိန်ရောက်တိုင်း ကြောက်နေခဲ့ရသည်။ သို့သော် ငါးညလွန်မြောက်ခဲ့ပြီ၊ ဘာမျှ ထူးထူးခြားခြား ထပ်မတွေ့ရ။ ဘယ်ကမိန်းမလဲ၊ ဘယ်သူလဲ။ တကယ်ပဲ အဘွားကြီးရဲ့ ဝိညာဉ်က ငါ့ကို ရိုက်တာလား။ ခုထိ ဘာမျှ အဖြေမရ။ ကျော်စွာမိုးကို ပြောပြချင်သည်။ သူ့ထံမှ ထင်မြင်ချက် တောင်းချင်သည်။ သို့သော် တပတ်ပြည့်အောင် စောင့်ရဦးမည်။ တစ်ပတ်ပြည့်သည့်နေ့တွင် ဖုန်းဆက်မှ အပြည့်အစုံ ပြောပြရမည်။

"ကွက်...ကွက်...ကွက်ကွက်...ကွက်ကွက်"

အိမ်ရှေ့ မယောဂနီပင်ပေါ်မှ ဇီးကွက်တစ်ကောင် ရုတ်တရက်မြည်လိုက်၍ စိုးစန္ဒာ အထိတ်တလန့်ဖြစ်သွားသည်။

"ဟင်..."

စိုးစန္ဒာ သက်ပြင်းတစ်ချက်ချသည်။

"ဒီအိမ်ကြီးကို ငါပြန်လာမိတာ မှားများ မှားသလား"

ကိုယ့်ဘာသာ သံသယဖြစ်လာသည်။ ဒေါသအလျောက် ပြောသည်က လွယ်သော်လည်း လူတစ်ယောက်ကို တကယ်သတ်ဖို့က မလွယ်။ ကိုယ့်မှာ အပြစ်မဖြစ်အောင် သတ်ဖို့ ဆိုသည်က ပို၍ မလွယ်။ ခုရက်ပိုင်းမှာ နွေဦးကလည်း သူစားချင်သည်များကို တိုက်ရိုက်ပြောပြီး ဒေါ်မြအေးကို အချက်ခိုင်းနေသည်။ မတည့်ဘူး၊ မသင့်ဘူးဟု တားမြစ်၍လည်း မရ။ ထမင်းစားနိုင်၍ ကျန်းမာရေးပင် ပိုကောင်းလာသည်။ ရောင်၍ ပြည်တည်နေသော အနာမှာလည်း ကောင်မလေးဆေးထည့် သည့်အခါမှစ၍ တစ်ရက်ထက်တစ်ရက် သက်သာလာသည်။



ကိုယ်ဆေးထည့်၍ အနာမသန့်မစင်ဖြစ်ပြီး ရောင်ရမ်းလာသည်ကို ဖို၍ပေါ်လွင်နေသည်။

"ဒီကောင်မလေးရှိနေတာကို ဟန်မကျဘူး"

ဖူးဝေ အိမ်မှာမရှိစေချင်၊ ထွက်သွားစေချင်သည်။

"အင်း...ဒါကိုလဲ ကျော်နဲ့ ဖုန်းဆက်ရင် ပြောပြပြီး အကြံဉာဏ်တောင်းရမယ်"

ကျော်စွာမိုးကို အားကိုးမိသည်။ စိုးစန္ဒာ တစ်ချက်သမ်းဝေလိုက်သည်။

"အင်း...ကြာရင် သူမသေဘဲနဲ့ ကြောက်ပြီး အိပ်ရေးပျက်လို့ ကိုယ်သေလိမ့်မယ်"

စိုးစန္ဒာ အိပ်ပျော်အောင် အိပ်ရန် ဆုံးဖြတ်လိုက်သည်။

"ဒေါက်...ဒေါက်...ဒေါက်...ဒေါက်"

"ဟင်..."

စိုးစန္ဒာ တစ်ကိုယ်လုံး တုန်သွားသည်။

ယခင်တစ်ခါလိုပင် တံခါးခေါက်သံကြားရ၍ ဖြစ်သည်။

"ငါ့စိတ်က ထင်လို့လား"

သေချာအောင် စောင့်ပြီး နားထောင်သည်။ ဘာသံမျှ မကြားရ။ ကြားလိုက်ရသည့်အသံက သိပ်တော့ အကျယ်ကြီးမဟုတ်။ တစ်အိမ်လုံး တိတ်ငြိမ်နေသည်။ စိုးစန္ဒာ စောင်ကို ခေါင်းအထိ လုံခြုံအောင် ခြုံလိုက်သည်။ ကြောက်စိတ်ကြောင့် ချွေးများပြန်လာသည်။

"ဒေါက်...ဒေါက်...ဒေါက်...ဒေါက်"

တော်တော်လေး ကြာပြီးမှ ထပ်ကြားရခြင်း ဖြစ်သည်။ သေချာသည်။ တံခါးခေါက်သံ ဖြစ်သည်။ စောင်ကို ဖွင့်ပြီး နွေဦးဘက်သို့ လှည့်ကြည့်လိုက်သည်။ နွေဦးက နှစ်ခြိုက်စွာ အိပ်ပျော်နေသည်။ ထသွားပြီး နှိုးချင်သည်။ သို့သော် စောင်ခြုံထဲမှ မထွက်ရဲ။ အရင်တစ်ခါလို ပါးအရိုက်ခံရမှာ ကြောက်သည်။

"သူက ဝိညာဉ်ဆိုရင် တံခါးမဖွင့်ဘဲနဲ့ ဒီအခန်းထဲ ဝင်မလာနိုင်ဘူးလား"

အထဲကို ရောက်လာမှာ ကြောက်သည်။

ယခုတစ်ခါသာ အဖြူရောင်ဝတ် မိန်းမကို မြင်ရလျှင် လန့်သည်နှင့်ဝင် သေလောက်သည်။

ကိုယ့်အတွေးနှင့်ကိုယ် ပိုကြောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်မြအေး...ဒေါ်မြအေး"

အသံကုန်အော်၍ ခေါ်သည်။

ပြန်ထူးသံ မကြားရ။

"ဒေါ်မြအေး...ဒေါ်မြအေး"

နွေဦး နိုးနေပြီ။

'ဘာဖြစ်လို့လဲ' ဟု မေးသည်။

"ဟိုတစ်ခါလိုပဲ တံခါးခေါက်နေလို့"

"ဟင်..."

သူ့မှာက အလွယ်တကူ ထနိုင်၊ ထိုင်နိုင်သည်မဟုတ်။

"ဒေါ်မြအေး...ဒေါ်မြအေး"

ဖူးဝေ နာမည်ကို မခေါ်ချင်၍ ဒေါ်မြအေးကိုသာ ဆက်တိုက် ခေါ်နေရသည်။ အခန်းက ဝေးသည်။ တံခါးများက အားလုံး ပိတ်ထားသည်။

ကြား မကြား မသိ။

"ဒေါ်မြအေး"

ထပ်ခေါ်သည်။ နွေဦး နိုးနေပြီမို့ အားတော့ ရှိနေပြီ။

"ဒေါ်မြအေး"

အသံကို ပိုကျယ်အောင် အော်လိုက်သည်။

"ဟော...ဘာလဲ"

ထူးသံကြားရသည်။

"ဒီဘက်ကို လာခဲ့ကြဦး၊ အပြင်က မီးတွေ အားလုံး ဖွင့်လိုက်"

ကိုယ်တိုင်တော့ မထွက်ရဲ။ သူများကို အထွက်ခိုင်းသည်။ ခဏကြာတော့ အပြင်ဘက်မှ မီးများ အားလုံး လင်းလာသည်။ စိုးစန္ဒာ အိပ်ရာထဲမှ ထလိုက်သည်။

"ဒေါ်မြအေး"

အထဲမှ လှမ်းခေါ်သည်။

"ဟော"

ဧည့်ခန်းဘက်မှ ထူးသံကြားရသည်။

"အပြင်မှာ ဘာတွေ့လဲ"

"ဘာမှမတွေ့ပါဘူး"



"ဘယ်သူမှ မရှိဘူးလား"

"မရှိပါဘူး"

"ဟိုနေ့ကလိုပဲ တံခါးခေါက်လို့"

"ဟင်..."

ဒေါ်မြအေး ကြောက်သွားသည်။ စိုးစန္ဒာ တံခါးကို မဖွင့်ရဲသေး။ တံခါးဖွင့်သွားလျှင် ဟိုနေ့ကလို ရောက်လာပြီး ပါးကို ရိုက်မှာ ကြောက်သည်။ နွေဦး တွန်းလှည်းပေါ် ရောက်နေပြီ။ လှည်းဘီးများကို တံခါးဆီသို့ တွန်းလှိမ့်သွားသည်။ တံခါးကို ဖွင့်လိုက်သည်။ အပြင်မှာ မီးရောင်များ လင်းထိန်နေသည်။ ဧည့်ခန်းထဲမှာ ဖူးဝေနှင့် ဒေါ်မြအေး နီးနီးကပ် ရပ်နေကြသည်။ နွေဦး ဧည့်ခန်းဘက်သို့ ထွက်သွားသည်။ ခုမှ စိုးစန္ဒာ လိုက်ထွက်ရဲသည်။ ဟိုတစ်နေ့ကလိုပင် ဘာမျှ ရေရေရာရာ မသိရ။ အိပ်ရေးပျက်ကြသည်သာ အဖတ်တင်သည်။ ပိုဆိုးသည်က တံခါးခေါက်သံကို စိုးစန္ဒာတစ်ယောက်တည်း ကြားရခြင်း ဖြစ်သည်။

"တံခါးခေါက်တာ ဟုတ်ကော ဟုတ်ရဲ့လား"

နွေဦးက မယုံသင်္ကာမျက်လုံးများနှင့် ကြည့်သည်ကို ခံရသည်။ စိုးစန္ဒာ မကျေနပ်။ ကိုယ်က နားနှင့် ဆတ်ဆတ်ကြားရသူ။ သို့သော် ကြားရသည်က ကိုယ်တစ်ယောက်တည်း။

❐ ❐ ❐

# အခန်း (၄၃)

တစ်ပတ်တိတိပြည့်သည့်စနေနေ့တွင် စိုးစန္ဒာက ဖြစ်ကြောင်းကုန်စင်ကို ကျော်ဇွာမိုးထံ တယ်လီဖုန်းဖြင့် သတင်းပို့သည်။

ကျော်ဇွာမိုး အသေအချာ စဉ်းစားသည်။

"ဟိုကောင်မလေး မဟုတ်တာ သေချာလား"

"သေချာတယ်လို့ ထင်တယ် ကျော်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ အဲဒီလို ထင်တာလဲ"

"အဖြူရောင် ဝတ်ထားတဲ့ မိန်းမက အဲဒီကောင်မလေးထက် ပိုအရပ်မြင့်တယ်။ ပြီးတော့ ပုံသဏ္ဌာန်က အဲဒီကောင်မလေးရဲ့ ပုံသဏ္ဌာန်မျိုး မဟုတ်ဘူး"

"ဒေါ်မြအေးကော"

"လုံးဝ မဟုတ်ဘူး"

"ဒါဖြင့် မင်းတို့အိမ်ထဲမှာ လူလေးယောက်ပဲရှိတယ်၊ အဲဒီအထဲက တစ်ယောက်ဖြစ်မှာပေါ့"

"ဒေါ်ကြွယ်အေးရဲ့ဝိညာဉ်"

"ဟာ...မဟုတ်ပါဘူး၊ အဓိပ္ပာယ်မရှိတာ၊ ဝိညာဉ်ဆိုရင် ပါးမရိုက်နိုင်ဘူး"

"ဟင်...ခုဟာကတော့ ပါးကိုရိုက်သွားတာ အသေအချာပဲ ကျော်၊ လက်သံကလဲ တော်တော်ပြင်းတယ်"

"အဲဒါဆို လူပဲ၊ သေချာတယ်"

"ဒါဆိုရင် ဘယ်လိုဆက်လုပ်ရမလဲ ကျော်ရယ်၊ စိုး ကြောက်လဲ သိပ်ကြောက်နေရတယ်"

"မကြောက်နဲ့၊ ဘာမှ ကြောက်စရာမရှိဘူး၊ နောက်တစ်ခါကျရင် အခန်းထဲမှာ တုတ်တစ်ချောင်း ကောင်းကောင်းရှာထား၊ တွေ့တာနဲ့ ခေါင်းကို တုတ်နဲ့ရိုက်၊ ဘာမှမကြောက်နဲ့ ထိအောင်ရိုက်"

"ဟုတ်ကဲ့ပါ ကျော်၊ အဲဒီအတိုင်း လုပ်ပါ့မယ်"

"ဘာမှ မကြောက်နဲ့၊ ဒါဟာ လူတစ်ယောက်ယောက်က စိုးကို ဒီအိမ်မှာ မနေဝံ့အောင် လုပ်နေတာ၊ ရဲရဲသာဆက်နေ၊ ဟိုလူ့ကျန်းမာရေးအခြေအနေကော"

"ပိုကောင်းလာတယ်"

ကောင်းလာရပုံကို စိုးစန္ဒာက အပြည့်အစုံ ရှင်းပြသည်။

"စိတ်မပျက်ပါနဲ့၊ နည်းနည်းတော့ စိတ်ရှည်သည်းခံစောင့်ရမှာပေါ့။ အခွင့်အရေးတစ်ခုခု ပေါ်တတ်ပါတယ်။ အဲဒီလို ပေါ်လာရင် ကိုယ်မျှော်လင့်တာတွေ အားလုံး ဖြစ်လာမှာပေါ့"

စိုးစန္ဒာက စိတ်ပျက်ကြောင်းနှင့် စောင့်နေရသည်ကို ပျင်းရိငြီးငွေ့ကြောင်း ညည်းပြသည်။



"တစ်သက်လုံးအတွက် အခွင့်အလမ်းကောင်းရဖို့ ဒီလောက်တော့ ဒုက္ခခံရမှာပေါ့"

"ကျော်ခံရတာမှ မဟုတ်ဘဲ"

"ကျော်လဲခံရတာပေါ့၊ ချစ်နဲ့ခွဲနေရလို့"

စိုးစန္ဒာ ပြုံးလိုက်သည်။

"ဟုတ်လို့လား"

"အသေအချာပေါ့"

စိုးစန္ဒာ ကျေနပ်သွားသည်။

နောက်တစ်ပတ် ဆင်းရဲဒုက္ခခံနိုင်အောင် အားရှိသွားပြန်သည်။

□ □ □

## အခန်း (၄၄)

ကျော်စွာမိုး အကြံပေးသည်ကို စိုးစန္ဒာ သဘောကျသည်။ အိမ်ပြန်ရောက်သည်နှင့် လက်ဆကောင်းကောင်း တုတ်တစ်ချောင်း လိုက်ရှာသည်။ သင့်တင့်သော အရှည်လည်း ရှိရမည်။ လိုချင်မှ တုတ်က ရှားပါးသည်။ တစ်အိမ်လုံးမှ တုတ်ကောင်းကောင်း တစ်ချောင်းမျှမရှိ။ သစ်သားချောင်းအချို့ တွေ့သော်လည်း သက်ကိုင်ရန် မကောင်း၊ ကြီးသည်။ လေးသည်။

"ဟင်း...လက်ဆကောင်းကောင်း တုတ်တစ်ချောင်းသာ ရလို့ကတော့"

စိုးစန္ဒာ ဒေါသစိတ်နှင့် တွေးနေမိသည်။

"ငါ့ပါးရိုက်တဲ့ အဖြူရောင်ကောင်မ၊ နင့်ခေါင်းကွဲပြီသာမှတ်"

အစက ဝိညာဉ်ထင်၍ ကြောက်နေသောကြောင့် ရှုံးခဲ့ရသည်။ ကျော်စွာမိုး ပြောသည်မှာ ဖြစ်နိုင်သည်။ ဝိညာဉ်က ပါးကို နာအောင်ရိုက်နိုင်မည် မဟုတ်။ စိုးစန္ဒာ ခံခဲ့ရသည်က လူ့လက်၏ အရသာမျိုး ဖြစ်သည်။ ဘယ်သူလဲ ငါ့ကို ပါးရိုက်တာ။ စိုးစန္ဒာ စဉ်းစား၍မရ။

"ကဲ...ဘယ်သူပဲဖြစ်ဖြစ် ဒီတစ်ခါ တုတ်စာမိရင်တော့ အမြင်ပေါ်ရောပေါ့"

www.burmeseclassic.com

www.burmeseclassic.com



စိုးစန္ဒာ ဆက်မစဉ်းစားတော့ပါ။ တုတ်ကောင်းကောင်းကိုသာ ဆက်ရှာသည်။ ဤကိစ္စကို လျှို့ဝှက်ထားချင်၍ ဒေါ်မြအေးနှင့် ဖူးဝေကိုလည်း အကူအညီ မတောင်းချင်။ ကိုယ့်ဘာသာကိုယ်ပဲ ကြိုးစားပြီး ရှာသည်။ လက်ကိုင်လို့ကောင်းတဲ့ သစ်ကိုင်းတစ်ချောင်း ရရင်လည်း ဖြစ်တယ်။ မယော်ဂနီခြံကြီးထဲမှာ လိုက်ရှာသည်။ သစ်ပင်သစ်ကိုင်းများကို ကြည့်လိုက်သည်။ စိတ်ကြိုက်မတွေ့။ မယော်ဂနီပင်ပေါ်မှာ စိတ်ကြိုက်ကိုင်း တွေ့ပြန်တော့လည်း အမြင့်ကြီးမှာမို့ တက်မခုတ်နိုင်။ တုတ်ကောင်းကောင်းကို မှန်းဆပြီး လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။

"ဟင်း...လာချင်တဲ့အပေါက်က လာ၊ ဒီတစ်ခါလာရင်တော့ နာပြီသာမှတ်"

ဝါးရုံပင်များ ရှိရာသို့ စိုးစန္ဒာ လျှောက်သွားသည်။ တွေ့ပြီ၊ ဝါးရုံထဲမှာ လက်ဆကောင်းကောင်း ဝါးစိမ်းပင်များ စိတ်ကြိုက် ရွေးပြီး ခုတ်၍ရသည်။ သူများကို အကူအညီ မတောင်းချင်။ အိမ်ကြီးဘက်သို့ ပြန်လာသည်။ ဒေါ်မြအေး မရှိ။ ဈေးသွားသည်မှာ ပြန်မလာသေး။ မီးဖိုဆောင်မှာ ဖူးဝေသာ ရှိသည်။

"ဟဲ့ကောင်မလေး၊ အိမ်ထဲက ထမင်းစားခန်းသွားရှင်းစမ်း၊ အမှိုက်ပါ ပြောင်နေအောင် လှည်း၊ စားပွဲကိုလဲ ရေနဲ့ ပြောင်အောင် ဆေး၊ ပစ္စည်းတွေ အားလုံး စနစ်တကျ သန့်သန့်ရှင်းရှင်း ထား"

"ဟုတ်ကဲ့"

ဖူးဝေ ထမင်းစားခန်းဘက်သို့ ထွက်သွားသည်။ ထင်းခုတ်သော ဓားမကို မီးဖိုထဲမှာ လိုက်ရှာသည်။ တွေ့ပြီ။ အသာယူ၍ ခြံထဲ ပြန်ထွက်ခဲ့သည်။ အိမ်ခေါင်းရင်းမှ ပတ်၍ ဝါးရုံပင်ဆီသို့ သွားသည်။ ခြံစည်းရိုးအထိ ဆင်ခြေလျှောဖြစ်နေသော မြက်ခင်းစိမ်းစိမ်းလေးက လှပသည်။ မည်သူမျှ သန့်ရှင်းမည့်သူမရှိ၍ မြက်ခင်းပေါ်မှ သစ်ကိုင်းတချို့နှင့် သစ်တုံးနှစ်တုံးက မြက်ခင်းကို အလှဖျက်နေသည်။ အုတ်ကျိုးပုံတစ်ခုလည်း ရှိသေးသည်။ မဟော်ဂနီခြံကြီးကို အုတ်တံတိုင်းကာစဉ်က ကျန်ခဲ့သော အုတ်ကျိုးများ ဖြစ်သည်။ ခြံစည်းရိုး အုတ်တံတိုင်းမှာ ဒေါ်ကြွယ်အေး ရှိစဉ်က ကာရံခဲ့ခြင်း ဖြစ်သည်။ ဒေါ်ကြွယ်အေး မရှိတော့ ဆက်မလုပ်ဖြစ်ဘဲ တစ်ပိုင်းတစ်စနှင့် ရပ်သွားသည်။ ဝါးရုံပင်ဘက်အထိ ခြံစည်းရိုး မရောက်။ သစ်ပင် ဝါးပင်များကို တိုးဝင်လာလျှင် ခြံထဲသို့ လွယ်လွယ်ရောက်နိုင်သည်။

"အပြင်ကလာတယ် ဆိုတဲ့ အဖြူရောင်မိန်းမ ဒီခြံစည်းရိုးကများ တိုးဝင်



လာတာလား"

စိုးစန္ဒာ စဉ်းစားရင်း ကြောက်စိတ် ဝင်လာမိသေးသည်။ ကိုင်းများကို အရင်ရှင်းပစ်ရသည်။ ဝါးပင်ကို ဆက်ခုတ်သည်။ လုပ်နေကျမဟုတ်၍ လက်က မသန်။ ဝါးတိုင်းများကလည်း အုပ်နေသည်။ ခုတ်လိုက်တိုင်း မျက်နှာ လာရိုက်သည်။ ဆက်ပြီး ကြိုးစားခုတ်သည်။ နည်းနည်းသာ ပြတ်သည်။ ခုတ်ဖန်များတော့ ဓားကိုင်ထားသော လက်က ကျိန်းစပ်နာကျင်လာသည်။ လက်မောင်းလည်း အောင့်သည်။ သို့သော်သူများကို အကူအညီတောင်း၍ မဖြစ်။ ကိုယ့်ဘာသာ ဆက်ခုတ်သည်။ တစ်ဖက်တော့ ပြတ်သွားပြီ။ ဘေးဘက်မှ လှည့်ခုတ်ရန် အုပ်ဆိုင်းနေသော စွယ်တော်ပင်ကိုင်းကို လက်ဖြင့် တွန်းဖယ်လိုက်သည်။

"အမယ်လေး"

စိုးစန္ဒာ ထိတ်လန့်သွားသည်။ ရေတိုက်စား၍ ဖြစ်နေသော ရေစီးချောင်းချောက်ကမ်းပါးကြီးကို တွေ့ရသည်။ စွယ်တော်ကိုင်းကို ဖယ်မကြည့်ဘဲ တိုးဝင်သွားလျှင် ချောက်ထဲသို့ လိမ့်ကျမည်။ စိုးစန္ဒာ နောက်ကို အသာပြန်ဆုတ်လိုက်သည်။ ဝါးပင်တစ်ပင်ကို မိမိရရ ကိုင်ပြီး ချောက်ဘက်သို့ ငုံ့ကြည့်လိုက်သည်။ အနက်ကြီး ဖြစ်သည်။ အောက်ဘက်မှာ ရေတိုက်စား၍ မညီညာသော ရေစီးချောင်းဖြစ်နေသည့် ဂဝံကျောက်များကို တွေ့ရသည်။ အပြင်ဘက်မှ လူများ မယော်ဂနီခြံကြီးထဲသို့ ဤနေရာဘက်မှ ဝင်ရန် မဖြစ်နိုင်ကြောင်း နားလည်သွားသည်။ အခြားတစ်ဖက်မှ လှည့်၍ ဝါးပင်ကို ခုတ်သည်။ တော်တော်နှင့် မပြတ်နိုင်၊ လက်နာလာ၍ ငိုချင်စိတ်ပင် ဖြစ်မိသည်။ လက်နှစ်ဖက်နှင့် စုံကိုင်ပြီး ခုတ်ရသည်။ ဝါးပင်ပြတ်သွားတော့ ကိုင်းများကို ရှင်းပြီး တစ်လံလောက် အရှည်ရအောင် ဖြတ်လိုက်သည်။ ဝါးစိမ်းတုတ်ကို ညာလက်နှင့် ကိုင်ကြည့်သည်။ လက်ဆအလွန်ကောင်းသည်။ အလေးချိန်ကလည်း အနေတော်ပင် ဖြစ်သည်။ ခေါင်းကိုရိုက်လျှင် ဟက်တက်ကွဲမှာ သေချာသည်။ ဝါးကိုင်းများကို ခြံစည်းရိုးချောက်ကမ်းပါးဘက်မှာ ပြန်ကာထားခဲ့သည်။ ဓားတစ်ဖက် ဝါးစိမ်းတုတ်တစ်ဖက်ကိုင်၍ မြက်ခင်းပြင်အတိုင်း တက်လာခဲ့သည်။ အိမ်ကြီးနားရောက်မှ မြက်ခင်းပြင်နှင့် ခြံစည်းရိုးကို ပြန်ကြည့်လိုက်သည်။ အလွန်ကောင်းသော အတွေးတစ်ခုရ၍ မျက်နှာတစ်ခုလုံး ဝင်းဝင်းပပ ဖြစ်သွားသည်။

"သိပ်ကိုကောင်းတဲ့ အကြံဉာဏ်ပဲ"

ကိုယ့်ဘာသာ ကျေနပ်နေမိသည်။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com



"ငါသိတယ်၊ ဘာမှကြောက်စရာမရှိဘူး၊ အောက်ထပ်မှာ လူတွေရှိတာပဲ။ အကုန်လုံး အောက်ထပ်မှာချည်းနေလို့ ဘယ်ဖြစ်မလဲ၊ အပေါ်ထပ်မှာလဲ ရှိဦးမှပေါ့၊ ညည်း ငါမရောက်ခင်ကလဲ အပေါ်မှာ တစ်ယောက်တည်း အိပ်တာပဲ"

"ခုဟာကတော့ ဟို အဖြူရောင်ဝတ်တဲ့ ..."

"အိုအေ...အဲဒါက အောက်ထပ်မှာ ရှိတာပါ။ အပေါ်တော့ လာမှာ မဟုတ်ပါဘူး။ လာရင်လဲ တံခါးအရင်ခေါက်ပြီးမှ လာမှာပါ။ တံခါးခေါက်ရင် ဒေါ်မြအေးကို လှမ်းခေါ်လိုက်ပေါ့"

ဖူးစေ ကြောက်နေသည်။

"ဟို ဒေါ်ကြီးအခန်းမှာပဲ နေလို့မရဘူးလား"

ဖူးစေ အသနားခံခြင်း ဖြစ်သည်။

"တော်ပြီ ၊ ဘာမှ ပြန်ပြောမနေနဲ့၊ ညည်း ငါခိုင်းတဲ့အတိုင်းလုပ်၊ အပေါ်ထပ်မှာပဲ အိပ်၊ ငါမခိုင်းဘဲ အောက်ဆင်းအိပ်နေတာတောင် လွန်နေပြီ"

ဖူးစေ ဆက်မပြောဝံ့တော့ပါ။

"ဒါပဲနော်၊ ညကျမှ ငါမသိအောင် ဆင်းလာပြီး ဒေါ်မြအေး အခန်းမှာ အိပ်မယ်တော့ မကြံနဲ့၊ အဲဒါဆို ညည်းကို ငါ မယုံတော့ဘူး၊ ငါ့ကို ပါးရိုက်တဲ့ ဝတ်စုံအဖြူနဲ့ မိန်းမဟာ ညည်းပဲလို့ စွပ်စွဲရလိမ့်မယ်"

"အို...ကျွန်မ လုံးဝ မဟုတ်ပါဘူးရှင်"

"အေး...မဟုတ်ရင် အပေါ်သွားအိပ်"

ဖူးစေ စိတ်ပျက်စွာနှင့် စိုးစန္ဒာ ရှေ့မှ ထွက်လာခဲ့ရသည်။ စိုးစန္ဒာ ပြုံးလိုက်သည်။

"သိပ်ကောင်းတဲ့နည်းပဲ၊ ဖြစ်နိုင်ရင် ငါတောင် အပေါ်တက်ပြီး သူမနေဝံ့အောင် ခြောက်လိုက်ချင်သေးတယ်"

သို့သော် စိုးစန္ဒာ အပြင်မထွက်ဝံ့ပါ။ သူ့ကို မခြောက်ခင် ကိုယ်က အရင် အခြောက်ခံရမှာ ကြောက်သည်။

□ □ □

# အခန်း (၄၅)

ဖူးစေ တစ်နံနက်လုံး မနားရ၊ အိမ်ခေါင်းရင်း မြက်ခင်းပြင်မှ အုတ်ခဲကျိုးများကို အိမ်မြောက်ဘက်ရှိ သရက်ပင်အောက်သို့ ပြောင်းပြီး ပုံပေးရသည်။ အုတ်ခဲကျိုးက အများကြီး ဖြစ်၍ လက်ချောင်းလေးများ ပေါက်ကုန်သည်။ သို့သော် စိုးစန္ဒာက အားလုံး ပြီးသည်အထိ စောင့်ခိုင်းနေ၍ မပြီးမချင်း နားခွင့်မရ။ သူ ကိုယ်တိုင်ကတော့ တစ်ခဲမျှ ကူသယ်ခြင်းမရှိ။ အုတ်ခဲများ အားလုံး ကုန်သွားတော့ သစ်ကိုင်းများကို သယ်ရွှေ့ရပြန်သည်။

"အားလုံး သန့်ရှင်းနေချင်တာနော်၊ သစ်ရွက်ခြောက်လေး တစ်ရွက်တောင် မကျန်စေနဲ့၊ မြက်ခင်းစိမ်းစိမ်းလေးပဲ မြင်ချင်တယ်"

စိုးစန္ဒာ ဆန္ဒပြည့်အောင် သစ်ရွက်ခြောက်များ တစ်ရွက်မကျန် ကောက်ပြီး ခြံစည်းရိုးသို့ သွားပို့ရသည်။ သစ်ရွက်ခြောက်များ ကုန်သွားတော့ သစ်တုံးကြီးနှစ်တုံးကို အုတ်တံတိုင်း ဆီသို့ ရောက်အောင် တွန်းလှိမ့်ရသည်။ ဖူးစေ အင်္ကျီမှာ ချွေးများ ရွှဲရွှဲစိုနေသည်။

"ကောင်းတယ်၊ ဒီကောင်မကို ဒီအိမ်နေချင်စိတ် မရှိတော့ဘဲနဲ့ ထွက်ပြေးအောင်ကို လုပ်ရမယ်"

သစ်တုံးနှစ်တုံး တွန်းလှိမ့်ပြီးတော့ ဖူးစေ ခြေကုန်လက်ပန်း ကျနေပြီ။ အိမ်ခေါင်းရင်းမှာ သန့်ရှင်းသော မြက်ခင်းပြင်ကျယ်ကြီး ဖြစ်သွားသည်။

"ကဲ...ညည်း ရေသွားချိုးတော့၊ ဪ...နေဦး၊ ရေမချိုးခင် ညည်းပစ္စည်းတွေ အပေါ်ထပ်ပြန်ပို့၊ ညည်းအပေါ်ထပ်က အခန်းမှာပဲ နေရမယ်"

"ရှင်..."

စိုးစန္ဒာကို ဖူးစေ လှမ်းကြည့်လိုက်သည်။

"ငါပြောတာ နားမလည်ဘူးလား၊ ညည်း အပေါ်ထပ်မှာ ပြန်ပြောင်းအိပ်ရမယ်"

"ဖူးစေ...အဲ...ကျွန်မ အပေါ်မှာ တစ်ယောက်တည်း အိပ်ရမှာ ကြောက်လို့ ဒေါ်ကြီးအခန်းမှာ ဆင်းအိပ်တာပါ"

စိုးစန္ဒာ ဝမ်းသာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄၈)

ဖူးဝေ မရောက်ချင်ဆုံးသော အချိန်မှာ မလွဲသာမရှောင်သာ ရောက်လာခဲ့လေပြီ။ အိမ်ရှင်မ၏ အမိန့်အရ အိမ်အပေါ်ထပ်မှာ တစ်ယောက်တည်း အိပ်ရမည်ကို အကြောက်ကြီး ကြောက်မိသည်။ ထို့ကြောင့် ညရောက်မှာကို စိုးရိမ်ခဲ့သည်။ ခုတော့ ထိုကြောက်သောညကို ရောက်နေပြီ။ အပေါ်ထပ်မှ အခန်းတွင် တစ်ယောက်တည်း အိပ်နေရသောအချိန်ကို ရောက်နေပြီ။ အိမ်ကြီးက တိတ်ဆိတ်လွန်း၍ ကိုယ့်အသက်ရှူသံကို ကိုယ်ပြန်ကြားနေရသည်ပင် စိတ်ချောက်ချားစရာ အသံကို မှုဉ်းမှုဉ်းသာသာရှုကြည့်သည်။ ကြာတော့ မောလာသည်။ အိမ်ထောင့်များဆီမှ ထွက်ပေါ်လာသော ချိုးချိုးချွတ်ချွတ်အသံများမှာလည်း အထိတ်တလန့်ဖြစ်လောက်အောင် ကျယ်လောင်လွန်းလှသည်။ ကြွက်များ ဖြစ်ပါလိမ့်မည်။ ရောက်စက ဤအိမ်ကြီးပေါ်မှ ဤအခန်းမှာပင် တစ်ယောက်တည်း အိပ်ခဲ့ပါသည်။ ဘာမျှ မကြောက်ခဲ့။ ဤအသံများကိုလည်း ကြားခဲ့ပါလိမ့်မည်။ သတိပင်ထားမိခဲ့။

ခုတော့ အဖြူရောင်ဝတ်ထား၍ မျက်နှာကို ပဝါဖြူအုပ်ထားသည်ဆိုသော အမျိုးသမီးကို ကြောက်နေသည်။ ကိုယ်တိုင်မြင်ရသည်မဟုတ်။ စိုးစန္ဒာ ပြောသည်ကို ပုံဖော်ပြီး ကြောက်နေမိခြင်း ဖြစ်သည်။

"ငါ့အခန်းတံခါးကိုများ ခေါက်ရင်..."

တွေးရုံနှင့်ပင် ချွေးပြန်လာသည်။ အထဲအထိဝင်လာပြီးတော့ ပါးရိုက်လျှင်... စောင်ကို ခေါင်းမြီးခြုံလိုက်သည်။ စိုးစန္ဒာကို မကျေနပ်။

"ငါ့ဘာသာ ဒေါ်ကြီးနဲ့အတူ အောက်ထပ်မှာ အိပ်လို့ ရလျက်သားနဲ့ ဘာဖြစ်လို့ အပေါ်မှာ တစ်ယောက်တည်း အိပ်ခိုင်းရတာလဲ"

ဖူးဝေ စဉ်းစား၍မရ။

"သူ့ကို ခြောက်လှန့်တာ ငါထင်လို့လား"

ဟုတ်ဟန်မတူပါ။

"ငါ့ကို တမင်သက်သက် ကြောက်လန့်ပြီး ဒီအိမ်ကြီးမှာ ဆက်မနေရဲအောင် လုပ်တာလား"



ထိုအတွေးကြောင့် မခံချင်စိတ် ဖြစ်လာသည်။ နေ့ခင်းကလည်း တစ်နေ့လုံး မနေမနား ခိုင်းပြီးပြီ။ ပင်ပင်ပန်းပန်း လုပ်ရသည်။ ညကျတော့ အထင်းအမှုအိမ်ပေါ် ပြောင်းအအိပ်ခိုင်းသည်။ နေ့ခင်းက ပင်ပန်းထားပါလျက် ကြောက်စိတ်ကြောင့် အိပ်မပျော်။

"မကြောက်ပါနဲ့၊ မေမေကြီးက ဖူးဝေတို့ကို ဘာမှ လုပ်မှာ မဟုတ်ဘူးဟူသော အောင်အောင်၏ စကားကို ကြားယောင်မိသည်"

ဟုတ်တော့ ဟုတ်သည်။ ခုချိန်ထိ သူ့အိပ်ခန်းကိုသာ တံခါးခေါက်သည်။ သူ့ကိုသာ ပါးရိုက်သည်။ တစ်အိမ်လုံးမှ ကျန်လူများ ဘာမျှလည်း မမြင်ရ ဘာမျှလည်း မကြားရ။ သူနှင့် တစ်ခန်းတည်း အတူနေသော ကိုကိုကြီးပင် မမြင်ရ မကြားရ။

"မေမေကြီးရယ်၊ သမီးပြုခဲ့သမျှ ကုသိုလ်ကောင်းမှုတွေကို အမျှဝေပါတယ်။ အမျှ...အမျှ...အမျှရပါစေ"

မမြင်ဖူးသော မေမေကြီးကို ရည်မှန်းပြီး အမျှပေးဝေသည်။ စိတ်ထဲမှာ အကြောက်သက်သာသည်။

"အရေးအကြောင်းဆိုလဲ အောက်ထပ်မှာ ဒေါ်ကြီးရှိတာပဲလေ"

စိတ်အားတင်းရသည်။

"ကိုအောင်အောင်သာ ဒီအိမ်မှာ ပြန်အိပ်ရင် သိပ်ကောင်းမှာ"

အားကိုးရှာပြီး စဉ်းစားမိခြင်း ဖြစ်သည်။

အောက်ထပ်မှာ ငြိမ်တိတ်နေသည်။ ဘာသံမျှ မကြားရ။

"ကိုကိုကြီး အိပ်ပျော်နေပြီလား"

ကိုကိုကြီးအတွက် တွေးလိုက်မိသေးသည်။ ကိုကိုကြီးအတွက် သတိထားပြီး စိုးစန္ဒာကို ကြည့်နေရန် ကိုအောင်အောင် မှာသော်လည်း ယနေ့ညတော့ ဘာမျှ သတိမရနိုင်။ ကိုယ့်ဘာသာ ကြောက်နေရသည်နှင့် အားလုံးကို မေ့မေ့လျော့လျော့ ဖြစ်ရသည်။ ည၌နက်သည်ထက် နက်လာသည်နှင့် တိတ်ဆိတ်မှုကကြီးသည်ထက် ကြီးလာသည်။ နောက်ဆုံးတော့ ဖူးဝေ ဘာမျှ မစဉ်းစားနိုင်ဘဲ အိပ်ပျော်သွားပါသည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄၇)

စိုးစန္ဒာ ဖုန်းဆက်ပြီး အကူအညီ တောင်းထား၍ ဖခင် ဦးသန်းမောင် စေလွှတ်လိုက်သော လက်သမားနှစ်ဦး ရောက်လာသည်။ စိုးစန္ဒာက ဖူးဝေရှင်းပေးထားသော မြက်ခင်းပြင်မှာ ခြံစည်းရိုးကို နောက်ကျောပေး၍ သစ်ခွရုံလေးတစ်ရုံ တည်ဆောက်သည်။ စိုးစန္ဒာ ညွှန်ကြားသည့်အတိုင်း လက်သမားနှစ်ယောက်က ဆောက်လုပ်ပေးရသည်။ ညနေရောက်သောအခါ သစ်သားတန်းများနှင့် လှပစွာ တည်ဆောက်ထားသော သစ်ခွရုံ အဆောက်အအုံလေး အကောင်အထည်ပေါ်လာသည်။ မြက်ခင်းစိမ်းစိမ်းနှင့် သစ်ခွရုံမှာ ပနံရစွာ လှပနေသည်။ အိမ်မှာရှိသည့် သစ်ခွပင်များကို ဖူးဝေ ရွှေ့ပြောင်းသယ်ပေးရပြန်သည်။ စိုးစန္ဒာပြသည့် နေရာများမှာ ချိတ်ဆွဲပေးရသည်။ အချို့သစ်ခွပင်များမှာ အပွင့်လှလှလေးများ ပါ၍ သစ်ခွရုံလေး ပိုလှသွားသည်။ နောက်ခံမှာ ဝါးရုံကြီးနှင့် ကောင်းကင်သို့ တက်ပြီး ထိုးထိုးထောင်ထောင် နွဲ့ပြနေသော ဝါးပင်ကြီးများ ဖြစ်သည်။ စိုးစန္ဒာက အိမ်ကြီးဘက်မှ သွားကြည့်လိုက်၊ ခြံစည်းရိုးဘက်မှာ ပြန်ကြည့်လိုက်၊ ဘေးခပ်ဝေးဝေးမှ သွားကြည့်လိုက်နှင့် သစ်ခွရုံကို ကြည့်ပြီး စိတ်ကူးအမျိုးမျိုးထုတ်နေသည်။

"ဟဲ့ကောင်မလေး၊ အိမ်ရှေ့ပန်းခြံထဲက ပိန်းဂမုန်းအဖြူပွင့်ပါတာတွေ သွားသယ်စမ်း၊ အပွင့်လှတာ ရွေးယူခဲ့"

ပိန်းဂမုန်းပင်များကို ပန်းအိုးကြီးများပါမ၍ ဖူးဝေ သယ်ရသည်။ စိုးစန္ဒာ ပြသည့် နေရာများမှာ ချရသည်။ ငါးပင်သယ်ပြီးမှ တော်ပြီဟု ဆိုသည်။ အပေါ်မှာ ချိတ်ဆွဲထားသည့် ကက်တလီယာ အဖြူပွင့်ကြီးများနှင့် ဖောင်းကြွနေသည့် အပိမ့်များပါသော ပိန်းဂမုန်းအဖြူပွင့်များမှာ မြက်ခင်းစိမ်းစိမ်းနှင့် လိုက်ဖက်လှသည်။ တယ်ကောင်းတဲ့ စိတ်ကူးပါလား။ ပင်ပင်ပန်းပန်း လုပ်ရသည်များကိုပင် ဖူးဝေ မေ့သွားသည်။ စိုးစန္ဒာကိုလည်း ခြံအလှပြင်တတ်သည့် အိမ်ကြီးရှင်မအဖြစ် အထင်ကြီးသွားသည်။

"လှလိုက်တာ"

ဖူးဝေ အသံထွက်ပြီး ချီးမွမ်းမိသည်။

"ဒါ ဘာမှ မလှသေးဘူး၊ သစ်ခွရုံက သစ်သားတန်းတွေကို ဆေးသုတ်ရ



ဦးမယ်၊ ပန်းအိုးတွေလဲ ဆေးပြန်သုတ်ရမယ်။ မနက်ဖြန် သစ်ခူးကြီးတွေ သွားပြီး ဒီထက်လှတဲ့ သစ်ခွပင်တွေ ဝယ်ရဦးမယ်။ မြက်ခင်းပေါ်ထိုင်ဖို့ ခုံ[illegible]လား ထိုင်နဲ့ စားပွဲချရဦးမယ်၊ အဲဒါမှ လှမှာ"

စိုးစန္ဒာက သူ့ဘာသာ ပြောသလိုလိုနှင့် ဖူးဝေကို ခပ်ကြွားကြွားလေး ပြောလိုက်သည်။

"ဒီအိမ်မှာ ကားမရှိတာ သိပ်အဆင့်အတန်းနိမ့်တယ်၊ ခြေထောက်မရှိသလိုပဲ၊ သွားစရာရှိတိုင်း ဖေဖေ့ကို အကူအညီတောင်းနေရတယ်။ မနက်ဖြန်ခါ ဖေဖေ့ ကားကို ယူပြီး ပန်းတွေ လိုက်ဝယ်ရဦးမယ်"

စိုးစန္ဒာက ဤအိမ်မှာ သူ့အဖေအိမ်လောက် မပြည့်စုံကြောင်း ဖူးဝေကို သွယ်ဝိုက်ပြီး ကြွားလိုက်ခြင်း ဖြစ်သည်။ အရင်က ဤအိမ်မှာ ကားရှိသည်။ ကိုကိုကြီး မောင်းသည်။ ကိုကိုကြီး ကားနှင့် သစ်ပင်ကို ဝင်တိုက်ပြီးမှ တိုက်မိသော ကားကိုလည်း ရောင်းပစ်လိုက်ခြင်း ဖြစ်ကြောင်း ဒေါ်ကြီး ပြောပြ၍ ဖူးဝေသိထားပါသည်။ ကိုကိုကြီး ခြေထောက်ကောင်းသွားရင် ပြန်ဝယ်ချင်ဝယ်မှာပေါ့။ ကိုယ့်ဘာသာ စဉ်းစားနေလိုက်ခြင်း ဖြစ်သည်။

"ဒီအတိုင်းတော့ မဖြစ်ဘူး၊ ကားတစီးတော့ အမြန်ဆုံး ဝယ်ရဦးမယ်"

စိုးစန္ဒာက သူ့ဘာသာပြောပြီး အိမ်ကြီးဆီသို့ လျှောက်သွားလေသည်။

□ □ □

# အခန်း (၄၈)

ဖူးဝေ၏ လက်ချောင်းလေးများ ညင်သာစွာ လှုပ်ရှားနေသည်။ စတီး ချောင်း၏ ပတ်ဝန်းကျင်ကို လှည့်ပတ်ပြီး အရက်ပြန်ဆွတ်သော ဂွမ်းစလေးနှင့် ပွတ်သပ်ပေးနေသည်။ နှုတ်ခမ်းလေးစုပြီး လေအေးအေးနှင့်လည်း မှုတ်ပေးနေ သည်။ နွေဦး၏ အနာအခြေအနေက ကောင်းနေပြီမို့ နာခြင်း စပ်ခြင်း ဘာမှ မရှိတော့ပါ။ ညင်သာသော ပွတ်သပ်မှု အတွေ့အထိနှင့် လေအေးအေးလေးကို ဖူးဝေ၏ကြင်နာမှုအဖြစ် နွေဦး ခံစားနေရသည်။ စိုးစန္ဒာ ဆေးထည့်သည်နှင့် တခြားစီဖြစ်သည်။ စိုးစန္ဒာက လေမှုတ်ပေးရန် ထား၍ အနာကိုပင် ကောင်း ကောင်းကြည့်သူမဟုတ်။ အရက်ပြန်သုတ်သည်ကလည်း ကြမ်းသည်၊ မြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးထည့်သည်ကလည်း ညီညာခြင်းမရှိ။ စေတနာချင်း ကွာခြားသည်က သိသာလွန်းသည်။ ကိုယ်တိုင်ပြုစုချင်လို့ ပြန်လာတာပါဆိုသော စိုးစန္ဒာ၏ စကားကိုပင် နွေဦး သံသယဖြစ်မိသည်။ ဆေးထည့်ရန် မလိုတော့၍ ဖူးဝေက ဆီကေးရှင်းပေါင်ဒါကိုသာ ထည့်ပေးသည်။ ပြီးတော့ အနာကို ပလတ်စတာကပ်ပေးသည်။ နွေဦး နှိုင်းယှဉ်ပြီး စဉ်းစားနေမိသည်။

သူနာပြုဆရာမလေး ထည့်စဉ်ကလည်း ကျွမ်းကျင်သည်။ စေတနာရှိပါသည်။ သို့သော် ဖူးဝေက သူနာပြုဆရာမလေးထက်ပင် ညင်သာမှုနှင့် စေတနာပိုသည်။ ဤမိန်းကလေးကို နွေဦး ကျေးဇူးတင်နေမိသည်။ ကျေးဇူးတင်ကြောင်းလည်း ပြောချင်သည်။ သို့သော် စိုးစန္ဒာက ဘေးမှာရှိသည်။ အနာဆေးထည့်သည်ကို မမြင်ချင်၍လား မသိ ပြတင်းပေါက်ဆီသို့ ကြည့်နေသည်။ ဖူးဝေကို အရေးတယူပြောလျှင် စိုးစန္ဒာက ဖူးဝေကို ဆူလိမ့်မည်။ ပြောလိမ့်မည်။ အငြိုးထားပြီး အခြားကိစ္စနှင့် ငေါက်လား ကြိမ်းလား လုပ်လိမ့်မည်။ နွေဦး ဘာမျှမပြောတော့ဘဲ နေလိုက်သည်။ ဖူးဝေကတော့ ကိုကိုကြီး ပေါင်ထဲမှာ စတီးချောင်းကြီး ထည့်ထားရသည်ကို စဉ်းစားပြီး စိတ်မသက်မသာ ဖြစ်နေသည်။

"ကိုကိုကြီး နာနေရှာမှာပဲ"

နွေဦးကို သနားမိသည်။ ဤစတီးချောင်းကြီး မြန်မြန်ထုတ်ပြီး ကိုကိုကြီး အကောင်းပကတိ ဖြစ်စေချင်သည်။ အနာက ကောင်းနေပြီမို့ ကိုကိုကြီး လမ်းလျှောက်ကြည့်မလားဟု မေးချင်သည်။ သူနာပြုဆရာမလေးရှိစဉ်က သုံးကြိမ်လောက် လမ်းလျှောက်ကြည့်ဖူးသည်။ ဖူးဝေပင် တစ်ကြိမ် တွဲပေးခဲ့ရဖူးသည်။ နောက်တော့ ကိုကိုကြီးက နာသေးသည် ဆို၍ ရပ်နားခဲ့ရသည်။ စိုးစန္ဒာ ရောက်လာတော့ အစားပျက်ပြီး အားလည်း နည်းသွား၍ လုံးဝ လမ်းမလျှောက်ခဲ့သည်မှာ ကြာပြီ။ ခုတော့ ကိုကိုကြီး စားချင်သည်များကို ကိုကိုကြီး ပြောသည့်အတိုင်း ချက်ကျွေးရ၍ ကိုကိုကြီး၏ ကျန်းမာရေးအခြေအနေ ပိုကောင်းလာသည်။ ပိန်တော့ ပိန်သေးသည်။

နောက်တစ်ပတ်လောက်ဆိုလျှင် တော်တော်ကောင်းလာမည်ဟု ဖူးဝေ မျှော်လင့်စိတ်နှင့် တွေးမိသည်။ ဆေးထည့်ခြင်းကိစ္စ အားလုံးပြီးသွားပြီမို့ ကိုကိုကြီးမျက်နှာကို မော့ကြည့်လိုက်သည်။ နွေဦးက ကျေးဇူးတင်သောအကြည့်နှင့် ခေါင်းညိတ်ပြသည်။ ဖူးဝေ မတ်တတ်ရပ်လိုက်သည်။ လမ်းလျှောက်ကြည့်ရန် ကိစ္စကို ပြောချင်သော်လည်း မပြောရန် မျိုသိပ်ထားလိုက်သည်။ ကိုကိုကြီးအပေါ်



စေတနာထားကြောင်း နည်းနည်းပြမိလျှင် စိုးစန္ဒာထံမှ ဝေဒနာတွေ အများကြီး ခံရလိမ့်မည်။

"အေးလေ...ကိုအောင်အောင်လာမှပဲ သူ့ကို အတွဲခိုင်းပြီး ကိုကိုကြီး လမ်းလျှောက်ပေးဖို့ ပြောရမှာပဲ"

ဖူးဝေ အတွေးပြောင်းလိုက်သည်။

"မောင့်အနာ တော်တော်ကောင်းသွားပြီနော်"

စိုးစန္ဒာက ခုမှ နွေဦးဘေးနားကပ်ပြီး ကရုဏာစကား ဆိုသည်။

နွေဦး ခေါင်းညိတ်ပြသည်။

"စိုး သိပ်ဝမ်းသာတာပဲ မောင်ရယ်၊ နောက်နှစ်ပတ်လောက်ဆိုရင် စတီးချောင်းထုတ်ရမယ်လို့ ဆရာဝန်ပြောတာပဲ၊ အဲဒါဆို မောင်လူကောင်းဖြစ်သွားပြီပေါ့နော်"

နွေဦးက ဘာမျှပြန်မပြောဘဲ သူ့ခြေထောက်များဆီသို့ လှမ်းကြည့်နေသည်။

"ကောင်းမှ ကောင်းပါ့မလား"ဟု သံသယ ဖြစ်နေပုံရသည်။

"မောင့်ခြေထောက်သာ ကောင်းသွားရင် ဒီကမ္ဘာပေါ်မှာ ဝမ်းအသာဆုံးက ဘယ်သူဖြစ်မလဲ သိလားမောင်"

စိုးစန္ဒာက ခေါင်းကလေး ငဲ့ပြီး နွဲ့နွဲ့လေး မေးသည်။ ပြီးတော့ သူ့ဘာသာ ဖြေသည်။

"စိုးပေါ့ မောင်၊ ကိုယ့်ယောကျ်ား ဒီလိုဖြစ်နေတာ မြင်နေရတာ စိုးသိပ်စိတ်ဆင်းရဲတာပဲ၊ မောင့်ကိုလဲ သိပ်သနားတာပဲ မောင်"

စိုးစန္ဒာက ပါးစပ်နှင့် လောကွတ်ကောင်းပြနေသည်။

"ဒါကြောင့်မို့ ဒီကောင်မလေးကိုလဲ သေသေချာချာ အလုပ်ခိုင်းရတာ။ သူက သူနာပြုဆရာမလေးကိုယ်တိုင် ပြပေးခဲ့တော့ ကောင်းကောင်း လုပ်တတ်တယ်၊ စိုးကတော့ စေတနာသာရှိတာ၊ သူနာပြုဆရာမက သင်ပေးခဲ့တာမဟုတ်တော့ ကောင်းကောင်း မလုပ်တတ်ဘူး၊ အဲဒါကြောင့် ကိုယ့်ယောကျ်ားကျန်းမာဖို့က အဓိကပဲဆိုပြီး ကိုယ်တိုင်လုပ်ချင်လျက်နဲ့ သူ့ကို ခိုင်းရတာ"

နွေဦး ပြုံးချင်သော်လည်း မပြုံးဘဲ နေလိုက်သည်။

'မင်းမှာ နှုတ်ဖျားက လွဲပြီး နှလုံးသားမှာ ဘာမှ မရှိဘူး' ဟု ပြောလိုက်ချင်သည်ကိုလည်း မပြောဘဲ နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖူးဝေကတော့ သူ့ပစ္စည်းလေးများကို သိမ်းပြီး နေသားတကျ သွားထားသည်။ ပြီးသည်နှင့် ဘယ်သူမှ နှုတ်မဆက်တော့ဘဲ နောက်ဘက်မီးဖိုဆောင်သို့ ပြန်သွားသည်။ အပေါ်ယံ စကားအလှများကို ဆက်နားထောင်ရမှာ ငြီးငွေ့၍ အိမ်ခေါင်းရင်း ပြတင်းပေါက်ဆီသို့ တွန်းလှည်းကို လှိမ့်သွားလိုက်သည်။ မြက်ခင်းပြင်ပေါ်မှာ လှည်းမှောက်မည် ဖြစ်ပြီးကတည်းက ပြင်ပ မထွက်ခဲ့တာကြာပြီ။ ပြင်ပရှုခင်းများကိုလည်း မတွေ့မမြင်ရ။ ပြတင်းပေါက်ကို ဖွင့်လိုက်သည်။

"အို..."

မြင်လိုက်ရသော မြင်ကွင်းကြောင့် နွေဦး အံ့အားသင့်သွားသည်။ စိုးစန္ဒာ လက်သမားများခေါ်၍ အိမ်ခေါင်းရင်းဘက်မှာ သစ်ခွရုံလေးတစ်ရုံလုပ်နေသည် ဟုတော့ သိပါသည်။ သို့သော် သာမန်အဖြစ်သဘောလောက်သာ ထင်ခဲ့သည်။ ဤမျှ လှလှပပ သားသားနားနား ဖြစ်မည် မထင်ခဲ့။ မြက်ခင်းပြင်ကလည်း သန့်ရှင်းထား၍ အစိမ်းနုရောင် ကော်ဇောကြီး ဖြန့်ခင်းထားသလို လှပနေသည်။

သစ်ခွပန်းတွေကလည်း လှပစွာ ပွင့်လန်းနေသည်။ စိုးစန္ဒာ နောက်မှ လျှောက်လာ၍ နွေဦးဘေးမှာ ရပ်လိုက်သည်။ နွေဦး သဘောကျစွာကြည့်နေသော သူ့သစ်ခွရုံလေးကို လှမ်းကြည့်လိုက်သည်။

"ညနေကျရင် မောင် ထွက်ထိုင်ပြီး အနားယူအပန်းဖြေဖို့ စိုး စိတ်ကူးနဲ့ လုပ်ထားတာလေ"

နွေဦး သဘောကျပါသည်။ ထွက်ထိုင်မည်ဟုလည်း ဆုံးဖြတ်လိုက်သည်။

"မနေ့ကမှ ပန်းတွေ ထပ်ဝယ်ပြီး တင်ထားတာလေ၊ ခုံလေးတွေလဲ ဝယ်ချထားတာ၊ ညနေကျမှ မောင် အံ့သြသွားအောင် ပြမလို့၊ မောင်က တံခါးဖွင့်လိုက်တော့ ကြိုမြင်သွားတာပေါ့။ မြက်ခင်းလေးနဲ့ သစ်ခွရုံလေးနဲ့ ဟိုနောက်က ဝါးပင်ကြီးတွေနဲ့ သိပ်လှတာပဲနော် မောင်"

နွေဦး ဘာမျှ ပြန်မပြောသော်လည်း လှသည်ဟု စိတ်ထဲမှာ ဝန်ခံလိုက်ပါသည်။

'ဒီမိန်းမ တော်တော်စိတ်ကူးကောင်းတာပဲ' ဟုလည်း ရင်ထဲမှာတင် ချီးကျူးလိုက်ပါသည်။

"ညနေ ထမင်းစားပြီးမှ ထွက်ထိုင်ကြမယ်နော် မောင်"

နွေဦး ခေါင်းညိတ်လိုက်ပါသည်။

□ □ □

# အခန်း (၄၈)

ယနေ့ည စိုးစန္ဒာ ပျော်နေသည်။ မဟော်ဂနီခြံကြီးကို ပြန်လာမှ ကြည်နူးစွာ ပျော်ရသည်မှာ ဤတစ်ကြိမ်သာ ရှိသေးသည်။ ကိုယ့်ကြိုးစားလုပ်ဆောင်မှု တစ်ခု အောင်မြင်သွား၍ ဖြစ်သည်။ ညနေက နွေဦး သစ်ခွရုံလေးသို့ လိုက်ကြည့်သည်။ သစ်ခွရုံရှေ့မှာ စိုးစန္ဒာက ဖိုင်ဘာစားပွဲအနီနှင့် ဖိုင်ဘာကုလားထိုင်အနီရောင်နှစ်လုံးချထားသည်။ နွေဦးကတော့ သူ့တွန်းလှည်းပေါ်မှာသာ ထိုင်သည်။ စိုးစန္ဒာက လိမ္မော်ရည်တိုက်သည်။ နွေဦး ကြည့်ချင်သော မဟော်ဂနီပင်ကြီးကိုလည်း လှမ်းကြည့်၍ရသည်။ နောက်ဆိုလျှင် ညနေစာစောစောစားပြီးသည်နှင့် သစ်ခွရုံရှေ့ မြက်ခင်းပြင်မှာ ထွက်ထိုင်မည်ဟု နွေဦး ပြောသည်။ စိုးစန္ဒာ၏ လုပ်ငန်းတစ်ခု အောင်မြင်ခြင်း ဖြစ်သည်။ ဤအောင်မြင်မှုသည် ရည်ရွယ်ချက်ကြီးတစ်ခုလုံး အောင်မြင်ရေး၏ အဓိကအချက်လည်း ဖြစ်သည်။ ကိုယ့်အတွေးနှင့်ကိုယ် ကြည်နူးမဆုံး ဖြစ်ရသည်။ ညအိပ်ရာထဲ ရောက်သည်အထိ အပျော်စိတ်က အရှိန်မကျ။ ဤအိမ်ရောက်စတုန်းက စိတ်ညစ်ခဲ့ရသည်။ ရည်ရွယ်ချက်အောင်မြင်ရေးအတွက်လည်း လမ်းစမမြင်။

ခွတ်တိုးလုပ်လျှင် စည်းစိမ်မခံစားရဘဲ ထောင်နန်းစံရမှာ သေချာသည်။ ခုတော့ ထိုအခက်အခဲများ အားလုံးကို ကျော်နိုင်ပြီ။ နိုင်ဖဲမှာ ကိုယ့်လက်ထဲရောက်နေပြီ။ ရက်တစ်ပတ်ပြည့်သည့်နေ့တွင် ကျော်စွာမိုးကို ဖုန်းဆက်ပြောရမည်။ သို့သော် ထိမ်ချန်သင့်သလောက် ထိမ်ချန်ပြောရမည်။ သူက လောချင်သည်။ ကိုယ့်စိတ်ကြိုက် အချိန်ကိုက်ဖြစ်မှ လုပ်ချင်သည်။ တကယ်လုပ်ရမှာက ကိုယ်။ ပြဿနာဖြစ်၍ ခံရလျှင်လည်း ကိုယ်။ ကိုယ့်အတွက် အာမခံချက်ရှိအောင် အပိုင်တွက်မှ ဖြစ်မည်။ ကိုယ်ကြိုက်သည့်အချိန်မှာ စောင့်ပြီး ခလုတ်နှိပ်ရုံသာ ရှိတော့သည်။ ထိုအချိန်ကလည်း ဘယ်သူမှ မထင်သော အချိန်ဖြစ်ရမည်။

"ဒေါက်...ဒေါက်...ဒေါက်...ဒေါက်"

"ဟင်..."

စိုးစန္ဒာ ရုတ်တရက် ထိတ်လန့်သွားသည်။ အခန်းတံခါးခေါက်သံ ကြားလိုက်ရသောကြောင့် ဖြစ်သည်။ ည၌နက်ပြီမို့ တစ်အိမ်လုံး တိတ်ဆိတ်နေသည်

www.burmeseclassic.com

www.burmeseclassic.com



ကို ခုမှ သတိထားမိသည်။

"ဒေါက်...ဒေါက်...ဒေါက်"

တံခါးခေါက်သံ ထပ်ကြားရပြန်သည်။ အခန်းထဲမှ ဝါးစိမ်းတုတ်ကို အသင့်ဆောင်ထားပြီးကတည်းက အဖြူရောင်ဝတ် အမျိုးသမီးကို မျှော်ခဲ့သည်။ ခုမှ ပေါ်လာသည်။

"ဟင်း...သိကြသေးတာပေါ့"

စိုးစန္ဒာ အိပ်ရာမှ ထလိုက်သည်။ နွေဦးဘက်ကို လှမ်းကြည့်လိုက်သည်။ လှုပ်ရှားမှုမရှိ၊ အိပ်ပျော်နေဟန် တူသည်။ စိုးစန္ဒာ ခုတင်ပေါ်မှ ဆင်းလိုက်သည်။

မလာခင်ကလာလျှင် ရိုက်ချင်စိတ်နှင့် မျှော်ခဲ့သော်လည်း တကယ်လာတော့ စိတ်ထဲမှာ လှုပ်လှုပ်ရှားရှား ခံစားရသည်။

"အို...ဘာလို့ လှုပ်ရှားရမှာလဲ၊ ငါ့မှာ တုတ်ကောင်းကောင်းရှိတာပဲ"

ကိုယ့်ဘာသာ အားတင်းသည်။

"ရှပ်...ရှပ်...ရှပ်...ရှပ်"

အပြင်မှ ခြေသံ ကြားရသည်။

"လူမဟုတ်ဘဲနဲ့ သရဲဖြစ်နေရင်"

ထိုအတွေးကြောင့် ကြောက်စိတ် ဝင်လာသည်။

"သရဲဆိုရင် ငါ့ကို ပါးရိုက်လို့ မရဘူးတဲ့"

ကျော်စွာမိုး ပြောသည်ကို ကြားယောင်လာသည်။

"ဟင်း"

ပါးမှာ နာသလို ပြန်ခံစားရ၍ ဒေါသစိတ် ဖြစ်လာသည်။

"သရဲဖြစ်ဖြစ် လူဖြစ်ဖြစ် ငါ့ပါးရိုက်တာ၊ ဒီတစ်ခါ ငါ့အလှည့်ပဲ"

ခြေသံမကြားအောင် ဖြည်းဖြည်းသွားပြီး အခန်းထောင့်မှာ အသင့်ထောင်ထားသော ဝါးစိမ်းတုတ်ကို ယူလိုက်သည်။

"ဒေါက်...ဒေါက်...ဒေါက်...ဒေါက်"

တံခါးခေါက်သံ ကြားရပြန်သည်။ လက်နည်းနည်းတုန်ချင်နေ၍ မတုန်အောင် သတိနှင့် ထိန်းလိုက်သည်။ တုတ်ကို လက်ထဲမှာ မြဲအောင် ဆုပ်ကိုင်သည်။ ခြေသံမကြားအောင် တံခါးဆီသို့ ပြန်လာသည်။ တံခါးရှေ့မှာ အသင့်စောင့်နေလိုက်သည်။

"ရှပ်...ရှပ်...ရှပ်...ရှပ်"



ခြေသံ ကြားရပြန်သည်။ စိုးစန္ဒာ၏ ရင်ခုန်သံများ မြန်နေသည်။ တံခါးခေါက်အောင် စောင့်သည်။ တစ်အိမ်လုံး တိတ်ဆိတ် ငြိမ်သက်နေပြန်သည်။ အတော်ကြာသည်။ စိတ်ထဲမှာ ပို၍ လှုပ်ရှားလာရသည်။

"ဟင်း...အင်း...ဟင်း"

အပြင်ဘက်မှ ညည်းသံကြီး တစ်ချက်ထွက်ပေါ်လာသည်။ စိုးစန္ဒာ ကြက်သီးဖြန်းဖြန်းထ၍ ခေါင်းပါ ပိုကြီးသွားသလို ခံစားရသည်။

နွေဦး ခုတင်ကို လှည့်ကြည့်လိုက်သည်။

နွေဦးမှာ အိပ်မောကျနေဟန်တူသည်။

ဘယ်သူမှ မနိုးဘဲ ပြဿနာကို ကိုယ်တိုင် ဖြေရှင်းမည်ဟု ဆုံးဖြတ်လိုက်သည်။

"ဟင်း...ဟင်း...ဟင်း"

ညည်းသံ ကြားရပြန်သည်။

စိုးစန္ဒာ မကြောက်မိအောင် ကိုယ့်ဘာသာ မနည်းတင်းနေရသည်။ လက်ထဲမှ တုတ်ကို တင်းတင်းပါအောင် ဆုပ်ထားသည်။

"ဒေါက်...ဒေါက်...ဒေါက်...ဒေါက်"

တံခါးခေါက်သံ ထွက်လာသည်နှင့် အတွင်းမှ တံခါးခလုတ်ကို ဆွဲလှည့်ပြီး တံခါးဖွင့်လိုက်သည်။

"ဟင်..."

အပြင်ဘက်မှာ ဘာမျှ မတွေ့ရ။

"ခစ်...ခစ်...ခစ်...ခစ်"

ညှော်ခန်းအဝင် တံခါးဘက်ဆီမှ ရယ်သံထွက်လာသည်။ ထိုနေရာမှာ မှောင်နေ၍ ဘာမျှ မမြင်ရ။ အားတင်းထားသည့်ကြားမှပင် စိုးစန္ဒာ ကြောက်လာသည်။ ကိုယ်က သူ့ကို မမြင်ရသော်လည်း သူက ကိုယ့်ကို မြင်နေရသည်ဟု ခံစားရသည်။ တုတ်ကို ဆုပ်ကိုင်ထားသော လက်မှာ ချွေးများနှင့် စေးထန်းလာသည်။

"ဗုန်း..."

"အား..."

စိုးစန္ဒာ၏ မျက်နှာကို လေးလံအေးစက်သော အရာတစ်ခုက ဝင်ရောက်ဆိမ့်သည်။ ပုပ်ဟောင်သော အနံ့နှင့်အတူ ချွဲချွဲကျိကျိများ မျက်နှာမှာ ပေကျံ

www.burmeseclassic.com

www.burmeseclassic.com



ကုန်သည်။

"အမယ်လေး"

စိုးစန္ဒာ ကြောက်လန့်စွာ အော်ဟစ်ရင်း လဲကျသွားသည်။ နွေဦး အိပ်ရာမှ နိုးလာသည်။ ဒေါ်မြအေးလည်း နိုးသည်။ ဖူးဝေ အပေါ်ထပ်မှ ပြေးဆင်းလာသည်။

"ဒေါ်ကြီး...ဒေါ်ကြီး"

အထိတ်တလန့် ခေါ်ပြီး ဒေါ်မြအေး အခန်းဆီသို့ ပြေးသည်။ နွေဦးက အိပ်ခန်းထဲမှ မီးခလုတ်ကို ဖွင့်လိုက်သည်။ ဒေါ်မြအေး အခန်းတံခါး ဖွင့်လိုက်သည်နှင့် ဖူးဝေက ပြေးဝင်ပြီး ဒေါ်မြအေးကို ဖက်လိုက်သည်။

"အမယ်လေး...လုပ်ကြပါဦး"

ဒေါ်မြအေး ကြောက်လန့်စွာ အော်သည်။

"ဒေါ်ကြီး ဖူးဝေပါ၊ ဖူးဝေပါ"

"ဟင်..."

ဒေါ်မြအေး တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေဆဲ။

"အောက်ထပ်က အော်သံကြားလို့"

"အေး...ငါလဲကြားတယ်"

နွေဦး တွန်းလှည်းနှင့် ဧည့်ခန်းဘက်သို့ ထွက်၍မရ။ အခန်းဝတွင် စိုးစန္ဒာ လဲကျနေသည်။

"ဒေါ်မြအေး"

နွေဦး ဒေါ်မြအေးကို လှမ်းခေါ်သည်။

"ဟော...မောင်နွေဦး"

ဒေါ်မြအေးနှင့် ဖူးဝေ အတူထွက်လာကြသည်။

"မီးတွေ ဖွင့်ပါဦး"

ဖူးဝေ မီးများ လိုက်ဖွင့်သည်။ ဧည့်ခန်းတစ်ခုလုံး လင်းသွားသည်။

"အို..."

"အမယ်လေး"

ဖူးဝေရော ဒေါ်မြအေးပါ အထိတ်တလန့် ဖြစ်ကြရသည်။ စိုးစန္ဒာ လဲကျနေသည့် ရှေ့မှာ အရိုးများကို တွေ့ရ၍ ဖြစ်သည်။

"ဟင်..."

နွေဦးပါ အထိတ်တလန့် ဖြစ်ရသည်။ ဧည့်ခန်းတစ်ခုလုံး ပုပ်စော်နံနေ



သည်။

"သူ...သူ သေသွားပြီလားဟင်"

ဒေါ်မြအေးက အရိုးများကို စိုးစန္ဒာကိုယ်မှ ထွက်နေသည်ဟု ထင်သည်။

"အင်း...ဟင်း...ဟင်း"

စိုးစန္ဒာ လူးလွန့်ရှားလာပြီး ထထိုင်သည်။

"အို...ဘုရား...ဘုရား"

ဒေါ်မြအေးမှာ စိုးစန္ဒာ ထလာသည်ကိုပင် ကြောက်နေပြန်သည်။

"အမယ်လေး၊ ဘုရား...ဘုရား"

စိုးစန္ဒာ ကိုယ်တိုင်လည်း အရိုးများကို ကြည့်ပြီး ထိတ်လန့်နေသည်။ ဝါးစိမ်းတုတ်မှာ သူ့ဆီးမှ ကြမ်းပြင်ပေါ်မှာ လဲလျောင်းလျက်...

"အမယ်လေး နံလိုက်တာ၊ ဝေါ့"

စိုးစန္ဒာ မျက်နှာမှာ အကျိအချွဲများကို ကိုင်မိပြီး ထိုးအန်နေသည်။ အရိုးများ၏ဘေးမှာ ပလတ်စတစ်အိတ်ကြီးတစ်ခုကို တွေ့ရသည်။ အိတ်ထဲတွင်လည်း အရိုးများ ကျန်နေသေးသည်။

"စိုး မျက်နှာကို အဲဒီအိတ်ကြီး လာမှန်တယ်၊ ဟီး...အီး၊ ရွံလိုက်တာ ဝေါ့"

စိုးစန္ဒာ ငိုရင်းမှ အန်နေပြန်သည်။ နွေဦး နားလည်လိုက်ပါပြီ။ အရိုးပုပ်များ ထည့်ထားသည့် ပလတ်စတစ်အိတ်ကြီး စိုးစန္ဒာ၏ မျက်နှာကို လာမှန်ခြင်း ဖြစ်သည်။

"ဘယ်က အရိုးတွေလဲ၊ ဘယ်သူက ပစ်တာလဲ"

နွေဦး စဉ်းစား၍မရ။

"ဟဲ့ကောင်မလေး လိုက်ခဲ့စမ်း"

စိုးစန္ဒာ ရေချိုးခန်းဆီသို့ ဝင်ပြေးသည်။ ဖူးဝေ နောက်မှ လိုက်ရသည်။ စိုးစန္ဒာ မျက်နှာနှင့် လက်များကို ဆပ်ပြာနှင့် အထပ်ထပ် ဆေးကြောနေသည်။ သို့သော် အကျီမှာလည်း ပေကျံ၍ အနံ့များက နံနေဆဲ။

"အမယ်လေး...ရွံလိုက်တာ၊ လူသေပုပ်ရဲ့ အရိုးတွေလား မသိဘူး"

စိုးစန္ဒာ ဝမ်းနည်းစွာ ငိုကြွေးရင်း ကိုယ့်ကိုယ်ကို မသတီဖြစ်နေသည်။ နွေဦးက အရိုးများကို အသေအချာ ကြည့်နေသည်။ အရွယ်အစားချင်းတော့ အချို့က ကြီးသည်၊ အချို့က သေးသည်။ အားလုံးမှာဂေ ၃ အစြာရှောင်၊ အညှိုရောင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၍ ပုပ်ပွနေကြပြီ။ ဆိတ်အူများ၊ ကြက်အူများလည်း ဖြစ်နိုင်သည်။ သို့သော် အသေအချာတော့ နွေဦးလည်း မပြောနိုင်။

"လူသေပုပ်အူတော့ မဟုတ်ဘူး ထင်ပါတယ်"

စိုးစန္ဒာ စိတ်သက်သာအောင် ထင်မြင်ချက်လောက်သာ ပေးနိုင်သည်။

"စိုး ကြောက်တယ်၊ စိတ်ညစ်တယ်၊ စိုးတစ်ယောက်တည်းကို တမင်နှိပ်စက်နေတာ"

စိုးစန္ဒာ ဝမ်းနည်းခြင်းနှင့်အတူ ဒေါသပါ ဖြစ်ရသည်။

"ဒီတစ်ခါကော အဖြူရောင် မိန်းမပဲလား၊ မင်းမြင်လိုက်ရလား"

"မမြင်ရဘူး၊ ရယ်သံပဲကြားရတယ်၊ ရယ်သံကတော့ မိန်းမရယ်သံလို့ ထင်တာပဲ"

ဒေါ်မြအေးနှင့် ဖူးဝေ အနေရခက်နေသည်။ ဤအိမ်ထဲမှာ စိုးစန္ဒာကလွဲလျှင် သူတို့နှစ်ယောက်သာ မိန်းမရှိသည်။

"ဒေါ်ကြီးတို့တော့ မဟုတ်ပါဘူးကွယ်။ စိုး အော်သံကြားတော့ ဖူးဝေ ကြောက်ကြောက်လန့်လန့်နဲ့ အပေါ်က ဆင်းပြေးလာတယ်။ ဒေါ်ကြီး တံခါးဖွင့်ပေးတော့ သူက ပြေးလာဖက်လို့ ဒေါ်ကြီးတောင် အော်လိုက်ရတာ"

စိုးစန္ဒာက ဖူးဝေကို လှမ်းကြည့်သည်။ ဖူးဝေ ခေါင်းငုံ့နေလိုက်သည်။ ကိုယ်မဟုတ်တာ ကိုယ့်ဘာသာ သိသော်လည်း ကိုယ့်ကို စွပ်စွဲသော အကြည့်နှင့်လည်း ရင်မဆိုင်ချင်။

"သူများခြောက်ဖို့ထားလို့တော် ကိုယ့်ဘာသာမှ ကြောက်လွန်းလို့ အခန်းထဲကတောင် မထွက်ဝံ့ပါဘူး"

ဒေါ်မြအေးက ညည်းညည်းညူညူ ပြောသည်။

"ညည်း ငါအော်ပြီးမှ အောက်ထပ်ကို ပြေးဆင်းလာတာလား"

စိုးစန္ဒာက ဖူးဝေကို သံသယမျက်လုံးများနှင့် ကြည့်နေသည်။

"ဟင့်အင်း...မဟုတ်ဘူး။ မဟုတ်ပါဘူး၊ ဒေါ်ကြီး ပြောသလိုပါပဲ။ ကိုယ့်ဘာသာ ကြောက်လွန်းလို့ စောင်ခေါင်းမြီးခြုံ အိပ်နေတာပါ၊ အော်သံကြားတော့ တစ်ယောက်တည်း မနေဝံ့လို့ ဒေါ်ကြီးဆီ ဆင်းပြေးလာတာပါ"

"ဟုတ်ပါတယ် စိုးရယ် စိုးအော်ပြီးမှ သူဆင်းပြေးလာတာ ဒေါ်ကြီး ကြားပါတယ်"

နွေဦးလည်း ကြားပါသည်။ ဖူးဝေ မဟုတ်နိုင်မှန်း နွေဦး သိပါသည်။



သို့သော် ဘာမျှ ဝင်ပြောချင်စိတ် မရှိ၍ မပြောဘဲနေလိုက်သည်။

"ဒီလိုဆို သရဲလား၊ သရဲက ဒီအူတွေ ဘယ်ကယူလာတာလဲ၊ ရွံလိုက်တာညော်ခန်းလဲ ပုပ်စော်နံနေပြီ"

အဖြေရှာ၍ မရအောင် ဖြစ်နေကြသည်။

"မင်းက ငါ့ကို မနိုးဘဲနဲ့ ဘာလို့ တံခါးဖွင့်ပြီး ထွက်ရတာလဲ"

နွေဦး၏ မေးခွန်းမှာ အပြစ်တင်သံပါသည်။

"ဟုတ်တယ် ဟိုတစ်ခါ ပါးရိုက်လို့ အနားကပ်လာရင် အဲဒီသရဲမခေါင်းကို တုတ်နဲ့ချမလို့"

စိုးစန္ဒာက ဝါးစိမ်းတုတ်ကိုပြသည်။

"အင်း...ဒါကြောင့် အနားမကပ်ဘဲ အဝေးက ဆော်သွားတာကိုး" ဟု နွေဦး စဉ်းစားမိရသည်။

"ကဲ...နောက်တစ်ခါကျရင်တော့ တံခါးခေါက်သံကြားတာနဲ့ မင်း ငါ့ကိုနိုး အခန်းအပြင်ဘက်ကို မင်းမထွက်နဲ့ ငါထွက်မယ်၊ လူဆိုရင်တော့ မိအောင်ဖမ်းမယ်၊ သရဲဆိုရင်တော့ ငါလဲမတတ်နိုင်ဘူး"

"ဟင်း...သရဲတကယ်ဖြစ်နိုင်လား"

စိုးစန္ဒာ ကြောက်သွားသည်။ သူ့ကိုယ်ပေါ်မှ စွတ်စိုနံစော်နေသည်များကိုလည်း ပို၍ ရွံမုန်းလာသည်။

ဘာမျှ အသေအချာ မပြောနိုင်၍ နွေဦး ဘာမျှ ဆက်မပြောဘဲနေသည်။

စိုးစန္ဒာ ဤအိမ်ကြီးမှာ ဆက်နေချင်စိတ် မရှိအောင် ဖြစ်လာရပြန်သည်။

ညည့်ဦးပိုင်းက ရထားသော အပျော်စိတ်ကလေးများ ထွက်ပြေး ပျောက်ကွယ်သွားကြသည်။

"သရဲ ငါ့အကြံအစည်ကို ကြိုသိနေလို့များ ငါ့ကိုလုပ်တာလား"

စိုးစန္ဒာ စိတ်အားပျက်ပြီး ကြောက်အား ပိုလာရပြန်သည်။ သေကျနေသော အင်္ကျီကိုလည်း ဆက်မဝတ်ရဲအောင် ဖြစ်လာသည်။ ညော်ခန်းထဲမှ အူများကိုပင် ရဲရဲမကြည့်ဝံ့တော့ပါ။

"ဒေါ်မြအေး၊ အဲဒီအူတွေ ပလတ်စတစ်အိတ်ထဲပြန်ထည့်ပြီး ခြံစည်းရိုး အပြင်အရောက်အောင် လွှင့်ပစ်လိုက်"

"အမယ်လေး...မကိုင်ရဲဘူး ကြောက်တယ်"

ဒေါ်မြအေး တကယ်ကြောက်နေသည်။ ဖူးဝေ ကြောက်သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ကြီးကို သနား၍ ခေါ်ပြားယူပြီး စိုးစန္ဒာ၏ ဝါးစိမ်းတုတ်နှင့် ထိုးထည့်သည်။ ပြီးတော့ သွားလွှင့်ပစ်သည်။ စိတ်တင်းထားသည့်ပင် အူများကို မကြည့်ဝံ့ ပုပ်စော်ကလည်း နံနေသည်။ အပြင်ဘက်မှ မီးတိုင်ထွန်းထား၍ လင်းနေသည်မို့ တော်သေးသည်။ စိုးစန္ဒာကတော့ သူ့အဝတ်များ အားလုံးကို ချွတ်ပြီး ရေချိုးသည်။ စိတ်မသန့်တိုင်း ဆပ်ပြာနှင့်ထပ်ထပ်တိုက်ရင်း မျက်ရည်ကျနေသည်။

"သရဲ"

"အူပုပ်တွေ"

"ဘာအူတွေလဲ"

'ဘယ်က အူတွေလဲ' တွေးရင်း တွေးရင်း ကြောက်စိတ်ဝင်၍ ကြက်သီးဖြန်းဖြန်းထလာသည်။

❒ ❒ ❒

# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅၀)

နံနက်ပိုင်း စိုးစန္ဒာသစ်ခွရုံကို ပြုပြင်မွမ်းမံနေစဉ် ခြံထဲသို့ အငှားကားတစ်စီး မောင်းဝင်လာသည်။ မလာစဖူး ထူးဆန်း၍ စိုးစန္ဒာ လှမ်းကြည့်နေသည်။ ဂျင်းဘောင်းဘီ၊ ဂျင်းကုတ်အင်္ကျီနှင့် လူငယ်တစ်ယောက် လက်ဆွဲအိတ်တစ်ဖက်၊ အိပ်ရာလိပ်တစ်ဖက်နှင့် ကားပေါ်မှဆင်းလာသည်။

"ဘယ်သူပါလိမ့်"

စိုးစန္ဒာ အံ့ဩနေသည်။

"ကိုအောင်အောင်"

မီးဖိုဘက်မှ ဖူးဝေ ပြေးသွားကြိုမှ အောင်အောင် မှန်းသိသည်။

"ဟင်း ..."

"လှျင်လိုက်တဲ့ ကောင်မ"

ကိုယ်က စဉ်းစားနေစဉ် သူကပြေးသွားပြီ။ တစ်လှမ်းကြောသွားသည်ဟု ယူဆစိတ်နှင့် ဖူးဝေ ကို မကျေနပ်။

"အောင်အောင် က ဒါတွေသယ်ပြီး ဘာလို့လာရတာလဲ"

သိချင်စိတ်နှင့် အိမ်ကြီးဆီသို့ ပြန်လာသည်။ ဖူးဝေ က အောင်အောင် ၏ လက်ဆွဲသေတ္တာကို ကူသယ်ပြီး အိမ်ထဲသို့ ဝင်သွားပြီ။

စိုးစန္ဒာ အိမ်ထဲဝင်သွားတော့ ဧည့်ခန်းမှာ နွေဦး ကိုပါတွေ့ရသည်။

"အောင်အောင် ... ဒါတွေက ဘယ်သွားမလို့လဲ"

စိုးစန္ဒာက သေတ္တာနှင့် အိပ်ရာလိပ်ကိုရည်ညွှန်းပြီး မေးခြင်းဖြစ်သည်။

"ဘယ်မှ မသွားဘူး၊ ကိုကိုဦး က ဒီလာနေရမယ်လို့ ဖုန်းဆက်ခေါ်လို့ အလုပ်ခန်းကနေ ပြောင်းလာတာ"

စိုးစန္ဒာက နွေဦး ကို လှမ်းကြည့်လိုက်သည်။ နွေဦး က ခေါင်းညိတ်ပြသည်။

"ဟုတ်တယ်၊ ညရေးညတာ ပြဿနာရှုပ်လွန်းလို့၊ ကိုယ်ကလဲ မသန်

www.burmeseclassic.com

www.burmeseclassic.com



မစွမ်း၊ ကျန်တာကလဲ မိန်းမတွေချည်းပဲ၊ လူငယ်ယောကျ်ား သန်သန်မာမာ တစ်ယောက်တော့ ရှိမှဖြစ်မှာ၊ ဒါကြောင့်မို့ ဒီကောင့်ကို ဖုန်းဆက်ခေါ်လိုက်တာ"

"ဟယ် ... သိပ်ကောင်းတာပေါ့"

ဖူးဝေ က ဝမ်းသာအားရပြောလိုက်မိ၍ စိုးစန္ဒာ၏ မျက်စောင်းထိုးခြင်း ခံလိုက်ရသည်။

"သွားစမ်း၊ လူကြီးတွေစကားပြောတဲ့အထဲ ဝင်ဝင်မရှုပ်နဲ့"

စိုးစန္ဒာ ငေါက်လွှတ်လိုက်၍ ဖူးဝေ က မီးဖိုဆောင်ဘက်သို့ ထွက်သွားသည်။ ဖူးဝေကို လှမ်းကြည့်ပြီး နွေဦး စိတ်မကောင်းဖြစ်မိသည်။

"ဘာပြဿနာတွေရှုပ်နေလို့လဲ ကိုကိုဦး"

အောင်အောင် က နွေဦးကို အာရုံပြောင်းယူလိုက်သည်။ နွေဦးက ဝတ်စုံဖြူ နှင့် မိန်းမမှစပြီး မနေ့ညကကြုံရသော အရုပ်များအထိ ပြောပြသည်။ စိုးစန္ဒာက လည်း ကူဖြည့်ပြောသည်။

"အဲဒါပါပဲ အောင်အောင်ရယ်၊ မမစိုးတော့ ကိုယ့်ယောကျ်ားသံယောဇဉ် နဲ့မို့သာနေရတာ၊ စိတ်ညစ်ဖို့အတော်ကောင်းနေပြီ၊ မနေ့ညကများ သေချင် လောက်အောင်ကို စိတ်ပျက်မိတယ်"

"သရဲဆိုရင်တော့ ကျွန်တော်လဲကြောက်တယ်နော် ကိုကိုဦး၊ လူအချင်း ချင်းကတော့ ဘယ်သူ့မှမကြောက်ပါဘူး။ သူသေကိုယ်သေ ဆော်ရဲတယ်၊ ကိုယ့် ကိုကျော်လို့ကတော့ ဆော်မှာပဲ"

အောင်အောင် ပြောသည်က အမိပ္ပာယ်နှင့်။

"သရဲဆိုလဲ ဘာလို့ ကြောက်ရမှာလဲကွ၊ မင်း လူငယ်ယောကျ်ားလေး တစ်ယောက်ပဲ"

"ဟာ... သရဲဆိုရင်တော့ ကြောက်တယ် ကိုကိုဦး၊ မနေ့ညက မမနိုး ဖြစ်တာပဲကြည့်လေ။ ကိုယ်က သူ့မြင်ရတာမဟုတ်ဘူး၊ သူက ကိုယ့်မြင်ရတယ် အဲဒီလို အရုပ်တွေနဲ့သာထုရင် ကျွန်တော်လဲ ခံရမှာပဲ"

"သရဲလဲ ဟုတ်ချင်မှ ဟုတ်မှာပါကွာ၊ ငါက ခြေထောက်မသန်လို့ပါ။ ကြောက်တာတော့ ဘာမှ မကြောက်ပါဘူး၊ သရဲလဲ မကြောက်ဘူး"

"ဟုတ်ပါတယ် အောင်အောင် ရယ်၊ မင်းရှိတော့ မမစိုး တို့လဲ အားရှိ တာပေါ့"

"ကျွန်တော် ဘယ်မှာနေရမှာလဲ"



"ဒီအိမ်က အကျယ်ကြီးကွာ၊ အပေါ်ထပ်မှာလဲ အခန်းလွတ်တွေ အများ ကြီး၊ မင်းကြိုက်တဲ့နေရာနေ"

"အို ... မောင်ကလဲ၊ အပေါ်ထပ်မှာနေလို့ ဘယ်ဖြစ်မလဲ၊ ပြဿနာက အောက်ထပ်မှာပဲ ဖြစ်နေတာ၊ ဧည့်ခန်းနဲ့ကပ်လျက် ဆင်ဝင်ဘက်အခန်းမှာနေ အောင်အောင်၊ အဲဒီအခန်းက အိမ်ရှေ့ခန်းဆိုတော့ အလင်းရောင်လဲ ကောင်း တယ်"

"ရတယ်၊ အခု ဒါတွေထားပြီး ကျွန်တော် အလုပ်ပြန်သွားမှာနော်၊ လေးဘီးအစောင့်ခိုင်းထားတယ်၊ ဒီနေ့ မုံရွာသွားတဲ့ကား ပြန်ဝင်မှာ"

"အေးအေး ... သွား"

"ညနေကျမှ ကျွန်တော် ပြန်လာမယ်"

အောင်အောင် အိတ်များကို သူနေရမည့်အခန်းသို့ သွားထားပြီး လေးဘီး နှင့် ပြန်ထွက်သွားသည်။ နွေဦး ကတော့ ညပြဿနာအတွက် အတော်လေးစိတ် အေးသွားသည်။ စိုးစန္ဒာကတော့ အောင်အောင် ရောက်လာ၍ ညပြဿနာအတွက် အားတက်သော်လည်း သူ့အကြံအစည်များအတွက် အနှောင့်အယှက်ဖြစ်မှာ စိုးရိမ် နေသည်။ ဤအိမ်မှာ ဖူးဝေကို လျှော့ပစ်ချင်ခါမှ တစ်ယောက်ပင် တိုးလာလိုက် သေးသည်ဟု ကသိကအောက် ဖြစ်ရသည်။

□ □ □

## အခန်း (၁၁)

မီးဖိုဆောင်ဘက်တွင် ဖူးဝေ နှင့် ဒေါ်မြအေး ထမင်းစားနေစဉ် အောင် အောင် ဝင်လာသည်။ လက်ထဲမှာလည်း ကြိုးတပ် ပလတ်စတစ်အိတ်တစ်လုံး ဆွဲလာသည်။

"ကိုအောင်အောင် ထမင်းစား ..."

ဖူးဝေ က ခေါ်မည်ပြုပြီးမှ စကားရပ်သွားသည်။

"ခုပဲ စားပြီးတာ၊ ဘယ်လိုလုပ်စားမလဲ"

ဖူးဝေ ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"လောကွတ်ခေါ်တာပါ"

အောင်အောင် ပြုံးလိုက်သည်။

"ရော့ ..."

ဖူးဝေ လက်ထဲသို့ အိတ်ကို ထည့်ပေးလိုက်သည်။

"ဘာတွေလဲ"

ဖူးဝေ အိတ်ကို လှမ်းယူလိုက်သည်။

"ဖွင့်ကြည့်ပေါ့ ဖူးဝေ"

ထမင်းစားနေဆဲဖြစ်၍ လက်တစ်ဖက်နှင့် အိတ်ကိုဖွင့်ကြည့်သည်။

"ဟယ် ... သနပ်ခါးတုံးတွေ၊ ဝမ်းသာလိုက်တာ"

"မုံရွာကားကို မှာထားတာ၊ ဒီနေ့ပါလာလို့"

"သနပ်ခါးတုံးတွေက ကောင်းလိုက်တာ၊ အကြီးကြီးတွေပဲ"

"ဖူးဝေ ပါးကွက် ကွက်ရအောင်လို့"

အောင်အောင် က ဖူးဝေ၏ ပါးမို့မို့လေးကို လှမ်းကြည့်လိုက်သည်။

"ကိုအောင်အောင် က ကျေးဇူးတင်ဖို့ သိပ်ကောင်းတာပဲ"

ဖူးဝေ ပျော်နေသည်ကို မြင်ရ၍ အောင်အောင် ဝမ်းသာရသည်။

"ကျေးဇူးတင်ချင်ရင် ကိုကိုဦး ကို ကျေးဇူးတင်၊ ဟိုတစ်ခါတည်းက ဖူးဝေဖို့ ကိုကိုဦး မှာထားတာ၊ အဲဒီ သနပ်ခါးတုံးတွေ ခြင်းကြီးနဲ့ ထည့်ယူလာတော့ အိမ်ရှေ့ခန်းမှာပဲ ဟိုအမျိုးသမီးနဲ့ တွေ့တယ်လေ"

"သူ အိမ်ပြန်ရောက်နေတာလဲ သိမှမသိဘဲ၊ သူက ခြင်းကြီးလှမ်းကြည့်ပြီး ဘာတွေလဲလို့ မေးတယ်၊ သနပ်ခါးတုံးတွေလို့ ပြောတော့ ဟယ် ဟန်ကျလိုက်တာ၊ သနပ်ခါးတုံး မရှိတာနဲ့ အတော်ပဲဆိုပြီး အားလုံးယူသွားတယ်"

ဖူးဝေနှင့် ဒေါ်မြအေး ရယ်ကြသည်။

"အဲဒါနဲ့ မကျေနပ်လို့ ထပ်မှာတာ ခုမှပဲ ရတယ်"

"ဒါဆိုရင်လဲ ကိုကိုကြီးရော၊ ကိုအောင်အောင် ကိုရော ကျေးဇူးတင်ရမှာပေါ့နော်"

ဖူးဝေက နှစ်ယောက်စလုံး ပါအောင် ပြောလိုက်သည်။

"စကား လာပြောနေတာနဲ့ ဖူးဝေရော ဒေါ်ကြီးရော ထမင်းစား ပျက်နေကြဦးမယ်"

အောင်အောင် က ဆားနားမှာ ကြိမ်ခုံလေးတစ်လုံးတွင် ထိုင်လိုက်သည်။



"မပျက်ပါဘူး၊ ပိုတောင် စားလို့ကောင်းဦးမယ်"

တကယ်ပင် အောင်အောင် ရောက်လာသည်ကို ဖူးဝေ စိတ်ထဲမှာ ပျော်နေသည်။

"ဘာဖြစ်လို့လဲ"

ဖူးဝေ၏စကားကို သဘောကျ၍ အောင်အောင် ထပ်မေးခြင်းဖြစ်သည်။

"ကိုအောင်အောင် ရှိနေတော့ ညအတွက် တွေးပြီး မပူရတော့ဘူးလေ"

အောင်အောင် ရယ်သည်။

"သိပ်လဲ အားကိုးမနေနဲ့ဦး၊ တို့ကလဲ သရဲဆိုရင်တော့ ကြောက်တယ်ဗျ"

"ကိုအောင်အောင် ရှိတော့ သရဲက ဘယ်ခြောက်တော့မလဲ"

"ဘယ်ပြောလို့ရမလဲ၊ သရဲပဲ ဘယ်သူရှိရှိ သူခြောက်ချင် ခြောက်မှာပေါ့"

"အေး အဲဒါလဲ ဟုတ်တာပဲဟဲ့"

ဒေါ်မြအေး စကားကြောင့် ဖူးဝေ နှင့် အောင်အောင် ရယ်မိကြသည်။

"ကိုကိုဦး ကမှ သတ္တိကောင်းတာ၊ ဘယ်သရဲမှ မကြောက်ဘူး၊ ဒါပေမယ့် သူက ခြေထောက်မသန်လို့၊ သြော် နေဦး၊ ခုမှ သတိရတယ်၊ ကိုကိုဦး အနာအခြေအနေ ဘယ်လိုနေလဲ"

ဖူးဝေ ဆေးထည့်ပေးနေရသည်ကို သိ၍ အောင်အောင် မေးခြင်းဖြစ်သည်။

"သြော်... ဟုတ်ပါရဲ့၊ ကိုအောင်အောင့်ကို ပြောဖို့ တစ်ခုရှိတာ ခုမှ သတိရတယ်၊ ကိုကိုကြီး အနာအခြေအနေ ကောင်းနေပြီ၊ အဲဒါ လမ်းလျှောက်ကြည့်ဖို့ ကိုကိုကြီးကို ကိုအောင်အောင် ပြောကြည့်ပါ၊ နောက်ပြီး ကိုအောင်အောင် တွဲလျှောက်ပေးနိုင်ရင်"

ဖူးဝေ က ကိုယ့်ထက်အကြီးကို ခိုင်းသလိုဖြစ်မှာစိုး၍ စကားရပ်ထားလိုက်သည်။

"ဟုတ်တယ်၊ ကိုကိုဦး ကို ပြောရမယ်၊ ဒါမှလဲ ခြေထောက်တွေက အလေ့အကျင့် ပြန်ရလာမှာ၊ လမ်းတွဲလျှောက်တာကတော့ တို့ စောစောပြန်တဲ့ နေ့တွေဆိုရင် တွဲပေးနိုင်ပါတယ်၊ နောက်ကျတဲ့ နေ့တွေဆိုရင် ဖူးဝေ တွဲလို့ရတာပဲ"

အောင်အောင်က ဖူးဝေကို လှမ်းကြည့်လိုက်သည်။ ဖူးဝေ က သောက်လက်စ ဟင်းချိုဇွန်းကို ပြန်ချလိုက်ပြီး ခေါင်းယမ်းပြ သည်။

"ဟိုမိန်းမက သူမခေါ်ရင် မလာရဘူး၊ သူ မခိုင်းတာ ဘာမှ မလုပ်ရဘူး တဲ့လေ"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြအေး က ဝင်ရှင်းလိုက်သည်။

အောင်အောင် ခေါင်းညိတ်သည်။

"ဟိုတစ်ခါ ဖူးဆေ ကို တို့မှာထားတာလဲ မမေ့နဲ့ဦးနော်"

"ဘာလဲ ကိုအောင်အောင်"

"ဒီမိန်းမကို သတိထားပြီး စောင့်ကြည့်ဖို့"

"မမေ့ပါဘူး"

"ညဆိုရင်တော့ တို့က အိမ်မှာရှိနေပြီ၊ အိပ်တာလဲ အောက်ထပ်မှာပဲဆိုတော့ သတိထားကြည့်မယ်၊ တို့မရှိတဲ့ အချိန်တွေဆိုရင် ဖူးဆေ သတိထားလိုက်ပါဦး"

"စိတ်ချပါ ကိုအောင်အောင်"

"ကဲ အခု သွားကြည့်လိုက်ဦးမယ်"

အောင်အောင် က ပြောရင်းနှင့် သတိရလာ၍ အိမ်ရှေ့ဘက်သို့ ပြန်ထွက်သွားသည်။

□ □ □

## အခန်း (၅၂)

"ဟင်း ညံ့လိုက်တဲ့လူ၊ အံ့ဩစရာကောင်းလိုက်တာ"

နွေဦးကို ကြည့်ပြီး စိုးစန္ဒာ စဉ်းစားနေမိခြင်း ဖြစ်သည်။ ငွေကုန်ကြေးကျခံ၍ သူ့အစွမ်းကုန် ကြိုးစားအလှပြင်ထားသော သစ်ခွရုံကို နွေဦးက ကျောပေးပြီး အိမ်ရှေ့မှ မယော်ဂနီပင်တန်းကိုသာ လှမ်းကြည့်နေ၍ ဖြစ်သည်။ မယော်ဂနီရွက်များမှာ စိမ်းညို့သောအရောင်နှင့် ပြောင်လက်တောက်ပနေသည်။ ထူထဲသိပ်သည်းမှုလည်း ရှိသည်။ သို့သော် မည်သို့ပင်ဖြစ်စေ သစ်ခွရုံမှ သစ်ခွပန်းများ၏ အလှကိုတော့ မမီဟု စိုးစန္ဒာ မကျေမနပ်ဖြစ်ပါသည်။

"ငါလုပ်ထားတဲ့ သစ်ခွရုံ အလှအပကို အထင်မကြီးဘူးဆိုတဲ့ သဘောလား၊ ဟင်း... တမင်သက်သက် ယုတ်တာ"

"အေးလေ တန်ရာတန်ရာပေါ့၊ ဒီလို အလှအပနဲ့ သူနဲ့မတန်လို့ပေါ့"



နွေဦးကို ရှုတ်ချစိတ်နှင့် လှမ်းကြည့်လိုက်သည်။

"အို... သူ ဒီလိုထိုင်တာဟာ ငါ့အကြံအစည်အတွက် ပိုပြီး ဟန်ကျနိုင်ပါလား"

မကျေနပ်စရာထဲမှ အလွန်ကျေနပ်စရာတစ်ခုကို တွေ့လိုက်ရသည်။

"ဒီထက်ပိုပြီး ကျေနပ်စရာကောင်းတာ မရှိနိုင်တော့ဘူး"

စိုးစန္ဒာ ဝမ်းသာအားရ ဖြစ်နေသည်။ နွေဦး ထိုင်နေသော တွန်းလှည်းက မြေနိမ့်ဘက်သို့ နောက်ကျောပေးထားသည်။ သို့သော် တွန်းလှည်း၏ အထိန်းခလုတ်ကို ချထား၍ တွန်းလှည်းမှာ နောက်သို့ လိမ့်မဆင်းဘဲ တညီငြိမ်စွာ ရပ်နေသည်။ နွေဦးအတွက် နောက်ဘက်သို့ မှီထိုင်၍ ပိုကောင်းသော အနေအထားဖြစ်နေသည်။

"မောင် ကြည့်ချင်တဲ့ မယော်ဂနီပင်ကြီးတွေကို ဒီနေရာက ကြည့်ရင် အကောင်းဆုံးပဲ"

နွေဦး ဘာမျှပြန်မပြောသော်လည်း စိတ်ထဲမှာ ဟုတ်သည်ဟု ဝန်ခံနေသည်။ အစိမ်းနုရောင် မြက်ခင်းပေါ်မှာ ထိုင်ပြီး အစိမ်းရင့်ရောင် မယော်ဂနီရွက်များကို ကြည့်ရသည်မှာ မျက်စိအေးလှသည်ဟု ခံစားရသည်။

"မယော်ဂနီရွက်တွေ စိမ်းညို့ပြီး အရောင်တောက်နေတာက သိပ်ကြည့်လို့ကောင်းတာပဲနော် မောင်"

စိုးစန္ဒာ နွေဦးအလိုလိုက်ပြီး အကြိုက်ကို ရှာပေးနေခြင်းဖြစ်သည်။ ခပ်လှမ်းလှမ်းရှိ ပန်းခြံထဲမှာ အောင်အောင် ရောက်နေသည်ကို စိုးစန္ဒာ လှမ်းမြင်နေရသည်။ သူတို့ရှိရာဆီသို့ လှမ်းကြည့် အကဲခတ်နေသည်ကိုလည်း စိုးစန္ဒာ သတိထားမိပါသည်။ အောင်အောင် ရောက်လာသည်မှာ ညအချိန် အကြောက်သက်သာသော်လည်း အကြံအစည်အတွက် အခက်ကြုံရသည်။ ကြာလေခက်လေ ဖြစ်လာတော့မည်။ ခုပင် နွေဦး ကျန်းမာရေးက ပိုကောင်းလာသည်။ အောင်အောင် သူတို့ဆီသို့ လျှောက်လာနေသည်။

"ဟင်း... အဲဒါတွေက ပိုရှုပ်လာတာတွေ"

နှစ်ယောက်တည်း သီးခြားနေခွင့်မရ၊ လွတ်လပ်စွာ ကြံစည်ခွင့်မရ။

လျှောက်လာနေသော အောင်အောင်ကို လှမ်းကြည့်ပြီး စိုးစန္ဒာ စိတ်ပျက်မိသည်။

"ကိုကိုဦး ဒီမြက်ခင်းပေါ် လမ်းလျှောက်ကြည့်မလား"

www.burmeseclassic.com

www.burmeseclassic.com



အနီးသို့ ရောက်လာသည်နှင့် အောင်အောင် က နွေဦးကို လှမ်းမေးသည်။ နွေဦးက မြက်ခင်းကို လှမ်းကြည့်သည်။ မြက်ခင်းစိမ်းစိမ်းလေးက လျှောက်ချင်စရာ။

"လျှောက်လို့ရပါ့မလား မသိဘူး"

နွေဦးက သူ့ခြေထောက်များကို မယုံ။

"ရပါတယ်၊ ဆရာဝန်ကလဲ လျှောက်ကြည့်ရမယ်၊ အလေ့အကျင့် လုပ်ပေးရမယ်လို့ ပြောထားတာပဲ"

"လဲနေမှ ပိုဆိုးနေပါဦးမယ် အောင်အောင် ရယ်၊ အရိုးအခြေအနေကလဲ ဓာတ်မှန်ရိုက်မကြည့်ရသေးတော့ ဘာမှ မသိရသေးဘူး"

စိုးစန္ဒာ လျှောက်မကြည့်စေချင်။

"ကျွန်တော် တွဲပေးမှာပေါ့၊ မရရင် ဆက်မလျှောက်နဲ့ပေါ့"

နွေဦး က အောင်အောင်ကို လှမ်းကြည့်ရင်း စဉ်းစားနေဆဲ။

"ဒီနေ့ ကျွန်တော်လဲ ရှိနေလို့ အဆင်ပြေလို့ပါ၊ နောက်ရက်တွေဆိုရင် ညနေပိုင်း ကားဝင်ကားထွက်ရှိရင် ကျွန်တော်က ခုလို စောပြန်နိုင်မှာ မဟုတ်ဘူး"

"ကဲ ... လာကွာ၊ စမ်းကြည့်တာပေါ့"

နွေဦး စိတ်ပါလာသည်။

ကြည့်နေ၍ မကောင်းတော့သောကြောင့် စိုးစန္ဒာပါ ထတွဲရသောအဖြစ်။ အိမ်ကြီး၏ အနောက်ဘက်ထောင့်မှ စံကားစိမ်းပင်လေးကိုကွယ်ပြီး ဖူးဝေ လှမ်းကြည့်နေသည်။ အောင်အောင် က နွေဦး၏ ခြေထောက်များကို တွန်းလှည်းခြေတင်ခုံပေါ်မှ မယူပြီး အောက်သို့ချပေးသည်။

"ပေါင်ထဲမှာ စတီးချောင်းကြီးနဲ့ ကိုကိုကြီး လျှောက်လို့ရပါ့မလား"

ဖူးဝေ စိုးရိမ်နေသည်။ အောင်အောင် က နွေဦး ကို ချိုင်းမှမ၍ မတ်မတ်ရပ်နိုင်အောင် ကူညီပေးသည်။ စိုးစန္ဒာ က လက်မောင်းတစ်ဖက်ကို ထိန်းကိုင်ပေးထားသည်။ နွေဦး မြက်ခင်းပြင်ပေါ်မှ ရပ်နိုင်အောင် ကြိုးစားနေသည်။ အောင်အောင်က ထိန်းပေးထားဆဲ။

"အို ... ပိန်လိုက်တာ ကိုကိုကြီး ရယ်"

မတ်တပ်ရပ်လိုက်မှ ပိန်သွားမှန်း ပိုသိသာ၍ ဖူးဝေ စိတ်မကောင်းဖြစ်မိသည်။



"ရဲရဲရပ် ကိုကိုဦး၊ ရတယ် ရတယ်၊ ရပ်နိုင်ပြီ"

အောင်အောင် က အားပေးနေသည်။ နွေဦး သူ့ခြေထောက် နှစ်ချောင်းပေါ်မှာရပ်ရင်း ပုဆိုး ပြင်ဝတ်နေသည်။ အောင်အောင်နှင့် စိုးစန္ဒာ ထိန်းပေးထားရဆဲ။ ပုဆိုးဝတ်ပြီးသွားပြီ။

"ရတယ် ကိုကိုဦး၊ ရဲရဲသာရပ် ဟုတ်ပြီ ရတယ်၊ မမစိုး လွှတ်လိုက်"

စိုးစန္ဒာ ကိုင်ထားသော လက်များကို လွှတ်ပေးလိုက်သည်။ အောင်အောင်ကတော့ ထိန်းကိုင်ထားဆဲ။

"ရတယ် ကိုကိုဦး၊ ရဲရဲသာရပ်"

အောင်အောင်က သူထိန်းပေးထားသည်ကို တဖြည်းဖြည်း လျှော့ချလိုက်သည်။ နွေဦးက သူ့ကိုယ်သူ မယုံသေး။ အောင်အောင့်ကို သူ့လက်နှင့် လှမ်းကိုင်ထားသည်။

"ခြေထောက်က နာလား ကိုကိုဦး"

နွေဦး ခေါင်းယမ်းပြသည်။

"ဒါဆိုရင် ရပါတယ်၊ ရပ်ထားနော်"

အောင်အောင် က သူ့လက်များကို လုံးဝ လွှတ်လိုက်သည်။ သို့သော် လဲကျလျှင် ဖမ်းထိန်းနိုင်အောင် အသင့်ရှယ်ထားသည်။

"ရတယ် ရတယ်၊ ရပ်နိုင်တယ်၊ ကိုကိုဦး ကျွန်တော့်ကို လွှတ်ကြည့်"

နွေဦးက အောင်အောင့်ကို ကိုင်ထားသောလက် လွှတ်ကြည့်သည်။ မြက်ခင်းပေါ်မှာ သူ့ခြေထောက်ပေါ် သူရပ်နိုင်သွားသည်။

"ဟား ... ဟား ... ရတယ်၊ ရပ်နိုင်ပြီ ရပ်နိုင်တယ်"

အောင်အောင် က သဘောကျစွာရယ်ရင်း လက်ခုပ်တီး၍ အားပေးသည်။ ဖူးဝေ စံကားစိမ်းပင်ကွယ်မှကြည့်ရင်း အောင်အောင့်လိုပင် ဝမ်းသာအားရ လက်ခုပ်တီး ကောင်းချီးပေးချင်သည်။ သို့သော် ချောင်းကြည့်နေသည်ကို စိုးစန္ဒာ သိသွားမည်စိုး၍ မတီးရဲ။ စိုးစန္ဒာလည်း အောင်အောင်နှင့်အတူ ရောယောင်ပြီး လက်ခုပ်တီးနေသည်။ သို့သော် သူ့လက်ခုပ်များမှာ အားပါးတရ မရှိဟု ဖူးဝေ ထင်သည်။ ဘယ်လိုပဲဖြစ်ဖြစ် ကိုကိုကြီး မတ်တတ်ရပ်နိုင်သည်ကို ဖူးဝေ ဝမ်းသာလွန်း၍ ပါးပေါ်မှာ မျက်ရည်များ စီးကျလာသည်။ ထိုမျက်ရည်များကို သုတ်မပစ်ဘဲ ကိုကိုကြီးကို ဖူးဝေ လှမ်းကြည့်နေ သည်။

"ကိုကိုကြီး ကျန်းမာပါစေ၊ လမ်းပြန်လျှောက်နိုင်ပါစေ၊ လှကောင်း ပြန်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါစေ”

ဖူးဝေ စိတ်ထဲမှ ဆုတွေ တောင်းပေးနေမိသည်။

“ရတယ် မဟုတ်လား ကိုကိုဦး”

နွေဦးက ခေါင်းညိတ်ပြသည်။

“ရပါတယ်ဗျာ၊ ကိုကိုဦး ရပ်နိုင်ပြီ၊ ပျော်စရာကြီး ဟား… ဟား… ဟား”

အောင်အောင် လည်း သိပ်ကိုပျော်နေသည်။ နွေဦးကို လှမ်းကြည့်ရင်း ကလေးများလို ရပ်နိုင်ပေ့ ရပ်နိုင်ပေ့မှာ အားပေး သည်ကို သတိရ၍ ဖူးဝေ ပြုံးလိုက်သည်။ မျက်ရည်များနှင့် ပြုံးနေသော ဖူးဝေ။ စိုးစန္ဒာ နွေဦးကို တစ်လှည့် တွန်းလှည်းလေးကို တစ်လှည့် ကြည့်နေသည်။ သူ ရပ်နိုင်နေပြီ။ သူ လမ်းလျှောက်နိုင်တော့မှာလား။ လမ်းလျှောက်နိုင်မှာကို စိုးရိမ်သည်။ တွန်းလှည်းလေးပေါ်မှာ ရှိနေမှ သူ့အကြံအစည် အောင်မြင်မည်။ စောစောက အောင်အောင် ပြောသော စကားထဲတွင် နောက်ရက်များမှာ ညနေပိုင်း ကားအဝင်အထွက်ရှိလျှင် စောပြန်နိုင်မည် မဟုတ်ဟု ပြောသည်ကို သတိထားလိုက်မိသည်။

“ကိုကိုဦး နည်းနည်းလျှောက်ကြည့်ရအောင်နော်”

အောင်အောင် က လမ်းလျှောက်ရန် တိုက်တွန်းရင်း နွေဦး၏ ခါးကို သူ့ ညာဘက်လက်နှင့် ဖက်ပြီး ထိန်းလိုက်သည်။ နွေဦးက သူ့လက်ကို အောင်အောင့် ပခုံးပေါ်တင်၍ အားပြုလိုက်သည်။

“ညာဘက်ခြေထောက် ကြွကြည့်၊ ရဲရဲကြွပါ၊ ကျွန်တော် ထိန်းထားတယ်”

နွေဦး ကြွကြည့်သည်။ ရသည်။ ရှေ့ကို ခြေလှမ်းသည်။ ချသည်၊ ရသည်။ ညာထောက်ပြီး ဘယ်ကြွကြည့်တော့ နွေဦးမျက်နှာ နည်းနည်းရှုံ့သွားသည်။

“နာလို့လား ကိုကိုဦး”

“နည်းနည်းနာတယ်”

စိုးစန္ဒာ ဝမ်းသာသွားသည်။

“အားတင်းပြီး ရပ်ကြည့်ပါဦး ကိုကိုဦး”

နွေဦး အားတင်းပြီး ရပ်ကြည့်သည်။ ဘယ်ခြေကို ဖြည်းဖြည်းကြွကြည့်သည်။နာသော်လည်း ညာခြေက ရပ်၍ရပါသည်။ ဘယ်ခြေလှမ်းကြည့်သည်။ ရသည်။



“ရတယ် ရတယ်၊ ကိုကိုကြီး လမ်းလျှောက်ကြည့်လို့ရတယ်”

ဖူးဝေ ပုန်းကွယ်၍ကြည့်နေရာမှ စိတ်ထဲမှာပင် ဝမ်းသာအားရ ကြွေးကြော်နေမိခြင်း ဖြစ်သည်။ သို့သော် နွေဦးမှာတော့ ခြေတစ်လှမ်းကို ကုဋေတစ်သန်းတန်အောင် ချွေးပြန်နေပြီ။

“နည်းနည်းတော့ ကြိုးစားကြည့်ပါဦး ကိုကိုဦး”

အောင်အောင် တွဲကူအားပေး၍ နွေဦး ခြေသုံးလှမ်းလောက် လျှောက်ပြီးနဖူးမှာ ချွေးသီးလာသည်။

“မမစိုး လှည်းယူလာပေးပါ”

အောင်အောင် က စိုးစန္ဒာကို အကူအညီတောင်းသည်။ စိုးစန္ဒာ ဝမ်းသာအားရ လှည်းကိုတွန်းယူသွားသည်။ နွေဦး လှည်းပေါ်မှာ ပြန်ထိုင်ပြီး သက်ပြင်းတစ်ချက် ချလိုက်သည်။ စိုးစန္ဒာက တွန်းလှည်းကို မူလနေရာအထိ ပြန်တွန်းပို့ပြီး မူလပုံစံအတိုင်း ပြန်ထားပေးသည်။

ခြစည်းရိုးကို ကျောပေးပြီး မယော်ဂနီပင်ကြီးများဆီသို့ မျက်နှာမူလျက်—

“ရပါတယ်၊ ကိုကိုဦး လမ်းလျှောက်လို့ ရနေပြီ၊ နောက်နေ့တွေကျတော့လဲ နည်းနည်းချင်း တိုးလျှောက်ကြည့်ပေါ့၊ ဒါမှ စတီးချောင်းထုတ်တဲ့အချိန်မှာ အကောင်းပကတိ ပြန်ဖြစ်ပြီး လမ်းလျှောက်နိုင်မှာ”

အောင်အောင် ဝမ်းသာအားရဖြစ်နေသည်။

“ဒါပေမဲ့ကွယ်၊ နောက်နေ့တွေ အောင်အောင်မရှိရင်”

“မမစိုး တွဲလျှောက်ပေးပေါ့၊ လိုရင် ဖူးဝေ ကိုပါ ခေါ်အတွဲခိုင်းပါ၊ ရပါတယ်”

အောင်အောင် က ဖူးဝေ ကူညီခွင့်အတွက်ပါ ထည့်၍ တောင်းဆိုလိုက်ခြင်း ဖြစ်သည်။

“မဖြစ်ပါဘူးကွယ်၊ မိန်းမသားတွေ မနိုင်မနင်းနဲ့ လဲသွားမှ ဒုက္ခ”

“ရတယ်လေ၊ ဒါဆိုလဲ ကားအဝင်အထွက်မရှိတဲ့ နေ့တိုင်း ကျွန်တော် စောပြန်လာမှာပေါ့”

“မနက်ဖြန်ခါကော”

စိုးစန္ဒာ က သူသိချင်သည်ကို မသိမသာလေး မေးလိုက်သည်။

“မနက်ဖြန်ခါ ကျွန်တော် နောက်ကျမယ်၊ တောင်ကြီးက ကားဝင်မှာ၊ သန်ဘက်ခါလဲ နောက်ကျမယ်၊ လားရှိုးသွားမယ့် ကားနှစ်စီး ထွက်မှာ၊ နောက်နေ့

www.burmeseclassic.com

www.burmeseclassic.com



ကျတော့ မသေချာဘူး၊ မုံရွာကား ကုန်ရရင် နောက်ကျမယ်"

"အေးကွယ်၊ အောင်အောင် အားတဲ့နေ့မှပဲ ကောင်းပါတယ်"

စိုးစန္ဒာ ဖူးဝေ ကို လုံးဝမတွဲစေချင်။ ဖြစ်နိုင်သမျှ လမ်းလျှောက်သည်ကိုလည်း မလုပ်စေချင်။ နွေဦး သက်ပြင်းတစ်ချက်ချရင်း နှဖူးပေါ်မှ ချွေးများကို သုတ်ပစ်လိုက်ပါသည်။

□ □ □

## အခန်း (၅၃)

နွေဦး မဟော်ဂနီပင်ကြီးများသို့ ငေးကြည့်နေချိန်တွင် နွေဦးနှင့် မျက်နှာချင်းဆိုင်ဘက်မှာ ထိုင်နေသော စိုးစန္ဒာက နွေဦး နောက်ကျောပေးထားသည့် သစ်ခွရုံဆီသို့ ကြည့်နေသည်။ ရောင်စုံသစ်ခွပန်းများက စင်ထက်မှာ လှပဆန်းကြယ်စွာ ပွင့်လန်းနေကြသည်။ ဘာပဲဖြစ်ဖြစ် ဤသစ်ခွရုံလေးကြောင့် နွေဦး ညနေတိုင်း ဤနေရာလေးသို့ လာထိုင်ရန် သွေးဆောင်၍ ရခြင်းဖြစ်သည်။ သစ်ခွရုံလေးကို စိုးစန္ဒာ ကျေးဇူးတင်သည်။ နွေဦးဘက်သို့ စိုးစန္ဒာ မသိမသာ လှမ်းကြည့်လိုက်သည်။ မဟော်ဂနီပင်ကြီးများဆီသို့ ငေးနေဆဲ။ စိုးစန္ဒာ အံ့သြသည်။ ဤအပင်များမှာ ဤမျှစိတ်ဝင်စားစရာ ဘာမျှမရှိဟု စိုးစန္ဒာထင်သည်။

"သူ ဘာကိုကြည့်တာလဲ၊ ဒါမှမဟုတ် ဘာမှမမြင်တဲ့ အကြည့်နဲ့ ငေးပြီး တွေးနေတာလား၊ သူ ဘာတွေတွေးနေတာလဲ"

စိုးစန္ဒာ သိချင်သည်။ အနားမှာရှိသော စိုးစန္ဒာကိုလည်း နွေဦး ကြည့်ခြင်း၊ စကားပြောခြင်း မရှိ။

"သူ ငါ့ကို စိတ်မဝင်စားတော့တာ သေချာတယ်"

စိုးစန္ဒာ အကဲခတ်မိသည်။

"ကောင်းပါတယ်၊ ငါလဲ သူ့ကို စိတ်မဝင်စားပါဘူး၊ ငါ စိတ်ဝင်စားတာက သူ့စည်းစိမ်ဥစ္စာ"

စိုးစန္ဒာ အကြောင်းတစ်ခုခုရှာပြီး စကားပြောကြည့်ရန် စိတ်ကူးမိသေးသည်။ သို့သော် ပြောချင်စိတ် မရှိ။



"တော်ပြီ မပြောတော့ဘူး၊ သူတောင် နေနိုင်သေးတာပဲ"

စိုးစန္ဒာ နေနိုင်အောင် နေရန် ဆုံးဖြတ်လိုက်သည်။ ကိုယ်က စကားတွေ အများကြီးပြောမှ သူက မပြောချင် ပြောချင် နည်း နည်းသာ ပြောသည်။

"ကောင်းပါတယ်၊ ဒါလောက်တောင် ငါ့ကို စကားမပြောချင်တဲ့လူ၊ လုံးဝ နှုတ်ပိတ်သွားအောင် လုပ်ပေးရမယ်"

စိုးစန္ဒာ ရင်ထဲမှာ မကျေနပ်စိတ်များ ပို၍ ကြီးထွားလာသည်။ နွေဦးနှင့် နေရသည်ကိုလည်း သည်းမခံနိုင်လောက်အောင် ငြီးငွေ့လာ ပြီ။

"ကောင်းတယ်၊ ငါ့အကြံအစည်ကို အမြန်ဆုံး အကောင်အထည်ဖော်တာပဲ ကောင်းတယ်"

စိုးစန္ဒာ ရက်တွက်ကြည့်သည်။

"ငါ ဒီအိမ်ရောက်တာလဲ နှစ်ပတ်ကျော်လို့ သုံးပတ်ထဲ ရောက်နေပြီ"

အခြားလူများ သံသယမဖြစ်အောင် လုံလောက်သော အချိန်ဖြစ်ပြီဟု ယူဆလိုက်သည်။ အစကတော့ ခုတစ်ပတ် ကျော်စွာမိုးနှင့် ညှိနှိုင်းပြီးမှ လုပ်ရန် ဆုံးဖြတ် ထားသည်။ သို့သော် ကျော်စွာမိုးနှင့် တွေ့ရန် သုံးရက်လိုသေးသည်။ အောင်အောင် က မနက်ဖြန်ခါနှင့် သန်ဘက်ခါ နှစ်ရက်သာ ညနေ အပြန် နောက်ကျမှာ သေချာသည်။ နောက်တစ်ရက်က မသေချာ။ အောင်အောင် မရှိသော နှစ်ရက်အတွင်းမှာ အကောင်အထည်ဖော်ရန် ဆုံးဖြတ်လိုက်သည်။ ကြာလေ လုပ်ရ ကိုင်ရ ပိုခက်လေဖြစ်မှာ စိုးရိမ်သည်။ ခုပင်လျှင် နွေဦး က လမ်းစ လျှောက်ကြည့်နေပြီ။ အသင့်အတင့်စားနိုင်လာ၍ ကြာလျှင် အားလည်း ပိုရှိလာတော့မည်။

"ဟုတ်တယ်၊ ကျော်နဲ့ တိုင်ပင်မနေတော့ဘူး၊ ကိုယ့်ဘာသာ လုပ်တော့မယ်"

စိုးစန္ဒာ ဆုံးဖြတ်လိုက်သည်။

"ကောင်းတယ်၊ ဒါမျိုးဆိုတာ ကိုယ့်လည်ပင်း ကြိုးကွင်းစွပ်မယ့်အလုပ်၊ ဘယ်သူနဲ့မှ မတိုင်ပင်တာ ကောင်းတယ်၊ ကျော့်ကိုလဲ ဒီကိစ္စဟာ မမျှော်လင့်ဘဲနဲ့ သူ့ဘာသာ ဖြစ်သွားတာလို့ပဲ ပြောရမယ်"

ကိုယ့်အတွေးအခေါ်ကို စိုးစန္ဒာ အခိုင်အမာ ပြုလိုက်သည်။

"ဟုတ်တယ်၊ ဒါ အကောင်းဆုံး"

စိုးစန္ဒာ ကိုယ့်ဘာသာ သဘောကျနေသည်။ နွေဦး ထိုင်နေသည့် တွန်း

www.burmeseclassic.com



လှည်းကို လှမ်းကြည့်လိုက်သည်။ လုပ်ရမည့် အလုပ်များကို သေသေသပ်သပ် လုပ်နိုင်ရန် စဉ်းစားသည်။ ဖြစ်ပေါ်လာမည့် ဖြစ်စဉ်များကို မျက်စိထဲမှာ မြင်ယောင်လာသည်။ ဝါးရုံပင်ကြီးဆီသို့ လှမ်းကြည့်ရင်း ပြုံးလိုက်သည်။ ကြောက်စရာကောင်းသည့် ကောက်ကျစ် ရက်စက်သော အပြုံး။

□ □ □

## အခန်း (၁၄)

ယနေ့ နွေဦးအနာကို ဆေးထည့်နေ့ဖြစ်သည်။ ထမင်းစားပြီးချိန် နေ့ခင်းပိုင်းတွင် ဖူးဝေ နွေဦးအခန်းသို့ သွားသည်။ တစ်ရေးမအိပ်ခင် ဆေးထည့်ပေးရမည် ဖြစ်သည်။ အခန်းတံခါးက ပိတ်ထားသည်။

"ခေါက်... ခေါက်... ခေါက်"

ဖူးဝေ တံခါးခေါက်လိုက်သည်။

"ဘယ်သူလဲ"

စိုးစန္ဒာ၏အသံ ဖြစ်သည်။

"ကျွန်မပါ"

"ဘာကိစ္စရှိလို့လဲ"

မေးပုံက မာကျောသည်။

"အနာ ဆေးထည့်ဖို့ လာတာပါ"

"ဩော်... အေးအေး၊ လာလာ"

ကိုကိုကြီးအသံ ကြားရ၍ ဖူးဝေ ဝမ်းသာသွားသည် စိုးစန္ဒာ တံခါးဖွင့်ပေးသည်။ နွေဦး ခုတင်ပေါ်မှာ ရှောက်နေသည်။ ဖူးဝေ က ဆေးထည့်ရန် လိုအပ်သော ပစ္စည်းများကို အခန်းထဲရှိ ဗီရိုပေါ်မှ သွားယူသည်။ နွေဦး က ဆေးထည့်ခံရန် အသင့်ပြင်ဆင်ထားသည်။ စိုးစန္ဒာ ဘေးမှ ရပ်ကြည့်နေသည်။ သူလည်း အနာ အခြေအနေကို သိချင်သည်။ ဖူးဝေ အနာကို လှမ်းကြည့်လိုက်သည်။

"အို... မြန်မြန်ရင်းနေပါလား"

ဖူးဝေ စိတ်မကောင်းစွာ ညည်းညူလိုက်သည်။



"ဟုတ်တယ်၊ နည်းနည်းနာနေတယ်"

"လမ်းလျှောက်ကြည့်လို့လား မသိဘူးနော်"

ဖူးဝေ မှန်းဆပြီး ပြောခြင်းဖြစ်သည်။

"ဖြစ်နိုင်တာပေါ့၊ ဒါကြောင့်မို့ မလျှောက်ဖို့ပြောတာ၊ ပြောလို့မှ မရဘဲ။ ဒီအိမ်မှာ အိမ်ရှင်မက ဘာသြဇာမှ မရှိဘူး၊ ထင်သလို လုပ်ချင်နေကြတာ"

စိုးစန္ဒာ က အောင်အောင့်ကို အပြစ်ပြောလိုခြင်း ဖြစ်သည်။

"သိပ်တော့ မဆိုးပါဘူး"

ဖူးဝေ က အောင်အောင့်ကို အပြစ်မဖြစ်စေချင်ပါ။

"ဟဲ့ ဘယ့်နှယ်မဆိုးရမှာလဲ၊ နင်မမြင်ဘူးလား ရောင်နေတာ၊ အရင်က ဒီလောက်မှ မဆိုးဘဲ"

စိုးစန္ဒာက အပြစ်ကြီးစေချင်သည်။

ဖူးဝေ က အရက်ပြန်ဆွတ်ထားသော ဂွမ်းစလေးနှင့် အနာကို သန့်စင်ပေးသည်။ ကိုကိုကြီး စပ်မည်စိုး၍ အရက်ပြန်နှင့်သုတ်တိုင်း လေမှုတ်ပေးသည်။

"ဟဲ့... တအား ကပ်မှုတ်မနေနဲ့လေ၊ နင့်ပါးစပ်က ရောဂါပိုးတွေပါရင် အနာထဲရောက်ပြီး ဒုက္ခဖြစ်မှာပေါ့၊ စိတ်ပျက်စရာကောင်းလိုက်တာ၊ ဘာမှလဲ ဗဟုသုတ မရှိဘူး၊ ထင်ရာလုပ်နေကြတာ၊ ဘယ်ဆေးရုံ ဘယ်ဆရာမမှ အနာဆေးထည့်ရင် လေမှုတ်ပေးတာ မတွေ့ဖူးပါဘူး၊ ပါးစပ်တောင် အဝတ်စည်းထားကြရသေးတယ်"

ဖူးဝေ ဆက်မမှုတ်ဝံ့တော့ပါ။ အရက်ပြန်နှင့်သုတ်ပေးရတိုင်း ကိုကိုကြီးစပ်မှာကို စိုးရိမ်နေသည်။

"စိုး ရေ... စိုး"

ဒေါ်မြအေး ခေါ်သံဖြစ်သည်။

"ဘာလဲ ဒေါ်မြအေး"

စိုးစန္ဒာ စိတ်မရှည်သံနှင့် လှမ်းမေးသည်။

"ဟို... သစ်ခွပင် ဆေးရည်ဖျန်းပေးဖို့တဲ့ လူနှစ်ယောက် အိမ်ရှေ့မှာ စောင့်နေတယ်"

"ဟင်..."

အရေးထဲမှ သူမှာထားသော လူနှစ်ယောက်က ရောက်လာကြသည်။ သစ်ခွဥယျာဉ်မှ ကျွမ်းကျင် အလုပ်သမားများ ဖြစ်သည်။ နေ့ခင်းမှာ ခထားသော

www.burmeseclassic.com

www.burmeseclassic.com



လာနိုင်ခြင်းဖြစ်သည်။ သည်မှာက ဆေးထည့်၍ မပြီးသေး။ ဖူးဝေကို လှမ်းကြည့်လိုက်သည်။ ဖူးဝေကတော့ သူ့အလုပ်ကိုသာ သူစိတ်ဝင်စားနေသည်။

"ကဲ... ဓာတ်လမ်းကလဲ ပြီးတော့မှာပါပဲ"

စိုးစန္ဒာ သူ့အတွေးနှင့်သူ စိတ်ပိုင်းဖြတ်ပြီး အခန်းထဲမှ ထွက်လာခဲ့သည်။ ဧည့်ခန်းထဲမှာ လူနှစ်ယောက် စောင့်နေသည်။

"လာ သစ်ခွရုံက ဟိုဘက်မှာ"

စိုးစန္ဒာ လူနှစ်ယောက်ကို သစ်ခွရုံသို့ ခေါ်သွားသည်။ ဖူးဝေ က အနှာကို ယူဓာဂေါ်စ် ထည့်ပေးသည်။

"စပ်ရင်ပြောနော် ကိုကိုကြီး"

စိုးစန္ဒာ မရှိ၍ ဖူးဝေ စကားပြောရဲသည်။

"မစပ်ပါဘူး၊ ရပါတယ်"

"ကိုကိုကြီး မနေ့က ရပ်နိုင် လမ်းလျှောက်နိုင်ပြီနော်"

"အောင်အောင် ပြောတာလား"

နွေဦး ကို မညာချင်၍ ဖူးဝေ ခေါင်းယမ်းပြလိုက်သည်။

"ဖူးဝေ မြင်တာပါ"

နွေဦး နားလည်ပါသည်။

"လမ်းလျှောက်ကြည့်ဖို့ ဖူးဝေ အကြံပေးတာဆို"

"ရှင်..."

ဖူးဝေ အံ့သြစိတ်နှင့် နွေဦး ကို မော့ကြည့်လိုက်သည်။

"အောင်အောင် က လမ်းတွဲလျှောက်ရင်း ပြောတာပါ"

"သြော်..."

ဖူးဝေ့ ဘာမျှ မပြောတော့ပါ။

"ဖူးဝေ တို့၊ ဒေါ်မြအေး တို့ ပြုစုကြတဲ့ ကျေးဇူးတွေကြောင့် တိုးတက်လာတာပါ"

"ကိုအောင်အောင် လဲ ပါပါတယ်"

ဖူးဝေ က ဖြည့်ပေးသည်။

"ဟုတ်တာပေါ့၊ အောင်အောင် လဲ ပါတယ်"

နှစ်ယောက်စလုံး စိုးစန္ဒာ ကို ထည့်မပြောကြပါ။

"ကိုကိုကြီးနဲ့ စကားမပြောရတာ သိပ်ပျင်းတာပဲ"



အခွင့်သင့်တုန်း ရင်ထဲမှာရှိသည့်အတိုင်း ဖူးဝေ ပြောလိုက်ခြင်းဖြစ်သည်။

"ကိုကိုကြီး လဲ ပြောချင်ပါတယ်"

နွေဦး ကိုကြည့်ပြီး ဖူးဝေ စိတ်မကောင်းဖြစ်ရသည်။

"မနေ့က ကိုကိုကြီး မတ်တပ်ရပ်နိုင်တာကိုကြည့်ပြီး ဖူးဝေ ဝမ်းသာလွန်းလို့ မျက်ရည်တွေ စီးကျလာတယ်"

"သြော်..."

နွေဦး ရင်ထဲမှာ ဖြတ်ပြေးသွားသော ဝေဒနာလေးတစ်ခု။

"ကိုကိုကြီး ကျန်းမာပါစေ၊ လမ်းလျှောက်နိုင်တဲ့ လူကောင်းပြန်ဖြစ်ပါစေလို့ ဖူးဝေ နေ့တိုင်း ဆုတောင်းပေးတယ်"

"ကောင်းလာမှာပေါ့ ကလေး ရယ်"

နွေဦး ရင်မှာ ကြင်နာစိတ်များ ဖြစ်ရသည်။

"ကိုကိုကြီး စားချင်တဲ့ဟင်းကို စဉ်းစားပြီး ချက်ခိုင်းပါ၊ ကိုကိုကြီး ဇခိုင်းမှ ဒေါ်ကြီး ချက်ကျွေးလို့ရတာ၊ ကိုကိုကြီး ထမင်းစားနိုင်ရင် ဒေါ်ကြီးက သိပ်ဝမ်းသာတာ"

"ဒေါ်ကြီးကိုလဲ ကျေးဇူးတင်ပါတယ်"

"ကိုကိုကြီး စားနိုင်မှ အားရှိပြီး ခြေထောက်ကလဲ ပြန်ကောင်းလာမှာ"

နွေဦး ခေါင်းညိတ်သည်။

"ဆေးတွေကော ကိုကိုကြီး သောက်ရဲ့လား"

ဖူးဝေ က ကိုယ်တိုင် ဆေးတိုက်ခွင့်မရ၍ မေးခြင်းဖြစ်သည်။

"သောက်ပါတယ်"

စကားပြောရင်းနှင့်ပင် ဆေးထည့်ခြင်းကိစ္စလည်း ပြီးသွားပါသည်။

"ဖူးဝေ သွားတော့မယ်နော်၊ သူပြန်လာရင် ဆူပြောနေမှာစိုးလို့"

နွေဦး က ခေါင်းညိတ်ပြသည်။

ဖူးဝေ ဆေးထည့်ပစ္စည်းများကို နေသားတကျ ပြန်ထားသည်။

"ဖူးဝေ သွားမယ်နော်"

နွေဦး ကို နောက်တစ်ခါ ထပ်နှုတ်ဆက်သည်။ ဖူးဝေ ကို ကြည့်နေရင်း နွေဦး ခေါင်းညိတ်ပြသည်။ မျက်လုံးအိမ်တွင် ရစ်ဝဲလာသော မျက်ရည်များကို ဖူးဝေ အမြန်သုတ်ပစ်လိုက်ပြီး အခန်းထဲမှ ပြန်ထွက်လာခဲ့ပါသည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅၅)

"ဒီမိန်းမ ဒီအိမ်ကို ဝင်လာတာဟာ အကုသိုလ် ဝင်လာတာပဲ"

သူရောက်လာကတည်းက မိသားစုအတွင်းမှာရှိသည့် သာယာပျော်ရွှင်မှုလေးများ ပျက်သွားသည်။ အားလုံး မလွတ်မလပ် ဖြစ်ကြရသည်။ လည်သောမျက်ရည်ကိုသုတ်ရင်း ထွက်သွားသော ဖွားဝေ ကို မြင်ယောင်နေမိသည်။

"သူ့ခမျာ တောကနေ ငါ့အိမ်ရောက်လာမှ အနှိမ်ခံဘဝ ရောက်နေရရှာတယ်"

စိတ်ထားကောင်းသော မိန်းကလေးကို သနားမိသည်။ စိုးစန္ဒာသာ ရောက်မလာလျှင် မိသားစုအတွင်းမှာ မေတ္တာ၊ စေတနာ၊ အကြင်နာများနှင့် သိပ်ကို ပျော်စရာကောင်းလိမ့်မည်ဟု နွေဦး တမ်းတမိသည်။

"ဒီမိန်းမကို ငါလက်ခံလိုက်မိတာ သိပ်မှားတယ်"

ခွတ်အတင်း ပြန်ဝင်လာသော စိုးစန္ဒာ ကို မကျေမနပ် ဖြစ်မိသည်။

"အဲဒီကတည်းက ငါ တင်းတင်းမာမာ ငြင်းလွှတ်လိုက်ရမှာ"

တွေးမိတိုင်း ကိုယ့်ကိုယ်ကို မကျေမနပ် ဖြစ်ရသည်။ စိုးစန္ဒာအပေါ်မှာ နွေဦး တစ်နေ့တခြား သံယောဇဉ် ကုန်ခမ်းလာပြီ။ အိမ်ထဲရောက်နေပြီးဖြစ်သည့် တရားဝင် မယားဖြစ်၍ အတင်း နှင်ထုတ်ရမှာလည်း ခက်နေသည်။

"ဒီတစ်ခါသာ ပြဿနာရှိလို့ကတော့"

နွေဦး အပြတ်ရှင်းရန် ဆုံးဖြတ်ထားလိုက်သည်။

□ □ □

## အခန်း (၅၆)

ညနေခင်း၏ လေပြည်ညင်းမှာ စကားစိမ်းပန်းနံ့လေး သင်းသင်းမွှေးနေသည်။ အိမ်ထောင့်မှာရှိသည့် စကားစိမ်းပင်မှ လာသောရနံ့ဖြစ်ကြောင်း နွေဦး သိပါသည်။ သစ်ခွရုံပေါ်မှ သစ်ခွပန်းများသည် ဈေးကြီးပေးရသည်နှင့်အမျှ အသွင်ဆန်းသည်။ အမြင်လှသည်။ သို့သော် ဘာရနံ့မျှ မရှိကြ။ ရှေ့ဆီမှ မြက်ခင်းစိမ်းစိမ်း



ဆင်ခြေလျှောလေးကို နွေဦး လှမ်းကြည့် လိုက်သည်။ အနှင်းခံ မြတ်တာလေးများကမှ မျက်စိအေးရုံမက ခြေဖဝါးကို နူးညံ့မှု အတွေ့အထိ ပေးနိုင်သေးသည်။ ခြေထောက်ကောင်းသွားလျှင် ဖိနပ်မပါဘဲ ဤမြက်ခင်းပြင်ပေါ်မှာ လမ်းလျှောက်လိုက်ဦးမည်ဟု နွေဦး စဉ်းစားထားလိုက်သည်။ ဤနေရာလေးကို ဤသို့ ထိုင်ရသည်ကို နွေဦး သဘောကျသည်။ သူချစ်သော မယော်ဂနီပင်ကြီးများကို အတန်းလိုက် မြင်နေရသည်။ သူမုန်းသော မြွေဟောက်လို ဝါးပင်ကြီးများကို မမြင်ရ။ ဤအတွက်တော့ စိုးစန္ဒာ ကို ကျေးဇူးတင်ပါသည်။ သို့သော် သူ အလှဆုံးပြုပြင်ထားသော သစ်ခွရုံကို နောက်ကျောပေးထားရသည်ကတော့ နည်းနည်း အားနာသည်။

မတတ်နိုင်။ ခုလိုထိုင်မှ သူ့ဆန္ဒနှင့်အညီ ဖြစ်နေသည်။ စိုးစန္ဒာက ဘာမျှမပြော၍ တော်သေးသည်။ ကောင်းကင်သို့ မော့ကြည့်လျှင် အရှေ့မှ အနောက်သို့ အုပ်ဖွဲ့ပျံသန်းသွားသော ငှက်ဖိုင်းဖြူများကို မြင်ရသည်။ ရှေ့ဆုံးမှ ခေါင်းဆောင်၏ နောက်သို့ ကျန်ဖိုင်းများက လိုက်ကြသည်။ တစ်ခါတစ်ရံတွင် မြားဦးပုံသဏ္ဌာန် ပျံသန်းသည်ကိုလည်း မြင်ရသည်။ ငယ်ငယ်ကတည်းက ဤဖိုင်းများကိုကြည့်ပြီး သဘောကျခဲ့ရသည်။ မိုးချုပ်လာလေ ဖိုင်းအုပ်များ ပိုများလာလေ ဖြစ်လာသည်။

"သူတို့ အစာရှာရာက ပြန်လာကြတာလား၊ အိပ်တန်းရှိရာကို ပြန်ကြတာလား"

တစ်နေ့တာတစ်နေ့ ရှာစားကြသော ဖိုင်းတို့၏ဘဝကို သဘောကျသည်။ သူတို့မှာ ပစ္စည်းဥစ္စာ စုဆောင်းထားတာ မရှိ။ ထို့ကြောင့် သူတို့မှာ အိတ်ကြီးအိတ်ငယ်၊ ခြင်းကြီး ခြင်းငယ်နှင့် သယ်ဆောင်လာသည်လည်း မရှိ။ ပစ္စည်းဥစ္စာကို အကြောင်းပြုပြီး ဆင်းရဲချမ်းသာ ကွာခြားမှုလည်း မရှိ၊ ဖိုင်းတန်းစား ကွဲပြားခြင်းလည်း မရှိ။ နွေဦးတွေးမိတွေးရာ တွေးနေစဉ် မြက်ခင်းပြင်ကို ဖြတ်၍ စိုးစန္ဒာ လာနေသည်။ သူ့လက်ထဲမှာ လိမ္မော်ရည်ဖန်ခွက်ကို ကိုင်လာသည်။ သနေ့ ထမင်းစားနိုင်၍ ဗိုက်က ပြည့်နေသည်။ နောက်ထပ် ဘာမျှမစားချင်၊ သောက်ချင်။ သို့သော် သူစီစဉ်လာသည်ကို မသောက် သောက်အောင် အတင်း တိုက်တွန်းလိမ့်မည်။ နောက်ဆုံးတွင် နားပူ၍ အားနာ၍ ပြဿနာ အေးသွားအောင် သောက်ရ လိမ့်ဦးမည်။

"မောင် လိမ္မော်ရည်လေး စိုးကိုယ်တိုင် လုပ်လာတာ၊ သောက်လိုက်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



စိုးစန္ဒာက နွေဦး ရှေ့မှ စားပွဲပေါ်သို့ တင်ပေးလိုက်သည်။

အောက်ခံက စတီးလင်ပန်းနှင့် ပန်းကန်ပြားတစ်ခုမှာ လက်သုတ်ပဝါ ဖြူဖြူလေးနှင့် အထက်တန်းကျကျ လုပ်လာခြင်းဖြစ်သည်။

"ထားလိုက်ပါဦး"

နွေဦး မသောက်ချင်သေး။

"ကြာရင် မအေးတော့ဘဲနေလိမ့်မယ် မောင်။ မီးအားက မကောင်းလို့ ဒီလောက် အေးအောင် ရေခဲသေတ္တာထဲ အကြာကြီး ထည့်ထားရတာ"

နွေဦး ထင်သည့်အတိုင်းပင် သူလုပ်လာသည်ကို အမြန်သောက်အောင် တိုက်တွန်းနေပါပြီ။ သူ စိတ်ကျေနပ်အောင် နွေဦး ဖန်ခွက်ကို လှမ်းယူပြီး တစ်ကျိုက် သောက်လိုက်သည်။

အေးပါသည်။

"တစ်ဝက်လောက် ကုန်အောင် သောက်လိုက်ပါလား မောင်၊ ရင်အေးသွားတာပေါ့၊ လိမ္မော်ရည်က အားလဲရှိတယ်၊ စီဗစ်ပါတော့ အနာအတွက်လဲ ကောင်းတာပေါ့"

နွေဦး နောက်တစ်ကျိုက် တော်တော်များများလေး ထပ်သောက်လိုက်သည်။ ဖန်ခွက်ထဲမှာ သုံးပုံနှစ်ပုံခန့်သာ ကျန်တော့သည်။ လေကလေး တဖြူးဖြူး တိုက်လာပြန်သည်။ စကားစိမ်းနံ့လေး တသင်းသင်း မွှေးသွားပြန်သည်။ နွေဦး ကောင်းကင်သို့ မော့ကြည့်လိုက်သည်။ အုပ်ထဲမှ ကွဲကျန်ခဲ့ဟန်တူသော ဖိုင်းတစ်ကောင် ခပ်သုတ်သုတ် ပျံသွားသည်။ ခဏကြာတော့ နှစ်ကောင်၊ ရှေ့အကောင်ဆီသို့ အမီလိုက်ပြီး ပျံနေကြသည်။ လေကလေး တအေးအေးနှင့် မျက်စိလေးလာသည်။ ဖိုင်းများကို ကြာကြာကြည့်၍မရ ဖြစ်လာသည်။

"ဒီနေ့ ထမင်းစားများသွားလို့လား မသိဘူး၊ စောစော အိပ်ချင်နေတယ်"

"အိပ်ချင်ပြေအောင် ဒါလေးသောက်လိုက်ပါဦး မောင်"

စိုးစန္ဒာ လိမ္မော်ရည်ဖန်ခွက်ကို ယူပေးသည်။ နွေဦးလည်း အိပ်ချင်ပြေသွားအောင် နှစ်ကျိုက်လောက် ထပ်သောက် လိုက်သည်။ လိမ္မော်ရည် တစ်ဝက်ခန့် ကုန်သွားသည်။ ရှေ့တူရူမှ မဟော်ဂနီပင်ကြီးကို လှမ်းကြည့်လိုက်သည်။ အလင်းအားနည်းလာ၍လား မသိ၊ မဟော်ဂနီရွက်များ သဲသဲကွဲကွဲ မမြင်ရတော့ပါ။ ပို၍ အိပ်ချင်လာသောကြောင့် ခဏမှိန်းနေရင်း တွန်းလှည်း နောက်ကျောကို မှီလိုက်သည်။ တွန်းလှည်း က-နောက်ဘက်သို့ အိသွားသည်။



"မောင် သိပ်အိပ်ချင်နေလား"

"အင်း... အိပ်ချင်တယ်"

နွေဦး အသံများ မပီမသဖြစ်နေသည်။

ခဏအတွင်းမှာပင် နွေဦး ထံမှ အသက်ရှူသံ ပြင်းပြင်းများ ထွက်ပေါ်လာပါသည်။

"သူ အိပ်ပျော်သွားပြီ"

စိုးစန္ဒာ သိလိုက်ပါပြီ။

"မောင် အိပ်သွားပြီလား"

သေချာအောင် ထပ်မေးကြည့်သည်။ နွေဦး ထံမှ ဘာသံမျှ ထွက်မလာတော့ပါ။ စားပွဲပေါ်မှာ တစ်ဝက်ခန့် ကျန်နေသေးသော လိမ္မော်ရည် ဖန်ခွက်ကို ကြည့်ပြီး စိုးစန္ဒာ ပြုံးလိုက်သည်။ နွေဦး ထိုင်နေသော တွန်းလှည်းက နောက်ဘက် အနိမ့်ဆီသို့ ကျောပေး ထားသည်။ အထိန်းခလုတ် ချထား၍သာ တွန်းလှည်းက မလှုပ်မရှား ငြိမ်သက်နေ ခြင်း ဖြစ်သည်။ ခလုတ်ကို ဖြုတ်လိုက်သည်နှင့် နောက်ဘက်သို့ အပြေးလိမ့်ဆင်းသွားပြီး ဝါးရုံပင်ဘေးမှဖြတ်၍ ခြံစည်းရိုး အပြင်မှ ရေစီးမြောင်း ချောက်ကြီးထဲသို့ ထိုးကျသွားမည် ဖြစ်သည်။ စိုးစန္ဒာ အိမ်ကြီးဘက်သို့ လှမ်းကြည့်လိုက်သည်။ ဘယ်သူ့ကိုမျှ မတွေ့ရ။ ပို၍သေချာအောင် ခြံဝင်းထဲမှ ပတ်ဝန်းကျင်ကို မျက်စိတစ်ပတ်ဝေ့၍ ကြည့်လိုက်သည်။ ဘယ်သူမျှ မရှိ။ အလင်းအားနည်းစ ပြုလာသည်။ မှောင်တော့ မမှောင်သေး။ ဤအချိန်သည် အချိန်ကောင်းဖြစ်သည်။ နည်းနည်းနောက်ကျလျှင် အောင်အောင် ပြန်လာမှာစိုးရသည်။ ပတ်ဝန်းကျင်မှာ ဘယ်သူမျှမရှိ ခလုတ်ကို ဖြုတ်ချရန် လှမ်းကြည့်လိုက်သည် လုပ်ရမှာ လက်တွန့်သလို ဖြစ်နေသည်။ သိန်းသုံးရာကျော်ဟု စဉ်းစားလိုက်သည်နှင့် လောဘစိတ်က ထိပ်တက်လာသည်။ 'ငါ့ကို ပါးရိုက်တဲ့ကောင်' ဒေါသစိတ်ပါ ထိပ်တက်လာသည်။ 'ဟင်း... ငါ့ကို ပါးရိုက်တဲ့ နင့်ကို ငါသတ်မယ်လို့ပြောခဲ့တာ အလကားစကား မဟုတ်ဘူးဆိုတာ နင်ကိုယ်တိုင်ခံပြီး သိပေတော့' စိုးစန္ဒာ တွန်းလှည်းနား ကပ်သွားပြီး ခလုတ်ကို ဖြုတ်လိုက်သည်။ တွန်းလှည်းက နောက်ကို ဖြည်းဖြည်းလေး လိမ့်ဆင်းနေသည်။ စိုးစန္ဒာ ခပ်ဝေးဝေးသို့ ဆုတ်နေလိုက်သည်။

"သွားပေတော့၊ ငါ့ပါးရိုက်တဲ့ကောင်"

စိုးစန္ဒာ အားရပါးရ ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုကြီး ကိုကိုကြီး"

"ဟာင်…"

အိမ်ကြီးဘက်မှ ဖူးဝေ ပြေးထွက်လာသည်ကို စိုးစန္ဒာ လှမ်းမြင်လိုက်သည်။ တွန်းလှည်းလိမ့်နေသည်က အရှိန်မြန်လာသည်။

"ကိုကိုကြီး… ကိုကိုကြီး၊ အထိန်းခလုတ်ကို ချလိုက်"

ဖူးဝေ က ပြေးလာရင်းမှ အော်ပြီး သတိပေးသည်။

သို့သော်…

နွေဦး အိပ်ပျော်နေ၍ ဘာမျှမကြားတော့ပါ။ တွန်းလှည်းက အဆီးအတားမရှိ ပြေးဆင်းနေပြီ။

"ကိုကိုကြီး"

ဖူးဝေ ငိုသံပါကြီးနှင့် အထိတ်တလန့် အော်ဟစ်ရင်း တွန်းလှည်းနောက်သို့ တအားကုန် ပြေးလိုက်သည်။

"ကောင်မစုတ် ဘယ်ကနေ မြင်သွားလဲ မသိဘူး"

စိုးစန္ဒာ မကျေမနပ် ဖြစ်နေသည်။

သို့သော်…

တွန်းလှည်းက အရှိန်မြန်နေသည်။ ချောက်နားသို့ နီးနေပြီ။ ဖူးဝေ တအားကုန်ပြေးလိုက်နေဆဲ။ ဆင်ခြေလျှော အဆင်းတက်ဖြစ်၍ တွန်းလှည်းက ကြာလေမြန်လေ ဖြစ်လာသည်။ ချောက်ထဲသို့ ကျတော့မည်။

"ကိုကိုကြီး"

ဖူးဝေ အသံကုန်အော်ဟစ်ရင်း တအားကုန် ပြေးလိုက်ရာမှ ခြေချင်းတိုက်၍ ရှေ့သို့ပစ်လဲသွားသည်က ချောက်ထဲကျခါနီး တွန်းလှည်း၏ ခြေတင်ခုံကို လက်နှင့်လှမ်းဖမ်းရန် အချိန်မီသွားခြင်း ဖြစ်သည်။ တွန်းလှည်း ခြေတင်ခုံကို ဖူးဝေ မြဲမြဲဆုပ်ပြီး ဖမ်းထားသည်။ သို့သော် တွန်းလှည်းက အရှိန်နှင့် လိမ့်နေဆဲမို့ ဖူးဝေ ပါ မြောက်လျက် ဒယဥ့်တိုက်ပါသွားသည်။

"ကောင်းတယ်၊ နှစ်ယောက်စလုံး ချောက်ထဲကျပြီး သေကြစမ်း၊ ဒါမှ ဒီကောင်မ လှည်းတွန်းရင်း အရှိန်လွန်ကျသွားတာလို့ သူ့အပေါ် အပြစ်ပုံချရမယ်၊ ငါ့အတွက် ပိုတောင်ကောင်းသွားသေး"

စိုးစန္ဒာ ဝမ်းသာအားရ ဖြစ်နေသည်။ ဖူးဝေ က တွန်းလှည်းကို လွှတ်မပစ်၊ မြဲမြဲဆုပ်ထား၍ ဒယဥ့်တိုက် ပါနေစဉ်–



တွန်းလှည်းက ချောက်နှုတ်ခမ်းရောက်သွားပြီ။ နောက်ဘီးများ ချောက်ထဲကျတော့မည်။ ဖူးဝေ ဝါးရုံပင်နားသို့ ရောက်လာ၍ ဘေးမှာရှိသော ဝါးငုတ်တစ်ခုကို လှမ်းဆွဲလိုက်သည်။

"အား"

တွန်းလှည်း ရပ်သွားပြီ။ သို့သော် ဖူးဝေ လက်နှစ်ဖက်စလုံး မခံရပ်နိုင်လောက်အောင် နာကျင်သွားသည်။ လက်များကို လွှတ်ပစ်မိမတတ် ဖြစ်သွားသည်။ သို့သော် ဖူးဝေ စိတ်ကိုတင်းပြီး လက်နှစ်ဖက်စလုံး မြဲမြဲဆွဲထားသည်။

"ဒေါ်ကြီးရေ လာပါဦး"

ဖူးဝေက အသံကုန်အော်၍ ဒေါ်မြအေး ကို ခေါ်သည်။

"လာပြီဟေ့… လာပြီ၊ မြဲမြဲဆွဲထား မလွှတ်နဲ့"

ဖူးဝေ အော်သံများကို ကြားကတည်းက ဒေါ်မြအေး ပြေးထွက်လာပြီးဖြစ်နေသည်။ ဖူးဝေ ဒုက္ခဖြစ်နေပုံကို မြင်၍ အမြန်ဆုံး ပြေးသွားသည်။

"ဟင်း… သေနာကောင်မ၊ ဝါးငုတ်ကို ဆုပ်မိသွားသေးတယ်"

စိုးစန္ဒာ ဖူးဝေ ကို ဒေါသဖြစ်နေသည်။ ဒေါ်မြအေး ပြေးသွားနေသည်ကိုလည်း မကျေမနပ် ကြည့်နေသည်။

"ဒီမိန်းမကြီး မှောက်လဲလိုက်စမ်းပါ"

စိတ်ထဲက ကျိန်ဆဲနေသည်။ သို့သော် ဒေါ်မြအေး က နွေဦး၏ တွန်းလှည်းဆီသို့ ရောက်သွားပြီ။ တွန်းလှည်းကို အားကုန်ဆွဲတင်လိုက်သည်။ တွန်းလှည်း အပေါ်ဘက်သို့ ပါလာသည်။

"ဟင်… မောင်နွေဦး"

တွန်းလှည်းပေါ်တွင် မလှုပ်မယှက် ငြိမ်သက်နေသော နွေဦးကိုကြည့်ပြီး ဒေါ်မြအေး အထိတ်တလန့် ဖြစ်သွားသည်။

"ဒေါ်ကြီး၊ လှည်းကို အပေါ်က ဘေးကင်းတဲ့ နေရာရောက်အောင် ဆွဲဦး"

ဖူးဝေ လဲကျနေရာမှ အမြန်ထသည်။ လက်များ နာနေသော်လည်း တွန်းလှည်းနောက်ဘက်သို့ရောက်အောင် သွားပြီး တွန်းလှည်းကို ကူတွန်းသည်။ တွန်းလှည်း သစ်ခွရုံရှေ့ရောက်သည်နှင့် စိတ်ချရအောင် သစ်ခွရုံမှတိုင်ကို လှည်းနောက်ပိုင်းနှင့် မှီထားလိုက်ပါသည်။ အထိန်းခလုတ်ကိုလည်း ချလိုက်သည်။ စိတ်ချရပြီ။ သို့သော် ပိုပြီး သေချာအောင်…

"ဒေါ်ကြီး ဒီနားမှာပဲနေနော်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြီး ကို တွန်းလှည်းပေါ်မှာ ထားခဲ့သည်။

ခပ်လှမ်းလှမ်းမှ မြက်ခင်းပြင်မှာ ရပ်၍ကြည့်နေသော စိုးစန္ဒာကို ဖူးဝေ တင်းတင်းပါအောင် စူးစူးစိုက်စိုက် ကြည့်လိုက်သည်။

"ရှင် ကိုကိုကြီး ကို သေအောင်သတ်တာ"

ဖူးဝေ လက်ညှိုးထိုးပြီး စွပ်စွဲလိုက်သည်။

"ဟင် ... ကောင်မ က လူပါးဝလို့၊ ငါ့ကိုများ စော်စော်ကားကား"

စိုးစန္ဒာမှာ အကြံအစည်ပျက်၍ ဒေါသဖြစ်နေရသည့်အထဲ အကြံဖျက်သူက စွပ်စွဲစကား ပြောလာသောအခါ ဒေါသမီးတောက်ပြီး ဖူးဝေ ထံသို့ လျှောက်သွားသည်။ ဖူးဝေ ကြောက်ရွံ့စိတ် လုံးဝမရှိ၊ မြက်ခင်းပြင်ပေါ်မှာ ရပ်ပြီး စောင့်နေသည်။ ကိုကိုကြီးကို သေကြောင်းကြံသော စိုးစန္ဒာ ကို အနာကြီးနာ၍ အမုန်းကြီး မုန်းသော မျက်လုံးများနှင့် ကြည့်နေသည်။ ဖူးဝေ၏ မျက်လုံးများနှင့် အကြည့်ချင်း ဆုံမိသောအခါ စိုးစန္ဒာ ဘာမျှ စဉ်းစားနိုင်စွမ်းမရှိအောင် ဒေါသစိတ်များ ထိပ်တက်လာသည်။ မျက်လုံးများ ပြာဝေလာ၍ တစ်ကိုယ်လုံးရှိ သွေးများ ပွက်ပွက်ဆူလာသလို ခံစားရသည်။

"ငါ့ကို စော်ကားချင်ဦးဟယ်"

"ဖြန်း"

"ဟဲ့ ... စိုး၊ အဲဒီလိုတော့မလုပ်နဲ့"

ဒေါ်ကြီး အော်နေဆဲမှာပင် ဖူးဝေ၏ပါးကို စိုးစန္ဒာ ရိုက်ပစ်လိုက်သည်။ ဖူးဝေ မရှောင်ပါ။ လက်သံက ပြင်းလွန်း၍ ဖူးဝေ၏ပါးမှာ ရဲရဲနီသွားသည်။

ဖူးဝေက တည်တည်ငြိမ်ငြိမ်ရပ်လျက် ...

စိုးစန္ဒာကို စူးစူးစိုက်စိုက် ကြည့်နေဆဲ။ ဖူးဝေ ကိုကြည့်ပြီး စိုးစန္ဒာ ထိတ်လန့်လာ၍ နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်သည်။

"ရှင် ကျွန်မပါးကိုရိုက်ပြီးပြီ၊ ရတယ်၊ ရှင်ဟာ ကိုကိုကြီးကို သေအောင် လုပ်တဲ့ မိန်းမယုတ်"

ဖူးဝေ ရှေ့သို့ ခြေတစ်လှမ်းတိုးပြီး စိုးစန္ဒာ၏ပါးကို အားပါးတရ လွဲ၍ ရိုက်ပစ်လိုက်သည်။ ရွာမှာနေစဉ် ရေဆွဲ၊ တံမြက်လှည်းလုပ်ခဲ့သော တောသူ၏ လက်က ပိုသန်သည်။

"အမယ်လေး"

စိုးစန္ဒာ မြက်ခင်းပြင်ပေါ်သို့ ပစ်လဲကျသွားသည်။



"ဟင် ... နင် ... ငါ့ကို"

စိုးစန္ဒာ မြက်ခင်းပြင်ပေါ်မှ အမြန်ထပြီး ဖူးဝေ ထံသို့ ဒေါသတကြီး ပြေးဝင်သွားသည်။ နှစ်ဦးသား မြက်ခင်းပေါ်သို့ လဲကျသွားသည်။ စိုးစန္ဒာက အပေါ်မှရောက်နေ၍ ဖူးဝေ ၏ လည်ပင်းကို လက်နှစ်ဖက်နှင့် ဖမ်းညှစ်ထားသည်။ ဖူးဝေ လိမ့်ပစ်လိုက်ပြီး အပေါ်မှ စိုးစန္ဒာ ကို ဆွဲချသည်။ စိုးစန္ဒာ အောက်သို့ လိမ့်ကျသွားသည်။

သို့သော် ...

မြက်ခင်းပြင်က ဆင်ခြေလျှောဖြစ်၍ နှစ်ဦးသား ဖက်လုံးရင်း အနိမ့်ဘက်သို့ လိမ့်ဆင်းသွားသည်။

"ဟဲ့ ... ဖူးဝေ၊ စိုး မလုပ်ကြနဲ့၊ မလုပ်ကြပါနဲ့ဟဲ့"

ဒေါ်မြအေး အော်ဟစ်ဟန့်တားနေစဉ်မှာပင် စိုးစန္ဒာ နှင့် ဖူးဝေ တို့ တစ်ပြန်စီ အထက်အောက်ရောက်လျက် လိမ့်နေရာမှ ဖူးဝေ အပေါ်ရောက်သွားသည်။ လက်နှစ်ဖက်ကလည်း စိုးစန္ဒာ၏ လည်ပင်းကို မြဲမြဲစွာ ဆုပ်ကိုင်မိသွားသည်။

"ဟင် ... နင် ... နင် ... ငါ့ကို"

စိုးစန္ဒာ ရုန်းနိုင်အားမရှိတော့၍ သေရမည်ကို ထိတ်လန့်ကြောက်ရွံ့နေသည်။

"ငါ သူ့ကိုလွှတ်လိုက်ရင် ကိုကိုကြီးကို သေအောင် ထပ်လုပ်ဦးမယ်"

လည်ပင်းကို ညှစ်ထားသော ဖူးဝေ၏လက်များ ပို၍တင်းမာလာသည်။

"အမယ်လေး၊ အား ... လုပ် ... လုပ်ကြ ... ကယ်ကြ ... အား"

စိုးစန္ဒာ မချိမဆံ့ အော်ဟစ်အကူအညီတောင်းနေသည်။

"ဖူးဝေ ဟဲ့ ... မလုပ်နဲ့၊ ဖူးဝေ လွှတ်စမ်း၊ လွှတ်"

ဒေါ်မြအေးက ပြေးလာပြီး ဖူးဝေ ကို အတင်းဆွဲသည်။ စိုးစန္ဒာ မျက်လုံး ပြူးနေပြီ။

"ဖူးဝေ သမီး၊ ဒေါ်ကြီးပြောတာ နားထောင်စမ်း၊ လွှတ် ... လွှတ်လိုက်"

အတင်းဆွဲပြီး တားမြစ်နေသော ဒေါ်ကြီးကို တစ်ချက် လှည့်ကြည့်လိုက်ပြီး ဖူးဝေ တင်းနေသော လက်များကို ဖြည်းဖြည်းချင်း လျှော့လိုက်သည်။ စိုးစန္ဒာ က အသက်ကို မနည်းပြန်ရှူနေရသည်။ နာကျင်နေဆဲဖြစ်သော လည်ပင်းကို သူ့လက်များနှင့် ပွတ်သပ်နေသည်။ ဖူးဝေ က သူ့အပေါ်မှာ ရှိနေဆဲ။

"ကျွန်မ ရှင့်ကို သတ်ဝစ်လို့ရတယ်၊ အမှန်ကတော့ ရှင်ဟာ သတ်ဝစ်ရှိ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ်၊ နောက်တစ်ခါဆို ကိုကိုကြီးကို သေကြောင်းကြံကြည့်စမ်း၊ ရှင့်ကို အသေသတ်မယ်"

"အမယ်လေး... ဖူးဝေ ရယ်၊ ဒေါ်ကြီး ရင်တွေတုန်လိုက်တာကွယ်၊ အဲဒီလို မလုပ်ပါနဲ့ ကလေးရယ်၊ ဒေါ်ကြီး တောင်းပန်ပါတယ်"

ဖူးဝေ က နွေဦးကို လှမ်းကြည့်လိုက်သည်။

နွေဦး တွန်းလှည်းပေါ်မှာ အိပ်ပျော်နေဆဲ။

"ကိုကိုကြီး... ကိုကိုကြီး"

နွေဦးကို လှုပ်နှိုးသည်။ နွေဦး မနိုး။ စိုးစန္ဒာ ရှိရာဘက်ကို ဖူးဝေ လှည့်ကြည့်လိုက်သည်။ စိုးစန္ဒာ မြက်ခင်းပေါ်မှာ လဲကျနေရာမှ မတ်တပ်ထလျက် ဖြစ်နေပြီ။

"ရှင် အိပ်ဆေးတွေ ဘယ်လောက်တိုက်ထားလဲ"

စိုးစန္ဒာက ဖူးဝေကို လှမ်းကြည့်လိုက်သည်။ သို့သော်...

ဘာမျှ ပြန်မပြော။

"ဒီမှာ ကိုကိုကြီး နိူးလို့မရတော့ဘူး၊ ရှင် အိပ်ဆေးတွေ ဘယ်လောက် တိုက်လဲပြော"

ဖူးဝေ စိုးစန္ဒာရှိရာသို့ သွားမည်လုပ်၍ ဒေါ်မြအေး က ဖူးဝေ၏လက်ကို ဆွဲထားလိုက်သည်။

"ငါမတိုက်ဘူး"

"မတိုက်ဘဲနဲ့ ဒီအချိန်မှာ ကိုကိုကြီး ဒီလောက်အထိ အိပ်မောကျစရာ မရှိဘူး ဒေါ်ကြီး လွှတ်စမ်းပါ"

ဖူးဝေက ဒေါ်မြအေး လက်မှ လွှတ်အောင်ရုန်းသည်။ ဒေါ်မြအေး က မလွှတ်၊ အတင်းဆွဲထားသည်။

"နင် ငါ့ကို ဘာမှလုပ်စရာမလိုဘူး"

ဒေါ်မြအေး လက်မှ ဖူးဝေ လွတ်လာမည်ကို စိုးစန္ဒာ စိုးရိမ်နေသည်။

"ဒီအတိုင်းနေရင် ကိုကိုကြီး သေသွားနိုင်တယ်၊ ဒေါ်ကြီး လွှတ်ပါ၊ သူ ကိုကိုကြီး ကို အိပ်ဆေးတွေ တိုက်ထားတာ"

"ဒေါ်မြအေး မလွှတ်နဲ့"

စိုးစန္ဒာက ဒေါ်မြအေးကို လှမ်းပြီး အမိန့်ပေးနေ၍ ဖူးဝေ ဒေါသပိုဖြစ်ရသည်။ ခြံထဲမှာ မှောင်ရီသန်းလာပြီ။ စိုးစန္ဒာ က အန္တရာယ်မှလွတ်အောင် အိမ်



ကြီးဘက်သို့ ပြန်သွားမည် လုပ်သည်။

"ရှင် မသွားနဲ့၊ ရှင်လုပ်တာ မဟုတ်ဘူးဆိုရင် ကိုကိုကြီး ကို လာကြည့်ပါလား၊ ကျွန်မတို့ကို စိတ်မချလို့ဆို၊ ရှင်ကိုယ်တိုင် ပြုစုချင်လို့ဆို၊ အခုတော့ ရှင်စိတ်မပူတော့ဘူးလား"

"နင်က ငါ့ကို ဒီလောက်ရန်လိုနေတာ ငါ အဲဒီဘက်ကို ဘယ်လိုလာလို့ရမလဲ"

"ရန်မလိုဘူး လာကြည့်၊ ဒေါ်ကြီး ဖူးဝေ လက်ကိုလွှတ်လိုက်၊ မလွှတ်ရင် သူ ထွက်ပြေးလိမ့်မယ်"

ဒေါ်မြအေး က ဖူးဝေ လက်ကိုလွှတ်လိုက်သည်။ ဖူးဝေ ကို လှမ်းကြည့်ပြီး စိုးစန္ဒာ ကြောက်နေသည်။

"သူ ဘာမှမဖြစ်ဘူး၊ သူ့ဘာသာ အိပ်ချင်တယ်ပြောပြီး အိပ်တာ"

"မဟုတ်ဘူး ရှင်ညာတာ၊ ရှင်လုပ်တာတွေ ကျွန်မ အားလုံး မြင်တယ်၊ ဟို စကားစိမ်းပင် အကွယ်ကနေ ကြည့်နေတာ"

"ဟင်..."

စိုးစန္ဒာ လုံးဝ မသိခဲ့။

"ရှင် ကိုကိုကြီးကို လိမ္မော်ရည်တိုက်တယ်၊ ကိုကိုကြီး အဲဒီလိမ္မော်ရည်တွေသောက်ပြီး အိပ်ပျော်သွားတယ်၊ အဲဒီအချိန်မှာ ရှင်က ကိုကိုကြီးရဲ့ တွန်းလှည်းက ခလုတ်ကိုဖြုတ်ပြီး ချောက်ဘက် လိမ့်ကျအောင်လုပ်တာ"

"မဟုတ်ဘူး၊ ညည်းပြောတာ တစ်ခုမှမဟုတ်ဘူး"

စိုးစန္ဒာ က အတင်းဖြတ်ငြင်းသည်။

"မဟုတ်ရင် ကိုကိုကြီး တွန်းလှည်း လိမ့်ကျသွားတာကို ရှင်မြင်တယ်၊ ရှင် ဘာလို့လိုက်မဆွဲဘဲနဲ့ ရပ်ကြည့်နေတာလဲ၊ ကျွန်မ အဝေးကြီးကနေ ပြေးလိုက်ဆွဲရတော့ တွန်းလှည်းက အရှိန်မြန်နေပြီ၊ ကိုကိုကြီး ကံကောင်းလို့ မသေတာ"

"အို... ရက်စက်လိုက်တာကွယ်"

ဒေါ်မြအေး သိပ်ကို အံ့ဩနေသည်။

ထိုအချိန်တွင် ခြံထဲသို့ အောင်အောင် ဝင်လာသည်။

"ရှင် ငြင်းရဲလား၊ ပြော"

ဖူးဝေက အပိုင်မေးလိုက်ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငြင်းရဲတယ်၊ သူ့ဘာသာ အိပ်ပျော်ပြီး တွန်းလှည်းခလုတ်ကို တိုက်မိလို့ လိမ့်ကျတာ၊ ငါအုံ့အားသင့်နေလို့ လိုက်မဆွဲနိုင်တာ၊ နင် ငါ့ကို မတရားမစွပ်စွဲနဲ့"

အပြန်အလှန် ပြောသံများနှင့်အတူ ဒေါ်မြအေးက ဖူးဆေ ကို ဆွဲထားသည် မြင်ရ၍ မြက်ခင်းပြင်ဘက်သို့ အောင်အောင် အမြန်ရောက်လာသည်။

"ဘာဖြစ်နေကြတာလဲဟင်၊ ဘာဖြစ်လို့လဲ"

စိုးစန္ဒာ မျက်စိမျက်နှာ ပျက်နေပြီ။ သူ့အတွက် အန္တရာယ်တစ်ယောက် တိုးလာပြန်ပြီဟု နားလည်လိုက်သည်။

"ရှင် ဘယ်မှမသွားနဲ့၊ အဲဒီမှာ ရပ်နေ"

စိုးစန္ဒာ လှုပ်ရှားသည့် အရိပ်အခြည်ကို မြင်ရ၍ ဖူးဆေ လှမ်းတားလိုက်ခြင်း ဖြစ်သည်။

"ဘာဖြစ်လို့လဲ ဖူးဆေ၊ ဘာဖြစ်လို့လဲဟင်"

အောင်အောင် စိုးရိမ်တကြီးနှင့် ထိတ်ထိတ်ပျာပျာ ဖြစ်နေပြီ။

"သူ ဘယ်မှမသွားစေနဲ့ ကိုအောင်အောင်"

"ဟင် ... ခင်ဗျား ကိုကိုကြီး ကို ဘာလုပ်လိုက်ပြီလဲ"

အောင်အောင် ဒေါသတကြီးနှင့် စိုးစန္ဒာထံ လျှောက်သွားသည်။

"ဘာမှ မလုပ်ပါဘူး၊ သူ ဟိုမှာရှိပါတယ်၊ အိပ်ပျော်နေတာပါ"

နွေဦး ရှိရာသို့ အောင်အောင် အမြန်လျှောက်သွားသည်။ နွေဦးကို အနီးကပ်ကြည့်လိုက်သည်။ နှစ်ခြိုက်စွာ အိပ်ပျော်နေသည်ကို တွေ့ရသည်။ နောက်မှ သံသယဝင်လာ၍ -

"ကိုကိုဦး ... ကိုကိုဦး"

အောင်အောင် လှုပ်နှိုးသည်။ ထိုအချိန်တွင် စိုးစန္ဒာ ရုတ်တရက် ခြံဝင်းတံခါးဆီသို့ ထွက်ပြေးသည်။

"ခင်ဗျား မပြေးနဲ့"

စိုးစန္ဒာမှာ အသက်ဘေးအတွက် အကြောက်နှင့်ယှဉ်၍ ပြေးခြင်းဖြစ်သောကြောင့် မြန်သည်။ ဝင်းတံခါးဆီသို့ ရောက်သွားပြီ။ အောင်အောင်က ပြေးလိုက်မည်လုပ်သည်။

"ကိုအောင်အောင် သူ့နောက်လိုက်မနေနဲ့၊ ကိုကိုကြီး ကို ဆေးရုံအမြန်ပို့မှဖြစ်မှာ"



အောင်အောင်၏ ခြေးတော့မည့်ဆဲဆဲ ခြေလှမ်းများ တုံ့သွားသည်။ ဖူးဆေ ပြောသည့်အတိုင်း လုပ်သင့်သည်ဟု အောင်အောင် နားလည်လာ၍ နွေဦးဘက်သို့ ပြန်လှည့်လိုက်သည်။

"ဘယ်လိုဖြစ်တာလဲ ဖူးဆေ"

ဖူးဆေ က ဖြစ်စဉ်ကို အတိုချုံးပြီး အမြန်ဆုံး ရှင်းပြသည်။

"ဟင် ... ဒါဆိုမဖြစ်ဘူး၊ ဆေးရုံအမြန်ပို့မှ၊ အိပ်ဆေးတွေ ဘယ်လောက်များများ တိုက်ထားလဲ မသိဘူး၊ ယုတ်မာလိုက်တဲ့ မိန်းမ"

"ကိုကိုဦး သာ သေလို့တော့ ဒီမိန်းမလဲ မနေရဘူးမှတ်၊ အသေကို သွားသတ်မယ်"

"ကဲ- မောင်နွေဦး ကို ဆေးရုံမြန်မြန်ပို့ဖို့ လုပ်ပါဦး အောင်အောင် ရယ်"

တွန်းလှည်းပေါ်မှာ ခွေခေါက် အိပ်ပျော်နေသော နွေဦး ကို ကြည့်ပြီး ဒေါ်မြအေး စိတ်ပူနေပြီ။

"နေဦး၊ လူနာတင်ကားခေါ်မှဖြစ်မှာ"

ဖုန်းဆက်ရန်အတွက် အိမ်ကြီးဆီသို့ အောင်အောင် အမြန်ပြေးသွားသည်။

❒ ❒ ❒

## အခန်း (၃၇)

အိပ်ဆေးက အန္တရာယ်ဖြစ်လောက်အောင် မများ၍ နွေဦး ဆေးရုံမှာ တစ်ညနှင့် နေ့တစ်ဝက်နေပြီး နောက်နေ့ညနေမှာ အကောင်းပကတိ အိမ်ပြန်လာနိုင်သည်။

"အမယ်လေး မသေကောင်း မပျောက်ကောင်း မောင်နွေဦးရယ်၊ ဒေါ်ကြီးဖြင့် စိတ်ပူလိုက်ရတာ"

နွေဦး ကို ကျန်းကျန်းမာမာ တွေ့ရ၍ ဒေါ်မြအေး ဝမ်းသာနေသည်။

ဖူးဆေ က အဆေးအရှာ သိမ်းထားသည့် တစ်ဝက်ကျန်နေသေးသော လိမ္မော်ရည်ဖန်ခွက်ကို ယူလာပြီး နွေဦးနှင့် အောင်အောင် ကို ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုဦး ဒီမိန်းမကို သေကြောင်းကြံစည်မှုနဲ့ ရဲတိုင်မလား"

အောင်အောင် က မေးသည်။ နွေဦး စဉ်းစားနေသည်။

"တိုင်မယ်ဆိုရင်တော့ ဒီဖန်ခွက်ကို သက်သေခံအဖြစ် ရဲကို ပေးရမယ်၊ ဓာတုဗေဒ စစ်ကြည့်ရင် လိမ္မော်ရည်ထဲမှာ အိပ်ဆေးတွေပါနေတာ တွေ့ရမယ်၊ ကျွန်တော်ကတော့ တိုင်စေချင်တယ်"

စိုးစန္ဒာ ကို အောင်အောင် လုံးဝ မကျေနပ်။

"တိုင်တော့လဲ နောက်ကျမှ သူတို့ဘာသာ အိပ်ဆေးတွေ ထည့်ထားတာပါလို့ ငြင်းရင် ငြင်းလို့ရတာပဲ"

နွေဦး က ကိုယ့်ဘက်က အားနည်းချက်ကို စဉ်းစားသည်။

"ဒါဆို တွန်းလှည်းခလုတ်ဖြုတ်ပြီး ချောက်ဘက် လိမ့်ကျအောင် လုပ်တာရော"

နွေဦး စဉ်းစားနေပြန်သည်။

"မတိုင်ချင်တော့ပါဘူးကွာ၊ ကိုယ်လဲ ဘာမှမဖြစ်ဘဲ"

"မဖြစ်တာက ဖူးဝေကြောင့်လေ၊ အဲဒီမိန်းမ ကြံစည်တဲ့အတိုင်းသာဆိုရင် ကိုကိုဦး သေပြီ"

နွေဦး က ဖူးဝေကို ကျေးဇူးတင်စွာ လှမ်းကြည့်လိုက်သည်။

"ဖူးဝေက ဘယ်လိုလုပ်ပြီး အားလုံးသိနေတာလဲ၊ ကိုကိုကြီး ကို ပြောပြပါဦး"

"ကိုအောင်အောင်က ဒီမိန်းမကို လုံးဝမယုံဘူး၊ အမြဲတမ်း သတိထားကြည့်ပါလို့ ဖူးဝေ ကို မှာထားတယ်၊ ဒါကြောင့် ဖူးဝေ သူ့ကို အမြဲတမ်း သတိထားကြည့်ပါတယ်။

"သစ်ခွရှုံလုပ်ပြီး ကိုကိုကြီးကို အဲဒီဘက် အထိုင်ခိုင်းကတည်းက ဖူးဝေ စိုးရိမ်ပါတယ်၊ မြက်ခင်းပြင်က ခြံစည်းရိုးဘက်ကို နိမ့်ဆင်းနေတယ်၊ မြက်ခင်းရှင်းရင်း သစ်ကိုင်းခြောက်တွေ ဖူးဝေ ခြံစည်းရိုးဘက် သွားပို့ရတော့ ချောက်ကြီးဖြစ်နေတာ တွေ့ရတယ်"

အောင်အောင် ခေါင်းညိတ်သည်။

"ကိုကိုကြီး မြက်ခင်းပြင်ဆင်းရင်း မတော်တဆ တွန်းလှည်းလိမ့်ဆင်းသွားမှာကို စိုးတယ်၊ သူ တွန်းပေးတဲ့နေ့ဆိုရင် ပိုစိုးရိမ်တယ်......

"ဒါပေမဲ့ အဲဒီလိုလုပ်ရင် ကိုကိုကြီးက ဘီးမလိမ့်အောင် ခလုတ်ကို တင်



လိုက်နိုင်တာ စဉ်းစားမိမှ ဖူးဝေ သိပ်ပြီး စိတ်မပူတော့ဘူး"

"သူကလဲ အဲဒါကို စဉ်းစားမှာပဲ၊ ဒါကြောင့် အိပ်ဆေးတိုက်ပြီးမှ လုပ်တာ"

"ဟုတ်တယ်"

အောင်အောင် ပြောသည်ကို ဖူးဝေ က ထောက်ခံသည်။

"မနေ့က ညနေမှာ ကိုကိုကြီးကို သူ လိမ္မော်ရည်တိုက်နေတော့ ဖူးဝေ စကားစိမ်းပင် အကွယ်ကနေ ကြည့်နေတယ်၊ သူက အတင်းတိုက်နေတယ်၊ တစ်ဝက်လောက် သောက်ပြီးတာနဲ့ ကိုကိုကြီး နောက်ကိုမှီနေတယ်၊ အဝေးက ဆိုတော့ ကိုကိုကြီး အိပ်ပျော်နေမှန်း မသိဘူး၊ ရိုးရိုးပဲ မှီထိုင်နေတာလို့ ထင်တယ်၊ နောက်မှ သူက ကိုကိုကြီး အနားသွားပြီး တွန်းလှည်း နောက်မလိမ့်အောင် ချထားတဲ့ ခလုတ်ကို ဖြုတ်လိုက်တယ်၊ တွန်းလှည်းက ဖြည်းဖြည်းချင်း လိမ့်ဆင်းတယ်"

"ဘုရား...ဘုရား"

ဒေါ်မြအေး က ပြန်တွေးပြီး ကြောက်နေသည်။

"သူက တွန်းလှည်းကို လှမ်းမဆွဲဘဲ တွန်းလှည်းနဲ့ ဝေးအောင် နောက်ဆုတ်သွားတယ်"

"ဆိုးလိုက်တဲ့ မိန်းမနော်"

စိုးစန္ဒာ နောက်ဆုတ်သွားပုံကို ဒေါ်မြအေး မြင်ယောင်ကြည့်သည်။

"ဖူးဝေ ကြည့်နေတော့ ကိုကိုကြီးကလဲ ဘာမှမလုပ်ဘူး၊ တွန်းလှည်းက တဖြည်းဖြည်းနဲ့ ပိုမြန်လာတယ်"

အားလုံး စိတ်ဝင်စားစွာ နားထောင်နေကြသည်။

"တွန်းလှည်း လိမ့်ကျသွားတဲ့နေရာ လှမ်းကြည့်တော့ ချောက်ထဲ တည့်တည့်ကျမယ့်နေရာ"

"သူက ကြိုတင်ပြင်ဆင်ပြီး အပိုင်တွက်လုပ်တာ သေချာတယ်"

စိုးစန္ဒာ ကို အောင်အောင် လုံးဝ ခွင့်မလွှတ်နိုင်။

"ဒါနဲ့ ဖူးဝေ လဲ ချောင်းကြည့်နေလို့ မရတော့ဘူး၊ ကိုကိုကြီး ဒုက္ခ ... တော့မှာ သိတာနဲ့ ကိုကိုကြီးလို့ အော်ခေါ်ပြီး အတင်းပြေးထွက်လိုက်ရတယ်"

"ငါ့သမီးလေးရယ်... တော်လိုက်တာ"

ဒေါ်မြအေး က ဖူးဝေ ကို ချီးကျူးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖူးစေ ပြေးလာရတဲ့ နေရာကလဲ ဝေးတယ်၊ တွန်းလှည်းကလဲ အရှိန်မြန်နေပြီ၊ ချောက်ဘက်ကိုလဲ နီးနေပြီ၊ ဖူးစေ မမီမှာစိုးလိုက်တာ၊ အဲဒီအချိန်မှာ ဘယ်လို စိတ်မောမှန်းမသိဘူး၊ ဒါနဲ့ တအားကုန် ပြေးလိုက်တော့ အရှိန်မနိုင်ဘဲနဲ့ မှောက်လဲလို့ ကိုကိုကြီး ကဲကောင်းသွားတာ"

"ဘာဖြစ်လို့လဲ"

အိပ်ပျော်နေသော နွေဦးက ဘာမှမသိ။

"ရှေ့ကို မှောက်ထိုးလဲကျတော့ လက်က တွန်းလှည်းရဲ့ ခြေတင်ခုံကို ဖမ်းမိသွားတယ်"

နွေဦး သက်ပြင်းချမိသည်။

"ဒါပေမဲ့ တွန်းလှည်းက အရှိန်မြန်နေတော့ ဖူးစေပါ ခြေတင်ခုံကို ဆွဲလျက် ပါသွားတယ်"

"ကျရင် နှစ်ယောက်လုံး ကျသေမှာ"

အောင်အောင်က ဖူးစေ စွန့်လွှတ်ရသည်ကို နွေဦး သိစေချင်သည်။

"ကံကောင်းချင်တော့ ချောက်ထဲကျခါနီးမှာ ဝါးရုံပင်ဆားကို ဖြတ်ရတယ်၊ ဝါးငုတ်တစ်ခုကို လက်နဲ့ဖမ်းဆွဲလို့ မိသွားတယ်၊ နာလိုက်တာတော့ လက်နှစ်ဖက်လုံး ပြုတ်ထွက်ကုန်မလား အောက်မေ့ရတယ်"

နွေဦးရော အောင်အောင်ပါ နားလည်စိတ်နှင့် ခေါင်းညိတ်ကြသည်။

"ဒါနဲ့ ခေါ်ကြီးကို အော်ပြီး အကူအညီတောင်းရတယ်"

"အဲဒီမိန်းမကတော့ လုံးဝ မလာဘူး မဟုတ်လား"

အောင်အောင် မေးသည်ကို ဖူးစေ က ခေါင်းညိတ်၍ ဖြေလိုက်သည်။

"ခေါ်ကြီးလဲ သူ့အော်သံတွေ ကြားကတည်းက ပြေးထွက်သွားလို့ တော်သေးတာပေါ့ကွယ်၊ တူမလေး ဆွဲထားတဲ့ တွန်းလှည်းကို အချိန်မီ ပြေးပြီး ကူဆွဲတော့ အမယ်လေး... ချောက်ထဲကျခါနီးလေး ရောက်နေပြီ၊ နောက်ထပ် တစ်လိမ့်စာတောင် မကျန်တော့ဘူး၊ ပြန်ပြောရတာတောင် ခုထိ ရင်တုန်တယ်"

ခေါ်မြအေး က အပြီးသတ် ဖြည့်စွက်ပေးလိုက်သည်။

"ကျွန်တော် အဲဒီနေရာကို ခုသွားကြည့်ချင်တယ်"

နွေဦး က မျက်မြင်ကိုယ်တွေ့ ခံစားချင်သည်။

"အမယ်လေး... ရင်တုန်စရာကွယ်၊ မသွားပါနဲ့"

ခေါ်မြအေး စိုးရိမ်မိသည်။



"သွားပါ ရပါတယ်၊ တွန်းလှည်းကို ကျွန်တော် တွန်းခဲ့မှာပေါ့၊ ဒါမှ အဲဒီမိန်းမ ကြံတင်ကြံစည်တာ ကိုကိုဦး ကောင်းကောင်းသိမှာ"

အောင်အောင်က နွေဦး တိုင်ချက်ဖွင့်ချင်၍ ဖြစ်ပျက်ပုံကို အသေးစိတ် သိချင်သည်ဟု ထင်သည်။ သူကိုယ်တိုင် တွန်းလှည်းကို တွန်းပေးပြီး သွားကြည့်ကြသည်။ သစ်ခွရုံဆားမှ တွန်းလှည်းစလိမ့်သော နေရာ၊ စိုးစန္ဒာ ရပ်နေသော နေရာတို့ကို ဖူးစေ ပြသည်။ တွန်းလှည်းလိမ့်သွားသော နေရာမှာ ခုထိ လမ်းကြောင်း ထင်ရှားစွာရှိနေဆဲဖြစ်သည်။ ဖူးစေ မှောက်လဲသည့်နေရာ၊ တွန်းလှည်းနှင့်အတူ ဖူးစေ လျှောပါသော နေရာများတွင် မြက်ပင်များမှာ အရာထင်နေဆဲဖြစ်သည်။ နောက်ဆုံး တွန်းလှည်း ရောက်သောနေရာကို ပြန်ကြည့်မိကြတော့ အားလုံး အထိတ်တလန့် ဖြစ်ကြရသည်။ ခေါ်မြအေး ပြောသည်မှာ မှန်သည်။ နောက်ထပ် တစ်လိမ့်စာပင် မကျန်တော့ပါ။

"ကိုကိုဦး မှာ ဖူးစေ ပေးတဲ့အသက်ပဲ ရှိတော့တယ်"

နွေဦး ဖူးစေ ကို လှမ်းကြည့်လိုက်သည်။

"ဟုတ်ပါတယ်ကွယ်၊ သူသာ လွှတ်ပစ်လိုက်ရင်တော့ မစဉ်းစားရဲစရာပါပဲ"

"နားလည်ပါတယ် ခေါ်မြအေး၊ ကျွန်တော် ကျေးဇူးတင်ပါတယ်လို့ ပြောရင်တောင် မလုံလောက်ပါဘူး"

"ကျေးဇူးတင်စရာ မလိုပါဘူး ကိုကိုကြီး၊ ကိုကိုကြီး ကျေးဇူးတွေ ဖူးစေ အပေါ် အများကြီး ရှိနေတာပဲ"

"ကျွန်တော်တော့ ဟိုမိန်းမကို လုံးဝ မကျေနပ်ဘူး၊ သူ ကိုကိုဦး ကို အသေသတ်တာ"

အောင်အောင် က ရေတိုက်စားထားသော ချောက်ကမ်းပါးကြီးကို ကြည့်ပြီး စိုးစန္ဒာ ကို ဒေါသဖြစ်နေသည်။

"အိပ်ဆေးနဲ့သေရင် စစ်ဆေးတော့ပေါ့မှာ၊ လိမ့်ကျပြီးသေတော့ သူ အပြစ်မရှိအောင် လုပ်တာ"

အောင်အောင် က အဖြစ်မှန်ကို တွေးမိသွားသည်။

"သူက မောင်နွေဦး ကို ဒီလောက်အထိ မုန်းနေသလားကွယ်"

ခေါ်မြအေး နားမလည်နိုင်အောင် ဖြစ်ရသည်။

"ခြော်... ခေါ်ကြီးကလဲ၊ မုန်းတာထက် ပိုတာက လေသာဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုဦး ချောက်ထဲကျလို့သေရင် မေမေကြီးလဲ မရှိတော့ဘူးဆိုတော့ ကျန်တဲ့ပစ္စည်းအားလုံး တရားဝင်မယားဖြစ်တဲ့ သူရမှာ"

"ဩော်... ဒီလိုကိုး"

ဒေါ်မြအေး ရော ဖူးဝေပါ နားလည်သွားကြသည်။

"သိပ်ယုတ်မာတဲ့ မိန်းမ၊ ကိုကိုဦး သူ့ကို တိုင်ကိုတိုင်ရမယ်"

"ငါ မတိုင်ဘူး"

"ဗျာ..."

အောင်အောင် အံ့သြသွားသည်။

"ငါ ဒီမိန်းမကို မင်းမုန်းတာထက် ဆယ်ဆမက ပိုမုန်းတယ်၊ ဒီမိန်းမ မျက်နှာ ကြည့်ကိုမကြည့်ချင်ဘူး၊ တိုင်ရင် တရားရုံးမှာ သူ့မျက်နှာကို မြင်နေရဦးမယ်၊ သူကလဲ ဖွတ်အတင်းငြင်းမှာပဲ၊ အဲဒီတော့ ဓာတ်လမ်းတွေ ရှုပ်တယ်၊ ဒီမိန်းမက တရားရုံးမှာ ငိုပြ၊ လွမ်းပြ လုပ်ဦးမယ်၊ အဲဒါတွေလဲ ငါမကြည့်ချင်ဘူး၊ ခုတိုင်းလဲ ငါ့အိမ်ကို သူဘယ်နည်းနဲ့မှ လာရဲမှာမဟုတ်ဘူး၊ သူ့အပြစ်နဲ့သူ ဆက်သွယ်ရဲမှာ မဟုတ်တော့ဘူး၊ ငါ သူနဲ့ လုံးဝ မပတ်သက်ချင်ဘူး"

"ဒီတစ်ခါ အိမ်လာလို့တော့ ကျွန်တော် သူ့ကိုသတ်မှာ"

"သူ မလာရဲတော့ပါဘူး"

"လောဘသိပ်ကြီးတဲ့ မိန်းမ"

"လောဘကြီးလို့ ဘာမှမရဘဲ သူ့ပစ္စည်းတွေပါထားပြီး ထွက်ပြေးရတာ ပေါ့ကွာ"

"ကောင်းတယ်၊ သရဲခြောက်စရာ မလိုတော့ဘူးပေါ့"

"ရှင်..."

အောင်အောင် ပြောပုံမှာ တစ်စုံတစ်ရာ အဓိပ္ပာယ်ပါသည်ဟု ဖူးဝေ ထင်သည်။ အောင်အောင် ပြုံးနေသည်။ နွေဦး ကလည်း ဖူးဝေ ကို လှမ်းကြည့်နေသည်။

"ကိုအောင်အောင် ဘာလို့ပြုံးနေတာလဲ၊ တကယ် သရဲခြောက်တာ မဟုတ်ဘူးလား"

"မဟုတ်ဘူး"

အောင်အောင် က ဖော်ကောင်လုပ်ချင်နေသည်။

"ဘယ်သူခြောက်တာလဲ၊ ကိုအောင်အောင်လား"

"ပထမတစ်ခါ အဝတ်ဖြူဝတ်ပြီး ပါးရိုက်တာ မမသီဂီ"



"ဟင်..."

"ဟယ်..."

နွေဦး နှင့် ဒေါ်မြအေး အံ့သြနေကြသည်။

"အဲဒီမိန်းမက မောင်နှမချင်း ပေးစားပြီး စော်ကားတယ်၊ ပြီးတော့ မမသီဂီ ကို ပါးရိုက်မယ်လို့ ပြောထားတယ်၊ ဒါနဲ့ အဲဒီမိန်းမ အိမ်ပြန်ရောက်နေတဲ့ အကြောင်း မမသီဂီကို ကျွန်တော် သွားပြောတော့ မမသီဂီ သိပ်စိတ်ဆိုးတယ်၊ ကိုကိုဦး ကိုလဲ မကျေနပ်ဘူး၊ ကျွန်တော်က သဘောတူခွင့်ပြုလို့ မဟုတ်ဘူး၊ အတင်းပြန်လာပြီးနေတာ၊ ဒီမိန်းမ ထွက်သွားအောင် ဘယ်လိုလုပ်ရမှန်း မသိဘူးလို့ ညည်းတော့ မမသီဂီ စဉ်းစားတယ်၊ တော်တော်လေးကြာမှ စဉ်းစားလို့ ရသွားဟန်တူပါတယ်၊ ညအားလုံးအိပ်နေမှ အိမ်ထဲဝင်မယ်၊ ဒီမိန်းမတစ်ယောက် တည်း ထွက်လာအောင် လုပ်ပြီးမှ သရဲယောင်ဆောင်ပြီး ပါးရိုက်မယ်လို့ ပြောတယ်၊ ကျွန်တော်လဲ သဘောကျတယ်၊ သိပ်ကောင်းတဲ့ အကြံဉာဏ်"

"တံခါးတွေအားလုံး ပိတ်ထားတာ အိမ်ထဲ ဘယ်လိုလုပ်ဝင်လဲ"

ဖူးဝေ၏မေးခွန်းကို ဒေါ်မြအေး ကပါ ခေါင်းညိတ်ပြီး ပူးပေါင်းလိုက်သည်။

အောင်အောင် ပြုံးသည်။

"အဲဒီနေ့က ကျွန်တော် လာတယ်လေ၊ နောက်ဘက် စတိုခန်းသောတံခါး ကို ဘယ်သူမှ သုံးတာမဟုတ်ဘူး၊ အဲဒီတံခါးကို အတွင်းက ဖွင့်ထားခဲ့ပြီး အသာလေး ပြန်ပိတ်ထားခဲ့တာပေါ့"

"ဩော်... အဲဒီအပေါက်က ဝင်တာကိုး"

"ပါးရိုက်ပြီးလို့ သူကြောက်ပြီး လဲကျသွားတဲ့ အချိန်မှာ ကျွန်တော်တို့ ပြန်ထွက်ပြီး ပြေးကြတာပဲ၊ ဟား... ဟား... ဟား ပျော်လိုက်တာ"

အောင်အောင် သူ့ဘာသာ သဘောကျနေသည်။

"နောက်တစ်ခါ အရူတွေနဲ့ပစ်တာကကော"

ဖူးဝေ၏မေးခွန်းကို နွေဦး က ခေါင်းညိတ်ပြီး ပူးပေါင်းပြန်သည်။ အောင်အောင် ပြုံးပြန်သည်။

"နောက်တစ်ခါကျတော့ မမသီဂီ က ခေါ်လို့မရတော့ဘူး၊ သူ့ကို ပါးရိုက်မယ်ပြောတဲ့ မိန်းမ ပါးရိုက်လိုက်ရလို့ ကျေနပ်သွားပြီတဲ့၊ ဒါနဲ့ ကျွန်တော့် ဘာသာ နှစ်ခါ လာတယ်၊ နောက်တစ်ခါကျတော့ အရူတွေနဲ့ပစ်ခဲ့တာ"

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး အောင်အောင် ရယ်"

ဒေါ်မြအေး က ကြောက်နေသေးဟန်ဖြင့် သူ့ရင်ကို သူဖိလိုက်သည်။

"ဘာအူတွေလဲ၊ ပုပ်စော်နံလိုက်တာက ပိုကြောက်စရာကောင်းတယ်"

ဖူးစေ အူများကို ပြန်ပြီးမြင်ယောင်နေသည်။

"ဝက်အူတွေလေ၊ ဝယ်ထားတဲ့နေ့က မလုပ်ဖြစ်လို့ နောက်တစ်နေ့မှ လုပ်ဖြစ်တော့ ပုပ်နေတာက ပိုကောင်းသွားတာပေါ့"

"သူက ကိုအောင်အောင့် ကို မမြင်ဘူးလား"

"ဘယ်မြင်မလဲ၊ ကျွန်တော်က အမှောင်ထဲမှာနေတာ၊ သူက မီးရောင်ထဲမှာ တုတ်ကြီးကိုင်ပြီး ရပ်စောင့်နေတော့ အနားမကပ်တော့ဘူး၊ အဝေးကနေ မျက်နှာမှန်အောင် လှမ်းပစ်ရတာ"

"အမယ်လေး... အောင်အောင် ရယ်၊ ဒေါ်ကြီးသာ အမှန်ခံရရင်တော့ ကြောက်တာနဲ့ နေရာတင် အသက်ထွက်မှာပဲ"

"သူ ထွက်ပြေးလို့၊ မပြေးရင် မပြေးမချင်း ကျွန်တော် သူ့ကို ခြောက်မှာပဲ"

"သရဲ ပြဿနာရှုပ်လို့ ငါက မင်းကို အိမ်ခေါ်လိုက်တာ၊ အဲဒီတော့မှ သရဲက အိမ်ထဲရောက်လာတော့တာပဲ"

နွေဦး စကားကြောင့် အားလုံးရယ်သည်။

"ကဲ– ဒီကရှေ့ ဘယ်သရဲမှ မရှိတော့ဘူး၊ ဖူးစေ ရော၊ ဒေါ်ကြီး ရော ဘာမှ မကြောက်နဲ့တော့"

"အမယ်လေး... ဝမ်းသာလိုက်တာ အောင်အောင် ရယ်၊ ဒေါ်ကြီးဖြင့် မနက်ထရတာတောင် တထိတ်ထိတ် တလန့်လန့်နဲ့၊ ဝတ်စုံဖြူဝတ်တဲ့ မိန်းမနဲ့များ တွေ့မလား၊ အူတွေနဲ့ အပစ်ခံရမလား သိပ်ကြောက်နေတာပဲ"

"မကြောက်နဲ့တော့၊ ဒီအိမ်ကြီးမှာ မကောင်းတဲ့မိန်းမလဲ မရှိတော့ဘူး၊ သရဲလဲ မရှိတော့ဘူး၊ အားလုံး ကောင်းသွားပြီ"

"ကိုကိုဦးကို ဆေးတိုက်တာ၊ ဆေးလိမ်းတာ၊ ပြုစုတာအားလုံး ဖူးစေ က တာဝန်ယူ၊ ချက်ပြုတ်တာနဲ့ ကျွေးတာကတော့ ဒေါ်ကြီးနဲ့ ဖူးစေ အတူပေါင်းလုပ်ပေါ့"

အောင်အောင် က ဆရာကြီးလုပ်နေသည်။

"ကိုအောင်အောင် လဲ ဒီမှာပဲ ဆက်နေနော်"



ဖူးစေ က အောင်အောင် အိမ်မှာရှိစေချင်သည်ကို နွေဦး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ညနေပိုင်း ကားဝင် ကားထွက်ရှိလို့ နောက်ကျရင်လဲ အလုပ်သိမ်းတဲ့အချိန် အိမ်ပြန်လာပေါ့၊ မော်တော်ကားတစ်စီး ပြန်ဝယ်ပေးမယ်"

"ဟာ... သိပ်ကောင်းတာပေါ့"

အောင်အောင် ပျော်သွားသည်။

အိမ်ကြီးတစ်ခုလုံးအတွက် အနှောင်အဖွဲ့များမှ လွတ်ကင်းသွား၍ ဖွင့်လင်း သာယာနေသည်။ ဖူးစေ နှင့် ဒေါ်ကြီးတို့၏ မျက်နှာမှာလည်း တိမ်ညိုကင်းသော လမင်းနှယ်...။

◻ ◻ ◻

## အခန်း (၃၈)

ဘီလူးမွှန်း စားသောက်ဆိုင်မှ သီးသန့်ခန်းတစ်ခန်းထဲမှ ဖြာလဲ့လဲ့ မီးရောင်အောက်မှာ...

"မင်း ငါ့ကို မတိုင်ပင်ဘဲနဲ့ ထင်ရာတွေလုပ်လို့ ခုတော့ အစီအစဉ်တွေ အားလုံးပျက်ပြီ"

ကျော်စွာမိုး ဒေါသဖြစ်နေသည်။

"ဟင်... ကျော် က စိုး ကို မင်းနဲ့ငါနဲ့ပြောတယ် ဟုတ်လား"

စိုးစန္ဒာ မခံမရပ်နိုင် ဖြစ်နေသည်။

"ဟာကွာ ဒီလောက်တောင် မကျေနပ်စရာတွေ ဖြစ်နေမှ တော့တွေ စိုးတွေနဲ့ ကဗျာဆန်မနေနိုင်ဘူး၊ တိုင်ပင်ပြီးမှ လုပ်ပါလို့ အသေအချာ ပြောထားလျက်နဲ့ စနေနေ့အထိ မင်း ဘာလို့ မဆိုင်းနိုင်ရတာလဲ"

"မဆိုင်းနိုင်ဘူးရှင့်၊ အဲဒီနေ့ အဲဒီအချိန်က အခြေအနေကောင်း၊ တကယ့် အခွင့်ကောင်း"

"ဪ... အခွင့်ကောင်းမို့ ဈေးပြေး ဝက်ပြေး ပြေးခဲ့ရတာပေါ့၊ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ရှင် စကားပြောတာ မမိုက်ရိုင်းနဲ့"

"မိုက်ရိုင်းဖို့လိုရင် မိုက်ရိုင်းရမှာပဲ၊ မင်းလုပ်တာ အသုံးမကျလို့ အလွန်ကောင်းတဲ့ အခွင့်အလမ်းတစ်ခု ဆုံးရှုံးသွားပြီ၊ သေကြောင်းကြံစည်မှုနဲ့တိုင်ရင် အမှုဖြစ်ဦးမယ်"

"ဖြစ်ရင်လဲ အတူတူပဲ"

"ဘာကွ၊ ဘာပြောတယ်၊ ဒီကိစ္စ မင်းဘာသာ ကြံစည်ပြီး မင်းဘာသာ လုပ်တာ၊ ငါနဲ့ လုံးဝမဆိုင်ဘူး"

ကျော်စွာမိုး က အပြတ်ငြင်းသည်။

"ဟင်... ခုမှ ဒီလိုပြောလို့ရမလား၊ ဒီကိစ္စ နှစ်ယောက်အတူလုပ်ကြတာပဲ"

"တော်စမ်း၊ မင်းဘာသာ လုပ်ချင်ရာ လုပ်တာကို ငါ့ဆွဲမထည့်နဲ့၊ ငါနဲ့ လုံးဝမဆိုင်ဘူး"

"ဩော်... ရှင်က တော်တော်တရားပါလား၊ ဒီကိစ္စ ရှင်ကစပြီး အကြံအစည်ရတာပဲ"

"ဒါတွေ မင်း ဘာမှလာပြောမနေနဲ့၊ အခု မင်းလုပ်ခဲ့တာ ငါ့အကြံအစည် ဘာမှမပါဘူး၊ ငါ ဘာမှလဲ မသိဘူး၊ မင်းသဘောနဲ့ မင်းထင်ရာဆုံးဖြတ်ပြီး မင်းတစ်ယောက်တည်း လုပ်တာ၊ ငါ့နာမည် ထည့်ကြည့်စမ်း၊ မင်းကို ငါအသေသတ်မယ်"

ကျော်စွာမိုး သစ္စာမဲ့ပြီဟု စိုးစန္ဒာ နားလည်လိုက်သည်။ ဒေါသဖြစ်ခြင်းနှင့်အတူ ရင်ထဲမှာ နာကျင်စွာ ခံစားရသည်။ အလွန်ချစ်ခဲ့မိသော ကျော်စွာမိုး ကို အမုန်းကြီး မုန်းသွားသည်။

"ရှင်ဟာ လူယုတ်မာ၊ သတ္တိမရှိတဲ့လူ"

"ဘာ... ငါ့လူယုတ်မာ ဟုတ်လား၊ မင်း အဲဒီလို ပြောရဲလား၊ ထပ်ပြောစမ်း"

စိုးစန္ဒာ ကို ရိုက်ရန် ကျော်စွာမိုး လက်ကို မြှောက်လိုက်သည်။

"ရှင်... ရှင် ဆိုင်ထဲမှာနော်"

စိုးစန္ဒာ ကြောက်ရွံ့စွာ နောက်ဆုတ်ရင်း သတိပေးလိုက်သည်။ ပြဿနာ ပိုရှုပ်ကုန်မည်စိုး၍ ကျော်စွာမိုး စိတ်ကို မနည်းထိန်းချုပ်လိုက်ပြီး စိုးစန္ဒာ၏ ရင်ဘတ်ကို ဆောင့်တွန်းရုံနှင့် ကျေနပ်လိုက်ရသည်။ စိုးစန္ဒာ အခန်းထောင့်မှာ



ဖင်ထိုင်လျက် လဲကျသွားသည်။ မြှောက်ရွယ်ထားသော လက်ကို [illegible] ပြန်ချလိုက်ရသည်။

"တောက်..."

ပြင်းထန်သော တောက်တစ်ချက် ခေါက်လိုက်သည်။

"သစ္စာမရှိတဲ့ မိန်းမယုတ်၊ ကိုယ့်အပေါ် ကောင်းခဲ့တဲ့ ယောက်ျားကိုတောင် သေကြောင်းကြံသေးတာ၊ ဘယ်သူ့အပေါ်မှ သစ္စာရှိမှာ မဟုတ်ဘူး"

"ဩော်... ခုတော့ ရှင်က ဒီလိုပြောတယ်ပေါ့လေ"

"အေး ပြောတယ်၊ မင်းလိုမိန်းမယုတ်နဲ့ ငါ ဒီအချိန်ကစပြီး လုံးဝ မပတ်သက်တော့ဘူး၊ မင်းကိစ္စတွေမှာ ငါနဲ့ ဘာမှမပတ်သက်စေနဲ့၊ ပတ်သက်လို့ကတော့ မင်း အသေပဲမှတ်"

ကျော်စွာမိုး က စားပွဲပေါ်မှ ဝီစကီခွက်ကို တစ်ချက်တည်း မော့ပြီး အခန်းထဲမှ ထွက်သွားသည်။

"ရှင် ဒါတွေ ရှင်းခဲ့ဦး"

ကျော်စွာမိုး က လှည့်၍ပင် မကြည့်ဘဲ ထွက်သွားသည်။ အခန်းထဲမှာ စိုးစန္ဒာ တစ်ယောက်တည်း ကျန်ခဲ့သည်။ အဖေ့အိမ်ကိုလည်း မပြန်ရဲ။ ဘယ်သွားရမှန်းလည်း မသိ၊ ဘာဆက်လုပ်ရမှန်းလည်း မသိ။ သည်ကြားထဲ နွေဦးက တရားစွဲလျှင် စိုးစန္ဒာ ပြာလဲ့လဲ့ မီးရောင်အောက်မှာ ချုံးပွဲချ၍ ငိုလိုက်မိပါသည်။

□ □ □

## အခန်း (၁၉)

န်နက်စာ ထမင်းဝိုင်းတွင် အားလုံး၏မျက်နှာမှာ ကြည်ကြည်လင်လင် ဖြစ်နေ၏။ နွေဦး၊ အောင်အောင်၊ ဖူးဝေ တို့ သုံးဦး လက်ဆုံစားခွင့် ပြန်ရသည် ရှိသော ထမင်းဝိုင်းလေး ဖြစ်သည်။ ဖူးဝေ က နွေဦး ပန်းကန်ထဲသို့ ဟင်းများထည့် ပေးသည်။

"ငါးခူကြော်နှပ် ကိုကိုကြီး"

www.burmeseclassic.com

www.burmeseclassic.com



နွေဦး ခေါင်းညိတ်ပြသည်။ အောင်အောင့် ပန်းကန်ထဲသို့လည်း ဖူးဝေ ဟင်းများထည့်ပေးသည်။

"တစ်အိမ်လုံးအတွက် အလုပ်လုပ် ကျွေးနိုင်အောင်လို့ များများစားနော်"

အောင်အောင် သဘောကျ၍ တဟားဟားရယ်ပြီး ဖူးဝေ ပန်းကန်ထဲသို့ ဟင်းများပြန်ထည့်ပေးသည်။

"ဖူးဝေ လဲ ကိုကိုဦး ကို ကောင်းကောင်း ပြုစုနိုင်အောင် များများစား"

ဖူးဝေ ပြုံးသည်။ စိုးစန္ဒာ ရှိစဉ်က ဤအိမ်ကြီးမှာ ဖူးဝေ ဤသို့ အရော ဝင်ခွင့်မရှိခဲ့။ လေးလံသော ကျောက်တုံးကြီးတစ်ခုနှင့် ဖိထားခံရသည့် ဘဝမှ လွတ်မြောက်လာသကဲ့သို့ ဖူးဝေ ပေါ့ပါးလွတ်လပ်နေသည်။ ဒေါ်မြအေးမှာလည်း မီးဖိုထဲတွင် ချက်ရ၊ ပြုတ်ရ၊ လုပ်ရ၊ ကိုင်ရသည်ကို မောသည်မထင်၊ ပျော်နေသည်။ ခုမှ ကိုယ့်အိမ်ကိုယ် ပြန်ရောက်လာသလို အားလုံး ပျော်ရွှင်နေကြသည်။

"ဖူးဝေ အဆေးသင်တက္ကသိုလ် ဆက်တက်ဖို့ အားလုံး လုပ်ပြီးပြီလား အောင်အောင်"

သူ့ ကျောင်းတက်ရေးကိစ္စ အမှတ်တရရှိသော ကိုကိုကြီး ကို ဖူးဝေ ကျေးဇူး တင်မိသည်။

"လုပ်ထားပါတယ်၊ မန္တလေး အဆေးသင်ကနေ ရန်ကုန် ပြောင်းလျှောက် ထားတယ်၊ ဝမ်းတွင်းက ဆယ်တန်းအောင်တာဆိုတော့ ဒီမှာ တိုက်ရိုက်လျှောက် လို့ မရဘူး၊ မန္တလေး အဆေးသင်မှာ လျှောက်ပြီးမှ ဒီကို ပြောင်းလျှောက်ရမယ်"

နွေဦး ခေါင်းညိတ်သည်။

"ဝမ်းတွင်းမှာနေတဲ့ ဖူးဝေ ဆရာမက မန္တလေး အဆေးသင်လျှောက်တဲ့ ကိစ္စအားလုံး လုပ်ပေးပါတယ်၊ အဲဒီကနေ ပြောင်းတဲ့စာ ဝင်လာမှ ဒီမှာ ငွေသွင်း ရမယ်"

"ရန်ကုန် အဆေးသင်ဌာနမှာ ကျွန်တော့်သူငယ်ချင်း တစ်ယောက်ရှိတယ်၊ မန္တလေးက စာဝင်လာရင် သူ ကျွန်တော့်ကို ဖုန်းဆက်မှာပါ"

"နောက်ကျနေမှာစိုးလို့"

"မကျပါဘူး ကိုကိုဦး"

"ဖူးဝေ လိုတာရှိရင် အောင်အောင့်ကို ပြောနော်၊ အောင်အောင်က အားလုံး လုပ်ပေးလိမ့်မယ်"

"ဟုတ်ကဲ့ပါ ကိုကိုကြီး"



"ကဲ... စားကြ၊ အားလုံး လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင်နေကြ၊ ငါတို့အိမ်မှာ ရာဟုဂြိုဟ်က လွတ်သွားပြီ"

ဖူးဝေ ပြုံးလိုက်သည်။

"ကိုကိုဦး ဒီမိန်းမကို တရားဝင်ကွာရှင်းဖို့ မလိုဘူးလား"

အောင်အောင် က စိုးစန္ဒာ နောက်တစ်ခါ အတင်းပြန်ဝင်လာမှာ စိုးနေ သည်။

"မလိုပါဘူး၊ မင်းကို ငါပြောပြီးသားပဲ၊ သူနဲ့ လုံးဝ မပတ်သက်ချင်တော့ ပါဘူးလို့"

"သူက အရင်တစ်ခါလို အတင်းပြန်ဝင်"

"ဩော်... အေး၊ မင်းတို့ ဒီနေ့ကစပြီး ခြံဝင်းတံခါးကို အတွင်းကနေ သော့ကြီးကြီးနဲ့ခတ်၊ အရင်ကလို အပြင်က ဖွင့်ပြီး ဝင်လို့မရစေနဲ့"

"ဟုတ်ကဲ့ပါ"

"တကယ်လို့ သူလာရင်လဲ ဘယ်လိုပြောပြော သော့ဖွင့်မပေးနဲ့၊ ဖူးဝေ ဒေါ်မြအေးကိုလဲ ပြောထား"

ဖူးဝေ ခေါင်းညိတ်သည်။

"တကယ်လို့ တရားဝင်ကွာမထားရင် ကိုကိုဦး နောက်ထပ် အိမ်ထောင် ပြုတဲ့အခါကျတော့"

"ငါ နောက်ထပ် အိမ်ထောင်မပြုတော့ဘူး"

"ဗျာ... အဲဒီလိုတော့ မလုပ်ပါနဲ့၊ ကိုကိုဦး အသက်က ငယ်ငယ်လေး ရှိသေးတာပဲ"

"တော်ပြီ၊ ဒီမိန်းမတစ်ယောက်တည်းနဲ့ တစ်သက်စာ လုံလောက်သွား ပြီ၊ စိတ်ပျက်စရာကောင်းလွန်းလို့"

"ဟာ... ကိုကိုဦးကလဲ၊ မိန်းမတိုင်း သူ့လိုဆိုတာမှ မဟုတ်ဘဲ၊ ရိုးရိုး သားသား သိမ်သိမ်မွေ့မွေ့နဲ့ မိန်းမပီသပြီး စိတ်ထားကောင်းတဲ့ မိန်းကလေး၊ အဲ အမျိုးသမီးတွေလဲ ရှိပါသေးတယ်"

အောင်အောင် က ဖူးဝေကို လှမ်းကြည့်လိုက်သည်။

"အေး အဲဒီမိန်းကလေးမျိုးကို မင်းပဲ ရအောင်ယူရမယ်"

"ဗျာ..."

အောင်အောင် ဘာဆက်ပြောရမှန်း မသိအောင် ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က မိန်းမမယူချင်သေးဘူး၊ ဒီအတိုင်းပဲ နေချင်သေးတယ်၊ ကိုကိုဦး ကသာ ပြန်ပြီးကျန်းမာလာအောင် ပြုစုပေးဖို့လိုလို့"

"တော်ပါပြီ အောင်အောင် ရာ၊ ထမင်းစားပျက်အောင် အဲဒါတွေ လာမပြောစမ်းပါနဲ့၊ ငါ့ကိုပြုစုဖို့ ဖူးဝေ ရှိတာပဲ"

နွေဦး၏ အားကိုးစကားကို သဘောကျ၍ ဖူးဝေ ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်သားပဲ ကိုအောင်အောင် ကလဲ"

"ဪ... ခုနေတော့ ဟုတ်တာပေါ့၊ နောက်ကျတော့ ဖူးဝေ က အဝေးသင်တက်ရင်း သဘောကျတဲ့လူနဲ့ တွေ့ပြီး ယူသွားရင် ဒုက္ခဖြစ်မှာပေါ့"

"ဟယ်... ကိုအောင်အောင်ကလဲ မဟုတ်တာ၊ ဖူးဝေ ဘယ်သူ့မှ မယူဘူး၊ ကိုကိုကြီး ကို ကျန်းမာလာအောင် ပြုစုနေမှာ"

နွေဦးက သဘောကျစွာ ခေါင်းညိတ်လိုက်သည်။

"ဒါဆိုရင်လဲ ဘယ်လိုပဲဖြစ်ဖြစ် ခုရှုပ်မှ နောင်ရှင်း၊ ကျွန်တော်ကတော့ ဒီမိန်းမနဲ့ တရားဝင် ကွာရှင်းပြတ်စဲစေချင်တယ်၊ ကိုယ် နောက်အိမ်ထောင် မပြုချင်ရင်လဲ နေလို့ရတယ်၊ ပြုချင်ရင်လဲ သူ ကန့်ကွက်လို့မရဘူး"

"ဟ ငါက ယောကျ်ားပဲ၊ သူ ဘယ်လိုကန့်ကွက်လို့ ရမှာလဲ"

"ကိုကိုဦး နောက်ထပ်မိန်းမယူရင် သူ မကန့်ကွက်နိုင်ဘူးလား"

"လုံးဝ မကန့်ကွက်နိုင်ဘူး"

"ဒါဖြင့်လဲ ပြီးရော၊ ကျွန်တော်က ကန့်ကွက်မှာစိုးလို့၊ အဲဒီမိန်းမကို ကျွန်တော်ကတော့ သိပ်လန့်နေတာ"

"အေး... မင်းကိုလဲ ငါ ကြိုကြိုတင်တင် ပြောထားလိုက်မယ်၊ မင်း ငါလို ဒုက္ခမဖြစ်စေချင်ဘူး၊ မင်း အဲဒီလိုမိန်းမမျိုးနဲ့ တွေ့မှာ သိပ်စိုးတယ်"

"စိတ်ချ ကိုကိုဦး၊ လုံးဝ မတွေ့ဘူး"

"နေဦး၊ မင်း မိန်းမယူရင် ငါသဘောတူတဲ့ မိန်းကလေးနဲ့ပဲ ယူရမယ်"

နွေဦးက ထမင်းစားရင်း အောင်အောင်ကို လှမ်းကြည့်နေသည်။ အကြည့်မှာ စူးစိုက်သော အားထည့်ထားသည်။

"ရတယ်၊ ကိုကိုဦး လဲ နောက်ထပ် ကျွန်တော် သဘောကျတဲ့ မိန်းကလေးနဲ့ ယူရမယ်၊ ကိုကိုဦး နောက်ထပ်အိမ်ထောင်ပြုပြီးမှ ကျွန်တော် မိန်းမယူမယ်"

"ခွေးကောင် လူကပ်"



ညီအစ်ကိုနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး အားပါးတရ ရယ်လိုက်ကြ၍ ဖူးဝေ ရောယောင်ပြီး ပြုံးနေမိလိုက်သည်။

□ □ □

# အခန်း (၆၀)

နွေဦး၏အခန်းမှာ ရှင်းရှင်းသန့်သန့်ဖြစ်နေပြီ။ စိုးစန္ဒာ၏ အဝတ်အစားအသုံးအဆောင်ပစ္စည်းအားလုံး စတိုခန်းထဲသို့ ရောက်သွားကြပြီ။ မဟော်ဂနီပင်ကြီးများကို မြင်ရသော ပြတင်းပေါက်ရှိရာသို့ တွန်းလှည်းကို လွတ်လွတ်ကင်းကင်း တွန်းပြီး နွေဦး သွားနိုင်ပြီ။ မဟော်ဂနီရွက်များမှာ ခုမှပိုပြီး တောက်ပလာကြသလို နွေဦး ခံစားရသည်။ မဟော်ဂနီရွက်များကို ဖြတ်လာသော လေပြည်လေးကလည်း ခုမှ ပိုအေးလာသည်။ မဟော်ဂနီပင်များ၏ အထက်ကောင်းကင်မှာ ပျံသန်းသွားကြသော ဗျိုင်းအုပ်များကိုလည်း အိမ်ပြတင်းပေါက်မှပင် ကြည့်၍ရနေသည်။ ဖူးဝေ က သစ်ခွရုံကို အလှမပျက်အောင် ဆက်လက်စောင့်ရှောက်ထားပါသည်။ သို့သော် နွေဦး လုံးဝ ကြည့်ချင်စိတ်မရှိ။ သစ်ခွရုံဘက်သို့ မြင်နိုင်သော တံခါးကို ပိတ်ထားလိုက်ပြီ။ ဖွင့်ရန် လုံးဝ စိတ်ကူးမရှိ။

"ခေါက်... ခေါက်... ခေါက်"

တံခါးခေါက်သံ ကြား၍ လှည့်ကြည့်လိုက်သည်။

"ဖူးဝေ ပါ၊ ကိုကိုကြီး အနာဆေးထည့်ရအောင်လို့"

"ဖွင့်လိုက်၊ ရတယ်"

တံခါးခလုတ်ကို လှည့်ဖွင့်ပြီး ဖူးဝေ ဝင်လာသည်။ နွေဦး ထိုင်နေသောနေရာမှာပင် ဖူးဝေ က နွေဦး၏အနာကို ဆေးထည့် ပေးသည်။

"အနာက အတော်ကောင်းသွားပြီ ကိုကိုကြီး"

ဆေးထည့်ရန် မလို၍ ဆီကောရှင်း ပေါင်ဒါသာ ထည့်ပေးရသည်။ စတီးချောင်းကြီး ရှိနေသေးသည်ကိုသာ ဖူးဝေ စိတ်အနှောင့်အယှက် ဖြစ်သည်။

"နောက်ထပ် တစ်ပတ်လောက်ဆိုရင် ဒီစတီးချောင်းကြီး ဖြုတ်ပစ်ရတော့မယ်နော် ကိုကိုကြီး"

www.burmeseclassic.com

www.burmeseclassic.com



"အထဲက အရှိုးအခြေအနေ ကောင်းရင်ပေါ့"

နွေဦး ပြောသည်က မတင်မကျ။

"ကောင်းပါစေလို့ ဖူးဝေ ဆုတောင်းနေမယ်"

ဖူးဝေ၏စေတနာကို နားလည်၍ နွေဦး ရင်ထဲမှာ အမောလေးတစ်ခု ပြတ်သွားသည်။

"အခု လမ်းလျှောက်ကြည့်ရအောင်နော် ကိုကိုကြီး"

"ဘယ်နှစ်နာရီ ရှိပြီလဲ"

"ငါးနာရီ"

"လျှောက်ကြည့်လေ"

ပြောသာ ပြောလိုက်ရသည်။ လမ်းလျှောက်ရမည်ကို နွေဦး ကြောက်နေသည်။

ဖူးဝေ က တွန်းလှည်းကို နောက်မှတွန်း၍ အခန်းထဲမှ အထွက်တွင် တဘက်သေးသေးတစ်ထည်ကို ဆွဲယူလာခဲ့သည်။

"ဘယ်မှာလျှောက်မလဲ ကိုကိုကြီး၊ မြက်ခင်းပြင်"

"မသွားဘူး မသွားဘူး၊ မဟော်ဂနီပင်တန်းမှာပဲ လျှောက်မယ်"

"အဲဒီလိုဆို ဖိနပ်ယူလိုက်ဦးမယ်နော် ကိုကိုကြီး"

ဖူးဝေက တွန်းလှည်းကို ရပ်ထားခဲ့ပြီး ဖိနပ်စင်မှ နွေဦး၏ ကတ္တီပါခင်း ကတ္တီပါသည်းကြိုးတပ် ဖိနပ်ကို သွားယူသည်။ မဟော်ဂနီပင်တန်းမှ လမ်းသည် ညီညီညာညာ ရှိသော်လည်း လမ်းပေါ်မှာ ကျောက်စရစ်ခဲ သေးသေးလေးများ ရှိသည်။ ဖူးဝေ၏ ကြိုတင်မြော်မြင်မှုကို နွေဦး နားလည်လိုက်သည်။ ဖူးဝေက ဖိနပ်ကို တွန်းလှည်းခြေတင်ခုံပေါ်တင်၍ နွေဦး၏ခြေထောက်မှာ စွပ်ပေးသည်။ နွေဦး အားနာသော်လည်း မတတ်နိုင်။ တွန်းလှည်းရှေ့မှာ ဒူးလေးထောက်ပြီး ဖိနပ်စီးပေးနေသော ဖူးဝေ ကိုသာ ကျေးဇူးတင်စွာ ကြည့်နေလိုက်ရသည်။ ဖိနပ်စီးပေးပြီးသည်နှင့် ဖူးဝေက တွန်းလှည်းကို မဟော်ဂနီပင်တန်းသို့ တွန်းလာခဲ့သည်။ မဟော်ဂနီပင်တန်းသို့ ရောက်မှ တွန်းလှည်း ရပ်လိုက်သည်။ အိမ်မှာ အောင်အောင် မရှိ၍ ဖူးဝေ ကိုယ်တိုင် တွဲရမည်။ မိန်းကလေးဖြစ်၍ နွေဦး အားနာနေရပြန်သည်။

"ထမယ်နော် ကိုကိုကြီး"

ဖူးဝေ က တွဲထူရန် အဆင်သင့်။

နွေဦး လက်ကမ်းပေးရန် ခက်နေသည်။



"ဟိုကောင် အောင်အောင် ရှိတဲ့နေ့မှ လျှောက်ရင်ကောင်းမယ် ထင်တယ်"

ဖူးဝေ ပြုံးလိုက်သည်။ သိပါသည်။

"ကိုကိုကြီးက ဖူးဝေ မနိုင်မှာစိုးလို့လား၊ ရပါတယ် ဖူးဝေ နိုင်ပါတယ်"

ဖူးဝေ က လက်လှမ်းပေးလိုက်သည်။ ဖူးဝေကို နွေဦး မော့ကြည့်နေသေးသည်။ ဖူးဝေက လက်လှမ်းထားဆဲ။ မတတ်နိုင်။ နွေဦး လက်ကမ်းပေးလိုက်ရသည်။ ဖူးဝေက နွေဦး လက်ကိုဆွဲပြီး မတ်တတ်ထနိုင်ရန် ထူပေးသည်။ မရသေး။ နွေဦး ထိုင်နေရာမှ ကြွမလာ။ ဖူးဝေ၏လက်တစ်ဖက်က နွေဦး ချိုင်းအောက်မှ မ,ပေးရသည်။ ဖူးဝေ ထံမှ သနပ်ခါးနံ့ သင်းသင်းလေးကို နွေဦး ရနေသည်။ ဖူးဝေ ကို အားနာ၍ နွေဦး ကြိုးစားပြီး ထသည်။ မတ်တပ်ရပ်၍ ရသွားပြီ။ သို့သော် နွေဦး နည်းနည်းယိုင်သွား၍ လဲမသွားအောင် ဖူးဝေက လက်တစ်ဖက်ဖြင့် ခါးကို လှမ်းဖက်ပြီး ထိန်းထားလိုက်သည်။

"အို..."

နှစ်ဦးသား ဘေးချင်းထိမိလျက် အနေအထားမှာ နွေဦး ရပ်နေရသည်။ ဖူးဝေ အားတင်းပြီး ရပ်ထားရသည်။ နွေဦး ဘာဆက်လုပ်ရမှန်း မသိ။ ခုမှ အတိုင်းနှင့်လည်း လျှောက်၍မရသေး။

"ကိုကိုကြီး ဖူးဝေ ပခုံးကို ဖက်လိုက်လေ"

ဖူးဝေက အောင်အောင်နှင့် တွဲလျှောက်သည်ကို ကြည့်ထားခဲ့ပြီး ဖြစ်သည်။ နွေဦး ဖူးဝေကို ဖက်ရန် လက်က ထွက်မလာ။ ဖူးဝေ က နွေဦး၏လက်ကို လှမ်းကိုင်ပြီး ပခုံးပေါ်သို့ ဆွဲတင်လိုက်သည်။

"ဖက်ထားလိုက်လေ ကိုကိုကြီး"

ဖူးဝေ၏ပခုံးကို နွေဦး ဖက်ထားလိုက်ရသည်။

"ဟင်း..."

နွေဦး သက်ပြင်းချသည်ကို ဖူးဝေ သတိထားလိုက်မိသည်။

"နာလို့လား ကိုကိုကြီး"

"မနာပါဘူး"

နှစ်ဦးသား တွဲ၍ မြဲမြဲနိုင်နိုင် ရပ်မိကြပြီ။

"ညာခြေကို စလှမ်းကြည့် ကိုကိုကြီး"

အောင်အောင်နှင့် လျှောက်စဉ်က အောင်အောင် ပြောသည်ကို မှတ်ထားခြင်း ဖြစ်သည်။ နွေဦး ညာခြေကို လှမ်းသည်။ ဖူးဝေ ကို ခပ်ဖိဖိလေး ကိုင်လိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဖူးဝေ ယိုင်မသွားအောင် သတိထားပြီး ကိုယ်ကို ထိန်းထားသည်။ ညာခြေလှမ်း၍ ရသွားပြီ။

"ဘယ်ခြေလှမ်းကြည့် ကိုကိုကြီး"

စတီးချောင်း ထည့်ထားသော ညာခြေပေါ်မှာ နွေဦး အားပြုပြီး ထောက်ကြည့်သည်။ နာကျင်ခြင်းမရှိ၍ ညာခြေထောက် အခြေအနေကို နွေဦး ဝမ်းသာရသည်။

"နာရင်ပြောနော် ကိုကိုကြီး"

ဖူးဝေက နွေဦး၏ခါးကို ခပ်တင်းတင်းလေး ဖက်ပြီး ထိန်းထားသည်။

"ရတယ် မနာပါဘူး"

နွေဦး ဘယ်ခြေလှမ်းလိုက်၍ ဖူးဝေပါ အလိုက်သင့် ရှေ့သို့ ခြေတစ်လှမ်း ရွှေ့လိုက်သည်။

"ရပါတယ်၊ ကိုကိုကြီး တော်တော်ကောင်းနေပါပြီ"

ဖူးဝေ က အားပေးသည်။

"ဆက်လှမ်းမယ်"

နွေဦးက သူ့ဘာသာပြောပြီး ညာခြေကို ရှေ့သို့ လှမ်းသည်။ ဖူးဝေ အလိုက်သင့် ထိန်းပေးထားသည်။ နွေဦးက ဖူးဝေ ပခုံးပေါ် လက်ဖြင့် ဖိဖက်ထားသည်ကို နည်းနည်းလျှော့ပြီး လှမ်းကြည့်သည်။ ရသည်။ ဘယ်ခြေကို ဆက်လှမ်းသည်။ ခြေထောက်များမှာ လေးနေဆဲဖြစ်သော်လည်း နာကျင်မှုမဖြစ်။ စိတ်ထဲမှာ နည်းနည်းရဲလာသည်။

"ဖြည်းဖြည်းချင်းပဲ လှမ်းနော် ကိုကိုကြီး၊ ဖူးဝေ ပခုံးကိုလဲ အားပြုထားဦး"

ဖူးဝေ က သတိပေးသည်။

"လှမ်းလို့ရတယ် ဖူးဝေ၊ ကိုကိုကြီး ခါးကို သိပ်တင်းတင်း ဖက်မထားနဲ့"

"ဘာဖြစ်လို့လဲ ကိုကိုကြီး"

"ခြေထောက်အားကို သိချင်လို့"

ဖူးဝေ နည်းနည်း လျှော့ပေးသည်။ သို့သော် လွတ်ကျသွားလျှင် ဖမ်းထိန်းထားနိုင်အောင် အသင့်ရှိနေသည်။ နွေဦး အားတင်းပြီး ဆက်လျှောက်သည်။ ဖူးဝေ က နွေဦးနှင့်အတူ ဘေးချင်းယှဉ်၍ အလိုက်သင့် ရွှေ့ပေးနေသည်။ နွေဦး သူ့ဘာသာ လျှောက်လှမ်းနိုင်လာသည်ကိုလည်း ဝမ်းသာနေသည်။



"အတော်ရနေပြီ၊ ကိုကိုကြီး ခြေထောက်တွေ ကောင်းနေပြီ၊ အလေ့အကျင့် မရှိသေးလို့ လေးနေတာ"

"ဟုတ်တယ်"

နွေဦး၏လေသံတွင် အားတက်မှုပါသည်။ နွေဦး ကျန်းမာချင်သည်။ လူကောင်းပကတိ ပြန်ဖြစ်ချင်သည်။ ဆက်လျှောက်သည်။ လူက နည်းနည်းယိုင်သွား၍ ဖူးဝေကို ခပ်ဖိဖိလေး ဖက်ထားလိုက်ရသည်။ ဖူးဝေ ကလည်း နွေဦး၏ ခါးကို ခပ်တင်းတင်းလေး ဖက်ပြီး ထိန်းပြီးသား ဖြစ်သွားသည်။

"ကိုကိုကြီး၊ နာရင် ခဏနားလေ"

ဖူးဝေ ကိုယ်တိုင်လည်း စိုးရိမ်နေသေးသည်။

"ဖူးဝေ ကို အားနာလိုက်တာ"

တင်းတင်းလေးဖက်ထားသော လက်ကို ပြန်လျှော့လိုက်သည်။

"အားမနာပါနဲ့ ကိုကိုကြီး ရယ်၊ ကိုကိုကြီး လမ်းလျှောက်နိုင်ရင် ဖူးဝေ သိပ်ဝမ်းသာရမှာပါ"

ဖူးဝေ ကို လှမ်းကြည့်ပြီး နွေဦး ခေါင်းညိတ်ပြသည်။

"ရတယ်၊ ဆက်လျှောက်ကြည့်မယ်"

ငါးလှမ်းလျှောက်ပြီးတော့ ခဏနားရသည်။

"လျှောက်လို့ရတယ်၊ မနာဘူး၊ ခြေထောက်တွေက လေးနေသေးလို့ ခြေလှမ်းဖို့ မနည်းသယ်နေရတယ်"

ခဏနားပြီးတော့ နွေဦး ဆက်လျှောက်ပြန်သည်။ ဖူးဝေ ကို အားပြုသည်ပင် နည်းနည်း လျှော့ထားသည်။ အခြေအနေ အတော်ကောင်းနေပြီကို ဖူးဝေ ရိပ်မိသည်။

"ဒီလိုသာ နေ့တိုင်းလျှောက်ပေးရင် ကိုကိုကြီး ပြန်ကောင်းသွားမှာပါ"

နွေဦး ခေါင်းညိတ်သည်။

"နောက်ကျရင် မနက်တစ်ခါ၊ ညနေတစ်ခါ လျှောက်ကြည့်မလား ကိုကိုကြီး"

ဖူးဝေ က မြန်မြန်ကောင်းစေချင်သည်။

"ကြိုးစားကြည့်တာပေါ့"

စကားပြောရင်း ခြေလှမ်းရင်းနှင့် ဆယ်လှမ်းအထိ ရောက်သွားသည်။

"ခဏနားဦးနော် ကိုကိုကြီး"

www.burmeseclassic.com

www.burmeseclassic.com



နွေဦး ခြေနှစ်ချောင်းပေါ်မှာ ရပ်ထားသည်။ နဖူးပေါ်တွင် ချွေးများ သီးနေပြီ။ ဖူးဝေက အသင့်ယူလာသော တဘက်ကလေးကို နွေဦး လက်သို့ လှမ်းပေးသည်။

"ချွေးတွေသုတ်လိုက်ဦး ကိုကိုကြီး"

တဘက်ကလေးကို ကြို့တင်ယူလာသည့် ဖူးဝေ၏ အမြော်အမြင်ကို နွေဦး လေးစားရပြန်သည်။ ဖူးဝေမှာ နွေဦးနှင့် ဘေးချင်းယှဉ်လျက် ကိုယ်ချင်း တွဲမှီပြီး ရပ်နေရှာသည်။ နွေဦး၏ ခါးကိုလည်း လက်တစ်ဖက်ဖြင့် ဖက်၍ ထိန်းထားရသဲ ဖြစ်သည်။ ခဏကြာတော့ နွေဦး အမောပြေသွားပြီ။

"တော်ပြီလား ကိုကိုကြီး"

ဖူးဝေ က နွေဦး မောမှာ စိုးရိမ်သည်။

"နောက်ထပ် ငါးလှမ်းလောက် ဆက်လျှောက်ကြည့်တာပေါ့"

"ကောင်းတယ် ကိုကိုကြီး"

ကိုကိုကြီး စိတ်ဓာတ်တက်ကြွသည်ကို တွေ့ရ၍ ဖူးဝေ ဝမ်းသာသည်။ နွေဦး ကိုယ်တိုင်လည်း ကိုယ့်ကိုယ်ကို အားရပြီး ဝမ်းသာနေသည်။ လှမ်းရင်း လှမ်းရင်းနှင့် ခြေထောက်များမှာ စစချင်း လျှောက်ရသလို လေးလံမနေဘဲ လျှောက်၍ရလာသည်။ ဆယ့်ငါးလှမ်းအထိ လျှောက်၍ရသွားပြီ။

"ဒီနေ့ ဒီလောက်ဆိုရင် တော်ပြီပေါ့နော်"

နွေဦး က ဖူးဝေ၏ တောင်းပန်မှုကို ယူလိုက်သည်။

ဖူးဝေ ခေါင်းညိတ်ပြပြီးမှ–

"ဟော"

တွန်းလှည်း ကျန်ခဲ့သည်ကို သတိရသည်။ နွေဦး ကို တစ်ယောက်တည်း ထားခဲ့ပြီး ဖူးဝေ သွားတွန်းယူရန် စဉ်းစား၍မရ။ နွေဦး ကို တစ်ယောက်တည်း ထားခဲ့၍ မဖြစ်နိုင်။

"ကိုကိုကြီး တွန်းလှည်းက နောက်မှာကျန်ခဲ့ပြီ"

"အင်း ဟုတ်တာပေါ့"

နွေဦး သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဘယ်လိုလုပ်မလဲ ကိုကိုကြီး"

နွေဦး ကလည်း ထိုအမေးပါသော မျက်လုံးများနှင့် ဖူးဝေ ကို ပြန်ကြည့်နေသည်။ ဖူးဝေ စိတ်မကောင်းဖြစ်မိသည်။ ဖြစ်နိုင်လျှင် ကိုကိုကြီး ကို ပွေ့ချီပြီး



တွန်းလှည်းပေါ်သို့ ပြန်ပို့ပေးချင်သည်။ သို့သော် ထိုမျှအထိတော့ ကိုယ်ကလည်း အားမရှိ။ ဒေါ်ကြီး ကို အော်ခေါ်ရမှာကလည်း ဒေါ်ကြီး ချက်ပြုတ်နေသော မီးဖိုဆောင်နှင့် အလှမ်းဝေးနေသည်။

"ဒေါ်ကြီး ကို အော်ခေါ်ရမလား ကိုကိုကြီး"

နွေဦး ခဏစဉ်းစားပြီးမှ ခေါင်းခါပြသည်။

"နောက်ပြန်လှည့်မယ်"

"ရှင် ..."

ဖူးဝေ နွေဦး ကို နောက်ဘက်သို့ ပြန်လှည့်ပေးရသည်။ တွန်းလှည်းဆီသို့ လှမ်းကြည့်လိုက်ကြသည်။ ဆယ့်ငါးလှမ်းခရီးမှာ အဝေးကြီးဖြစ်နေသည်။ ဖူးဝေ စိတ်ထဲမှာပင် နွေဦးအတွက် တွေးပြီး ဝေးသလို ခံစားနေရသည်။

"ကဲ ... ပြန်လျှောက်တာပေါ့"

နွေဦး ဆုံးဖြတ်လိုက်သည်။ ဖူးဝေ စိတ်မကောင်း။ နွေဦး က ညာခြေကို စလှမ်းသည်။ နွေဦး ခါးကို တင်းတင်းဖက်၍ ဖူးဝေ ထိန်းပေးသည်။ တစ်လှမ်း။ နှစ်လှမ်း။ သုံးလှမ်း။ ဖူးဝေ အလိုက်သင့်တွဲပြီး ဘေးမှ ထိန်းပေးသည်။ လေးလှမ်း။ ငါးလှမ်း။ ခြောက်လှမ်း။ ခုနစ်လှမ်း။

"ကိုကိုကြီး နားလိုက်ဦးလေ"

ငါးလှမ်းမှာ မနား၍ ဖူးဝေ သတိပေးသည်။

နွေဦး ခြေလှမ်းရပ်လိုက်သည်။

"တဘက် ကိုကိုကြီး"

ဖူးဝေ ပေးသော တဘက်ကိုယူပြီး နဖူးမှ ချွေးများသုတ်သည်။

"အင်း... သွေးပူလာလို့လား မသိဘူး၊ ခြေထောက်တွေ စောစောကလောက် မလေးတော့ဘူး"

နွေဦး ဝမ်းသာနေသည်။ ဖူးဝေ ကို တဘက်ပြန်ပေးသည်။

"ကဲ သွေးပူတုန်း ဆက်လျှောက်ရအောင်"

နွေဦး စိတ်အားထက်သန်နေ၍ ဖူးဝေ ဝမ်းသာရသေးသည်။ ရှစ်လှမ်းကျန်သော ခရီးကို နွေဦး လုံးဝ မနားတော့ပါ။ တွန်းလှည်းနား နီးလာတော့ အားတက်လာ၍လား မသိ။ ခြေလှမ်းပင် ပိုသွက်လာသည်။ တွန်းလှည်းကို ရောက်ပြီ။

"တစ်ခါတည်း ထိုင်လိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



နွေဦး က တွန်းလှည်းကို သူ့လက်တစ်ဖက်နှင့် လှမ်းကိုင်လိုက်သည်။ ဖူးဝေ ထိန်းပေးသည်။

"ထိုင်လိုက် ကိုကိုကြီး"

ဖူးဝေ ခါးဖက်ပြီး ထိန်း၍ တွန်းလှည်းပေါ် ချပေးသည်။

"အား"

ပေါင်ကို လှည့်လိုက်သလို ဖြစ်သွား၍ အနာနေရာမှ စူးခနဲ နာသွားသောကြောင့် နွေဦး တွန်းလှည်းပေါ်သို့ ရုတ်တရက် ပစ်ထိုင်လိုက်ရသည်။

"အို..."

ခါးကိုဖက်၍ ထိန်းထားသော ဖူးဝေ နွေဦးရင်ခွင်ထဲသို့ ဒုတိယအကြိမ် ရောက်သွားရပြန်သည်။ ဖူးဝေ၏ ပခုံးပေါ်တင်ထားသော လက်ဖြင့်ပင် နွေဦး ဖူးဝေကိုဖက်၍ ထိန်းပေးလိုက်ရသည်။

"ကိုကိုကြီး နာသွားလားဟင်"

ကိုယ့်ကိုယ်ကိုထက် နွေဦး နာသွားမည်ကို ဖူးဝေ စိုးရိမ်နေသည်။

"မနာပါဘူး ဖူးဝေ၊ ကိုကိုကြီး ဘာ... ဘာမှ မဖြစ်ပါဘူး"

ဖူးဝေ၏ပခုံးကို ဖက်ထားသော လက်ဖြင့်ပင် ဖူးဝေ ထနိုင်အောင် အကူအညီ ပေးနေသည်။ ဖူးဝေ ကိုကိုကြီး ရင်ခွင်မှ ထလိုက်သည်။ ဘာကြောင့်မှန်းမသိ ဖူးဝေ ရင်မှာ တဒိတ်ဒိတ်ခုန်လျက်။

"ရော့ ဖူးဝေ၊ တဘက်"

နွေဦး အသံမှာလည်း တုန်ခါမှုပါနေသည်။ တွန်းလှည်းလက်တင်ပေါ် တင်နေသော တဘက်ကလေးကို နွေဦး က ဖူးဝေ ထံ လှမ်းပေးသည်။

"နဖူးက ချွေးတွေ သုတ်ပစ်လိုက်"

ဖူးဝေ နဖူးကို လက်နှင့် စမ်းကြည့်လိုက်သည်။ ချွေးဥလေးများ တွေ့ရသည်။ ပင်ပန်း၍လား၊ စိုးရိမ်စိတ်ကြောင့်လား၊ ရှက်စိတ်ကြောင့်လား မသိ။ နွေဦး ပေးသော တဘက်ကလေးဖြင့်ပင် ချွေးများကို သုတ်ပစ်လိုက်သည်။ သုတ်ပြီးမှ နွေဦး ချွေးသုတ်သော တဘက်ကိုပင် သုံးမိနေကြောင်း ကိုယ့်ဘာသာ သတိထားမိသည်။

"ကိုကိုကြီး ခြေထောက်တွေ တော်တော် လျှောက်လို့ရနေပြီ"

နွေဦး ဝမ်းသာစကားဆိုသည်။

"မနက်ဖြန်ခါကျတော့ မနက်ပိုင်းပါ လျှောက်ကြည့်ရအောင်နော်"



သူ့ ကျန်းမာရေးအတွက် နွေဦး စိတ်အားတက်နေသည်။ ဖူးဝေ ခေါင်းညိတ်ပြလိုက်သည်။ ရင်ထဲမှာ ဖော်မပြတတ်သော ဝေဒနာလေးတစ်ခုကြောင့် နွေဦး မျက်နှာ ကို မကြည့်မိ။ တွန်းလှည်း၏နောက်သို့ ကွေ့သွားလိုက်ပြီး တွန်းလှည်းကို အိမ်ကြီးဆီသို့ ပြန်တွန်းလာခဲ့သည်။ မယောဂနီရွက်များမှာ လေတိုး၍ တဖျပ်ဖျပ် အသံမြည်နေကြသည်။

□ □ □

## အခန်း (၆၁)

ပြတင်းပေါက်မှ မြင်ရသော ကောင်းကင်ကြီးကို မော့ကြည့်ရင်း နွေဦး သက်ပြင်းတစ်ချက် ချလိုက်သည်။ မလှုပ်ရှားတော့ဘူးထင်သော ရင်က လှုပ်ရှားနေကြသည်။ အံ့သြစရာ၊ သေခဲ့ပြီထင်သော နှလုံးသားက ပြန်လည် ရှင်သန်နေပြီလား။ နွေဦး ကိုယ့်ဘာသာ နားလည်ရခက်နေသည်။ ကောင်းကင်မှာ မိုးသားမည်းမည်းများကို နောက်ခံပြု၍ ဗျိုင်းဖြူဖြူနှစ်ကောင် အရှေ့မှ အနောက်သို့ ပျံသွားကြသည်။ အုပ်ထဲမှ ကွဲလာသည်လား မသိ၊ ရှားရှားပါးပါး တွေ့ရခဲသော ဗျိုင်းစုံတွဲကို နွေဦး ငေးကြည့်နေမိသည်။

"သြော်... သူတို့မှာတော့ လွတ်လပ်လိုက်တာ"

ဗျိုင်းစုံတွဲကို နွေဦး အားကျနေမိသည်။ ရင်လှိုင်းခတ်သံတွေက ပို၍မြန်လာကြပြန်၏။

"ငါ့ရင်ထဲမှာ ဘာကြောင့် ဒီလောက် လှုပ်ရှားနေကြတာလဲ"

ကိုယ့်ဘာသာ ပြန်စဉ်းစားသည်။

"ညနေက လမ်းလျှောက်နိုင်လို့လား"

ဝမ်းသာစိတ်ဖြစ်သည်မှာ မှန်ပါသည်။ သို့သော် ဤမျှ လှုပ်ရှားစရာမရှိ။ တွေးစရာရှိပါလျက် ရဲရဲမတွေးရက်၍ လွှဲဖယ်နေရသော ကိုယ့်အဖြစ်။

"အားလေ ငါကသာ လှုပ်ရှားနေရတာ၊ သူကတော့ ဘာမှတောင် သိဟန် တွေ့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



လမ်းလျှောက်အပြီး တွန်းလှည်းပေါ်သို့ ထိုင်ချလိုက်စဉ်က အမှတ်မထင် ရင်ခွင်ထဲသို့ ရောက်လာသော မှူးဝေ။ သူ့လက်က ကိုယ့်ခါးကိုဖက်လျက်၊ ကိုယ့်လက်က သူ့ပခုံးကို ဖက်လျက်။

"ကိုကိုကြီး နာသွားလား" ဟု စိုးရိမ်စွာ မေးနေသော အပြစ်ကင်းစင်သည့် မျက်နှာလေး။ မဖျော်လင့်သော အဖြစ်ကြောင့် ရင်မှာ လှုပ်ရှားရလွန်းသည်။ သို့သော် ထိုသို့လှုပ်ရှားသည်ကို မှူးဝေ ရိပ်မိမှာစိုး၍ မနည်းထိန်းချုပ်ခဲ့ရသည်။ မှူးဝေ ကို ရင်ခွင်မှ ထနိုင်အောင် ကူညီခဲ့ရသည်။ ချွေးသုတ်ရန် တဘက်ကလေး ပေးပြီး စကားလမ်းကြောင်း ပြောင်းခဲ့ရသည်။ သို့သော် ကိုယ့်ရင်ထဲမှာကတော့ လှုပ်ရှားနေဆဲ။ ယခုအကြိမ်သည် ပထမအကြိမ် မဟုတ်။ ခြံထဲမှာ တွန်းလှည်း မှောက်စဉ်က ယခုထက် ဆိုးသောအဖြစ်မျိုးကို ကြုံခဲ့ရသည်။ ရင်ခွင်မှာ ရောက်ရှိရုံမက မျက်နှာချင်း ထိကပ်သည့်အထိ ဖြစ်ခဲ့ရသည်။ ထိုအချိန်ကတော့ မှူးဝေ ကို သနားအားနာစိတ်ကြောင့် ဤမျှ လှုပ်လှုပ်ရှားရှား မဖြစ်ခဲ့ရ။ စိုးစန္ဒာ၏ စွပ်စွဲ ထိုးနှက်မှုများကြောင့်လည်း ဒေါသဘက်သို့ ချက်ချင်း ပြောင်းသွားရသည်။ ခု တစ်ကြိမ်မှာတော့ မည်သူမျှ အာရုံပြောင်းမည့်သူမရှိ။ အခန်းပြန်ရောက်သည်အထိ ရင်ထဲမှာ လှုပ်ရှားနေရဆဲ။ အတွေ့အထိမှာ သာယာမှုကြောင့် မဟုတ်မှန်း ကိုယ့်ဘာသာ သိပါသည်။ မှူးဝေ အပေါ်မှာ သေးနုတ်ယုတ်ညံ့သော စိတ်ထား စိုးစဉ်း မျှမရှိ။ လေးစားစွာ တန်ဖိုးထားရလွန်း၍သာ ရင်မှာ မောနေရသည်။ မမျှော်လင့်သော ဖြစ်ရပ်သည် နှလုံးသား စက်ခလုတ်များကို လှုပ်နှိုးလိုက်လေသလား မသိ။ မှူးဝေ ကို စတွေ့သည့်နေ့ကပင် ခင်မင်စိတ် ဖြစ်မိသည်။ အားကိုးရာမဲ့ သနားစရာ မိန်းကလေးအဖြစ် သနားခဲ့သည်။

နောက်တော့... ကိုယ့်ကို အနီးကပ် ပြုစုသူဖြစ်လာသည်။ နေ့စဉ် မှူးဝေ ကို မြင်တွေ့နေရသည်။ အညာသူပီပီ သနပ်ခါး ပါးကွက်ကြီးများနှင့်။ အသားက လတ်သည်ဟု ဆိုနိုင်သော်လည်း ဖြူသည့်ဘက်မပါ။ ညိုသည့်ဘက် နည်းနည်း ပါသည်။ မျက်နှာက ယဉ်သည်။ မျက်လုံးများက ကြည်ပြီး တောက်နေသည်။ နက်မှောင်သော ဆံပင်များကို သန့်ရှင်းသပ်ရပ်စွာ ထုံးဖွဲ့ထားတတ်၍ တည်ငြိမ် ရင့်ကျက်ပြီး အသက်ထက် ပိုကြီးသည်ဟု ထင်ရသည်။ သို့သော် နုပျိုသောအလှက ငယ်ရွယ်မှုကို ဖော်ပြနေ၏။ အရပ်က မနိမ့်မမြင့်၊ အချိုးအဆစ်ကျပြီး ကျစ်လျစ် သော ကိုယ်ခန္ဓာရှိသည်။ သွားလာလှုပ်ရှားမှု သွက်လက်သည်။ အကင်းပါးသည်။ လာဘ်မြင်သည်။ လုပ်ချင်ကိုင်ချင် ကူညီချင်စိတ်ရှိသည်။ သို့သော် သူ့မျက်နှာ



လေးမှာ ရိုးသားမှုနှင့် အေးချမ်းမှုရှိသည်။

စိုးစန္ဒာ၏အလှက ပွသည်။ နွဲ့သည်။ ညို့သည်။ အတတ်ပညာနှင့် လုပ် ထားသော အလှဖြစ်သည်။ မှူးဝေ မျက်နှာလေးက ပကတိသန့်စင်၍ အမြင်အေး သည်။ မျက်နှာမြင်ရုံနှင့် ချစ်ခင်စရာဖြစ်သည်။ သို့သော် စိုးစန္ဒာ ရောက်လာမှသာ ပြင်းပြင်းထန်ထန် အဖိနှိပ်ခံရရှာသည်။ ဘာလုပ်လုပ် အပြစ်တင်ခံ၊ အဆူအငေါက် ခံနေရသည်။ မှူးဝေ ကို သနားခြင်းနှင့်အတူ နွေဦး စိတ်မကောင်းဖြစ်ခဲ့ရသည်။ သည်ကြားထဲမှပင် မှူးဝေ က စေတနာမပျက်ဘဲ သူ့ကို မိခင်တစ်ယောက်လို စောင့်ကြည့်ပြီး ကူညီစောင့်ရှောက်ခဲ့သည်။ ထို့ကြောင့် လှည်းမှောက်မည့် [illegible] အချိန်မီ ကယ်တင်နိုင်ခဲ့လေသည်။ နောက်ဆုံးတွင် စိုးစန္ဒာ သေကြောင်းကြံစည်မှု [illegible] သက်စွန့်ဆံဖျား ကယ်တင်နိုင်ခဲ့သည်။ ထိုအချိန်ကတည်းက မှူးဝေ ကို ရင်နှင့် အပြည့် မြတ်နိုးတန်ဖိုးထားခဲ့ရသည်။ ခုတော့ နှလုံးသားမှာ လှုပ်ရှားခဲ့ပြီ။ သူ့ကို မြတ်နိုးမိရုံမက... နွေဦး ရှေ့ဆက်မတွေးရက်။ ကိုယ့်ကို မှီခိုနေသည့် ကိုယ်စောင့်ရှောက်ထားရသော မိန်းကလေး။ ကိုယ်က မစွမ်းမသန် ဒုက္ခိတ [illegible] သူက ငယ်ရွယ်ကျန်းမာသူ။

"ဩော်... မြတ်နိုးရတဲ့ မိန်းကလေးရယ်"

နွေဦး ရင်ထဲမှာ နွမ်းလျစွာ ခံစားရသည်။

မှူးဝေ ရောက်ပြီး မကြာမီမှာပင် မှူးဝေ စိတ်သဘောထားကို သဘောကျ [illegible] ၍ အောင်အောင်နှင့် စိတ်ကူးကြည့်ခဲ့သည်။

ဤခြံကြီးမှာ အပွင့်အသီးများ ဆက်လက်ဝေဆာဖို့ ငယ်ရွယ်သူနှစ်ဦးကို တိတ်တိတ်ကလေး ရည်စူးမိခဲ့ခြင်း ဖြစ်သည်။

အောင်အောင် ဆိုသည်ကလည်း ကိုယ့်ကိုမှီခိုနေသည့် ကိုယ်စောင့်ရှောက် ထားရသော ညီငယ်။

သူတို့နှစ်ဦးကို ကြည်ဖြူမိခြင်းနှင့်အတူ ရင်ထဲမှာ လွမ်းလွမ်းဆွေးဆွေး ခံစားရသည်။

ကိုယ့်နှလုံးသားမှာ လျှို့ဝှက်စွာ ဖြစ်ပေါ်နေသော ဆန္ဒနှင့် ကိုယ့်အသိတ [illegible] ဖြစ်သင့်သည်ဟု ဆင်ခြင်မိသော အယူအဆ။

နွေဦး သက်ပြင်းချရှုပြန်သည်။

"ဩော် နာကျင်စွာ ခံစားတတ်တဲ့ နှလုံးသားဆိုတာ မရှိရင် အကောင်း သား"

❐ ❐ ❐

www.burmeseclassic.com

## အခန်း (၆၂)

"ကလင်... ကလင်... ကလင်... ကလင်"

မယော်ဂနီခြံကြီးမှာ ဝင်းတံခါးကို အမြဲတမ်း သော့ခတ်ထားပြီဖြစ်၍ အပြင်မှ လူဝင်လိုလျှင် ကြိုးကိုလှုပ်၍ ခေါ်ရန် ခေါင်းလောင်းလေး ဆွဲထားရသည်။ မိုးချုပ်မှ အောင်အောင် ပြန်လာ၍ ခေါင်းလောင်းကို လှုပ်ခတ်ခြင်း ဖြစ်သည်။ ဖူးဝေ သော့ယူပြီး တံခါးဖွင့်ပေးသည်။ ဂျင်းဘောင်းဘီ၊ တီရှပ်အဖြူနှင့် ကျောပိုးအိတ်ကို ကျောမှာပိုး၍ အောင်အောင် အပြင်ဘက်မှာ ရပ်စောင့်နေသည်။ ကောင်းကင်မှာ လမင်းထိန်ထိန်သာနေသည်။

"ကိုအောင်အောင်ပင်ပန်းလာသလား"

ဖူးဝေက တံခါးဖွင့်ပေးရင်း မေးသည်။

"မပင်ပန်းပါဘူး၊ ဖူးဝေ အဲဒီလိုမေးလိုက်တာနဲ့ အမောပြေသွားပြီ"

အောင်အောင် ခြံထဲသို့ ဝင်လာသည်။ ဖူးဝေ တံခါးပြန်ပိတ်ရင်း ပြုံးနေသည်။ အောင်အောင် ဖူးဝေကို ရပ်စောင့်နေသည်။ လသာနေသော ခြံထဲမှ မယော်ဂနီပင်တန်းလမ်းကလေးမှာ နှစ်ယောက်အတူ လျှောက်လာကြသည်။

"ဖူးဝေတို့ ထမင်းစားပြီးပြီလား"

"ကိုအောင်အောင် နောက်ကျမယ်လို့ ဖုန်းဆက်တယ်ဆိုတာနဲ့ စားနှင့်လိုက်ကြတယ်"

"ကိုကိုဦး ထမင်းစားနိုင်လား"

"စားနိုင်တယ်"

"ကိုကိုဦး ပြန်ပြီး ကျန်းမာလာအောင် ဖူးဝေ ဂရုစိုက်ပါနော်"

"သြော်... ကိုအောင်အောင့်ကို ဝမ်းသာစရာ ပြောရဦးမယ်"

ဖူးဝေ ဝမ်းသာအားရ ပြောချင်၍ လမ်းလျှောက်နေသည်ကို ရပ်လိုက်သည်။

"ဘာလဲ ဖူးဝေ"

အောင်အောင်ပါ ရပ်လိုက်သည်။ သူတို့ ရပ်နေကြသည်က မယော်ဂနီပင်များ အောက်မှာဖြစ်၍ လရောင် ပြိုးပြောက်တို့က လူငယ်နှစ်ယောက်အပေါ်သို့



ကျနေကြသည်။

"ကိုကိုကြီး ဒီနေ့ညနေက ခြေလှမ်းသုံးဆယ်လောက် လမ်းလျှောက်နိုင်တယ်"

"ဟင်... ဟုတ်လား"

"ဟုတ်တယ်၊ စစချင်းတော့ ခြေထောက်တွေက လေးနေသေးတယ်၊ နောက်တော့ လျှောက်ရင်း သွေးပူလာလို့လား မသိဘူး၊ လျှောက်နိုင်တယ်၊ ဖူးဝေဖြင့် ဝမ်းသာလိုက်တာ"

"ဟုတ်တယ် ဝမ်းသာစရာပဲ"

"ကိုကိုကြီးလဲ ဝမ်းသာနေပုံရတယ်"

"ပိုကောင်းတာပေါ့၊ ဖူးဝေကို ကျွန်တော် တစ်ခုပြောချင်တယ်"

"ပြော"

"ကိုကိုဦးကို ဖူးဝေ ဂရုစိုက်ပြီး ပြုစုပေးပါ"

"ရှင်... ပြုစုပါတယ်"

"ကိုယ် ကျန်းမာဖို့တင် မကဘူး၊ စိတ်ပါကျန်းမာအောင် ပြုစုပေးဖို့ ပြောတာ"

"ရှင်..."

"ဟို ယုတ်မာတဲ့ မိန်းမနဲ့ ညားပြီးတဲ့နောက် ကိုကိုဦး ဟာ တော်တော်ကို စိတ်ဓာတ်ကျသွားတယ်၊ ကားတိုက်ပြီး ခြေထောက်ထိခိုက်လို့ ကျန်းမာရေး ဆုံးရှုံးတော့ ပိုဆိုးတာပေါ့၊ ဒီကြားထဲ မေမေကြီးကလဲ ဆုံးသွားတော့ ကိုကိုဦး သိပ်စိတ်ထိခိုက်သွားတယ်၊

"စကားတောင် ဘယ်သူနဲ့မှ သိပ်မပြောတော့ဘူး၊ ဖူးဝေ ရောက်လာတော့ ဖူးဝေကို သူ သံယောဇဉ်ရှိတယ်၊ စကားတွေ ဘာတွေ ပြန်ပြောလာတယ်"

ဖူးဝေ ခေါင်းညိတ်သည်။

"ဒါပေမဲ့ ဟိုမိန်းမ အိမ်ပြန်ရောက်လာတော့ ကိုကိုဦး စိတ်ဓာတ်ပြန်ကျသွားတယ်၊ အခု ဟိုမိန်းမလဲ မရှိတော့ဘူး၊ အဲဒါ ကိုကိုဦး ရုပ်ပိုင်း ကျန်းမာရေးတင် မကဘူး၊ စိတ်ပါ ပြန်ပြီး ကျန်းမာလာအောင် ဖူးဝေက ပြုစုပေးစေချင်တယ်၊ တကယ်တော့ ကိုကိုဦး အသက်က သိပ်ငယ်ပါသေးတယ်၊ လူပါကျသွားမှာ စိုးလို့"

လရောင်ပြောက်များကြားမှ အောင်အောင့် မျက်နှာကို ဖူးဝေ လေးစား

www.burmeseclassic.com

www.burmeseclassic.com



မှာ ကြည့်နေမိသည်။

"ကိုအောင်အောင် က သိပ်စိတ်ရင်းကောင်းတာပဲ"

"ဟင်… ဘာဖြစ်လို့လဲ ဖူးဝေ"

"ကိုကိုကြီးအပေါ် စိတ်ကောင်း စေတနာကောင်း သိပ်ထားလို့"

"ဟာ… ဒါလား၊ အဲဒါဆိုရင် ကိုကိုကြီး က ပိုပြီး စိတ်ရင်းကောင်းတယ်၊ သူများကို သနားတတ်တယ်၊ သိပ်ကူညီတတ်တယ်"

"ဖူးဝေ သိပါတယ်"

"ဖူးဝေ မသိတာတွေ အများကြီး ရှိသေးတယ်၊ ရေချိုးပြီး ထမင်းစားလိုက်ဦးမယ်၊ ပြီးမှ ဖူးဝေ ကို အေးအေးဆေးဆေး ပြောပြမယ်၊ ဖူးဝေ ကို ပြောချင်တာတွေ အများကြီး ရှိသေးတယ်၊ လာ… သွားကြစို့"

အောင်အောင် ရှေ့မှထွက်သွား၍ ဖူးဝေ နောက်မှ လိုက်သွားသည်။ လရောင်အရိပ်ကျသော ပြတင်းပေါက်မှ လှမ်းကြည့်နေသည့် နွေဦး ကို နှစ်ယောက်လုံး သတိမထားမိကြ။

"ဩော်… လသာည မပေါ်ဂနီပင်တန်းမှာ ကျန်းမာနေကြတဲ့ လူငယ်နှစ်ယောက်"

နွေဦး ရင်ထဲမှာ ကြည်နူးခြင်း၊ ကျေနပ်ခြင်း၊ သဘောကျခြင်းတို့နှင့်အတူ လွမ်းလွမ်းဆွေးဆွေး ဝေဒနာများကို ခံစားလိုက်ရသည်။

□ □ □

## အခန်း (၆၃)

"ကဲ ပြော၊ ကိုအောင်အောင် ပြောစရာရှိတယ်ဆိုတာ ဘာတွေလဲ"

ခေါ်ကြီး ရှေ့မှာပင် ဖူးဝေ မေးလိုက်သည်။

"ဒီထမင်းစားပွဲမှာပဲ ပြောရမှာလား"

အောင်အောင် ထမင်းစားသည်က မီးဖိုဆောင်ထဲမှ စားပွဲမှာဖြစ်သည်။ စား၍ ပြီးနေပြီ။

"ဒီအထဲမှာ ခေါ်ကြီး ရှင်းရ သိမ်းရဦးမယ်၊ အေးအေးဆေးဆေး အိမ်ရှေ့



ဧည့်ခန်း သွားပြောကြပါလား"

အောင်အောင် က လက်နှစ်ဖက်ကို ဆန့်၍ ပခုံးတွန့်ပြသည်။

နှစ်ဦးသား မီးဖိုဆောင်ထဲမှ ထွက်လာကြသည်။

"သစ်ခွရုံရှေ့က မြက်ခင်းပြင်ကို သွားမလား"

"ဟင့်အင်း"

ကိုကိုကြီး မကြိုက်သော နေရာမို့ ဖူးဝေ လည်း မကြိုက်။

အောင်အောင် ပြုံးလိုက်သည်။

"လာ အိမ်ရှေ့သွားမယ်"

အိမ်ရှေ့ပန်းခြံထဲမှ ခုံတန်းလေးမှာ ထိုင်ကြသည်။ ကောင်းကင်မှာ လမင်းက ထိန်ထိန်သာနေ၏။ လေသွေးလိုက်လျှင် ညမွှေးပန်းနံ့လေးများ သင်းသင်းမြမြ ပါလာကြသည်။

"ပြော"

အောင်အောင် က ဘာမျှမပြောသေး၍ ဖူးဝေ က အစပြုပေးလိုက်သည်။

"ဘယ်က စပြောရမလဲ စဉ်းစားနေတာ"

"ကိုကိုကြီး စိတ်ရင်းကောင်းတဲ့အကြောင်း"

စောစောက ပြတ်သွားသော စကားကို ဖူးဝေ ထောက်ပေးလိုက်ခြင်းဖြစ်သည်။

"ဟုတ်တယ်၊ ကိုကိုဦး စိတ်ရင်းကောင်းတဲ့အကြောင်း ပြောဖို့ထက် တို့အကြောင်း အရင်ပြောရမယ်"

"ပြော"

"ဖူးဝေ တို့အကြောင်း ဘာသိလဲ"

ဖူးဝေ က ဘာမျှမပြောဘဲ အောင်အောင် ကို လှမ်းကြည့်လိုက်သည်။ လရောင်အောက်မှာ ဖူးဝေ၏ လှပသော မျက်လုံးလေးများ အရောင်လက်နေကြသည်။

"အေးလေ၊ မပေါ်ဂနီခြံကြီးက ကိုနွေဦး ရဲ့ ညီဝမ်းကွဲ အောင်အောင် ဆိုတာလောက်ပဲ သိမှာပေါ့"

ဖူးဝေ ခေါင်းညိတ်ပြသည်။

"အင်းလျားလမ်းမှာ မိဘတွေရှိတယ်၊ မိဘဆိုတာ ဖေဖေနဲ့ မိထွေးပေါ့၊ မမသီဂီလဲ ရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဖူးဇေ စိတ်ဝင်စားစွာ နားထောင်နေသည်။

"မိထွေးက မမသီဂီထက် ငါးနှစ်လောက်ပဲ ကြီးတယ်၊ ခုဆိုရင် ဖေဖေက အသက် ငါးဆယ်ကျော်၊ မိထွေးက သုံးဆယ်ကျော်၊ ဖေဖေ အဲဒီမိထွေးနဲ့ ယူလိုက်တော့ မမသီဂီက တက္ကသိုလ် တတိယနှစ်၊ တို့က ဆယ်တန်း၊ မိထွေးက စိတ်ရင်းမကောင်းဘူး၊ ဖေဖေ့အပေါ် ကောင်းပေမယ့် တို့မောင်နှမနှစ်ယောက်ကို ဖေဖေနဲ့ ပြဿနာဖြစ်အောင် အမြဲတမ်း ကတုံးကတိုက်လုပ်တယ်၊ မမသီဂီကတော့ မိထွေးကို ဂရုမစိုက်ဘူး၊ သူ့ဘာသာ ဘွဲ့ရအောင် ဆက်လုပ်တယ်၊ တို့ ဆယ်တန်းဆိုတော့ ကျူရှင်တက်ဖို့ ပိုက်ဆံတောင်းရင် မိထွေးနဲ့ ပြဿနာဖြစ်တာပဲ၊ မိထွေးနဲ့ ပြဿနာဖြစ်ရင် တို့က အော်ဟစ်ပြီး ကြမ်းပစ်တယ်၊ မပြောသင့်တာတွေလဲ ပြောပစ်တယ်၊ အဲဒီလိုဖြစ်တိုင်း ဖေဖေက တို့ကို ရိုက်တယ်၊ ထိုးတယ်"

"အို..."

အောင်အောင့်ကို ဖူးဇေ သနားမိသည်။

"တို့လဲ ကျောင်းတက်ရတာ စိတ်မပါတော့ဘူး၊ ဆယ်တန်းစာမေးပွဲ နှစ်နှစ်ဆက်တိုက်ကျတယ်၊ အဲဒီမှာ မိထွေး ကတုံးကတိုက်လုပ်တာနဲ့ ဖေဖေ က တို့ကို ထိုးရိုက်နှက် လုပ်ပြန်တယ်၊ တို့လဲ အိမ်က တစ်ခါတည်း ထွက်လာခဲ့တယ်"

အောင်အောင့်အတွက် ဖူးဇေ စိတ်မကောင်းဖြစ်ရသည်။

"အဲဒီအချိန်မှာ မမသီဂီက ဘွဲ့ရနေပြီ၊ သူကတော့ ဘယ်သူ့မှ ဂရုမစိုက်ဘူး၊ သူ့ဘာသာ ကျောက်မျက်ရတနာ အရောင်းအဝယ်, လုပ်တာက ဝင်ငွေကောင်းကောင်းရတယ်၊ အဲဒီအလုပ်ကို မေမေ ရှိကတည်းက မမသီဂီက မေမေနဲ့ အတူ တွဲလုပ်ခဲ့တော့ နားလည်နေတယ်"

"ဆိုင်နဲ့ ရောင်းတာလား"

"မဟုတ်ဘူး၊ အပေါင်းအသင်းတွေအိမ် လိုက်ပြ လိုက်ရောင်းပေါ့၊ ကတော်ကြီးတွေ အိမ်မှာ ဝိုင်းတွေရှိတယ်၊ အဲဒီမှာ သွားပြီး ကစားရတယ်၊ ဒီလိုနည်းနဲ့ အဆက်အသွယ်တွေရ၊ ပစ္စည်းပြပေါ့၊ အဆင်ပြေတဲ့အခါ ရောင်းရရင် မြက်မြက်ကလေး ရပေါ့၊ သူ့မှာ သူ့ဘာသာ ဝယ်ထားတဲ့ ကားတောင်ရှိတယ်"

ဖူးဇေ ခေါင်းညိတ်ပြသည်။

"သူက မိထွေးလဲ ဂရုမစိုက်ဘူး၊ စကားလဲ မပြောဘူး၊ အိမ်မှာနေတဲ့ အချိန်လဲ နည်းတယ်၊ နေရင်လဲ သူ့အခန်းမှာပဲ နေတယ်၊ တို့ကိုလဲ သိပ်သံယောဇဉ် မရှိပါဘူး၊ တို့က ဘယ်သူ့မှ သံယောဇဉ်မထားတော့ဘဲနဲ့ ကိုယ့်ဘာသာ သူဌေး



ဖြစ်အောင် လုပ်မယ်ဆိုပြီး ဖားကန့်အထိ သွားတယ်၊ ကျောက်စိမ်းအောင်ရင် လော်ပန်ဖြစ်ရမယ်ပေါ့"

ဖူးဇေ ပြုံးသည်။

"လော်ပန်တော့ မဖြစ်ဘူး၊ ငှက်ဖျားမိပြီး နောက်ဆုံး မိုးကောင်းဆေးရုံ ရောက်သွားတယ်၊ ဒါတောင် အပေါင်းအသင်းတွေ ကောင်းလို့၊ ဆေးရုံကျတော့ ပိုက်ဆံလဲ မရှိ၊ ဒုက္ခတွေ အမျိုးစုံဖြစ်တာပေါ့၊ ဆေးဖိုးဝါးခလဲ မရှိတော့ ဒီအတိုင်း ဆက်နေရင် သေတော့မှာပဲ၊ ဒါနဲ့ အပေါင်းအသင်းတွေက ဘယ်အကြောင်းကြားပေးရမလဲ မေးတယ်"

ဖူးဇေ က ပြည့်ပြည့်ဖြိုးဖြိုးနှင့် နုပျိုနေသော အောင်အောင့် မျက်နှာလေးကို လှမ်းကြည့်လိုက်သည်။ ပို၍လည်း စိတ်ဝင်စားလာသည်။

"ဖေဖေ့ဆီကိုလဲ အကြောင်းမကြားချင်ဘူး၊ အစ်မအရင်းရှိပေမယ့် သူ့ကိုလဲ အားမကိုးချင်ဘူး၊ ဒါနဲ့ ကိုကိုဦး လိပ်စာပေးလိုက်တယ်"

ဖူးဇေ ခေါင်းညိတ်သည်။

"အပေါင်းအသင်းတွေက ကိုကိုဦး ဆီ ကြေးနန်းရိုက်လိုက်ကြတယ်၊ အစ်ကို တစ်ဝမ်းကွဲပေမယ့် အဲဒီကြေးနန်းရရချင်း ကိုကိုဦး မိုးကောင်းလိုက်လာတယ်၊ တို့ကို ကျန်းမာလာအောင် ဆေးကုတယ်၊ ငွေကုန်တာ လုံးဝ ဂရုမစိုက်ဘူး၊ ငှက်ဖျားပျောက်တော့ အားရှိအောင် ကျွေးတယ်၊ ကျန်းမာရေး အခြေအနေ ကောင်းတာနဲ့ ရန်ကုန် ပြန်ခေါ်လာတယ်၊ အဲဒီကတည်းက ဒီမဟော်ဂနီခြံကြီးမှာ ကိုကိုဦးနဲ့အတူနေရတယ်၊ ကျောင်းပြန် နေရတယ်၊ ကိုကိုဦးနဲ့ မေမေကြီး ကျေးဇူးကြောင့် ဆယ်တန်းအောင်တယ်၊ ကိုကိုဦး က တက္ကသိုလ် ဆက်အတက်ခိုင်းပေမယ့် အိမ်မှာလဲ ကိုကိုဦး ကို ကူချင်တာနဲ့ အဝေးသင်ပဲ တက်လိုက်တယ်"

ဖူးဇေ သက်ပြင်းလေးတစ်ချက် ချလိုက်သည်။

"ကိုကိုဦး ကျန်းမာတုန်းကဆိုရင် ဒီမော်တော်ကား အလုပ်ကိုလဲ တို့မလုပ်ရဘူး၊ သူ့ဘာသာပဲ လုပ်တယ်၊ လိုအပ်တာလောက်ပဲ ကူညီရတယ်၊ ခု ကိုကိုဦး မကျန်းမာမှ လုပ်ရတာ၊ မေမေကြီးက တို့ကို သားအရင်းလို ချစ်သလို ကိုကိုဦး ကလဲ ညီအရင်းလို ချစ်တယ်၊ ကိုကိုဦး ကျေးဇူးတွေ တို့အပေါ် အများကြီးရှိတယ်၊ ဒါကြောင့်မို့ ကိုကိုဦး ကို ချစ်လဲ သိပ်ချစ်တယ်၊ လေးလဲ လေးစားတယ်"

ဖူးဇေ ယုံပါသည်။

"ဒါကြောင့်မို့ ကိုကိုဦး ကို ဒုက္ခပေးတဲ့ ဟိုမိန်းမ ကို သိပ်မုန်းတယ်၊ သတ်ပစ်

www.burmeseclassic.com

www.burmeseclassic.com



ချင်လောက်အောင် မုန်းတယ်”

အောင်အောင်က ပြောရင်း ဒေါသသံပါလာသည်။ အောင်အောင်နှင့် နွေဦးတို့၏ အနေအထားကိုလည်း ဖူးဝေ ခုမှ ပိုပြီးနားလည်သွားသည်။ အောင်အောင့်ကို မိမိနှင့် ဘဝတူဟု ပို၍ သံယောဇဉ်ဖြစ်သွားရသည်။

“အဲဒါဆိုရင် ဖူးဝေလဲ ကိုအောင်အောင်နဲ့ အတူတူပဲပါ၊ ဖူးဝေလဲ ကိုကိုကြီး ကျေးဇူးကြောင့် ဒီလိုနေရတာလေ၊ ကိုကိုကြီး ကျေးဇူးတွေ ဖူးဝေ အပေါ်မှာလဲ အများကြီး ရှိတာပဲ”

အောင်အောင် ခေါင်းညိတ်သည်။

“ဟုတ်တယ်၊ ဖူးဝေနဲ့ တို့က ဘဝတူပဲ”

“စိတ်ချ ကိုအောင်အောင်၊ ကိုကိုကြီး ပြန်ပြီး ကျန်းမာလာအောင် ဖူးဝေ အစွမ်းကုန် ကြိုးစားမယ်၊ အကောင်းဆုံး ပြုစုမယ်”

ဖူးဝေက အခိုင်အမာ ကတိပြုသည်။

“ကောင်းတယ်၊ ကိုယ် ကျန်းမာရုံတင် မဟုတ်ဘူးနော်၊ စိတ်ပါ ကျန်းမာ အောင် လုပ်ပေးရမှာ”

ဖူးဝေ ခေါင်းညိတ်ပြသည်။

“စိတ်ကျန်းမာအောင်ဆိုတာ ကိုကိုဦး စိတ်ပြန်ပျော်လာအောင် လုပ်ပေးဖို့ ပြောတာနော်”

“ဟုတ်ကဲ့ပါ”

ဖူးဝေ ကတိပြုလိုက်သည်။

“ဖူးဝေကိုလဲ တို့သိပါတယ်”

“ရှင် ...”

အောင်အောင် ဘာသိမှန်းမသိ။

“ဖူးဝေက သိပ်စိတ်ထားကောင်းတဲ့ မိန်းကလေး”

ဖူးဝေ ကျေနပ်ပါသည်။ ထိုသို့ပြောသော အောင်အောင့်ကိုလည်း ကျေးဇူး တင်ပါသည်။

“ဖူးဝေကို တို့ ...”

အောင်အောင် စကားမဆက်နိုင်သေးဖြစ်နေ၍ ဖူးဝေ စိုးရိမ်ခြင်းနှင့်အတူ စိတ်လှုပ်ရှားမှုကို ခံစားရသည်။ ပတ်ဝန်းကျင်ကလည်း ညအခါ လသာသာ။ ပန်းခြံထဲမှာ နှစ်ယောက်တည်း။



“သိပ်လေးစားမိတယ်”

အောင်အောင်က သိပ်မကြာသော ကာလအပိုင်းအခြားလေးမှာပင် နောက်ဆက်တွဲစကားစုကို ပြောနိုင်လိုက်ပါသည်။ ပြီးတော့ ဖူးဝေကို ငေးငေး မောမော ကြည့်နေသည်။ အကျည်းတန်သူတို့ပင် လှသည်ဆိုသော လရောင် အောက်မှာ ဖူးဝေ မျက်နှာလေးသည် ပိုမိုနုပျိုလှပျက်။

“ဖူးဝေလဲ ကိုအောင်အောင့်ကို လေးစားပါတယ်”

ဖူးဝေက မဟော်ဂနီပင်ကြီးဆီသို့ အကြည့်ပြောင်းလိုက်သည်။ မဟော် ဂနီရွက်များသည် လရောင်ကြောင့် ဆီဆမ်းထားသည့်နှယ်။ အောင်အောင့်ထံမှ သက်ပြင်းချသံတစ်ခု ကြားလိုက်ရသည်ဟု ဖူးဝေ ထင်သည်။

“ကဲ လာ၊ အိမ်ထဲဝင်ကြစို့ ဖူးဝေ”

အောင်အောင်ကပင် စကားဝိုင်း သိမ်းလိုက်သည်။ ကောင်းကင်မှာ လမင်းကြီး ထိန်ထိန်သာနေဆဲ။

□ □ □

## အခန်း (၆၄)

ဖူးဝေနှင့် အောင်အောင် အိမ်ထဲသို့ ဝင်သွားကြသည်အထိ နွေဦး၏ တွန်းလှည်းလေးမှာ ရှေ့ဘက်မှ ဂုံခါးပေါက်နားမှာ ရှိနေဆဲ။ တွန်းလှည်းပေါ်မှာ နွေဦး ငြိမ်သက်စွာ ထိုင်နေဆဲ။ အောင်အောင် ပြန်လာသည်ကို ဖူးဝေ သွားကြိုပြီး မဟော်ဂနီပင်အောက်မှာ နှစ်ယောက်အတူရပ်၍ အတော်ကြာအောင် စကားပြော ကြစဉ်ကပင် နွေဦး ရိပ်စားမိခဲ့ပါသည်။ လသာသာ ပန်းခြံထဲမှ ခုံတန်းကလေးမှာ နှစ်ယောက်အတူထိုင်၍ အကြာကြီး စကားပြောနေကြသည်ဆိုတော့ နွေဦး နားလည်သွားပါပြီ၊ ဘာမျှ သံသယဖြစ်စရာ မရှိတော့ပါ။

“အေးလေ၊ ငယ်ရွယ်သူတွေရဲ့ နှလုံးသားလေးတွေ လှလှပပ ခံစားနိုင် ကြပါစေ”

နွေဦး ဆုတောင်းပေးမိသည်။

www.burmeseclassic.com



"အစကတည်းက ငါဖြစ်စေချင်တဲ့ ဆန္ဒအတိုင်း ဖြစ်လာကြတာ ငါဝမ်းသာရမှာပေါ့"

ဖြစ်မလာမှ ကိုယ်က ဖြစ်အောင် ကြိုးစားပေးရဦးမည်။ သက်ပြင်းချမိမည်ဖြစ်ပြီးမှ မချမိအောင် သတိထားလိုက်သည်။ ကောင်းကင်မှာ လမင်းကြီး ထိန်ထိန်သာနေဆဲ။ ဖူးဝေနှင့် အောင်အောင် ထိုင်ခဲ့သော ခုံတန်းကလေးကို လရောင်အောက်မှာ နွေဦး လှမ်းမြင်နေရသည်။

"သြော်... လရောင်နဲ့ အချစ်"

နွေဦး ရင်ထဲမှာ အတွေးစက မပြတ်နိုင်သေး။ နှစ်ယောက်စလုံးက ငါချစ်မြတ်နိုးတဲ့သူတွေ။ ငယ်ရွယ်သူနှစ်ယောက်အပေါ်မှာ မေတ္တာထားလိုက်သည်။

"ချစ်ကြပါစေ၊ တစ်ယောက်ကိုတစ်ယောက် မြတ်မြတ်နိုးနိုး ချစ်ကြပါစေ"

နွေဦး ရင်ထဲမှာ ကြည်ကြည်နူးနူး ခံစားလာရသည်။ နှစ်ယောက်စလုံးဘွဲ့ရပြီးရင် တင့်တင့်တယ်တယ်နဲ့ လက်ထပ်ပေးမယ်။ ငါပိုင်တဲ့ စည်းစိမ်ချမ်းသာအားလုံး လွှဲပေးမယ်။ အဲဒါမှ ဒီမဟော်ဂနီခြံကြီးလဲ ဟောင်းနွမ်းရာကနေ သစ်လွင်လာမယ်။ မဟော်ဂနီပင် ရွက်နုတွေဝေသလို မျိုးနွယ်ဆက် အညွန့်အဖူးလေးတွေ ဝေလာကြလိမ့်မယ်။ နွေဦး ကျေနပ်စွာတွေး၍ ပြတင်းပေါက်ကို ပိတ်လိုက်သည်။ ပြီးတော့ သူ့အိပ်ရာဆီသို့ တွန်းလှည်းလေးကို လက်ဖြင့်လှိမ့်ပြီး တွန်းသွားလေသည်။

□□□

## အခန်း (၆၅)

နံနက်စာ ထမင်းစားပြီးကြတော့ အောင်အောင် က အလုပ်သွားရန် ပြင်ဆင်သည်။

"ကိုအောင်အောင်၊ ညနေ စောစောပြန်လာမှာလား"

နွေဦး က ထမင်းစားခန်းမှာ ထိုင်နေဆဲ။

"အင်း... ဒီနေ့ စောစောပြန်ခဲ့မယ်၊ မော်တော်ကား အထွက် ဘာမှမရှိဘူး"



ဖူးဝေ ခေါင်းညိတ်သည်။ အောင်အောင် က ဂျင်းအိတ်ကလေး ကျောမှာပိုး၍ သူ့အခန်းထဲမှ ထွက်လာသည်။ ထုံးစံအတိုင်း သူဝတ်နေကျ ဂျင်းဘောင်းဘီအပြာနှင့် တီရှပ်အဖြူနှင့်။ ကျစ်လစ်သော အောင်အောင်၏ အချိုးအဆစ်မှာ ဘောင်းဘီရှည်နှင့် ကြည့်၍ကောင်းနေသည်ဟု နွေဦး ရင်ထဲမှာပင် မှတ်ချက်ပေးနေမိသည်။

"တံခါးလိုက်ဖွင့်ပေးဦးလေ"

အောင်အောင် က ဖူးဝေ ကို ဝင်းတံခါးအထိ ခေါ်ယူလိုက်ခြင်း ဖြစ်သည်ဟု နွေဦး နားလည်လိုက်သည်။ ဖူးဝေ က တိုင်မှာချိတ်ထားသော သော့ကိုယူ၍ အောင်အောင် နှင့်အတူ အိမ်ကြီးထဲမှ ထွက်သွားသည်။ ငယ်ရွယ်သူနှစ်ယောက်ကို ကြည့်ချင်၍ နွေဦး တွန်းလှည်းလေးကို ခပ်မြန်မြန် တွန်းလှိမ့်ပြီး ကြည့်နေကျ ပြတင်းပေါက်ဆီသို့ အရောက်သွားသည်။ လိုက်ဖက်ညီသော ငယ်ရွယ်သူနှစ်ဦး၏ နောက်ဘက်မြင်အလှကို နွေဦး ငေးကြည့်နေလိုက်သည်။ အောင်အောင် ထွက်သွားပြီးတော့ ဖူးဝေ တံခါးသော့ပိတ်ပြီး ပြန်လာသည်။ အိမ်ကြီးနားရောက်တော့ ပြတင်းပေါက်မှာရှိနေသော နွေဦး ကို လှမ်းကြည့်ပြီး ပြုံးပြသည်။ နွေဦး ပြန်ပြုံးရန် ကြိုးစားသော်လည်း အပြုံးပီပီ ဖြစ်မလာ။

"ကိုကိုကြီး မနက်ပိုင်း လမ်းလျှောက်မယ်ဆို"

ဖူးဝေ က တွဲပြီး လမ်းလျှောက်ပေးရန် အသင့်ဖြစ်နေပြီ။ နွေဦး လျှောက်ချင်စိတ်မရှိပါ။ ဖူးဝေ ကို တွဲတွဲမှီမှီနှင့် ပခုံးဖက်ပြီး လျှောက်ရမှာလည်း ညီဖြစ်သူကို အားနာသလို ခံစားရသည်။ ဖူးဝေ အခန်းထဲသို့ ရောက်လာပြီ။

"မလျှောက်တော့ပါဘူး၊ ညနေ အောင်အောင် ပြန်လာမှပဲ လျှောက်ပါတော့မယ်"

"ဘာဖြစ်လို့လဲ ကိုကိုကြီး၊ ဖူးဝေ ကို အားနာလို့လား"

ဖူးဝေ နွေဦး ရှေ့သို့ ရောက်နေပြီ။ နွေဦး က ဖူးဝေ ကို မကြည့်။ မဟော်ဂနီပင်ကြီးဆီကိုသာ ကြည့်နေသည်။ ဖူးဝေ မေးသည်ကိုလည်း ဘာမျှမဖြေ။

"မနေ့က အခြေအနေ အတော်ကောင်းတာပဲ၊ မနက်ပိုင်းပါ လျှောက်ကြည့်ပါလား ကိုကိုကြီး"

ဖူးဝေ တိုက်တိုက်တွန်းတွန်း ပြောနေသည်။

"မလျှောက်တော့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



နွေဦး လေသံက ပျော့သည်။

"ကိုကိုကြီး ခြေထောက် က နာလို့လား"

"မဟုတ်ပါဘူး၊ မလျှောက်ချင်လို့ပါ"

မနေ့က တက်တက်ကြွကြွဖြစ်နေတဲ့ ကိုကိုကြီး ဒီနေ့ ဘာလို့ စိတ်လျှော့သွားရတာပါလိမ့်။ ဖူးဝေ နားမလည်ဖြစ်၍ နွေဦး မျက်နှာကို လှမ်းကြည့်လိုက်သည်။ မျက်နှာက နွမ်းနေသည်။

"ကိုကိုကြီး နေမကောင်းဘူးလား၊ မနက်ကလဲ ထမင်း သိပ်မစားနိုင်ဘူး"

"နေကောင်းပါတယ်"

"အဲဒါဆိုရင် နည်းနည်းဖြစ်ဖြစ် လျှောက်လိုက်ပါလား၊ ကိုကိုကြီး ခြေထောက်တွေ အလေ့အကျင့် ရသွားတာပေါ့"

ဖူးဝေ က လျှောက်စေချင်သည်။

နွေဦး က ဘာမျှပြန်မပြောဘဲ ငြိမ်သက်စွာ ထိုင်လျက်–

"ကိုအောင်အောင် ကလဲ ကိုကိုကြီး ကို မနက်ပိုင်း လမ်းလျှောက်ပေးဖို့ ဖူးဝေ ကို မှာသွားတယ်"

နွေဦး ခေါင်းညိတ်လိုက်သည်။ အောင်အောင် ကိုရော ဖူးဝေ ကိုပါ ကျေးဇူးတင်စိတ်လည်း ဖြစ်မိသည်။

"လျှောက်လိုက်ပါနော်၊ ကိုကိုကြီး ခြေထောက်တွေ မြန်မြန် ပြန်ကောင်းသွားတာပေါ့"

"မကောင်းလဲ ကိစ္စမရှိပါဘူး"

"ရှင်..."

ဖူးဝေ အံ့သြသွားသည်။ နွေဦး၏ မျက်နှာကို သေသေချာချာ ကြည့်လိုက်သည်။

"ကိုကိုကြီး ဘာဖြစ်လို့ စိတ်ဓာတ် ပြန်ကျသွားရတာပါလိမ့်"

ဖူးဝေ နားမလည်ဖြစ်ရသည်။ မနေ့က တက်တက်ကြွကြွ ရှိနေသည်။

"ကိုကိုကြီး မနက်ပိုင်းနားပြီး အိပ်လိုက်ချင်လို့ပါ"

နွေဦး က လမ်းမလျှောက်ရအောင် အကြောင်းပြလိုက်ခြင်း ဖြစ်သည်။ မနေ့က အလေ့အကျင့်မရှိဘဲ လျှောက်လိုက်တာ များသွားလို့ ကြွက်သားတွေများ နာနေလို့လား။ ဖူးဝေ တွေးကြည့်သည်။

"ကိုကိုကြီး ခြေထောက်ကြွက်သားတွေ နာနေလို့လား၊ ဖူးဝေ ရေနွေး



အိတ် တင်ပေးမယ်လေ"

"သြော်... သိတတ်လိုက်တဲ့ မိန်းကလေးရယ်"

ဖူးဝေ ကို နွေဦး လှမ်းကြည့်လိုက်သည်။ ဖူးဝေ က ပြုံးပြသည်။ ကြည်ချင်သော စေတနာကြောင့် ကြည်လင်လှပသော အပြုံးဖြစ်၏။

"ကျေးဇူးတင်ပါတယ် ဖူးဝေ ရယ်၊ တစ်ရေးအိပ်ပြီး နိုးလို့ လျှောက်ချင်စိတ်ရှိရင် ခေါ်လိုက်ပါ့မယ်၊ ခုတော့ နောက်ဘက်သွားပြီး ဒေါ်ကြီး ကို ကူညီပါဦး"

အခန်းထဲမှ နှင်ခြင်းဖြစ်သည်ဟု ဖူးဝေ နားလည်လိုက်ပါသည်။

"ကိုကိုကြီး အိပ်မယ်ဆိုရင် ဖူးဝေ ခုတင်အထိ တွန်းပို့ခဲ့မယ်လေ"

တွန်းလှည်းနောက်မှီကို ကိုင်လိုက်သည်။

"ရတယ် ရတယ်၊ သွားတော့၊ ခဏနေပြီးမှ အိပ်မှာပါ"

ဖူးဝေ အခန်းထဲမှ အထွက်မှာ နွေဦးကို တစ်ချက် လှမ်းကြည့်လိုက်သည်။ မဟော်ဂနီပင်ကြီးဆီသို့ ငေးငေးငိုင်ငိုင်ကြည့်ရင်း တွန်းလှည်းပေါ်မှာ ထိုင်လျက်–

ဖူးဝေ စိတ်မကောင်းဖြစ်မိသည်။ ကိုကိုကြီး ကျန်းမာရေး ပြန်ကောင်းအောင် ငါမကူညီနိုင်ဘူးလား။ ကိုယ့်ဘာသာ မကျေမနပ်ဖြစ်ရသည်။ အောင်အောင် က ကိုကိုကြီး လူကျန်းမာရုံသာမက စိတ်ပါ ကျန်းမာစေချင်သည်။ သိပ်စိတ်ဆင်းရဲခံရတာတွေကြောင့် ကိုကိုကြီး မပျော်နိုင်တော့ဘူးလား။ နွေဦးကို ဖူးဝေ သနားမိသည်။ ကိုအောင်အောင် ပြောတာ မှန်တယ်၊ စိတ်ပြန်ပျော်လာမှ စိတ်ဓာတ်တက်ကြွမှာ၊ စိတ်ဓာတ်တက်ကြွမှ ကျန်းမာရေးလဲ ကောင်းလာမှာ။ နွေဦး စိတ်ပြန်ပျော်လာစေချင်သည်။ ငါ အမျိုးမျိုး ကြိုးစားကြည့်ရမှာပဲလေ။

□ □ □

## အခန်း (၆၆)

"တီ... တီ... တီ... တီ"

ခြံဝင်းတံခါးဆီမှ ကားဟွန်းသံကြား၍ ဖူးဝေ ပြေးသွားပြီး ကြည့်သည်။ ကားနှစ်စီးဖြစ်သည်။ ရှေ့ကားပေါ်မှ လူသုံးယောက်ကို တွေ့ရသည်။ တစ်ယောက်မှ ဖူးဝေ မသိ။ ဖူးဝေ တံခါးမဖွင့်သေးဘဲ နေသည်။ အသက်လေးဆယ်ခန့် လူတစ်ယောက် ကားပေါ်မှ ဆင်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုနွေဦး ရဲ့ မိတ်ဆွေပါ၊ သူဖုန်းဆက်ပြီး ကားတစ်စီး မှာထားလို့ လာပို့တာပါ"

"နာမည် ဘယ်သူလို့ ပြောရပါ့မလဲရှင်"

"ကိုမြင့်ရွှေလို့ ပြောလိုက်ပါ"

"ဟုတ်ကဲ့၊ ခဏစောင့်ပါနော်"

ဖူးဝေ အိမ်ကြီးဆီသို့ အမြန်ပြန်လာခဲ့သည်။

နွေဦး ကို ပြတင်းပေါက်မှာ ထိုင်လျှက် တွေ့ရသည်။

"ကိုကိုကြီး ကိုမြင့်ရွှေတဲ့၊ ကိုကိုကြီး မှာထားလို့ ကားလာပို့တာတဲ့"

နွေဦး ခေါင်းညိတ်ပြသည်။

"ဖွင့်ပေးလိုက်ပါ"

ဖူးဝေ သော့ယူသွားပြီး တံခါးဖွင့်ပေးလိုက်သည်။ ကားလေးနှစ်စီး ခြံဝင်းထဲသို့ ဝင်လာသည်။ ဧည့်သည်များကို နွေဦး က ဧည့်ခန်းမှာ တွေ့ပြီး စာချုပ်တစ်ခုတွင် လက်မှတ်ထိုးပေးလိုက်သည်။ ဧည့်သည်များ ပြန်သွားတော့ ငွေရောင် ကားလှလှလေးတစ်စီး အိမ်ရှေ့မှာ ကျန်ခဲ့သည်။

"ကိုကိုကြီး၊ ဒီကားလေး ဝယ်လိုက်တာလား"

နွေဦး ခေါင်းညိတ်ပြသည်။ ဒေါ်မြအေး ပါ ကားလေးကို ထွက်ကြည့်သည်။

"ဟယ်… ကားလေးက လှလိုက်တာ"

ကားလေးကိုကြည့်ပြီး ဒေါ်မြအေး သဘောကျနေသည်။

"ဟုတ်တယ်နော်၊ ငွေရောင်လေးကို ပြောင်တောက်နေတာပဲ"

ဖူးဝေ က အဝတ်တစ်ခုယူ၍ ကားလေးကို ပွတ်တိုက်ပြီး ဖုန်သုတ်ပေးသည်။

"အောင်အောင် နေ့တိုင်း လိုင်းကားနဲ့သွားရတာ ပင်ပန်းလို့၊ ပြီးတော့ ဖူးဝေနဲ့ အောင်အောင် အပေးသင်တက္ကသိုလ် သွားရင်လဲ အဆင်ပြေအောင်လို့"

"ကိုကိုကြီး ဆေးရုံကို စတီးချောင်း သွားထုတ်ရင်လဲ ဒီကားလေးနဲ့ အဆင်ပြေတာပေါ့နော်"

သူ့အတွက် ဦးစားပေး၍ စဉ်းစားသော ဖူးဝေ ကို နွေဦး ခေါင်းညိတ်ပြလိုက်ရသည်။ သူ့ခြေထောက် မသန်သော်လည်း ငယ်ရွယ်သူများအတွက် ကားဝယ်ပေးသော ကိုကိုကြီး၏ မေတ္တာစေတနာကိုလည်း ဖူးဝေ လေးစား၍မဆုံး ဖြစ်ရသည်။



"ဒြော် သူကတော့ ငါတို့ချမ်းသာပျော်ရွှင်ရေးကို ဖြည့်ဆည်းပေးရှာတယ်၊ ငါတို့က သူ့စိတ်ပျော်ရွှင်ပြီး ကျန်းမာလာအောင် ပြန်လုပ်ပေးနိုင်ပါ့မလား"

ဖူးဝေ ရင်ထဲမှာ စိုးရွံ့စွာ ခံစားရသည်။

ကိုကိုကြီး ပျော်ရွှင်ပါစေ၊ ပြန်လည်ကျန်းမာလာပါစေဟုလည်း ရင်ထဲမှာ ဆုတောင်းနေမိသည်။

□ □ □

# အခန်း (၆၇)

"ကလင်… ကလင်… ကလင်… ကလင်"

ခေါင်းလောင်းလှုပ်သံကြားရုံနှင့် အောင်အောင် ပြန်လာမှန်း ဖူးဝေ သိလိုက်သည်။ နောက်ဆုံးတစ်ချက်ကို ခွာပြီး လှုပ်သည်။ အောင်အောင်၏ အထိမ်းအမှတ် ဖြစ်သည်။ နာရီကို လှမ်းကြည့်သည်။ သုံးနာရီခွဲသာ ရှိသေးသည်။ ဖူးဝေ သော့ယူပြီး ပြေးထွက်သွားသည်။ နွေဦး ပြတင်းပေါက်မှ လှမ်းမြင်နေရသည်။

"ပြန်လာပြီဆိုတော့ ပျော်ရှာမှာပေါ့လေ"

နွေဦး စာနာစိတ်နှင့် တွေးရင်း ပြေးသွားနေသော ဖူးဝေ ၏ လှုပ်ရှားမှုကို လှမ်းကြည့်နေသည်။ သမင်ပျိုမလေးနှယ် လှပစွာ မြူးကြွနေသည်ဟု ထင်လိုက်သည်။

"ဘာလို့ ပြေးလာတာလဲ၊ ခလုတ်တိုက်ပြီး လဲနေမှ ဒူးကွဲနေဦးမယ်"

အောင်အောင် ၏ အပြစ်တင်စကားကြောင့် ဖူးဝေ ပြုံးလိုက်သည်။

"ကိုအောင်အောင် ဒီနေ့ ပြန်လာတာ စောလိုက်တာ"

"ဟုတ်တယ်၊ ကိုကိုဦး က သုံးနာရီခွဲ အရောက်ပြန်ခဲ့ဖို့ ဖုန်းဆက်ထားလို့"

"ကိုအောင်အောင့် ကို ပြောစရာရှိတယ်"

ဖူးဝေ တံခါးသော့ဖွင့်ရင်း စကားစလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပြော... ဘာလဲ"

တံခါးပွင့်သွားပြီမို့ အောင်အောင် ဝင်လာသည်။

"မနက်ပိုင်းက ကိုကိုကြီး လမ်းမလျှောက်ဘူး"

"ဟင်... ဘာဖြစ်လို့လဲ"

"မသိဘူး"

"ဖူးဝေ က လမ်းလျှောက်ဖို့ မပြောဘူးလား"

"ပြောတယ်၊ ဘယ်လိုမှ မရဘူး၊ ကိုကိုကြီး ကြည့်ရတာ စိတ်ဓာတ်ပြန်ကျနေသလိုပဲ၊ ခြေထောက်တွေ မြန်မြန် ပြန်ပြီးကောင်းသွားအောင်လို့ပါ ပြောတော့ မကောင်းလဲ ကိစ္စမရှိပါဘူးတဲ့"

ဖူးဝေ နှင့် အောင်အောင် တို့ စကားပြောရင်း လျှောက်လာနေကြသည်ကို နွေဦး ကျေနပ်စွာ လှမ်းကြည့်နေသည်။

"ကိုကိုဦး ဘာလို့ ဒီလိုဖြစ်နေရတာလဲ"

အောင်အောင် စိတ်မချမ်းသာစွာ တွေးနေမိသည်။

"ဒါတွေအားလုံးဟာ ဟိုမိန်းမရဲ့ ဒဏ်တွေ"

စိုးစန္ဒာကို အောင်အောင် မကျေမနပ် ဖြစ်နေရပြန်သည်။

"ညနေ အောင်အောင် လာမှ လမ်းလျှောက်မယ်လို့တော့ ပြောတယ်၊ ဖူးဝေ ကို ဖက်တွဲလျှောက်ရတာ အားနာလို့လား မသိဘူး"

အောင်အောင် ပြုံးသည်။

"ဖူးဝေ က အားမနာဖို့ ပြောမှပေါ့"

"ပြောတာပေါ့၊ အဲဒီလိုကို ပြောတာပဲ၊ ရမှမရဘဲ"

အောင်အောင် ရယ်လိုက်သည်။

"ရယ်မနေနဲ့၊ ခု ကိုအောင်အောင် ပြန်ရောက်ရင် လမ်းလျှောက်ဖို့ ပြောဦး၊ လျှောက်ဖြစ်အောင်လဲ လျှောက်ပေးဦး"

အောင်အောင် ခေါင်းညိတ်သည်။

"စိတ်ချ၊ မလျှောက်လို့ ဘယ်ရမလဲ"

နွေဦး က ပြတင်းပေါက်မှ လှမ်းကြည့်နေသည်။

"သြော်... ရယ်လို့ပြုံးလို့ ပျော်နေလိုက်ကြတာ"

နွေဦး သဘောကျစိတ်နှင့် တွေးမိခြင်းဖြစ်သည်။ အောင်အောင်နှင့် ဖူးဝေ မဟော်ဂနီပင်အောက်သို့ ရောက်လာကြသည်။



"ဟာ ဟိုရှေ့မှာ ရပ်ထားတာ ဘယ်သူ့ကားလဲ"

ငွေရောင်ကားလေးကို လှမ်းမြင်၍ အောင်အောင် မေးခြင်းဖြစ်သည်။

"သြော်... ခုမှ သတိရတယ်၊ ဒေါ်ကြီးက အားလူးအခွံသင်ခိုင်းထားတာ"

ဖူးဝေ ပြေးထွက်သွားသည်။

"ကိုကိုကြီး ဆီ အရင်သွားလိုက်ဦး"

ပြေးရင်းမှ နောက်လှည့် အော်သွားသည်။ ကိုကိုကြီး ဝယ်ပေးသော ဝမ်းသာစရာစကားကို ကိုကိုကြီး ကိုယ်တိုင် ပြောစေချင်၍ ဖြစ်သည်။

## အခန်း (၆၈)

"ကိုကိုဦး ကျွန်တော် ပြန်ရောက်ပြီ"

"အေး၊ မင်းနဲ့ ဖူးဝေ ရွှေတိဂုံ သွားရမယ်"

"ဗျာ..."

"ဗျာလုပ်မနေနဲ့၊ ကားဝယ်ထားတာ ဘုရားကို ဦးတိုက်ရမယ်၊ မင်းနဲ့ ဖူးဝေ လဲ ရွှေတိဂုံ ဖူးခဲ့ပေါ့"

"အိမ်ရှေ့မှာ ကားလေးတစ်စီး တွေ့တယ်၊ အဲဒါ ကိုကိုဦး ဝယ်လိုက်တာလား"

"မင်းကို ဖူးဝေ မပြောဘူးလား"

"မပြောဘူး၊ ဘယ်လောက်ပေးရလဲ ကိုကိုဦး"

"မပေးရပါဘူး၊ ကိုမြင့်ရွှေ လာပို့တာ၊ သူ့ဆီမှာ ပိုက်ဆံရစရာရှိလို့၊ ဆီလဲ အပြည့်ထည့်ခဲ့ဖို့ မှာထားတယ်၊ မင်းတို့ သွားရုံပဲ"

"သြော်... ဖူးဝေ ပြောတာ တစ်ခုတော့ရှိတယ် ကိုကိုဦး"

"ဘာလဲ"

"ကိုကိုဦး မနက်က လမ်းမလျှောက်ဘူးတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အို… အဲဒါက အရေးမကြီးပါဘူး"

"အရေးကြီးတာပေါ့၊ ကိုကိုဦး ဆက်မလျှောက်ရင် မနေ့က ရထားတဲ့ အလေ့အကျင့်လေး ပျက်သွားမှာပေါ့၊ အဲဒါကို ကျွန်တော် စိုးရိမ်သလို ဖူးဝေ လဲ စိုးရိမ်တာပဲ၊ ညနေ လမ်းလျှောက်ပေးပါဦးတဲ့၊ ကျွန်တော့်ကို ပြောတယ်"

"ဟ… လမ်းလျှောက်နေရင် မင်းတို့ ဘုရားသွားဖို့ နောက်ကျသွားမှာ ပေါ့၊ ငါပြောတဲ့အတိုင်း မင်းတို့ ဘုရားသွားကြ"

နွေဦး က အမိန့်ပေးသံနှင့် ပြောလိုက်ခြင်းဖြစ်သည်။

"သွားမယ်၊ ကိုကိုဦး ကို လမ်းလျှောက်ပေးပြီးရင် သွားမယ်"

"ဟာ အဲဒါက အရေးမကြီးပါဘူးလို့ ပြောနေ"

"ဒီအိမ်မှာ ကိုကိုဦး ပြန်ကျန်းမာဖို့ထက် အရေးကြီးတာ ဘာမှ မရှိဘူး၊ ကိုကိုဦး ပြန်မကျန်းမာရင် ဖူးဝေ လဲ ပျော်မှာမဟုတ်ဘူး၊ ကျွန်တော်လဲ ပျော်မှာ မဟုတ်ဘူး၊ ဒေါ်ကြီးလဲ ပျော်မှာမဟုတ်ဘူး၊ မော်တော်ကား စီးရတာလဲ ပျော်စရာ ကောင်းမှာ မဟုတ်ဘူး"

"အောင်အောင် မင်း တော်တော် စကားကတ်တဲ့ကောင်ပဲ၊ ကဲ ဒီနေ့ ဘုရားသွားကြ၊ လမ်းလျှောက်တာ နောက်နေ့မှ လုပ်လို့ရတာပဲ"

"ကိုကိုဦး ကို လမ်းလျှောက်မပေးဘဲနဲ့ ဘုရားသွားရရင် ဖူးဝေ ရော ကျွန်တော် ရော ပျော်မှာမဟုတ်ဘူး၊ ကားစီးရတာလဲ အရသာရှိမှာ မဟုတ်ဘူး၊ ကိုကိုဦး ကို ကျွန်တော်တို့ လမ်းလျှောက်ပေးပြီးရင် သွားပါ့မယ်၊ မကြာပါဘူး"

"ဩော် မင်းတို့ကလဲ သိပ်ခက်တာပဲကွ"

နွေဦး စိတ်မရှည်နိုင်ဖြစ်သော်လည်း သူတို့ ပျော်ပျော်ရွှင်ရွှင် သွားစေချင်၍ လမ်းလျှောက်ရန် စိတ်ပြောင်းလိုက်ရသည်။

"ကဲ ကဲ ဒါဆိုရင်လဲ မြန်မြန်လုပ်၊ အိမ်ရှေ့မှာပဲ လျှောက်မယ်"

"ဟုတ်ကဲ့ပါ"

အောင်အောင် ဝမ်းသာအားရနှင့် လှည်းနောက်ဖျောဘက်သို့ ရောက် သွားသည်။

"ဖူးဝေ ရေ… ကိုကိုဦး ကို လမ်းလျှောက်ပေးမယ်ဟေ့၊ လာပါဦး"

နောက်ဘက်သို့ လှမ်းအော်လိုက်သည်။

"ဟုတ်ကဲ့ ကိုအောင်အောင်၊ လာပြီ"

ဖူးဝေ နောက်ဘက်မှ ပြေးထွက်လာသည်။ အောင်အောင် က နွေဦး၏



တွန်းလှည်းကို အိမ်ရှေ့သို့ တွန်းသွားသည်။ ဖူးဝေ ဖိနပ်စင်ဆီသွား၍ နွေဦး စီးရန် ဖိနပ်ယူသည်။ ချွေးသုတ်ရန် တဘက်တစ်ထည်ယူသည်။ အိမ်ရှေ့သို့ ခပ်မြန်မြန်လေး ပြေးလိုက်သွားသည်။ မယော်ဂနီပင်တန်းမှာ တွန်းလှည်းရပ်သည် နှင့် ဖူးဝေ က နွေဦး ခြေထောက်မှာ ဖိနပ်စီးပေးသည်။

အောင်အောင် က နွေဦး၏ ညာဘက်လက်ကို ကိုင်လိုက်သည်။

"ဖူးဝေ ဟိုဘက်ကတွဲ"

"ဟုတ်ကဲ့"

ဖူးဝေ က နွေဦး၏ဘယ်ဘက်လက်ကို ကိုင်လိုက်သည်။

"မင်းတစ်ယောက်တည်း တွဲရင် ရပါတယ်ကွာ၊ မနေ့က ဖူးဝေ တစ် ယောက်တည်းတောင် တွဲလို့ရသေးတာပဲ"

အောင်အောင် ပြုံးလိုက်သည်။

"နှစ်ယောက် တစ်ဖက်စီတွဲတော့ ပိုသက်သာတာပေါ့၊ ကိုကိုဦး ကလဲ ဖူးဝေ က ကိုကိုဦး အားနာရမယ့် လူမှမဟုတ်ဘဲ"

အောင်အောင် က ဖူးဝေ ကို မျက်စိမှိတ်ပြလိုက်သည်။

"ကိုကိုကြီးကလဲ ဟုတ်သားပဲ၊ ဖူးဝေလဲ ကူညီခွင့်ရချင်တာပေါ့"

ဖူးဝေ က နွေဦး လက်ကိုဆွဲယူပြီး သူ့ပခုံးပေါ် တင်ပေးလိုက်သည်။

နွေဦး၏ ခါးကိုလည်း ယခင်ရက်ကလိုပင် ဖက်လိုက်သည်။

"ဖူးဝေ ပခုံးကို အားပြုပြီး ထလိုက် ကိုကိုကြီး၊ ကိုအောင်အောင် အရပ် မြင့်တော့ သူ့ပခုံးကိုင်ဖို့ အဆင်ပြေမှာမဟုတ်ဘူး"

"ဟင်း…"

နွေဦး သက်ပြင်းချလိုက်သည်။ သူ့လက်က ဖူးဝေ ပခုံးပေါ်ရောက်နေပြီ။

"ကဲ ထလိုက် ကိုကိုဦး"

အောင်အောင် က ဘေးမှ ထိန်းရုံသာဖြစ်သွားသည်။

ဖူးဝေ က နွေဦး၏ခါးကိုဖက်ပြီး မ,နေပြီမို့ ဖူးဝေ၏ပခုံးပေါ် လက်အား ပြုပြီး နွေဦး ထလိုက်ရသည်။

"လျှောက်လို့ရပြီ ကိုကိုဦး"

နွေဦးနှင့် ဖူးဝေ က တွဲဖက်လျက်

"ဟင်း… မင်းက ဘာအားကိုးရတော့လို့လဲ၊ ဖူးဝေ ပဲ တွဲထားရတာ"

နွေဦး၏စကားကြောင့် အောင်အောင် သဘောကျစွာ ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ"

"ဖူးစေ ဖယ်လိုက်၊ ကျွန်တော် တွဲမယ်"

အောင်အောင် က သူ့ဘက်မှနေ၍ နွေဦး၏ဘက်ကို ဖက်ပြီး ထိန်းလိုက်သည်။ ဖူးစေ က အောင်အောင်၏လက်ကို ကိုင်ပြီး ထိန်းပေးသည်။ နွေဦး လမ်းလျှောက်သည်။ တစ်လှမ်း။ နှစ်လှမ်း။ သုံးလှမ်း။ လျှောက်၍ရသည်။ မနေ့ ကလောက်ပင် ခြေထောက်များမှာ လေးလံခြင်းမရှိတော့ပါ။

"ကိုကိုဦး တော်တော်ကို ကောင်းနေပြီ၊ မနက်တစ်ခါ ညတစ်ခါဆိုရင် ပိုကောင်းသွားမှာ"

"ဟုတ်တယ် ကိုကိုကြီး၊ မနက်ဖြန်ခါကျတော့ မနက်ပိုင်း ဖူးစေ တွဲလျှောက်ပေးပါရစေနော်၊ ညနေကျတော့ ကိုအောင်အောင် တာဝန်ပေါ့"

"ဟုတ်တယ်၊ ဒါမှ တို့နှစ်ယောက်စလုံး ကုသိုလ်ရမှာ၊ ကိုကိုဦး နှစ်ယောက်စလုံးကို ကုသိုလ်မျှပေးသင့်တယ်"

အောင်အောင်နှင့် ဖူးစေ က အားမနေ၍ အတိုင်အဖောက်ညီနေကြသည်။ နွေဦး ဘာမျှမပြောတော့ဘဲ ခြေလှမ်းကိုသာ သတိထားလှမ်းနေသည်။ ဖူးစေ က ခြေလှမ်းများကို မှတ်ထားသည်။

"ကိုကိုကြီး ခဏနားလိုက်ဦး၊ ဆယ်လှမ်းရသွားပြီ"

"ဟင်… ဆယ်လှမ်းတောင် ရှိသွားပြီလား"

အောင်အောင် တကယ်အံ့သြသွားခြင်းဖြစ်သည်။

"နောက်ထပ်ရသေးတယ်၊ ဆက်လျှောက်လိုက်ဦးမယ်"

နွေဦး စိတ်အားတက်လာသည်။

"ဆယ့်လေးလှမ်း"

"ဆယ့်ငါးလှမ်း"

အောင်အောင် က ခြေလှမ်းများကို အသံထွက်ပြီး ရေတွက်သည်။ ဆယ့်ငါးလှမ်း မှာ နွေဦး ရပ်လိုက်သည်။ နဖူးမှာလည်း ချွေးများစို့နေပြီ။ ဖူးစေ က အသင့်ယူလာသော မျက်နှာသုတ်တဘက်ကိုလည်း လှမ်းပေးလိုက်သည်။ နွေဦး ယူ၍ ချွေးသုတ်သည်။

"ဒီအတိုင်းသာ ဆက်လျှောက်ရင် တစ်ပတ်ဆို ကိုကိုဦး ကိုယ့်ဘာသာ လျှောက်လို့ရပြီ၊ စတီးချောင်း ဖြုတ်ပြီးရင် ကိုကိုဦး အကောင်းပကတိဖြစ်နေမှာ သေချာတယ်"



"မဖြစ်လဲ ကိစ္စမရှိပါဘူးကွာ"

"ဟာ… ဘာဖြစ်လို့ကိုကိုဦး ကလဲ၊ ဘာလို့ ကိစ္စမရှိရမှာလဲ၊ ဒီအိမ်ကြီးမှာ ကိုကိုဦး က အရေးအကြီးဆုံးလူ၊ အားလုံး ကိုကိုဦး ကို အမှီပြုပြီး လှုပ်ရှားနေကြရတာ၊ ကိုကိုဦး အကောင်းပကတိပြန်ဖြစ်မှ အားလုံး စိတ်ချမ်းသာကြမှာ"

"အေးလေ မင်းတို့ စိတ်ချမ်းသာဖို့ ငါ့ကျန်းမာအောင် ကြိုးစားပါ့မယ် ကွာ"

နွေဦး ရင်ထဲမှာတင် ပြောလိုက်ခြင်း ဖြစ်သည်။

"ကဲ ဆက်လှမ်းမယ်"

နွေဦး ဆက်လျှောက်သည်။ အောင်အောင်နှင့် ဖူးစေ တို့ တွဲပေးကြသည်။ ငါးလှမ်းအရောက်မှာ နွေဦး ရပ်လိုက်သည်။

"ဒီနေ့ ဒီလောက်ဆို တော်ပြီပေါ့"

အားလုံး ခြေလှမ်းနှစ်ဆယ် ဖြစ်သည်။

အောင်အောင်နှင့် ဖူးစေ က နွေဦး ကို ကုတင်ဆီသို့ ပြန်လှည့်ပေးကြသည်။

တွန်းလှည်းလေးဆီသို့ နွေဦး လှမ်းကြည့်လိုက်သည်။ မနေ့ကထက် ပိုဝေးသည်။

"ကဲ… တစ်ခါတည်းနဲ့ အဲဒီရောက်အောင် လျှောက်မယ်"

"ဖြစ်ပါ့မလား ကိုကိုကြီး"

ဖူးစေ စိုးရိမ်သည်။

"ဖြစ်မယ် ထင်ပါတယ်"

နွေဦး က စိတ်အားတင်းလိုက်သည်။

"ကဲ… စ"

ဆက်လျှောက်သည်။ ဖြည်းဖြည်းမှန်မှန်ပဲ တစ်လှမ်းချင်း လျှောက်သည်။ နွေဦး အနေအထား အတော်ပင် ထိန်းထောက်ကာ မှန်မှန်ပြီးဖြစ်လျှောက်ခြင်း ဖူးစေ ရော အောင်အောင် ပါ နားလည်ကြသည်။ နှစ်ယောက်စလုံး ဝမ်းသာနေကြသည်။ အပြန်ခရီးမှာ သွေးပူပြီးသား ဖြစ်နေသည်။ ခြေလှမ်းသည်ပါ ပိုပြီး ပေါ့ပေါ့ပါးပါး ဖြစ်လာပါသည်။

"ရောက်တော့မယ် ကိုကိုကြီး"

ဖူးစေ ဝမ်းသာနေသည်။ သုံးလှမ်းခန့်သာ ကျန်တော့သည်။ နွေဦး၏

www.burmeseclassic.com

www.burmeseclassic.com



နဖူးမှာတော့ ချွေးများစို့နေကြပြီ။

"ကိုကိုကြီး ပင်ပန်းရှာလိမ့်မယ်" ဟု တွေး၍ ဖူးဝေ စိတ်မကောင်းဖြစ်မိသည်။

နွေဦး ကတော့ သုံးလှမ်းကျန်သည်ကို မနားဘဲ ဆက်ပြီး လျှောက်လိုက်သည်။ တွန်းလှည်းလေး ရှေ့သို့ ရောက်သွားပြီ။

"ဟာ… အောင်ပြီကွ၊ ကိုကိုဦး ခြေထောက်တွေ အတော့်ကို ကောင်းနေပြီ"

အောင်အောင် ဝမ်းသာအားရ ဖြစ်နေသည်။

"နေဦး၊ ဖြည်းဖြည်းလုပ်"

အထိုင်မှာ မနေ့ကလိုဖြစ်မှာ နွေဦး စိုးရိမ်သည်။ သို့သော် နှစ်ယောက်ထိန်းထား၍ ချောချောမောမောပင် တွန်းလှည်းပေါ် ပြန်ထိုင်၍ရသွားသည်။

"ကိုကိုကြီး ချွေးသုတ်လိုက်ပါဦး"

ဖူးဝေ က တဘက်ပေးသည်။

နွေဦး ချွေးများကို သုတ်ပစ်သည်။

"ကဲ မင်းတို့ ဘုရားသွားကြတော့"

"ကိုကိုကြီးကို ရေဖတ်တိုက်ပေးပြီးမှ"

"ဟာ… မလိုပါဘူး၊ မိုးချုပ်သွားလိမ့်မယ်၊ မင်းတို့ ပြန်လာမှ ထမင်းစားကြမယ်"

"ကိုကိုကြီး ကို အိမ်ထဲပြန်ပို့ဦးမယ်"

ဖူးဝေ က တွန်းလှည်းကို ကိုင်လိုက်သည်။

"မပို့နဲ့… မပို့နဲ့၊ ဒီကနေ ကိုယ့်ဘာသာ ပြန်တွန်းသွားလို့ ရတယ်၊ မင်းတို့ ကားနဲ့ထွက်သွားကြတာ ကြည့်ချင်လို့"

"ဩော်… ကိုကိုကြီး ရယ်"

ဖူးဝေ မျက်ရည်လည်သွားရသည်။ အောင်အောင် ရင်ထဲမှာလည်း ခံစားရသည်။

□ □ □

## အခန်း (၆၉)

"ဒါ စူပါရှုဖ် အမျိုးအစား ကားလေ၊ အရောင်ကလဲ တို့ကြိုက်တဲ့ ငွေရောင် မက်တဲလစ်၊ ကိုကိုကြီးက အကောင်းစား ကားလေးကို ဝယ်ပေးတာပဲ"

အောင်အောင်က ကားသော့ကို လှည့်လိုက်သည်။ ကားလေး စက်နိုးသွားသည်။ စက်သံက ညက်ညက်ကလေး။

"ကောင်းလိုက်တာ"

အောင်အောင် သဘောကျနေသည်။ ဖူးဝေ ကတော့ မယော်ဂနီပင်တန်းမှာ တွန်းလှည်းလေးပေါ်မှာ ထိုင်နေသော ကိုကိုကြီး ကို လှမ်းကြည့်ပြီး စိတ်မကောင်းဖြစ်နေသည်။

"ကိုကိုကြီး ကားပြန်မောင်းနိုင်ရင် ကောင်းမှာ"

ကိုကိုကြီးနှင့် အတူသွားရလျှင်လည်း ပျော်စရာကောင်းမည်ဟု ဖူးဝေ တွေးနေမိသည်။ အောင်အောင်က ကားလေးကို ဖြည်းဖြည်းချင်း လိမ့်ထွက်လိုက်သည်။ ကားလေး နွေဦးဘေးမှဖြတ်တော့ အောင်အောင် က ပို၍ ဖြည်းဖြည်း မောင်းသည်။ နွေဦး တွန်းလှည်းပေါ်မှ လှမ်းကြည့်ရင်း လက်ပြကျန်ခဲ့သည်။ ဖူးဝေ လက်ပြန်ပြရင်း မျက်ရည်များက သူ့အလိုလို ပါးပြင်ပေါ်သို့ စီးကျလာသည်။

"တော်ပါသေးရဲ့"

နွေဦး ကိုလွန်ပြီးမှ မျက်ရည်က ကျခြင်းဖြစ်သည်။ ကိုကိုကြီး စိတ်မကောင်းဖြစ်ပြီး မကျန်ခဲ့စေချင်။ ဝင်းတံခါးနားမရောက်ခင် ဖူးဝေ မျက်ရည်များကို သုတ်ပစ်လိုက်သည်။ ဒေါ်ကြီးလည်း မမြင်စေချင်။ အောင်အောင် ကတော့ မြင်သည်။ ခြံဝင်းတံခါးမှထွက်တော့ ဒေါ်ကြီး က သဘောကျစွာ ပြုံး၍ကြည့်ပြီး ကျန်ရစ်သည်။ ဖူးဝေ ဒေါ်ကြီး ကို ပြုံးမပြခဲ့နိုင်။ တံခါးကိုလွန်ပြီး လမ်းပေါ်ရောက်လာတော့ ဖူးဝေ စိတ်ကိုလျှော့ချလိုက်၍ မျက်ရည်များ အဆက်မပြတ် စီးဆင်းလာကြသည်။

"ဘာလို့ငိုနေတာလဲ ဖူးဝေ"

အောင်အောင်၏အသံမှာလည်း စိတ်မကောင်းမှု ပါနေသည်။

"ကိုကိုကြီး ကို သနားလို့"

www.burmeseclassic.com

www.burmeseclassic.com



အောင်အောင် ဘာမျှ ဆက်မပြောတော့ပါ။ သူကိုယ်တိုင်လည်း ဖူးဝေလိုပင် ခံစားနေရသည်။ ကားကိုသာ ဂရုစိုက်ပြီး မောင်းနေသည်။ ဖူးဝေက မျက်ရည်များကို သုတ်ပစ်လိုက်သည်။ သို့သော် နှစ်ဦးသား စကားမပြောမိကြ။ အတွေးကိုယ်စီနှင့် ငြိမ်သက် နေကြသည်။ ကားလေးက တရိပ်ရိပ်ပြေးနေသည်။ မင်္ဂလာဒုံ ရောက်လာပြီ။ သူလာစဉ်က ကားပြောင်းစီးရသော နေရာလေးကို ဖူးဝေ မှတ်မိသည်။

"ဟို ဘယ်ဘက်ကဟာ လေယာဉ်ပျံကွင်း"

အောင်အောင် ပြသည်ကို ဖူးဝေ လှမ်းကြည့်လိုက်သည်။ ရပ်ထားသော လေယာဉ်ပျံကြီးနှစ်စင်းကို မြင်ရသည်။ နောက်တော့ အောင်အောင်က ဘာမျှမပြောတော့ပါ။ ကားလေးကိုသာ ခပ်မြန်မြန် မောင်းနေသည်။ မြို့ထဲကို ရောက်လာပြီ။ ကားတွေအများကြီး ဖူးဝေ တွေ့နေရသည်။

"ညာဘက်ကဟာ ရုပ်သံဌာနလေ၊ တီဗွီတို့၊ ရေဒီယိုတို့ အသံလွှင့်တဲ့ဌာနလေ"

အောင်အောင် အိမ်ပြန်အိပ်သည့် နေ့မှစ၍ တီဗွီ ဖွင့်ကြည့်နေကြပြီဖြစ်သောကြောင့် တီဗွီလွှင့်သော နေရာဆိုသည်ကို ဖူးဝေ က စိတ်ဝင်စားစွာ လှမ်းကြည့်လိုက်သည်။

"ဘယ်ဘက်ကဟာ ပညာရေးတက္ကသိုလ်လေ၊ အဲဒီနောက်မှာ တို့နဲ့ဆိုင်တဲ့ အဝေးသင်တက္ကသိုလ် ရှိတယ်၊ ကပ်လျက်ပဲ"

"သြော်..."

ကိုယ်ပညာသင်ရမည့် အဝေးသင်တက္ကသိုလ် ရှိရာဘက်ကိုလည်း ဖူးဝေ လှမ်းကြည့်လိုက်သည်။ ဟံသာဝတီအဝိုင်းကို လွန်လာခဲ့ပြီ။

"အို... တယ်ပင်လေးတွေက လှလိုက်တာ"

ဖူးဝေ အံ့သြသဘောကျ ဖြစ်နေသည်။

"ဒီလမ်းက ဦးဝိစာရလမ်းလို့ ခေါ်တယ်"

ကားလေးက တယ်ပင်လေးများကို တစ်ပင်ပြီးတစ်ပင် ဖြတ်ကျော်၍ ပြေးနေသည်။

"ညာဘက်ကဟာ တော်လှန်ရေးပန်းခြံ"

ဖူးဝေ လှမ်းကြည့်လိုက်သည်။

"ရှေ့ကဟာ ပြည်သူ့ဥယျာဉ်"



ကားလေး စက်ရှိန်လျှော့သွားပြီ။ ရွှေတိဂုံစေတီတော်ကို အနောက်ဘက် မုခ်မှဝင်၍ ဦးတိုက်လိုက်သည်။ ကားရပ်စခန်းမှာ ကားကိုရပ်ပြီးတော့ အောင်အောင်နှင့် ဖူးဝေ ကားပေါ်မှ ဆင်းကြသည်။ အောင်အောင်က ကားတံခါးများကို အသေအချာပိတ်ပြီး သော့ခတ်သည်။ ဖူးဝေ က ရပ်စောင့်နေသည်။

"သြော်... သူတကာတွေက တို့ကို အတွဲလို့ ထင်ကြမလား၊ ညားခါစလို့ ထင်ကြမလား"

ဖူးဝေ ကိုကြည့်ပြီး အောင်အောင် စိတ်ထဲမှာ တွေးလိုက်မိသည်။ အေးလေ၊ မောင်နှမလို့ ထင်ရင်လဲ ရတာပါပဲ။

"လာလေ ဖူးဝေ"

နှစ်ယောက်အတူ အနောက်ဘက်မုခ်မှ စောင်းတန်းအတိုင်း တက်ခဲ့ကြသည်။ ရှေ့မှာ စက်လှေကားများကို တွေ့ရပြီ၊ စက်လှေကားစီးရမည်။ ဖူးဝေ က စက်လှေကားကို မစီးရဲ။ ရွေ့လျားနေသော လှေကားထစ်များကို ကြည့်ပြီး ကြောက်နေသည်။

"ရဲရဲနင်းပြီး တက်လိုက်"

အောင်အောင် အားပေးသော်လည်း ဖူးဝေ ခြေမနင်းရဲ။

"လာ"

အောင်အောင်က ဖူးဝေ လက်ကိုဆွဲပြီး စက်လှေကားပေါ်သို့ နှစ်ယောက်အတူ တက်လိုက်သည်။

"အို..."

ဖူးဝေ စက်လှေကားပေါ် ရောက်သွားသည်။ ဆင်းရမည်ကိုကြောက်၍ အောင်အောင့် လက်မောင်းကို ကိုင်ထားသည်။ အောင်အောင် ကလည်း ဖူးဝေ လက်ကို ဆုပ်ကိုင်ထားဆဲ ဖြစ်သည်။ လှေကားဆုံးသည်နှင့် ဖူးဝေ ကို အပေါ်သို့ ဆွဲတင်ပေးလိုက်သည်။

"ဒီလက်တန်းကို ကိုင်၊ အောက်က သံပြားကို ရဲရဲနင်းလိုက်"

ဖူးဝေ လှေကားပေါ် ရောက်သွားပြီ။ အောင်အောင် ပြုံးရင်း အမိလိုက်သွားသည်။ ဖူးဝေ စက်လှေကား စီးတတ်သွားပြီ။ အောင်အောင် က ဖူးဝေ ဘေးနားမှာ သွားရပ်သည်။

"ဆင်းရတော့မယ်၊ လက်ကိုင်ထားတာ လွှတ်လိုက်၊ ဟုတ်ပြီ၊ ရှေ့ကို ရဲရဲလှမ်းလိုက်၊ ဟုတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဖူးဝေ စက်လှေကားမှ ဆင်းတတ်သွားပြီမို့ နှစ်ယောက်လုံး ပြုံးပြုံးပျော်ပျော် ဖြစ်သွားကြသည်။ နောက်လှေကားတစ်ခု ဖူးဝေ ကိုယ့်ဘာသာ စီး၍ရသွားပြီ။ လှေကားများအားလုံး ကုန်သွားတော့ နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ကြည့်၍ ပြုံးမိကြပြန်သည်။

"လာ ဖူးဝေ၊ ဟိုမှာ ပန်းဆိုင်ရှိတယ်"

အောင်အောင် က ပန်းနှစ်စည်းဝယ်သည်။ တစ်စည်းကို ဖူးဝေ လက်သို့ပေးလိုက်သည်။ ကြားသာ ကြားဖူးနေသော်လည်း မဖူးရသေးသော ရွှေတိဂုံစေတီတော်ကြီးကို ကိုယ်တွေ့မျက်မြင် ဖူးရသောအခါ ဖူးဝေ အံ့သြမဆုံး၊ ကြည်ညိုမဆုံး ဖြစ်ရသည်။ ရွှေအတိဖြစ်သော စေတီတော်ကြီးကို ထီးတော်အထိ မော့ကြည့်လိုက်သည်။ ဖူးဝေ စေတီတော်ကြီးကို တအံ့တသြ ကြည့်နေစဉ် အောင်အောင် ကတော့ ရင်ပြင်တော်မှာပင် ထိုင်၍ ဘုရားကန်တော့နေပြီ။ ဖူးဝေ အောင်အောင့်နောက်နားမှာ ထိုင်၍ ကြည်ညိုစွာ ကန်တော့သည်။ ဖူးဝေ ကန်တော့၍ ပြီးတော့ အောင်အောင် ထိုင်စောင့်နေသည်။

"ဖူးဝေ ဘာတွေဆုတောင်းလဲ"

"ကိုကိုကြီး ပြန်ကျန်းမာပြီး လူကောင်းပကတိ ဖြစ်ပါစေလို့ ဆုတောင်းတယ်၊ ကိုအောင်အောင် ကကော"

"ကိုကိုဦး ကိုယ်ကျန်းမာရုံတင် မကဘူး၊ စိတ်ပါ ပြန်ပြီး ချမ်းသာပျော်ရွှင်ရပါစေလို့ ဆုတောင်းတယ်"

"ကောင်းလိုက်တာ၊ နှစ်ယောက်စလုံး ကိုကိုကြီး အတွက် ဆုတောင်းတာတူတယ်နော်"

အောင်အောင် သဘောကျစွာ ပြုံးပြီး ခေါင်းညိတ်ပြလိုက်သည်။

□ □ □

## အခန်း (၃၀)

"တီ… တီ… တီ"

မဟော်ဂနီခြံကြီးအထွက်မှာ အောင်အောင်က ပျော်ရွှင်ခြင်းအထိမ်းအမှတ်အဖြစ် ကားဟွန်းကို သုံးချက်တီးလိုက်သည်။ ဝင်းတံခါးကို ကိုင်လျက် ဒေါ်ကြီး



ပြုံးကျန်ရစ်ခဲ့သည်။ ဝယ်ထားသည့်ကားလေးကို ရွှေဦး၊ အောင်အောင်နှင့် ဖူးဝေတို့ သုံးဦး ပထမဆုံးအကြိမ်အဖြစ် အတူစီးရခြင်း ဖြစ်သည်။ သွားရမည့်ခရီးကလည်း အားတက်စရာ။ ရွှေဦးခြေထောက်မှ စတီးချောင်းကို ဆေးရုံမှာ ပြန်ထုတ်ရန် ဖြစ်သည်။ ရွှေဦးမှာ အောင်အောင်နှင့် ဖူးဝေ အတင်းအကျပ်တောင်းဆို၍ နံနက်တိုင်း ညနေတိုင်း လမ်းလျှောက်ပေးခြင်းကြောင့် ခြေထောက် အခြေအနေအတော်ပင် ကောင်းနေပြီဖြစ်သည်။ အတွဲအကူမပါဘဲနှင့်ပင် လမ်းလျှောက်တုတ်သုံးပြီး ဖြည်းဖြည်းချင်း လျှောက်၍ ရနေပြီ။

"ကိုကိုကြီး စတီးချောင်းထုတ်ပြီးရင် အကောင်းပကတိ ပြန်ဖြစ်တော့မှာပေါ့နော်"

ဖူးဝေ ဝမ်းသာနေသည်။

"ဒါပေမယ့် ခုအတိုင်း ဖူးဝေလမ်းတွဲလျှောက်ပေးဖို့တော့ လိုဦးမှာပေါ့"

အောင်အောင်က ဖူးဝေ တာဝန် ကျန်သေးသည်ကို သတိပေးသည်။

"လျှောက်ပေးမှာပေါ့"

ဖူးဝေက လိုလိုလားလားတာဝန်ယူသည်။ဆေးရုံရောက်တော့ စတီးချောင်းမထုတ်မီ ဓာတ်မှန်အရင် ရိုက်ကြည့်သည်။ အရိုးအခြေအနေမှာ အားလုံးကောင်းသည်။ ဆရာဝန်က ရွှေဦးကို ခွဲစိတ်ခန်းအတွင်းသို့ ခေါ်သွားသည်။ အောင်အောင်နှင့် ဖူးဝေ ခွဲစိတ်ခန်းအပြင်မှာ စောင့်နေကြရသည်။ ခွဲစိတ်ပြီး စတီးချောင်းကြီးကို ဆွဲထုတ်ရင် ကိုကိုကြီး သိပ်ကိုနာရှာမှာပဲ။ ဖူးဝေ တွေး၍ ရွှေဦးကို သနားနေသည်။

"ကိုကိုကြီးခြေထောက် ပကတိအတိုင်း ပြန်ကောင်းပါစေ"

ဖူးဝေ ဆုတောင်းပေးနေသည်။ အချိန်သိပ်မကြာမီ ခွဲစိတ်ခြင်း၊ စတီးချောင်းထုတ်ခြင်း၊ ကျန်သောအနာကို ဆေးထည့်ခြင်းကိစ္စများ ပြီးစီးသွားသည်။

"ကျေးဇူးသိပ်တင်ပါတယ် ဆရာ"

ကုသပေးသော ဆရာဝန်ကို ရွှေဦး ကျေးဇူးတင်မဆုံး ဖြစ်ပါသည်။

"လူတစ်ယောက် အကောင်းပကတိပြန်ဖြစ်သွားတာကို ကျွန်တော်တို့က ပိုဝမ်းသာပါတယ်ဗျာ"

ရွှေဦး ခွဲစိတ်ခန်းအတွင်းမှ အကောင်းပကတိ ပြန်ထွက်လာသည်ကို မြင်ရ၍ ဖူးဝေနှင့် အောင်အောင်တို့ ဝမ်းသာနေကြသည်။ ဆရာဝန်နှင့် ဆရာမများကို နှုတ်ဆက်ပြီး ရွှေဦး ဆေးရုံပေါ်မှဆင်းလာတော့ အောင်အောင်နှင့် ဖူးဝေက

www.burmeseclassic.com

www.burmeseclassic.com



ဘေးတစ်ဖက်စီမှ တွဲလျှောက်ခဲ့ကြသည်။ မော်တော်ကားဘေးရောက်တော့ အောင်အောင် က နောက်ခန်းတံခါးကို ဖွင့်ပေးသည်။ ဖူးဝေက နွေဦးကို ကားပေါ်သို့ တွဲတင်ပေးသည်။ နွေဦး ကားပေါ်ရောက်သွားပြီ။

"ဖူးဝေ ရှေ့မှာထိုင်လိုက်"

နွေဦးက ဖူးဝေကို လှမ်းပြောလိုက်သည်။

"ဟာ...မဟုတ်တာ ကိုကိုဦးကလဲ၊ ဖူးဝေ ကိုကိုဦးဘေးမှာ ရှိမှ ဖြစ်မှာပေါ့"

"ငါက လူကောင်းဖြစ်နေပြီပဲ၊ မင်းတို့နှစ်ယောက် ရှေ့မှာထိုင်ကြကွာ...ဒါဆိုရင်တော့ ဖူးဝေ ကြိုက်တဲ့နေရာမှာ ထိုင်၊ ရှေ့မှာ ထိုင်ချင်ရင်လဲ လာ၊ နောက်မှာ ထိုင်ချင်ရင်လဲ သွား၊ ဖူးဝေ သဘောအတိုင်း လုပ်"

အောင်အောင်က ကားဘေးမှာ ရပ်နေဆဲရှိသော ဖူးဝေကို လှမ်းပြောလိုက်သည်။

ဖူးဝေ နောက်ဘက်မှ တံခါးကိုဖွင့်၍ နွေဦးဘေးမှာ ဝင်ထိုင်လိုက်သည်။

ဖူးဝေကို ကြည့်ပြီး နွေဦးသက်ပြင်းတစ်ချက် မသိမသာ ချလိုက်သည်။

အောင်အောင် ပြုံးလျက် ကားစက်ကို နှိုးလိုက်သည်။

## အခန်း (၃၁)

နွေဦး၏ ခြေထောက်များမှာ အကောင်းပကတိ ဖြစ်နေကြပါပြီ။ အသားအရေမှာလည်း စိုစိုပြည်ပြည်နှင့် ပြည့်ပြည့်ဖြိုးဖြိုး ပြန်ဖြစ်နေပါပြီ။ ဆေးရုံမှဆင်းခဲ့သော ကြာသည်။ စကားချောင်းကို ခွဲစိတ်ထုတ်ယူသည့်နေရာမှ အနာမှာလည်း ပြန်ပိတ်ပြီး ပျောက်ကင်းသွားပြီ။ သို့သော် နွေဦးသည် တစ်နေ့လုံး အခန်းတွင်းအောင်း၍ ပြတင်းပေါက်နားတွင် အသေရပ်ထားသော တွန်းလှည်းပေါ်မှာ ထိုင်သောအကျင့်ကို မဖျောက်သေး။ ထိုတွန်းလှည်းပေါ်မှာထိုင်၍ မဟော်ဂနီပင်များကို ကြည့်သည်။ ထိုနေရာမှာပင် နေ့စဉ်လာပို့သော သတင်းစာများကို ဖတ်သည်။ တစ်ခါတစ်ရံ အောင်အောင်ဝယ်လာပေးသော မဂ္ဂဇင်းများကိုဖတ်သည်။ ညနေပိုင်းကျတော့



မဟော်ဂနီပင်များပေါ်မှ ဖြတ်ပျံသွားသော ငှက်အုပ်များကို ကြည့်သည်။ တွန်းလှည်းနှင့် သွားဖို့ မလိုတော့သော်လည်း တွန်းလှည်းပေါ်မှာ ထိုင်သောအကျင့်ကို နွေဦး မဖျောက်နိုင်သေး။ တွန်းလှည်းကလည်း ခေတ်မီအကောင်းစားမို့ အိပ်ချင်လျှင် နောက်မှီကို နောက်သို့ လှန်ချသောခလုတ်ပါသည်။ ထို့ကြောင့် လူမစာမဟုတ်တော့သော်လည်း နွေဦး တွန်းလှည်းပေါ်မှာ နေသောအကျင့် မပျောက်သေး၍ လူမမာပုံ မပျောက်သေးဘဲ ဖြစ်နေသည်။ နွေဦး၏အခန်းထဲသို့ ဖူးဝေ ဝင်လာသည်။ နွေဦး မသိ။ တွန်းလှည်းပေါ်မှာထိုင်၍ မဟော်ဂနီပင်တန်းဘက်ဆီသို့ ငေးနေသည်။

"ကိုကိုကြီးကို ကြည့်ရတာ ပျော်ပျော်ရွှင်ရွှင်လဲ ဖြစ်မလာသေးဘူး"

ဖူးဝေ စိတ်မကောင်းဖြစ်မိသည်။ ကျန်းမာရေးအခြေအနေ ကောင်းပါလျက်နဲ့ ကိုကိုကြီး ဘာလို့ မပျော်နိုင်တာပါလိမ့်။ ဖူးဝေ သိချင်သည်။ နွေဦးနားသို့ ဖူးဝေ ရောက်သွားပြီ။ ခြေသံကြားမှ နွေဦး လှည့်ကြည့်သည်။

"ကိုကိုကြီး လမ်းလျှောက်ရအောင်လေ"

လျှောက်နေကျအချိန်ကျ၍ လာခေါ်ခြင်းဖြစ်သည်။ ဖူးဝေကိုကြည့်ရင်း နွေဦးစိတ်ထဲမှာ မသက်မသာခံစားရသည်။ ဖူးဝေ ခေါင်းလျှော်ထားသည့်နေ့မို့ ဆံပင်များကို ဖြန့်ချထားသည်။ နက်မှောင်၍ ထူထဲသောဆံပင်များသည် ကျောလယ်အထိ ထွေးထွေးအိအိ ကျနေသည်။ အပေါ်ပိုင်းတွင် အဖြူရောင် တီရှပ်အင်္ကျီနှင့် အောက်ပိုင်းမှာ အပြာနုရောင် ဖြောင်လုံချည်လေး ဝတ်ထားသည်။ မျက်နှာမှာ သနပ်ခါးကို နုနုညက်ညက် လိမ်းထားသည်။ အလိုက်သိစွာ ပြုစုတတ်သော ဤမိန်းကလေးနှင့် တစ်နေ့လုံး နီးနီးစပ်စပ် နေရသည်မှာ စိတ်ပင်ပန်းလှသည်။ အသိနှင့်ငြင်းပယ်ခဲ့ပြီး ဖြစ်လျက် ခံစားချက်တွေက အသစ် အသစ်ဖြစ်နေသည်။ ဦးနောက်က သိပါသည်။ သူတို့ ငယ်ရွယ်သောသူချင်းသာ ဖြစ်သင့်သည်။ သူတို့ တစ်ဦးနှင့်တစ်ဦး ကြည်ကြည်ဖြူဖြူ ရှိနေကြသည်ကိုလည်း ကျေနပ်ပြီးသား ဖြစ်သည်။ ထို့ကြောင့် သူတို့နှစ်ယောက်၏အနာဂတ်ကို အကောင်းဆုံးဖြစ်အောင် ကူညီဆောင်ရွက်ရန်လည်း ဆုံးဖြတ်ထားပြီး ဖြစ်သည်။ သို့သော် ခက်နေတာက ကိုယ့်နှလုံးသား ဖြစ်သည်။

ဖူးဝေနှင့် နီးနီးစပ်စပ်နေရတိုင်း ကြည်နူးသည်။ ဖူးဝေ၏ ပြုစုမှုများမှာ သာယာသည်။ ဖူးဝေအကြောင်း စဉ်းစားလိုက်တိုင်း ရင်ထဲမှာ လှုပ်လှုပ်ရှားရှား ခံစားရသည်။ ထိုအခါ ကိုယ့်ကိုယ်ကို မကျေမနပ် ဖြစ်ရသည်။ တင်းတင်းမာမာ

www.burmeseclassic.com

www.burmeseclassic.com



ထိန်းချုပ်ရသည်။ ကြာတော့ နေရသည်မှာ မပျော်နိုင်အောင်ဖြစ်လာသည်။

"ကိုကိုကြီး ဘာတွေစဉ်းစားနေတာလဲ၊ ထလေ"

ဖူးဝေက နွေဦး၏လက်မောင်းကို ကိုင်လိုက်သည်။

"ဪ… ရတယ်… ရတယ်၊ ထနိုင်ပါတယ်"

ဖူးဝေ တွဲထူမည်စိုး၍ နွေဦး ကိုယ့်ဘာသာ ထလိုက်သည်။ ဖူးဝေ နံရံမှာ အသင့်ထောင်ထားသော လမ်းလျှောက်တုတ်ကို ယူပေးပြီး နွေဦးဘေးမှာ ရပ်နေလိုက်သည်။ နွေဦး အခန်းထဲမှထွက်သည်။ ခြေထောက်များက လူကောင်းပကတိ လျှောက်၍ရနေပါပြီ။ ဖူးဝေ ဘေးမှ လိုက်စရာမလိုကြောင်း အတန်တန် ငြင်းပြီးပြီ။ သို့သော် အောင်အောင်ရော ဒေါ်ကြီးကပါ ဖူးဝေကိုလိုက်ပေးရမည်ဟု တာဝန်ပေးထားကြသည်။ သူ့ကို အပြစ်မဖြစ်စေချင်ပါ။

"ကိုကိုကြီးက လမ်းလျှောက်တုတ်တောင် မလိုတော့ပါဘူး၊ ကောင်းကောင်းလျှောက်နိုင်နေတာပဲ"

ဖူးဝေက ချီးကျူးစကား ဆိုနေသည်။

"အင်း… တော်တော်လေး လျှောက်လို့ရနေပါပြီ"

နွေဦးက အလိုက်သင့်ပြောလိုက်ခြင်းဖြစ်သည်။

"ဝမ်းသာဖို့တော့ ကောင်းပါတယ်၊ ဒါပေမဲ့ ဖူးဝေ ကိုကိုကြီးကို မတွဲရတော့ဘူးပေါ့နော်"

ဖူးဝေပြောပုံက တွဲရသည်ကို တမ်းတမ်းတတ။ နွေဦး ဘာမျှ ဆက်မပြောတော့ပါ။ ခြံထဲမှာပတ်၍ တော်တော်လေး ခရီးတွင်အောင် လျှောက်လိုက်ကြသည်။ ခုံတန်းလေးကို ရောက်တော့ နွေဦး ထိုင်သည်။ ဖူးဝေက နွေဦးလက်မှ လမ်းလျှောက်တုတ်ကို လှမ်းယူပြီး သူ့လက်ထဲမှာ အသင့်ယူလာသော ချွေးသုတ်တဘက်လေး ပေးသည်။ နွေဦး တဘက်လေးကိုယူပြီး ချွေးသုတ်သည်။ ဖူးဝေက ခုံတန်းရှေ့မှာ မတ်တတ်ရပ်လျက် စောင့်နေသည်။ ခုံတန်းလေးမှာ နွေဦးနှင့်အတူ ဝင်မထိုင်။

"ဪ… သူတို့ ငယ်ရွယ်သူချင်းမှ အတူထိုင်ချင်မှာပေါ့လေ"

နွေဦး စိတ်မကောင်းစွာ တွေးမိလိုက်သေးသည်။

"ကိုကိုကြီး လူကောင်းပကတိပြန်ဖြစ်လာတာ စိတ်ထဲမှာ ပျော်မနေဘူးလား"

ဖူးဝေ၏ စူးစမ်းသော အမေး။ သို့သော် နွေဦးက ရှက်လိမ်ပင်လေးတစ်ပင်



ဆီသို့ ငေးကြည့်နေသည်။

"ကိုကိုကြီး သိပ်ပျော်မယ်လို့ ဖူးဝေ ထင်နေတာ"

နွေဦး ဘာမျှပြန်မပြောပါ။ ဖူးဝေဆီသို့ အကြည့်မရောက်အောင် မျက်စိများကို ထိန်းထားလိုက်သည်။

"ဒါပေမဲ့ ကိုကိုကြီးကိုကြည့်ရတာ ပျော်ပုံမရဘူး"

တိုက်ရိုက်စွပ်စွဲခံရ၍ ဖူးဝေဆီသို့ အကြည့်တစ်ချက် ရောက်သွားသည်။

"ကိုကိုကြီး… ဟို… အစ်မကို သတိရနေလို့လား"

ဖူးဝေ မဝံ့မရဲ မေးမိခြင်းဖြစ်သည်။

"ဘာ… ဒီမိန်းမအကြောင်း ဘာမှ မပြောနဲ့၊ အဲဒီမိန်းမနဲ့ ပတ်သက်လို့ ဘာမှ မခံစားရဘူး၊ လုံးဝလဲ သတိမရဘူး"

နွေဦး လေသံက မာသည်။ ခက်ထန်သည်။

"ကိုအောင်အောင်က ကိုကိုကြီး လူ ကျန်းမာရုံတင် မဟုတ်ဘူး၊ စိတ်ပါ ပြန်ပြီးပျော်လာအောင် လုပ်ရမယ်လို့ ဖူးဝေကို ပြောထားတယ်၊ ဖူးဝေ ကိုကိုကြီး ပျော်အောင် မလုပ်နိုင်တာ စိတ်မကောင်းလို့ပါ"

ဖူးဝေ ပြောရင်းနှင့် မျက်ရည်များ လည်လာသည်။

"မပျော်ဘူးလို့ ဖူးဝေကို ဘယ်သူ ပြောလို့လဲ"

"ဖူးဝေ သိပါတယ်၊ ကိုကိုကြီး ပျော်ပျော်ရွှင်ရွှင် မရှိပါဘူး"

မျက်လုံးတွင်ပြည့်လာသော မျက်ရည်များကို မျက်ရည်ပေါက်အဖြစ် စီးကျမလာအောင် ဖူးဝေ ထိန်းထားသည်။ နွေဦး ကိုယ်တိုင်လည်း ရင်ထဲမှာ ခံစားရ၍ ဖူးဝေကျေနပ်အောင် ရှင်းမပြတတ်ဖြစ်ရသည်။

"ကိုကိုကြီး ပျော်ပါတယ်"

ဖူးဝေ ကျေနပ်အောင် ပြောလိုက်ခြင်းဖြစ်သော်လည်း ဖူးဝေ ခေါင်းခါပြသည်။

"ကိုကိုကြီး ပျော်အောင် ဖူးဝေတို့ ဘာလုပ်ပေးရမလဲဟင်"

ထိုမေးခွန်းကို နွေဦး ကြိုက်ဆုံး ဖြစ်သည်။

သူပျော်အောင် လူငယ်များက လုပ်မပေးစေချင်။

"မလိုပါဘူး ကိုကိုကြီးကသာ လူငယ်တွေ ပျော်အောင် လုပ်ပေးရမှာ"

"ကိုကိုကြီး ပျော်မှ လူငယ်တွေ ပျော်မှာပေါ့၊ ကိုကိုကြီး မပျော်တော့ လူငယ်တွေလဲ ဘယ်ပျော်ပါ့မလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မဆိုင်ပါဘူး လူငယ်တွေက ကိုယ့်ဘာသာ ပျော်စရာရှိနေကြတာပဲ၊ လွတ်လွတ်လပ်လပ် ပျော်ကြပေါ့"

"ကိုကိုကြီးလဲ အသက်ငယ်ငယ်လေး ရှိသေးတာပဲ၊ အခု ကျန်းကျန်းမာမာ ရှိနေပြီ၊ ကိုကိုကြီး ဘာလို့ မပျော်ရမှာလဲ"

ဖူးဝေ ပြောတာ မှန်သည်ဟုလည်း စဉ်းစားနေမိသည်။ သို့သော် ကိုယ့်ဝမ်းနာ ကိုယ်သာသိသည်။ ကိုယ့်ကိစ္စက ဖွင့်ပြော၍ရသည်လည်း မဟုတ်။ ရဲရဲပင် ဖွင့်တွေး၍ ကောင်းသည်မဟုတ်။

"ကိုကိုကြီး နိုင်းလို့ ဖူးဝေတို့ ရွှေတိဂုံဘုရား သွားဖူးတုန်းက ဘာဆုတောင်းခဲ့လဲ သိလား"

ဖူးဝေကို နွေဦး လှမ်းကြည့်လိုက်သည်။

"နှစ်ယောက် မတိုင်ပင်ဘဲနဲ့ တောင်းတဲ့ဆုက အတူတူပဲ"

နွေဦး မသိချင်သော်လည်း နားထောင်နေမိသည်။

"ဖူးဝေ က ကိုကိုကြီး ကျန်းမာပြီး လူကောင်းပကတိ ဖြစ်ပါစေလို့ ဆုတောင်းတယ်"

နွေဦး ခေါင်းညိတ်လိုက်သည်။

ယုံလည်း ယုံပါသည်။

"ကိုအောင်အောင်တောင်းတဲ့ဆုက ပိုပြည့်စုံတယ်"

နွေဦး နားစွင့်လျက်...

"ကိုကိုဦး ကျန်းမာရုံတင် မကဘူး၊ စိတ်ပါ ပြန်ပြီး ချမ်းသာပျော်ရွှင်ပါစေလို့ ဆုတောင်းတယ်တဲ့"

ငယ်သူနှစ်ဦး၏ စေတနာကို လေးစား၍ နွေဦးရင်ထဲမှာ လှိုက်လှဲစွာ ခံစားရသည်။ ဟုတ်တယ်၊ ငါ့မုံက အလွမ်းသမား အဆွေးသမားလို ဖြစ်နေပုံရတယ်။ သူ တို့ ပျော်စေချင်တယ်ဆိုပြီး သူတို့ စိတ်ဆင်းရဲအောင် လုပ်သလို ဖြစ်နေပြီနဲ့ တူတယ်။

"ကောင်းပါပြီလေ၊ ကိုကိုကြီး ပျော်ပျော်ရွှင်ရွှင်နေပါ့မယ်"

နွေဦး ကတိပေးပြီး သူ့လက်မှ ချေးသုတ်တဘက်ကို ဖူးဝေထံ ပြန်ပေးလိုက်သည်။ ဖူးဝေဆီမှ လမ်းလျှောက်တုတ်ကို လှမ်းယူသည်။ တုတ်အကူအညီနှင့် ထိုင်ရာမှ ထနေသော နွေဦးကို ဖူးဝေက လက်မောင်းမှ ဆွဲထူ ကူညီသည်။ နွေဦး ဘာမျှ မပြောတော့ပါ။ အိမ်ကြီးဆီသို့ ဖြည်းဖြည်းချင်း ပြန်လျှောက်လာခဲ့သည်။



"ဩော်... ငါ့ဘဝကလဲ လွမ်းတာလေးတောင် လွတ်လွတ်လပ်လပ် လွမ်းခွင့်မရတဲ့ ဘဝပါလား"

ဖူးဝေထံမှ သနပ်ခါးနံ့လေး သင်းသင်းမွှေးနေသည်။ ရင်ထဲမှာ ပို၍ လွမ်းလွမ်းဆွေးဆွေး ဖြစ်ရသည်။ ကိုယ်နှင့် အနီးဆုံးမှာရှိနေသော မိန်းကလေးကို အဝေးဆုံးသို့ ရောက်နေသလို ခံစားရသည်။ သို့သော် ထိုမိန်းကလေးသည် အဝေးမှနေ၍ ကိုယ့်နှလုံးသားကို လွမ်းမိုးနေပြန်သည်။

"ဖူးဝေရယ်"

နွေဦး မတွေးရက်၍ ဆက်မတွေးဘဲ ထားခဲ့သော်လည်း အချိန်ကြာလာသည်နှင့်အမျှ နှလုံးသားဝေဒနာများက ရင့်မာလာခဲ့ပြီ။ စိုးစန္ဒာနှင့် တွေ့စဉ်က စိုးစန္ဒာကို သဘောကျခဲ့သည်။ ကြိုက်ခဲ့သည်။ ကြိုက်ကြောင်း အဆက်အသွယ်ပြုသည်နှင့် လွယ်လွယ်ကူကူပင် လက်ထပ်ခွင့်ရခဲ့သည်။ ကိုယ် ရချင်သည်ကို ရ၍ ဝမ်းသာပျော်ရွှင်ခဲ့ပါသည်။ သို့သော် နှလုံးသားမှာ လှုပ်လှုပ်ရှားရှား မခံစားခဲ့ရ။ နှလုံးသားမှာ လှုပ်လှုပ်ရှားရှား ခံစားရပြန်တော့လည်း အခါမသင့်၍ အခွင့်မသာ။

"အား..."

အတွေးမှာ အာရုံရောက်နေ၍ လမ်းလျှောက်တုတ်က ချိုင်းနေရာမှ ထောက်မိပြီး လူယိုင်သွားသည်။ ဘေးမှ ဖူးဝေက မြန်သည်။ လက်မောင်းကို လှမ်းကိုင်၍ ထိန်းပြီးသား ဖြစ်နေသည်။ နွေဦး ဆက်လျှောက်သည်။ ဖူးဝေက လက်မောင်းကို ဆက်ပြီး ထိန်းကိုင်လျက် ပါလာသည်။ ကိုင်ရန်မလိုဟု နွေဦး မငြင်းမိပါ။ ငြင်းချင်စိတ်လည်း မရှိပါ။

"ဒီမိန်းကလေးဟာ အောင်အောင်နဲ့ ချစ်နေကြတာသာ မဟုတ်ရင်..."

နွေဦး အတွေးကို ရပ်ပစ်လိုက်ရပြန်သည်။ ယောင်ယမ်းပြီး လူပါ လမ်းလျှောက်ရာမှ ရပ်လိုက်မိသည်။

"ဘယ်မှာ ထိုင်မှာလဲ ကိုကိုကြီး"

အိမ်ထဲသို့ ရောက်နေပြီ ဖြစ်သည်။ နွေဦး စဉ်းစားရင်းမှ ဖူးဝေဘက်ကို လှမ်းကြည့်မိသွားသည်။ အနီးကပ် မြင်နေရသော မျက်နှာနုနုလေး။

"ရပြီ... ရပြီ၊ ကိုယ့်ဘာသာ သွားလို့ရပါပြီ၊ သွားတော့"

အနီးမှာ ရှိနေစေချင်ပါလျက် အဝေးသို့ နှင်နေရသည့်အဖြစ်။

"ဩော်... မဟုတ်တာ ကိုကိုကြီးရယ်၊ ထိုင်တဲ့နေရာအထိ ဖူးဝေ ပို့မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဖူးစေကိုကြည့်ရသည်က သားကို စိတ်မချသော မိခင်နှယ်။ နွေဦး သက်ပြင်းချလိုက်သည်။ ဖူးစေက နွေဦးလက်မောင်းကို ဆုပ်ကိုင်လျှက် နွေဦး သွားချင်သည့်နေရာအထိ လိုက်ပို့သည်။ နွေဦးက သူ့အခန်းထဲမှ ပြတင်းပေါက် နားတွင် ရပ်ထားသော တွန်းလှည်းလေးဆီသို့ သွားသည်။ တွန်းလှည်းလေးပေါ်မှာ ထိုင်ရသည်ကို ပို၍ လွမ်းစရာကောင်းသည် ထင်သောကြောင့် ဖြစ်သည်။

□ □ □

## အခန်း (၄၂)

ဖူးစေ အဝေးသင်တက္ကသိုလ်ဝင်ခွင့်ရပြီမို့ ငွေသွားသွင်းရမည်။ အောင်အောင်နှင့် ဖူးစေ ကားပေါ်ရောက်နေမှ နွေဦးက ကားနားအထိ လျှောက်လာသည်။

"ကိုကိုကြီး... ဘာလို့ လာတာလဲ၊ လမ်းလျှောက်တုတ်လဲ မပါဘူး"

ဖူးစေက စိတ်မချ၍ ကားပေါ်မှ ဆင်းမည်ပြုသည်။

"မဆင်းနဲ့... မဆင်းနဲ့၊ ရတယ်"

နွေဦးက ဖူးစေကို လက်ကာပြသည်။

"အောင်အောင်... ငွေသွင်းပြီးရင် ဖူးစေ အဝေးသင်တက်ဖို့လိုတာတွေ ဝယ်ပေးလိုက်"

အောင်အောင်က ခေါင်းညိတ်သည်။

"ဒီကနေ အဝေးသင်တက္ကသိုလ်ကို သွားရမှာဆိုတော့ သူများနည်းတူ ဝတ်ဖို့လဲ လိုမှာပေါ့၊ ဗိုလ်ချုပ်ဈေးဝင်ပြီး အဝတ်အထည်လဲ ဝယ်ခဲ့ကြ"

"အို... မလိုပါဘူး ကိုကိုကြီး"

ဖူးစေက ငြင်းပါသည်။

"လိုပါတယ်၊ ဝယ်ပေးလိုက်ပါ့မယ်"

အောင်အောင်က နွေဦးပြောသည်ကို သဘောတူသည်။

"အေးအေးဆေးဆေး အချိန်ရအောင် မြို့ထဲမှာပဲ မနက်စာ စားခဲ့ကြ၊ ကောင်းတဲ့ဆိုင်မှာ ကျွေးလိုက်ပါ၊ ငါ မင်းတို့ကို မစောင့်တော့ဘူး၊ ထမင်းစား နှင့်မယ်"



နွေဦးက အောင်အောင့်ကို နှစ်ရာတန်တစ်ထပ် လှမ်းပေးလိုက်သည်။

"ကိုကိုကြီးပါ ဖူးစေတို့နဲ့ အတူလိုက်ခဲ့ပါလား၊ စိတ်ပြေလက်ပျောက် ပေါ့"

ဖူးစေခေါ်သည်ကို နွေဦး ခေါင်းခါ၍ ငြင်းလိုက်သည်။

"မလိုက်တော့ပါဘူး၊ ကိုယ့်ဘာသာ လူငယ်နှစ်ယောက်ပဲ လွတ်လွတ် လပ်လပ်သွားကြပါ"

"ကိုကိုဦးကရော ဘယ်လောက်ကြီးသေးလို့လဲ၊ သုံးဆယ်တောင် မပြည့် သေးဘဲနဲ့ ကိုယ့်ကိုယ်ကို အဘိုးကြီး လုပ်ချင်နေတာ၊ ဖူးစေပြောတာ ဟုတ်ပါတယ်၊ ကိုကိုဦး လိုက်ခဲ့ပါ၊ မနက်စာ မြို့ထဲမှာ သုံးယောက်စားရရင် ပိုပျော်စရာကောင်း မှာ၊ အပြောင်းအလဲလေးပေါ့"

အောင်အောင်ကပါ ထပ်ခေါ်နေပြန်သည်။

"နေပါစေ...ငါ မလိုက်တော့ဘူး၊ သွားကြပါ"

နွေဦးက လက်ကာ၍ ငြင်းသည်။

"ဟုတ်ပါတယ် ကိုကိုကြီးရယ် လိုက်ခဲ့ပါ၊ ကိုကိုကြီး ပါလာရင် ဖူးစေ သိပ်ပျော်မှာ"

ဖူးစေက တောင်းဆိုပြန်သည်။

"မလိုက်ပါဘူး၊ ကဲ... သွား...သွား ...သွားကြ"

နွေဦးက ငြင်းရုံသာမက နောက်ဘက်သို့ပြန်လှည့်ပြီး အိမ်ကြီးဆီသို့ လျှောက်သွားသည်။ အောင်အောင် စိတ်မကောင်းစွာနှင့် ကားကို မောင်းထွက်ခဲ့ သည်။ ဖူးစေ ပါးပြင်ပေါ်မှာ စီးကျလာသော မျက်ရည်များကိုလည်း ကားမောင်း ရင်း သတိထားလိုက်မိပါသည်။

□ □ □

## အခန်း (၄၃)

"ဟေး...ကိုအောင်အောင်"

အဝေးသင်တက္ကသိုလ်မှာ ဖူးစေအတွက် ငွေသွင်းနေစဉ် နောက်မှ ခေါ်သံ ကြား၍ အောင်အောင် လှည့်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ... ကိုညွန့်ဝင်း၊ အတော်ပဲ... လာပါဦး၊ ခင်ဗျားကို မိတ်ဆက်ပေးရဦးမယ်"

အောင်အောင်က ဖူးဝေဘက်သို့ လှမ်းကြည့်လိုက်သည်။

"ဒါ ဖူးဝေတဲ့၊ ကျွန်တော့်နှမပဲ၊ သူကလဲ ဥပဒေနဲ့ အဝေးသင် တက်မှာ"

ကိုညွန့်ဝင်းက ဖူးဝေကို လှမ်းကြည့်နေ၍ ဖူးဝေ ခေါင်းညိတ်ပြသည်။

"ဖူးဝေ... သူက ကိုညွန့်ဝင်းတဲ့၊ ဥပဒေနဲ့ အဝေးသင်တက်နေတာ၊ အခု စတုတ္ထနှစ် ရောက်နေပြီ"

"အရင်နှစ်တွေက စာအုပ်တွေ ရှိပါတယ်၊ ကျွန်တော် ပေးပါ့မယ်"

ကိုညွန့်ဝင်းစကားကြောင့် ဖူးဝေ ဝမ်းသာရသည်။ ဖူးဝေက စာအုပ်ရှိလျှင် ကြိုဖတ်ချင်နေသည်။

"ကဲ... လာဗျာ ကိုညွန့်ဝင်း၊ လက်ဖက်ရည် သောက်ရအောင်"

ငွေသွင်းပြီးဖြစ်၍ လက်ဖက်ရည်ဆိုင်သို့ သွားကြသည်။ အောင်အောင်က လက်ဖက်ရည်သုံးခွက် မှာလိုက်သည်။

"နေတော့ ကိုအောင်အောင်နဲ့အတူ မဟော်ဂနီခြံထဲမှာပဲလား"

"ဟုတ်တယ်၊ ခင်ဗျားဗျာ ခြံကို လာလည်မယ်ဆိုပြီး တစ်ခေါက်မှ မလာဘူး"

"ဟား...ဟား၊ ကိုအောင်အောင်ကတော ကျွန်တော်တို့တရားရုံးကို လာလည်မယ်ဆိုပြီး တစ်ခေါက်မှ မလာဘူး"

"နေပါဦးဗျာ၊ ကျွန်တော်က အခုမအားဘူး၊ ကျွန်တော့်အစ်ကို ကျန်းမာရေးမကောင်းလို့ ကားဂိတ်က ရုံးခန်းမှာ ထိုင်နေရတယ်"

အောင်အောင်က ကားဂိတ် လိပ်စာကတ်ပြား ထုတ်ပေးသည်။

"ခင်ဗျား လာလည်ဗျာ"

ညွန့်ဝင်းက လာလည်မည်ဖြစ်ကြောင်း ကတိပြုသည်။

"လာလည်ရင် ကိုညွန့်ဝင်းကို ထမင်းကျွေးမယ်"

အောင်အောင်နှင့် ကိုညွန့်ဝင်း လက်ဖက်ရည်သောက်ရင်း စကားကောင်းနေစဉ် ဖူးဝေ ပတ်ဝန်းကျင်မှာ သွားလာနေကြသော မိန်းကလေးများကို လှမ်းကြည့်နေသည်။ သူတို့လဲ အဝေးသင်တက်မယ့်သူတွေ ဖြစ်မှာပေါ့။ ကိုယ့်လို ဘဝတူတွေ အများကြီးတွေ့ရ၍ ဖူးဝေ ဝမ်းသာနေသည်။ ဩော်...သည်လိုမှ ပညာသင်ခွင့်ရပါ့မလားလို့ ဖူးဝေ စိတ်ဆင်းရဲခဲ့ရသည်။ ခုတော့ နေ့ချင်းညချင်း



အဝေးသင်တက္ကသိုလ်ကျောင်းသူကြီး ဖြစ်နေပြီ။ ကိုယ့်ကိုယ်ကို ကျေနပ်ခြင်းနှင့် အတူ...။

ဒါတွေဟာ ကိုကိုကြီး ကျေးဇူးတွေပဲ။ ကိုကိုကြီးကို ဖူးဝေ ကျေးဇူးတင်နေမိသည်။ ငါ့စိတ်ထဲမှာ ပျော်ရသလို ကိုကိုကြီးလဲ ပျော်ရပါစေ။ ဖူးဝေရင်ထဲမှာ ရွှေဦးအတွက် ဆုတောင်းပေးမိသည်။ သူ့ကျေးဇူးနှင့် ကိုယ်က ပျော်ရသော်လည်း မပျော်နိုင်ဖြစ်နေသော ကိုကိုကြီး အကြောင်းတွေး၍ စိတ်မကောင်း ဖြစ်ရသည်။ လက်ဖက်ရည်သောက်ပြီးတော့ ဆိုင်ထဲမှ ပြန်ထွက်လာခဲ့ကြသည်။ ဗိုလ်ချုပ်ဈေးကို အောင်အောင် လိုက်ပို့သည်။ ဖူးဝေ အတင်းငြင်းသည့်ကြားမှ ဝတ်စုံနှစ်စုံ ဝယ်ပေးသည်။ ကျောင်းသူ ဖြစ်လာလျှင် နာရီရှိဖို့လိုသည်ဟု ဆိုပြီး လက်ပတ်နာရီတစ်လုံး ဝယ်ပေးသည်။

ပြီးတော့ နံနက်စာ ထမင်းကျွေးမည်ဆိုပြီး အောင်အောင်က ဗိုလ်ချုပ်ပန်းခြံ ခေါ်သွားသည်။ ထိုင်ရသည့် စားပွဲနေရာလေးက ပတ်ဝန်းကျင်ရှုခင်းများကို ကောင်းစွာမြင်ရသည်။ ရှေ့ဘက်မှ ရွှေရောင်တဝင်းဝင်းနှင့် ရွှေတိဂုံစေတီတော်ကြီးကို ဖူးမြင်ရသည်။ နောက်ဘက်မှာ ကန်တော်ကြီးရေပြင်ကျယ်နှင့် ကရဝိတ်ကို မြင်နေ ရသည်။ ကိုကိုကြီးပါလာရင် ကောင်းမှာ။ လှပသောရှုခင်းများကို ကြည့်ပြီး ကိုကိုကြီးကို သတိရနေသည်။ စားပွဲထိုးရောက်လာ၍ အောင်အောင်က စားမည့် ဟင်းများကို မှာသည်။ စားပွဲထိုးက စာနှင့် ရေးမှတ်ယူသွားသည်။

"ကိုအောင်အောင် ကိုကိုကြီးအသက်က ငယ်သေးတယ်၊ ကိုအောင်အောင် ပြောသလို သုံးဆယ်တောင် မရှိသေးဘူး၊ ကျန်းမာရေးလဲ အတော်ကောင်းနေပြီ၊ ခြေထောက်ကလဲ အကောင်းပကတိလောက် ဖြစ်နေပြီ၊ ကိုကိုကြီး ဘာလို့ မပျော်တာလဲဟင်"

ဖူးဝေက သူ့ရင်ထဲမှာရှိနေသော ပဟေဠိကို အောင်အောင်နှင့် အဖြေရှာချင်သည်။ အောင်အောင်က ဖူးဝေကို ကြည့်နေသည်။

"ဖူးဝေ ဘယ်လိုထင်လဲ"

မေးခွန်းတစ်ခုကိုလည်း ပြန်မေးလိုက်သည်။

"ဖူးဝေမထင်တတ်လို့ မေးတာပေါ့"

"ဟုတ်တယ်၊ တို့လဲ ဘယ်လိုထင်ရမှန်း မသိဘူး"

"တစ်ခုခုတော့ မှားနေတယ်လို့ ပြောရမှာပဲ"

"အဲဒါ ဘာမှားနေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအဖြေကို ရှာဖို့ လိုမယ်၊ တို့လဲ ကိုကိုဦးကို ပျော်ပျော်ရွှင်ရွှင်နဲ့ ပုံမှန်ဘဝ ပြန်ရောက်စေချင်တယ်"

"ဖူးဝေလဲ ကိုကိုကြီး ပျော်ပျော်ရွှင်ရွှင် ပြန်ဖြစ်နေတာ မြင်ချင်တယ်"

"တကယ် ဖူးဝေ မြင်ချင်သလား"

အောင်အောင်မေးပုံက အခိုင်အမာပြုချက် ဖြစ်ပါသည်။ ဖူးဝေမျက်နှာကိုလည်း စူးစမ်းစွာ ကြည့်နေသည်။

"အို...တကယ်ဖြစ်ချင်တာပေါ့"

"ကိုကိုဦး ပျော်ပျော်ရွှင်ရွှင်ဖြစ်မယ်ဆိုရင် ဖူးဝေ တတ်နိုင်တာ ဘာမဆို ကူညီမလား"

အောင်အောင်မေးသည်က အဓိပ္ပာယ်နှင့်။

"အို... မေးစရာမလိုပါဘူး၊ ကူညီမှာပေါ့"

ဖူးဝေဖြေသည်က အားမာန်အပြည့်။

"ဘာဖြစ်လို့ ကူညီချင်တာလဲ"

"ရှင်..."

ဖူးဝေ ကြောင်သွားသည်။

"ဘာဖြစ်လို့ ကူညီချင်တာလဲ"

အောင်အောင်က ထပ်မေးသည်။

"ကိုကိုကြီး ကျေးဇူးတွေ ဖူးဝေအပေါ် အများကြီး ရှိတာပဲ"

"အဲဒီကျေးဇူးတွေ မရှိဘူးဆိုရင်ကော"

ဖူးဝေ မပြောတတ်။

"ဟို...အဲဒီကျေးဇူးရှိတာတွေ ဖယ်ထားပြီး စဉ်းစားရင်ကော ကူညီမှာပဲလား"

"ကူညီမှာပဲ"

ဖူးဝေအဖြေက တစ်ခုတည်း ဖြစ်သည်။ အောင်အောင့် စိတ်ထဲမှာ လုံလောက်သွားပြီထင်၍ ဘာမှ ဆက်မပြော တော့ပါ။ သစ်ပင်အုပ်အုပ်အလွန်တွင် လှမ်းမြင်နေရသော ကန်ရေပြင်ကို ကြည့်ရင်း စဉ်းစားနေသည်။ သုံးယောက်အတူ လိုက်လာလျှင် ရပါလျက် လိုက်မလာသော ကိုကိုဦး၏ အပြုအမူကို အောင်အောင် မကြိုက်။ ကိုယ့်ဘာသာ လူငယ်အချင်းချင်းပဲ လွတ်လွတ်လပ်လပ် သွားကြပါဆိုသောစကားကို ပိုမကြိုက်။ အေးအေးဆေးဆေး မြို့ထဲမှာ နံနက်စာ စားခဲ့ကြဖို့



မှာလိုက်သေးသည်။

"ကိုကိုဦး ငါတို့နှစ်ယောက်ကို ဘယ်လိုထင်လို့လဲ၊ ငါတို့နှစ်ယောက်ကို ဘယ်လိုသဘောထားလို့လဲ"

ထိုအချက်ကို အောင်အောင် တိတိကျကျသိချင်သည်။ စိတ်ထဲမှာ ထင်နေတာတော့ ရှိသည်။ သို့သော် ခိုင်မာစေချင်သည်။ စားပွဲထိုးနှစ်ယောက်က မှာထားသော အစားအစာများ လာချနေကြပြီ။

"ဟုတ်တယ်၊ ဒီအချက်ကို သိအောင် ငါ လုပ်ရမယ်"

❐ ❐ ❐

## အခန်း (၄၄)

ဖူးဝေနှင့် အောင်အောင်ကားလေးနှင့် ပြန်လာသည်ကို နွေဦး ပြတင်းပေါက်မှ စောင့်ကြည့်နေသည်။ ဖူးဝေ ကားပေါ်မှ ဆင်းပြီးတော့ သူ့အတွက် ဝယ်လာသည်များကို ပြရန် ဒေါ်ကြီးဆီသို့ သွားသည်။ အောင်အောင်ကတော့ နွေဦးရှိရာ အခန်းသို့သွားသည်။

"ကျွန်တော်တို့ ပြန်ရောက်ပြီ ကိုကိုဦး"

"အေး... မင်းတို့ ပျော်ခဲ့ကြရဲ့လား"

"ပျော်ခဲ့ပါတယ်" ဟု ဖြေမည်ပြုပြီးမှ အတွေးတစ်ချက် ဝင်လာ၍ အောင်အောင် နှုတ်ဆွံ့သွားသည်။

"ပျော်တယ်ရယ်လို့ မဟုတ်ပါဘူး၊ ကိုကိုဦးခိုင်းတဲ့အတိုင်း လုပ်ပေးတာပါ"

"ဘာကွ မင်းအဖြေကြီးကလဲ"

အောင်အောင်ဖြေပုံကို နွေဦး သဘောမကျ။

"ကျွန်တော် ကိုကိုဦးကို ပြောမလို့၊ ဟိုမိန်းမ ရှိတုန်းက ည သရဲခြောက်တာကိုအကြောင်းပြပြီး ကျွန်တော် အိမ်ပြန် အိပ်ရတာပါ၊ ခု သူလဲ မရှိတော့ဘူး၊ သရဲခြောက်စရာလဲ မရှိတော့ဘူး၊ ကျွန်တော် အလုပ်ခန်းမှာပဲ ပြန်ပြောင်းနေတော့

www.burmeseclassic.com

www.burmeseclassic.com



မလို့"

"ဟော...အေး၊ အဲဒါဆိုရင်တော့ ငါကလဲ မင်းတို့သွားနေတုန်း စဉ်းစားထားတာ ရှိတယ်၊ ငါ ကျန်းမာရေးအခြေအနေလဲ တော်တော်ကောင်းနေပြီ၊ ငါ မနက်ဖြန်ကစပြီး အလုပ်ခန်းမှာ ထိုင်တော့မလို့"

"ဗျာ...ဒါဆို ကျွန်တော်က ဘာလုပ်ရမှာလဲ"

"လောလောဆယ် ငါ ကားမမောင်းနိုင်သေးခင်တော့ မင်း မနက်ကို ငါ့ကို လိုက်ပို့၊ ညနေ ပြန်ကြိုပေါ့"

"နေ့လယ်ကျတော့"

"နေ့လယ်ကျတော့ အိမ်မှာပဲ အေးအေးဆေးဆေးနေပေါ့"

"ကိုကိုဦးက ကျွန်တော်လုပ်နေတာကို မယုံလို့လား"

အောင့်အောင့်မေးခွန်းမှာ မကျေနပ်မှု ပါသည်။

"မယုံလို့ မဟုတ်ပါဘူးကွာ၊ မင်း ငယ်ငယ်ရွယ်ရွယ်နဲ့ တစ်အိမ်လုံး စီးပွားရေးကို တစ်ယောက်တည်း လုပ်နေရလို့ပါ"

"ကျွန်တော် ဘာမှ မပင်ပန်းပါဘူး ကိုကိုဦး၊ ကျွန်တော့်ကို သေတွင်းထဲက ဆွဲကယ်စောင့်ရှောက်ထားတယ်၊ ကိုကိုဦး မကျန်းမာတဲ့အချိန်မှာ ကျွန်တော်က ဒီလို ကူညီ မလုပ်ဘူးဆိုရင် အလကားကောင်ပေါ့"

"အဲဒါချည်းလဲ မဟုတ်ပါဘူးကွာ၊ ငါက အလုပ်နဲ့ဆိုတော့ စိတ်ရောလူပါ ပြောင်းသွားပြီး ပိုကျန်းမာရေး ကောင်းလာအောင်လို့ပါ"

အောင်အောင် ခေါင်းယမ်းလိုက်သည်။

"ကိုကိုဦးကျန်းမာရေးက ဒီလောက်ထိ ပင်ပင်ပန်းပန်း လုပ်နိုင်လောက်အောင် မကောင်းသေးပါဘူး"

"ကောင်းပါတယ်ကွာ လုပ်လို့ ရနေပါပြီ"

"ဒီလိုဆို ကျွန်တော်က လူပိုဖြစ်နေပြီပေါ့"

"ဘာလို့ လူပိုဖြစ်ရမှာလဲ၊ အိမ်မှာ အေးအေးဆေးဆေးနေပေါ့"

"ဟာ...မဟုတ်သေးပါဘူး၊ ကျန်းမာရေး သိပ်မကောင်းသေးတဲ့ လူက အလုပ်လုပ်နေတဲ့အချိန်မှာ ကျွန်တော်က အေးအေးဆေးဆေး နေရမယ်လို့၊ ကဲ...ဒါဖြင့် ဒီလိုလုပ်၊ ကိုကိုဦးရော ကျွန်တော်ရော အလုပ်ကို အတူတူသွားမယ်၊ ညနေကျတော့ အတူတူပြန်လာကြမယ်"

နွေဦးက အောင်အောင့်ကို နားမလည်သလို ကြည့်နေသည်။



"နေပါဦး၊ မင်းက ဘာလို့ အိမ်မှာ မနေချင်ရတာလဲ"

"အိမ်မှာနေဖို့မှ မလိုဘဲ"

"မဟုတ်သေးပါဘူးကွာ"

သူ ထင်သည့်အတိုင်း ဖြစ်မလာ၍ နွေဦး စိတ်ပျက်သွားသည်။ သူ ထင်သည်က အိမ်မှာ ဖူးဝေနှင့် အတူနေရမည်ကို အောင်အောင် ဝမ်းသာလိမ့်မည်ဟု ထင်ထားသည်။

"ကဲပါ ကိုကိုဦးရာ၊ ခုအတိုင်းပဲ ကောင်းပါတယ်၊ အိမ်မှာ တစ်လလောက် အားမွေးပြီး နားလိုက်ပါဦး၊ ခုတော့ ကျွန်တော်ပဲ ဆက်လုပ်လိုက်ပါ့မယ်"

နွေဦး ဘာမျှ ပြန်မပြော၍ အောင်အောင် အနိုင်နှင့် ပိုင်းပြီး အခန်းထဲမှ ထွက်လာခဲ့သည်။

□ □ □

# အခန်း (၇၅)

အောင်အောင် မီးဖိုဆောင်ထဲသို့ ဝင်လိုက်သည်။ ဖူးဝေ မရှိ။ ဒေါ်မြအေး တစ်ယောက်သာ တွေ့ရသည်။ ဒေါ်မြအေးက မီးဖိုဆောင်မှ စားပွဲမှာပင် အဝတ်များကို မီးပူတိုက်နေသည်။

"ဖူးဝေကော"

"အခုပဲ သူ့အဝတ်တွေ ဒေါ်ကြီး လာပြပြီး အိမ်ပေါ် သွားသိမ်းတယ်၊ ရေလဲချိုးမယ် ပြောတယ်"

အောင်အောင်က မီးပူတိုက်နေသည့် စားပွဲဘေးမှ ကုလားထိုင်လွတ်မှာ ဝင်ထိုင်လိုက်သည်။

"အောင်အောင် ဝယ်ပေးတာလို့ ပြောတယ်၊ အဝတ်တွေက လှလိုက်တာကွယ်၊ နာရီလေးကိုလဲ သဘောကျနေလိုက်တာ၊ ဒေါ်ကြီးတူမလေး တစ်သက်လုံး ဆင်းဆင်းရဲရဲ နေလာခဲ့ရတာ ခုမှ လှချင်းတူတူ ဝတ်ရရှာတယ်"

"ကျွန်တော် ဝယ်ပေးတာ မဟုတ်ပါဘူး ဒေါ်ကြီးရ၊ အဲဒါတွေအားလုံး

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုဦး ဝယ်ပေးတာပါ"

"ဪ…အေး…အေး၊ ငါ့တူ မောင်နွေဦး ကိုယ်ကျန်းမာ စိတ်ချမ်းသာ ရှိပါစေကွယ်"

ဒေါ်မြအေးက ဆုတောင်းပေးနေသည်။

"ကိုယ်ကတော့ တော်တော်ကျန်းမာလာပြီ ဒေါ်ကြီးရ၊ ဒါပေမဲ့ ကိုကိုဦး ကြည့်ရတာ စိတ်ကတော့ ချမ်းသာပုံ မရဘူး"

"အေး…ဟုတ်တယ်၊ သူ့ကြည့်ရတာ တငိုင်ငိုင်နဲ့၊ ဒီနေ့လဲ အောင်အောင်တို့ ထွက်သွားကတည်းက တွန်းလှည်းပေါ်ထိုင်ပြီး ပြတင်းပေါက်ကနေ ငေးနေတာ ထမင်းစားချိန်အထိပဲ၊ ထမင်းစားပြီးတော့လဲ အဲဒီနေရာမှာပဲ ပြန်ထိုင်နေတာပဲ"

– "ကိုကိုဦး ဘာပြုလို့ ဒီလိုဖြစ်နေတယ်ထင်လဲ ဒေါ်ကြီး"

အောင်အောင်က ဒေါ်မြအေး၏ထင်မြင်ချက်ကို တောင်းကြည့်သည်။ ဒေါ်မြအေးက မီးပူတိုက်ပြီးသွားသော နွေဦး၏စပို့ရှပ်အင်္ကျီခေါက်လေးကို ဘေးဘက်သို့ ရွှေ့ထားလိုက်သည်။

"စိတ်ရောဂါနေမှာပေါ့ကွယ်"

"ဗျာ… စိတ်ရောဂါ ဟုတ်လား၊ ဘာလဲ… ဟိုမိန်းမကို သတိရနေတယ် ထင်လို့လား"

"အဲဒီလိုတော့ မဟုတ်ဘူး ထင်တာပဲ၊ အစကတည်းက ဟိုမိန်းကလေးက ဖွတ်ပြန်လာလို့သာ မလွှဲသာလို့ သူ လက်ခံထားတာပဲ၊ အဲဒီမိန်းကလေး ပြန်ထွက်သွားတော့ သူ ဝမ်းတောင် သာနေတာပဲ"

အောင်အောင် ခေါင်းညိတ်သည်။

"နောက်ပြီး သူ့ကို သေကြောင်းကြံတဲ့ မိန်းကလေးပဲကွယ်"

"ဒါဖြင့် ဘာလို့ဖြစ်တဲ့ စိတ်ရောဂါလဲ"

ဒေါ်မြအေးက နောက်အင်္ကျီတစ်ထည်ကို မီးပူတိုက်ရန် စားပွဲပေါ် ဖြန့်တင်ရင်း အောင်အောင့်ကို လှမ်းကြည့်လိုက်သည်။ ပြောရလည်း ခက်နေသည်။ မသေချာသည်ကိုလည်း အသေအချာ လုပ်၍ မပြောချင်။

"ဒေါ်ကြီးထင်တာ ရှိလား"

အောင်အောင်က ထပ်မေးနေပြန်သည်။

"နေဦး၊ အဲဒီလိုဆိုရင် အောင်အောင့်ကို ဒေါ်ကြီး အရင်မေးဦးမယ်"



အောင်အောင်က ဒေါ်ကြီးကို ကြည့်နေသည်။ မေးဆိုသော သဘော။

"အောင်အောင်နဲ့ ဖူးစေ ဟိုကွယ်.. သမီးရည်းစားဖြစ်နေကြသလားလို့ မေးချင်တာ"

"ဟာ…ဒေါ်ကြီးကလဲ မဟုတ်တာ၊ ဘာမှ မဖြစ်ပါဘူး၊ အဲဒါနဲ့ ဘာဆိုင်လို့လဲ၊ ကိုကိုဦးပြဿနာမေးမှ ကျွန်တော့်ပြဿနာ လာဖြစ်နေ"

"မောင်နွေဦးက အဲဒီလို ထင်နေတာကွယ့်"

"ဟင်… ဘာဖြစ်လို့ ဒေါ်ကြီးက အဲဒီလိုပြောရတာလဲ"

အောင်အောင် အံ့သြနေသည်။

"သူက ပြောပြလို့ပေါ့"

"ဗျာ…"

အောင်အောင် ပို၍ အံ့သြရပြန်သည်။

"ဟိုးတစ်ခါတုန်းက အောင်အောင်နဲ့ ဖူးစေ ည လသာသာ ပန်းခြံထဲဆင်းပြီး တော်တော်ကြာကြာ စကားပြောနေကြတယ် မဟုတ်လား"

အောင်အောင် စဉ်းစားပြီးမှ ခေါင်းညိတ်ပြသည်။

"အဲဒီအချိန်မှာ သူက ပြတင်းပေါက်မှာ ထိုင်နေတော့ မြင်နေရတာယ်လေ"

"ဪ… အဲဒါ သူက ပြောတာလား"

"ဟုတ်တယ် သူ့စိတ်ထဲမှာ အောင်အောင်နဲ့ ဖူးစေ ချစ်သူတွေဖြစ်နေကြပြီလို့ ထင်တယ်တဲ့၊ အဲဒါ ဒေါ်ကြီး သိလားတဲ့ လာမေးတာ"

"အင်…"

"ဒေါ်ကြီးက မဟုတ်ဘူး ထင်ပါတယ်လို့ ပြောတော့ သူက အဲဒီလို ပြောတာ"

"ဟာ… အဲဒါက ရိုးရိုးပါ ဒေါ်ကြီးရာ၊ ဘာတွေ ပြောတာမှန်းတောင် မမှတ်မိတော့ပါဘူး"

အောင်အောင်က စဉ်းစားနေသည်။

"ဪ…သိပြီ၊ ကိုကိုဦး ကျေးဇူးကြီးတဲ့ကြောင်းနဲ့ ကျွန်တော် ဒီအိမ်ကို ရောက်လာရတဲ့အကြောင်းတွေ ဖူးစေသိအောင် ပြောတာပါ"

"မယောင်္ကနီပင်အောက်မှာလဲ မင်းတို့နှစ်ယောက် ရပ်ပြီး တော်တော် ကြာကြာ စကားပြောနေကြတယ်ဆို"

"ဟာ… အဲဒါလဲ ရိုးရိုးပြောတာပါဗျာ၊ ကျွန်တော်နဲ့ ဖူးစေ ငယ်ခင်မင်မင်

www.burmeseclassic.com

www.burmeseclassic.com



နေကြတာတော့ ဟုတ်ပါတယ်၊ ပြောစရာရှိရင်လဲ ရင်းရင်းနှီးနှီး ပြောနေကြတာ့ပဲ၊ ဒါပေမယ့် ကိုကိုဦး ထင်သလို ဆန်းဆန်းပြားပြားတော့ မဟုတ်ပါဘူး"

အောင်အောင် စိတ်မကောင်းဖြစ်မိသည်။

"အေးလေ... သူကလဲ သူမြင်တာတွေနဲ့ ဆက်စပ်ပြီး ထင်တာ ဖြစ်မှာပေါ့"

"ဒါဖြင့် သူက ကျွန်တော်နဲ့ ဖူးဝေ အတွဲဖြစ်နေကြပြီ ထင်ပြီး သဘောမတူလို့လား"

"မဟုတ်ဘူး၊ သူက သဘောတူတယ်တဲ့"

"ဗျာ..."

အောင်အောင့်အတွက် အံ့ဩစရာတွေချည်း ဖြစ်နေသည်။

"သူကတော့ ကျန်းမာရေး မကောင်းဘူး၊ အိမ်ထောင်ရေးလဲ အဆင်မပြေဘူး၊ ဒီခြံကြီးမှာ မျိုးနွယ်ဆက်တွေ ပေါက်ဖွားပြီး စည်စည်ကားကား ဖြစ်လာစရာ မရှိတော့ဘူးတဲ့၊ ဒါကြောင့်မို့ အောင်အောင်နဲ့ ဖူးဝေကို လက်ထပ်ပေးပြီး မဟော်ဂနီခြံကြီး ရှင်သန်တိုးပွားစေချင်တယ်တဲ့"

"ဟာ...ဒေါ်ကြီး ဒီအကြောင်းတွေ ဖူးဝေ ပြောပြီးပြီလား"

"မပြောသေးပါဘူး၊ သူ ပြောတာကလဲ မနေ့ကမှ ပြောတာပါ၊ ခုဟာ အောင်အောင် မေးလို့ ပြောတာပါ"

"ဟုတ်ပါတယ်၊ ကျွန်တော့်ကိုတော့ ပြောရမှာပေါ့၊ ဒါပေမဲ့ ဒီအကြောင်းတွေ ဖူးဝေကို ဘာမှ မပြောနဲ့ဦး၊ မပြောရသေးတာ တော်သေးတာပေါ့"

ဒေါ်မြအေးက မီးပူတိုက်လက်စ အင်္ကျီကို ပက်လက်အနေအထားမှ မှောက်လျက်အနေအထားသို့ ပြောင်းလိုက်သည်။

"မောင်နွေဦးကလဲ အဲဒီကိစ္စကို အမြန်ဆုံး အကောင်အထည် ပေါ်စေချင်နေတာ၊ အောင်အောင်နဲ့ ဖူးဝေ အမြန်ဆုံး နီးစပ်ကြစေချင်တာ"

"ဒေါ်ကြီးကို အဲဒီအတိုင်း ပြောတာလား"

ဒေါ်မြအေး ခေါင်းညိတ်ပြသည်။

"ဒါဖြင့် ကိုကိုဦးက ဘာလို့ မပျော်မရွှင် ဖြစ်နေတာလဲ"

ထိုအချက်ကို အောင်အောင် အဖြေထုတ်၍ မရသေး။

ဒေါ်မြအေးက ပြုံးလိုက်သည်။

"ဟုတ်တယ်လေ သူ့ဘာသာ စီစဉ်ပြီး သူ့ဘာသာ မပျော်တာ နေမှာပေါ့"



"ဟင်... ဘယ်လိုကြီးလဲ"

"ဖြစ်ချင်တာက တခြား၊ လုပ်နေရတာက တခြားဖြစ်လို့ နေမှာပေါ့"

"ဗျာ..."

ဒေါ်မြအေးက ပေါ့ပေါ့လေးပြောသော်လည်း အောင်အောင့်အတွက် အလေးအနက် ဖြစ်သွားသည်။ သူ သိချင်သော အဖြေနှင့် နီးစပ်လာပြီဟုလည်း ထင်လိုက်သည်။

"တကယ်တမ်းကျတော့ ဖူးဝေကို သူ ချစ်နေတာ အောင်အောင်ရေ့"

"ဗျာ... ဒီလိုလား"

ဒေါ်မြအေး ဖြောင့်ဖွင့်ပြောလိုက်မှ အောင်အောင် တိကျသောအဖြေ ရသွားသည်။

"ဒါကြောင့်မို့ ဒေါ်ကြီးက အောင်အောင့်ကို ဖူးဝေနဲ့ ချစ်သူတွေ ဖြစ်နေကြပြီလားလို့ အရင်မေးတာပေါ့"

"ဖူးဝေကိုတော့ ဘာလို့ ဒေါ်ကြီးက မေးမကြည့်တာလဲ"

"တိုက်ရိုက်တော့ မဟုတ်ပါဘူး၊ သွယ်သွယ်ဝိုက်ဝိုက်တော့ တီးခေါက်ကြည့်တာပေါ့"

"သူက ဘာတဲ့လဲ"

"မဟုတ်ပါဘူးဆိုတဲ့ အဖြေပဲပေါ့"

"နေဦး ကိုကိုဦးက ဖူးဝေကို ချစ်နေတယ်လို့ ဒေါ်ကြီး ဘာလို့ ပြောတာလဲ"

ဒေါ်မြအေးက ပြုံးပြန်သည်။

"ဒေါ်ကြီးလဲ ငယ်ရာက ကြီးလာတာပဲကွယ်၊ သိတာပေါ့"

"ဒေါ်ကြီးက အိမ်ထောင်မကျဖူးတဲ့ အပျိုကြီးပဲ၊ ဘယ်လိုလုပ်သိမလဲ"

ထိုမေးခွန်းကိုတော့ ဒေါ်မြအေး ပြုံးရုံသာမက အသံထွက်ပြီး ရယ်သည်။

"အောင်အောင်ရယ်... ဒီကိစ္စမျိုးတွေကျတော့ အပျိုကြီးတွေက အိမ်ထောင်သည်တွေထက် ပိုသိတယ်တဲ့၊ မယုံမရှိနဲ့၊ ဟင်း...ဟင်း...ဟင်း"

ဒေါ်မြအေး ရယ်နေပြန်သည်။

"ကဲ...ဒါဖြင့် ဘယ်လိုသိတာလဲ ပြော"

"အင်း... အောင်အောင် ဘယ်သူ့မှ မပြောရဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



အောင်အောင် ပြုံးရင်း ခေါင်းညိတ်သည်။

"မပြောပါဘူး စိတ်ချ"

စိတ်ဝင်စားစရာ ဇာတ်လမ်းတစ်ခု ကြားရတော့မည်ဟုလည်း စိတ်အား ထက်သန်နေသည်။

"ဖူးဝေ ခြံထဲဆင်းနေတဲ့အခါမျိုးမှာ တစ်ခါတစ်ရံ ဒေါ်ကြီးဆီ သူ ရောက်လာပြီး ဖူးဝေရဲ့ မိဘတွေအကြောင်း၊ ငယ်ငယ်ကဘဝအကြောင်း မေးတတ်တယ်"

အောင်အောင် ခေါင်းညိတ်သည်။

"ဖူးဝေ ငယ်ငယ်က ဆင်းဆင်းရဲရဲနေရတဲ့ အကြောင်းတွေပြောပြရင် သူ စိတ်မကောင်းဖြစ်တယ်၊ သူကလဲ ဖူးဝေ စိတ်ရင်းကောင်းတဲ့အကြောင်းတွေ၊ အလိုက်သိတဲ့ အကြောင်းတွေ၊ သူများကို ကူညီတတ်တဲ့အကြောင်းတွေပြောရင် မျက်လုံးတွေ အရောင်လက်နေကြတယ်၊ ဖူးဝေ အကင်းပါးလို့ ဟိုမိန်းမအကြံ အစည်ကို ကြိုသိတာ၊ ဖူးဝေ အသက်စွန့်ပြီးကယ်လို့ သူ မသေရတာ၊ အဲဒီ အကြောင်းတွေ ပြောရင်လဲ သူ့မျက်နှာက ပြုံးပြီး ကြည်နူးနေတတ်တယ်"

ဒေါ်မြအေး သုံးသပ်ပုံကို ဖီလော်ဆော်ဖီနှင့် အဝေးသင်တက်နေသော အောင်အောင် သဘောကျနေသည်။ လူတွေဟာ ကိုယ်စိတ်ဝင်စားနေတဲ့လူ အကြောင်းပြောရရင် သူတို့ မျက်နှာအမူအရာတွေ၊ သူတို့ မျက်လုံးတွေ ထူးခြားနေတယ်တဲ့။

"ဖူးဝေ သူ့အသက်ကယ်ပြီးတဲ့နောက် ဟိုမိန်းကလေး အိမ်က ထွက်သွားတယ်လေ၊ အဲဒီအချိန်တုန်းက မောင်နွေဦးအမူအရာတွေကို ပြန်စဉ်းစား ကြည့်ပါလား၊ တော်တော်လေး တက်တက်ကြွကြွ ဖြစ်လာသေးတယ်၊ ကျန်းမာရေးလဲ သိသိသာသာ ကောင်းလာတယ်လေ"

အောင်အောင် ပြန်စဉ်းစားပြီး ခေါင်းညိတ်သည်။

"ဒါတွေက ဒေါ်ကြီးထင်တာ ပြောတာနော်"

"ပြောပါ ဒေါ်ကြီးကလဲ၊ ဒေါ်ကြီးထင်တာတွေက သိပ်သဘာဝကျတယ်၊ ဆက်သာ ပြော"

ဒေါ်မြအေးကို အောင်အောင် အထင်ကြီးသွားပြီ။

"အေး... အောင်အောင်နဲ့ ဖူးဝေ ပန်းခြံထဲမှာတွေ့ပြီးတဲ့နောက်မှာတော့ သူ့အမူအရာ ပြောင်းသွားတာ နေမှာပေါ့"



"ဖြစ်နိုင်တယ်"

အောင်အောင် နားလည်သွားသည်။

"မောင်နွေဦးက စိတ်ထားကောင်းတဲ့လူပဲကွယ်၊ စဉ်းစားကြည့်ပေါ့"

"ဟုတ်တယ်၊ ကျွန်တော်တို့ချင်း ချစ်နေတာကို သူက အကောင်းဆုံး ဖြစ်အောင် ကူညီမယ်လို့ ဆုံးဖြတ်လိုက်တာနေမှာ"

ဒေါ်မြအေး ခေါင်းညိတ်သည်။

"ဟုတ်တယ်၊ ဒေါ်ကြီးပြောချင်တာက အဲဒါမျိုးပဲ"

"ဒါဆို သူ့အတွက် ဘယ်လိုလုပ် ပျော်စရာကောင်းမလဲ"

"အေးပေါ့ ပျော်စရာ မရှိတော့ဘူးပေါ့၊ ဒါပေမဲ့ အောင်အောင်နဲ့ ဖူးဝေ အဆင်ပြေတာကို ကြည့်ပြီး ပျော်ရမှာပေါ့"

"ဟာ...အခိုဟွယ်မရှိလိုက်တာ၊ ကျွန်တော်တို့ကလဲ ဘာမှ မဟုတ်ဘဲနဲ့"

"အေး...အဲဒါကို သူ ဘယ်သိမလဲ၊ ဟုတ်တယ်ထင်နေတာကိုး"

"သေချာတယ်၊ ဒါကြောင့်မို့ ကျွန်တော်တို့နှစ်ယောက်ကို ဘုရားလွှတ်တယ်၊ မြို့ထဲမှာ မနက်စာစားခဲ့ဖို့ ခိုင်းတယ်၊ ခုဆိုရင် သူက ကားဂိတ်ကို သွားမယ်တဲ့၊ ကျွန်တော့်ကို အိမ်မှာပဲ အေးအေးဆေးဆေး နေရမယ်တဲ့"

"အို...ဘယ်ဖြစ်မလဲ၊ သူ့ကျန်းမာရေးက ဒီလောက် မကောင်းသေးဘူး"

"ဟုတ်တယ်၊ အဲဒါလဲ အိမ်မှာ ကျွန်တော်နဲ့ ဖူးဝေ အတူတူနေရအောင် လုပ်တာ နေမှာပဲ"

"အေးလေ... ဒါပဲပေါ့"

"ကျွန်တော် လက်မခံပါဘူး၊ အဲဒီသဘောကို ကျွန်တော် ရိပ်မိတယ်၊ ဒါပေမဲ့ သူ မပျော်တာကို ကျွန်တော် မသေမချာ ဖြစ်နေတာ..."

"တကယ်လို့သာ ကျွန်တော်တို့ကို သဘောတူတာ သက်သက်ဆိုရင် သူ့ကျန်းမာရေး တိုးတက်လာတာပဲ၊ သူ ပျော်ရမှာပေါ့၊ ခုတော့ မပျော်ဘူး၊ စိတ်ဓာတ်ပါ ကျနေတယ်၊ အဲဒါကို ဖူးဝေရော ကျွန်တော်ရော သိနေတယ်..."

"ဪ...နေဦး၊ ဖူးဝေ သဘောထားကကော ဒေါ်ကြီး"

ဒေါ်မြအေးကို အောင်အောင် စူးစမ်းကြည့်သည်။

"ဒေါ်ကြီးတူမလေးကတော့ ရိုးရိုးပါပဲကွယ်"

"ဟုတ်တယ် ကျွန်တော့်ကိုကိုဦးကသာ ဆန်းတာ"

အောင်အောင့်စကားကြောင့် ဒေါ်မြအေး အားပါးတရ ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အောင်အောင်ရယ်၊ ဒေါ်ကြီးက အဲဒီလို ပြောတာ မဟုတ်ပါဘူး"

"ဟုတ်ပါတယ်၊ ကျွန်တော်က နောက်တာပါ၊ ဆက်ပြောပါဦး"

"ပြောစရာ မရှိတော့ပါဘူးကွယ်"

"ရှိပါတယ်၊ ဖူးဝေ သဘောထားလေ"

"ဩော်... သူ့ခမျာတော့ မောင်ရွှေဦးကို ကျေးဇူးရှင်အဖြစ်နဲ့ ကျေးဇူးတင်နေတာလေ၊ အောင်အောင် စဉ်းစားကြည့်ပေါ့၊ သူ့ခမျာ ငယ်ငယ်လေးကတည်းက ဆင်းဆင်းရဲရဲ နေခဲ့ရတယ်...၊ အမေနဲ့အမေဆုံးတော့ အားကိုးရာမဲ့ဖြစ်နေတယ်၊ ခု မောင်ရွှေဦးက စောင့်ရှောက်ထားတော့ ချမ်းချမ်းသာသာ နေရတယ်...၊ အဲဒီတော့ သူ့ခမျာ ကျေးဇူးရှင်ကို ကျေးဇူးတုံ့ပြန်ချင်တယ်၊ သူ တတ်နိုင်သမျှ တာဝန်ကျေအောင် အကောင်းဆုံး ပြုစုတယ်"

အောင်အောင် စဉ်းစဉ်းစားစား နားထောင်သည်။

"အဲဒါဟာ မောင်ရွှေဦးမေတ္တာကို ရယူဖို့ လုပ်တာလဲ မဟုတ်ဘူး"

အောင်အောင် ခေါင်းညိတ်ပြန်သည်။

"ဒါပေမယ့် ဖူးဝေက အကင်းပါးကယ်၊ သိတတ်တယ်၊ စေတနာလဲ ထားတယ်ဆိုတော့ အမြဲတမ်း အနီးကပ်ပြုစုနေရင်း မောင်ရွှေဦးအနေနဲ့ ကြာလာတော့ သံယောဇဉ် ဖြစ်မှာပေါ့"

"ဖြစ်သင့်ပါတယ်"

အောင်အောင် ထောက်ခံသည်။ သူကိုယ်တိုင်ဆိုလျှင်လည်း ဖြစ်မိလိမ့်မည်ဟု စဉ်းစားမိ၍ ဖြစ်သည်။

"တကယ်တော့ ဒေါ်ကြီးတူမလေးက ရုပ် သိပ်လှတာ မဟုတ်ပါဘူး၊ ရွက်ကြမ်းရေကျိုလောက် ရှိတာပါ"

အောင်အောင် ခေါင်းယမ်းပြသည်။

"ရွက်ကြမ်းရေကျိုထက် ပိုပါတယ်"

"ဟုတ်ပါတယ်၊ အင်း...စိုးစန္ဒာကမှ တကယ့်ကို လှတဲ့ မိန်းမ၊ ရုပ်ရည်ကတော့ ဘာမှကို ပြောစရာ မရှိပါဘူး၊ ဒါပေမဲ့ အဲဒီမိန်းကလေးက ရုပ်နဲ့ စိတ်နဲ့ ပြောင်းပြန်ဖြစ်နေတယ်"

"ဗျာ... ဘယ်လိုဖြစ်လို့လဲ"

ဒေါ်မြအေး ပြောသည်ကို အောင်အောင် နားမလည်။

"ဟိုလေ... ရုပ်က သိပ်လှတယ်၊ စိတ်က သိပ်အကျည်းတန်တယ်လို့ ပြောချင်တာ"



"ဟုတ်လိုက်လေ ဒေါ်ကြီးရာ၊ သိပ်ကောင်းတဲ့ စကားပဲ"

"ဒေါ်ကြီးတူမလေးကတော့ ရုပ်မလှပေမယ့် စိတ်ထားလှတယ်"

ဖူးဝေမှာ စိတ်ထားလှသည့်အပြင် ပွင့်သစ်စ ပန်းလေးနှယ် အရွယ်၏ နုပျိုသော အလှလည်းရှိသည်ဟု အောင်အောင် စဉ်းစားနေမိသည်။

"မောင်ရွှေဦးက သူ့ကျေးဇူးရှင်လဲ ဖြစ်နေတော့ သူ့ခမျာ မောင်ရွှေဦးအပေါ်မှာ ပိုပြီး စေတနာထားတာ စိတ်ချမ်းသာစေချင်တာတွေ ရှိမှာပေါ့ကွယ်"

အောင်အောင်က ခေါင်းခါပြလိုက်၍ အောင်အောင့်ကိုကြည့်ပြီး ဒေါ်မြအေး နားမလည် ဖြစ်သွားသည်။

"အဲဒီလောက် မကဘူး ဒေါ်ကြီးရဲ့၊ ဒေါ်ကြီးက ကိုကိုဦးကို ကောင်းကောင်း သိနေသလို ကျွန်တော်က ဖူးဝေကို ကောင်းကောင်းသိနေတယ်"

"ဟင်...ဘာတွေ သိတာလဲကွယ်"

"ယော... ဒေါ်ကြီး မီးပူတိုက်နေတာလား"

ဖူးဝေ မီးဖိုဆောင်ထဲသို့ ဝင်လာသည်။

"ဖူးဝေ တိုက်ပါ့မယ်၊ မလုပ်ပါနဲ့လို့ ပြောလျက်သားနဲ့ ဒေါ်ကြီးကလဲ၊ ပေး...ပေး"

ဖူးဝေက ဒေါ်မြအေးလက်မှ မီးပူကို ယူလိုက်သည်။

"ဒေါ်ကြီးလဲ အားနေတော့ မနေတတ်လို့ပါ၊ အောင်အောင်နဲ့ စကားပြောရင်းဆိုတော့ သိပ်လဲ မပြီးပါဘူး"

"ဘာတွေ ပြောနေကြတာလဲ"

ဖူးဝေက အောင်အောင်ကို လှမ်းမေးသည်။

ရေချိုး အဝတ်အစားလဲပြီး သနပ်ခါးလိမ်းလာ၍ ဖူးဝေမျက်နှာလေးက ကြည်ကြည်လင်လင် သန့်စင်နေသည်။

"ကိုကိုဦး စိတ်ချမ်းသာအောင်၊ ပျော်အောင် ဘယ်လိုလုပ်ရမလဲလို့ တိုင်ပင်နေကြတာ"

"ဟုတ်တယ် တူမလေးရဲ့"

"ဖူးဝေကော ပါမှာ မဟုတ်လား"

"ပါမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြအေးနှင့် အောင်အောင်တို့ တစ်ယောက်နှင့် တစ်ယောက် ကြည့်၍ ပြုံးလိုက်ကြသည်။

□ □ □

## အခန်း (၃၆)

ယနေ့ အောင်အောင်တို့ ကားဂိတ်မှာ ကားအဝင်အထွက် မရှိ၍ အလုပ်နည်းနေသည်။ နောက်နှစ်ရက်တွင် လားရှိုးမှ ရောက်လာမည့် ကားအတွက်လည်း ကုန်ပစ္စည်းက အသင့်ရပြီး ဖြစ်နေပြီ။

"မောင်အေးရေ လာဦးဟေ့"

အောင်အောင် လှမ်းခေါ်လိုက်၍ ရှေ့ခုံတန်းမှာ ထိုင်နေသော မောင်အေး ရောက်လာသည်။

"ရော့... ဒီစာယူသွား၊ ကိုးလမ်းက ဒေါ်မြမြဝင်းတို့ ပွဲရုံကို သွား၊ သိတယ် မဟုတ်လား"

"သိပါတယ်"

"အဲဒီစာပေးလိုက်ရင် သူ့ဆီက ဘောက်ချာနဲ့ ငွေပေးလိုက်လိမ့်မယ်၊ ယူခဲ့"

"ဟုတ်ကဲ့"

စာကို ယူပြီး မောင်အေး ထွက်သွားသည်။ အောင်အောင် ငွေစာရင်းများ တွက်နေစဉ် ဆိုင်ထဲသို့ လူတစ်ယောက် ဝင်လာသည်။

"အလုပ်များနေလား ဆရာကြီး"

"ဟာ...ကိုညွန့်ဝင်း၊ ခင်ဗျား တကယ်လာတယ်ဗျာ၊ ဝမ်းသာလိုက်တာ၊ ပြော...ဘာစားမလဲ၊ ထမင်းပဲ ကျွေးမယ်ဗျာ၊ ခင်ဗျား ထမင်းမစားခဲ့သေးဘူး မဟုတ်လား"

အောင်အောင် ဝမ်းသာအားရ ဖြစ်နေသည်။



"စားချင်လို့လာတာ မဟုတ်ဘူး၊ ကိစ္စလေးတစ်ခုရှိလို့ လာတာ"

"ဆို...ဘာကိစ္စလဲ၊ ကျွန်တော် ဘာအကူအညီ ပေးရမလဲ"

အောင်အောင်က လိုလိုလားလား ကူညီချင်နေသည်။

"ကိစ္စက ကျွန်တော့်ကိစ္စ မဟုတ်ဘူး၊ ကိုအောင်အောင်တို့ မဆောင်ဂနီ ခြံကြီးနဲ့ ပတ်သက်နေတဲ့ကိစ္စ"

"ဗျာ..."

အောင်အောင် အံ့အားသင့်နေစဉ်မှာပင် ကိုညွန့်ဝင်းက သူ့လွယ်အိတ်ထဲမှ သတင်းစာကို ထုတ်ယူ၍ ဖြန့်လိုက်ပြီး မင်နီဝိုင်းထားသော ကြော်ငြာတစ်ခုကို အောင်အောင့်ရှေ့မှာ ချပြလိုက်သည်။ အောင်အောင် ကြော်ငြာကိုဖတ်နေရင်း ဒေါသစိတ်များ ထိပ်တက်လာသည်။

"တောက်... မိုက်ရိုင်းလိုက်တဲ့ မိန်းမဗျာ၊ အရှက်မရှိ လိုချင်စိတ်တွေ အားကြီးလိုက်တာ"

ကြော်ငြာဖတ်ပြီးသည်နှင့် မကျေမနပ်ပြောရင်း ကိုညွန့်ဝင်းကို မော့ကြည့်လိုက်သည်။

"ကိုနွေဦးဆိုတာ ကိုအောင်အောင်ပြောဖူးတဲ့ အစ်ကို မဟုတ်လား"

"ဟုတ်တယ်"

"ဒီကြော်ငြာအရဆိုတော့ သူက ကိုနွေဦးနဲ့ လက်ထပ်ပြီးကတည်းက တရားဝင်ကွာရှင်းပြတ်စဲတာ တစ်ခါမှ မလုပ်ခဲ့ဖူးသေးဘူးပေါ့"

"ဟုတ်တယ် ကိုကိုဦးကလဲ ကျွန်တော်ပြောတာ နားမထောင်ဘူးဗျာ၊ ပထမအကြိမ် ကားမှောက် ဒုက္ခိတရောက်ဖြစ်ကတည်းက ကွာဖို့ကောင်းတယ်၊ မကွာခဲ့တော့ အဲဒီမိန်းမ အိမ်ပေါ် ပြန်တက်လာတယ်"

အောင်အောင်က နွေဦးကို စိုးစန္ဒာ သေကြောင်းကြံစည်သည့် ကိစ္စများကိုပါ အကျဉ်းချုံးပြီး ပြောပြသည်။

"ဩော်...တော်တော် ကြောက်စရာကောင်းတဲ့ မိန်းမပါလား"

"ဟုတ်တယ် အဲဒီလိုဖြစ်ပြီး အိမ်က ထွက်ပြေးတော့လဲ ကျွန်တော်က တရားဝင်ကွာဖို့ ပြောတာ ကွာစရာမလိုဘူးတဲ့၊ သူ့မျက်နှာကို မမြင်ချင်ဘူးတဲ့၊ သူ ပြန်လာရုံမှာ မဟုတ်တော့ဘူးတဲ့၊ ခုတော့ စာရင်းရှုပ်လာတာပေါ့ဗျာ၊ ကိုညွန့်ဝင်းက တရားရုံးမှာလဲ လုပ်နေတယ်၊ ဥပဒေလဲ တက်နေတယ်ဆိုတော့ ကြော်ငြာရဲ့ သဘောကို ရှင်းပြပါဦး၊ တကယ်ကော သူ့မှာ အဲဒီလို ရပိုင်ခွင့်တွေ ရှိသလား"

www.burmeseclassic.com

www.burmeseclassic.com



"သူ ဆိုလိုတာကတော့ သူသာ တရားဝင်မယားဖြစ်ကြောင်း ကိုနွေဦးနဲ့လဲ လုံးဝကွာရှင်းပြတ်စဲတာ မရှိကြောင်းပေါ့ဗျာ၊ ကိုနွေဦး လက်ရှိပိုင်ဆိုင်မှုအားလုံးရဲ့ တစ်ဝက်ကို တရားဝင်မယားဖြစ်တဲ့ သူ့အနေနဲ့ ပိုင်ဆိုင်တယ်ဆိုတဲ့ သဘောပေါ့၊ ဒါကြောင့်မို့ ကိုနွေဦးအနေနဲ့ ရှင်းရှင်းလင်းလင်းဖြစ်ချင်ရင် သူ့ကို လက်ရှိပိုင်ဆိုင်မှုအားလုံးရဲ့ တစ်ဝက် ပေးရမယ်လို့ တောင်းတာပါ၊ လင်သေရင် မယားရတယ်ဆိုတဲ့ စကားရှိတယ်ဗျာ၊ နောက်ပြီး မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ လင်မယားဟာ ရှိပစ္စည်းရဲ့ တစ်ဝက်စီကို သရက်စေ့ထက်ခြမ်းခွဲ ပိုင်ဆိုင်တယ်ဆိုတဲ့ စကားရှိတယ်၊ အဲဒီအချက်တွေအရ သူက တောင်းဆိုတာ"

"ကိုကိုဦး ပြတ်အောင် မလုပ်ခဲ့တာ သိပ်နာတာပဲဗျာ၊ သေကြောင်းကြံတုန်းကသာ တရားစွဲခဲ့ရင် ဒီမိန်းမ အပြစ်ရှိပြီး လင်ခန်းမယားခန်းလဲ ပြတ်စဲမှာပဲ၊ ခုတော့ အားလုံး ရှုပ်ကုန်ပြီ"

အောင်အောင့်သဘောမှာ ယုတ်မာပြီး လောဘကြီးသော မိန်းမကို ဘာပစ္စည်းမျှ မပေးချင်။

"မရှုပ်ပါဘူး၊ အဲဒါကို ရှင်းလို့ရပါတယ်"

"ဟာ...လုပ်ပါဦးဗျာ၊ ဘယ်လို ရှင်းရမလဲ၊ ကျွန်တော့်ကို အကြံဉာဏ်ပေးစမ်းပါ"

"ဒီလိုဗျ၊ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်လာတာလေး တစ်ခုရှိတယ်၊ ဒီမိန်းမကံဆိုးချင်လို့ဗျ"

အောင်အောင် စိတ်ဝင်စားစွာ နားထောင်နေသည်။

"ခင်ဗျားအစ်ကို ကားမှောက်ပြီး ဒုက္ခရောက်တဲ့အချိန် သူ မဟော်ဂနီခြံက ထွက်သွားတယ်ဗျာ"

အောင်အောင် ခေါင်းညိတ်သည်။

"နောက်တော့ ကိုအောင်အောင် ခုန ပြောသလို မဟော်ဂနီခြံ ပြန်ဝင်တယ်၊ အဲဒီလို မဝင်ခင် ဒီမိန်းမက ကိုကျော်စွာမိုးဆိုတဲ့လူနဲ့ ကျွန်တော်တို့ရုံးမှာ တရားဝင်လာပြီး လက်ထပ်တယ်ဗျ"

"ဟင်... ဟုတ်လား"

"ဟုတ်တယ်၊ လက်ထပ်တာက တရားဝင်ဆိုပေမယ့် တိတ်တိတ်ကလေး လျှို့ဝှက် လက်ထပ်ထားတာပေါ့ဗျာ"

"ဟုတ်ကဲ့"



"ကျွန်တော်တို့ တရားသူကြီးက အဲဒီ ကိုကျော်စွာမိုးနဲ့ ကျောင်းနေဖက် သူငယ်ချင်းဗျ၊ တရားသူကြီးကတော့ ဒါတွေ ဘယ်သိမလဲဗျာ၊ အရွယ်နဲ့ လူပျို ဖြစ်တယ်၊ အရွယ်ရောက်ပြီးဖြစ်တယ်ဆိုရင် တရားဝင်လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးပေးတာပေါ့၊ ကျွန်တော်ကပဲ လက်ထပ်စာချုပ်ကို လက်နှိပ်စက် ရိုက်ပေးရတာ"

"သြော်..."

"အသိသက်သေ တစ်ယောက်လိုနေလို့ ကျွန်တော်ပဲ လက်မှတ်ထိုးပေးရတာ၊ အဲဒီကတည်းက စိုးစန္ဒာဆိုတဲ့ နာမည်ကို ကျွန်တော် ကောင်းကောင်းမှတ်မိနေတာ၊ ဒါပေမဲ့ အဲဒီတုန်းက ဒီမိန်းမဟာ မဟော်ဂနီခြံကြီးနဲ့ ဆက်စပ်နေမှန်း ဘယ်သိမလဲ"

"ဟုတ်တာပေါ့၊ ဘယ်သိပါ့မလဲ"

"လက်ထပ်ပြီးတော့ ကျွန်တော်တို့ကို ညစာကျွေးသေးတယ်၊ နောက်တစ်နေ့ ကျွန်တော့်ဆရာ တရားသူကြီးနဲ့ တွေ့တော့ ဆရာက ပြောတယ်၊ သူနဲ့ ကျောင်းနေဖက် ကျော်စွာမိုးဆိုတာ ဖဲသမားတဲ့၊ သိပ်လည်တယ်တဲ့၊ မိန်းမကလဲ တော်တော်လည်မယ့်ပုံစံပဲတဲ့၊ ဖွံ့နှစ်ကောင် အမြီးချင်းချည်ရင် ဘယ်သူ နာလို့ ဘယ်သူ ဘာဖြစ်မလဲ မသိဘူးတဲ့"

"ခုတော့ ကြားက ကိုကိုဦး နာမှာပေါ့ဗျာ"

"မနာဘူးလေဗျာ၊ အဲဒီကိစ္စကို ကျွန်တော် စဉ်းစားမိတာနဲ့ သတင်းစာမှာ ကြော်ငြာတွေ့တွေ့ချင်း ကိုအောင်အောင့်ဆီ ပြေးလာတာ၊ နာမှာက သူတို့နှစ်ယောက်ဗျ"

"ဟင်...ဘယ်လိုနာမှာလဲ"

"ကိုနွေဦးနဲ့ တရားဝင် ကွာရှင်းမထားရသေးဘဲ နောက်တစ်ယောက်နဲ့ လက်ထပ်တော့ အဲဒါ ဟိုဖဲသမားက မယားခိုးမှုနဲ့ ထောင်ကျမယ်၊ စိုးစန္ဒာက အိမ်ထောင်ရေးပြစ်မှုနဲ့ ကိုနွေဦးကို ကွာရှင်းပေးရမယ်၊ သူ့ပြစ်မှုကြောင့် ဘာပစ္စည်းမှလဲ ရခွင့်မရှိတော့ဘူး"

"ဟာ...ကောင်းလိုက်တာဗျာ၊ ကိုညွန့်ဝင်း ကျွန်တော့်ကို ကူညီပါဦး"

အောင်အောင် ဝမ်းသာအားရဖြစ်သွားသည်။

"ဒါပေမဲ့ ကိုကိုဦးက ဒီမိန်းမနဲ့ မတွေ့ချင်ဘူးဆိုရင် ခက်ဦးမယ်"

"မခက်ဘူး၊ ခင်ဗျား ဂျင်နရယ်ပါဝါ လွှဲယူလိုက်၊ သူ ရင်ဆိုင်စရာ

www.burmeseclassic.com

www.burmeseclassic.com



မလိုဘူး"

"အိုကေ…ဒါဆို ကောင်းတယ်၊ ခုလောက်ဆို ကိုကိုဦးလဲ သတင်းစာ ဖတ်ပြီး တော်တော် စိတ်ထိခိုက်နေတော့မယ်"

"သေးစိတ်လုပ်ရမှာတွေ ရှိသေးတယ်ဗျ၊ ကျွန်တော် ကိုအောင်အောင်ကို အားလုံး ပြောပြမယ်"

"လာဗျာ…မနက်စာစားရင်း သွားပြောရအောင်၊ ကျွန်တော်လဲ မစားရသေးဘူး"

အောင်အောင် ထိုင်ရာမှ ထလိုက်သည်။

"မောင်မျိုးရေ"

"ခင်ဗျာ"

"ရှေ့ထွက်ထိုင်ဦးဟေ့၊ ငါ အပြင် ခဏသွားလိုက်ဦးမယ်"

နောက်ဘက်ထပ်ခိုးပေါ်မှာ လူငယ်တစ်ယောက် ဆင်းလာ၍ အောင်အောင်နှင့် ကိုညွန့်ဝင်း ရုံးခန်းထဲမှ ထွက်ခဲ့ကြသည်။

□ □ □

## အခန်း (၃၃)

နေ့ခင်း (၁) နာရီလောက် အောင်အောင် အိမ်ပြန်ရောက်လာသည်။ နွေဦး အခန်းထဲဝင်သွားတော့ ထုံးစံအတိုင်း ပြတင်းပေါက်နားမှာ တွန်းလှည်းပေါ်မှာ နွေဦး ထိုင်နေသည်။ သူ့ရှေ့မှာ သတင်းစာတစ်စောင် ဖြန့်လျက်…

"ရော့… ဖတ်ကြည့်"

နွေဦးက အသင့်လှန်ထားသော သတင်းစာကို အောင်အောင့်ထံ လှမ်းပေးသည်။

"ကျွန်တော် ဖတ်ပြီးပြီ"

အောင်အောင်က သတင်းစာကို လှမ်းမယူ။ ကုလားထိုင်တစ်လုံး သွားယူပြီး နွေဦးနားမှာ ထိုင်လိုက်သည်။

"မင်း ဒါကြောင့်မို့ အစောကြီး ပြန်လာတာလား"



"ဟုတ်တယ်"

"အတော်အကြံပက်စက်တဲ့ မိန်းမကွာ၊ ပစ္စည်းတစ်စက်သေးမှာ ငါ မနှမြောပါဘူး၊ သတင်းစာထဲ ခုလိုပါတာ သိပ်ရှက်စရာကောင်းတယ်၊ ငါကတော့ ဒီမိန်းမနဲ့ ပတ်သက်မိတာ ငါးပါးမှောက်တာ မဟုတ်ဘူး၊ တစ်ဘဝလုံး မှောက်တာပဲ"

နွေဦး၏မျက်နှာမှာ ခုန်နက်ပိုင်းမှာပင် ပို၍ အိုစာသွားသည်ဟု အောင်အောင် ထင်မိသည်။

"ကိုကိုဦး တော်တော် စိတ်ဆင်းရဲသွားမှာပဲ"

စိုးစနွာကို အောင်အောင် ဒေါသဖြစ်မိသည်။

"ငါ သိပ်ပြီး စိတ်ဓာတ်ကျတယ်ကွာ၊ ငါ့ဘဝကိုလဲ ငါ စိတ်ပျက်သွားပြီ၊ ငါ့အတွက် ဘာမှလဲ မျှော်လင့်ချက် မရှိတော့ဘူး၊ ငါလဲ ဘာမှ မဖြစ်ချင်တော့ဘူး၊ အဲဒီတော့ နောက်ဆုံး ငါ စိတ်ချမ်းသာစရာလေး တစ်ခု…"

"နေဦး ကိုကိုဦး၊ ကျွန်တော်…"

အောင်အောင်က စကားဖြတ်ပြောရန် ကြိုးစားသည်။ သို့သော်…

"မင်း ဖြတ်မပြောနဲ့ အောင်အောင်၊ ငါ ပြောတဲ့ စကား ဆုံးအောင် နားထောင်"

နွေဦးက အောင်အောင့်ကို တင်းတင်းမာမာ ဟန့်တားပြီး ဆက်ပြောသည်။

"ငါ အမြဲတမ်း တွေးနေတာလေးတစ်ခု ရှိတယ်၊ ငါ ဖြစ်ချင်တဲ့ ဆန္ဒပေါ့ ကွာ၊ အဲဒါဆိုရင် ငါ့အတွက် စိတ်ချမ်းသာစရာလေး တစ်ခုတော့ ရမှာပေါ့၊ ငါ မင်းနဲ့ ဖူးဝေကို လက်ထပ်ပေးချင်တယ်"

"ဟာ…ကိုကိုဦးကလဲ၊ မဟုတ်တာ"

အောင်အောင်က ချက်ချင်း ငြင်းသည်။

သို့သော် နွေဦးက အောင်အောင့်ကို လက်ကာပြသည်။

"ငါ ပြောချင်တာ မပြီးသေးဘူး၊ မင်း နားထောင်ဦး"

အောင်အောင် နွေဦးကို ကြည့်ပြီး စိတ်ပျက်သွားသည်။

"ငါ့ဘဝက ဘာမှ အဓိပ္ပာယ် မရှိတော့ပါဘူးကွာ၊ ဒီတော့ ဒီမဟော်ဂနီ ခြံကြီးဟာ မျိုးနွယ်ဆက်တွေနဲ့ ဆက်ပြီး ရှင်သန်တာကို ငါ မြင်ချင်တယ်၊ ဟို မိန်းမလိုချင်တဲ့ ငွေကို ကျေနပ်လောက်အောင် ငါ ပေးနိုင်ပါတယ်၊ အဲဒီလို ပေးပြီးရင် ဒီအိမ်နဲ့ခြံရော၊ လုပ်ငန်းတစ်ခုလုံးရော၊ ရှိတဲ့ပစ္စည်းအားလုံးရော မင်းနဲ့ ဖူးဝေ

www.burmeseclassic.com

www.burmeseclassic.com



ကို လက်ဖွဲ့ပစ္စည်းအဖြစ် ငါ လွှဲပေးချင်တယ်"

"ကျွန်တော် ဖူးဝေကို လုံးဝ လက်မထပ်နိုင်ဘူး ကိုကိုဦး"

"ဘာကွ...မင်းက ဘာလို့ လက်မထပ်နိုင်ရမှာလဲ"

နွေဦး မယုံနိုင်အောင် ဖြစ်သွားသည်။ အောင်အောင့်ကိုလည်း မကျေမနပ် ကြည့်နေသည်။

"တကယ် ဖူးဝေနဲ့ လက်ထပ်ရမှာက ကျွန်တော် မဟုတ်ဘူးဗျ၊ ကိုကိုဦးနဲ့ လက်ထပ်ရမှာ"

"ဘာ... မင်း ဘယ်လိုပြောလိုက်တာလဲ"

"ဟုတ်တယ်ဗျ၊ ကျွန်တော်ရော ဖူးဝေရော ကိုကိုဦးဘဝကို အဓိပ္ပာယ် ရှိစေချင်တယ်၊ ကိုကိုဦးက ကျွန်တော်တို့နှစ်ယောက်စလုံးရဲ့ ကျေးဇူးရှင်၊ ကိုကိုဦး ပျော်ပျော်ရွှင်ရွှင် ဖြစ်တာကို ကျွန်တော်တို့နှစ်ယောက်လုံး မြင်ချင်တယ်၊ တကယ် တော့ မဟော်ဂနီခြံကြီးဟာလဲ ကိုကိုဦးရဲ့ မျိုးနွယ်ဆက်တွေနဲ့ ရှင်သန်မှ ပိုပြီး အဓိပ္ပာယ်ရှိမှာ"

"မင်း တော်တော့"

နွေဦးက အောင်အောင့်ကို လက်ကာပြပြီး တားသည်။

"ငါ နားလည်သွားပြီ၊ မင်းတို့က ကျေးဇူးတရားကို နှလုံးသားနဲ့ ပြန် ဆပ်ချင်နေကြတာ၊ အဲဒါကို ငါက လက်ခံပြီး ငါ့ဘဝ အဓိပ္ပာယ်ရှိအောင် မင်းတို့ နှလုံးသားတွေကို ခြေနဲ့ တက်နင်းရမှာလား"

"ဟာ...ကိုကိုဦးပြောတာ ပြောင်းပြန်တွေ ဖြစ်နေပြီဗျ၊ တကယ်တော့ ကိုကိုဦးက ကိုယ့်နှလုံးသား ကိုယ် နင်းခြေပြီး ကျွန်တော်တို့အပေါ် ကျေးဇူးတွေ ပိုကြီးအောင် လုပ်နေတာ"

"ဘာပြောတယ် မင်းပြောတာ ဘာအဓိပ္ပာယ်လဲ"

"ကျွန်တော် အခုပြောနေတာ အမှန်ဗျ၊ ကိုကိုဦးက ကိုယ့်နှလုံးသား ကိုယ် နင်းခြေပြီး ကျွန်တော်တို့အပေါ် စေတနာကောင်းနေတာ"

"မင်း အဓိပ္ပာယ်မရှိတာတွေ လျှောက်ပြောမနေနဲ့ အောင်အောင်၊ မင်းတို့ ငါ စိတ်ချမ်းသာတာ ပျော်ရွှင်တာ တကယ်မြင်ချင်တယ်ဆိုရင် မင်းနဲ့ ဖူးဝေ လက်ထပ်လိုက်ကြ"

အောင်အောင် ခေါင်းယမ်းလိုက်သည်။

"ကိုကိုဦးကလဲဗျာ...လက်ထပ်တယ်ဆိုတာ တစ်ယောက်နဲ့ တစ်ယောက်



မေတ္တာရှိနေကြမှ အဓိပ္ပာယ်ရှိတာဗျ"

"ဟ...မင်းနဲ့ ဖူးဝေနဲ့ တစ်ယောက်နဲ့ တစ်ယောက် မေတ္တာရှိနေကြတာ ပဲကွ၊ ငါ အားလုံးသိပြီးသား"

နွေဦးအသံက ကျယ်လာသည်။

"မဟုတ်ဘူးဗျ၊ ကိုကိုဦး သိတာ လုံးဝ မဟုတ်ဘူး"

"မင်း လူညာ"

နွေဦး ဒေါသတကြီး စွပ်စွဲလိုက်လေသည်။

"ကျွန်တော်က ဘာလို့ ညာရမှာလဲ၊ ကိုကိုဦး ပြောသလိုသာ ဖူးဝေနဲ့ ကျွန်တော် ချစ်သူဖြစ်နေကြရင် ခုချိန်မှာ ဝမ်းသာအားရ လက်ထပ်လိုက်မှာပေါ့ဗျ"

"အေး... ဟုတ်တယ်၊ မင်းတို့ အဲဒီလို လက်ထပ်ရမှာ"

အောင်အောင် ခေါင်းကိုသာ တွင်တွင်ခါနေသည်။

"မဟုတ်သေးဘူး ကိုကိုဦးရာ၊ ဒီမဟုတ်တဲ့ကိစ္စကို အငြင်းပွားနေရတာနဲ့ တကယ် အရေးကြီးတာတွေ ပြောလို့ မရတော့ဘူး"

"ဘာကွ၊ ဒါ မဟုတ်တဲ့ကိစ္စ မဟုတ်ဘူး၊ လူနှစ်ယောက်ရဲ့ တစ်သက်လုံး စိတ်ချမ်းသာ ပျော်ရွှင်မှုနဲ့ ဆိုင်တဲ့ ကိစ္စကွ"

"အဲဒါကြောင့် တကယ်ချစ်သူချင်းသာ လက်ထပ်ဖို့ ကျွန်တော် ပြော နေတာပေါ့ဗျ"

"တကယ်ချစ်သူချင်း လက်ထပ်ဖို့ဆိုရင် မင်းနဲ့ ဖူးဝေ လက်ထပ်ရမှာ ပေါ့ကွ"

"ကျွန်တော်တို့ ချစ်သူတွေ မဟုတ်ဘူးဗျ၊ ကိုကိုဦးကို ကျွန်တော် ပြောပြီး ပြီ၊ ကိုကိုဦး ကိုယ့်ကိုယ်ကို ညာနေတာ၊ ကိုကိုဦးကသာ ဖူးဝေကို တကယ် ချစ်နေတာ"

အောင်အောင် ငိုသံပါလာသည်။

"မဟုတ်ဘူးကွ၊ ဖူးဝေကို ငါ မချစ်ဘူး"

နွေဦးက အရူးတစ်ယောက်လို အော်လိုက်သည်။

"ဟုတ်တယ်၊ ကိုကိုဦး ဖူးဝေကို သိပ်ချစ်တယ်ဆိုတာ ကျွန်တော်တင် မကဘူး၊ ဒေါ်ကြီးလဲ သိတယ်၊ ဖူးဝေလဲ သိတယ်၊ ကိုကိုဦးက ကျွန်တော်တို့ နှစ်ယောက် ညလသာသာပန်းခြံထဲက ခုံတန်းမှာ နှစ်ယောက်အတူ ထိုင်စကား ပြောကြတာမြင်ပြီး ကျွန်တော်တို့ကို ချစ်သူတွေ ဖြစ်နေကြပြီလို့ ထင်နေတာ၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ စကားပြောတာ ကိုကိုဦးကို လူကျွန်းမာရုံတင် မဟုတ်ဘူး၊ စိတ်ပါ ချမ်းသာ ပျော်ရွှင်လာအောင် လုပ်ဖို့ တိုင်ပင်နေကြတာဗျ"

နွေဦးက အောင်အောင့်ကို အသေအချာကြည့်ပြီး နားထောင်နေသည်။

"ကျွန်တော် ကိုကိုဦးကို လေးစားပါတယ်၊ ကိုကိုဦးစကားကို အမြဲ နားထောင်ခဲ့တာပါ၊ ကိုကိုဦးကို ကျွန်တော့်အဖေနဲ့ အစ်မအရင်းထက် ပိုချစ်ပါတယ်၊ အခုကိစ္စမှာ ဖူးဝေဟာ ကျွန်တော့်ချစ်သူ မဟုတ်ချင်နေ၊ ကျွန်တော် လက်မထပ်ချင်အောင်မုန်းတဲ့ မိန်းကလေး ဖြစ်ရင်တောင် ကိုကိုဦးစကားကို နားထောင်ပြီး ကျွန်တော် လက်ထပ်မှာပါ ...၊ ခုဟာကတော့ ကိုကိုဦး ချစ်နေတဲ့မိန်းကလေးကို ကျွန်တော်က မချစ်ဘဲနဲ့ လက်ထပ်ရမှာ ဘာမှ အဓိပ္ပာယ်မရှိလို့ပါ"

"ကဲ...အဲဒီလိုဆိုရင် ငါ ဖူးဝေကို မချစ်ဘူးကွာ၊ မင်းအနေနဲ့လဲ ဖူးဝေဟာ မင်းမုန်းတဲ့ မိန်းကလေး မဟုတ်ဘူး၊ ဒီတော့ မင်း ဖူးဝေကို လက်ထပ်ရမယ်"

"အဲဒီလို တရွတ်ထိုး အနိုင်မကျင့်ပါနဲ့ ကိုကိုဦးရာ၊ နှလုံးသားကိစ္စဆိုတာ မညာကောင်းဘူးဗျ၊ သူများကို မညာသင့်သလို ကိုယ့်ကိုယ်ကိုလဲ မညာသင့်ဘူး၊ နှလုံးသားကိစ္စမှာ တစ်ယောက်ယောက်က အနစ်နာခံတာမျိုးလဲ မလုပ်ကောင်းဘူး၊ ကျွန်တော့်ဘက်က အနစ်နာမခံသင့်သလို ကိုကိုဦးဘက်ကလဲ အနစ်နာမခံသင့်ဘူး"

"နေဦး အောင်အောင်၊ ငါ ပြောဦးမယ်"

နွေဦးက စကားဖြတ်ပြောရန် ကြိုးစားသည်။

"ခဏလေးပါ ကိုကိုဦး၊ ကျွန်တော့်ကို စကားဆုံးအောင် ဆက်ပြောခွင့်ပြုပါ"

အောင်အောင်က နွေဦးကို တောင်းပန်ပြီး ဆက်ပြောသည်။

"ဒီကိစ္စဟာ ကျွန်တော်တို့နှစ်ယောက်တည်း အငြင်းပွားပြီး ကျွန်တော်တို့နှစ်ယောက်တည်း ဆုံးဖြတ်သင့်တာမျိုးလဲ မဟုတ်ဘူးဗျ၊ အရေးအကြီးဆုံးက ဖူးဝေ၊ သူလဲ နှလုံးသားနဲ့ လူ၊ ကော်ပတ်ရုပ် မဟုတ်ဘူး"

"အေး... ကော်ပတ်ရုပ်မဟုတ်တဲ့လူမို့ သူ့ဘဝအတွက် အကောင်းဆုံးဖြစ်အောင် ငါ ပြောနေတာပေါ့ကွ"

"ဘယ်လိုလုပ် အကောင်းဆုံးဖြစ်နိုင်မှာလဲဗျာ၊ သူချစ်တာက ကျွန်တော်မှ မဟုတ်ဘဲ၊ သူ့နှလုံးသားမှာ တကယ်မေတ္တာရှိနေတာက ကိုကိုဦးဗျ"

"မဖြစ်နိုင်ဘူး"



နွေဦးက ငြင်းလိုက်သည်။

"ဖြစ်နိုင်ရုံတောင် မကဘူး၊ ဖြစ်နေတာ၊ ဒါကြောင့်မို့ အရေးကြီးတဲ့ ဆုံးဖြတ်ချက်ပေးရမှာက ကျွန်တော်တို့ နှစ်ယောက် မဟုတ်ဘူး၊ ဖူးဝေဗျ၊ သူက ကျွန်တော့်ကိုပဲ ချစ်တာဆိုရင် ကျွန်တော် လက်ထပ်မယ်၊ ရတယ်၊ သူက ကိုကိုဦးကို မေတ္တာရှိတာဆိုရင်တော့ ကိုကိုဦး လက်ထပ်လိုက်တော့၊ ကျွန်တော် သူ့ကို ခု ခေါ်မေးမယ်"

"မခေါ်နဲ့ မင်း မခေါ်ရဘူး"

နွေဦးက အောင်အောင့်ကို ဟန့်တားသည်။ သို့သော် ဖူးဝေက အခန်းထဲသို့ ဝင်လာ၍ နွေဦးရော အောင်အောင်ပါ အံ့အားသင့်စွာ စကားမပြောနိုင်ဖြစ်သွားကြသည်။ ဖူးဝေက သူ့ပါးပေါ်မှ မျက်ရည်များကို သုတ်ပစ်လိုက်သည်။ အောင်အောင်ရော နွေဦးပါ ဖူးဝေကို ကြည့်နေကြသည်။

"ဖူးဝေ ဟိုဘက်အခန်းကနေ အားလုံး ကြားပြီးပါပြီ"

နွေဦးနှင့် အောင်အောင် တစ်ယောက်ကို တစ်ယောက် လှမ်းကြည့်လိုက်ကြသည်။

"ကိုအောင်အောင်ပြောတာတွေ အားလုံးမှန်ပါတယ် ကိုကိုကြီး၊ ကိုအောင်အောင်နဲ့ ဖူးဝေ ချစ်သူတွေ မဟုတ်ကြပါဘူး"

ဖူးဝေကိုကြည့်ရင်း နွေဦး ရင်မှာ လှုပ်လှုပ်ရှားရှား ခံစားနေရသည်။ အောင်အောင်ကတော့ ဖူးဝေပြောသည်ကို တည်တည်ငြိမ်ငြိမ် နားထောင်ရင်း ခေါင်းညိတ်ထောက်ခံနေသည်။

"ဖူးဝေ ကိုအောင်အောင့်ကို ခင်ပါတယ်၊ ဒါပေမဲ့ ကိုကိုကြီး အဓိပ္ပာယ်ရှိစေချင်တယ်၊ ကိုကိုကြီး ပျော်ပျော်ရွှင်ရွှင်ဖြစ်နေတာကို မြင်ချင်တယ်၊ ကိုကိုကြီး စိတ်မချမ်းသာတာကို မြင်ရရင် ဖူးဝေ စိတ်ဆင်းရဲရတယ်"

ပြောရင်းနှင့် ဖူးဝေ ပါးပေါ်မှာ မျက်ရည်များ စီးကျလာသည်။

"အဲဒါကြောင့်မို့ အနစ်နာခံပြီး ကိုကိုကြီးစိတ်ချမ်းသာအောင် လုပ်ချင်တာ မဟုတ်လား ဖူးဝေ"

နွေဦးက ဖြတ်မေးလိုက်၍ ဖူးဝေ ခေါင်းယမ်းပြသည်။

"အဲဒီလို မဟုတ်ဘူး၊ ဖူးဝေ ...ဖူးဝေ"

ရှေ့ကို စကားမဆက်နိုင်။ မျက်ရည်များ အဆက်မပြတ် စီးကျလာသည်။

"ကိုကိုဦး ဒီလောက်ဆိုရင် နားလည်သင့်ပြီဗျာ၊ ကိုကိုဦးကိုယ်တိုင်က

www.burmeseclassic.com

www.burmeseclassic.com



ဘာမှ ဖွင့်မပြောသေးဘဲနဲ့ မိန်းကလေးက ဒီထက်ပိုပြီး ဘယ်လိုလုပ် ပြောလို့ရမလဲ"

နွေဦး သက်ပြင်းတစ်ချက် ချလိုက်သည်။

"အဲဒီတော့ ကိုကိုဦးကိုယ်တိုင်က အရင် ဝန်ခံလိုက်ပါ"

"ဘာ ဝန်ခံရမှာလဲကွ"

"ကိုကိုဦး ဖူးဝေကို ချစ်နေတယ်ဆိုတာ"

"ငါ မင်းကို ထပ်မေးမယ် အောင်အောင်"

"မေးပါ"

"မင်း ဖူးဝေကို ချစ်နေသလား"

"ကျွန်တော် ဖူးဝေကို ရိုးရိုးသားသား ခင်မင်ရင်းနှီးတာထက် မပိုပါဘူး"

ဖူးဝေက အောင်အောင့်ကို ကြည့်နေသည်။

"အခု ကျွန်တော် မေးလှည့်၊ ကိုကိုဦး အမှန်အတိုင်း ဝန်ခံပါ၊ ကိုကိုဦး ဖူးဝေကို..."

နွေဦး ရင်ထဲမှာ လှုပ်ရှားစွာနှင့် သက်ပြင်းတစ်ချက် ချလိုက်သည်။ နွေဦးကို လှမ်းကြည့်ရင်း ဖူးဝေ ရင်မှာ လှုပ်ရှားရလွန်းသည်။

"ပြောလေ ကိုကိုဦး၊ ဘယ်လိုလဲ"

အောင်အောင်က ထပ်မေးသည်။

နွေဦး ဘာမှမပြောဘဲ အောင်အောင့်ကို လှမ်းကြည့်ရင်း သက်ပြင်းတစ်ချက်နှင့်အတူ မျက်လွှာပါ ချသွားသည်။

"ကျွန်တော် နားလည်ပါပြီ ကိုကိုဦး၊ ဖွင့်ပြောဖို့ မလိုတော့ပါဘူး"

အောင်အောင်ပြုံးပြီး ခေါင်းညိတ်ပြလိုက်သည်။

"ကဲ...အခု ဖူးဝေအလှည့်၊ ဖူးဝေ ပြော"

ဖူးဝေ သက်ပြင်းမောတစ်ခု ချလိုက်သည်။

"ပြောလိုက်ပါ ဖူးဝေ၊ ဒါဟာ ဘာမှ ရှက်စရာမဟုတ်ပါဘူး"

အောင်အောင်က တိုက်တွန်းအားပေးစကား ဆိုသည်။

ဖူးဝေ ဘာမျှမပြောဘဲ ခေါင်းလေး ငုံ့ထားသည်။

"ကဲ...နှစ်ယောက်စလုံး ဘယ်သူမှ မငြင်းကြဘူးဆိုတော့ အဓိပ္ပာယ်က ရှင်းပါတယ်"

အောင်အောင် အခန်းထဲမှ ထွက်သွားသည်။



"ဟော့ကောင် အောင်အောင်၊ မင်း မသွားနဲ့ဦး"

နွေဦးက လှမ်းတားသည်။

"ကျွန်တော် စကားပြောရတာ အာခြောက်လွန်းလို့ ရေသွားသောက်မလို့၊ ပြီးတော့မှ ပြန်လာခဲ့မယ်"

အောင်အောင် အခန်းပြင်သို့ ရောက်သွားပြီ။

"ဖူးဝေ"

နွေဦး တွန်းလှည်းပေါ်မှ ဆင်း၍ မတ်တတ်ရပ်လိုက်သည်။

"ကိုကိုကြီး"

နွေဦးနားသို့ ဖူးဝေ ညင်သာစွာ ရောက်သွားသည်။ နှစ်ဦးသား တစ်ယောက်ကို တစ်ယောက် ရင်မှာ တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်ကြသည်။ နှစ်ဦးသား၏ ရင်ထဲမှာ နှလုံးခုန်သံများသည် ကမ္ဘာလောကကြီးတစ်ခုလုံးကို လွှမ်းမိုးသွားလေသည်။

□ □ □

# အခန်း (၃၈)

ညှော်ခန်းထဲမှာ နွေဦး၊ ဖူးဝေနှင့် အောင်အောင်တို့ သုံးဦး ပြန်ဆုံမိကြသည်။

"ကဲ...ဟိုမိန်းမ ကြော်ငြာကိစ္စ ဘယ်လိုလုပ်မလဲ"

နွေဦးက အောင်အောင့်ကိုမေးခြင်း ဖြစ်သည်။ သို့သော် ဖူးဝေက...

"သူလိုချင်တယ်ဆိုရင် ဖူးဝေ ဘာပစ္စည်းမှ မမက်ပါဘူး ကိုကိုကြီး၊ ဖူးဝေ ကိုကိုကြီးကို စိတ်ချမ်းသာအောင် ပြုစုခွင့်ရရင် ကျေနပ်ပါတယ်"

"နေဦး ကိုယ့်မေတ္တာကို သက်သေပြဖို့ရာအတွက် အဲဒီလို မလိုအပ်ဘဲနဲ့ အနစ်နာခံပြီး ရက်ရောနေတာတွေ မလုပ်နဲ့၊ ဘာမှ အဓိပ္ပာယ် မရှိဘူး၊ ဒီမိန်းမကို တစ်ပြားမှ မပေးနိုင်ဘူး၊ ပေးစရာလဲ မလိုဘူး"

အောင်အောင်က သူ့သူငယ်ချင်း ကိုညွန့်ဝင်းထံမှ သိထားရသည်များ အားလုံးကို ပြောပြပြီး သူနှင့် ကိုညွန့်ဝင်း တိုင်ပင်ထားသည်များကိုပါ နွေဦးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဖူးဝေကို ပြောပြသည်။

"အဲဒီတော့ ကိုကိုဦးအုန်းနဲ့ ဒီမိန်းမကို မမြင်ချင်ဘူးဆိုရင် ကျွန်တော့်ကို ကျင်နရယ်ပါဝါ လွှဲပေးပါ၊ ကျွန်တော့်ဘာသာ ဆက်လုပ်မယ်"

"အေး...လွှဲပေးမယ်"

❒ ❒ ❒

## အခန်း (၄၉)

နောက်သုံးပတ်အကြာတွင် ငွေကြေး တစ်ပြားတစ်ချပ်မျှ မရဘဲ တရားဝင် ကွာရှင်းပြတ်စဲ စာချုပ်မှာ စိုးစန္ဒာ လက်မှတ်ရေးထိုးပေးလိုက်ရလေသည်။

❒ ❒ ❒

## အခန်း (၅၀)

နောက်တစ်လခွဲအကြာတွင် ကျော်စွာမိုး မယားခိုးမှုဖြင့် ထောင်ကျသွားလေသည်။

❒ ❒ ❒

## အခန်း (၅၁)

ဖူးဝေ အဝေးသင်တက္ကသိုလ် ဉပဒေ ပထမနှစ်စာမေးပွဲ ဖြေပြီးနောက်...

မောင်နွေဦး

နှင့်

မဖူးဝေ



ဖောင်းကြွရွှေစာလုံးများပါသည့် ဖိတ်စာလှလှလေးများကို အောင်အောင်တစ်ယောက် ရင်းနှီးခင်မင်သော ဆွေမျိုး၊ မိတ်သင်္ဂဟများသို့ ကိုယ်တိုင်လှည့်လည်ဝေငှနေလေသည်။

ကျေးဇူးတင်ပါသည်။

လယ်တွင်းသားစောချစ်

www.burmeseclassic.com